
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)<br>ပတ္တမြားသိုက်စာပေ<br>အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | ဦးနိုင်နိုင်အောင်(မြ-၀၀၃၂၄)<br>ရတနာ့ဝင်းပုံနှိပ်တိုက်<br>အမှတ်(၁၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | ဦးကျင်ရင်(မြ-၀၀၃၂၇)<br>ရွှေခြင်္သေ့ပုံနှိပ်တိုက်<br>အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ၂၀၁၈ခုနှစ်၊ ဧပြီလ။ |
| အုပ်ရေ | ၅၀၀အုပ် |
| တန်ဖိုး | ၃၀၀၀ကျပ် |
| ဖြန့်ချိရေး | မိုးသောက်စာပေ<br>အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄ |


BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## စာရေးသူမှ မေတ္တာရပ်ခံခြင်း

ဤဇာတ်လမ်းနှင့် ပတ်သက်သောအဖြစ်အပျက် စကားလုံးအကြောင်းအရာများသည် မည်သူ့ကိုမှ ရည်ရွယ်ရေးသားထားခြင်း မဟုတ်ပါ။ မည်သည့်အရေးတို့ကိုမှလည်း ပုတ်ခတ်စော်ကားလိုခြင်းမဟုတ်ဘဲ စာရေးသူ၏ စိတ်ဆန္ဒအတိုင်း သမီးငယ်လေးများ၏ မိခင်တိုင်းသို့ သိစေလိုသော စေတနာဖြင့်သာ အရင်းခံပါသည်။

စာရေးသူနေထိုင်ကြီးပြင်းခဲ့သော ရိုးသားအေးချမ်း၍ စည်းလုံးညီညွတ်သည့် ဂုဏ်သိက္ခာတို့ဖြင့် ထာဝရအေးချမ်းနေသော ဆင်ဖြူကျွန်းမြို့ကို နောက်ခံအင်အားပြု၍ သက်ငယ်မုဒိန်းမှုပပျောက်ရေးစိတ်ဆန္ဒဖြင့် စိတ်ကူးယဉ်ရေးဖွဲ့ခြင်း ဖြစ်ပါသည်။

ဤဇာတ်လမ်းပါအကြောင်းအရာစကားလုံးတချို့ကြောင့် ထိခိုက်ဖွယ်များရှိခဲ့ပါလျှင် တိုက်ဆိုင်မှုသာဖြစ်ကြောင်း အနူးအညွတ်တောင်းပန်အပ်ပါသည်။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

## ဒေါင်းနီ

သူမရဲ့လက်နှစ်ဖက်နှင့် အင်္ကျီရင်ဘက်တွေပေါ်မှာ သွေးတို့ဖြင့် ချင်းချင်းနီနေ၏။ သူမထိုင်နေသည့်နောက်က ကြမ်းခင်းပေါ်မှာယောကျ်ားအလောင်းတစ်လောင်းသည် ရင်ဝကနေခြေဖျားထိ အညိုရောင်ခြည်စောင်တစ်ထည်ဖြင့် ဖြစ်သလိုလွှမ်းထားသော်လည်း ကိုယ်အောက်ပိုင်းတစ်ပြင်လုံး သွေးတို့စွန်းထင်းနေ၏။

ထို့ပြင် ကြမ်းခင်းပေါ်ထိ စိမ့်ကျအိုင်ထွန်းနေလေသည်။ သူမရဲ့ရှေ့မှာတော့ စခန်းမှူးနှင့်ရဲတပ်သားတို့ ရှိနေကြကာ နယ်ထိန်းဦးခင်အောင်မျက်နှာက ရှုံ့မဲ့နေ၏။

"ဆေးရုံရောက်သွားတဲ့ကောင်က သေပြီတဲ့လား.."

စခန်းအပြင်ကဝင်လာသည့် ရဲတစ်ယောက်က အဝင်ဝမှာပဲရပ်လိုက်ပြီး.. ।

"မသေသေးဘူးဆရာ..အခြေအနေတော့ မကောင်းဘူး၊ လည်ပင်းကိုအခုတ်ခံရတဲ့အပြင် ဒဏ်ရာကနည်းတာမဟုတ်ဘူး.."

စခန်းမှူးက နယ်ထိန်းတို့ မေးဖြေနေကြတာကို နားထောင်ရင်း သူမမျက်နှာကိုကြည့်၍.. ।

"ကိုယ်တိုင်သတ်ပြီး ရဲစခန်းကိုကိုယ်တိုင်ဆွဲလာတော့ ညည်းကို ဘာမေးရမှန်းတောင်မသိတော့ဘူး.."

"မေးစရာမရှိရင် ကျွန်မပြန်မယ်.."

"ဘာ.."

www.burmeseclassic.com

 www.burmeseclassic.com 

"ကျွန်မလုပ်စရာရှိသေးတယ်.."

နယ်ထိန်းကအနားကပ်လာပြီး သူမရှေ့ကစားပွဲစွန်းမှာ လက်ထောက်ထိုင်လိုက်ကာ.. ၊

"ခင်ဗျားလူသတ်ခဲ့ပြီးမှ သတ်တာတောင်ယောက်ျားနှစ်ယောက်ကို တစ်ပြိုင်တည်း.."

"တစ်ယောက်ပြီးမှတစ်ယောက်ပါ.."

သူမမျက်နှာက သတိလွတ်နေသကဲ့သို့ ခါးမှသည်ခေါင်းထိ တောင့်မတ်တည်ငြိမ်နေကာ တင်းတင်းစေ့သွားတတ်သည့် နှုတ်ခမ်းသားတို့ တဆတ်ဆတ်လှုပ်ခတ်လာတတ်သည်မှလွဲ၍.. ၊

"ဒီမှာ..မ.."

စခန်းမှူးက နာမည်ခေါ်မလို့ပြင်ပြီးမှ ရေးမှတ်ထားသည့်အသစ်စက်စက်ဖိုင်တွဲကို ပြန်ငုံ့ကြည့်ရကာ.. ၊

"ဒေါင်းနီ..အင်း.."

ခေါင်းညိတ်ပြီး မျက်မှန်တစ်ချက်ပင့်၍.. ၊

"မဒေါင်းနီ..နာမည်နဲ့လှူနဲ့လည်းလိုက်ပါ့.."

မျက်နှာသည်ပြေပြစ်နေသယောင်ရှိသော်လည်း စကားသံကခပ်ငေါ့ငေါ့နှင့်.. ၊

"ညည်းက ကိုယ်ထင်ပြသလို သတ်ဖြတ်လာပြီး ဒီထဲထိဒါကြီးကို ဆွဲသွင်းလာတယ်..ရဲစခန်းကို ရေခဲကိုက်များမှတ်နေသလား၊ ညည်းကိုညည်းရော လမ်းပေါ်ကခွေးသေကောင်ပုတ်ကို ဖယ်ရှားပေးလာတဲ့ စေတနာ့ဝန်ထမ်းထင်နေလား.."

ဒေါင်းနီမျက်လုံးတွေ ဖျတ်ခနဲပင့်တက်လာသည်။ နီရဲရဲနေသည့်မျက်လုံးတို့သည် ရင်ဘက်မှာစွန်းပေနေသော သွေးစက်များနှင့်အပြိုင်ပူလောင်ခြင်းအတိပြီးလျက်.. ၊

"ကျွန်မပြန်မှဖြစ်မယ်.."

"မဒေါင်းနီ.."

သူမကနှုတ်ခမ်းတွေ တင်းခနဲစေ့ပိတ်လျက် စခန်းမှူးကိုစူးစိုက်ကြည့်ကာ.. ၊



"လာဝန်ခံတာတောင် အပိုတွေမေးနေတယ်..ကျွန်မပြန်မှဖြစ်မယ်.."

"ဟော့..ဒီမှာ.."

စိတ်တိုသံနှင့် ခပ်ကြိတ်ကြိတ်ခေါ်ကာ နယ်ထိန်းကမျက်နှာငုံ့လာလျက်.. ၊

"ခင်ဗျားလူနှစ်ယောက်သတ်လာပြီးမှ အကြောက်လွန်ပြီးရူးသွားတာလား.."

"ရူးပါစေလို့ဆုတောင်းထား..မဟုတ်ရင် မသေတဲ့ကောင်ကိုသွားသတ်မှာ.."

"ခင်ဗျားလူသတ်ရဲတိုင်း ရဲစခန်းမှာထင်သလိုပြောလို့မရဘူး..ရုံးတင်ပြီးရင် ပိုဆိုးပြီ၊ ကျွတ်..တော်တော်စိတ်ပျက်စရာကောင်းတဲ့မိန်းမ.."

နယ်ထိန်းခပ်တိုးတိုးညည်းတွားရင်း စခန်းမှူးမျက်နှာနဲ့နီးအောင်ထောက်ထားသည့်လက်နှစ်ဖက်ကို စားပွဲအလယ်ကိုရွှေ့၍ ကိုယ်ကိုကိုင်းကာ.. ၊

"စခန်းအပြင်မှာ လူတွေညို့နေတာပဲဆရာ.."

"ဘာကြောင့်အဲ့လောက်များပြားနေတာလဲ.."

"သူ့ဒါကြီးကို မြို့လယ်လမ်းမကနေ ဒီတိုင်းဆွဲချလာတာ..အကုန်ပါလာတာပေါ့.."

ထိုစဉ်.. ၊

"ဒေါင်းနီကိုပြန်ထုတ်ပေး.."

"မဒေါင်းကို လွှတ်ပေးပါဗျို့.."

"မုဒိန်းကောင်သေပါစေ.."

"ဒေါင်းနီကို ခုချက်ချင်းလွှတ်ပေးပါ.."

အော်ဟစ်ဆူညံသံတွေ ထွက်လာလျှင် စခန်းမှူးနဲ့နယ်ထိန်းတို့ဒါး မပ်အဟောင်းသားဖြစ်ကုန်၏။ ပြီးတော့ ကမန်းကတန်းသရပ်လိုက်ရင်း အပြင်ကိုလှမ်းမျှော်ကြည့်ကာ.. ၊

"ကိုခင်အောင် ဘာတွေဖြစ်ကုန်တာလဲ.."

"တရားခံကိုလွှတ်ခိုင်းနေတာ.."

www.burmeseclassic.com

www.burmeseclassic.com


ဖြေလိုက်ပြီး နယ်ထိန်းကခြေလှမ်းကျဲများနှင့် အပြင်ထွက်သွား၏။ စခန်းမှူးရဲ့မျက်လုံးတွေက အပြင်ကလူအုပ်ကိုကြည့်လိုက် ဒေါင်းနီကိုကြည့်လိုက်နှင့် မယုံနိုင်.. ၊

ဒီမိန်းမက ဘယ်လိုမိန်းမလဲ..။ ယောကျ်ားနှစ်ယောက်ကို ခုတ်ချက်ပြင်းပြင်းနှင့် အသေသတ်ခဲ့တာ တစ်ယောက်ကပွဲခြင်းပြီးသေသည်။ တစ်ယောက်က ဆေးရုံမှာ အသက်မျော့မျော့နှင့် သေဖို့စောင့်နေရတဲ့အဖြစ်။ ဒီလိုမိန်းမအတွက် မြို့လူထုက ဘာဖြစ်လို့တောင်းဆိုနေကြတာလဲ..။ လူသတ်ရင် လူသတ်တဲ့အပြစ်ခံရမည်ဆိုတာ နားမလည်ကြတာလား.. ၊

ဒေါင်းနီကတော့ ပတ်ဝန်းကျင်ဘာတွေဖြစ်နေတာကို ဂရုမစိုက်မိသလို တောင့်မတ်စွာထိုင်နေဆဲဖြစ်ကာ အသက်ဝိညာဉ်ကင်းမဲ့သလိုဖြစ်နေသည့် မျက်နှာပြင်မှာ လှုပ်ရှားမှုရှိနေတာက မျက်ရည်စီးကြောင်းတွေပဲဖြစ်၏။

မျက်ရည်တို့သည် မျက်တောင်မခတ်ဘဲ အလိုအလျောက်ပြည့်တက်ပြိုဆင်းနေကြလျက် မေဖျားကနေ သွေးစက်တို့နှင့်ရင်ဘက်ပေါ်သို့ တတောက်တောက်ခုန်ဆင်းနေကြ၏။

စခန်းမှူးဦးနှောက်ခြောက်သွားသည်။ အချိန်ကိုကြည့်တော့ ညနေခြောက်နာရီထိုးတော့မည်။ မှုခင်းဖိုင်မှာဖြစ်စဉ်တောင် အပြည့်အစုံမရေးရသေးပေ။ ဘာကိုဆက်ပြီး စစ်ဆေးမေးမြန်းရမည်မသိတော့ပေ.. ၊

ဒေါင်းနီသည် သူမကိုယ်တိုင်တရားခံကို ဖမ်းပြီးသတ်ပစ်သည်။ သူမကိုယ်တိုင်တရားခံအဖြစ်ရောက်လာခဲ့၏။ သေဆုံးသူဘက်ကတော့ တရားလိုအဖြစ်လည်းရောက်မလာ။ အလောင်းပိုင်ရှင်အဖြစ်လည်းရောက်မလာခဲ့ကြဘဲ.. ၊

"မုဒိန်းကောင်တွေအသေသတ်ပစ်.."

"ဒေါင်းနီကိုပြန်လွှတ်ပေး.."

"မဒေါင်းနီကိုထုတ်ပေးပါဗျို့.."

"ဝုန်း..ဒုန်း.."

"ဟာ..ဟေ့.."

စခန်းမှူးထိတ်ခနဲဖြစ်သွားကာ ဒေါသလည်းထွက်သွား၏။ အပြင်က လူအုပ်တွေဘာကိုထုရိုက်ချိုးဖျက်ပစ်သည်မသိ။ ဒီမြို့ကိုသူ တာဝန်ကျတာ နှစ်နှစ်လောက်ပဲရှိသေးသည်။ ဒါပေမယ့် မြို့လေးကို သဘောကျသလို မြို့ခံလူတွေကိုလည်း လေးစားခင်မင်ခဲ့သည်။ ဒါ့အပြင် ဒီမြို့အကြောင်းလည်း သူအတော်သိနေပြီလို့ ထင်ခဲ့မိ၏။

ခုတော့ ဒီလိုမဟုတ်ခဲ့ဘူးလားလို့ တွေးမိနေပါပြီ။ သူရောက်ကာစက နယ်ထိန်းကိုခင်အောင်က ပြောခဲ့ဖူးသည်။

"ဒီမြို့က မြို့လေးကတော့မကြီးကျယ် မခမ်းနားပါဘူး..ဒါပေမယ့် ဂုဏ်သိက္ခာတော့ကြီးတယ်ဗျ၊ ဟိုအရင်တည်းက ခုချိန်ထိဗျာ..ခေတ်နောက်မကျခဲ့ဘူး၊ ခေတ်ရှေ့ပြေးတာလည်းမရှိဘူး..သဘင် ဂီတ စာပေ အနုပညာရှင်တွေဆို ဒီမြို့ကတော်တော်ထွန်းကားခဲ့တာ၊ ဘယ်သူတွေလဲဆိုတာ နောက်ပိုင်းကျရင် ဆရာသိလာမှာပါ.."တဲ့..၊

သူ့အတွက် ဒီလိုသတင်းစကားကလည်း သိပ်တော့မထူးဆန်းခဲ့ပေ။ ထူးဆန်းနေတာက ဂုဏ်သိက္ခာကြီးကြသည်ဆိုသော အချက်ပင်။ ဒါကိုလည်း နယ်ထိန်းက မယုံရကောင်းလားဆိုသည့်အကြည့်နှင့် ရှင်းပြခဲ့၏။

"ဒီမြို့မှာ တော်ရုံသဘာလောက်နဲ့ အနုပညာသမားမျိုးလာတိုးလို့မရဘူး..အနုပညာကို တကယ်ခံစားကြတယ်၊ တကယ်အားပေးတယ်..တစ်မြို့လုံးရဲ့အယူဝါဒတွေက တစ်ဆင်တည်းပဲ..ကိုယ်ပိုင်အသိနဲ့ ကိုယ်ပိုင်ရပ်တည်ကြတဲ့မာနတွေရှိကြတာမျိုးပေါ့၊ ရာဇဝင်အထင်အရှားနဲ့ ရှေးဟောင်းဘုရားကြီးတွေရှိတယ်..ဝါတွင်းကနေ ဝါထွက်တဲ့အထိ အပတ်စဉ်ဘုရားပွဲတွေ ကျင်းပတယ်ဗျာ၊ ဘုရားပွဲတိုင်း ဇာတ်ကြီးတွေပါတယ်..ပွဲညဆိုရင် နှစ်ညပဲ၊ တစ်ခါတလေသုံးညထိ ကသွားကြတာရှိတယ်၊ ဒါပေမယ့် သေမှုသတ်မှုတွေဖြစ်ခဲ့တာမရှိဘူး ..ရှိခဲ့ရင်လည်း နှစ်ပေါင်းများစွာမှာ ဘယ်ရာစုကလဲလို့ ပြန်တွက်ကြည့်ရမလောက်ပဲ.."

ထို့ပြင် စာသင်သားတွေရာထောင်ချီရှိသော စာသင်တိုက်ကြီးတွေလည်း ရှိနေသေးသည်။ ဘာသာရေးကြောင့်မြို့၏နေထိုင်မှုအဆင့်အတန်းကလည်း သိမ်မွေ့သည်။ သိက္ခာရှိသည်။ ထို့ကြောင့်ပဲဖြစ်မည်။ ဘယ်ဒေသမှာ ဘယ်လိုရာသီဥတုနဲ့ ဘေးဒုက္ခတွေဖြစ်နေပါစေ။ ဒီမြို့မှာ ဆိုးဆိုးရွားရွားထိခိုက်သွားသည်ဆိုတာ မရှိခဲ့ဘူးပေ.. ၊

www.burmeseclassic.com

www.burmeseclassic.com

သူကြားခဲ့ရသည့်သတင်းတွေနဲ့ တကယ်နေထိုင်တဲ့အခါ ဆက်ဆံကြုံတွေ့လာရခြင်းများက ကျေနပ်လက်ခံဖွယ်ပါ။ သူတကယ်ကို ပျော်ရွှင်ခဲ့ရသည်။ ဒီမှာပဲ အငြိမ်းစားယူတဲ့အထိ သက်ဆုံးတိုင်နေချင်ခဲ့မိတာ ဆင်ဖြူကျွန်းဆိုသည့်မြို့ပဲဖြစ်လေသည်။ သို့သော်..၊

ဒီနေ့လို မြို့လုံးကျွတ်နီးပါး အုတ်အော်သောင်းနင်းဆူပွက်သွားစေခဲ့သော နှစ်လောင်းပြိုင်လှူသတ်မှုနှင့် ပတ်သက်၍.. ၊

"မုဒိန်းကောင်တွေကို အပြစ်ပေးပါ.."

"သုတ်သင်သူကို ချီးမြှောက်ပါ.."

"ဒေါင်းနီကိုလွှတ်ပေး.."

"မဒေါင်းကိုခုချက်ချင်း ပြန်ထုတ်ပေးပါ.."

အမှောင်ထုက တရိပ်ရိပ်ချဉ်းနင်းဝင်ရောက်လာခဲ့လျက် ဆင်ဖြူကျွန်းမြို့သည်လည်း ပို၍ဆူညံရှုပ်ထွေးလာခဲ့ရင်း.. ၊

အခန်း(၁)

ဘဝမှာကောင်းခဲ့တယ်ဆိုတဲ့အဖြစ်တစ်ခုလောက်တောင် ပြစရာမရှိခဲ့သော မိန်းမသားတစ်ယောက်အတွက် ခုချိန်ထိလည်းဆိုးရွားနေဆဲပဲ ဆိုတာ ဖြစ်သင့်သလား.. ၊

ဒီစကားပြောဖို့စလိုက်တာမှန်းသိလိုက်တည်းက ချစ်ရင်ထဲမှာ လေးလံသွားခဲ့သည်။ ကိုယ့်ရဲ့အစ်မရင်းတစ်ယောက်အတွက် သူမလုပ်ပေးနိုင်တာ ဘာမှလည်းမရှိခဲ့ရာ.. ၊

"သမီးပြောပါရစေအမေ..မမကလည်း အပျိုမဟုတ်တော့ပါဘူး၊ ကလေးတစ်ယောက်နဲ့သူ့ရဲ့.."

"အပျိုမဟုတ်တော့လို့ ငါပိုစိုးရိမ်တာပေါ့သိမ့်ချစ်ရယ်..ညည်းက အစ်မဖြစ်သလို ငါကလည်းငါ့သားပဲလေ၊ အကယ်၍ဖြစ်လာခဲ့ရင် ညည်းအစ်မက နတ်ရေကန်ထဲကျသွားတာပဲ..ဒါပေမယ့် ငါကတော့ ကလေးအမေမုဆိုးမကို ချွေးမတော်ရမှာ.."

ဒေါ်သင်းသင်းက ဆွဲကြိုးတုတ်တုတ်ကြီး လှုပ်ရမ်းနေသည့်ရင်ဘက်ကို အသံမြည်အောင်ပုတ်လိုက်ပြီးမှ ခါးထောက်၍.. ၊

"ညည်းကိုငါ့ချွေးမအဖြစ် ကြည်ဖြူပေးခဲ့တာပဲကျေနပ်လိုက်တော့ သိမ့်ချစ်..ဒါတောင် လမင်းကမိုက်လို့၊ ပြီးတော့ ရွှံ့တတ်တယ်..ညည်းမှာလည်း ဆင်းရဲတာလေးကလွဲရင် ပြောစရာမရှိခဲ့တဲ့အတွက် ဖွင့်တောင့်တင့်တယ်စေစပ်လက်ထပ်ပေးခဲ့တာ..."

"ဟုတ်ပါတယ်အမေရယ်..ဒါပေမယ့် အခုအမေပြောပြနေသလိုကြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မလာနိုင်ဘူးလို့ သမီးကပြောချင်တာပါ၊ မမရဲ့စိတ်ကိုက..."

"သူ့စိတ်ဘယ်လိုဖြစ်နေတာတော့ ငါမသိဘူး..ဒါပေမယ့် ဒေါင်းနီဒီမှာ ရှိနေရင် သားကြီးနဲ့ပြန်နီးစပ်သွားမှာပဲ၊ မဖြစ်နိုင်ပါဘူးလို့ ညည်းထပ်ပြောရင်တော့ ညည်းကိုက ဒီလိုဖြစ်စေချင်နေတာလို့ ငါပြောမိတော့မှာ.."

ချစ်ပြောမည်ပြင်ထားသမျှ လျှာပေါ်မှာပဲ ပျောက်ကွယ်ခဲ့ရ၏။ ထိုစဉ် ဒေါ်သင်းသင်းရဲ့သမီးအငယ်ဆုံးသင်းရနံ့က ချစ်တို့စကားပြောနေသည့် အလုပ်ခန်းထဲကိုဝင်လာ၏။ မိခင်ဖြစ်သူနဲ့ချစ်တို့ ဘာအကြောင်းပြောနေကြမှန်း နားစွန်နားဖျားကြားလိုက်ရုံနှင့် သိနေပြီဖြစ်ကာ.. ၊

"ကိုကြီးက မုဆိုးမကိုကြိုက်ရလောက်အောင် မတုံးပါဘူးမေမေရယ်.."

လို့ ပြောလိုက်သဖြင့် ချစ်အားတက်သွားမိကာ.. ၊

"မချစ်ပြောချင်တာကလည်းလေ.."

"ဒါပေမယ့် ချစ်လက်စရှိခဲ့တာဆိုတော့ တုံးချင်တုံးသွားနိုင်တယ်"

"ဟင်.."

"ဘာလဲ..ဘာတွေလာပြောနေတာလဲရနံ့၊ ဒီမှာလူကြီးတွေက အရေးကြီးတဲ့အကြောင်းပြောနေတာ.."

"ရနံ့ကလည်း အဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး ပြောနေတာပါပဲ ..လူကြီးတွေဆွေးနွေးနေကြတယ်ဆိုတော့ ရနံ့ကတော့လူကြီးမဟုတ်လို့လား၊ ဒီမှာမေမေ့သမီး အသက်ဆယ့်ရှစ်နှစ်ကျော်နေပြီသက်လား.. မေမေ့ချွေးမထက် နှစ်နှစ်ပဲငယ်တယ်.."

"ရနံ့ရေ.."

"ရှင်.."

ရနံ့ကပေါင်လယ်လောက်တိုသည့် ဘောင်းဘီတိုလေးနှင့် လက်ပြတ်ဆွယ်တာမတိုမရှည်ကပ်ကပ်လေးကို ဝတ်ထားသည်။ ဆံပင်ပခုံးလောက်လေးကို ဖြောင့်ထားသဖြင့် အသားလတ်လတ်မျက်နှာသွယ်သွယ်လေးနဲ့ ချစ်စဖွယ်လေးပါ.. ၊

သို့သော် နယ်မြို့လေးမို့ သူမရဲ့ဝတ်စားနေထိုင်ပုံက ခေတ်ရှေ့ပြေးလွန်းနေသလိုပင်။ မိဘက ကုန်သည်သူဌေးဖြစ်ကာ ကုန်ခြောက်သိုလှောင်



ရုံတွေနှင့် အလုပ်သမားများစွာကို အုပ်ချုပ်လုပ်ကိုင်နေရသည်။ ပွဲရုံကတစ်ဖက် အရောင်းအဝယ်တွေကတစ်ဖက်နှင့် ဖခင်ဖြစ်သူက အိမ်ကပ်ရတယ်မရှိ.. ၊

မိခင်က အိမ်မှာသားသမီးအရေးထက် အလုပ်သမားနဲ့စီးပွားရေးတွေထဲမှာ နစ်မြုပ်နေခဲ့သည်။ ထို့ကြောင့် သင်းရနံ့ဆိုသော သမီးအငယ်ဆုံးလေးကို နေရာတကာလိုက်ကြည့် ပြောပြမနေနိုင်တော့ပေ။ အနားရောက်လာမှသာ ဘယ်လိုပြောပါ ဘယ်လိုနေပါဆိုတာမျိုး.. ၊

"ညည်းကိုယ်ညည်း ကလေးမဟုတ်မှန်းသိဖို့ပဲ လိုတာနော်.."

"သိတယ်လေ..အာကြောင့် မေ့ကိုပြော ဘာပေါ့.."

"ငါ့ကိုပြောဖို့မလိုဘူး..ပေါ့ရွတ်ရွတ်စကားတွေနဲ့ ဆေးရိုးသည်ဝင်မလုပ်ရင်ပြီးရော.."

သမီးတစ်ကိုယ်လုံးကို စုန်ချီဆန်ချီကြည့်လိုက်ပြီးမှ ကြိမ်းဝါးသလို ပြော၍.. ၊

"အခု ကျူရှင်ကပြန်လာတာလား.."

"ဟုတ်.."

"ကျူရှင်ကို ဒီလိုပုံစံနဲ့သွားတာပေါ့.."

"မဟုတ်ပါဘူးမေမေရာ..ပြန်လာလို့အဝတ်လဲပြီး ထွက်လာတာပေါ့.."

အလုပ်သမားတွေရှေ့မှာ ဒီလိုပုံစံနဲ့ဝင်မလာဖို့ ပြောရတာလည်း အခါခါပါ။ သမီးကိုမြင်လိုက်ကာမှ ပြောလက်စစကားတွေလည်း ဘယ်ရောက်ကုန်သည်မသိ.. ၊

"ဩော်..ကဲ သိမ့်ချစ်နေဦးလေ.."

"ရှင်.."

ချစ်က သားအမိစကားပြောနေတာပဲဆိုပြီး နေရာမှထလိုက်တာ ဖြစ်သည်။ ဒေါ်သင်းသင်းက စိတ်မရှည်သံနှင့် တားလိုက်ရင်း.. ၊

"အဲ့ဒီကိစ္စကို ဆက်ပြောစရာတော့မရှိတော့ပါဘူး..ညည်းအစ်မကို ညည်းပြောမလား ငါပြောရမလား.."

"သမီးပြောလိုက်ပါ့မယ်.."

www.burmeseclassic.com

www.burmeseclassic.com



"အေး..အေး ပြီးရော.."

ခေါင်းညိတ်၍ ဒီဘက်လှည့်လိုက်ပြီးမှ ဆတ်ခနဲပြန်လှည့်ကာ..

"ပြောင်းရွှေ့ရသိပ်လွယ်တာမဟုတ်ဘူး..ဒါကြောင့် သားကြီးပြန်မရောက်ခင် ပြောင်းပြီးသားဖြစ်အောင်လို့ ပြောစရာရှိတာ မြန်မြန်ပြောနော်.."

"ဟုတ်ကဲ့ပါ.."

"ရှင်းအောင်ပြောလိုက်မယ်..ဘာကြောင့် ညာကြောင့်တွေငါမကြားချင်ဘူး၊ အလုပ်တစ်ခုခုရှာထားဖို့ပါ ပြောပြလိုက်.."

ဒေါ်သင်းသင်းက အံဆွဲထုတ်လိုက်ပြီး အထဲကပိုက်ဆံအုပ်တွေကို ဟိုဘက်တွန်းဒီဘက်တွန်းလုပ်ရင်း တစ်ထောင်တန်နှစ်ရွက်ကို မရမက ရှာသည်။ ပြီးတော့ ချစ်ကိုလှမ်းပေးကာ.. ၊

"ရော့..တံတားထိပ်သွားပြီး ညစာအတွက် ဟင်းတစ်ခုခုသွားဝယ်၊ မနက်က ကြက်သားချက်က နည်းနည်းပဲရှိတော့တာ.."

"အဲ့ဒါဆို ပြင်ဆိုင်မှာဆိုင်ကယ်ဝင်ရွေးသွားရမှာ..ပြင်ခ.."

"အို..အနုပ်မရှိပါဘူးဆိုမှ စက်ဘီးနဲ့ပဲသွားလိုက်.."

"မရဘူးနော်မေမေ့..ရန့်သွားစရာရှိတယ်၊ ဆိုင်ကယ်လ်ကတော့ ရွေးရမှာပဲ.."

သူတို့သားအမိချင်းပြောဖို့ဖြစ်သွားတာနှင့် ပိုက်ဆံယူပြီး ချစ်အပြင်ထွက်လာခဲ့သည်။ တိုက်ကြီးရဲ့တစ်ဖက်က ကုန်လှောင်ရုံတွေအတန်းလိုက်ရှိသည့်ဆီ လှမ်းကြည့်လိုက်တော့ မမတို့သားအမိအတွက် နေစရာပေးထားသည့် သွပ်တန်းကျအဖီလေးက မသေမသပ်ခပ်နံ့နံ့.. ၊

ကုန်လှောင်ရုံတွေကြားထဲမှာ သွပ်အဟောင်းတချို့နှင့် ပျဉ်ချပ်တချို့ရော၍ မိုးကာထားသောတစ်ဖက်ယပ်အဖီလေးက ဆယ်ပေဆယ့်ငါးပေ လောက်ပဲကျယ်သည်။ နံရံနှစ်ဖက်စလုံးက ကုန်လှောင်ရုံနံရံတွေဖြစ်ကာ တစ်ဖက်ဖွင့်ထားရသေးသည်။

ဒါကိုညအိပ်ခါနီးကျမှ မမချော သူမဘာသာလုပ်ထားရသည့် သွပ်ချပ်တံခါးလေးနဲ့ ပိတ်ဆို့ချည်တုတ်ပြီး လုံခြုံအောင်ဖန်တီးရသည်။ ညီအစ်မရင်းပေမယ့် ကိုယ်ကတော့သူဌေးချွေးမဖို့ တိုက်ကြီးထဲမှာမွေ့ရာနဲ့ အဲဒ်



ကွန်းနဲ့အိပ်ရပြီး မမတို့သားအမိ ဒီလိုအိပ်နေရတာကို သူမဘယ်လိုမှ စိတ်မချမ်းသာနိုင်ပေ.. ၊

သို့သော် ဒါတောင်ယောက္ခမဖြစ်သူက ခွင့်ပြုခဲ့လို့သာ နေခွင့်ရတာ ဖြစ်ကာ မဟုတ်ရင် ဘယ်လိုနေကြမလဲဆိုတာ တွေးတောင်မတွေးရဲပေ..

"မချစ် စိတ်ပိန်သွားတာလား.."

ဟင်.. ၊

လှည့်ကြည့်လိုက်တော့ သူမနောက်မှာသင်းရန့်က ရပ်နေကာ သူမရဲ့ ပုံစံအတိုင်း ပေါ့ပါးစွာရယ်မောနေလျက်.. ၊

"ထားလိုက်ပါမချစ်ရာ..မေမေကဒီလိုပဲ၊ ကိုကြီးလည်းမလာသေးပါဘူး..အလကား မေမေကသူ့သားကြီးကျမှ ဥစ္စာခြောက်နေတာ၊ အဲ့ဒီသားကပဲ ပိုက်ဆံတွေအလုံးအရင်းနဲ့ ပို့နေတာကိုး.."

"ထားလို့မဖြစ်ပါဘူးရန့်ရယ်..မမကိုအမေကိုယ်တိုင်ပြောမှာလည်း ငါမလိုချင်ပါဘူး.."

"ဘာလို့လဲ..မေမေက သဘောကောင်းပါတယ်၊ အထူးသဖြင့် မိန်းမသားချင်းကို ဖိနှိပ်ပြောမှာမဟုတ်ဘူး..အမျိုးသမီးရေးရာဥက္ကဋ္ဌပဲဟာ ပူမနေပါနဲ့.."

ပြောပြီး ပခုံးတွန့်လိုက် ဆံပင်ခါလိုက်နှင့်ရယ်ကာ.. ၊

"တစ်ချက်လေးမှ မအားဘဲနဲ့အမျိုးသမီးရေးရာဥက္ကဋ္ဌက လုပ်လိုက်ရသေးတယ်..တို့မာမီတော့ အဲ့ရော.."

ရန့်ကမေမေခေါ်လိုက် မေ လို့ခေါ်လိုက်နှင့် မာမီလို့လည်းခေါ်တတ်လေသည်။ ဆင်ဖြူကျွန်းမြို့မှာ ကုန်သည်သူဌေးလက်လုပ်လက်စား အလွှာပေါင်းစုံရှိသည်။ မြို့လေးကမကြီးကျယ်ပေမယ့် စည်ကားသည်။ ဧရာဝတီမြစ်ကြောင်းကြီး ကောင်းစဉ်ကဆို သင်္ဘောအစုန်အဆန်တွေ အထပ်သင်္ဘောကြီးတွေဆိုက်ကပ်သော ဆိပ်ကမ်းမြို့ကြီးလည်းဖြစ်ကာ ရေလမ်းကုန်းလမ်းအချက်အချာကျသဖြင့် အစစအရာရာပြည့်စုံသည်။

ဒီထဲမှာဒေါ်သင်းသင်းတို့မိသားစုကတော့ နံပါတ်တစ်စာရင်းဝင်လောက်ရှိနိုင်သော လူချမ်းသာတွေဖြစ်သည်။ ချစ်တို့မိသားစုက အစတည်းက ပြည့်စုံရှိနေထိုင်နိုင်သည့် အဆင့်လောက်ရှိခဲ့လျက် စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



ထပ်ကျခဲ့သည်။

မမက အစတည်းက အိမ်မှာကိုယ်တိုင်ကြိတ်သည့် ငရုတ်သီးမှုန့်တွေ ဈေးထဲမှာရောင်းကာ မိသားစုစီးပွားရေးကိုထိန်းထားခဲ့တာဖြစ်ကာ သူမကိုယ်တိုင်က ဆယ်တန်းတောင်မဖြေခဲ့ရပေ။ ဒီအလုပ်နဲ့ပဲ ချစ်ကိုဆယ်တန်းအောင်အောင် ကျောင်းထားပေးခဲ့သည်။

အိမ်မီးထဲပါသွားပြီး ဘာမှလည်းမရလိုက်သည့်ပြင် ထိုနှစ်ထဲမှာပဲ အဖေဆုံးသွားခဲ့၏။ ထိုအချိန်မှာလည်း ဘဝဟာချိုသလား..ခါးသလား ချစ်မသိသေးပေ။ အဘယ့်ကြောင့်ဆိုသော် ဆယ်တန်းမှာတည်းက ချစ်နဲ့ လမင်းကချစ်ခဲ့ကြတာဖြစ်ကာ မမလက်ထပ်သွားတာလည်း ကိုယ့်အတွက် အနစ်နာခံသွားခဲ့တာမှန်း နည်းနည်းလေးတောင်မရိပ်မိခဲ့.. ၊

မမတို့ရန်ကုန်ရောက်သွားကြပြီး ချစ်နဲ့အမေ့အတွက် လစဉ်ငွေပို့ပေးသည်။ လမကုန်သေးဘဲလည်း ပစ္စည်းတွေနဲ့ပိုက်ဆံရောက်လာတတ်တာရှိကာ အဝေးသင်နဲ့ချစ်ဘွဲ့ရတဲ့အထိလည်း မမတို့အဆင်ပြေနေခဲ့၏။

ကံတရားသည် ချစ်တို့မိသားစုထဲမှာ ချစ်ကပဲအားလုံးရဲ့ကံကောင်းခြင်းတွေကို စုပြုံသိမ်းယူနေခဲ့သလို ဖြစ်လာခဲ့တာလားမသိ။ နောက်ဆုံးနှစ်မဖြေခင်မှာ လမင်းနဲ့ချစ်ခိုးရာလိုက်ပြေးခဲ့သည်။ ချစ်ဘွဲ့ရတော့ အမေလည်းဆုံးသွားသည်။ သို့သော် လမင်းရဲ့မိဘတွေချစ်ကို လက်ခံကျေနပ်လို့မှမကြာသေးခင် မမကလေးတစ်ယောက်နဲ့ ပြန်ရောက်လာခဲ့လေသည်။

ဘဝတွေက ဘာဖြစ်လို့ဒီလောက်တောင် ချိတ်ဆက်ဆိုးရွားခဲ့ရတာလဲ.. ၊

ချစ်ကိုလူတိုင်းက မိသားစုထဲမှာကံအကောင်းဆုံးလို့ ပြောကြသည်။ သူမကတော့ မမကိုပြန်တွေ့လိုက်သည့်အချိန်မှာ ဒီစကားတွေကြောင့် နာကျင်မိလေသည်။ ပေးဆပ်ခဲ့တဲ့သူနဲ့ ရယူနိုင်တဲ့သူ ဘယ်သူကပိုတော်တာလဲ..။ ရယူနိုင်တဲ့အတွက် ဘယ်လိုလူတွေပျော်နေကြသလဲ.. ၊

သေချာတာကတော့ အဲ့ဒီလိုလူတွေဟာ တော်စပ်ပတ်သက်မှုမရှိကြသော သူစိမ်းတစ်ရံဆံတွေသာ ဖြစ်ကြမှာပါ။ သို့တည်းမဟုတ် ကိုယ်ကချစ်သောသူ ကိုယ့်ကိုချစ်သောသူတွေ မဟုတ်ကြလို့ပဲဖြစ်လိမ့်မည်။



ကိုယ်ချစ်ခင်ရသူတွေ အကမ်းအလှမ်းမဲ့နေတဲ့အခါ ဒီတိုင်းထိုင်ကြည့်နေရသည့်အဖြစ်လောက် ပူလောင်ရတာမရှိ.. ၊

မမအတွက် သူမဘာလုပ်ပေးနိုင်သလဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

“လခကတော့ တစ်လတစ်သောင်းခွဲပဲထားပါအေ..မိုးတွင်းရောက်ရင်တော့ မိုးနည်းနည်းယိုမယ်၊ အဲ့ဒီကျရင်တော့ လာမိုးပေးပါဦး.. လာကာပေးပါဦးနဲ့မလုပ်နဲ့နော်၊ ငါကလည်း မုဆိုးမပဲ..သားသမီးတွေရှိပေမယ့် ဘာမှခေါ်ခိုင်းလို့ရတာမဟုတ်ဘူး..”

အိမ်ကလေးပင်အိမ်ကြီးပဲဖြစ်သည်။ အိမ်ကြီးကကြီးပေမယ့် အကာအရံတွေက ခိုင်ခံ့မှုမရှိတာလည်း သိသာသည်။ မော့ကြည့်လိုက်တော့ မိုးထားသည့်သက်ကယ်ပျစ်တွေက ခပ်ကျဲကျဲ။ သို့သော်.. ၊

“ရပါတယ်အဒေါ်ရယ်..အိမ်ကမိုးမလုံပေမယ့် ခြံနဲ့ဝင်းနဲ့ပဲဟာ၊ အဒေါ့်အိမ်ကလည်း လှမ်းခေါ်လိုက်ရင်ကြားရတာပဲဟာ..”

“အေး..အေး အကြောင်းရှိရင် လှမ်းခေါ်လိုက်ပေါ့၊ အိမ်ပြင်ပေးပါလို့ပြောမှာကလွဲရင် ဘာဖြစ်ဖြစ်ပြော..အဟွန်း..”

ဒေါ်ငွေးဆိုသည့်မိန်းမကြီးက သနပ်ဖက်ဆေးလိပ်ကို မီးရှိမရှိ လက်နဲ့တို့စမ်းရင်း ရယ်သည်။ ကြားထဲက ဒေါ်ငွေးနဲ့တွေ့ပေးသည့် အိမ်နီးချင်း နီလာက နှုတ်ခမ်းမဲ့သွားလျက်.. ၊

“ဟုတ်ပါပြီ..ဒေါင်းနီက ဒေါ်ငွေးနဲ့အလ္လာပ သလ္လာပပြောနေနိုင်မယ့်လူကိုး..”

“ဩော်..အလ္လာပ သလ္လာပမဟုတ်ရင်လည်း သူတို့သားအမိနှစ်ယောက်တည်းဆိုတော့ အကျိုးအကြောင်းကြီးငယ်ဆိုတာ ရှိလာနိုင်တယ်လေ..”



“ဟုတ်ပါတယ်..ကျေးဇူးတင်ပါတယ်အဒေါ်၊ ဒါဆို ကျွန်မတို့ အိမ်ရှင်းလိုက်ဦးမယ်နော်..”

“အေး..အေး လုပ်ကြ..”

ဒေါ်ငွေးကခေါင်းညိတ်ပြီး ပြန်ထွက်သွားသည်။ လှေကားငါးထစ်ခြေရင်းမှာ စုပြုံချထားသည့် ပစ္စည်းလေးတွေကိုကြည့်၍ နီလာက လက်က နာရီလေးပင့်ကြည့်လိုက်ကာ.. ၊

“ဒါဆို နင့်ဘာသာပဲအေးဆေးနေရာချတော့နော်..ငါမြို့ထဲကို ကြက်ဥပို့ရတော့မှာ..”

“အေးပါ..ငါရပါတယ်..”

နီလာက ဆိုင်ကယ်လ်နဲ့ပြန်ထွက်သွားလျှင် ဒေါင်းနီသမီးလေးကို လှမ်းကြည့်လိုက်သည်။ သမီးက ခြောက်နှစ်ပဲရှိသေးသည်။ နှစ်နှစ်သမီးလေးတည်းက ဖခင်မဲ့ခဲ့ရပေမယ့် သမီးလေးကိုသူမတတ်နိုင်သမျှ ပြည့်စုံအောင်ဖြည့်ဆည်းပေးခဲ့သည်။ ဖခင်ကိုမတမ်းတမိအောင် ဖခင်လည်းကိုယ် မိခင်လည်းကိုယ်ပဲ သူမလေးအတွက်ဖြစ်စေခဲ့သည်။

ဘယ်သူ့ဘဝမျိုးကိုမှ အားမကျတတ်အောင် ယုယကြင်နာခဲ့သည်။ သူမဘဝမှာ ဒီသမီးလေးသာပထမ သမီးလေးသာဒုတိယ တတိယ အရာရာဖြစ်လေသည်။

“မေမေ့..”

“ဟင်..”

ခြံစည်းရိုးတန်းရဲ့တစ်ဖက်က ကြက်ခြံကိုရပ်ငေးနေရင်း ဥဒေါင်းငယ်က ချာခနဲလှည့်ပြေးလာပြီး.. ၊

“မေမေ့ မီးမီးတို့လည်း ကြက်ပိစိလေးတွေ မွေးမယ်လေ..ဟိုမှာ ချစ်စရာလေးတွေ မေမေလာကြည့်ပါဦး..”

“မေမေမြင်ပါတယ်သမီးရယ်..”

ပြောရင်း အပေါ်ကိုအရင်သယ်ရမည့် ပစ္စည်းတွေကို ရွေးထုတ်လိုက်ကာ.. ၊

“ ‘အိမ်မရှိဘဲ ဝက်မွေး’ဆိုတဲ့ စကားပုံရှိတယ်သမီးရဲ့..ကိုယ့်မှာ အိမ်မရှိဘဲ ဝက်မွေးတော့ လူရယ်စရာကြီးဖြစ်နေမှာပေါ့၊ ကိုယ့်ဝင်း ကိုယ့်ခြံရှိမှ

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်မွေးရတယ်.."

"မေမေကလည်း ဒီအိမ်ကြီးကိုမီးမီးတို့ ငှားထားတာပဲဟာ..အဲ့ဒါ မီးမီးဥစ္စာမဟုတ်ဘူးလား.."

"ငှားတယ်ဆိုတာ ခဏပဲရတာလေ..ဝယ်နိုင်မှကိုယ်ပိုင်မှာပေါ့၊ သမီး မွေးချင်တဲ့ကြက်ကလေးတွေ ခွေးလေးတွေအားလုံး ကိုယ့်ခြံထဲမှာမွေး နိုင်အောင် အိမ်တစ်လုံးအမြန်ဝယ်နိုင်ဖို့ မေမေကြိုးစားမှာပါ.. ဒါပေမယ့် သမီးကခဏခဏ မပူဆာနဲ့နော်.."

"ဟုတ်.."

ပစ္စည်းတွေအိမ်ပေါ်ကိုသယ်တော့ ဥဒေါင်းငယ်ကလည်း သူမ ဆွဲနိုင် ကိုင်နိုင်တာလေးတွေ ဝိုင်းသယ်ပေးရှာသည်။ ကြမ်းပေါ်မှာ ဖျာခင်းလည်း ပါ ပစ္စည်းတွေနေရာချလည်းပါ၏။

"မေမေ့ နေဦး..အဲ့ဒါမေမေဖို့ မီးမီးပန်းကောက်ထားတာတွေ.."

ငှက်ပျောဖက်နဲ့လိပ်ထားသည့် ခရေပန်းထုပ်လေးက ဆွဲခြင်းနဲ့ငြို ကာ ဒရွတ်တိုက်ပါလာလျှင် ပိုက်ထားသည့်စောင်ထုပ်ကိုပစ်ချခဲ့ပြီး ဥဒေါင်းငယ်လှမ်းအော်ရင်း ပြေးလာ၏။

ထိုအခါ ဖျာစွန်းနဲ့ခလုတ်တိုက်ပြီး လဲမလိုဖြစ်သွားရာ.. ၊

"မေမေမြင်ပါတယ်သမီးရယ်..ဖျာစတွေခြေသည်းထဲဝင်ကုန်တော့ မှာပဲ.."

"မဝင်ပါဘူးမေမေရ..အဲ့ဒါမီးမီးစောစောထပြီး သီရိတို့နဲ့လုကောက် ထားရတာ.."

ပြောပြီး ပန်းထုပ်လေးကိုတယုတယကောက်ယူလိုက်ရင်း.. ၊

"မေမေ့.."

"ဟင်.."

"နောက်နေ့ဆို မီးမီးခရေပန်းမကောက်ရတော့ဘူးပေါ့နော်.."

သမီးမျက်နှာလေးကိုငုံ့ကြည့်ပြီး ဒေါင်းနီစိတ်ကောင်းဖြစ်သွားမိ သည်။ ပြီးတော့ လှေကားထိပ်မှာပဲ ထိုင်ချလိုက်ကာ သမီးလေးကို ရင်ခွင် ထဲဆွဲသွင်း၍ ဖက်ထားလိုက်ပြီး.. ၊

"ပန်းမကောက်ရတော့ ဘာဖြစ်လဲသမီးရဲ့..ပန်းပင်အနားမှာမရှိလို့



မကောက်ရတာပဲ၊ ဟိုအိမ်ကလည်း မေမေတို့အိမ်မှမဟုတ်တာ..ဒီအိမ်က တော့ မေမေတို့မပိုင်ပေမယ့် ကိုယ့်ပိုက်ဆံနဲ့ငှားထားတဲ့အိမ် ဒီမှာပိုတောင် ကောင်းသေးတယ်.."

"တီတီချစ်ကပြောတော့ ဘွားဘွားသင်းရဲ့အိမ်က တီတီချစ်ရဲ့အိမ် တဲ့..တီတီချစ်အိမ်က မီးမီးတို့အိမ်ပဲတဲ့.."

စကားအရမ်းတတ်သည့် ဥဒေါင်းငယ်လေးရဲ့မေးဖျားလေးကို မချင့် မရဲဖျစ်ခါမိရင်း ပါးပြင်လေးကို တအားနမ်းပစ်လိုက်မိ၏။ ပြီးတော့ ရယ် လိုက်ရင်း.. ၊

"အဲ့ဒီလိုစိတ်ထဲမှာထားပြီး ပျော်ပျော်ရွှင်ရွှင်နေဖို့ပဲပြောတာ..သူ များရဲ့ပိုင်နက် သူများရဲ့ပစ္စည်းဆိုတာ ကိုယ်ပိုင်တာမှမဟုတ်တာ၊ ခုလိုမျိုး ပေါ့သမီးရယ်..သူများပစ္စည်းဆိုတာ သူများကပြန်ပေးတော့ဆိုရင် ပြန်ပေး ရတယ်၊ သူများကသွားတော့လို့ နှင်လွှတ်ရင်လည်းထွက်ပေးရတယ် ..ဒါကြောင့် ကိုယ့်ပိုင်ဆိုင်မှုဖြစ်ရအောင် လူတိုင်းကြိုးစားကြတာပေါ့.."

မျက်တောင်ကော့ကော့လေးတွေ တဖျတ်ဖျတ်ခတ်ရင်း ဥဒေါင်းငယ် က သေချာနားထောင်နေ၏။

"အဲ့ဒါကြောင့် မေမေကကြိုးစားနေတာ..မေမေ့သမီးလေးကို ကိုယ် ပိုင်အိမ်ကြီးနဲ့ခြံကျယ်ကျယ်နဲ့ ထားမယ်၊ သမီးချစ်တဲ့ဘဲလေးတွေ ကြက် လေးတွေ ကြောင်လေးတွေ ဘာဖြစ်ဖြစ်ကြိုက်တာမွေးဖို့ ဝိုင်းထဲမှာ ဟို ဘက်ကကြက်ခြံလေးလို ခြံသေးသေးလေးလည်း ခတ်ထားပေးမယ်.."

"အဟီး.."

ဥဒေါင်းငယ်သဘောတွေကျနေလျက် မအေ့လည်ပင်းကိုလှမ်းဖက် ပြီး ရယ်နေ၏။ ပြီးတော့ ရင်ခွင်ထဲကနေ ရုန်းထပြီး ဒေါင်းနီရဲ့ မေးဖျားကို သူမလက်လေးနဲ့ကိုင်ထားကာ.. ၊

"မီးမီးက ဘာဝိုင်းလုပ်ပေးရမှာလဲဟင်..မီးမီးလည်း မေမေ့ကိုဝိုင်း ကူမယ်လေ.."

"အောင်မလေး..အဲ့လိုလေးသိတတ်တာကိုပဲ မေမေ့အမောတွေ ပြေနေပါပြီရှင်၊ အဟွန်း..မေမေ့အလိမ္မာတုံးလေး.."

"မေမေ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

"ဖေဖေရှိရင် မေမေ့ကိုဝိုင်းကူမှာနော်.."

သမီးလေး သူ့အဖေကိုတမ်းတလာတိုင်း ဒေါင်းနီစိတ်မကောင်း ဖြစ်မိရ၏။ ထိုစဉ် သူမဘာမှမဖြေရသေးခင် လမ်းကြားထဲကို ကားအနီလေး တစ်စီးဝင်လာကာ သူမတို့ခြံရှေ့မှာ ရပ်သွား၏။

"ဟာ..တီတီချစ်လာပြီ.."

"ဖြည်းဖြည်းဆင်းလေသမီး..လေ့ကားတွေခိုင်လား မခိုင်လားလည်း မသိရသေးဘူး.."

သိမ့်ချစ်ကားပေါ်က ဆင်းလာတော့ ဥဒေါင်းငယ်က ကားနား ရောက်နေပြီဖြစ်ကာ.. ၊

"တီတီချစ်..မီးမီးတို့အိမ်က အကြီးကြီးပဲနော်.."

"အေး..ဟုတ်သားပဲ.."

ကလေးရှေ့မှာ အားပါးတရပြောပေးလိုက်ရင်း လှေကားပေါ်က ဆင်းလာသည့် အစ်မဖြစ်သူကို လှမ်းကြည့်မိသည်။ ဒေါင်းနီဆိုသည့် အစ်မဟာ မုဆိုးမလေးဆိုပေမယ့် အသက်သုံးဆယ်တောင်မပြည့်တတ် သေးပါ.. ၊

ပန်းလောက်ဆံပင်လေး အမြဲဖြန့်ထားတတ်ကာ မရိုးလွန်းမဆန်း လွန်းသော ဝတ်စားဆင်ယင်မှုနှင့် သူမကနုသစ်လှပနေဆဲ..။ သိမ့်ချစ် လောက်အသားမဖြူပေမယ့် ဝင်းစိုနေသည့်အသားအရေက သိမ့်ချစ်ထက် ပိုလှသည်။ ကိုယ်လုံးလှတာချင်းကျတော့ ညီအစ်မနှစ်ယောက်အတူတူ ပဲဖြစ်ကာ လမ်းလျှောက်ပုံလေးပဲ နည်းနည်းကွာသည်။

သိမ့်ချစ်က ခြေလှမ်းမသွက်သလောက် နုနုနွဲ့နွဲ့လေးဖြစ်ကာ ဒေါင်း နီက ခြေလှမ်းမြန်သလောက် ဆွဲဆောင်မှုရှိသည်။ ထို့ကြောင့် ပြေပြစ် လှပသော သူမရဲ့ကိုယ်ဟန်နှင့် လှုပ်ရှားမှုတိုင်းက လူတွေသတိတရ လိုက်ကြည့်ချင်ဖွယ် ဖြစ်နေခဲ့၏။ အလှအပတိုင်းဟာ နေရာတိုင်းမှာတော့ မကောင်းတတ်သည်ရှိရာ.. ၊

"အယ်..ရိန်းဂျားလေးပါလာတယ်မေမေရေ၊ တီတီချစ် ရိန်းဂျားကိုချ ပေးပါ..ကားထဲမှာ သူဆင်းချင်နေတာ.."



"ဩော်..အေး.."

ရိန်းဂျားဆိုတာ ရန်ရဲ့တယ်ရီယာအဖြူလေးဖြစ်သည်။ အမွေးစုတ် ဖွားဖွားနှင့် အကောင်လေးသေးလွန်းသောကြောင့် တမင်ရိန်းဂျားလို့ ပေးထားတာဖြစ်သည်။ ချစ်က ကားတံခါးဖွင့်ပေးလိုက်တာနှင့် ဥဒေါင်း နဲ့ရိန်းဂျားတို့ ပြေးလွှားဆော့နေတော့သည်။

ဒေါင်းနီနဲ့ချစ်တို့ လှေကားရင်းမှာ မျက်နှာချင်းဆိုင်မိလျှင် တစ် ယောက်မျက်နှာတစ်ယောက် ငေးကြည့်မိကြ၏။ ပြီးတော့ ဒေါင်းနီက ဖျတ်ခနဲလွှဲသွားကာ.. ၊

"နင်ဘယ်ကိုလာတာလဲ.."

"မမဆီကိုပဲလာတာပေါ့..မမဒီမှာအခန့်ငြေပြပါ့မလားဟင်.."

"ပြေပါတယ်.."

ဒါပဲဖြေပြီး မီးဖိုခုံကိုဆွဲကာ တစ်ဖက်ကဆန်ပုံးကို ကိုင်လိုက်တော့ ချစ်ကပြေးကူဆွဲလိုက်ပြီး.. ၊

"မမသွားလေ..ချစ်သယ်ခဲ့မယ်.."

ညီအစ်မနှစ်ယောက် အိမ်လေးပေါ်တက်လာခဲ့လျှင် ပျဉ်တချို့ ဝါး တချို့နှင့် ကြမ်းခင်းကိုချစ်ငုံ့ကြည့်မိသည်။ ပြီးတော့ မော့ကြည့်ရင်း ပင့် သက်ရှိုက်မိ၏။

"ဟိုဘက်ဘေးက ထရံကဆွေးနေပြီ..ကလေးခုန်ရင်တောင် ပြုတ် ကျမလားပဲ၊ မမကလည်း အဲ့ဒါတွေပြင်ဆင်ခိုင်းပြီးမှ ပြောင်းတာမဟုတ် ဘူး..အခုပိုက်ဆံပေးပြီးပြီလား.."

"စရံပေးထားတာမနေ့က.."

ချစ်ကမေးတိုင်း ဒေါင်းနီကအလုပ်လုပ်နေရင်း လှည့်မကြည့်ဘဲ ဖြေ ၏။ မနိုင်နင်းတာကို ဝိုင်းကူဆွဲရင်း ချစ်တကောက်ကောက် နောက်က လိုက်နေကာ.. ၊

"ငွေအကြေမချေနဲ့ဦးမမ..အိမ်မှာလိုအပ်တာ အကုန်လုပ်ခိုင်းဦး.."

"မခိုင်းတော့ပါဘူးချစ်ရယ်..သူ့ခမျာလည်း မရှိလို့အိမ်ငှားစားတာ၊ အပိုငွေလည်း မရှိရှာပါဘူး.."

"ဖြစ်ရလေမမရယ်..ဒီဒေါ်ကြီးကို ချစ်သိပါတယ်၊ သူ့သားသမီး

www.burmeseclassic.com

www.burmeseclassic.com



တွေက ပြေပြေလည်လည်တောင့်တောင့်တင်းတင်းတွေပါ..ဟောဒီ တစ်ပိုင်းလုံး သူ့ဆွေမျိုးတွေချည်းပဲ.."

ဒေါင်းနီက ကြက်ခိုးစင်လေးပေါ်ကို ပါလာသည့် ငါးခြောက်ထုပ်လေး လှမ်းတင်လိုက်ပြီး ချစ်ကိုဖျတ်ခနဲလှည့်ကြည့်သည်။ ပြီးတော့ ခပ်ဖြည်းဖြည်းလှည့်လာပြီး.. ၊

"သားသမီးတွေ တောင့်တင်းကြတိုင်း မိဘတွေငြိမ်းချမ်းနေကြလို့လား..ဆွေမျိုးတွေချမ်းသာတာကရော ကိုယ်နဲ့ဘာဆိုင်လို့လဲ.."

"ဘာပဲဖြစ်ဖြစ် ဒေါ်ငွေးဆိုတဲ့ဒေါ်ကြီးကတော့.."

"သူ့ဘဝနဲ့သူ ဘာဖြစ်ဖြစ်ပါချစ်ရယ်..ငါပေးရမယ့်ဝတ္တရားရှိလို့ ပေးလိုက်တာပဲ၊ သူပြောတာ အပိုအလိုတွေပါရင်ပါမယ်..ငါကတော့ ငါ့မိဘနဲ့စာနာပြီး ဒုက္ခမများစေချင်လို့ ဘာမှမတောင်းဆိုချင်တော့တာ၊ ငါတို့သားအမိကျောချင်းကပ် အိပ်လို့ရရင်ပြီးတာပဲ.."

"ဒါကျတော့ မမက ကလေးစိတ်အားငယ်မှာ မကြောက်တော့ဘူးလား.."

"ကြောက်တော့လည်း ငါ့သမီးအဖြစ်က နှုတ်ထွက်ခွင့်ပေးနိုင်မှာမှမဟုတ်တာ.."

ပြောနေရင်း မျက်နှာပြင်က ညှိုးငယ်မှိုင်တွေသွားခဲ့လျက်.. ၊

"ငါနင့်ယောက္ခမအိမ်မှာ နေခဲ့တာကလည်း သမီးလေးက နင့်ကိုချစ်တယ်..အိပ်တဲ့အချိန်မှာ ဂိုဒေါင်ကြားက တစ်ဖက်ယပ်တဲလေးထဲကို ဝင်လာရပေမယ့် ကျောင်းကပြန်လာရင် 'သင်းပဒေသာ'ပွဲရုံကြီးထဲကို ဝင်လာရတာ သူပျော်တယ်..အဲ့ဒါတွေကြောင့် အန်တီမကြည်ဖြူမှန်း သိရက်နဲ့ ငါနေခဲ့တာ.."

"ဒါပေမယ့် မမကိုချစ်က သေသေသပ်သပ်နဲ့ လုံခြုံတဲ့နေရာလေးရှာပေးမလို့ပါ..ခုတော့ ချစ်လည်းဘာမှမပြောရသေးဘူး၊ သတင်းသဲ့သဲ့ကြားတာနဲ့ မမချက်ချင်းထွက်သွားတာ.."

"ငါလည်းသွားသင့်ပြီထင်လို့ ကြိတ်ပြင်ဆင်ထားခဲ့တာပဲ..တကယ်တော့ နင့်မျက်နှာနဲ့ငါကပ်နေတာကိုက မနေသင့်တာပါ၊ ငါ့ကြောင့် နင်လည်း မျက်နှာငယ်နေရတာပဲ.."



သူမကလေးငယ်လေးနဲ့ရောက်လာတော့ မိဘတွေလက်ထပ်က ရှိခဲ့တဲ့ အိမ်နဲ့ဝိုင်းလေးကလည်း မပြေလည်စဉ်က တတိတိဖွဲ့ရောင်းထားခဲ့သဖြင့် ဘာမှမရှိတော့ပေ။ ဝမ်းရေးအတွက်လည်း ရှိသေးတာမို့ ချစ်တို့ပွဲရုံမှာ အလုပ်လုပ်ခဲ့သည်။

ဒေါ်သင်းသင်းကလည်း လိုလိုလားလားပဲဖြစ်ကာ ဟိုမှာပဲနေဖို့ ခွင့်ပြုခဲ့တဲ့အထိပင်။ ထို့ပြင် ချစ်ရဲ့အစ်မဖြစ်နေသည့်အတွက် အလုပ်သမားခေါင်းဆောင်အဖြစ် နေရာပေးခဲ့သေးသည်။ အားလုံးအဆင်ပြေနေခဲ့ပြီး ဒေါင်းနီဆိုတာ ဟိုအရင်က ခွန်းရဲ့ရည်းစားဖြစ်ခဲ့ဖူးသည့် မိန်းကလေးမှန်း သိသွားခဲ့သည့်နောက်.. ၊

"သူတို့ဘုရားထီးတင်ပွဲအလှူတုန်းက ဧည့်သည်တွေလာမှာအကြောင်းပြပြီး ငါ့ကိုဂိုဒေါင်ဘေးမှာ ခဏပြောင်းနေဖို့ပြောတည်းက ငါရိပ်မိခဲ့တယ်.."

တွေးနေရင်း ဒေါင်းနီကဆံပင်တွေကို နောက်ညှပ်လိုက်ပြီး လှေခါးထစ်ပေါ်မှာ ထိုင်ချလိုက်သည်။ ပြီးတော့ သူမရဲ့ဘေးမှာ ချစ်ထိုင်လို့ရအောင် ဘေးကပ်ပေးလိုက်ပြီး.. ၊

"ထိုင်လေ..ငါသန့်ရှင်းရေးလုပ်ထားတာပါ.."

ချစ်က ကလေးနဲ့ခွေးနဲ့ဆော့နေတာကို တစ်ချက်လှမ်းကြည့်ပြီးမှ ထိုင်လိုက်ကာ.. ၊

"အဲ့ကတည်းက ချစ်လည်းသိတယ်..ရန့်လာပြောတာလေ၊ ကိုကြီးနဲ့မချစ်အစ်မ ငြိခဲ့ဖူးတာ မေမေသိသွားလို့ ကျိုင်တက်နေပြီတဲ့.."

ဒေါင်းနီကလှည့်ကြည့်ပြီး မျက်ခုံးတွေတွန့်ကုတ်သွားခဲ့လျက်..

"နင်ငါ့ကိုတစ်ခါတည်း ပြောခဲ့သင့်တယ်.."

"ပြောစရာလားမမရယ်..မမရောက်လာတာဖြင့် သိပ်မကြာသေးဘူး၊ အိမ်လည်းလုံးဝဆုံးသွားပြီကို ချစ်ပြောလိုက်ရင် မမဘယ်သွားနေမှာလဲ..မမကိုစိတ်မချလွန်းလို့ အဲ့ဒီဂိုဒေါင်လေးမှာ မမကိုမကြည့်ရက်ပေမယ့် ချစ်မျိုသိပ်နေခဲ့ရတာ.."

"ငါ့ဘဝကအစတည်းက မှားနေပြီးသားပါချစ်ရယ်..ငါအခုပြောနေတာနင့်ကြောင့်ပါ၊ ငါ့ရဲ့ကောင်းခြင်း ဆိုးခြင်းတွေကို နင်ငုတ်တုတ်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရရင် နင်ပဲစိတ်ဆင်းရဲရမှာ..ခုလည်း နင်ဘာမှ ပြောထွက်မှာ မဟုတ်မှန်းသိလို့ ငါ့ဘာသာထွက်လာလိုက်တာ.."

"အဲ့ဒါမဟုတ်သေးဘူးမမ..မြို့ထဲကနေ ကမ်းနားအထိ နည်းတဲ့အကွာအဝေးလား.."

"မြို့ထဲနဲ့နီးရင်လည်း ငါမှမတတ်နိုင်တာ..ဖြစ်ပါတယ်၊ ငါ့မှာရှိတာလေးနဲ့ စက်ဘီးဝယ်မှာပေါ့.."

ချစ်စိတ်ဆင်းရဲသွားလေသည်။ သူမဘဝက သူဌေးချွေးမဆိုပေမယ့် ပိုက်ဆံကိုမကိုင်နိုင်။ ယောကျ်ားဖြစ်သူကို အားကိုးရမလားထင်သော်လည်း လမင်းကရန်ကုန်ကပွဲရုံမှာပဲ ထိုင်တာများနေသဖြင့် လင်မယားရယ်လို့ တီးတိုးစကားပြောခွင့်မသာ.. ၊

ကိုယ့်ဘဝကောင်းစားဖို့ ဘဝချင်းလဲပြီး ပေးဆပ်မြင့်တင်ပေးခဲ့သည့် အစ်မတစ်ယောက်အတွက်တောင် သူမဘာမှမကူညီနိုင်ခဲ့သည့်အဖြစ်..၊

"ကဲ..ပြန်တော့လေချစ်၊ တော်ကြာရန့်က သူ့ကားတက်မောင်းသွားရမလားဆိုပြီး ပြောဆိုနေဦးမယ်.."

"ရပါတယ်.."

"ဘာရတာလဲ..သူ့ခွေးကိုလည်း ခေါ်လာသေးတယ်.."

ရိန်းဂျားက ရန့်ရဲ့ခွေးလေးဖြစ်သည်။ ဒီကိုလာမှာမို့ ဥဒေါင်းလေး အလွမ်းပြေအောင် ခေါ်လာတာမှန်းသိနေသဖြင့် ညီမအတွက် စိတ်ပူသွား၏။ တစ်ခြံတည်းအတူနေခဲ့တာမို့ ထိုအိမ်မှာချစ်နေရတဲ့ အနေအထားကိုလည်း သိသည်။

ရန့်ကစိတ်ထားလေးတော့ ကောင်းရှာပါသည်။ ဒါပေမယ့် စိတ်တိုင်းမကျသည့်အခါ စကားပြောရိုင်းတာက သည်းမခံနိုင်အောင်ဆိုးလွန်းသည်။ ဒေါ်သင်းသင်းခက်ဆိုသည့် မိခင်ဖြစ်သူကလည်း သားသမီးပြောတာသာ အမှန်။ သားသမီးနဲ့ပတ်သက်လာရင် သူများမကောင်း သူ့သားသမီးပဲကောင်းသည်။

"ချစ်.."

ဒေါင်းနီက ချစ်မျက်နှာလေးကိုငဲ့ကြည့်လိုက်ရင်း.. ၊

"နင်ဘာတွေးနေလဲဆိုတာ ငါသိတယ်..နင်ငါ့အတွက် စိတ်မ



ကောင်းဖြစ်မနေပါနဲ့၊ ငါကအပျိုပေါက်စလေး မဟုတ်တော့ဘူး..ပြီးတော့ နင့်ထက်ကြီးတယ်၊ ငါတို့တွေတစ်ယောက်တစ်လမ်းလျှောက်နေကြပြီလေ..ငါဆင်းရဲနေတာ ငါ့ကံတရားပဲ၊ နင်ချမ်းသာနေတိုင်း ငါမချမ်းသာတာကိုက ကိုယ့်ဘဝနဲ့ကိုယ်ပါ.."

"ဒါပေမယ့် ပြည့်စုံတဲ့သူရှိရင် မပြည့်စုံတဲ့ဆွေမျိုးသားချင်းက မှီခိုတာပဲ..ချစ်ကတော့ ကိုယ့်အစ်မရင်းကိုတောင်မှ.."

"နင့်ကိုယ်နင်ရော ပြန်ကြည့်ပါဦး..ငါကတော့နင် ကိုယ့်နေရာလေး ပျောက်မသွားအောင်ပဲ ကြိုးစားစေချင်တယ်.."

ပြောနေရင်း ဖုန်တထောင်းထောင်းထအောင် ဆော့နေကြသည့် ရွာလမ်းကြားဆီကို လှမ်းမြော်ကြည့်ကာ.. ၊

"နင်သာငါ့လိုဖြစ်ခဲ့ရင် ငါ့လောက်နင်ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

ပြောပြီး ချစ်ကိုပြန်ငဲ့ကြည့်ကာ ပခုံးချင်းတိုက်လိုက်ရင်း.. ၊

"နင်အိမ်ထောင်ကျတာ သက်တမ်းမရင့်သေးဘူးချစ်..အထူးသဖြင့် တစ်ယောက်ကိုတစ်ယောက်နားလည်မှုမရှိကြသေးတဲ့ကာလမှာ အိမ်ထောင်ရေးခိုင်မြဲဖို့က အခက်ခဲဆုံးပဲ၊ လမင်းကမှားရင် သူ့မိဘတွေ ညီအစ်ကိုမောင်နှမတွေက ကာကွယ်ပေးကြမှာ..နင့်ကိုကာကွယ်ပေးမယ့်သူ မရှိဘူး.."

ချစ်က သူမကိုမော့ကြည့်တော့ ဒေါင်းနီကရယ်ကာ.. ၊

"ငါကသားအမိနှစ်ယောက်တည်းတောင် မတ်တပ်အိပ်နေရတဲ့ ဘဝလေ..အဲ့ဒါကြောင့်ပြောတာ၊ တတ်နိုင်သမျှသည်းခံစမ်းပါ..ငါ့ကြောင့် နင်သူတို့ကိုစိတ်ပျက်မိရင် အဲ့ဒါအမှားကြီးမှားဖို့ အစပဲ.. ကိုယ့်ကိုယ်ကို ခြေကုတ်မယူထားဘဲ ချောက်ထဲကလူကိုဆွဲတင်ဖို့ ကြိုးစားရင် နင့်လောက်မိုက်တာမရှိတော့ဘူး..အဲ့ဒါကြောင့် လူပီသစမ်းပါ.."

ဒေါင်းနီက သူ့စကားသူသဘောကျသလို ရယ်သည်။ ဒါပေမယ့် တမင့်ပေါ့ပါးသလို ဟန်ဆောင်ရယ်ပြနေတာမှန်း ချစ်ကသိသည်။

"လူမှန်ရင် လူဖြစ်ရကျိုးနပ်အောင် ကြိုးစားရမှာပေါ့..သူ့နဲ့လောကက လိုင်းနဲ့လေ့ပဲ၊ ကိုယ့်ရဲ့ရှင်သန်မှုအတွက် ကိုယ်ပဲကြိုးစားနိုင်တယ်.. တခြားသူကိုငဲ့ကြည့်မနေနဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"မမ.."

"ပြော.."

"တကယ်လို့ ကိုကြီးပြန်လာပြီး မမကိုပြန်ဆက်ချင်တယ်ဆိုရင်.."

"လျှောက်ပြောမနေစမ်းပါနဲ့ချစ်ရယ်..ကလေးအမေမုဆိုးမဖြစ်နေတဲ့အထိ သူ့ဌေးသားလူချောလူလှက တမ်းတမ်းစွဲဖြစ်နေရအောင် ငါကနတ်သမီးလောက် လှနေလို့လား.."

"နတ်သမီးတွေ ဘယ်လောက်လှသလဲ ဘယ်သူမြင်ဖူးလို့လဲ.. ဒါပေမယ့် မမကလှတယ်.."

ဒေါင်းနီမျက်နှာ နီသွားသည်။

"အဲ့ဒီစကားတွေပြောမနေနဲ့တော့ချစ်..ခွန်းအတွက်လည်း မကောင်းဘူး၊ ဘယ်သူ့အကွက်မှ မကောင်းဘူး..ငါနဲ့သူဘာမှကိုမဆိုင်တော့တာ.."

ပြောလက်စစကားတွေ ရပ်တန့်ကုန်တဲ့အထိ ချစ်ရဲ့အိတ်ထဲက ဖုန်းသံက နှောက်ယှက်လာသည်။

"ရန့်ပြန်ရောက်နေပြီထင်တယ်..ငါမပြောဘူးလား၊ ပြန်တော့.. ပြန်တော့၊ သမီးရေ..တီတီချစ်ပြန်တော့မယ်၊ ရိုန်းဂျားကိုခေါ်ခဲ့တော့.."

"မမ..မမကိုချစ်ပြောချင်တာ အဲ့ဒါတွေလည်း မဟုတ်သေးဘူး.."

ချစ်က ထရပ်လိုက်ပြီးမှ.. ၊

"ဟို.."

"ဘာလဲလို့.."

"ဟိုလေ..ကိုကြီးက ကိုကြီးက မမဖုန်းနံပါတ်.."

"ဘာဆိုင်လို့လဲ..လုံးဝမပေးနဲ့.."

## အခန်း(၃)

"အဓိပ္ပာယ်မရှိတာမေမေရာ..မေမေလုပ်နေတာ ကလေးဆန်လွန်းတယ်.."

"ဘာ..ဘာကိုကလေးဆန်ရမှာလဲ၊ မင်းပြန်လာရင်တော့ မိုးဝသန်နဲ့လက်ထပ်ရမှာပဲ..လက်မထပ်နိုင်ဘူးဆိုရင် ပြန်မလာခဲ့နဲ့၊ ရန်ကုန်မှာမင်းမရှိလို့ မဖြစ်ဘူး.."

"မိုးဝသန်နဲ့လက်ထပ်မယ်ဆိုရင်တော့ ရန်ကုန်မှာကျွန်တော်မရှိလည်း ဖြစ်တယ်ပေါ့.."

ဖုန်းထဲမှာ မေမေ့အသံတိတ်သွားတော့ ခွန်းပြုံးလိုက်မိသည်။ ထိုစဉ်လမင်းအနားရောက်လာကာ.. ၊

"ကျွန်တော်ပြောသားပဲ.."

"ဘာလဲ.."

ခွန်းကဖုန်းကိုဘောင်းဘီအိတ်ထဲ ထည့်လိုက်ပြီး စီးကရက်မီးညှိသည်။ အဖြူရောင်နှစ်ထပ်တိုက်ကြီး၏ အပေါ်ဆုံးခေါင်မိုးထပ် ဥယျာဉ်ကျယ်မှာ ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင်မိကြပြီး လမင်းက ခွန်းကို သေချာကြည့်၍ ရယ်ကျဲကျဲနှင့်.. ၊

"ကိုကြီးရာ..ဒီလောက်မိုက်တဲ့ ဘော်ဒီစထရပ်ချာနဲ့ ချောသန့်နေတဲ့ပုံစံက မဒေါင်းကိုမမေ့နိုင်မပြတ်နိုင်ဖြစ်နေတာ နည်းနည်းတော့ များနေပါတယ်.."

"ဘာတွေလျှောက်ပြောနေတာလဲ..မင်းတို့[illegible] လျှောက်နှောက်နေ

www.burmeseclassic.com

www.burmeseclassic.com



လို့ မေမေနဲ့ရှင်းမရဖြစ်နေတာ..”

“ဟန်ဆောင်ပန်ဆောင်တွေ ပြောမနေပါနဲ့ကိုကြီးရာ..ကိုကြီး ဆင်ဖြူကျွန်းကိုပြန်ချင်နေတာ မဒေါင်းပြန်ရောက်နေတာသိလို့ပါ..”

“သူပြန်ရောက်တည်းက ငါသိတယ်..”

“သိပေမယ့် ကိုကြီးလည်းနိုင်ငံခြားရောက်နေတာကိုး..ရန်ကုန်ပြန်ရောက်တော့လည်း ကုန်သည်ကြီးများအစည်းအဝေးရှိလို့ ပြန်စောင့်..စောင့်ပြီးတော့လည်း..”

“လမင်း..တော်တော့..”

“ဟား ဟား ဟား ဟား..ကိုကြီး ဒါဆိုမိုးဝသန်ကိုယူလေ၊ ဘယ်လိုလဲ..”

“ဘာလို့ယူရမှာလဲ..ငါကလေးမှမဟုတ်တာ၊ ကိုယ့်တစ်သက်လုံးပေါင်းသွားရမယ့်မိန်းမကို သူများရွေးချယ်ပေးတာ ယူစရာလား..”

လမင်းက မျက်ခုံးတွေပင့်လိုက်ပြီး သက်ပြင်းရှည်ကြီး ဟူးခနဲချသည်။ ရယ်မောပြောနေမိပေမယ့် တကယ်တော့ ဒါကရယ်မောခြင်းဖြင့်ပေ့ါပါးသွားစေမယ့် ကိစ္စကြီးမဟုတ်.. ၊

“ကျွန်တော်အတည်ပြောရမလား..”

“မပြောနဲ့..”

“ဒါပေမယ့် ပြောချင်တယ်ကိုကြီးရ..ကိုကြီးမဒေါင်းကိုတော့ စိတ်မကူးပါနဲ့ဗျာ..”

“လာပြန်ပြီ..”

“ဆင်ဖြူကျွန်းသားအချင်းချင်းပေမယ့် ကျွန်တော်တို့က မြို့ကြီးတွေမှာ ပွဲရုံတွေနဲ့ အိပ်စ်ပို့(တ်)လုပ်ငန်းတွေရောပဲ..”

တကယ်အတည်ကြီး ချခင်းပြနေတော့ စီးကရက်ရှိုက်ရင်း ခွန်းက စိုက်ကြည့်နေ၏။ စူးရဲသည့်မျက်လုံးတွေကိုမြင်မှ လမင်းကရယ်ကျဲကျဲဖြစ်သွားကာ.. ၊

“အဟွန်း..ကျွန်တော်တောင်မှ မိန်းမယူတာစောသွားပါလားလို့တွေးပြီး နောင်တရချင်နေတာ..”

ခွန်းက ပြုံးမလို မဲ့မလိုအကြည့်နှင့် မျက်နှာလွှဲသွားပြီး စတီးဘောင်



တန်းတွေဘက် လှည့်ရပ်၏။ လမင်းကလည်း ဘေးမှာသွားရပ်ကာ.. ၊

“တကယ်ဆို ကျွန်တော်ရဲ့အထက်ပါအောက်ပါ အရည်အချင်းတွေနဲ့ လွတ်လွတ်လပ်လပ်အများကြီး ပျော်လို့ရသေးတယ်..ဟုတ်တယ်မို့လား..”

“ဟွန်း..”

ခွန်းကလှည့်မကြည့်ဘဲ ပြုံးသည်။ စီးကရက်ညှပ်ထားသည့် လက်ဖြင့် စတီးတန်းမှာထောက်ထားရင်း မြင်နေရသည့် ရွှေတိဂုံစေတီတော်ကြီးကို ငေး၍.. ၊

“မိန်းမယူပြီး ပြန်အမ်းချင်နေတာလား..”

မေးလိုက်တော့ လမင်းကအသံထွက်အောင်ရယ်သည်။

“မအမ်းချင်ပါဘူး..ကျွန်တော်ချစ်ကို ချစ်ပါတယ်၊ ဒါပေမယ့် ချစ်တာကသပ်သပ် လွတ်လပ်ချင်တာက သပ်သပ်ပဲလေ..မြို့ကြီးတွေမှာလုပ်ငန်းပိုင်နဲ့ ကားထည်လဲစီးနိုင်ရင် ဆက်စ်စီမော်ဒယ်လေးတွေလည်း ကားလိုပဲ..”

“ဟော့ကောင်..”

“အဟွန်း..ပြောပြတာပါကိုကြီးကလည်း၊ ချစ်ကိုချစ်ပေမယ့် ကိုယ့်ကိုယ်ကိုအိမ်ထောင်သည်ဆိုတဲ့ ဖီလင်ကြီးကတော့ မမိုက်ဘူး..ကိုကြီးကိုအဲ့လိုမဖြစ်စေချင်လို့ပါ၊ နောက်ပြီး မဒေါင်းက..အဲ ဘာမှမဟုတ်ဘဲနဲ့..”

“ဘာကို ဘာမဟုတ်တာလဲ..”

“မပြောတတ်ဘူး..ဒါပေမယ့်..”

“မင်းကိုမေမေ ဘာတွေမက်လုံးပေးပြီး ယွတ်လိုက်တာလဲ..”

“ဟာ..အဲ့ဒါတော့ လုံးမမဟုတ်ဘူးကိုကြီး..”

လမင်းက လက်ကာခေါင်းခါနှင့်ငြင်းကာ.. ၊

“နောက်ပြီး မေမေဘာယ်လိုမှ သဘောတူမှာမဟုတ်လို့ပြောနေတာ..ရန်ကုန်မှာဆိုတာ မြို့ကြီးပြပြီးအရှိန်နဲ့ အဆင့်အတန်းဆိုတာလည်း မြို့ပြအထာနဲ့သဘာဝတွေပဲ..နယ်မှာကျတော့ လူနည်းစုဖြစ်သွားပြီ၊ ကျွန်တော်တို့အလုပ်ရုံမှာပဲကြည့်မလား..မဒေါင်းကအလုပ်ရုံမှာ လုပ်နေတာလေ၊ ကိုကြီးနဲ့ငြိလိုက်ရင် အားလုံးအုတ်ဩော်သောင်းနင်းဖြစ်ကုန်မှာသေ

www.burmeseclassic.com

www.burmeseclassic.com



ချာတယ်.."

"ဖြစ်တော့.."

"လူနည်းစုသဘာဝအရ ရိုက်ခတ်မှုတွေကို မေမေတို့ခံနိုင်မယ် မထင်ဘူး.."

"မေမေတို့ ခံနိုင်ဖို့မလိုပါဘူး.."

လမင်းပါးစပ်အဟောင်းသားဖြစ်သွားလျှင် ခွန်းကပြုံး၍.. ။

"ပြောပြတာ.."

"ကိုကြီးကတကယ်ကြီးလား.."

"မင်းပဲတကယ်ကြီးပြောနေတာ.."

"လုပ်မနေပါနဲ့..ဟုတ်တယ်လို့ဝန်ခံလိုက်ပါ.."

ခွန်းက စီးကရက်မီးခိုးတွေကို အသာလေးမှုတ်လွှတ်ရင်း စတီးလ်တန်းတွေကို ကျောကပ်မှီလိုက်ပြီး လက်နောက်ပြန်တင်ထားကာ.. ။

"ကိုယ်မြင်ခဲ့တဲ့အရာကို သူများမမြင်စေချင်ရင် 'အဲ့နားရောက်ရင် အဲ့ဒါကိုလှည့်မကြည့်ပါနဲ့'လို့ ဘယ်တော့မှ မမှာနဲ့.."

"လုပ်ပြီကိုကြီးက.."

"ကြည့်ဖြစ်အောင်ကြည့်လိုက်လို့ သတိပေးသလိုဖြစ်တတ်တယ်.."

"'မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ'ပါ..အဟွန်း အသိသာကြီး.."

လမင်းကမရဲတရဲပြောပြီး ရယ်သည်။ ခွန်းကပြုံးလိုက်ပြီး စီးကရက်ညှပ်ထားသည့်လက်ကို အမိပွာယ်မဲ့ငုံ့ကြည့်ရင်း.. ။

"မင်းတို့စိုးရိမ်နေသလောက်ကြီး ငါ့စိတ်ထဲမှာဘာမှမရှိဘူး..ဒါပေမယ့် ခုလောက်ဆို ငါတွက်မိတယ်၊ မေမေစိုးရိမ်နေတာတွေက ခေါင်းကိုတစ်ခုခုတော့ထိနေပြီ.."

လမင်း တအံ့တသြဖြစ်သွား၏။ ခွန်းထံမှ သူခိုးဖမ်းသည့်အကြည့်ဖျတ်ခနဲရောက်လာတော့ မျက်နှာလွှဲချိန်မရလိုက်.. ။

"အဲ..ကျွန်တော်ပြောတာ အဲ့ဒါပဲလေ၊ ခုနပြောတဲ့စကားပြန်ကောက်ရရင် မေမေတို့ခံနိုင်ဖို့မလိုဘူးဆိုပေမယ့် မေမေတို့တွေ အဲ့လိုမညီညွတ်ကြရင် ကိုကြီးစိတ်ချမ်းသာရမှာမဟုတ်ဘူး.."



"သိမ့်ချစ်ကို မင်းယူခဲ့တုန်းကရော အဲ့ဒါတွေတွေးခဲ့လား.."

"ဟား..ကိုကြီးကဒါကျတော့ ကလေးဆန်သွားပြီ.."

"ဟုတ်မှာပေါ့..မင်းကငါ့ညီပေမယ့် အိမ်ထောင်သည်ဆိုတော့ ငါ့ထက်ဝါကြီးတယ်.."

"ဟား ဟား ဟား ဟား.."

လမင်းက မျက်နှာကြီးမော့၍ တဟားဟားရယ်ကာ.. ။

"ဒါဆိုရင်တော့ အိမ်ထောင်သည်က အိမ်ထောင်သည်စကားပြောရတော့မယ်."

ပြောပြီး ခွန်းဘေးမှာ ပခုံးချင်းထိ၍ ကပ်ရပ်လိုက်ကာ၊ မျက်နှာချင်းနီးအောင်တိုး၍.. ။

"စိတ်မဆိုးကြေး.."

"ဟော့ကောင်..မပြောနဲ့တော့.."

"ဟာ..ကိုကြီးကလည်း မရတော့ဘူး၊ ပြောမလို့ လျှာပေါ်ရောက်နေပြီ.."

ခွန်းကရယ်ပြီး သူ့လက်ကိုဖယ်ချသည်။ လမင်းက ခွန်းထွက်သွားလို့မရအောင် အတင်းပြန်ဆွဲထားတာ.. ။

"ကိုကြီးရဲ့ခေါင်းမလေးက ကလေးအမေပေမယ့် ပက်ပက်စက်စက်ဖြောင့်တာဗျ.."

"ဟော့ကောင်.."

"မျက်နှာကလည်း ကျောင်းသူလေးတုန်းကလို ဖျော့ဖျော့ချောင်ချောင်လေးမဟုတ်တော့ဘူး..အသက်ကြီးလာတဲ့ တည်ငြိမ်သွားတဲ့အလှမျိုးလား..တစ်သားမွေးတစ်သွေးလှလားပဲ.."

"ပြောချင်တာက ဒါမဟုတ်ဘူးမို့လား.."

လမင်းရဲ့ရယ်နေသည့်မျက်နှာ တည်မလိုမဲ့မလိုဖြစ်သွားသည်။ ပြီးမှ ပခုံးတစ်ချက်တွန့်ကာ.. ။

"အဲ့ဒီလိုညို့အားပြင်းတဲ့အလှတွေက အလုပ်သမားတွေ ကားသမားတွေ လူပေါင်းစုံရဲ့အကြည့်တွေအောက်မှာ မျောနေတာပဲ..ယောကျ်ားလေးတွေ ပါးစပ်ကကိုကြီးသိပါတယ်၊ မစားရဝခမန်းဆိုတာတွေပြောကြသလဲဆို

www.burmeseclassic.com

www.burmeseclassic.com



တာ..ကျွန်တော်ကတော့ အဲ့လိုကြမ်းတမ်းတဲ့ဘဝထဲက ကြာတစ်ပွင့်ကို.."

"ကြာဆိုတာ နွံအိုင်ထဲမှာပဲ အမြစ်တွယ်ရတဲ့အမျိုး.."

"ဒေါင်းနီဆိုတဲ့ကြာကတော့ ကောတော့မယ့်ကန်ကြီးထဲမှာ ဆူးခြုံတွေ ဝိုင်းနေတဲ့ကြာမျိုးပါ..ကိုကြီးလိုချင်ရင်.."

"ငါလိုချင်ရင် ငါ့သမိုင်းပဲ..ပူမနေနဲ့.."

"ကိုကြီး.."

"ကဲ.."

"ကိုကြီးကို စိတ်မဆိုးကြေးလို့ ပြောထားတယ်နော်.."

ခွန်းကိုဆွဲထားသော်လည်း သူ့အိတ်ထဲက ဖုန်းလာတော့ ထုတ်ကိုင်လိုက်ရ၏။ ခွန်းကလက်ကိုခါချပြီးမှ ဖုန်းနဲ့သူ့မျက်နှာကို ကြည့်လိုက်ပြီး..

"မင်းအဲ့ဒီတစ်ယောက်နဲ့ တိုင်ပတ်နေမယ်နော်လမင်း..ကြည့်လုပ်.."

"မဟုတ်ပါဘူးကိုကြီးကလည်း.."

ဒါကျတော့ ဖုန်းကိုင်ရင်း သူပဲပြေးထွက်လာခဲ့ရကာ.. ၊

"ယစ်မူး.."

"...................."

"ပြန်ရောက်နေပြီလား..မျှော်လိုက်ရတာကွာ.."

"................."

"ဟား ဟား ဟား ဟား.."

နောက်ကနေ တစ်လှမ်းချင်းလျှောက်လိုက်လာသည့် ခွန်းခြေလှမ်းတုံ့သွားသည်။ အားပါးတရရယ်နေရင်း ဖျတ်ခနဲနောက်လှည့်လိုက်လျှင် ခွန်းနဲ့အကြည့်ချင်းဆုံကာ လမင်းမျက်နှာအော်တိုမစ်တစ်တည်၏။

နေတတ်မှ အသေမြတ်မည်.. ၊

➤◄

အခန်း(၄)

"ကရင်..ကရင်.."

ခြံတံခါးဖွင့်နေတုန်း စက်ဘီးဘဲလ်တီးသံကြားသဖြင့် လှည့်ကြည့်လိုက်မိသည်။

"သြော်..ကိုစိုးရာ.."

"အေး..ညည်းတို့သားအမိ ဒီရောက်လာတယ်ဆိုလို့.."

ဦးစိုးရာကျော်က ဟိုဘက်ခြံဝကနေ သူ့စက်ဘီးကိုတွန်းလာရင်း..၊

"ကောင်းတာပေါ့..ငါနဲ့နီးသွားပြီ.."

"ဟုတ်ပကိုစိုးရေ..ညနေ ညနေ မြို့ထဲကိုဖက်ဖက်မောအောင် သွားနေရတဲ့ဒုက္ခလွတ်သွားပြီပေါ့.."

ဘဲတွေခြံထဲသွင်းနေသည့် ဉမ္မာကျော်ကလှမ်းအော်ပြောပြီးရယ်သည်သူမတို့က သားအဖသုံးယောက်ပဲရှိကာ ငယ်စဉ်တည်းက မိခင်မရှိခဲ့တာဖြစ်သည်။ သူမတို့မောင်နှမကို ဖခင်ဖြစ်သူက ကျပန်းအလုပ်မျိုးစုံလုပ်ပြီး ပညာတတ်တွေဖြစ်အောင် ပြုစုပျိုးထောင်ခဲ့သည်။

စိုးရာကျော်က ဆေးမှူးလည်းဖြစ် တိုင်းရင်းဆေးဆရာလည်းဖြစ်လာခဲ့ပြီး ဉမ္မာကျော်က ဘဲတွေမွေးကာ ဈေးကြီးထဲမှာဘဲဥရောင်းသည်။ ခုတော့ သားအဖသုံးယောက်အဆင်ပြေနေပါပြီ။ ဉမ္မာကျော်နဲ့ ဈေးထဲမှာ ခင်မင်နေတည်းက သူမတို့မိသားစုကို ဒေါင်းနီကလေးစားအားကျခဲ့တာဖြစ်သည်။

သို့သော် စိုးရာကျော်နဲ့ ပတ်သက်တာကိုတော့ စီဘ်တိုင်းမကျဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရလျက်.. ။

"ဒုန်း.."

"ဟော..ဟော ကိုစိုးရေ..စက်ဘီးတောင်မနိုင်တော့ဘူးလား.."

"လူပျိုကြီး ဘာဖြစ်တာလဲဟေ့.."

ခြေရင်းခေါင်းရင်းအိမ်တွေက လှမ်းအော်စကြတော့ ဒေါင်းနီကိုယ့်စက်ဘီးကိုတွန်း၍ ခြံထဲဝင်လာခဲ့ပြီး.. ။

"သမီးရေ..ဘုန်းကြီးကျောင်းသွားရအောင်၊ ထမင်းစားတာ မပြီးသေးဘူးလား.."

"ပြီးပြီမေမေ.."

စက်ဘီးကိုဒီတိုင်းဒေါက်ထောက်ခဲ့ပြီး အိမ်ပေါ်တက်ခဲ့စဉ် လှေကားထစ်ပေါ် ခြေချရုံရှိသေးသည်.. ။

"မဒေါင်းတို့ ဒီမှာအဆင်ပြေရဲ့လား.."

ဟိုဘက်ခြံဝင်းထဲက လှမ်းမေးနေသည့်စိုးရာကျော်ကြောင့် ပြုံး၍ခေါင်းညိတ်လိုက်ရကာ.. ။

"ပြေပါတယ်.."

"ကလေးကျောင်းကတော့ ပိတ်သွားတာပေါ့.."

"ကျောင်းတွေပိတ်သွားပြီဆိုတော့ ကိစ္စမရှိပါဘူး.."

ဒေါင်းနီစကားမဆက်ခင် အိမ်ပေါ်တက်လာခဲ့တော့ စိုးရာကျော်ဒီတိုင်းရပ်ကျန်ခဲ့၏။ ဒါပေမယ့် ခြံစည်းရိုးတိုင်တွေကို လက်တစ်ဖက်နဲ့ကိုင်ထားလျက် နေရာမှတော်တော်နဲ့မခွာတာကိုလည်း မြင်နေရသေးသည်။ တကယ်တော့ စိုးရာကျော်က ခပ်အေးအေးသမားပါ။ ဒေါ်သင်းသင်းတို့တစ်အိမ်လုံးရဲ့ ဖွဲ့မလီဒေါက်တာလိုဖြစ်နေသောကြောင့် အိမ်မှာဝင်ထွက်ရင်း ဒေါင်းနီနဲ့ခေါ်ပြောဖြစ်သွားတာဖြစ်၏။

ဉဒေါင်းငယ်ဖျားလို့ သူနဲ့စကားသေချာပြောဖြစ်တော့မှ ဟိုအရင်တုန်းက ကျောင်းနေဘက်တွေဖြစ်ခဲ့ဖူးတဲ့သူမှန်း သိလိုက်ရသည်။ ထိုစဉ်က သူတို့တွေက ဆယ်တန်းကျောင်းသားတွေဖြစ်ကာ ဒေါင်းနီတို့က အလယ်တန်းကျောင်းသူတွေဖြစ်၏။

"ညည်းကမမှတ်မိပေမယ့် ငါကမှတ်မိပါတယ်.."တဲ့.. ။



ဒါကိုစိုးရာကျော်ကပဲ အစဖော်ခဲ့တာဖြစ်သည်။ကျောင်းသွားကျောင်းပြန် လမ်းမှာခဏခဏဆုံမိသည့်ပြင် ဒေါင်းနီတို့အိမ်ရှေ့ကနေဖြတ်ပြီးကမ်းနားကိုပြန်ရတာမို့ ဒေါင်းနီဟာဒီအိမ်က ကောင်မလေးဆိုတာပါ သိနေခဲ့တာဖြစ်ကာ.. ။

"အဲ့ကောင်မလေးက တော်တော်လှတာ..ယယ်ယယ်တည်းကကို လှတာဗျ.." ဟု တခြားလူတွေနဲ့ပြောဖြစ်တဲ့အခါ အားပါးတရထည့်ပြောမိသော်ငြား.. ။

"ညည်းမျက်နှာက အချိန်မရွေးစူတင်းကောက်ချိတ်နေတော့ သတိထားမိတာပေါ့.."လို့ ဒေါင်းနီကိုတော့ ဒီတိုင်း ပဲပြောပြခဲ့၏။ ခုချိန်မှာတော့ အရွယ်လွန်လူပျိုဟိုင်းကြီး ဖြစ်နေပြီမို့ တစ်သက်လုံးထိန်းသိမ်းလာခဲ့သည့် သိက္ခာပါဝါတွေက ဟိုစဉ်တည်းက သဘောကျခဲ့ဖူးသည့် မိန်းမလှတစ်ယောက်ကြောင့်.. ။

"အဲ့ဒါပြောတာပေါ့..လူပျိုကြီးတွေ လူပျိုကြီးတွေ.."

"ဘာလဲ..ဆင်ဆင်ခြင်ခြင်ပြော.."

ညီမဖြစ်သူဉမ္မာကျော်အသံကြားမှ သတိလက်လွတ်ငေးငိုင်နေမိသည့် ကိုယ့်အဖြစ်ကို ရှက်ကိုးရှက်ကန်းဖြစ်ရလျက်.. ။

"နင်တို့ပါးစပ်တွေကြောင့် ဒေါင်းနီနဲ့ငါနေရခက်တယ်.."

"အံမယ်..ငါနဲ့ဘာဆိုင်လို့လဲ၊ နင့်ဘာသာဒေါင်းနီကိုမြင်ပြီး စက်ဘီးလဲလိုလဲ..ခလုတ်တိုက်လိုတိုက်နဲ့.."

"ဉမ္မာ.."

"ကိုစိုး.."

ဒေါသဖြစ်လို့ခေါ်မှန်းသိသောကြောင့် ဉမ္မာကျော်ကလည်း မျက်လုံးပြူးနှင့်ထူးကာ.. ။

"ဟွန်း..မသိတာကျလို့၊ အဲ့ဒါကြောင့် လူပျိုကြီးအပျိုကြီးတွေကိုပြောကြတာ..တစ်သက်လုံးဣန္ဒြေကြီးစာစ်ခွဲသားနဲ့ နေလာကြပြီး အရွယ်လွန်အခါလင့်တော့မှ တစ်ခုလပ်မုဆိုးဖိုလည်းမရှောင်..မုဆိုးမ တစ်လင်ကွာဖြစ်လည်း ဂရုမစိုက်.."

"ဟာ..ဒီကောင်မလေး၊ ပြောလေ ကဲလေ..ငါနာရင်းအုပ်မိတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



စိုးရာကျော် ပုဆိုးတိုတိုပြင်ဝတ်လိုက်ပြီး နှစ်ထပ်ပျဉ်ထောင်အိမ်မြင့်ကြီးပေါ် တလွှားလွှားတက်သွားလေသည်။ ထိုအခါ အိမ်ထဲကချောင်းဆိုးသံနှင့်အတူ.. ။

"ဥမ္မာရေ.."

"ရှင် အဖေ.."

"ကိုယ့်အစ်ကိုကို စတာအရေးမကြီးဘူး..သူများကိုထိခိုက်ပါ့မယ်.."

"ဟုတ်ကဲ့ပါ..မကြားပါဘူးအဖေကလည်း.."

ဒေါင်းနီကတော့ အားလုံးကိုကြားပြီးပြီဖြစ်ကာ မနက်အရုဏ်ဆွမ်းချိုင့်ကို ထပ်ဆင့်နေရင်း ပင့်သက်ရှိုက်မိ၏။ ကိုယ့်ဘဝနဲ့ကိုယ် မုဆိုးမဖြစ်နေရတာတောင် သူတို့ဘဝနဲ့သူတို့ မနေနိုင်ကြဘဲ ဘာလို့ဒါပဲခလုတ်တိုက်နေကြတာလဲ.. ။

တစ်ခါတလေ သဘာဝတရားတွေကိုက မတရားမှုတွေပြည့်နှက်နေတာလားလို့ တွေးမိလာတဲ့အထိ.. ။

➤➤

အခန်း(၅)

"ဟော ဆရာစိုးပါလား..မေမေခေါ်ထားလို့လားဟင်.."

"မဟုတ်ပါဘူး..ဒီတိုင်းပဲ.."

ဝင်လာတာလို့မပြောရသေးခင် စိုးရာကျော်ရဲ့မျက်လုံးက တစ်နေရာကို ဝေ့သွားသဖြင့် ရန့်ကလှည့်ကြည့်၏။ ငရုတ်အိတ်တွေဖြည်နေသည့်နားမှာ မိန်းကလေးတွေ တန်းစီနေကြလျက် ထိုဘေးမှာဒေါင်းနီက စာရင်းစာအုပ်ရှည်တစ်ဖက်ကိုင်ကာ အိတ်ဖွင့်နေသူနှင့်စကားတွေပြောနေ၏။

"ဩော်..အဟွန်း.."

"ဆရာစိုးပါလား..လာလေ အထဲဝင်ပါလား.."

ဒေါ်သင်းသင်းထွက်လာသဖြင့် ရန့်လည်းတစ်ခုခုစမလို့ပေမယ့် မစလိုက်ရဘဲ စိုးရာကျော်လည်း စက်ဘီးကိုတောင် ဒေါက်မထောက်တော့ဘဲ ချက်ချင်းပြန်ကွေ့ကာ.. ။

"မဝင်တော့ဘူးအန်တီ..ဒေါင်းနီတို့သားအမိ မနက်က စက်ဘီးပျက်နေတယ်ဆိုလို့..အဲ့ဒါ.."

"ဩော်..ဟုတ်သား၊ မနက်က လမ်းလျှောက်လာကြတာတွေ့တယ်.."

ဒေါ်သင်းသင်းဘယ်လိုတွေ စိတ်ကူးပေါက်သွားသည် မသိဘဲ နေ့ခင်း ထမင်းစားကြတော့ ဒေါင်းနီထမင်းစားသည့်နေရာကို ရောက်လာကာ.. ။

"ဘာတွေချက်လာတာလဲ..တစ်ယောက်တည်းခွဲစားနေတာ.."

"ဩော်..အန်တီ.."

www.burmeseclassic.com

www.burmeseclassic.com



"နေပါ..စားပါ၊ ငါညည်းကို စကားနည်းနည်းပြောချင်တာနဲ့.."

ပြောပြီး ဒေါင်းနီထမင်းစားနေသည့်ဘေးမှာ ဝင်ထိုင်၏။ တခြားအလုပ်သမတွေက ဒေါင်းနီနဲ့ဒေါ်သင်းသင်းကို ကွက်ကြည့်ကွက်ကြည့်နှင့်..

"နှင်လည်းထုတ်ပြီးပြီ..ဘာတွေထပ်ရစ်ဦးမလဲမသိဘူးနော်.."

"မနက်တုန်းက ဟိုဆေးမှူးဘာတွေပြောသွားလဲမှ မသိတာ..ငါသေချာမြင်လိုက်တယ်၊ ဒေါင်းနီကို သုံးယောက်စလုံးလှမ်းကြည့်ပြီး ပြောနေကြတာ.."

"လက်ထပ်ချင်တယ်..ဘာညာလားပဲ..ဟီး ဟီး.."

"အေးဟဲ့..ဒေါင်းနီက အုပ်ထိန်းသူမရှိတော့ မိဘအရာထားပြီး စီစဉ်ပေးပါ ဘာညာပြောနေတာလားမသိဘူး..အဲ့ဆေးမှူး ဒေါင်းနီကိုခိုက်နေတာ အားလုံးသိတယ်.."

"ဒီကိုလာသမျှ ကားသမားတွေ ကုန်သည်တွေဒေါင်းနီကို မငမ်းတဲ့သူကို မရှိဘူး..တကယ်ပါပဲ သူများတွေများ ကလေးတစ်ယောက်အပိုဆုပါတာတောင် ချစ်သူခင်သူတွေပေါပါ့.."

"နင်လည်း သူ့လိုလုရင်ချစ်မယ့်သူတွေ ပေါမှာပေါ့သိတာရယ်..ဒေါင်းနီက တောင့်တောင့်ဖြောင့်ဖြောင့်ကြီးရယ်၊ သူ့ရဲ့ခါးတင်ရင်အားလုံးက ကိုကိုမောင်မောင်တွေ သွားရည်တမြားမြားကျလောက်အောင် ဟာစ်အယ်နေတာလေ.."

"ကြည်ပြာရယ်..ခုခေတ်စကားနဲ့ ယဉ်ယဉ်ကျေးကျေးပြောစမ်းပါ၊ အဲ့ဒါကိုကိတ်တယ်လို့ခေါ်တယ်..ပြားချပ်ချပ်ကြီးလည်းမဟုတ်၊ ဝလည်းမဝဘဲ တင်းတင်းပြည့်ပြည့် အမို့အမောက်လေးတွေနဲ့..ခစ် ခစ်.."

"အမလေး..ရယ်နေလိုက်တာ ထမင်းတွေဘာတွေသီးဦးမယ်.."

အလုပ်သမတွေ ကိုယ့်ဝိုင်းနဲ့ကိုယ်ထမင်းစားကြရင်း အတင်းလည်းပြော၍ အလုပ်ဖြစ်နေကြ၏။ ဒေါင်းနီကတော့ သူမနေ့စဉ်လိုလိုရင်ဆိုင်နေရသည့် ကိစ္စအဝဝတွေထဲက သဝန်တိုခံရခြင်းမည်သော ဆင်းရဲမှုအတွက် အထုံအကျင်စွဲနေပြီဖြစ်သည့်မျက်နှာမှာ ခံစားချက်မဲ့နေခဲ့လျက်..၊

"ကျွန်မသူ့ကို သိတောင်မသိဘူးအန်တီ.."

"ဟုတ်လို့လားဒေါင်းနီရယ်..ကျောင်းနေဘက်သူငယ်ချင်းတွေတဲ့၊



ဆရာစိုးပြောတာတော့.."

"အလယ်တန်း အထက်တန်းတွဲနေတဲ့ ကျောင်းကြီးတစ်ကျောင်းထဲမှာ အတူတက်ဖူးကြတာ ဘာမှမဆန်းပါဘူး..ကျောင်းနေဘက်သူငယ်ချင်းဖြစ်ရအောင် သူနဲ့ကျွန်မရွယ်တူတွေလည်း မဟုတ်ဘူး.."

"အင်းလေ..ငါတို့ကတော့ ဖြစ်သင့်တာလေးတွေ စဉ်းစားမိလို့ပါ၊ မိန်းမတစ်ယောက်ရဲ့ဘဝဟာ အထူးသဖြင့် ကလေးငယ်တစ်ယောက်နဲ့ ဟာစ်ခုလပ်တစ်လင်ကွာဖြစ်နေတဲ့မိန်းမ.."

"ကျွန်မက မုဆိုးမပါ.."

ဒေါင်းနီက ထမင်းတစ်ဝက်ကျိုးလောက်ပဲစားပြီး ချိုင့်ကိုပြန်ဆင့်လိုက်ရင်း.. ၊

"တစ်ခုလပ် တစ်လင်ကွာ မုဆိုးမဘယ်လိုမိန်းမပဲဖြစ်ဖြစ် မိန်းမဖြစ်နေတဲ့အတွက် အားကိုးရာသင့်တယ်ဆိုတာ မဟုတ်ဘူးထင်တယ်.."

"သိပ်ဟုတ်တာပေါ့အေ..ညည်းဘယ်လောက်ဒုက္ခရောက်နေသလဲပဲပြန်ကြည့်ပါဦး.."

ဒေါင်းနီက ပြုံးလိုက်ပြီး.. ၊

"ဒီဒုက္ခတွေက ယောကျ်ားတစ်ယောက်ကောက်ယူပြီး အားကိုးရာလိုက်ရင် ငြိမ်းချမ်းသွားမှာတဲ့လား.."

"အေး.."လို့ မပြောနိုင်ဘဲဖြစ်သွားကာ ဒေါ်သင်းသင်းမျက်နှာပျက်၏။

"ဘုန်းကြီးကျောင်းထိပ်က နေ့စေ့လစေ့ဗိုက်ကြီးနဲ့ ပြောင်းဖူးပြုတ်လည်ရောင်းနေရတဲ့ဒေါ်ဝင်းဆို သူ့ယောကျ်ားက သူ့ထက်ဆယ်နှစ်လောက်ငယ်သေးတယ်..ဒါပေမယ့် ကလေးနှစ်ယောက်နဲ့အဲ့ဒီယောကျ်ားကို သူပဲရှာကျွေးနေရတာ.."

"အဲ့လိုလက်ညှိုးထိုးရင်တော့ ကတ်ဖိုးကတ်ဖဲ့ပြောစရာတွေ ရှိမှာပေါ့ဒေါင်းနီရယ်..ဒါပေမယ့် သူများတွေက ရွက်ကြမ်းရေကျိုလောက်ပဲ ကြည့်ပျော်ရှုပျော်ရှိကြတာ၊ တချို့ဆိုရင် မည်းသည်းအကျည်းတန်ကြသေးတယ်..ညည်းကတော့.."

"လုလို့ယောကျ်ားယူမှ လုံခြုံမယ်ဆိုရင်လည်း ကျွန်မဘဝမလုံခြုံရင်

www.burmeseclassic.com

www.burmeseclassic.com



နေပါစေ..ကျွန်မသမီးလေးကိုတော့ ပထွေးနဲ့ဘယ်တော့မှမနေစေရဘူး..”

“ပထွေးတိုင်းလည်း ဆိုးသွမ်းမနေပါဘူးအေ..”

“ဘယ်ပထွေးကောင်းသလဲဆိုတာ ချိန်ခွင်ထဲထည့်ချိန်ကြည့်လို့ရတာမှ မဟုတ်တာ..”

ဒေါ်သင်းသင်းစိတ်တိုသွားကာ အေးခုံမှာထိုင်နေရာက ထရပ်လိုက်၏။ သင်းလိုအဆင့်လောက်ကို လူရာသွင်းပြီး စကားလာပြောနေရတာ ဘာကြောင့်လဲ..။ သားကြောင့်မဟုတ်ရင် သူမဒီနေရာထိ လာဖို့မလို။ အခြေအနေမကောင်းဘူးဆိုတာ လှမ်းကြည့်နေကြသည့် အလုပ်သမတွေက ရိပ်မိနေကြလျက် ဒေါင်းနီက ဘယ်ကိုမှမကြည့်။ ဘယ်လိုအခြေအနေကိုမှလည်း သတိထားနေပုံပေါ်သဖြင့် ဒေါ်သင်းသင်းလည်း မချင့်မရဲဖြစ်နေခဲ့၏။

“ညည်းကိုငါ့သားနဲ့ ကင်းကင်းနေစေချင်တာ..ငါ့သားလာရင် ရေလာမြောင်းပေးတွေ မလုပ်ဖို့ပြောချင်တာ” စသည့်စကားတွေကို တစ်ခါတည်းပြောချလိုက်ချင်၏။ သို့သော် ဒေါင်းနီဆိုတဲ့မိန်းမက ရုပ်ရှင်ထဲကလို ခေါင်းလေးငုံ့မျက်ရည်လေးဝဲပြီး တိတ်တိတ်ဆိတ်ဆိတ်လေး နှုတ်ထွက်သွားမှာမဟုတ်.. ।

သိမ့်ချစ်ကလည်း ပြောသည်။

“ကိုယ့်အစ်မမို့ပြောတာမဟုတ်ဘူး..မမက အန်တီထင်နေတဲ့ပုံစံမျိုးမဟုတ်ပါဘူး၊ သူ့မှာသမီးလေးနဲ့မို့လို့ ပိုပြီးစဉ်းစားမှာပါ..ကိုကြီးနဲ့ပတ်သက်ခဲ့ဖူးတယ်ဆိုတာလည်း ဟိုအရင်တုန်းကပါအန်တီရယ်..ခုဘာမှမဟုတ်ကြတော့ပါဘူး..”တဲ့.. ।

ဒါပေမယ့်ပြောလို့ရမလား..။ စိတ်ဆိုတာ အပြောင်းလဲအမြန်ဆုံး..။

ဒေါ်သင်းသင်းမတ်တပ်ရပ်လိုက်ပြီးမှ အတွေးတွေနှင့်ချီတုံချတုံဗျာများနေ၏။ သားလည်းမလာသေး။ ဘာဖြစ်လာမယ်မှန်းလည်းမသိသေးဘဲ ပြောချလိုက်လို့လည်းမဖြစ်။ မပြောပြန်တော့ လိုရင်းမရောက်သည့်ကိုယ့်စကားတွေက ဘာမှမဟုတ်သည့် လူငယ်တစ်ယောက်က မလေးမခန့် ပြန်ပြောချင်ဖွယ်တွေဖြစ်နေရသည်။

“မေမေရေ..စည့်သည်လာတယ်..”



“ဟော..အေး..”

ဒေါ်သင်းသင်းဘာမှလည်း ဆက်မပြောလိုက်ရဘဲ နေရာမှလှည့်ထွက်လာခဲ့ရသည်။ ရင်ထဲမှာတော့ ဒီကိစ္စကပါလာခဲ့သည်။ ခွန်းပြန်လာရင် ဘယ်လိုလုပ်ရမလဲ..။ မိုးဝသန်နဲ့ပေးစားလို့ရမှာမဟုတ်တာတော့ အတပ်သိနေခဲ့သည်။

ဒါဟာ ဒေါင်းနီကိုစိတ်ကူးနေတာ မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရတော့မှာလား.. ।

ဒေါင်းနီကရော ဆရာစိုးလိုပညာတတ် လူပျိုလူလွတ် ပြည့်စုံတဲ့ယောကျ်ားမျိုးကို ဂရုမစိုက်တာ ခွန်းကိုမျှော်လင့်နေတာလား..။ တွေးကြည့်လေ အသက်ရှူမဝလေပါ.. ।

ဒါတွေအားလုံးပြီးဆုံးသွားအောင် ဒေါင်းနီကိုအလုပ်က ထုတ်ပစ်လိုက်ရင်ရော.. ।

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

"သမီး..သနပ်ခါးခြေဆုံးခေါင်းဆုံး လိမ်းနော်.."

"ဟုတ်ကဲ့.."

"ပြီးရင် မေမေသီထားတဲ့ စပယ်ပန်းကုံးလေးပန်လိုက်..ရေအိုးစင်ကြားထဲမှာ ငှက်ပျောဖက်နဲ့လိပ်ထားတယ်၊ ကြိုးချည်မထားဘူး..ဖြည်းဖြည်းဆွဲ.."

"ဟုတ်..မေမေ့ သမီးရေချိုးသနပ်ခါးလိမ်းပြီး အောက်လည်းမဆင်းတော့ဘူး၊ မေမေ့ဖုန်းကိုလည်း မဆော့ဘူး..မီးမီးငြိမ်ငြိမ်လေးပဲနေမှာမေမေ.."

သူမပြောမည့်စကားတွေကို အိမ်ပေါ်ကနေ လှမ်းအော်ပြောနေသဖြင့် ခြံတံခါးလှည့်ပိတ်ရင်း ရယ်နေမိသည်။ ဦးခေါင်းငယ်က ပါးဖောင်းဖောင်း မျက်လုံးဝိုင်းဝိုင်းလေးနှင့် နှုတ်ခမ်းလေးက စုထွေးထွေးလေးမို့ ချစ်စရာကောင်းသည်။

သူမလေးက မွေးလာတည်းက မြင်သူတိုင်းချစ်ပါစေဆိုသည့် ဆုတောင်းကောင်းနှင့် လာတဲ့ကလေးဖြစ်သည်။ စကားတတ်သလောက် စရိုက်ဆိုးတွေဘာတွေလည်းမရှိ။ မအေကိုလည်း ချစ်သည်။ ဒီမအေကဒီမှာရပ်နေဆို ခြေတစ်လှမ်းမှမရွှေ့ဘဲနေသည်။

ဘယ်လောက်ငိုနေနေ 'ခုတိတ်'လို့ မအေကအော်လိုက်တာနှင့် ပါးစပ်လေးပိတ်၍ အသံကိုမျိုထားတတ်တာ တစ်ကိုယ်လုံးတုန်နေရှာတဲ့အထိ။ ထို့ကြောင့် သမီးလေးကို သူမအသက်လောက်ချစ်လေသည်။ သမီး



လေးအတွက် ကြိုးစားဖို့အင်အားများနှင့် သူမအသက်ရှင်နေခဲ့သည်ဆိုလည်းမမှားပေ..။

ဟိုဘက်ခြံနှင့်ဒီဘက်ခြံဝင်းလေးကို ကူးခဲ့ရင်း ခြေလှမ်းတွေကလည်းနှေးကွေးနေခဲ့လျက် စိတ်ကလည်းသမီးလေးရဲ့ ချစ်စရာအသွင်သဏ္ဌာန်လေးတွေမှာပဲ ဝေ့ဝဲကျန်ခဲ့၏။ သို့သော် ဥမ္မာကျော့်ကိုအသံပေးဖို့ သတိရသည့်အချိန်မှာ နှာခေါင်းထဲကို တိုးဝင်လာတာကအရက်နံ့..။

သူမများခြံဝင်းထဲကို အသံမပေးဘဲဝင်လာခဲ့ပြီးမှ တံစက်မြိတ်အောက်မှာ ခြေလှမ်းတုံ့သွားကာ..။

ဘယ်သူမှလည်း မရှိပါလား..။

ဒီအချိန်ဆို စိုးရာကျော်ရှိမနေတတ်တာကို သိသည်။ ဥမ္မာကျော်သီချင်းဆိုနေသံလည်း ကြားလိုက်သဖြင့် သူမဒီဘက်ကူးလာခဲ့တာဖြစ်သည် သမီးအကြောင်းတွေးရင်း ခြံထဲကိုပေါ့ပါးစွာ ဝင်လာခဲ့တာကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိ၏။ တကယ်ဆို ဥမ္မာကျော်ကို 'ကျွန်မလာခဲ့မယ်'လို့ ပြောလိုက်ရမှာကို။ ထိုစဉ်..။

"အဖေကလည်း အိမ်ပေါ်မှာပဲသောက်ပါဆို..ဘာဖြစ်လို့ အောက်ထင့်ကိုဆင်းရတာလဲ၊ တကယ်ပါပဲ.."

"အဖေလည်း ခြေဆန့်လက်ဆန့်နေချင်လို့ပေါ့ငါ့သမီးရယ်..နောက်ဖေးမှာ ဘာရှိလို့လဲ၊ ဘဲခြံတွေပဲရှိတယ်.."

"ဟုတ်ပါပြီ..အခု အမြည်းကတော်ပြီလား.."

"အေး..အေး ရပါပြီ.."

ဥမ္မာကျော်တို့အဖေက အရက်သောက်တတ်တာလား..။

ယောကျ်ားတွေအရက်တော့ သောက်တတ်ကြတာပါပဲ။ ဒါပေမယ့် ဒီလူကြီးကိုတော့ အိမ်ပေါ်မှာပုံမှန်အရက်သောက်နေလိမ့်မည်လို့ ဘယ်သူမှ ထင်ကြမှာမဟုတ်ပေ..။

"အရမ်းသဘောကောင်းတဲ့လူကြီး.."

"အစက ဒီရပ်ကွက်ထဲမှာရာအိမ်မှူးလေ..ကျန်းမာရေးမကောင်းလာလို့ လွှဲလိုက်ရတာ၊ သူ့ကိုလူတိုင်းက တမ်းတနေတုန်းပဲ.."

"လုံးဝမျက်နှာမလိုက်ဘူး..တကယ့်ကိုဖြောင့်မတ်မှန်ကန်တဲ့လူ.."တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူမဒီရောက်လာတော့ ကြားရတာတွေကို သတိရပြီးပြုံးလိုက်မိသည်။ ဘာဖြစ်လဲ..။ လူကြီးဖြစ်ဖြစ် ဘာဖြစ်ဖြစ် အကြောင်းအမျိုးမျိုးနဲ့ သောက်နေကြတာပဲ။ အိမ်ပေါ်တက်ပြီး လူမသိအောင်သောက်နေဖို့ လိုလို့လား.. ။

"ဟင်..ဒေါင်းနီ.."

"ဟုတ်ကဲ့.."

နောက်ဖေးကနေပတ်ပြီး ထွက်လာသည့်ဥမ္မာကျော်က ဒေါင်းနီကို မြင်လျှင် အံ့သြသလိုဖြစ်သွား၏။ ပြီးတော့ သူမမျက်လုံးတွေက ဟိုဒီလှမ်းကြည့်မလို လှုပ်လှုပ်ရှားရှားဖြစ်သွားပြီးမှ.. ။

"အဟွန်း..မလာစဖူးပါလား၊ လာလေ..အထဲဝင်.."

"မဝင်တော့ပါဘူး..အားနာလိုက်တာ၊ ခုနကဥမ္မာသီချင်းဆိုနေတာ ကြားလိုက်တာနဲ့ ပြောစရာလေးရှိလို့ပါ.."

"သြော်..ဘာပဲဖြစ်ဖြစ်ပါ၊ လာပါ ထိုင်ပါဦး..အိမ်ချင်းကပ်နေပြီး စကားတောင် အေးဆေးမပြောရသေးဘူး.."

ဥမ္မာကျော်ရဲ့ ပုံမှန်ပြုံးချိုနေတတ်သည့်မျက်နှာလေး ပြန်ပေါ်လာကာ အတင်းဝင်ခိုင်းသော်လည်း.. ။

"နေပါစေ..သမီးလေးတစ်ယောက်တည်း ကျန်ခဲ့တာ.."

"သြော်..ဟိုဘက်ဒီဘက် လှမ်းခေါ်ရင်တောင် ကြားရတဲ့ဟာကို.."

ဘယ်လိုခေါ်ခေါ် ဒေါင်းနီကဝင်မထိုင်ပေ.. ။

"ရပါတယ်မဥမ္မာရဲ့..နောက်လည်းတွေ့နေကြမှာပဲဟာ၊ ဟိုလေ..ဒီကနေ မျက်စောင်းထိုးအိမ်က အသုဘဖြစ်နေတာနော်.."

"အေး ဟုတ်တယ်..အဲ့ဒီလူကြီးက သဘောကောင်းကြီးပါအေ၊ နည်းနည်းပျင်းတာလေးက လွဲရင်ပေါ့နော်..အဲ့ဒါအိပ်ရာထဲလဲနေတာ ကြာပြီရယ်.."

"ဟုတ်လား..အသက်ငါးဆယ်မပြည့်သေးဘူးဆို.."

"ဘယ်ပြည့်ဦးမလဲ..အလွန်ဆုံးရှိလှ လေးဆယ့်ငါးလေးဆယ့်ခြောက်လောက်ပဲ၊ နာတာရှည်ဖျားရင်းနဲ့ အောက်ပိုင်းချိသွားတာ..သမီးအပျိုပေါက်တစ်ယောက်နဲ့ ကိုးနှစ်သမီးတစ်ယောက်ရှိတယ်၊ ကလေးတွေက



တော့ ဖအေကိုပြုစုရှာပါတယ်..မိန်းမကတော့ မပြောချင်ပါဘူး.."

မပြောချင်ပါဘူးဆိုပြီး ဒေါင်းနီမမေးတော့ သူမပဲဆက်ပြောနေခဲ့လျက်.. ။

"နဂိုတည်းက မကျော့ကအသက်ငယ်တယ်လေ..ပတ်ဝန်းကျင်မှာ ပြောနေကြတာတော့ မြို့ထဲကအလုပ်ရှင်သူဌေးနဲ့ မကင်းမရှင်းဖြစ်နေတယ်ဆိုလားပဲ.."

အတင်းအဖျင်းဖြစ်လာတော့ စကားသံကတိုးကျသွားကာ.. ။

"အဲ့ဒီလူမကြီးက တစ်ခါတလေဂူးဂူးဝါးဝါး ထအော်တယ်သိလား..ကျန်တာသာမပီသတာ၊ အဲ့သူဌေးရဲ့နာမည် ကျတော့ ပီတယ်သိလား..ပေါင်ချိန် ပေါင်ချိန်နဲ့..ခစ် ခစ်.."

"တရုတ်လား.."

"မသိပါဘူးဟယ်..နာမည်ကတော့ နာမည်ပြောင်ပဲတွင်နေတာ ထင်တယ်၊ လူကတော့ ဝဝပုပုပဲ..နာရေးသွားမေးရအောင် လိုက်ခဲ့လေ၊ ပေါင်ချိန်လာမယ့်အချိန် ငါတို့သွားကြတာပေါ့.."

"အင်း..အဲ့ဒါလာပြောတာ၊ ကျွန်မက လူစိမ်းပေမယ့် အိမ်ချင်းကနီးနီးလေးဆိုတော့.."

"ဒါပေါ့..သာရေးထက်နာရေးဆိုတာ ဥပေက္ခာမထားကောင်းပါဘူး၊ ညနေ ငါလှမ်းခေါ်လိုက်မယ်..ထွက်ခဲ့သိလား.."

"ဟုတ်ကဲ့.."

နာခေါင်းထဲမှာ အရက်နံ့ကစူးစူးဝါးဝါးဝင်လာတတ်သဖြင့် ဒါကိုမသိစေချင်မှန်းလည်း နားလည်နေသောကြောင့် ဒေါင်းနီစကားဖြတ်ပြီး ပြန်ထွက်လာခဲ့သည်။ သူမလည်းဆင်ဖြူကျွန်းမြို့သူပါပဲ။ ဒါပေမယ့် ကမ်းနားပိုင်းကိုတော့ ဖြတ်သွားဖြတ်လာလောက်ပဲ ရှိခဲ့ဖူးသည်။ ဟိုအရင်အချိန်က ဧရာဝတီမြစ်ကြောင်းကြီးကလည်း ကောင်းသည်။

ဆိပ်ကမ်းမြို့ဖြစ်သည့် ဆင်ဖြူကျွန်းသည်လည်း ကုန်းလမ်းရေလမ်း ဆက်သွယ်ရေးတွေ အစဉ်သဖြင့် ပွင့်လန်းနေသည်ဖြစ်ရာ အစုန်အဆန်သဘောကြီးတွေနဲ့ ခရီးသွားလိုက်။ မိဘတွေကုန်ရောင်းကုန်ဝယ်လုပ်တဲ့အခါ ကိုယ်ကသမီးအကြီးမို့ ရောကပ်ပါသွားလိုက်.. ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဒီလိုနေရာတွေက ဖြတ်သွားဖြတ်လာရင်းနီးခဲ့တာလောက်ပဲရှိခဲ့သည်။ ခုတော့ မြစ်ကြောင်းလည်းမကောင်းတော့သလို ခရီးသည်တင်ကုန်တင် အစုန်အဆန်သင်္ဘောကြီးတွေလည်း မရှိတော့ပေ.. ।

ဟိုအရင်က ဒေါင်းပျိုမလို့ခေါ်ဝေါ်တင်စားခဲ့ဖူးသည့် ဒေါင်းနီသည်လည်း သမီးတစ်ယောက်လက်ဆွဲလျက် သူမမနေခဲ့ဘူးသော ကမ်းနားရွာလေးမှာ.. ।

"မေမေ့..မီးမီးလှလား.."

သမီးလေးကအဝါရောင်ဂါဝန်လေးဝတ်ထားကာ ဇာအဖြူခါးစည်းကြိုးလေးကိုလည်း သူမဘာသာစည်းထားတာ ဟုတ်နေတာပင်။ ပြီးတော့ ခေါင်းမှာ စပယ်ကုံးလေးကိုခွေဝိုက်ပန်ထား၏။

ပါးဖောင်းဖောင်းလေးတွေမှာ သစ်ရွက်ပုံပါးကွက်လေးနှစ်ဖက်က ပုံစံခွက်လေးနဲ့ သေချာကပ်ထားတာမို့ နေရာတကျလှနေလေသည်။

"မေမေ.."

"ရှင်.."

"မီးမီးလှလားဆိုမှ.."

"လှလိုက်တာမေမေ့သမီးလေး..ပါးလေးတွေကို တအားလိမ်ဆွဲပစ်ရမလား..ဖက်ကိုက်ပစ်ရမလားပဲ.."

"ဟင်..မေမေကိုက်လိုက်ရင် မီးမီးသနပ်ခါးတွေ ပျက်ကုန်မှာပေါ့.."

ဒေါင်းနီက ထမီတစ်ဖက်'မ'၍ လှေကားပေါ်တက်သွားလျှင် လှေကားထိပ်မှာရပ်နေသည့် ဦးဒေါင်းငယ်က နေရာလေးဖယ်ပေးရင်း မော့ကြည့်ကာ.. ।

"မေမေ တကယ်ကိုက်ပစ်မှာလားဟင်.."

"ဘယ်လိုလုပ်ရရင် ကောင်းမလဲ.."

ဒေါင်းနီက နမ်းပြီးဆို နှာခေါင်းလေးဖြစ်ဖြစ် ပါးလေးဖြစ်ဖြစ် တစ်ခါတလေနားရွက်ဖျားလေးတွေကိုလည်း ကိုက်တတ်၏။ သားအမိသော့ကြရင်း လုံးထွေးနေကျမို့ ဦးဒေါင်းငယ်က သနပ်ခါးမခြောက်တခြောက်ပါးလေးနှစ်ဖက်ကို လက်ခုပ်လေးနှစ်ဖက်နဲ့ ဖွဖွလေးကပ်လိုက်ရင်း စဉ်းစားနေလျက်.. ।



"ဒါဆို မေမေဖွဖွလေးကိုက်လေ..မီးမီးမရှန်းတော့ဘူး၊ သနပ်ခါးနည်းနည်းပဲပျက်ရင် ပြန်လိမ်းဖို့ မီးမီးနည်းနည်းချန်ထားတယ်.."

"ဟုတ်လား..မေမေကိုက်ဆွဲမှာကို သိနေတယ်ပေါ့.."

"အဟီး.."

"ဒါဆိုရင်တော့ ကိုက်ပြီပေါ့ကွာ.."

"ခစ်..ခစ်..ခစ်.."

"ဟော့ ဟော့..မရှန်းဘူးဆို မပြေးနဲ့လေ.."

"မေမေကလက်ကြီး အကြီးကြီးကားထားတာ.."

"ကားမှ မေမေ့သမီးအလှတုံးလေးကို အားပါးတရဖက်ကိုက်လို့ရမှာပေါ့..လာထား အာဘွားပဲ.."

"အား..မေမေနော်၊ ခစ် ခစ် ခစ်.."

သားအမိနှစ်ယောက်အိမ်ပေါ်မှာ ဝုန်းဒိုင်းကြဲနေလေသည်။ ဟိုဘက်က ဦးမွှာကျော်ခေါင်းတခါခါနှင့် ရယ်နေရင်း.. ।

"သားအမိနှစ်ယောက်တည်းလည်း ပျော်နေတာပဲ..ဒေါင်းနီမတို့ကတော့.."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

စက္ကူပန်းတွေနဲ့ ခုံတန်းဝိုင်းကြီးနားမှာ ခြံဘက်ကိုဦးထိုးရပ်ထားသည့် မန်ကျည်းရောင်လန်ခရူဇာကားကြီးကို မြင်လိုက်လျှင် ဒေါင်းနီမျက်ခုံးလေးတွေ တွန့်ကုတ်သွား၏။ သို့သော် ကိုယ့်ဘာသာစက်ဘီးတွန်း၍ ဂိုဒေါင်ရှေ့ထိ ဝင်လာခဲ့လျှင်.. ၊

"ဒေါင်းနီရေ..သူဌေးသားရောက်နေတယ်ဟဲ့ သိလား.."

"မနေ့ကအလုပ်မဆင်းတော့ဘူးလို့ ပြောသွားတဲ့ဇင်မာလင်းကလည်း ခုတော့အလှအပတွေပြင်ပြီး အလုပ်လာဆင်းနေတယ်..ဟိ ဟိ.."

"ဇင်မာက မနေ့တည်းက ဆင်းလို့ရရင်လာဆင်းမှာလို့ ပြောသွားတာပါ..ဒီနေ့ကုန်ကားတွေရောက်မှာဆိုတော့ သူမလာရင် အန်တီစိတ်ဆိုးမှာပေါ့.."

"ကုန်တင်တာချတာက ယောကျ်ားလေးတွေအလုပ်ပါဟာ..ကုန်ကားတွေကျလာရင် ငါတို့တောင်နားရသေးတယ်၊ ကားတွေပြန်သွားမှ.."

"ဟေး..ဒေါင်းနီတို့ မသက်တို့ ဘာလုပ်နေကြတာလဲ.."

"အဲ.."

"အန်တီခေါ်နေပြီ.."

"ဘယ်သူတွေရောက်နေပြီလဲ..ရှိသလောက်လာခဲ့ကြ၊ ဒီမှာဦးဝတုတ်တို့မလာကြဘူး..တစ်ယောက်တစ်ဖက်လာဆွဲကြစမ်း.."

ပဲအိတ်တွေအပြည့်နှင့် ကားနှစ်စီး၊၊ လမ်းကျယ်သလောက်ပြည့်နေဖော့သည်။ ဒေါ်သင်းသင်းသည်ရင်ညွှန့်ထိ ညွှတ်ကျနေသော စိန်ကုံး



ကြီးတဝင်းဝင်းနှင့် လက်နှစ်ဖက်မှာနှစ်တန်းသွားစိန်လက်ကောက်နှင့် လက်တစ်ဖက်မှာ အခေါက်ရွှေအတိုင်း အပြားခတ်ဝတ်ထားသည့် ရွှေလက်ကောက်တွေက ထပ်နေသည်။

အရွယ်တင်နုပျိုသူမို့ လှလည်းလှပါပေသည်။ သူမသည် ခွန်းလေးအခြေခံမူလတန်းအောင်တဲ့အထိ ကျောင်းဆရာမလည်းဖြစ်ခဲ့သေးကာ ခုလည်းအမျိုးသမီးရေးရာမှာ ဒုဥက္ကဋ္ဌဖြစ်သည်။ သားသမီးတွေနဲ့ပတ်သက်လာတိုင်း ပျာယာခတ်သွားတတ်ပေမယ့် စိတ်ရင်းကောင်းရှိတာကိုတော့လူတိုင်းသိကြ၏။

ဒီနေ့သူမရင်ထဲမှာဖြစ်နေသည့် မကြည်လင်ခြင်းက မျက်နှာမှာပေါ်နေကာ အရင်လိုစကားအေးအေးပြော၍ ထိုင်ရာမထ ညွှန်ကြားရုံမဟုတ်တော့ဘဲ.. ၊

"နောက်ထပ်ကားတွေက လာဦးမှာ..ဂိုဒေါင်ခါရမယ်၊ အသစ်လှောင်ရမယ်..အလုပ်တွေက အများကြီး၊ အလုပ်သမားတွေက မလေးစားကြဘူး..မြန်မြန်လာကြ၊ မောင်တိုးတို့ကို ဝိုင်းသယ်ပေးလိုက်စမ်း.."

ကားတွေနားကို ဒေါင်းနီတို့ရောက်လာကြတော့ အဖြူရောင်နှစ်ထပ်တိုက်ပုလေးရဲ့ အပေါ်ထပ်ဝရန်တာကနေ ခွန်းက စီးကရက်သောက်ရင်းလှမ်းကြည့်နေ၏။ ထိုစဉ် သူ့နောက်မှာရန့်က ခြေသံဖွဖွလေးနှင့်ရောက်လာပြီး.. ၊

"ကိုကြီး.."

ခွန်းရဲ့ကျောပြင်ကို လက်ဖဝါးနှစ်ဖက်နဲ့ ဖက်ခနဲကပ်လိုက်ပြီး လှန့်သော်လည်း.. ၊

"ဘာလဲ.."

"ကိုကြီးက မလန့်ဘူးလား.."

"ဘာကိုလန့်ရမှာလဲ.."

"သိဘူးလေ..မဟုတ်တာလုပ်တဲ့လူတွေဆိုရင် လန့်သွားတာပဲဆိုတော့.."

ရန့်ကဆံပင်တွေကို လှလှပပလေးခါလိုက်ပြီး ခွန်းရဲ့ဘေးမှာရပ်၍ ပဲအိတ်တွေချဖို့ပြင်နေသည့် ကားနဲ့အလုပ်သမားတွေဆီ လှမ်းကြည့်ကာ..

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက မဒေါင်းနီနဲ့ဟိုဒရိုင်ဘာ ဘယ်လိုဆက်ဆံရေးရှိနေသလဲ ဆိုတာ ဒီကနေတိတ်တဆိတ် လေ့လာနေတာမဟုတ်ဘူးလား.."

ပဲကားမောင်းသည့်ဒရိုင်ဘာက ခပ်ဖိုင့်ဖိုင့်တောင့်တင်းသည့် ခန္ဓာကိုယ်ရှိကာ ကားရှေ့နဲ့နောက်ကို ပုဆိုးတမမနှင့် ခွန်းတောက်ဟဲတော့မည့် မင်းသားလို လျှောက်နေ၏။ ပြီးတော့ ခြေစုံရပ်လိုက်သည့်နေရာသည် ဒေါင်းနီရဲ့ဘေးမှာ.. ။

"ဟိုမှာလေ..ကိုကြီးရဲ့ အဲ.."

"အင်း..ဟုတ်တယ် ကျွန်တော်ပါ.."

သူမပြောနေသည့်စကားကို ခွန်းကနားထောင်နေသည်ဟု ထင်ခဲ့တာမို့ ဖုန်းခေါ်နေတာမှန်းသိတော့ ရန့်နှုတ်ခမ်းလေးမဲ့သွားသည်။

"အင်း..ခုပဲလုပ်ဗျာ၊ ဟုတ်တယ်..ကျွန်တော်ခိုင်းလိုက်တာ.."

ဖုန်းချပြီးတဲ့အထိစောင့်နေပြီးမှ ရန့်ကလက်လေးပိုက်ကာ.. ။

"ကိုကြီးခုနကပဲရောက်တယ်..ရေချိုးပြီး ချက်ချင်းပြန်ထွက်တယ်၊ တစ်မေးမှလည်း မမေးသေးဘူး.."

"အဲ့ဒီတော့ ဘာဖြစ်သွားနိုင်လဲ.."

"အခုဘာတွေလုပ်ပြန်ပြီလဲ..တကယ်ပဲ ရန်ကုန်မှာအလုပ်တွေပိုလို့ ကိုယ့်မြို့ကိုယ်ပြန် နားတယ်ဆိုပြီး ရောက်တာနဲ့ဒီအလုပ်ပဲ.."

ခွန်းက ဘာမှမပြောဘဲ လမ်းဘက်ကိုလှမ်းကြည့်နေသဖြင့်.. ။

"ကိုကြီး..ကိုကြီးကို ညလေးပြောစရာရှိလို့သိလား.."

"ဒေါင်းနီအကြောင်းမပါစေနဲ့.."

"ဘာရယ်.."

"ငါ့မျက်နှာမြင်ရင် ဒေါင်းနီအကြောင်းပဲပြောနေကြတာ..နားမီးခိုးထွက်တော့မယ်.."

"မေမေပြောတာပါ.."

"ဟွန်း.."

"ကိုကြီးက မဒေါင်းနီကို.."

"ရန့်.."

"အဟဲ..မပြောတော့ဘူး မုန့်ဖိုးပေး.."



"ဘာဆိုင်လို့လဲ.."

ခွန်းက ရှေ့ကိုပြန်လှည့်သွား၏။ ရန့်ကဇွတ်.. ။

"ညလေးတို့သူငယ်ချင်းတွေနဲ့ အလောင်းတော်ကဿသ သွားဖူးကြမလို့..အဲ့ဒါ.."

"ဘုရားအကြောင်းပြပြီး လျှောက်ကဲချင်တာ.."

"ကိုကြီးကလေ..မပေးမှာလည်းမဟုတ်ဘဲနဲ့၊ ညလေးတို့အိမ်မှာ ဘယ်လုပ်ငန်းမဆို ကိုကြီးပဲဦးစီးနေတာ..တကယ်ဆို.."

"တော်ပြီ.."

ခွန်းကခေါင်းခါ၍ ညီမဖြစ်သူကို ငဲ့ကြည့်ကာ.. ။

"နင့်အကြောင်းတွေ မေမေ့ါကိုဖုန်းဆက်ပြောထားတာ ပြည့်နေတာပဲ.."

"ဟာ..အဲ့ဒါမေမေအထင်လွဲနေတာပါကိုကြီးကလည်း၊ ရန့်ကအဲ့လို မဟုတ်ပါဘူး.."

"မသိချင်ပါဘူး..အဲ့ဒါတွေရော မုန့်ဖိုးပေးဖို့ရော မေမေနဲ့ပြော၊ နင့်ကိစ္စဘာမှဝင်မပါရဘူးလို့ မေမေ့ါကိုပြောထားတယ်.."

"ဟား.."

ရန့်ခြေလေးဆောင့်၍ ရှုံ့မဲ့သွားသည်။ ခွန်းက သူမကိုခြေဆုံးခေါင်းဆုံးကြည့်ပြီး မျက်မှောင်ကုတ်လျက်.. ။

"အငယ်ဆုံးမို့ အားလုံးကအလိုလိုက်ထားတာ.."

"ကိုကြီးကလည်း ရန့်မဟုတ်ပါဘူးဆိုမှ.."

"အစ်ကိုတွေကအနားမှာမရှိ မေမေကအလုပ်မအားတာနဲ့ လွတ်နေတာ.."

ဒေါ်သင်းသင်းကတော့ ရောက်လာသည့်လူတွေကိုကြည့်ကာ အံ့အားကြီးသင့်လျက် မျက်လုံးတို့သည် ဝရန်တာဆီချက်ချင်းရောက်သွားသည်။ ပြီးတော့ ရှေ့မှာစုပြုံရပ်လာသည့် အလုပ်သမားငါးယောက်ကို ပြန်ကြည့်မိကာ.. ။

"ဒါနဲ့..မနက်အစောကြီးက ငါဖုန်းဆက်တော့ အခုင်းထဲကခေါ်ထားလို့ဆို.."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ..ဟဲ ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုကြီးခွန်းဖုန်းဆက်တာနဲ့..အဲ ဒါ.."

"တော်ပါပြီ..တော်ပါပြီ၊ ဘယ်သူ့ကြောင့်ပဲလာလာ ကျေးဇူးတင်ပါတယ်..အဲ့ဒီမှာ အိတ်တွေသာမြန်မြန်ချစမ်းပါ.."

ပြောပြီး နှစ်ယောက်တစ်တွဲ မနိုင်မနင်းသယ်နေကြသည့် မိန်းကလေးတွေကို ပြန်ဝင်ခိုင်းလိုက်၏။ သို့သော် ဒေါ်သင်းသင်း ဒေါင်းနီကို သတိရသွားလျက်.. ၊

ဒေါင်းနီတို့လုပ်နေကြတာမြင်လို့ ခွန်းအလုပ်သမားပြေးလွှားခေါ်လိုက်တာလား.. ၊

အခန်း(၈)

"အဲ့ဒါဟုတ်တယ်ဆိုတော့ ဘာဖြစ်သွားနိုင်လို့လဲမေမေ.."

"ဘာ.."

"ဒေါင်းနီကိုခေါင်းစဉ်မတပ်ဘဲနဲ့ မိန်းမသားတွေက ယောကျ်ားတွေထမ်းပိုးရမယ့် အဆမတန်အိတ်ကြီးတွေကို မနိုင်မနင်းသယ်ယူနေတာ အမြင်မတော်လို့ဆိုရင် မဖြစ်ဘူးလား.."

"အောင်မလေး..အောင်မလေး၊ စကားတတ်လိုက်တာကြည့်စမ်း.. မအေဘာမှထပ်မပြောသာအောင် ထမင်းရည်ပူလျှာလွှဲပြောနေတာ..သင်းက.."

ဒေါ်သင်းသင်း အသည်းတွေယားနေတော့သည်။ ဒါကိုမေးချင်လွန်းလို့ သင်းအိပ်ရာကနိုးအောင် ပြန်စောင့်နေရတာပဲ စိတ်မရှည်နိုင်။ နိုးလာတော့လည်း ကိုယ်လက်သန့်စင်တာနဲ့ ထမင်းစားတာနဲ့။ ပြီးတော့ ဖုန်းပြောနေတာလည်း တစ်ကောလ်ပြီးတစ်ကောလ် မပြီးနိုင်အောင် ကိုယ်က ခေါ်မလိုလုပ်လိုက် ဟိုကခေါ်လိုက်.. ၊

"မင်းပြန်ရောက်လာတည်းက လူတွေကဒေါင်းနီနဲ့.."

"လူတွေမဟုတ်ဘူး..မေမေပဲဖြစ်နေတာ.."

"ဟဲ့..မအေဆိုတာ.."

"မိဘစိုးရိမ်လွန်းရင် နိမိတ်ဖတ်သလိုပဲ..တကယ်ဖြစ်သွားတတ်တယ်.."

"ဘာပြောတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးတာပြောတာ.."

ခွန်းက ဆိုင်ကယ်လ်သော့ဖြုတ်၍ လှည့်ထွက်သွားလျှင်.. ၊

"ခွန်း..မင်းနော်၊ ပြောလိုက်ရင် ဘာမှမသိသလိုလို ဘာမှမဟုတ်သလိုလိုနဲ့.."

"မဟုတ်ပါဘူးပြောခဲ့တိုင်းရော မေမေယုံလို့လား.."

"မင်းမျက်နှာကြီးက ယုံချင်စရာမှမရှိဘဲ.."

ခွန်းက ဒေါ်သင်းသင်းနဲ့မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ကာ.. ၊

"ဘာဖြစ်လို့လဲ..ကျွန်တော့်မျက်နှာမှာ ဒေါင်းနီကိုတွေ့နေရလို့လား.."

"ခွန်း.."

"ဟား ဟား ဟား ဟား.."

"မင်းတော့နော်..ဟင်း၊ ဟွန်း..ငါ ခေါင်းခေါက်မိတော့မယ်သိလား၊ ဒါကဘယ်ကိုသွားဦးမလို့လဲ..ရောက်လာရင်ဖမ်းလို့မမိဘူး.."

"ဖမ်းလို့မရအောင် မေမေ့သားက ကြက်လေးငှက်လေးမှမဟုတ်ဘဲ.."

"သွားစရာရှိလည်းခဏနေဦး..စကားရော ဖောရောနဲ့.."

ခွန်းက ဒေါ်သင်းသင်းမျက်နှာကို စိုက်ကြည့်၍.. ၊

"ဘာဖြစ်လို့လဲ.."

"နေဦးဆိုနေဦးပေါ့..မေမေလည်းသွားစရာရှိတယ်၊ တစ်ခါတည်း လိုက်မလို့.."

"မေမေ့.."

"ဘာလဲ.."

"ကျွန်တော်ဒေါင်းနီနဲ့ စကားသွားပြောမှာစိုးလို့လား.."

"မင်းဘာသာ အိုးမလုံ အုံပွင့်နေတာ.."

"ကျွန်တော်ကလုံပါတယ်..မေမေပဲ အရွယ်လွန်ရင့်ကျက်နေတဲ့ သားနောက်လိုက်ရင်း မေမေ့သမီးလေးကို မျက်ခြေပြတ်သွားမယ်..သတိလည်းထားဦး.."

ဟင်.. ၊

ဒေါ်သင်းသင်းစိတ်ပူသွားလေသည်။ ဒီကောင်မလေး ဆေးရုံအသစ်ကို ရောက်လာတဲ့ဆရာဝန်လေးနဲ့ ဘာလိုလိုကြားနေတာကြာပါပြီ။ ဒါပေ



မယ့်မေးလိုက်တိုင်း မဟုတ်ဘူးပဲငြင်းနေသည်။ နီးစပ်ရာသူငယ်ချင်းတွေကို မေးတော့လည်း အစဖော်မယ့်သူမရှိ.. ၊

ထို့ကြောင့် မဟုတ်ဘူးများလားလို့ တွေးမိလိုက် ဒါကိုမေ့သွားလိုက်နှင့် ဘာမှသေချာမသိခဲ့ပေ။ ခွန်းကမနက်ကမှရောက်လာတာ ဒါကိုဘာလို့ထည့်ပြောသွားတာလဲ.. ၊

သူ့ဘက်မလှည့်အောင် ရန့်ဘက်ကိုတမင်အာရုံပြောင်းတာလား..။ ဒါမှမဟုတ် အစ်ကိုတစ်ယောက်မို့ အများကြီးသိနေပေမယ့် မပြောဘဲနေနေတာလား.. ၊

ဒေါ်သင်းသင်းအတွေးတွေသာ များနေသည်။ ခြေလှမ်းတွေကတော့ ဂိုဒေါင်တွေရှိရာ ဦးတည်နေခဲ့ပြီဖြစ်ကာ.. ၊

"ဒေါင်းနီတို့ပြန်သွားကြပြီလား.."

"ရှင်..ကျွန်မတို့မပြန်သေးပါဘူး၊ အန်တီဘာခိုင်းမလို့လဲဟင်.."

ဒေါင်းနီထွက်လာတာမြင်ရမှ ဒေါ်သင်းသင်းမျက်နှာကြည်လင်သွားသည်။ ခွန်းကသွားပြီဆိုတော့ တကယ်ပဲသူ့ကိစ္စနဲ့သူသွားတာ ဖြစ်မှာပါ..

"ဘယ်သူ့ကိုရှာနေတာလဲအန်တီ..မအေးစန်းတို့ သော်တာတို့လည်း ရှိသေးတယ်.."

"အေး..အတော်ပဲ၊ သော်တာ့ကိုပြောစရာရှိလို့.."

"သော်တာရေ.."

"လာပြီဒေါင်းရေ..ပြန်နှင့်တော့ဟာ၊ ငါမပြီးသေးဘူး.."

အလုပ်သမားတွေက ပြန်ခါနီးမို့ လုပ်လက်စတွေကို ကုန်းကျုံးလုပ်နေကြတာ ခေါင်းမဖော်နိုင်။ ထို့ကြောင့် သော်တာ့အလုပ်တွေကို ဒေါင်းနီဝင်ယူတာ ဒေါ်သင်းသင်းစောင့်နေကြောင်း ပြောလိုက်လျှင်.. ၊

"ဟင်..အန်တီစောင့်နေတယ်ဟုတ်လား၊ ဘုရားရေ..ဘာများပြောမှာလဲမသိဘူး၊ ငါ့ညီမဒီနေ့အလုပ်မဆင်းတာကို ဆူမလို့များလား.."

"မဟုတ်လောက်ပါဘူး..ငါ့အထင်သူ့ငွေးသားရောက်နေတော့ ညည်းနောက်ထပ် ငါ့သားနဲ့နီးတဲ့နေရာမှာမနေနဲ့ဆိုပြီး နင့်ကိုအရှုပ်ထုတ်မှာဖြစ်နိုင်တယ်.."

"အယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲပဲဟယ်..ကွယ်ရာမှာချိန်းတွေ့လည်း ရတာပဲကို.."

"အောင်မလေး..ပြောတာနဲ့တင်ရင်ခုန်နေပြီ၊ ဟီး..ဟီး မေစိုးရေနေ့တိုင်း အဲ့လိုလေးပြောပေးစမ်းပါ၊ အပျိုကြီးဖြစ်နေရတဲ့ဘဝ နေပျော်သေပျော်ဖြစ်ရအောင်.."

"ဟား ဟား ဟား.."

မေစိုးက ဘယ်သူ့ကိုဖြစ်ဖြစ် အစအနောက်သန်သည်။ ကျန်ခဲ့သည့် မိန်းကလေးတွေ တိုးတိုးကြိတ်ကြိတ်ရယ်ကြရင်း သော်တာကမျက်နှာကို တည်၍ ချောင်းတွေဘာတွေဟန့်လိုက်သေးသည်။ ပြီးမှ ထွက်သွား၏။

"အဲ..အပျိုကြီးကတော့ လူကသာပြားချပ်ချပ် ပိန်ရှည်ရှည်ရယ်..မှန်းလိုက်ရင် ဝွယ်ရှယ်မှ.."

"ဒါကတော့တို့လည်း ဒီလိုပါပဲ..တစ်သက်လုံးပေါင်းသွားရမယ့်ယောကျ်ားက တရေးနိုးထကြည့်မိရင်တောင် ပြန်မအိပ်နိုင်တော့အောင် ချောနေလို့ကတော့.."

"အယ်ကြည့်စမ်း..ပြန်မအိပ်တော့ဘူးဆိုတော့..အဲ.."

"ထိုင်ကြည့်နေမှာပေါ့ဟ.."

"ဟင်..သူများအိပ်နေတုန်းဆိုရင်တော့.."

"သူ့မျက်နှာလေးကိုပြောတာပါဟယ်..နင်တို့ကလည်း ပြောချင်တာက အဲ့လိုချောချောဖြောင့်ဖြောင့်လေးသာရလို့ကတော့ သူသူတို့ခါးချိအောင် ရှာကျွေးပါရစေ.."

"မယ်သူ..အဲ့ဒါယောကျ်ားလေးတွေ ပြောရမယ့်စကားမို့လား.."

"အောင်မလေး..ခုခေတ်ကြီးမှာ မောင်တစ်ထမ်း မယ်တစ်ရွက်မကတော့ဘူး၊ မောင်တစ်ထမ်း မယ်တစ်ထမ်းပဲ..အဲ့ဒီတော့ နှစ်ယောက်စလုံး ပင်ပန်းတာအတူတူပဲ၊ ပြောရမယ့်စကားကျမှ ကိုယ်ပြောချင်တာ ပြောလို့မရဘူးဖြစ်စရာလား.."

"ဟုတ်တယ်..ထောက်ခံတယ်၊ ဟဲ့..ဒေါင်းနီငြိမ်လှချေလား၊ တစ်ခုခု ပြောလေ.."

"ပြောချိန်မရဘူးမေစိုးရေ..ငါ့သမီးလေးကို ကျူရှင်မှာဝင်ခေါ်ရမှာ နောက်ကျလို့မဖြစ်ဘူး.."



ဒေါင်းနီက ဘယ်သူပြောတာမှ ဝင်မပြော။ ရပ်လည်းမနေဘဲ သော်တာလုပ်သွားသည့် ငရုတ်အိတ်ဟောင်းတွေကို နေရာတကျစုထပ်နေရင်း ခေါင်းတောင်ထောင်မကြည့်.. ၊

"ကလေးကဖြင့် ဒီကလုမ်းခေါ်ရင်တောင် ကြားရပါတယ်ဟာ.."

"အေးလေ..သူ့အရင်ကျော်ဆင်းရင်လည်း ဒီကိုမလာတတ်တာကျလို့.."

"အဲ့ဒါက ဒီမှာနေတုန်းကလေ..မနေတော့ကာမှ မလာစေချင်တော့ပါဘူးမေစိုးရယ်၊ ကလေးဆိုတာ အရိပ်သုံးပါးနားလည်တာမဟုတ်ဘူး.."

သူတို့တွေ ဒေါင်းနီအလုပ်လုပ်နေတာနဲ့ မတ်တပ်ရပ်စကားမပြောတော့ဘဲ လုပ်ရင်းကိုင်ရင်းပဲပြောဖြစ်ကြကာ.. ၊

"နင်ကလည်းပြတ်ပါ့ဒေါင်းရယ်..ငါတို့ဥဒေါင်းလေးကို လွမ်းနေကြတာ.."

"ဟုတ်ပ..ကလေးကိုခေါ်ခဲ့ပါဦး၊ ငါ့သမီးလေးက ငါ့ကိုတအားချစ်တာ..သူ့ပါးလေးကို မွှေးမွှေးမပေးရတာတောင် ကြာပြီ.."

သူမကတော့ ဘယ်တော့မှမခေါ်ခဲ့ဖို့ ဆုံးဖြတ်ထားတာပါ။ ဒီမှာနေစဉ်တည်းက သူ့အဒေါ်အိပ်ခန်းထဲထိ ကလေးပါသွားတိုင်း ဘယ်သူနဲ့တွေ့ပြီး ဘယ်လိုဆူငေါက်လိုက်မလဲလို့ တွေးပူနေခဲ့ရသည်။ ထို့ကြောင့်လည်း ကလေးကို စည်းနဲ့ကမ်းနဲ့နေတတ်အောင် သေချာပြောပြဆုံးမထားခဲ့မိသည်။ အားလုံးကိုတော့ ကလေးကလည်းခင်မင်နေတာ သိပေမယ့်.. ၊

"ဒေါင်းနီရေ..နင့်ကိုခေါ်ပြန်ပြီ.."

တွေးနေတုန်း သော်တာပြန်ဝင်လာကာ ကိုယ့်အလှည့်ကျကြောင်း သတင်းပေး၏။ သို့သော် သော်တာ့ကိုမေစိုးတို့မေးနေတာ ကြားလိုက်သဖြင့် ဘာအကြောင်းပြောမှာလဲဆိုတာကို သိလိုက်ပြီးဖြစ်ကာ.. ၊

➤➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

"အန်တီခဏလေးနော်..ကလေးစောင့်နေမှာစိုးလို့.."

ဒေါ်သင်းသင်းပြောစရာတွေ ပြင်ဆင်ထားရင်း စောင့်နေရတာမို့ 'ခဏလေး'ဆိုပြီး ထွက်သွားတော့ မအီမလည်ကြီးဖြစ်ကျန်ရစ်ခဲ့လျက်..

"တွေ့လားသိမ့်ချစ်..ညည်းအစ်မနေပုံထိုင်ပုံကိုက အချိုးမပြေတာ မသိရင် သူကသူ့ဌေးချွေးမရဲ့အစ်မမို့ ထင်သလိုနေခွင့်ရှိနေသလိုမျိုး.."

လက်ဖက်သုတ်ပန်းကန်လေးနဲ့ ထွက်လာခဲ့သည့်ချစ်လည်း အပြ ရောက်တာနှင့် အဆင်မပြေသံတွေနဲ့ပဲ တည့်တည့်တိုးရကာ.. ။

"ငါခေါ်ရင်လာပါလား..ငါကပဲသူ့ကို ပြန်စောင့်ရဦးမယ်လို့.."

စိတ်တိုပြီး မစောင့်တော့ဘဲ ထထွက်သွားတာလည်းမဟုတ်.. ။

"ကလေးကျောင်းဆင်းသွားရင် တစ်ယောက်တည်းကျန်ခဲ့မှာစိုးလို ထင်ပါတယ်အမေရယ်..ပြီးတော့ စကားအေးဆေးပြောချင်လို့ နောက်ဆ မတင်းရအောင် ကလေးအရင်သွားခေါ်ထားတာနေမှာပါ.."

ဒါလည်းဖြစ်နိုင်တာပဲမို့ မျက်မှောင်ကုတ်မပြေပေမယ့် နေသာထို သာတော့ ရှိသွားခဲ့သည်။ ညီအစ်မနှစ်ယောက်က တစ်ယောက်တစ်ပုံ စီဖြစ်ကာ သိမ့်ချစ်က ဖြူဖြူသွယ်သွယ်နုနုဖက်ဖက်လေးရယ်။ ဒေါင်းနီက တော့ အရပ်ကလည်းမိန်းကလေးချင်း ယှဉ်ရင်ကျောချင်သည်။ အသာ လတ်ပေမယ့် ဝင်းနှစ်နေသည့်အသားရောင်မျိုးမို့ မျက်လုံးမျက်ခုံးပေါ တော့ ပြည့်စုံသည့်အလှလို့ပြောရမည်သာ။ ထို့ပြင်.. ။

လှနေတာထက်ပိုနေသည့်အတွက် ကိုယ်ခန္ဓာအရှိုက်အဝန်းတို့က



ဘယ်နေရာမှာရှိနေနေ မီးမောင်းထိုးပြထားသလို ထင်နေသေးသည်။ သူမက ကလေးအမေမှုဆိုးမလေးဖြစ်နေသည့်အတွက် ဒေါင်းနီရဲ့ပေါ်လွင်ထင်ရှားမှုက ခုခေတ်ဆယ်လီတွေနဲ့ နှင်လားငါလားလို့ပြောရမည့်အဖြစ်..

ဒီလိုယောက်ျားတိုင်းရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့မိန်းမမျိုးနဲ့တော့ ကိုယ့်သားကိုအရိပ်လေးတောင် မဟပ်စေချင်တာအမှန်ပင်။ ဒါပေမယ့် တခြားအလုပ်သမားတွေနဲ့ စကားပြောနေရင်း ဒေါင်းနီမျက်နှာကိုမြင်လိုက်ရလျှင် ကိုယ့်အလုပ်သမားဆိုတဲ့ ခံစားမှုမျိုးဖြစ်မလာဘဲ ဒေါသထွက်သလို မကျေနပ်သလို ဖြစ်လာတာဘာကြောင့်ဆိုတာမသိ.. ။

"မေမေပဲအစတုန်းကတော့ ဒေါင်းနီက႑ုပ်ရည်လေးသန့်သန့် ချောချောလှလှလေးနဲ့ ချစ်စရာလေးဆို.."

"ဒီကောင်မလေးက မင်းကြိုက်စိုးကြိုက်ရုပ်လေးတဲ့ မေမေပဲ.."

ခွန်းနဲ့ကိစ္စရှိခဲ့တာ သိတဲ့အချိန် သူမဆတ်ဆတ်ခါထဖြစ်တော့ ရန့်က တစ်ခုချင်းပြန်မေးနေသေးသည်။ ဘယ်လောက်လှလှ ရုပ်ရည်လေးကိုချစ်သည်။ သမီးလေးလို သဘောထားနိုင်သည်။ ချွေးမအဖြစ်တော့ လက်မခံနိုင်.. ။

"အမေ့..မြည်းကြည့်ပါဦး၊ သံပရာရည်နည်းနည်း ညှစ်လိုက်တယ်..ဖန်လွန်းရင် လေချုပ်နေမှာစိုးလို့.."

"ရပါတယ်အေ..အချဉ်မပေါ်ရင် ပြီးတာပဲ.."

ပြောပြီး လက်ဖက်အစ်ကိုယူ၍ တစ်ဇွန်းခပ်စား၏။ မျက်လုံးကတော့ ဒေါင်းနီထွက်လာမယ့် လမ်းကြားဆီကိုလှမ်းကြည့်နေလျက်ရှိကာ.. ။

"အင်း..အဲ့လောက်အချဉ်လေးနဲ့လည်း ကောင်းသား.."

ဒေါ်သင်းသင်းကျေနပ်သွားသည်။ သူမနဲ့ဘာနဲ့မတည့်တာ ဘယ်လိုလေးရောစပ်စားရမယ်ဆိုတာတွေ သိမ့်ချစ်ကဂရုစိုက် လုပ်ပေးသည်။ ဟင်းချက်ရင်လည်း လက်ရာကောင်း၏။ အိမ်မှာကိုယ့်သမီးရင်းထက်တောင် ကိုယ့်ကိုရောအိမ်တွင်းရေးကိုပါ စိတ်ဝင်စားပေးတတ်သည်.. ။

ထို့ကြောင့် သိမ့်ချစ်ကိုတော့ ဒေါ်သင်းသင်းချစ်လေသည်။ ဒေါင်းနီကို နေရာတကပြောမထွက်ရက်တာလည်း သိမ့်ချစ်မျက်နှာကြောင့်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိမ့်ချစ်..နင့်ယောက်မကို အကဲခတ်မိလား၊ ခုတလောခြေလှမ်းပျက်နေသလိုပဲ.."

သစ်ပင်ကိုပတ်ဝိုင်းထားသည့် ခုံတန်းလေးမှာပဲ သိမ့်ချစ်ကဘေးမှာဝင်ထိုင်လိုက်ကာ.. ၊

"သမီးကိုကားမောင်းသင်ပေးတုန်းကတော့ ဒေါက်တာပိုင်သုကိုသဘောကျကြောင်းတွေ မိုးမွှန်အောင်ပြောနေတာပဲအမေ.."

"နေ့တိုင်းပြောနေတာလား..သူ့စကားထဲမှာ ဘယ်လိုပုံစံလဲ၊ သူကချစ်နေတာလား..ဟိုကကြိုက်နေတာလား၊ နှစ်ဦးသဘောတူရည်ငံနေတဲ့အဆင့်လား.."

မေးခွန်းတွေချည်းထွက်လာခဲ့ပြီး အဖြေကိုလည်းမစောင့်.. ၊

"ငါ့သမီးလေးတော်လှ တော်လှနဲ့ ယောင်းမမြင်းစီးထွက်လာတာမျိုးဖြစ်ရင်တော့ သူ့အစ်ကိုတွေနဲ့ အရှက်ဗြန်းဗြန်းကွဲရတော့မှာပဲ..ပြောစမ်းပါဦး၊ သမီးယောက်မဆိုတာ မိဘထက်ပိုနီးစပ်ပါတယ်..ညည်းကိုရန့် ရင်ဖွင့်တာမရှိဘူးလား.."

ချစ်စိတ်ညစ်သွားသည်။ ရန့်က အသေအလဲကြိတ်ကြိုက်နေတာပါလို့ ဘယ်လိုလုပ်ပြောပြရမလဲ.. ၊

"ဘာဖြစ်လဲနော့..သူလည်းလူပျို ရန့်လည်းအပျိုပဲဟာ သူကအလုပ်နဲ့လက်နဲ့မပြတ်တဲ့သူ၊ ရန့်ကအားနေတဲ့သူ..ဒါကြောင့်သူ့ဆီရန့်ပဲသွားတယ်၊ မိန်းမနောက်ပိုင်းလို့ပြောလည်း ဂရုမစိုက်ပါဘူး.."တဲ့.. ၊

ဒါကလွန်ခဲ့တဲ့ ခြောက်လခုနှစ်လက ပြောခဲ့တဲ့စကားတွေ။ ခုလောက်ဆိုရင်တော့.. ၊

"ငါသော်တာ့ကိုမေးကြည့်ပြီးပြီ..သူတို့ညီအစ်မက ဆေးရုံးနားမှာနေတာလေ၊ နောက်ပြီး သူ့ညီမရတနာက ရန့်နဲ့ကျောင်းနေဘက်တွေ..ခုလည်း ရန့်ကပိုက်ဆံတွေ ထုတ်ချေးထားတယ်ဆိုတာ ငါသိတယ်.."

"အမေက ရန့်ကို ရတနာကအောင်သွယ်နေတယ်ထင်လို့လား.."

"ဟုတ်တယ်..ဒါပေမယ့် ရန့်နဲ့ရတနာ ငွေကြေးကိစ္စတွေဘယ်လောက်ထိ ပတ်သက်ထားကြသလဲပဲ မေးတာပါ၊ ဘာအကြောင်းမှမပါဘူး.."



ထိုစဉ် ဒေါင်းနီလာနေတာကို လှမ်းမြင်လိုက်ရကာ.. ၊

"မမကိုခေါ်တာက ဘာအတွက်လဲဟင်.."

ထိုအခါကျမှ ဒေါ်သင်းသင်းက လှည့်ကြည့်လိုက်ပြီး ဒေါင်းနီတို့လာနေကြတာကို မြင်သွား၍.. ၊

"ရန့်ကြောင့်ပဲ.."လို့ ပြောလိုက်ရင်း စကားကြောကပြတ်တောက်သွားခဲ့၏။ အနားရောက်လာတော့ အနီရောင်တီရှပ်အနီရဲရဲ ဘောင်းဘီရှည်အနီရဲရဲလေးနှင့် ဥဒေါင်းငယ်ကိုကြည့်မိပြန်ကာ ဒီကလေးပေါက်စလေးကလည်း မအေထက်တောင် လှနေပါသေးလားဟု တွေးမိရင်း.. ၊

"ကျူရှင်ကလည်း တစ်နေကုန်ပဲလား.."

"ခြေထောက်ညှပ်မယ်သမီးလေး..ဖြည်းဖြည်းဆင်း.."

ဒေါ်သင်းသင်း မျက်နှာတင်းသွားတာကိုလည်း သတိမထားမိဘဲ ဥဒေါင်းစက်ဘီးပေါ်က ဆင်းတဲ့အထိ စောင့်သည်။ သမီးဖြစ်သူမြေပြင်ပေါ်မှာ ချောချောမောမောခြေစုံရပ်ပြီးမှ.. ၊

"ကျူရှင်မဟုတ်ဘူးအန်တီ..မူကြိုကလေးထိန်းတဲ့ ဆရာမဆီမှာအပ်ထားတာလေ၊ မနက်ရှစ်နာရီကနေ ညနေငါးနာရီထိ.."

ပုံမှန်ကျောင်းချိန်က လေးနာရီဖြစ်သည်။ ဆရာမကအပျိုကြီးလည်းဖြစ်ကာ မိခင်အိုကြီးနဲ့ သားအမိနှစ်ယောက်တည်းနေတာမို့ အိမ်ကြီးကျယ်နေသမျှ ကလေးတွေကို လွတ်လပ်စွာနေစေသည်။ ကလေးတွေကလည်းပျော်သည်။ ကလေးအမေတွေကလည်း ဆရာမကိုချစ်ကြ၏။

ကြာတော့လည်း ကျောင်းချိန်ရယ်မဟုတ်တော့ဘဲ ငါးနာရီသာသာ ငါးနာရီခွဲလောက်ကျမှပဲ မိဘအားလုံးလာခေါ်ကြလေသည်။ ဒီဆရာမဆီမှာ အပ်ထားနိုင်ခြင်းက ဥဒေါင်းငယ်လေးအတွက် အတော်လေးအဆင်ပြေနေတာဖြစ်ကာ.. ၊

"အဟွန်း..မူကြိုကျောင်းဆိုတော့ သမီးကအကြီးဆုံးဖြစ်သွားတာပေါ့.."

ဒေါင်းနီကရယ်ရင်း ကိုယ့်စကားကိုအဆုံးသတ်ပေမယ့် သူ့ကိုဂရုမစိုက်သည့် အပြုအမူတွေများပြားလာတာကြောင့် ဒေါ်သင်းသင်းကတော့ ပြုံးဖို့တောင် သတိမရနိုင်။ သို့သော်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အန့်တီပြောစရာရှိလို့ဆို..ပြောလေ.."

ကလေးအတွက်ကလွဲပြီး ဘာကိုဖြစ်ဖြစ် အမိကမထားတတ်သည့် အစ်မဖြစ်သူကြောင့် ချစ်ကလည်းကြားကနေ အနေခက်နေရကာ.. ၊

"အဟွန်း..ထိုင်လေမမကလည်း၊ လာ..မီးမီးကို တီတီချစ်ကမုန့်ကျွေးမယ်.."

ဘာပြောမှာလဲဆိုတာ မသိပေမယ့် အစ်မနဲ့ယောက္ခမကြားမှာ မနေချင်တာမို့ ချစ်ကဥဒေါင်းကိုလက်ဆွဲခေါ်သွား၏။ ဒေါင်းနီဆတ်ခနဲဖြစ်သွားကာ.. ၊

"ဟဲ့..ချစ် အဲ.."

ကမန်းကတန်းတားမည်ပြင်မိပြီးမှ ကိုယ့်ဘာသာသတိရသွားကာ ဘာမှမဟုတ်တော့သလို ရယ်လိုက်ပြီး.. ၊

"နှင့်တူမ လည်ချောင်းနာနေတယ်..ရေခဲရေတွေ မတိုက်နဲ့လို့..နော်.."

သူမထိန်းလိုက်ပေမယ့် ကလေးကိုမခေါ်သွားစေချင်တာမှန်း ချစ်က သိသည်။ ဒေါ်သင်းသင်းလည်း သိနေနိုင်၏။ ထို့ကြောင့် တစ်ချက်လှမ်းကြည့်မိသေးသည်။ ဒေါ်သင်းသင်းကတော့ ပြောတာတွေကို ခွဲခြားခံစားနေဖို့ထက် ဒေါင်းနီဆိုတဲ့မိန်းမတစ်ယောက် ဘယ်လိုအားကိုးတွေနဲ့ ဒီလောက်တောင် အကြောတင်းနေရသလဲဆိုတာပဲ ချာလပတ်ရမ်းအောင် တွေးနေမိတော့သည်။ ထိုအတွေးများကြောင့်ပဲ မူလပြောဆိုမေးမြန်းဖို့ အကြောင်းအရာတွေကို ပြောဖို့စိတ်မကူးတော့ဘဲ.. ၊

"ငါညည်းကို အလုပ်တစ်ခုပေးမယ်..ညည်းလည်းအပိုဝင်ငွေရှာချင်တယ်လို့ ပြောနေတာပဲလေ၊ ဟုတ်တယ်မို့လား.."

မေးပြီး ဒေါင်းနီဖြေတာကိုလည်းမစောင့်.. ၊

"ငါကလည်း စီးပွားရေးတွေနဲ့ မနိုင်မနင်းဖြစ်နေတယ်..ကျန်တဲ့လူတွေကလည်း ယောကျ်ားလေးတွေဖြစ်နေတော့ ရန့်ကိုအနီးကပ်ဂရုစိုက်စောင့်ရှောက်ပေးမယ့်သူက မရှိဘူးဖြစ်နေတယ်..ဥပမာ သူသွားရင်ဘယ်လမ်းသွားသွား အတူလိုက်ပေးရမှာမျိုးပေါ့၊ ဘာမှမပင်ပန်းဘဲ လစာသပ်သပ်အပိုရမှာ..မပင်ပန်းပေမယ့် မနည်းစေရဘူး.."

စကားရပ်လိုက်တော့ ဒေါင်းနီကဘာမှမပြောဘဲ နားထောင်နေသ



ဖြင့် ပြုံးလိုက်ကာ.. ၊

"ပွဲရုံကအလုပ်လည်းမပျက်ဘဲ ရန့်အပြင်ထွက်မယ်ဆိုရင် ထလိုက်သွားရုံပဲ..သူငယ်ချင်းတွေနဲ့ ခရီးထွက်တာမျိုးရှိရင်လည်း ဘယ်ဖြစ်ဖြစ်လိုက်ရမယ်၊ ခရီးဝေးဆိုရင် လခနဲ့မဆိုင်ဘဲ သပ်သပ်ထပ်ပေးဦးမှာ.."

ပြောနေတုန်း ဒေါင်းနီတစ်ခုခုပြောမလိုမော့လာသဖြင့် ခဏစောင့်လိုက်သည်။ ဒါပေမယ့် ဘာမှမပြောဘဲ နေသောကြောင့်.. ၊

"ငါတို့က ပိုက်ဆံပေးရင် ဘယ်သူဖြစ်ဖြစ်ခိုင်းလို့ရပါတယ်..ဒီကအလုပ်မပျက်လုပ်ရင်း လစာသပ်သပ်ရမှာကို ဘယ်သူဖြစ်ဖြစ်မက်မှာပဲ၊ ဒါပေမယ့် စိမ်းသက်တဲ့လူကို မခိုင်းချင်လို့..ညည်းဆိုတော့ သိမ့်ချစ်ရဲ့အစ်မဖြစ်တဲ့အပြင် စကားမများတတ်တဲ့မိန်းကလေးဆိုတာလည်း သိနေလို့လေ၊ ရန့်ကလည်း ခင်တယ်ဆိုတော့.."

ဘာပြောမလဲစောင့်နေလိုက်တိုင်း ဘာမှမပြောသောကြောင့် ဒေါ်သင်းသင်းမျက်မှောင်ကုတ်သွားမိကာ.. ၊

"ဘယ်လိုလဲ..လစာအတွက် စဉ်းစားနေတာလား.."

"မဟုတ်ပါဘူး.."

"မဟုတ်ရင်ဆက်ပြောမယ်..လစာကောင်းကောင်းပေးမှာဖြစ်တဲ့အတွက် ညည်းဘက်ကတစ်ခု အနစ်နာခံရမှာက အိမ်ပြန်ချိန်ကိုသတ်မှတ်ထားလို့မရဘူး..အဲ့ဒီအတွက် ကလေးကိုတော့.."

"ကျွန်မသမီးက စာသင်ချိန်ကလွဲရင် ကျွန်မမျက်စိအောက်မှာပဲ ရှိနေမှာအန့်တီ..အန့်တီ့စိတ်ကူးတွေကို ငြင်းရမှာအားတော့နာပါတယ်.."

"ဘာ..ဒါဆို.."

"ကျွန်မသမီးလေးကို လုံခြုံအောင်စောင့်ရှောက်နိုင်ဖို့တောင် ကျွန်မ မနည်းကြိုးစားရဦးမှာ..ပြီးတော့ သမီးလေးကခြောက်နှစ်ပဲရှိသေးတာ၊ ပြီးတော့ သမီးကိုကျွန်မပဲစောင့်ရှောက်မယ့်သူရှိတာ..ရန့်က အသက်နှစ်ဆယ်ပြည့်တော့မယ့်အရွယ်ရောက်နေတဲ့ မိန်းကလေးပါအန့်တီ၊ အန့်တီပြောခဲ့သလို သူ့ကိုစောင့်ရှောက်ဖို့ အန့်တီဘယ်သူ့ကိုဖြစ်ဖြစ် ခိုင်းလို့ရပါတယ်"

"လူတိုင်းကိုမခိုင်းချင်လို့ပါလို့ ငါပြောပြီးပြီပဲ.."

ဒေါင်းနီက အားနာသလိုလေးပြုံးကာ ဆံပင်တစ်စဖက်ကို နားနောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ညှပ်လိုက်ရင်း မျက်လွှာချ၍.. ၊

"အန်တီခိုင်းချင်တဲ့လူက ကျွန်မဖြစ်နေတဲ့အတွက် ယုံကြည်ပေးတာကို ဝမ်းသာပါတယ်..ဒါပေမယ့် ကျွန်မမလုပ်နိုင်ဘူး.."

"နေစမ်းပါဦး..ညည်းကိုတစ်ခါတလေ စိတ်တိုင်းမကျတာရှိပေမယ့် ငါ့ဘက်ကလေးစားသမှုထားပါတယ်၊ ဒါကလည်း သိမ့်ချစ်ရဲ့အစ်မဖြစ်နေလို့ဆိုပါတော့..ဒါပေမယ့် ရှင်းရှင်းပြောရရင် ညည်းဘက်ကမာနတွေ ပိုကြီးပြနေသလားလို့.."

မျိုးသိပ်ထားလို့မရတော့ တည့်တည့်ပဲမေးလိုက်မိသည်။ ဒေါ်ခင်းနီ အံ့အားသင့်သလို မျက်ခုံးလေးမသိမသာပင့်တက်သွားပေမယ့် ဒေါ်သင်း သင်းမျှော်လင့်ထားသလို ပက်ခနဲချေပသံတော့ ထွက်မလာခဲ့ပေ.. ၊

"ညည်းသမီးနဲ့ပတ်သက်ရင် ဘယ်အရာကမှအရေးမကြီးတော့တာ ငါတို့သိတယ်..ဒါပေမယ့် 'သားချစ်ပစ်ရှာ'ဆိုတဲ့ စကားရှိတယ်ဒေါ်ခင်းနီ ကလေးကိုဖက်တွယ်နေလို့ သူ့ဘဝအတွက်ကာကွယ်ရာရောက်မှာမဟုတ် ဘူး..လောလောဆယ်ညည်းနဲ့ ညည်းသမီးအတွက် ဒီပွဲရုံက ပိုအရေးကြီး တယ်ဆိုတာကို မေ့နေရင်တော့.."

"ကျွန်မမမေ့ပါဘူး..အဲ့ဒါကြောင့် မျောက်သစ်ကိုင်းလွတ်မဖြစ် အောင် ကျွန်မတို့စားဝတ်နေရေးအတွက် ဘယ်လိုရှေ့ဆက်မလဲဆိုတ စဉ်းစားထားပါတယ်.."

မျက်လုံးချင်းဆုံသွားတော့ သူမဆက်ပြောလာမည့်စကားကို ဒေါ် သင်းသင်းအလွန်အမင်း စိတ်ဝင်စားနေမှန်း နားလည်လိုက်သည်။ ထို ပြင် အနိုင်နဲ့ပိုင်းနိုင်မည့် စကားလုံးတွေက တနင့်တပိုးနှင့်ပြောဖို့စော နေတာမှန်းလည်း သိသည်။ ဒါပေမယ့် သူမတည်ငြိမ်စွာပြောနိုင်ခဲ့၏

"ကျွန်မပိုက်ဆံမပြည့်သေးလို့ ဒီမှာဆက်လုပ်နေတာပါ..လကုန်ရင် အလုပ်ထွက်ဖို့ ဆုံးဖြတ်ပြီးပါပြီ.."

"ဟင်.."

ဒါက ဘယ်လိုမှထင်မှတ်မထားသည့် စကားမို့ ဒေါ်သင်းသင်း 'ဟ ခနဲဖြစ်သွားသည်။

"အလုပ်ထွက်မယ်ဟုတ်လား..ငါတို့ပွဲရုံက ဆင်ဖြူကျွန်းမြို့ကရှိ



မှု အလုပ်တွေထဲမှာ လုပ်ခအများဆုံးနဲ့ ဆယ့်နှစ်ရာသီမပြတ်ဘဲ လုပ်လို့ ရတာလည်း ဒီမှာပဲ..စိတ်ဝင်စားစရာပါလားဒေါ်ခင်းနီ၊ ဒါကြောင့် ညည်းက ဂရုမစိုက်တတ်တဲ့အချိုးတွေ ဖြစ်နေတာလား..အလုပ်ကောင်းရထားတာ တော့ မဖြစ်နိုင်ပါဘူး၊ မဟုတ်မှလွဲရင် အားကိုးရမယ့် ယောက်ျားတွေထား တာများလား.."

ပြုံးနေသည့် ဒေါ်ခင်းနီမျက်နှာလေး တည်သွားသည်။

"ကျွန်မအားကိုးရာတာမှန်ပါတယ်..ဒါပေမယ့် အဲ့ဒါယောက်ျားယူတဲ့ နည်းနဲ့တော့ မဟုတ်ဘူးအန်တီ.."

"ညည်းရဲ့ဝါဒတွေကို ငါကြားပါတယ်..ဒါပေမယ့် တစ်သက်လုံးမယူ ဘဲ နေမှာမှမဟုတ်တာ.."

ဒေါ်ခင်းနီက စူးခနဲကြည့်လိုက်ပြီး နှုတ်ခမ်းလေးတွေ စေ့ထားရင်းပြုံး သည်။

"ကျွန်မတစ်သက်လုံးကို အန်တီဘယ်လိုကြိုသိလိုက်တာလဲမသိ ဘူး.."

ဒေါ်သင်းသင်းမျက်နှာ ရဲသွားသည်။

"ကျွန်မဘက်ကတော့ ဒီနေ့ထိခိုင်မာနေဆဲပါပဲ..မိန်းမတစ်ယောက် ဆင်းရဲတိုင်း တစ်ခုလပ်မုဆိုးမဖြစ်သွားတိုင်း ယောက်ျားတစ်ယောက် ကောက်ယူလိုက်ရုံနဲ့ အရာအားလုံးပြည့်စုံသွားတာ မဟုတ်ပါဘူး..ယော က်ျားတိုင်း အားကိုးထိုက်တာမှမဟုတ်ဘဲ.."

"ငါပြောချင်တာကလည်း ညည်းဘဝအရှည်ကြီးကို ခြုံငုံပြီးတော့ မဟုတ်ဘူးလေ..သဘာဝတရားဆိုတာလည်း.."

"သဘာဝဆိုတာ လူတွေဉာဏ်ရှိသလောက် ပြုပြင်ပြောင်းလဲဖို့ ဖြန့် ခင်းထားတဲ့ စာရွက်ဖြူပါပဲ..အဲ့ပေါ်မှာ လူတွေက ပလပ် အော် မိုင်းနက် တွေထွက်လာအောင် တွက်ချက်ပြင်ဆင်ကြတယ်၊ သဘာဝလောက် အ ကျည်းတန်တာမရှိဘူး..လူတွေသဘာဝအတိုင်း နေလို့မရတာကြည့်ပါ လား.."

ဒေါ်ခင်းနီမျက်နှာလေးက တင်းမာခြင်းငွေ့ငွေ့ထင်လာ.. ၊

"ကျွန်မကတော့ သဘာဝတရားတွေကို မကြိုက်ဘူး..ဒါပေမယ့် သူ

www.burmeseclassic.com

www.burmeseclassic.com



များဖြည့်စွက်ပြင်ဆင်ထားတာတွေကိုလည်း ကိုယ်လက်ခံနိုင်မှခံမယ်.."

ပြောရင်း နေရာမှထရပ်လိုက်ကာ.. ၊

"ကျွန်မပြန်တော့မယ်အန်တီ..မိုးချုပ်သွားမှာစိုးလို့.."

သူမနှုတ်ဆက်ရသည့် အကြောင်းအရင်းသည် ဥဒေါင်းငယ်လေး ပြေးထွက်လာသောကြောင့်ဖြစ်ကာ.. ၊

"မေမေ့..မီးမီးတို့ပြန်မယ်လေ.."

➢ ≺

အခန်း(၁၀)

နေကကျဲကျဲတောက် ပူနေသည်။ ဒီနေ့အိမ်ခေါင်းရင်းထရံပြန်ကပ်ဖို့ အလုပ်သမားနဲ့ချိန်းထားသဖြင့် အလုပ်ကနေ့တစ်ဝက်စောပြီး ပြန်လာခဲ့သည်။ မနက်တည်းက ကလေးကိုကျောင်းပို့ပြီးပြန်မလို့ စိစဉ်ခဲ့သော်လည်း ပွဲရုံမှာ အလုပ်တွေကျလာသဖြင့် မနက်ပိုင်းဝင်ပေးလိုက်ရသည်။

သူမဒေါ်သင်းသင်းတို့ရဲ့ 'သင်းပဒေသာ'မှာ အလုပ်မလုပ်ချင်တော့ပေ။ အထူးသဖြင့် ကိုယ့်အတွက်နဲ့ချစ်မျက်နှာငယ်နေရမှာကို စိုးရိမ်မိ၏။ ရွှန်းပြန်ရောက်နေတုန်းမို့ ပိုပြီးမလုပ်ချင်။ ဒေါ်သင်းသင်းဘာတွေ စိုးရိမ်နေသည်။ ကိုယ့်ကိုဘာတွေပြောချင်နေသည်ဆိုတာလည်း သိနေသည်။

သိရက်နဲ့ဒီနေ့ထိ မသိသလိုနေထိုင်လုပ်ကိုင်နေခဲ့တာက လိုအပ်နေသည့်ငွေကြောင့်ပဲဖြစ်ရာ ဒီရက်ပိုင်းမှာပဲ သူမအလုပ်ထွက်ဖို့ အခိုင်အမာဆုံးဖြတ်ပြီးသား.. ၊

"တီ.."

အနီးကပ်ကားဟွန်းသံကြောင့် စက်ဘီးကိုဘေးကပ်ပေးလိုက်မိသည်ဘေးမှာ လမ်းမနှုတ်ခမ်းဘောင်ပဲရှိတော့ကာ ဝါးတစ်ပြန်နီးပါးခပ်လျှောလျှောအောက်လမ်းထဲမှာ နွားလှည်းလမ်းရှိ၏။ လှည်းလမ်းရဲ့ညာဘက်မှာ မြက်ခင်းတို့ဖြင့် စိမ်းစိုကျယ်ဝန်းသော ဘောလုံးကွင်းကြီးက ကျယ်ပြောစွာရှိနေ၏။ ထို့ပြင်.. ၊

ဘောလုံးကွင်းရဲ့ညာဘက်ဆက်လျက်မှာ လယ်ကွင်းတွေဆက်လျက် ရှိနေသောကြောင့် ကားလမ်းအမြင့်ပေါ်ကကြည့်လျှင် အဝေးကြီး

www.burmeseclassic.com

www.burmeseclassic.com



က စိမ်းညို့ညို့တောတန်းကို ပန်းချီကားတစ်ချပ်သဖွယ် လှမ်းမြင်နေရ
လေသည်။ ညနေခင်းသာသာယာယာဆိုရင်တော့ ဒီနေရာဟာ ဆင်ဖြ
ကျွန်းမြို့ရဲ့ လှပသောနေရာတစ်ခုဖြစ်သော်ငြား နေ့လည်ခင်းနေပူပူမှာ
နွားလှည်းတွေလည်း ဖြတ်သန်းနေသည့်အချိန်ဆိုရင်တော့.. ၊

"အဟမ်း..ဟား အဟွတ် အဟွတ်.."

အသက်အောင့်ထားပေမယ့် မပြီးနိုင်။ ရှူရှိုက်လိုက်တော့ ချောင်း
ဆိုးအောင် ထိန်းနေလို့မရ။ ဒီကားဘာလုပ်တာလဲ.. ၊

"အဟွတ်..အဟွတ်.."

ကျော်တက်သွားမှာပဲဆိုပြီး ဘေးကပ်ပေးတော့ တအိအိမောင်း
သည်။ ကိုယ့်ဘာသာကျော်တက်ဖို့ ကြိုးစားတော့ အတင်းပြန်ကပ်လိုက်
၏။ အောက်မှာ နွားလှည်းနှစ်စီး တအိအိသွားနေသဖြင့် အပေါ်မှာလိုက်
တက်နေသည့် ဖုန်လုံးရယ်၊ ဒီကားနောက်က ဖုန်ထုရယ်ကြောင့် ဒေါင်း
ဖုန်တွေထဲမှာ လုံးထွေးပျောက်ကွယ်နေရကာ.. ၊

"တောက်.."

ရှမ်းကျောင်း(မယ်သီလရှင်ကျောင်း)ထိပ်ရောက်တော့ ပေါင်း(မြော
ကူးတံတား)ပေါ် နှစ်စီးပြိုင်တက်ရမလိုဖြစ်လာကာ ကားကဒီဘက်ကို
တင်းဖိကပ်မောင်းလျှင်.. ၊

"အား.."

"ဝုန်း.."

လူရောစက်ဘီးပါ ဝုန်းခနဲထိုးလဲသွားလေသည်။ သို့သော် စက်ဘ
လဲပြီဆို ဦးအောင်ခုန်ဆင်းတတ်သည့်အကျင့်ကြောင့် သူမဒဏ်ရာအ
အကျယ် ဘာမှမရခဲ့ဘဲ.. ၊

"ယုတ်မာတာ..တောက်.."

လဲနေရာမှ ကုန်းကျုံးပြန်ထလိုက်ပြီး တက်ခေါက်ကာ.. ၊

"ခွန်း...ရှင့်ကိုမသိဘူးမှတ်နေလား၊ ကားကိုမြင်တည်းကသိတယ်
ဒီလိုယုတ်မာမယ်မှန်း မသိလိုက်လို့သိလား.."

လက်သီးနှစ်ဖက်ဆုပ်ပြီး အာခေါင်ခြစ်အော်ပစ်မိတာ ခါးပါညွှ
သွားတဲ့အထိ.. ၊



"ဟွန်း.."

ကားပေါ်ကနေ နောက်ကြည့်မှန်မှာမြင်နေရသဖြင့် ခွန်းသွားတွေပေါ်
အောင် ရယ်သည်။ ပြီးတော့ ပေါင်းအလွန်မှာပဲ ဘေးကပ်ရပ်ထားပြီး
ကားပေါ်ကဆင်းသည်။ တံခါးပိတ်လိုက်ပြီး ဒီဘက်လှည့်လိုက်တာနှင့်
သူ့ရှေ့မှာဒေါင်းနီက ခါးထောက်ရပ်နေပြီးဖြစ်ကာ.. ၊

"ရှင်..ကျွန်မမှန်းသိလို့ ညစ်ပတ်ပြီး တမင်လိုက်ချိတ်တာမို့လား၊
မှန်မှန်ပြော.."

"ဘာကိုညာစရာလိုလို့လဲ..မင်းတောင် မှန်အနက်တွေထဲက ငါ့ကိုသိ
နေသေးတာ၊ မယ်ဗမာပြသလို ကုန်းကွနင်းနေတဲ့ လူတစ်ကောင်လုံးကြီး."

"အဲ့လူတစ်ယောက်လုံးက ရှင့်ကားခေါင်မိုးပေါ် တက်ခုန်နေလို့
လား.."

"မခုန်ဘူး.."

"ရှင့်ကားရှေ့ကနေ ကန့်လန့်ကန့်လန့်လုပ်နေမိလို့ဆိုလည်း မပြော
ဘူး..လမ်းအကျယ်ကြီး.."

"ဘယ်မှာကျယ်တာလဲ.."

ပြောပြီး သူပြန်ကြည့်တဲ့အတိုင်း ဘေးလုံးကွင်းဘက်ကိုနှစ်ယောက်
စလုံး ပြန်လှည့်ကြည့်မိ၏။ ပြီးမှ တစ်ယောက်မျက်နှာတစ်ယောက်ပြန်
ကြည့်မိကြသည်။ ခွန်းရဲ့မျက်လုံးတွေက ချဉ်တူးတူးရှိနေသော်ငြား ရယ်
မြူးရိပ်တို့လည်း ထင်နေခဲ့လျက် ဒေါင်းနီမျက်ဝန်းတွေမှာ ဒေါသမှလွဲ၍
ဘာမှမရှိ.. ၊

သူမမျက်လုံးထဲကို စူးစိုက်ကြည့်နေမိသဖြင့် မျက်နှာလေးတင်းသွား
လျှင် ခွန်းကမျက်နှာလွှဲလိုက်ပြီး ပခုံးနှစ်ဖက်တွန့်၍.. ၊

"ကြည့်လေ..ဘယ်ဘက်ခြမ်းက မကောင်းဘူး၊ အလယ်ကပိုဆိုး
တယ်.."

"ရှင်မဟုတ်တာတွေမပြောနဲ့..အဲ့လောက်ထိ.."

"ဆိုးတာပေါ့ကွ..မင်းတို့ကတော့ စက်ဘီးဘီးရာလေးလက်သုံး
လောက်ရှိနေရင် စီးလို့ရနေတာကိုး၊ လမ်းကမကောင်းတော့ ဖြည်းဖြည်း
မောင်းနေရတယ်..သွားလာရင်းကြည့်စရာရှုစရာလေး ဘာလေးမြင်တော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည့်မိရှမိ.."

"ခွန်း.."

"ဘာလဲ.."

"ရှင့်ကိုယ်ရှင်ဘာထင်နေလဲ.."

"ဘာထင်သလဲ..မင်းပဲထင်ကြည့်စမ်းပါ.."

ဒေါင်းနီအသည်းယားသွားမိသည်။ ဟိုတုန်းကချစ်ခဲ့ကြတာမှန်သည် ကိုးတန်းကျောင်းသူတည်းက ဘာလိုလိုရင်ခုန်သံတွေက ဆယ်တန်းမှ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ ကျောင်းတက်ရင်း ကျောင်းသားချင်းချစ်မိ တာ ဆန်းလို့လား.. ။

သူ့ဟာသူသူဌေးသားပဲဖြစ်ဖြစ် သိကြားမင်းဦးမာဃရဲ့သားပဲဖြစ်ဖြ ကိုယ့်ဘဝနဲ့ကိုယ် ဘယ်လိုလူကိုလက်ထပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ပို ရှိလာရင်တော့.. ။

"ပြောလေ..မင်းငါ့ကိုထားခဲ့တုန်းက ဘယ်လိုလူစားမျိုးထင်လို့ ထာ ခဲ့တာလဲ၊ အဲ့ဒါငါလည်းသိချင်တာ.."

ဒါကိုမပြောချင်သော်လည်း သူကစလာခဲ့ပြီမို့.. ။

"သိချင်ရင်ပြောမယ်.."

"ပြော.."

"ရှင်ကသူဌေးသား..ကျွန်မက သူဌေးကိုပဲလိုချင်တယ်၊ အဲ့ဒါကြော သူဌေးသားကိုရှောင်ပြီး သူဌေးကြီးနဲ့လက်ထပ်တယ်..မရှင်းတာရှိသေ လား.."

"ဟား ဟား ဟား.."

သူကခပ်နွဲ့နွဲ့ခါးထောက်ပြီး မျက်နှာမော့ရယ်သည်။ ထိုအခါရယ် တိုင်း ကြည့်ကောင်းသည့် သူ့နှုတ်ခမ်းဖွင့်ထားပုံကို ဒေါင်းနီငေးခနဲဖြ သွားခဲ့၏။ ခွန်းကရယ်လိုက်တိုင်း ပခုံးလှုပ်အောင် ဟက်ဟက်ပက်ပ ရယ်တတ်သည်။ ဒါပေမယ့် ဘယ်လောက်ရယ်နေနေ ခပ်ကြိတ်ကြိတ်ရယ သံမျိုးထက် ပိုမကျယ်ပေ.. ။

လူတစ်ယောက်ယောက်အနားကဖြတ်သွားလျှင် အထူးသဖြင့် မိန်း လှလေးတွေ သူ့အနားကဖြတ်သွားပြီဆို မျက်တောင်ဖျားတို့မေးစင်းလျှ



ပခုံးနဲ့မေးဖျားချိတ်အောင် လိုက်ကြည့်သည်။ ဒါနဲ့မကျေနပ်သေးလျှင် ဘယ်ပခုံးရော ညာပခုံးမှာပါ မေးတင်အောင်ဘယ်ပြန်ညာပြန်လိုက်ကြည့် တတ်လေသည်။

ထိုအကြည့်ကြောင့်ပဲ သူ့ကိုပြန်လှည့်ကြည့်လိုက်မိသည့် ဒေါင်းနီနဲ့ သူ ချစ်ခရီးစတင်ခဲ့တာဖြစ်သည်။

"ဒေါင်းနီ နှင့်ကိုနှာမည်တစ်လုံးနဲ့ ဟိုတစ်ယောက်လိုက်ကြည့်နေတာ ဟယ်..မသိရင် သူ့မျက်နှာကြီးနဲ့ နှင့်ကျောကုန်းမှာ သံလိုက်လို ပစ်ကပ် တော့မယ့်အတိုင်းပဲ.."

"ဆွဲနေတာ..ဆွဲနေတာ၊ ဟိုကဆွဲနေသ( ဘား..ဒေါင်းနီကဆွဲသလားပဲ၊ ခုထိ အဲ့ဒီမျက်နှာ ပြန်မလှည့်သေးဘူး.."

သူငယ်ချင်းတွေက လက်တို့ပြောနေကြသဖြင့် သူမလှည့်ကြည့်လိုက် မိလျှင် ခွန်းကဖတ်ခနဲမျက်စိမှိတ်ပြ၏။ ထိုစဉ်က ဒိတ်ခနဲလှုပ်ခါသွား သည့် ရင်ခုန်သံတစ်ချက်က တစ်ကိုယ်လုံးပူနွေးကျင်ခဲ့သွားခဲ့လျက် တွေး မိတိုင်း လက်တုန်ခြေတုန်တွေဖြစ် တစ်ယောက်တည်းခြေလှမ်းတွေမှား လိုမှား.. ။

ထို့ကြောင့် ချစ်သူဖြစ်သွားကြတော့ သူအဲ့လိုလိုက်ကြည့်တတ်သည့် အကျင့်ကို ဒေါင်းနီလုံးဝမနှစ်မြို့နိုင်တော့ပေ.. ။

"မသိဘူး..မကြည့်နဲ့.."

"မရဘူးဒေါင်းရဲ့..မျက်လုံးကအကျင့်ပါနေတာ.."

"အကျင့်ပါတာမဟုတ်ဘူး..နှာကြောတင်းတာ.."

"ဟား ဟား ဟား.."

"ခွန်း ရှင်မရယ်နဲ့နော်..တမင်သူများပြန်လှည့်ကြည့်အောင် လိုက် ကြည့်တာ၊ ဟိုကပြန်ကြည့်တာနဲ့ မျက်စိမှိတ်ပြ.."

"မပြပါဘူးကွာ..မင်းကိုချစ်လို့ မှိတ်ပြတာပါ၊ မြင်မြင်ကရာလိုက် မှိတ်ပြရအောင် ကိုယ့်မျက်လုံးက အကြောလိုက်နေတာမှမဟုတ်တာ.."

"လိုက်ချင်လိုက်မှာပေါ့..အဲ့လိုပဲအမြဲတမ်း နှာကြောတင်းနေတော့.."

"ဟား ဟား ဟား.."

ဒီကဒေါသတွေထွက်နေသမျှ သူကစပ်ဖြဲဖြဲ မပြောင်ချော်ချော်။ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုယ့်ဘဝတစ်ခုလုံးနဲ့ နှိုင်းယှဉ်ဆုံးဖြတ်ရမယ့်အရေးကျတော့ ခွန်းဆိုသည့်ယောက်ျားကို ကြက်ခြေခတ်ခဲ့ရသည်။ ဒီလိုအဖြစ်တွေရှိခဲ့ကြတာ ဘာဆန်းလို့လဲ.. ။

ခုချိန်မှာအားလုံး ကိုယ့်ဘဝနဲ့ကိုယ်.. ။

"ဟိတ်.."

ငိုင်တွေသွားသည့် သူမကိုခွန်းက မေးဆတ်၍.. ။

"ဘာလဲ..ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်တွေးနေတာလား.."

ဒေါင်းနီမျက်နှာလွှဲမလိုဖြစ်သွားတော့ ခွန်းကရယ်ကာ.. ။

"မရတော့ဘူး..ခုကျမှ.."

"ဘာတွေလာပြောနေတာလဲ..ရှင့်ကိုဘယ်သူက ဈေးဆစ်နေလို့ မရတော့ဘူး ငြင်းနေတာလဲ.."

"မင်းတွေးနေတာတွေကိုများ တစ်ကပြန်စချင်နေသလားလို့.."

"ဒီမှာခွန်း..ရှင့်ကိုပြောချင်တာ၊ အခုစကော်ဘီးလဲရတဲ့ ကိစ္စကိုအစပြုပြီး ရန်ဖြစ်ဖို့ရှိရှိ..ပြောဖြစ်ဆိုဖြစ်ဖို့တွေပဲ ကြုံလာလာ ရှင်ကျွန်မနဲ့လာမငြိပါနဲ့.."

"နေပါဦး..အခုလာငြိနေတာကမင်းနော်.."

"ရှင် တမင်လိုက်ချိတ်နေတာလေ.."

"တမင်ချိတ်တာ မချိတ်တာက ငါ့အပိုင်းပဲ..မင်းပဲ ရန်ဖြစ်ဖို့ရှိရှိ ဘာရှိရှိ..ညာရှိရှိ.."

"ခွန်း ရှင်လူကိုလှောင်နေတာ တော်ပါတော့.."

"ဟား.."

"ရှင်ကသူဌေးသား.."

"မဟုတ်ဘူး..သူဌေးကြီးဖြစ်နေပြီ.."

လူကို စိုက်ကြည့်ပြီး ရီသည်။ ထို့ပြင် ခပ်မဲ့မဲ့ပြုံးကာ.. ။

"သူဌေးကြီးတွေကိုမှ ကြိုက်တဲ့မိန်းမတွေ မျက်စိကျအောင် အသေအလဲကြိုးစားခဲ့ရတာ.."

ဒေါင်းနီမျက်နှာတင်းသွားသည်။

"ဒါဆိုလည်း အဲ့လိုမိန်းမတွေရှိတဲ့ဆီပဲ သွားပါ.."



"ငါဘယ်မိန်းမဆီသွားသွား..မင်းညှန်ကြားဖို့လိုလို့လား.."

မျက်လုံးချင်းဆုံသွားတော့ စူးရဲသည့်အကြည့်တွေကို ဒေါင်းနီကြာရှည်ရင်မဆိုင်နိုင်ဘဲ မျက်နှာလွှဲလိုက်မိကာ.. ။

"လုပ်ပါ..ဆက်ပြောစမ်းပါ၊ မင့်စကားမဆုံးသေးပါဘူး..ရှင်ကသူဌေးသားဆိုတာ.."

ဒေါင်းနီက ခေါင်းညိတ်၍.. ။

"ရှင်ဘယ်လိုအနိုင်ပိုင်းဖို့ စကားလုံးတွေစုဆောင်းထားလဲ မသိပေမယ့် အစပြန်ဖော်ပေးတဲ့အတွက် ကျေးဇူးတင်တယ်..ရှင်နဲ့ကျွန်မ ဟိုတုန်းတည်းက အလွှာမတူပါဘူး၊ ခုဆိုအများကြီးကွာခြားနေပါပြီ..ဘယ်လောက်ထိလဲဆိုရင် ရှင့်ရဲ့အကြည့်တစ်ချက် နှုတ်ခမ်းတစ်စမ်းနဲ့တင် ကျွန်မတို့သားအမိပြည်နှင်ဒဏ်ပေးခံရမယ့် အနေအထားမျိုး.."

"ဟွန်း.."

"စာနာစိတ်လေးထားပြီး ကျွန်မကိုမဆိုင်သလို နေပေးပါ.."

"မင်းကိုငါကသက်ဆိုင်ဖို့ ကြိုးစားနေတယ်လို့ ပြောလိုက်တာလား.."

"မဟုတ်ဘူး..ရှင့်လိုလူကို ကျွန်မနဲ့ပတ်သက်ဖူးခဲ့တဲ့ အတိတ်ကိုတောင် ဆေးကြောပစ်ချင်ဦးမှာပါ.."

ခွန်းက ပခုံးတွန့်ပြီးမဲ့သည်။

"မုန်းလို့ဖြစ်ဖြစ် ရွံလို့ဖြစ်ဖြစ် ကျွန်မကိုရှိနေတယ်လို့မမှတ်ဘဲ ထားလိုက်ရင် ပြီးတာပါပဲ.."

"ရှိနေတယ်လို့မမှတ်ဘဲထားရတာကိုက ရှိနေတာကို သိနေလို့မဟုတ်ဘူးလား..ဘယ်လိုကြောင့် မင်းချည်းပဲငါ့ကို ညွှန်ကြားနေရတာလဲ၊ ငါလမ်းငါသွားနေတာနော်..မင်းပဲစွပ်စွဲပြီး ငါ့ရှေ့ရောက်လာတာ.."

ဒေါင်းနီမျက်နှာ နွေးခနဲဖြစ်သွားသည်။ ရှက်သွားမိတာလား..။ တကယ်ပဲ ကိုယ့်ခြေလှမ်းအတွက် သံသယဖြစ်မိတာလားဆိုတာ မသိ။ ထို့ကြောင့် ဘာစကားမှပြောမထွက်တော့ဘဲ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး သူ့ရှေ့ကလှည့်ထွက်လာခဲ့သည်။ စိတ်လိုက်မာန်ပါလျှောက်လာခဲ့တုန်း သတိမထားမိဘဲ ပြန်လှည့်လိုက်ကာမှ ခြေကျင်းဝတ်ကချက်ခနဲဖြစ်သွားသဖြင့် လူကယိုင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏာခြေစုံရပ်ပြီးမှ အားတင်းလျှောက်ခဲ့ကာ စက်ဘီးကိုပြန်ဆွဲထောင်လိုက်၏။ စက်ဘီးကလက်ကိုင်ကောက်သွားကာ ချိန်းပုံးက ချိုင့်ဝင်သွား၏။ လက်ကိုင်ကောက်သွားတာကို ပြန်ဆွဲလှည့်လိုက်တာက မခက်သော်လည်း ချိန်းပုံးကပ်သွားသဖြင့် ခြေနင်းပါထောက်သွားသောကြောင့် စီးလို့မရတော့ပေ.. ၊

စက်ဘီးကိုဒီတိုင်းတွန်းလာခဲ့တော့ ခွန်းကကားနားမှာရပ်နေဆဲဖြစ်ကာ နှုတ်ခမ်းစေ့ပြုံးနေရင်း.. ၊

“ဘယ်လိုလဲ..လိုက်မလား..”

ဒေါင်းနီခြေလှမ်းတုံ့သွားမိသည်။ ထောင်းခနဲဖြစ်သွားသည့် ဒေါသနှင့် တစ်ခုခုလှည့်ပြောလိုက်ချင်ပေမယ့် အံကြိတ်ထားမိ၏။ ပြီးတော့ဆက်တွန်းလာခဲ့လျှင်.. ၊

“ထမီအနားကွဲကြီးနဲ့ ဒီတိုင်းပြန်မှာလား..ဒီကနေကမ်းနားဘက်ကို အဝေးကြီးလိုသေးတာ..”

ဒါတွေလည်းသိနေတာလား..။ စက်ဘီးလက်ကိုင်မှာ တင်းခနဲဖိဆုပ်လိုက်မိ၏။

“လမ်းမကနေ ဆရာစိုးအိမ်ထိဆို အများကြီးဝင်သွားရဦးမှာ..”

“တောက်..”

ဒေါင်းနီကိုယ့်စိတ်ကို ထိန်းလို့မရတော့ဘဲ ခွန်းကိုလှည့်ကြည့်လိုက်ကာ.. ၊

“ရှင်က လူကိုကလေးအမေမှုဆိုးမဆိုပြီး တမင်တကာ..”

“ဘာတွေဖြစ်နေတာလဲ..မင်းကငါ့ရည်းစားမဟုတ်တော့ပေမယ့် ငါ့အလုပ်သမားတော်နေသေးတယ်မို့လား..”

“ဒါဆိုရင် ခုကစပြီးနောက်ဘယ်တော့မှ အနိုင်ကျင့်သရုပ်ဖျက်ဖို့ မကြိုးစားနဲ့တော့..ရှင့်တို့အလုပ်က ကျွန်မထွက်တယ်..”

“ခုပဲ မင်းပြန်သွားတာပါ..”

“ခွန်း..”

“ဟုတ်ပါတယ်..ခွန်းပဲ၊ ဒါပေမယ့် အခုသူဌေးသားမဟုတ်တော့ဘူး..”

“ဒါပဲဘာလို့ ရှင်ထည့်ထည့်ပြောနေတာလဲ..”



“ဒါကြောင့် ထားခဲ့တာလို့ မင်းပြောလို့လေ..”

သူ့စကားတွေက ဘာကိုဆိုလိုချင်မှန်းမသိ။ ဘယ်ကိုဦးတည်နေသည် ဝေခွဲမရဖြစ်နေခဲ့ရင်း.. ၊

“ရှင်ကျွန်မကို..”

“အရင်လိုချစ်တုန်းပဲ..”

ဒေါင်းနီဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

“ဒေါင်း..”

ခွန်းက သူမရဲ့စက်ဘီးလက်ကိုင်ရှေ့ကနေ ဖမ်းကိုင်ထားလိုက်ကာ..

“မင်းယောကျ်ားနဲ့မင်း တစ်လကျော်ကျော်ပဲပေါင်းခဲ့ရတယ်..မင်းသူဌေးကတော်ဖြစ်ခွင့်ရလိုက်တာ တစ်လတည်းရယ်..”

ဒေါင်းနီဆတ်ခနဲ မျက်နှာလွှဲပစ်သည်။ သူဌေးဆိုပေမယ့် ကိုယ်လက်ထပ်ယူလိုက်သည့် ဇနီးမယားကိုတောင် ထိုက်တန်သည့်အဆင်တန်ဆာတို့နှင့် တင့်တောင့်တင့်တယ်မထားနိုင်။ မွေးချင်းမောင်နှမတွေ ချုပ်ကိုင်စိုးမိုးနေကြသည့်လက်အောက်မှာ အရည်အချင်းနည်း၍ ထက်မြက်မှုမရှိသော ခင်ပွန်းဖြစ်သူကြောင့် သူမဘဝသည်လည်း သူဌေးဆိုသည့်မိသားစုတွေရဲ့ ခြေကျိုလက်ကြားမှာ အသက်ဝဝမရှူဝံ့သည့်အဖြစ်နှင့် နေ့စဉ်ရက်ဆက် ကုန်ဆုံးခဲ့ရသည်။

ဒေါင်းနီဆိုသည့်မိန်းမတစ်ယောက်က ဘာအတွက်စွန့်စားခဲ့တာလဲ.. ကိုယ့်ထက်အသက်ကြီး၍ ကိုယ်လည်းမနှစ်သက်သောယောကျ်ားတစ်ယောက်ကို ဇွတ်မှိတ်လက်ထပ်ခဲ့တာ ဘာကြောင့်လဲ.. ၊

ကျန်ရစ်သည့်မိသားစုကို ထောက်ပံ့ချင်၍ဖြစ်သည်။ အိမ်မှာငွေမရှိ ပစ္စည်းဥစ္စာမရှိသည့်အပြင် ထောက်ပံ့ကူညီနိုင်မည့် အသိုင်းအဝိုင်းနည်းသော မိန်းမငယ်တစ်ယောက်အတွက် ထိုစဉ်က ဘဝဆိုတာဆင်းရဲချမ်းသာ နှစ်ရပ်ပေါ်မှာပဲ ပြောင်းလဲဖြစ်တည်သည်ဟု မှတ်ခဲ့သည်။

ထို့ကြောင့် ကိုယ့်မိဘပြည့်စုံဖို့အတွက် ကိုယ်ကချမ်းသာမှုဖြစ်မည်။ လတ်တလောအကျပ်အတည်းအခက်အခဲတွေအတွက် ချမ်းသာချင်ရင် သူဌေးကိုယူနိုင်ရမည်လို့ ကိုယ်တိုင်သတ်မှတ်၏။ ဒါကကယ်တော့ ယုံကြည်အားကိုးခြင်းဆိုတာ တစ်ပါးသူအပေါ်မှာ မဖြစ်သင့်ပေ။ သူမဘဝ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ရင်းပြီး နားလည်ခဲ့ရတာက ယောကျ်ားယူပြီး အားကိုးရှာခြင်းသည် မဟာအမှားသာဖြစ်၏။

"မင်းအထည်ချုပ်မှာ အလုပ်လာလျှောက်တဲ့နေ့မှာ ငါမင်းကိုပြန်တွေ့ခဲ့တာ.."

သူမငေးနေတာကို စိုက်ကြည့်နေပြီးမှ ခွန်းကဆက်ပြောသည်။ နေပူချိန်ဖြစ်သော်လည်း လမ်းမကြီးရဲ့ဘေးက သစ်ပင်ရိပ်တို့ကြောင့် သက်သာနေခဲ့လျက် ပတ်ဝန်းကျင်မှာလည်း လူသွားလူလာကျဲပါးနေ၏။ ပြီးတော့ ရန်လိုဒေါသတို့၏နောက်တွင် နှစ်ယောက်ကြားမှာ တိတ်ဆိတ်ခြောက်သွေ့ခြင်းက ကြီးစိုးနေခဲ့၏။ စကားလုံးတို့သည်လည်း လေးနက်သောနာကျင်မှုတို့နှင့်ဖြစ်ကာ.. ၊

"မင်းယောကျ်ားအိမ်မှာ တစ်လကျော်ပဲနေခဲ့ရတာရော တခြားမှာနေပြီး ကိုယ့်ယောကျ်ားကအငယ်အနှောင်းလို သဘောထားခံခဲ့ရတာတွေရော နောက်ဆုံးမင်းကို မဟုတ်မဟပ်စွပ်စွဲပြီး သူတို့လူနဲ့ကွာရှင်းခိုင်းခဲ့တာတွေရော.."

"အဲ့ဒါတွေ ရှင်အားလုံးသိခဲ့တာပေါ့.."

"လူတွေက မင်းကိုပြည်ကသူဌေးနဲ့ညားပြီး ပြည်ကိုပါသွားတယ်ထင်ပေမယ့် မင်းဘယ်မှာလဲဆိုတာ ငါသိတယ်..အဲ့ဒါကြောင့် ငါရန်ကုန်မှာ ကျောင်းဆက်တက်ပြီးဘွဲ့ယူခဲ့တာ၊ တစ်လျှောက်လုံးမင်းကိုရှာတဲ့အလုပ်နဲ့ ငါမောနေခဲ့ရတယ်..ငါမင်းကိုတွေ့တော့ မင်းယောကျ်ားမရှိတော့ဘူး.."

ဒေါင်းနီက သူ့မျက်နှာကိုဆတ်ခနဲကြည့်၍..

"ရှိနေရင် ရှင်ဘာလုပ်မှာလဲ..ဘာကြောင့် ကျွန်မကိုလိုက်ရှာတာလဲ.."

"ဘာကြောင့်လို့မင်းထင်လဲ အရင်ပြောလေ..မင်းမေးတဲ့မေးခွန်းတိုင်းအတွက် ငါ့မှာအဖြေရှိချင်မှရှိမယ်၊ ဒါပေမယ့် မင်းဘာကြောင့်အဲ့ဒီမေးခွန်းတွေ မေးနေတာလဲဆိုတာ မင်းကိုယ်မင်းရောသိရဲ့လား.."

ဒေါင်းနီဆွံ့အသွားသည်။

"မေးခွန်းပြီးတိုင်း အဖြေမလာဘူးဆိုတာ မင်းမေ့နေပုံပဲ..ကိုယ့်ရဲ့မေးခွန်းပေါ်မှာ မေးခွန်းပြန်ထုတ်လာနိုင်တဲ့ ကွတ်စ်ရှင်မျိုး မမေးမိစေနဲ့.."



ခွန်းက စက်ဘီးလက်ကိုင်ကို လွှတ်ပေးလိုက်ပြီး လက်နှစ်ဖက်စလုံးကို ဘောင်းဘီအိတ်ထဲထည့်ထားလိုက်ကာ.. ၊

"မင်းမိသားစုအတွက် အစွန်းရောက်ပေးဆပ်ဖို့ အမြဲတမ်းအဆင်သင့်ဖြစ်နေတဲ့ မင်းအကြောင်းသိလိုက်ရလို့ပဲ..မင်းငါ့ကိုတစ်ရှူးတစ်စလို ပစ်ချခဲ့ပေမယ့် ငါခံလိုက်ရတာ မတန်ဘူး၊ အဲ့ဒါကြောင့် မင်းကိုမကျေနပ်လို့ မရမကပြန်လိုက်ရှာတာ..မင်းရဲ့သူဌေးကြီးနဲ့မင်းကို ငါ့လက်နှစ်ဖက်ထဲမှာ ဖိဆုပ်ပြချင်လို့ လိုက်ရှာတာ..မေးလေ ဘာထပ်သိချင်သေးလဲ.."

"မလိုတော့ပါဘူး.."

သိချင်နေတာတွေရှိပေမယ့် ဘာမှမထူးတော့တာတွေအတွက် ဒီလူနဲ့အဆက်အဆံတွေ မဖြစ်ချင်တော့ပေ။ ထို့ကြောင့် ခေါင်းခါလိုက်ပြီး စက်ဘီးဆက်တွန်းဖို့ပြင်၏။ ခွန်းရဲ့ခြေထောက်တစ်ဖက်က ရှေ့ဘီးကြားထဲထိ ခြေဦးထိပ်နဲ့ထိုးခံလာကာ.. ၊

"မသွားနဲ့ဦး.."

"ရှင်ဘယ်လိုလုပ်လိုက်တာလဲခွန်း.."

ကိုယ့်ဘာသာထိပ်ထိပ်ပျာပျာ ငုံ့ကြည့်လိုက်မိကာ.. ၊

"ဒီကဆက်တွန်းလိုက်ရင် ခြေထောက်ကျိုးပြီ.."

"ကျိုးစေချင်ရင် ဆက်တွန်းလို့ရအောင်ပါ.."

ချဉ်တူးတူးမဲ့ပြုံးကြောင့် ဒေါင်းနီကလည်း ဒေါသနဲ့ကြည့်၏။

"ရှင်ကျွန်မအိမ်ထောင်ရေးအကြောင်း အစအလယ်အဆုံးသိနေခဲ့တာကို ကျွန်မမသိဘူး..ဂလဲ့စားချေဖို့ရှာနေခဲ့မှန်းလည်း မသိခဲ့ဘူး၊ ဒါပေမယ့် ကျွန်မအလုပ်ရှာတိုင်း အလွန်အမင်းအဆင်ပြေချောမွေ့နေခဲ့တာတွေက ရှင်ကူညီပေးနေခဲ့တာတွေမှန်း သိခဲ့တည်းက အဲ့အလုပ်တွေကို ကျွန်မစွန့်လွှတ်ခဲ့တာ.."

"အဲ့ဒီလိုမာနတွေကြီးခဲ့လို့ ကလေးတစ်ကောင်နဲ့မင်းဂျမ်းပြန်အောင်ကျွေတာ.."

"ဒုက္ခပဲတွေ့တွေ့ ရင်ဆိုင်တိုက်ပွဲကြီးတွေပဲဖြစ်ဖြစ် ယောကျ်ားတစ်ယောက်ကို နောက်ထပ်အားကိုးဖို့ ကျွန်မဘယ်တော့မှ စဉ်းစားဘူး.."

"ဘယ်တော့မှဆိုတဲ့ စကားကိုမသုံးနဲ့..ကမ္ဘာကြီးလည်အောင် မင်း

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားတာမဟုတ်ဘူး..အမြဲတမ်းဖြောင့်မတ်နေတာ မရှိသလို အားလုံးပဲကောက်ကွေ့နေကြတာမဟုတ်ဘူး၊ မင်းရွေးထုတ်လိုက်တဲ့တစ်ယောက်မကောင်းတာနဲ့ အားလုံးကအဲ့လိုလူတွေ ဖြစ်ကုန်ရောလား.."

"အားလုံးအဲ့လိုလူဖြစ်ကုန်ကြသလား မဖြစ်ဘူးလား ကျွန်မစိတ်မဝင်စားဘူး.."

"မင်းဘာစိတ်ဝင်စားသလဲဆိုတာလည်း ငါစိတ်မဝင်စားဘူး..ဒါပေမယ့် မင်းသိရမှာက အမှားပေါင်းများစွာရှိနေပေမယ့် အမှန်တရားကတစ်ခုပဲရှိတယ်၊ အမှန်ကိုမင်းသိဖို့လိုလာပြီဆိုရင် မင်းမျက်လုံးတွေကို အရင်ပိတ်ထားရမယ်.."

ပြောနေရင်း ခြေထောက်ကိုပြန်ချရပ်လိုက်ပြီး သူမရှေ့ကိုထပ်တိုး၍.. ၊

"မင်းကြည့်ပြီး ရွေးချယ်ခဲ့တာ မှားသွားပြီဆိုရင်.."

"နောက်ထပ်ဘယ်တော့မှ ရွေးချယ်ဖို့မကြိုးစားတော့ဘူးခွန်း..ဘယ်တော့မှဆိုတဲ့ စကားကိုကျွန်မပြောရဲတယ်၊ ဘာလို့လဲဆိုတော့ ကျွန်မသမီးအတွက် ကျွန်မဘယ်တော့မှနောက်ထပ် အိမ်ထောင်မပြုဘူး..ပထွေးကိုအဖေခေါ်ရမယ့်ဘဝမျိုး ကျွန်မသမီးမဖြစ်စေရဘူး၊ ဘယ်တော့မှရွေးချယ်မှာမဟုတ်တဲ့အတွက် မျက်လုံးတွေမှိတ်ထားဖို့လည်း မလိုတော့ဘူးမလား"

"မင်းကိုရွေးချယ်ပါဦးလို့ ငါပြောမိလို့လား.."

ဒေါင်းနီမျက်နှာလွှဲလိုက်တော့ 'ဟုတ်တာပဲ'လို့ ပြောလိုက်သလိုရှိ တာမို့ ခွန်းကထိုမျက်နှာကို စူးစိုက်ကြည့်၍.. ၊

"ငါမင်းကိုမျှော်လင့်နေတယ်လို့ ထင်နေတာဆိုရင်.."

"မထင်ပါဘူး..အဲ့လိုထင်နေရင် ကျွန်မအရူးဖြစ်သွားမှာပေါ့.."

"မင်းကိုအရူးလို့မပြောချင်ပါဘူး..ဒါပေမယ့် ငါအဲ့လောက်မရူးဘူး ဆိုတာ မင်းသိဖို့တော့လိုတယ်၊ ငါမင်းကိုမကျေနပ်တဲ့စိတ်နဲ့ ရှာခဲ့ပေမယ့် ဒုက္ခတွေ့နေတဲ့မိန်းမသားတစ်ယောက်ကို အနိုင်နဲ့ပိုင်းရလောက်အောင် ငါ့အသည်းမမာဘူးဒေါင်း..အထူးသဖြင့် မင်းကငါချစ်တဲ့.."

ဒေါင်းနီမျက်လုံးတွေ ဖျတ်ခနဲရောက်လာတော့ သူ့စကားဒီမှာပဲပြတ်တောက်သွားခဲ့ပြီး.. ၊



"ကူညီချင်တာ သက်သက်ပါ.."

ပင့်သက်ဖြည်းချရင်း ခပ်တိုးတိုးပြောသည်။ ပြီးတော့.. ၊

"မင်းအလှူအလဲလိုအပ် ခက်ခဲနေတဲ့အရာရာက ငါ့အတွက်ကွမ်းစားဆေးသောက်ကျပျောက်သလောက်ပဲဆိုရင် မင်းအတွက်ဖြည့်ဆည်းပေးဖို့.."

"မလိုဘူးလို့ပြောနေတာ ရှင်ဗမာလိုနားမလည်ဘူးလား.."

"မင်းပြောတာကိုပဲမဟုတ်ဘူး..မပြောဘဲနေလိုက်တဲ့ အသံတွေကိုပါ ငါကြားတယ်ဒေါင်း၊ မင်းကတော့ နားမလည်ချင်တဲ့သူကိုး..အဲ့ဒီတော့ ကြိုက်သလိုဘာသာပြန်၊ အခု ငါပြန်လာတာ မင်းကိုလာကြည့်တာပဲ.."

"ဘာ.."

"မင်းဘယ်လောက်လှသလဲဆိုတာကို မဟုတ်ဘူး.."

"ဘာမှကြည့်ဖို့မလိုဘူး..ရှင်ဂရုတစိုက်ကြည့်နေတာကမှ ကျွန်မအတွက် မုန်တိုင်းထဲမှာအလံတင်ဖို့ ကြိုးစားနေရသလိုဖြစ်တာ.."

"မုန်တိုင်းထဲမှာ ဟုတ်ဟုတ်မဟုတ်ဟုတ် မင်းဘယ်တော့မှအလံတင်နိုင်မှာ မဟုတ်ဘူး.."

ပြောပြီး သူကလက်ပိုက်ကာ.. ၊

"မင်းက ဆင်းရဲပြီးသိပ်လှနေတဲ့ ကလေးအမေမုဆိုးမဖြစ်နေတဲ့အတွက်.."

"အဲ့ဒီလိုမိန်းမတွေက လောကမှာရပ်တည်ခွင့် မရှိတော့ဘူးလား."

"ဒါမေးခွန်းလား.."

သူက အေးစက်စက်စိုက်ကြည့်ပြီး မေးကာ.. ၊

"ရပ်တည်ခွင့်ဆိုတာ ကမ္ဘာမြေပေါ်မှာ ခြေချနင်းလျှောက်နိုင်ရုံပဲလား ဘာလဲ.."

သူကမေးခွန်းပြန်ထုတ်လျှင် ဒေါင်းနီဘာဖြေရမှန်းမသိ။ သူကပြုံး လိုက်ပြီး.. ၊

"အဲ့လိုရပ်တည်နေတဲ့ မင်းကိုယ်မင်းပြန်ကြည့်လေ..လူဘယ်လိုဖြစ်လာရင် ဘာတွေလိုအပ်သလဲ၊ မင်းမှာဘယ်လောက်ရှိသလဲ..မင်းကရှိရှိ မရှိရှိမလိုအပ်ရင်တောင် မင်းသမီးကိုမင်းဘယ်လိုရှာမလဲ.."

www.burmeseclassic.com

www.burmeseclassic.com



ခွန်းက ဒေါင်းနီကိုကြည့်နေရင်း နောက်ဆုတ်ရပ်သည်။ ပြီးတော့..

"မင်းမလိုချင်တာ မင်းမဖြစ်စေချင်တာ ဘာမှငါမပေးဘူး..ဘာကို မတောင်းဆိုဘူး၊ မင်းဘက်ကငါ့မျက်နှာမြင်တိုင်း မင်းရဲ့မာနတွေပြမ ဖို့ပဲ.."

တံခါးကိုလက်နောက်ပြန်ဆွဲဖွင့်လိုက်ပြီးမှ သူမဘာပြောမလဲခ စောင့်သည်။ ပြီးမှ.. ၊

"အပိုတွေသိပ်လုပ်ရင် ငါစွဲ့တတ်တာမင်းသိပါတယ်..မင်းအေးဆေ နေရင် မင်းရှေ့ကိုငါမလာဘူး.."

ပြောပြီးတာနှင့် ကားပေါ်ပြန်တက်သွားသည်။ ဒေါင်းနီစက်ဘီးကို လျက် သူ့ကားပြန်ခေါက်နေတာကို ဒီတိုင်းရပ်ကြည့်နေမိသည်။

အချစ်ဆိုတာဘာလဲ..။ နွေးလိုလျှင်အေး၍ အေးလိုကာမှ ခြော သွေ့စေသော သဘာဝရာသီဥတုတွေလိုလား.. ၊

ကိုယ့်အတွက် သူဖြစ်လာမလားလို့ မျှော်လင့်အားကိုးနေချင်ခဲ့တ က ခွန်းဆိုတဲ့ယောကျာ်းဘက်က လေးနက်မှုတစ်ချက်တောင်မပြခဲ့ဘ ကိုယ်ကနှုတ်ဆက်လိုက်ကာမှ သူကနှုတ်ထွက်ခွင့်မပေးချင်။ မုန်းလို့ဖြ စေ ချစ်လို့ဖြစ်စေ မေ့မရနိုင်ခြင်းကသာ နှလုံးသားရဲ့အမုန်တကယ်ပြ ကြားချက်ဖြစ်သည်။

ဒါဆိုကူညီချင်တာ သက်သက်ပါဆိုတဲ့သူ့စကားက မှန်မလား..

နေပါစေတော့ခွန်းရယ်.. ၊

တခြားလူတွေရဲ့သနားသဖြင့် ပေးကမ်းစာကိုတောင် ကျွန်မမလိုချ ခဲ့တာ။ ကျွန်မတစ်သက်မှာ တစ်ခါပဲချစ်ခဲ့ဖူးတဲ့ ပထမဆုံးအချစ်ဆုံးရည် စားဦး ရှင့်ဆီကဆိုရင် မျက်တောင်ဖျားလေးတစ်ချက်စင်းကြည့်မှာတော ကျွန်မခံနိုင်ရည် ရှိမှာမဟုတ်ဘူး.. ၊

ဒါပေမယ့် အားလုံးအတွက် ကျေးဇူးပါပဲ.. ၊

## အခန်း(၁၁)

"မေမေ့..အဲ့ဒီအိမ်မှာ ဘာတွေချက်နေကြတာလဲဟင်.."

"မနက်ဖြန်ရက်လည်လေ..သေသွားတဲ့သူအတွက် ရက်လည်ဆွမ်း သွပ်တရားနာလုပ်ကြမှာ.."

အသုဘအိမ်ရှေ့က ဖြတ်လာကြတော့ စက်ဘီးပေါ်ကနေ ဥဒေါင်း ယ်က သေချာကြည့်နေကာ..၊

"သေသွားတဲ့လူက ရက်လည်ရင်ပြန်ရှင်လာမှာလား..ပြန်မရှင်ဘူး ဖို့လားဟင်၊ သေပြီးရင်မီးမီးအဲ့ဒီလူကို မတွေ့တော့ပါဘူး.."

အိမ်ရှေ့ရောက်တော့ သားအမိစက်ဘီးပေါ်ကဆင်း၍ ခြံတံခါးဖွင့် ကြရင်း.. ၊

"ပြန်ရှင်ဖို့ မဟုတ်ဘူးလေသမီးရဲ့..သေသွားတဲ့လူအတွက် ဒါနပြု ရေစက်ချလှူပေးလိုက်တော့ အဲ့ဒီအလှူဒါနကြောင့် သေတဲ့လူက သာဓု ခေါ်နိုင်မယ်..သာဓုခေါ်နိုင်တော့ ဘဝကူးကောင်းတာပေါ့၊ ဘဝကူးကောင်း တယ်ဆိုတာက.."

"ပြန်လာကြပြီလား..သားအမိတွေ.."

"ရှင်..ဪ ဟုတ်ကဲ့ဦးလေး.."

ဥမ္မာကျော်အဖေက သူ့ခြံထဲက လှမ်းနှုတ်ဆက်သဖြင့် စကားမဆက် နိုင်ဘဲ ပြန်နှုတ်ဆက်ရင်း.. ၊

"မဥမ္မာရေချိုးနေတာလားဟင်..မတွေ့လို့.."

"ဟုတ်သဗျာ..ရေချိုးနေပါတယ်၊ ဒါနဲ့သားအမိဒီနေ့ပြန်လာကြတာ

www.burmeseclassic.com

www.burmeseclassic.com



စောသလားလို့.."

"မဟုတ်ပါဘူးဦးလေးရဲ့..ပုံမှန်ပါပဲ.."

"ဦးလေးဦးကျော်.."

"ဟေး..လာဟေ့ ငါရှိတယ်.."

ဦးကျော်က ဒေါင်းနီကိုနှုတ်ဆက်လိုက်ရင်း ခြံဝဘက်ကိုထွက်သွားခဲ့လျှင်.. ၊

"မေမေ့.."

"ဟင်.."

"အဲ့ဒီဘဘကြီးက မေမေ့ကိုကြည့်နေတယ်.."

"စကားပြောနေတာပဲကြည့်ပြောတာပေါ့သမီးရဲ့.."

လေ့ကားရင်းမှာ ဖိနပ်ချွတ်ကြရင်း လွတ်အိတ်လေးပိုက်လျက် ဥဒေါင်းက ဦးကျော်ကိုပြန်လှည့်ကြည့်ကာ.. ၊

"မဟုတ်ဘူး..ဟိုနေ့က မေမေနောက်ဖေးမှာ အိမ်သာခေါင်မိုးဖာနေတုန်းကလေ.."

ဟင်.. ၊

အိမ်သာခေါင်မိုးဖာနေတုန်းက ဘေးကနေခုံခုပြီး သက်ကယ်ပျစ်အစားထိုးတာပါ။ ကလေးကသေချာပြောတော့ တွေးမိလာသည်။ အဲ့နေ့က အကျီ င်္ချါးတိုရင်စေ့နှင့် ထမီတိုတိုဝတ်ထားတာဖြစ်ကာ ခွေးခြေခုံလေးခုထားပေမယ့် မမှီတမီလုပ်ကိုင်နေရတာဖြစ်သည်။

မိန်းမသားတစ်ယောက် လက်မြှောက်ခြေဖျားထောက်ပြီး လက်လွတ်စပယ်အလုပ်လုပ်နေရတုန်း ဘယ်နေရာကနေ ဘယ်လောက်တောင်ကြည့်ရှုနေလို့ ကလေးကတောင် သတိထားမိရတာလဲ.. ၊

"အဲ့ဘဘကြီးက နောက်ဖေးမှာရပ်နေတာ မေမေ့ကိုကြည့်နေတာအကြာကြီးပဲ..ပြီးကိုမပြီးနိုင်တော့ဘူး၊ မီးမီးမကြိုက်ပါဘူး.."

ယောကျ်ားဆိုတာ ဘယ်အသက်အရွယ်ရှိနေနေ ယောကျ်ားဇာတိတော့ ပြကြတာပါပဲ။ ဒီလိုတွေကြုံခဲ့ရတာလည်း သူမအတွက်မဆန်းတော့ပါ။ ဒါပေမယ့် ကလေးမျက်လုံးထဲမှာ တစ်မျိုးတစ်မည်ခံစားမိလာတာမျိုးကိုတော့ မဖြစ်စေချင်ပေ.. ၊



စိတ်ထဲမှာဘဝင်မကျသလိုလို ဒေါသထွက်သလိုဖြစ်မိရင်း.. ၊

"အဲ့ဒီဘဘကြီးက ကျန်းမာရေးမကောင်းလို့ အပြင်တောင်သွားသွားလာလာ သိပ်မလုပ်နိုင်ဘူးသမီးရဲ့..သူ့ခမျာ အိမ်နီးချင်းတွေနဲ့ပဲ စကားပြောဖော်ရှိတာလေ၊ ဒါကြောင့်မေမေအလုပ်ပြီးရင် စကားပြောမယ်ဆိုပြီး စောင့်နေတာဖြစ်ပါလိမ့်မယ်.."

ကလေးထင်ရာတွေးမနေအောင် ပြောလိုက်ရပေမယ့် ဥဒေါင်းငယ်က အကင်းပါးသည့်ကလေးမို့ စိတ်တိုင်းကျသွားသည့်ပုံမရှိပေ။ ထို့ပြင်.. ၊

"မေမေ.."

"ဟင်.."

"မေမေက အဲ့ဘဘကြီးကို ယူမှာလား .ဦးဦးဆရာစိုးကိုယူမှာလား.."

"ဘယ်လို.."

မထင်မှတ်သည့်မေးခွန်းမို့ အံ့သြသွားသည့်နောက်မှာ မျက်နှာတစ်ပြင်လုံးပါ ပူနွေးသွားသလို စိတ်လည်းတိုသွားခဲ့သည်။

"ဘယ်လိုမေးလိုက်တာလဲသမီး..အဲ့ဒါတွေက ကလေးပြောရမယ့်စကားလား.."

မအေဒေါသထွက်သွားမှန်းသိတာနှင့် ဥဒေါင်းငယ်မျက်နှာငယ်လေးနှင့် မော့ကြည့်ကာ.. ၊

"မာမာနိုင့်အစ်မ ဝါဝါခိုင်ကပြောတယ်..နင့်အမေကိုဦးဦးဆရာစိုးကကြိုက်.."

"တော်စမ်း.."

ကလေးနဲ့မသက်ဆိုင်ပေမယ့် ဒီလိုစကားတွေအပေါ်မှာတော့ သူမဘယ်လိုမှသည်းမခံနိုင်.. ၊

"သမီးကိုမေမေခြံထဲမှာပဲ ဆော့ခိုင်းထားတာ..မာမာနိုင်တွေဝါဝါခိုင်တွေက ဘယ်ကကလေးတွေလဲ၊ ဒီလိုညစ်ပတ်တဲ့စကားတွေပြောမယ့် ကလေးမျိုး မူကြိုမှာမရှိဘူး.."

ဥဒေါင်းက အိမ်ပေါ်ကနေ ခြံထဲကိုလက်ညှိုးလေးမ[illegible]ရဲထိုးကာ..

"မီးမီးဆော့နေတုန်း ခြံအပြင်ကနေ သူတို့လည်း[illegible]ဆော့ကြတာ.."

ကြည့်စမ်း..ဒီလောက်ထိသီးသန့်ခွဲထုတ်ထား[illegible]တောင် ခြံတိုင်များ

www.burmeseclassic.com

www.burmeseclassic.com



ဖြဝင်ကြဦးမလားမသိ.. ။

"နောက်ကိုမဟုတ်တာတွေ လာပြောရင် သမီးကနားမထောင်ရဘူး သူတို့ကပ်လာလို့ရတဲ့ အဲ့ဒီခြစ်ည်းရိုးနားထိလည်း သွားမဆော့နဲ့တော့ ကြားလားသမီး.."

"ဟုတ်.."

ဥဒေါင်းက မအေကိုပဲမျက်လုံးဝိုင်းလေးတွေနဲ့ ကြည့်နေကာ အကြာ ကြီးတိတ်ဆိတ်နေပြီးမှ.. ။

"မေမေ့ကိုမီးမီးချစ်တယ်.."

မနက်အတွက် ဟင်းရွက်တွေခြွေထားမလို့ အိတ်ထဲကနေ ဇကာ လေးထဲသွန်ချနေစဉ် ဒေါင်းနီရဲ့လက်တွေ တုံ့သွားခဲ့သည်။ သမီးလေး က မအေစိတ်ဆိုးနေပြီထင်တိုင်း ချစ်တယ်လို့ပြောတတ်လေသည်။ ပြော ပြီးပေမယ့်လည်း မျက်နှာကိုပဲလိုက်ကြည့်အကဲခတ်နေတတ်လျက် မအေ့ မျက်နှာမကြည်သရွေ့ မကြာခဏပြောနေမှာပဲဖြစ်ကာ.. ။

"မေမေက မီးမီးကိုမချစ်တော့ဘူးလား.."လို့လည်း မေးတတ်၏။

ဒေါင်းနီနေရာမှာပဲ ထိုင်ချလိုက်ကာ သူမလေးကိုရင်ခွင်ထဲသွင်း၍ ပွေ့ဖက်ထားလိုက်ပြီး.. ။

"မေမေ့မှာ ဒီသမီးလေးပဲရှိတာ သမီးကိုမချစ်ရင် ဘယ်သူ့ကိုချစ်ရ မှာလဲ..ပြော.."

"မီးမီးကို စိတ်မဆိုးတော့ဘူးလား.."

"မဆိုးပါဘူး..ဒါပေမယ့် နောက်ကိုဒီနားကစကား ဘာတွေကြား ကြား နားမထောင်ရဘူး၊ မေမေ့အကြောင်းရော တခြားအိမ်နီးချင်းတွေအ ကြောင်းရော ဘာမှနားမထောင်နဲ့..သူတို့ပြောနေရင်လည်း ဘာမှဝင်မမေး နဲ့၊ လူတစ်ယောက်ရဲ့ကွယ်ရာမှာ သူ့အကြောင်းပြောတယ်ဆိုတာ အတင်း ပြောတယ်လို့ခေါ်တယ်.."

"ဖြည်းဖြည်းလေးပြောရင်ရော.."

"အတင်းအဖျင်းဆိုတာ အတင်းအတင်းတိုးကြိတ်အော်ဟစ်ပြောတာ ကို ဆိုတာမဟုတ်ဘူးလေ..ဘာနဲ့တူသလဲဆိုရင် အတင်းပြောတာဆဲတာ နဲ့တူတယ်၊ သမီးကိုတစ်ယောက်ယောက်က လက်ညှိုးထိုးဆဲနေရင် သမီး



ကြိုက်မလား.."

"ဟင့်အင်း.."

နားရွက်ကုတ်ဆံပင်လေးတွေ လှုပ်ခါသွားအောင် ခေါင်းခါလိုက်ရင်း ဥဒေါင်းက မော့ငေးနေ၏။

"ဒါဆို ငါ့ကိုငါ့ရှေ့မှာ မဆဲနဲ့..ကွယ်ရာမှာသွားဆဲလို့ရော သမီးပြော မလား.."

"မပြောပါဘူး..သူများကို သွားဆဲရင်လည်း ငရဲကြီးတတ်တယ်၊ ကိုယ့်ကိုလာဆဲရင်လည်း သူတို့ငရဲကြီးမှာပဲ..ဆဲတာမကောင်းဘူးတဲ့၊ တီ ချယ်ကပြောတယ်.."

"ဟုတ်တယ်..အတင်းအဖျင်းပြောတာလည်း ဆဲတာနဲ့တူတူပဲ၊ သူ့ မျက်နှာရှေ့မှာ သွားမဆဲဘဲ ကွယ်ရာမှာလာဆဲနေတာမျိုးပေါ့..ကိုယ့်ကို ကျတော့ ကွယ်ရာမှာသွားဆဲရင်တောင် မကြိုက်ဘူးဆိုရင် သူများလည်း ကြိုက်ပါ့မလား.."

ဥဒေါင်းက ခေါင်းလေးခါပေမယ့် အသံမထွက်တော့ပေ။ ဒါဆိုသမီး လေး သဘောပေါက်သွားပြီမှန်း သူမသိလိုက်သည်။ ထို့ကြောင့် သမီး လေးရဲ့ဆံစလေးတွေကို တယုတယသပ်တင်ပေးရင်း တင်းနေအောင်ဖက် ထားလိုက်ကာ.. ။

"အဲ့ဒီတော့ နောက်ဘယ်တော့မှ သူများအကြောင်းမပြောရဘူးနော်.."

"ဟုတ်.."

"သူတို့ကသမီးမေမေ့အကြောင်း ပြောနေကြတာ သမီးကဘာလို့နား ထောင်ရတာလဲ.."

မျက်နှာလေးကို ငုံ့ကြည့်မေးလိုက်တော့ နှုတ်ခမ်းလေးလှုပ်နေပေ မယ့် ဥဒေါင်းရုတ်တရက်မဖြေနိုင်။ သူမသိနေကြားနေတာတွေပေါ်မှာ ကလေးချင်းထပ်ပြောလာတော့ ဇဝေဇဝါအတွေးတွေဖြစ်သွားခဲ့တာ။ ကလေးအသိမို့ လိပ်ပတ်လည်အောင် မတွေးနိုင်ပေမယ့် ပတ်ဝန်းကျင်က မကြားတကြားစနောက်ကြတာတွေကို သမီးလေးမကြားဘဲနေမလား..။

စိုးရာကျော်နဲ့သူမ စကားပြောမိတိုင်း သူမနဲ့စိုးရာကျော်နှစ်ယောက် ကို မနီးမဝေးနေရာတွေမှာ မြင်လိုက်ရတိုင်း ဒီပတ်ဝန်းကျင်မှာ ရယ်သံ

www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်သည်။ ချောင်းဟန့်အချက်ပေးသံတွေ ထွက်၏။

"လူပျိုကြီးတော့နော်.."

"ကိုစိုး.."

"ဆရာစိုးရေ.."

"ငါတို့လူပျိုကြီးတော့ ဟိုဘက်ကမော်ဒယ်လ်ဂဲလ်ကိုမြင်မှ ရှာန် လျှော့ပြီထင်တယ်.." စသဖြင့်သော စကားသံတွေက ကလေးပေမယ့် ခံစား မိလောက်အောင် မိုးမွှန်နေခဲ့တာ.. ။

ထို့ပြင် ဦးကျော်ဆိုသည့်လူကြီးကလည်း မုဆိုးဖိုပီပီ မုဆိုးမကိုတော့ ရနိုင်သေးသည်လို့ မှန်းနေသေးသလားမသိ။ ဒါမှမဟုတ် ကွယ်ရာမှာ ယောကျ်ားချင်းဘာတွေပြောဆိုနေခဲ့သလဲ.. ။

သားအဖနှစ်ယောက်စလုံးနဲ့ စနောက်လာကြတဲ့အထိက အတော် လွန်လွန်းပါသည်။ ဒါတွေဟာ မုဆိုးမဖြစ်နေရခြင်းနဲ့သာ သက်ဆိုင်သည် ဆိုလျှင်.. ။

"မေမေ့ကို မီးမီးချစ်တယ်.."

"မေမေကလည်း ချစ်တာပေါ့.."

"မေမေ့.."

"ဟင်.."

"ဖေဖေက သေသွားပြီဆိုတော့ ပြန်မလာတော့ဘူးပေါ့နော်.."

"အင်း.."

"မေမေက ဖေဖေတစ်ယောက်ထပ်ယူမှာလားဟင်.."

"သမီးကယူစေချင်လို့လား.."

ဥဒေါင်းက တစ်ချက်လေးငေးသွားကာ.. ။

"မီးမီးက ဖေဖေလိုချင်တယ်.."

"သမီးဖေဖေက ဘယ်တော့မှပြန်မလာနိုင်တော့ဘူးလေ..မေမေက ယောကျ်ားထပ်ယူရင်လည်း သမီးရဲ့ဖေဖေဘယ်တော့မှ ဖြစ်လာမှာမဟုတ် ဘူး.."

ဥဒေါင်းမျက်နှာလေးညှိုးသွားသည်။ မတတ်နိုင်ပါ။ နုငယ်တဲ့အသ ထဲမှာပဲ တစိမ်းယောကျ်ားတစ်ယောက်ဟာ ကိုယ့်အဖေဘယ်တော့မှဖြစ်



မလာနိုင်မှန်း သမီးလေးနားလည်နေရမည်။ သမီးရဲ့အဖေနေရာကိုယူဖို့ အတွက် ဘယ်လိုတန်ဖိုးကြီးတဲ့အရာတွေနဲ့ သိမ်းသွင်းဖြားယောင်းပါစေ။ ဘယ်လိုယောကျ်ားကိုမှ သမီးမယုံစေရ။ သမီးလေးကို ပထွေးနဲ့ဘယ် တော့မှ မနေစေရဆိုသည့် ဆုံးဖြတ်ချက်က ခိုင်မာပြီးသားမို့ သမီးလေး ကိုယ်တိုင်က အဖေတစ်ယောက်အလိုရှိနေမည့် အတွေးမျိုးမတွေးစေချင်..

ကိုယ့်အတွက်အိမ်ထောင်ဘက်ရှာဖို့က လွယ်သည်။ ကိုယ့်ကိုတန်ဖိုး ထားဖို့ ချစ်ဖို့ဆိုတာလည်း ကိုယ့်ရဲ့ကံတရားပါပဲ။ ဒါပေမယ့် ထိုယော ကျ်ားတွေကသမီးအတွက် အဖေဖြစ်မလာနိုင်ပေ။ ကလေးငယ်လေးကျ တော့ ရိုးသားသယောင်ပြမည်။ ဖွံ့ဖွံ့ထွားထွားလှလှပပလေးဖြစ်လာတော့ ရမ္မက်ဆန်သည့်အကြည့်တွေနဲ့ ဖြစ်လာမည်။

"မင်းမိန်းမယူတာ လိုက်ပွဲလေးပါပါတာပါလား..ပွတာပဲကွ.." ဆို သည့် စရိုက်ဆန်သောညစ်ပတ်သည့် အပြောမျိုးတွေ သမီးကိုနားမျှလေ သံတောင် မကြားစေရ.. ။

"သမီးမှတ်ထားရမယ်နော်..သမီးမှာအဖေမရှိတော့တဲ့အတွက် အဖေ ရှိနေတဲ့လူတွေကို လိုက်ကြည့်ပြီး အားမကျရဘူး..လောကမှာရင်းစားမရ နိုင်တဲ့အရာဟာ မိဘနှစ်ပါးပဲ..မရနိုင်တာကို လိုချင်နေတဲ့လူက ရူးနေတာ နဲ့တူတယ်.."

ပြောရင်း သမီးမျက်နှာလေးကို မော့ယူလိုက်ပြီး ချစ်မြတ်နိုးစွာပြုံး ပြရင်း.. ။

"မေမေက သမီးအတွက် အဖေရင်းဖြစ်လာမှာမဟုတ်မှန်းသိရက်နဲ့ ဘယ်ယောကျ်ားကို ထပ်ယူရမှာလဲ..သမီးလေးကို မေမေ့အသက်နဲ့ထပ် တူချစ်တယ်၊ သမီးမျက်နှာလေးကို မြင်နေရရင် မေမေအမောပြေတယ်.."

ဥဒေါင်းမျက်နှာလေး ပြုံးလာကာ.. ။

"အဲ့ကြောင့် မီးမီးကိုမေမေ့အမောပြေလေးလို့ ခေါ်တာလား.."

"ဒါပေါ့.."

"မီးမီးလည်း မေမေ့ကိုချစ်တယ်.."

"ဒါဆို သမီးက မေမေနဲ့နှစ်ယောက်တည်းနေရတာကို မပျော်နိုင် သလိုမျိုး ဖေဖေလိုချင်တာတွေဘာတွေ ထပ်မပြောနဲ့တော့နော်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်..မီးမီးမပြောတော့ဘူး.."

"ဟုတ်ပြီ..အခု မေမေအဝတ်လျှော်ဦးမယ်၊ သမီးကတီချယ်အိမ်စာ ပေးလိုက်တာတွေလုပ်.."

"မီးမီးက မေမေအဝတ်လျှော်ပြီးရင် တူတူထမင်းစားဖို့ ထမင်းချူး ထားရမလား.."

"မချူးရဘူး..မေမေပြီးမှ ပြင်ပေးမှာ.."

"မေမေမောနေမှာပေါ့..မီးမီးထမင်းချူးတတ်ပါတယ်ဆို၊ မေမေတန်း စားလို့ရအောင် ချူးထားမယ်လေ..မေမေပြီးရင် မီးလေးရေထမင်းချူးတော့ လို့အော်ပြောလိုက်.."

"အဟွန်း.."

ဒီသမီးလေးက မအေကိုကူညီချင်လိုက်တာလည်း ပျာလို့ပါ..သား အမိနှစ်ယောက်ဘဝဟာ ပူလည်းခဏမို့ ဒေါင်းနီကိုယ့်ဘဝကိုယ် မကျေ နပ်ပေမယ့် နေတတ်ခဲ့သည်။ အရာရာဟာသမီးလေးရဲ့မျက်နှာလေးနဲ့ ချမ်းမြေ့နေခဲ့လျှက်.. ၊

➤ ➤

အခန်း(၁၂)

"မင်းတို့အဖေနေစိမ့်လွန်းလို့ ဒီအမေက သားတွေသမီးတွေမျက်နှာ ချမ်းမြေ့နေခဲ့ရတာပါ..ခုတော့ နင်တို့တွေက.."

"ဘာလို့သိမ်းကျုံးပြောနေတာလဲမေမေ..မေမေ့သမီးကိုမေမေ.."

"မေမေ့သမီးကလည်း မင်းညီမပဲလေ..လမင်းရှိနေရင် ဘာဖြစ်ဖြစ် တိုင်ပင်လို့ရသေးတယ်၊ မင်းကတော့ မင်းအဖေလိုပဲ..အလုပ်ရှိရင်လုပ်နေ တယ်၊ မရှိရင်ထင်သလိုနေတယ်.."

"ကျွန်တော်ထင်သလို မနေပါဘူး..ကွန်ပျူတာရှေ့မှာ ထိုင်မနေတိုင်း အလုပ်မလုပ်တာမှမဟုတ်တာ၊ မေမေမနိုင်မနင်းဖြစ်နေတဲ့ အလုပ်တွေအခု အဆင်ပြေနေတာ ဘယ်သူကူနေလို့လဲ.."

ဒေါ်သင်းသင်းနေရာမှာ ထရပ်လိုက်ကာ ဘာမှမသိသလိုပြောနေ သည့် သားမျက်နှာကို စေ့စေ့ကြည့်၍ အနားလျှောက်လာကာ.. ၊

"မေမေအခုပြောနေတာ အလုပ်တွေမနိုင်လို့ မဟုတ်ဘူး.."

"အဲ့ဒါပိုဆိုးတယ်မေမေ..ရန့်ကိစ္စတွေ ကျွန်တော့်ကိုအားမကိုးနဲ့.."

"ဪ..ဪ တစ်ခါတည်းပိတ်ပြောလိုက်တာ.."

"မေမေပဲစဉ်းစားကြည့်ပါဦး..လမင်းနဲ့သူက အထက်အောက်မတိမ်း မယိမ်းတွေ၊ ကျွန်တော်က အစ်ကိုအကြီးဆုံး.."

"အစ်ကိုအကြီးဆုံးဖြစ်တဲ့လူတွေက ကိုယ့်မွေးချင်းမောင်နှမကိစ္စတွေ မဆိုင်သလိုနေကြရောလား.."

"ကျွတ်.."

www.burmeseclassic.com

www.burmeseclassic.com



"အခု မင်းညီမနဲ့ဟိုဆရာဝန်အခြေအနေက.."

"မေမေ့.."

"မင်းမကြားချင်လို့မရဘူး..မေမေ့မှာပြောစရာ မင်းပဲရှိတာ.."

ဒေါ်သင်းသင်းအသံက တိုးကျသွားကာ နံရံကပ်မှန်ထဲမှာပေါ် သည့် ကိုယ့်ပုံရိပ်ကိုလှမ်းမြင်ပြီး လုံးဝတိတ်ကျသွားခဲ့၏။ ရွှေငွေစည်းစိ အလျှံတဝင်းဝင်းနှင့် ကြွယ်ပိုးကြွယ်ဝနေပေမယ့် စိတ်မချမ်းသာရတ ဘယ်လိုဝဋ်ကြွေးတွေလဲ.. ။

သူမကိုယ်မှာ စိန်တွေသီးနေသည်။ ရှာသမျှငွေတွေရွှေတွေပဲဖြစ် လို့ လုပ်ငန်းတွေဘယ်လောက်တိုးပွားရင်နိုးပါစေ အိတ်ထဲမှာလျော့ပါ သွားတာမရှိ။ သို့သော် စီးပွားရေးတွေတစ်ရှိန်ထိုးအောင်မြင်လာတည်း ခင်ပွန်းဖြစ်သူက ငွေမှငွေ.. ။

ငွေနောက်လိုက်ရင်း မြို့ကြီးတွေမှာ ပွဲရုံတွေထောင်သည်။ နိုင်ငံခြာ ထိ အဆက်အသွယ်ကောင်းတွေနဲ့ ဖက်စပ်တွေလုပ်၏။ မသိရင် 'သင်း ဒေသာ'ဟာ နယ်မြို့လေးမှာ အခြေတည်နေတဲ့ စီးပွားရေးအုတ်မြစ်ပါ တာ ယုံချင်စရာတောင်မရှိ.. ။

ဒါပေမယ့် ဒီမိသားစုထဲမှာ ခြောက်သွေ့နေခဲ့တာကို ဘယ်သူမှမသ ကြပေ။ မိုးလင်းကမိုးချုပ် ငွေတွေအပြည့်နဲ့အံဆွဲတွေ အထပ်လိုက်စား ကြီးနောက်မှာ သူမထိုင်သည်။ မဟုတ်လျှင် သော့တွဲတွေတစ်နင့်တစ်ပိုး သည့် လက်ပွေ့အိတ်ကြီးပေါင်ပေါ်တင်ကာ ကုန်ကားတွေဝင်တာထွက် တာကိုကြည့်ဖို့ ခြံရှေ့စက္ကူပန်းပင်နဲ့ခုံဝိုင်းကြီးပေါ်မှာ ထိုင်စောင့်ရသည်

ရန့်ရှိနေရင် အဆင်ပြေပေမယ့် ဘယ်တော့မှလည်းမရှိခဲ့ပေ။ ကျောင် မပြီးသေးတော့ ကျောင်းသူမို့အိမ်မှာမရှိ။ ကျောင်းပြီးသွားတော့ ပညာ လို့ အရွယ်ရောက်လို့ ပြောဆိုတားမြစ်လို့မရသည့် လမ်းကြောင်းတွေမှ မသိအောင်တစ်မျိုး သိအောင်တစ်မျိုးသွားနေတတ်သည်။

ဒီအမေဆီကမုန့်ဖိုးတောင်းလိုက် ရန်ကုန်ကိုလှမ်းပြီး အဖေဆီက တောင်းလိုက် အစ်ကိုတွေဆီကတောင်းလိုက် စိတ်အကြိုက်အိတ်နှိုက်သုံ ဖို့အတွက် တာဝန်ကျေသည်။ ဒေါ်သင်းသင်းနံဘေးမှာ သိမ့်ချစ်သာရှိ နေခဲ့လျှင် ဘယ်လိုနေမလဲ.. ။



ကိုယ့်အဖြစ်ကို တွေးတောင်မတွေးချင်.. ။

"ခွန်း.."

"ဟုတ်..ပြောမေမေ.."

ဒီစကားပြန်စဖို့ခေါ်လိုက်တော့ ခွန်းကဖုန်းလာနေသဖြင့် မအေကို လည်းထူးသည်။ ဖုန်းလည်းပြေရင်း.. ။

"အေး..လမင်း ကိုကြီးပြန်ခေါ်လိုက်မယ်၊ မေမေနဲ့စကားပြောနေလို့"

ဖုန်းပြန်ပိတ်လိုက်ပြီးမှ.. ။

"မေမေ ဘာလဲ..ပြောလေ.."

"မင်းတို့သားအဖပိုက်ဆံရှာနိုင်တာ မေမေဝမ်းသာပါတယ်..လမင်း ကိုတောင် မင်းအစ်ကိုလိုကြိုးစားပါလို့ ဆုံးမခဲ့သေးတယ်၊ ဒါပေမယ့် အခု မင်းကိုပဲ မေမေလိုချင်တယ်..မင်းတို့အမေ ဘယ်လောက်ပင်ပန်းနေပြီလဲ တစ်ချက်လောက် ငဲ့ကြည့်ပေးစမ်းပါ.."

ခွန်းစိတ်မကောင်းဖြစ်သွားရသည်။ ရန့်ကိုမိုက်လိုက်တာလို့ ရေရွတ် ညည်းတွားနေပြီး မေမေ့လက်ထဲမှာ စာရင်းဇယားတွေလည်း မချပါလား လို့ ခါတိုင်းဆိုပြန်မေးမိမှာပေမယ့် ခုတော့မမေးရက်နိုင်.. ။

"မေမေတို့မှာ ရွှေတွေငွေတွေ အလျှံပယ်ဖြစ်နေပြီမို့လား..ဒါတွေခဏ ရပ်ပြီး ရန့်ကိစ္စကို အကောင်းဆုံးဖြစ်အောင် အာရုံစိုက်ပေးလို့မရဘူးလား၊ မင်းအဖေက ဒီမိန်းမနဲ့တောင်စကားပြောချိန်မရတော့ဘူး..မင်းညီက ရန် ကုန်ရောက်သွားရင် ပြန်မလာချင်ဘူး၊ မင်းပြန်လာတာရော ဘာအတွက် လဲ.."

ခွန်းလက်မနဲ့ မျက်ခုံးခြစ်ရင်း တစ်ဖက်လှည့်သွားသည်။ ဒေါ်သင်း သင်းက ထိုမျက်နှာကိုပဲ လိုက်ကြည့်နေကာ.. ။

"ပြောလေ..အလုပ်ကိစ္စဆိုတာ ခေါင်းစဉ်တစ်ခုပဲမို့လား.."

"ခေါင်းစဉ်တစ်ခုအောက်မှာ ဒေတာတွေအပြည့်ပဲမေမေ..ဖေဖေနဲ့ ကျွန်တော်တိုင်ပင်ထားတာ၊ အဝေးပြေးလိုင်းမှာ.."

"သိတယ်..မင်းတို့အဝေးပြေးကားတွေ ထောင်ကြမယ်၊ အဲဒါတွေ ကြောင့် သင်းပဒေသာက အင်အားကြီးလာဦးမယ်..ဒါပေမယ့်အခုအဲဒါ တွေကို ငါမလိုချင်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"လိုချင်တိုင်းမရဘူးဆိုတာ မေမေကပိုသိပါတယ်..ကျွန်တော်တို့
သလောက်ရနေတာတွေကို မေမေမလိုချင်ပါဘူးဆိုလည်း ဖြစ်ချိန်တန်
သမျှ ဖြစ်နေမှာပဲ..ကိုယ်လိုချင်တာနဲ့ မလိုချင်တာကို လဲယူလို့သာရမ
ဆိုရင် လောကဓံတရားဆိုတာ ဘယ်မှာရှိလာမှာလဲ..မေမေဘယ်လော
ချမ်းသာနေနေ ချမ်းသာတာကိုမမက်တဲ့သူက.."

"ချမ်းသာတာကို မမက်တဲ့သူမရှိဘူး..ငါ့ရှေ့မှာကဗျာတွေ လာရွ
မနေနဲ့၊ မျိုးသိပ်ကြိတ်ကြဲတဲ့လူနဲ့ လောဘတကြီးကုန်းကျုံးရှာတဲ့သူ ဒါ
ကွာတယ်.."

"အဲဒါမေမေနည်းနည်းလွဲနေပြီ..လူတိုင်းအတွက် ချမ်းသာမှုချည်း
အဓိကဖြစ်မနေလို့ မေမေ့သမီးနဲ့ဒေါက်တာပိုင်သူ အဆင်မပြေကြတာ..

"ဘာ.."

ခွန်းက မှန်ပြတင်းဘက်လှည့်၍ လမ်းပေါ်ကိုငေးနေရင်း.. ၊

"ကျွန်တော်သိတယ်မေမေ..ယောက်ျားလေးချင်း သတင်းစကားကို
စမ်းနေဖို့မလိုဘူး၊ အဲ့ဒီဒေါက်တာက စေ့စပ်ထားတဲ့မိန်းမရှိတယ်..အဲ့ဒီမိ
မကလည်း ဆရာဝန်ပဲ၊ သူတို့ချင်းလည်း အဆက်အသွယ်အမြဲရှိတယ်
ဘာဒေးညာဒေးတွေမှာ အထိမ်းအမှတ်တွေပို့ကြယူကြတာတွေရှိတယ်
တာ သိတဲ့လူတွေအများကြီးပဲ.."

"ဘုရား..ဘုရား.."

ခွန်းက ဒီဘက်ကိုခပ်ဖြည်းဖြည်းလှည့်လာကာ.. ၊

"အဲ့ဒါမေမေတွေးကြည့်လေ..မေမေ့သမီးအတွက် ကျွန်တော်ကဘ
လုပ်ပေးရမှာလဲ၊ အစ်ကိုတစ်ယောက်နဲ့ ဒီအခြေအနေကို ကျွတ်.."

ခွန်းမျက်နှာ အနီရောင်သမ်းလျက် ကျွတ်ခနဲဖြစ်သွားသည်။ ဒေါ်
သင်းသင်းရန်ခုန်သံတွေ မြန်လာကာ ဘာကစပြီးစကားပြန်ဆက်ရမ
တောင်မသိတော့ပေ။ ဒါဆို ရန့်တို့အခြေအနေမှန်ကို တဆုံးထိသိနေ
လား.. ၊

'ယောက်ျားချင်းသတင်းစကားကို စုံစမ်းနေဖို့မလိုဘူး'ဆိုတော့ သ
ရဲ့မိတ်ဆွေတွေ သူငယ်ချင်းတွေပါ ဒါတွေကိုသိနေကြတာလား..။ မဖြ
ဘူး..။ ဒီအတိုင်းနေလို့မရတော့ဘူး.. ၊



ဒေါ်သင်းသင်းဘာမှမပြောတော့ဘဲ အခန်းပြန်ထွက်ခဲ့လျှင်.. ၊

"အမေ..မမက အလုပ်မဆင်းတော့ဘူးဆို.."

"ဘာလို့မဆင်းတာလဲ..ဘာမှလည်း ကြိုမပြောဘဲနဲ့.."

"သူ့အမေ့ကိုပြောပြီးပြီတဲ့..သမီးလည်းမသိဘူး၊ မေစိုးတို့သူ့သူတို့
ပြောလို့.."

"ဘယ်လိုတွေတောင် ဒုက္ခပေးနေကြတာမှန်း မသိပါဘူး ငါ့နယ်နော်
..ဘယ်လိုမာနတွေနဲ့ ဒီလောက်တောင်အကြောတင်းနေကြတာလဲ၊ ဖုန်း
ပေးစမ်း..ဩော် ငါဘာသာပဲပြောတော့မယ်.."

ဒေါ်သင်းသင်းချက်ချင်း အခန်းထဲပြန်ဝင်လာခဲ့လျှင် ခြေလှမ်းတွေ
တုံ့သွားခဲ့၏။

"အပိုတွေမာနမပြနဲ့လို့ မင်းကိုငါပြောပြီးသား.."

"............"

"ဒီမှာအလုပ်တွေပိနေတုန်း လုံးဝထွက်လို့မရဘူး.."

"................"

"ဘာလဲ..ဒီထက်ပိုပြီး ဘာဖြစ်ချင်တာလဲ.."

"..................."

"ဟွန်း..မင်းသိဖို့ပဲလိုတာ.."

'အိုခေ'ပြောပြီး ဖုန်းချလိုက်တဲ့အထိ ဒေါ်သင်းသင်းအံ့ဩမပြေစွာ
ရပ်ကြည့်နေခဲ့ပြီး.. ၊

"မင်းနဲ့ဒေါင်းနီက အဲ့လောက်ထိ.."

"သူငယ်ချင်းလိုပါမေမေ.."

"မယုံဘူး.."

"ယုံတာမယုံတာကို သက်သေပြဖို့က အချိန်ကာလတစ်ခုလိုတယ်..
မေမေ့သားကိုယုံကြည်ပြီး ခဏလောက်စောင့်ကြည့်နေပေးပါ.."

"ခွန်း..ဒါအလောင်းအစားတစ်ခုမဟုတ်ဘူး.."

"အလောင်းအစားမှာ အကျိုးအမြတ်တွေပါတယ်မေမေ..ကျွန်တော်
နဲ့မေမေ ဘယ်သူ့မှာမှ အကျိုးမရှိတဲ့အလောင်းအစားတွေ လုပ်ဖို့လည်းမ
လိုဘူး၊ ဒုက္ခရောက်နေတဲ့မိန်းမတစ်ယောက်ကို နစ်မြှုပ်မသွားအောင် လက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်းပေးရှုလေးပါ..ဒေါင်းနီက မေမေ့အလုပ်သမားဖြစ်သလို မေ မေ့ချွေးမရဲ့အစ်မအရင်းကြီး.."

"ဒါကြောင့် သူ့ကိုအခွင့်အရေးတွေအများကြီး ပေးခဲ့ပြီးပြီ.."

"ကျွန်တော်နဲ့ချစ်ခဲ့ဖူးတယ်ဆိုတော့ မေမေနှင်ထုတ်လိုက်တာပဲ.."

"သူ့ဟာသူထွက်သွားတာခွန်း..မင်းကမအေကို ဒါတွေနဲ့.."

"မဟုတ်ဘူးမေမေ..ကျွန်တော်ပြောချင်တာက မေမေ့စိတ်ကိုနည် နည်းလျှော့ထားပေးရှုပါ၊ မေမေကိုယ်တိုင်လည်း အမျိုးသမီးရေးရာဥက္က တစ်ယောက်ပဲ..ကလေးတစ်ယောက်နဲ့ရုန်းကန်နေရတဲ့ မိန်းမသားတ ယောက်ကို စာနာစိတ်နဲ့ကြည့်ပေးပါ.."

ဒေါ်သင်းသင်း ရင်နာသွားမိသည်။ သားတွေမွေးခဲ့ရတာ အချိန်တ တော့ သူများသားသမီးကို ထမ်းပိုးထွက်ခွာကြဖို့လား..။ သူတို့နှစ်သ မြတ်နိုးနေတာလေးတွေလာပြီဆို အမေလည်းမကြည့်။ အစ်မနှမဆိုတ လည်း သူစိမ်းပြင်ပြင်.. ၊

ဒါဆိုသမီးကျတော့ရော.. ၊

ရန့်ကိုတွေးကြည့်လိုက်တော့ ရင်ထဲမှာပူလောင်သွား၏။ သမီးလေ ရယ်လို့ မအေကိုသိတတ်လိုက်တာဆိုတာ ဘယ်နေရာမှာရှိခဲ့သလဲ..။ တွေ ကြည့်လေ နာကျင်ရလေသာ။ သားကံသမီးကံကောင်းကြသည့် မိဘတွေ ထဲမှာ သူမဘာကြောင့်မပါခဲ့တာလဲ.. ၊

လောကမှာပြည့်စုံတဲ့သူမရှိဘူးဆိုတာ ဒီလိုဆင်းရဲခြင်းတွေကို ခေ တာလား.. ၊

"ကျွန်တော်ကမပြတ်သေးရင်တောင် ဒေါင်းကကျွန်တော့်ကို ဘယ တော့မှ စိတ်ကူးမှာမဟုတ်ဘူးမေမေ.."

ဒီစကားကြောင့် ဒေါ်သင်းသင်းမျက်နှာတင်းတင်းနှင့် မော့လာသည်

"ဘာပြောတယ်ခွန်း.."

မေးလိုက်ပြီး မဲ့ကာ.. ၊

"ဒေါင်းနီအပေါ်မှာ မင်းအဲ့လောက်တောင် အထင်တကြီးရှိနေတ လား.."

"မေမေရာ.."



ဘာတွေပြောပြော မေမေနဲ့အဆင်မပြေဖွယ်တွေချည်း ဖြစ်နေရသ ဖြင့် ခွန်းစိတ်ညစ်သွားမိကာ.. ၊

"အခုကျွန်တော်တို့ဒေါင်းနီအကြောင်းပြောကြမလား..ရန့်အကြောင်းလား"

"ဒေါင်းနီအကြောင်း ငါမကောင်းပြောရင် မင်းကခုခံချေပမယ်..ရန့် ကို ကြည့်ရှုပေးပါပြောရင် ခေါင်းရှောင်သွားမယ်၊ အဲ့ဒီတော့ ငါဘယ်သူ့ အကြောင်းပြောသင့်သလဲ မင်းပဲဆုံးဖြတ်ပေးပါဦး.."

"ဒေါင်းနီက သူ့ကလေးအတွက် တာဝန်ကျေဖို့ သူကြိုးစားနေတာ ပါ..မေမေကသာ ကျွန်တော်နဲ့တစ်မျိုးထင်ပြီး အမြင်စောင်းနေတာ.."

"ဩော်.."

"ပြောပြတာပါ.."

"အေးပါ..ပြောပြပါဦး.."

"ဒေါင်းနီနဲ့မေမေတို့ အရင်အတိုင်းပဲရှိနေပေးပါမေမေ..သူများရင် ထဲမှာ ဘယ်လိုရှိနေမှန်းမသိဘဲ အထင်သေးနေတာ မကောင်းပါဘူး၊ ကိုယ့်အထင်ကြောင့် သူများနစ်နာသွားရင်လည်း ကိုယ်ပဲအပြစ်ဖြစ်ပါ တယ်.."

"ဟုတ်ပြီ..အဲ့ဒါကဒေါင်းနီအတွက်၊ ပြောလေ...မအေကိုဘာလုပ်စေ ချင်တာလဲ.."

"ကျွန်တော်နဲ့ပြန်ငြိသွားမလားဆိုတဲ့ သံသယကြီးနဲ့ မဆက်ဆံပါနဲ့."

"ပြန်မဆက်ပါဘူးလို့ရော မင်းကတိပေးနိုင်သလား.."

"ပြန်ဆက်တယ်ဆိုတာက အဆင်ဆိုးတယ်မေမေ..အဲ့ဒီစကားက ဆက်ဆံရေးတစ်ခုခုနဲ့ ရောထွေးသွားရင် မေမေကျွန်တော့်ကိုအထင်လွဲ ဦးမှာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က သူငယ်ချင်းမိတ်ဆွေလို တော့ အဆက်အဆံမပြတ်ရှိနေကြမှာပဲ..ဒေါင်းနီကို မေမေနည်းနည်း လောက်ယုံကြည်လိုက်ပါ၊ သူက မေမေထင်နေတဲ့မိန်းမမျိုးမဟုတ်ဘူး.."

ကိုယ့်သားဒီစကားကိုပဲ ထပ်တလဲလဲပြောရဲနေတာ ဒေါင်းနီကိုယုံ ကြည်မှုတွေလွန်ကဲနေတာလား..။ ဒါမှမဟုတ် ဒေါင်းနီက သူ့မှာအလုပ် မလုပ်ချင်တော့သလို သူ့ချွေးကိုယ်တိုင်က တောင်းပန်ခေါ်ယူရတဲ့အဖြစ် မျိုးရောက်အောင် တမင်ထွင်နေတာလား.. ၊

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ ရှုပ်ထွေးလာသည်။ သူတို့အဖေနဲ့ဖုန်းခဏပဲပြောလိုက်ရသည်။ ပြောမိတာက ခေါင်းနီကြောင့် ရှင့်သားပြန်လာတာဆိုပြီး ခေါင်းနီအကြောင်းပဲဖြစ်ခဲ့၏။ ထိုအခါ.. ။

"အရွယ်ရောက်နေပြီဖြစ်တဲ့ သားတစ်ယောက်ကိုဆယ်တန်းကျောင်းသားလေးလို ချုပ်ကိုင်ချင်လို့တော့ မရဘူးသင်း..မဖြစ်စေချင်တာကို ဖွတ်မတားနဲ့၊ မင့်သားနဲ့မင်းပိုပြီး ဝေးကွာသွားတာပဲရှိလိမ့်မယ်.."တဲ့.. ။

ဒေါ်သင်းသင်းငိုင်တွေနေမိလေသည်။ ခေါင်းနီအကြောင်းကိုလည်း မသိလို့တော့မဟုတ်ပါ။ ဒါပေမယ့် ကိုယ့်ဘာသာသိနေတဲ့အတိုင်း လျှော့ပေါ့နားလည်ပေးနိုင်သည်။ သားကနားလည်လွှန်းနေတာကိုတော့ မနှစ်မြို့နိုင်.. ။

"မေမေ.."

ခွန်းက ဒေါ်သင်းသင်းလက်ကိုသွားဆွဲပြီး ဆိုဖာမှာအတူထိုင်လိုက်ကာ.. ။

"ရန့်ကိုကျွန်တော်မေးကြည့်ပါမယ်..ပြဿနာတစ်ခုရှိလာရင် ဖြေရှင်းဖို့နည်းလမ်းလည်းရှိတယ်မေမေ၊ ဒါကိုအကြီးကြီးတွေးနေရင်တော့ မေမေစိတ်ချမ်းသာနိုင်မှာမဟုတ်ဘူး.."

"စိတ်ချမ်းသာအောင် ဘယ်လိုနေရမလဲခွန်းရယ်..ငါကမအေလေ.."

"အမေမို့ဖြေရှင်းရမယ့် တာဝန်ကြီး မေမေ့မှာပဲရှိနေတာမဟုတ်ပါဘူး..ဒါကမိသားစုဖြေရှင်းရမယ့် ကိစ္စပါ၊ မေမေတွေးရမှာက ဒါကမိဘတိုင်း ခေါင်းခဲရတဲ့ပြဿနာမျိုးပဲ.."

ဒေါ်သင်းသင်းမျက်နှာ ကူကယ်ရာတွေ့သွားသလို စိတ်သက်သာရာရသွားသည့် ကြည်လင်မှုတွေပြန်ဖြစ်လာသည်။

"အထုပ်တစ်ထုပ်လိုပဲ ပခုံးပေါ်ကောက်ထမ်းလိုက်ရင် လေးတာ ပေါ့တာနှစ်ရပ်ပဲ ခံစားမိမယ်..အထုပ်ထဲမှာ ဘာတွေပါနေသလဲဆိုတာတွေးမယ် ဖြည်ကြည့်မယ်ဆိုရင်တော့ ဒါတွေတောင်လားဆိုပြီး အဲ့မှာဆယ်မျိုးလောက်ပါနေရင် ဆယ်မျိုးစာထမ်းနေရသလို ပိုပင်ပန်းမှာပဲ.."

"အေးပါ..မင်းသာမေမေ့ကို ပစ်မထားပါနဲ့၊ မင်းညီမလေးကိုရအောင်စည်းရုံးစမ်းပါ.."



လွန်ကျုံကုန်ပြီဆိုတာ သိနေပေမယ့် ဒီလိုပြဿနာကိုဘယ်လိုကိုင်တွယ်ဖြေရှင်းရမယ်ဆိုတာ ကိုယ့်သမီးကျမှ ဦးနှောက်ကအမှောင်ဖုံးနေသလို ဘာဆိုဘာမှမတွေးနိုင်.. ။

အနားမှာတိုင်ပင်ရမယ့်သူကိုတွေးလိုက်တော့ မြင့်ယောင်လိုက်တာ သိမ့်ချစ်.. ။

➤➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

အလုပ်ထွက်ဖို့ဆုံးဖြတ်ပြီးကာမှ သိမ့်ချစ်ကတောင်းပန်နေသည်။ တစ်ပတ်လောက်တော့ ဆင်းလိုက်ဦးမည်လို့တွေးပြီး လာခဲ့တော့လည်း ဒေါ်သင်းသင်းကခေါ်ပြီး ပြောခဲ့၏။

"ငါတို့မှာ အလုပ်တွေမနိုင်..အိမ်တွင်းရေးပြဿနာတွေဖြစ်နဲ့ ဗျာများနေကာမှ ဘယ်လိုတွေပညာပြနေတာလဲဒေါင်းနီ၊ ညည်းလည်း ဒီမှာမိသားစုလို နှစ်နဲ့ချီပြီးနေသွားတာပါ..'ငါ့ထီးအရိပ်ငါခိုတယ်၊ ငါ့ဖိနပ်ကိုငါနင်းတယ်' ဆိုတဲ့မာနတွေလား.."

လို့မေးလာတော့ ငြင်းရခက်ခဲ့သည်။ စိတ်ကူးခဲ့တာက ခွန်းနဲ့ယုံထင်ကြောင်ထင်တွေဖြစ်တိုင်း အထင်မြင်သေးသည့်အကြည့်တွေ ဟိုလိုဒီလိုအပြောတွေ ခံရမည့်အရေးက ကာကွယ်နိုင်ဖို့ဖြစ်ကာ ချစ်ကိုလည်း စိတ်မဆင်းရဲစေချင်။ ဒါပေမယ့် ဆက်လုပ်ရဦးမည်ဆိုတော့လည်း သူမစိတ်မချမ်းသာနိုင် ဖြစ်နေမိလေသည်။

"ခုတစ်လော လိုင်းပေါ်တက်လာတာ မုဒိန်းမှုတွေချည်းပဲနော်.."

အလုပ်သမတွေခေါင်းချင်းဆိုင်ကြပြီဆို ပြောကြတာ ဖေ့စ်ဘွတ်ခ်အကြောင်း.. ၊

"ဟုတ်ပဟယ်..အရွယ်ရောက်နေတဲ့ မိန်းကလေးတွေကျတော့ တက္ကစီသမားတွေက စော်ကားတယ်.."

"တက္ကစီသမားတိုင်းမဟုတ်ပါဘူးတဲ့အေ..ငါ့ဦးလေးရန်ကုန်က အလည်လာတော့ အဲ့ဒါတွေငါမေးကြည့်ပါတယ်.."



"ဒါပေါ့ဟဲ့..တက္ကစီသမားတိုင်း ယုတ်မာနေတာတော့ မဟုတ်ဘူးပေါ့၊ တက်လာတဲ့သတင်းမှာ တက္ကစီသမားက စော်ကားတာဆိုတော့ ဒီလိုပဲ သိမ်းကျုံးပြောဖြစ်တာပေါ့..တကယ်ပါပဲ သူ့ပြန်ရှင်းနေရတာနဲ့ ပြောရတာ အရသာပျက်လိုက်တာ.."

"မပျက်ပါနဲ့အေ..ပြောပါ၊ ကျုပ်ကညည်းတို့လို ဖုန်းပွတ်ခွင့်မရှိတဲ့သူပါ..ညည်းတို့က အိမ်ရောက်တာနဲ့ဖုန်းပြေးကိုင်လို့ရတယ်၊ ကျုပ်က ဖုန်းကိုမကိုင်တတ်တော့ ဘာမှလည်းမသိပါဘူး.."

အလုပ်ထဲမှာ အကျိုးအကြောင်းဖုန်းပြောခွင့်ရှိပေမယ့် ဖုန်းကိုင်ပြီးအချိန်ဖြုန်းနေလို့တော့ မရပေ။ ဒါတောင် ဒေါင်းနီစာရေးမဖြစ်လာကာမှ အလုပ်လုပ်ရင်း စကားပြောခွင့်ရလာတာဖြစ်သည်။ အရင်စာရေးမနဲ့မန်နေဂျာရှိနေတုန်းက စကားများရင်များပြန်ပြီ။ ခဏခဏထရင်ထနေပြန်ပြီနှင့် နှစ်ယောက်စလုံးက တစ်ချက်မှမျက်ခြေပျက်မခံ.. ၊

ဒေါင်းနီကတော့ သူ့ဌေးရဲ့အစ်မပီပီ ပြောရဲဆိုရဲလည်းရှိကာ.. ၊

"လွန်ကျွံလာတဲ့အထိ ကျွန်မလည်းကြည့်မနေပါဘူးအန်တီ..စကားပြောနေရတာလည်း တက်ကြွမှုတစ်မျိုးပါပဲ၊ အလုပ်အပေါ်မှာ ငြီးငွေ့စိတ်မဖြစ်ရုံတော့ ပြောခွင့်ပြုပေးပါ.."လို့ ဒေါင်းနီကတင်ပြပေးခဲ့၏။

"ဟဲ့..ဒေါင်းနီလှမ်းကြည့်နေတယ်၊ အလုပ်လည်းလုပ်ဦး.."

"လှမ်းကြည့်တာမဟုတ်ဘူး..လာနေတာ ဒီဘက်ကို.."

"သေချာတယ်..ငါတို့စကားများနေလို့ ဒီနားမှာလာထိုင်တော့မှာ.."

သူသူက မျက်နှာငုံ့၍အားလုံးကို တိုးတိုးတိတ်တိတ် သတိပေးသည်။ အကုန်လုံးပဲလက်တွေသွက်သွားကြကာ ဒေါင်းနီကလည်း စာရင်းတစ်အုပ်နှင့် ကုလားထိုင်ချ၍ အကျအနထိုင်လေသည်။

"ကိုမြမိုး..မနေ့ကအိတ်ခွံတွေ စစ်လိုက်သေးလား.."

ယောကျ်ားလေးတွေဘက်က အထမ်းပိုင်းသမားတွေကို ခေါင်းဆောင်သည့်ကိုမြမိုးက တံခါးဝကဝင်လာရင်း ခေါင်းညိတ်သည်။ ပြီးတော့ ဒီဘက်လှည့်လိုက်ရင်း.. ၊

"အဟောင်းတွေအပြင်ထုတ်ပြီးပြီလေ..အသစ်က သုံးပြီးသလောက်ပြန်ထွက်လာတဲ့ အိတ်ခွံတွေအကုန်လုံးစစ်ထားတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့စာရင်းတွေကျွန်မကိုပေး.."

"အေး..အေး.."

ဒေါင်းနီအလုပ်ရှုပ်နေမှန်းသိတာနှင့် ပြောလက်စစကားသံတွေလ
တိုးတိုးသဲ့သဲ့ ပြန်ထွက်လာကြလျက်.. ။

"ညကကြည့်လိုက်သေးလားနင်တို့.."

"ဘာလဲ.."

"ဘတ်စ်ကားပေါ်မှာ အစမ်းခံရလို့ဆိုတဲ့ကောင်မလေးလေ..သူ့
သူပြောပြီးတင်ထားတာ၊ ဘာဆိုလားဟယ်..လိုက်လွှင့်တယ်ဆိုလား..

"အေး..သူမျှားရှဲထားတာ ငါလည်းကြည့်လိုက်ရတယ်၊ အောက်
ကောမန့်တွေကလည်း ပြောထားကြတာ မစာမနာနော်..သူ့ခမျာ.."

"ဘာသူ့ခမျာလဲ..ပြောလည်းပြောချင်စရာပဲ၊ ကိုယ့်ကိုတော
လျှောက်ပွတ်ချွတ်နေတာ ငါဆိုရင်မခံဘူး.."

"ဟဲ့..သတ်တာဖြတ်တာတွေချည်းပဲကြားနေရတော့ အသတ်ခံရ
စိုးလို့နေမှာပေါ့.."

"ကဲ..ဇင်မာလင်းတို့ မတော်သေးဘူးလား.."

"အယ်.."

ဒေါင်းနီက စာရင်းစာအုပ်ကိုပိတ်လိုက်ပြီး နေရာမှထလာကာ..

"အပြောတွေလျှော့..အလုပ်လည်းလုပ်ကြဦး၊ ဒီမှာရွေးပြီးသားတွေ
အိတ်သွပ်ဖို့လုပ်လေ..ကတ္တားတင်တဲ့ဦးငြိမ်း ဘယ်ရောက်သွားလဲ.."

ပြောနေရင်း အိတ်ခွံတွေသူမကိုယ်တိုင်ပဲ ဆွဲချလာကာ.. ။

"မယု ဒီနေ့မဆင်းဘူးဆိုတော့ သူ့အစားကျွန်မလုပ်မယ်..သူသု
ဘက်ကဆန်အိတ်ပုံပေါ် ဒါခဏတင်ထားလိုက်.."

စကားလည်းပြော၍ လက်ကမပြတ်လုပ်နေသဖြင့် အားလုံးပဲပျာ
ခတ်ကုန်ကြကာ.. ။

"အောင်မလေး..ငါတို့ဒေါင်းနီ စာရေးမဖြစ်ကာမှပဲ၊ မျက်စောင်း
ချိန်လည်းမရ..ဒေါသလည်းမထွက်နိုင်.."

"ဟုတ်ပ..သူလည်းဝင်လုပ်နေတာကိုး၊ အမိန့်တွေချည်းပေးနေ
မဟုတ်တော့..ခိ..ခိ.."



"လုပ်ပါ ဒေါင်းနီလေးရယ်..ဟုတ်ကဲ့ပါရှင်.."
အားလုံးဝိုင်းစနေကြတော့ ဒေါင်းနီကရယ်ကာ.. ။

"နင်တို့ကဒါပဲသိတာ..ငါကနင်တို့အတွက် အခွင့်အရေးတွေတောင်း
ပေးရပြီး ပြောသလိုလုပ်မပြနိုင်ရင် သူ့ညီမအားကိုးနဲ့ အလုပ်ထဲမှာဆရာ
လုပ်ချင်တယ်ပြောမယ်..ပြီးရင် ငါ့ညီမကိုလှည့်မဲမယ်.."

"ငါတို့သိပါတယ်ဒေါင်းနီရယ်..နင်ကငါတို့ကို ကာကွယ်ပေးခဲ့တာ
ပါ၊ ပြီးတော့ သိမ့်ချစ်ကိုလည်းငဲ့ရသေးတယ်..အန်တီကလည်း အပြော
ဆိုးတာကိုး.."

"အေးလေ..ငါတို့ကဖြင့် နင်ဘာပြောပြော စိတ်မဆိုးပါဘူး၊ ချစ်လို့
ပြောတာကို.."

"စိတ်မဆိုးဘူးဆိုပြီး ပြန်မပြောနားမထောင်တော့မလုပ်နဲ့..အလုပ်
ကိုပြီးအောင်လုပ်.."

"အေးပါ..မုဒိန်းမှုတွေကိုတော့ စိတ်ဝင်စားလို့ပါ၊ ညက အဲ့ကောင်
မလေးက မဆီမဆိုင်လေ.."

"ဟုတ်တယ်ဒေါင်းနီရဲ့..လူတွေအများကြီးရှိတဲ့ဘတ်စ်ကားပေါ်မှာလေ
အငြိမ်နေစရာလား၊ ခဏလေးအတို့အဆိတ်ခံလိုက်ရတယ်ဆိုရင်တောင်
မပြောဘူး.."

"အဲ့ဒါလည်း ကောင်မလေးအပြစ်မဟုတ်ပါဘူး..သူသူရယ်.."

"ဟင်.."

"တစ်ကမ္ဘာလုံးမှာဖြစ်သမျှ ချောင်ကြိုချောင်ကြားက ပြစ်မှုတွေမကျွန်
မင်သင့်မတင်သင့်မစဉ်းစားဘဲ လိုင်းပေါ်တင်နေကြတွေကြောင့် ဖြစ်ရ
တာ..လိုင်းပေါ်တက်လိုက်တိုင်း သေတာသတ်တာမုဒိန်းကျင့်ခံရတာတွေ
ချည်းမြင်နေရတော့လည်း သဘာဝကိုက အားနွဲ့တဲ့မိန်းမသားလေ၊ ယော
ကျ်ားတွေသတ်ရဲ ဖြတ်ရဲနေကြပြီလို့ မြင်လာကာမှတော့ ငါအော်လိုက်ရ
မှတို့အရှက်ကွဲသွားရင် ငါ့ကိုသတ်တော့မှာပဲလို့ တွေးပြီပေါ့.."

ဒေါင်းနီမျက်နှာက စိတ်ပျက်သလိုရှုံ့မဲ့နေကာ.. ။

"ယောကျ်ားတွေကို အတိုက်အခံရန်ပြုရဲတဲ့စိတ်တွေပျောက်ကုန်ကြ
ပြီ၊ ကိုယ်မချစ်လို့ဖြတ်ချင်လာရင်တောင် အဲ့ရည်းစားကို မဖြတ်ရဲကြတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ..တကယ်ဆို သတင်းတစ်ရပ်အဖြစ် တင်ပြတာတွေထက် အများ ကြီးဘောင်ကျော်နေကြတာ.."

"ဟုတ်တယ်နော်..အဲ့လိုတွေးကြည့်တော့လည်း မှန်တာပဲ၊ ဖုန်းတွေ မကိုင်ရခင်က ဖေ့စ်ဘွတ်ခ်ဆိုတာလည်း မသိကြသေးဘူး..အဲ့တုန်းကများ လောကကြီးအေးချမ်းနေတာပဲ.."

ဒေါင်းနီက ခေါင်းညိတ်၍ သူသူရွေးချထားသည့် ပဲသန့်တွေကို ကာကြီးထဲ ပေါင်းထည့်လိုက်ကာ.. ।

"တကယ်တော့ ဒီလိုအဖြစ်တွေက အမြဲတမ်းရှိနေခဲ့တာပဲ..မြန်မ ပြည်မှာတင်မကဘူး၊ ဘယ်နိုင်ငံ ဘယ်ကမ္ဘာမှာမဆို မတရားမှုမရှိတဲ့ ရာ မရှိဘူး..သမီးကိုပြန်ကြဲတဲ့ဖအေတွေလည်း ရှိတာပဲ၊ အချစ်ကြီးလို့ အမျက်ကြီးပြီး သတ်ကြသေကြတာလည်း ဒုနဲ့ဒေးပဲ..ဒါပေမယ့် သတင် တစ်ခုဖြစ်လာတယ်၊ ပြန်ပျောက်သွားတယ်..ချီးမွမ်းခုနစ်ရက် ကဲ့ရယ် နှစ်ရက်ဆိုတဲ့စကားမျိုးပေါ့.."

ပြောပြီး ဇင်မာလင်းအိတ်သွတ်နေတာကို ထကူကာ.. ।

"စိုးလင်း..ဒါလာယူပြီး ကဲတ္တားပေါ်တင်.."

"ဟုတ်ကဲ့အစ်မ..လာပြီ.."

ဒေါင်းနီဇယ်စပ်သလိုလုပ်နေရင်း.. ।

"လူတွေသတင်းအဖြစ် ပြောနိုင်ရင်ခဏပဲလေ..ဖေ့စ်ဘွတ်ခ်ပေါ်တ တာကျတော့ တစ်နိုင်ငံလုံးမှာရှိသမျှလူတွေတင်သမျှ ဖုန်းသုံးတဲ့လူတို က မြင်ကြတယ်..ကိုယ့်ပို့စ်မှာ လိုက်ခ်ရချင်တာနဲ့ပဲ နဂိုတည်းက ဖွံ့ဖြိ မှုနည်းသေးတဲ့ ကိုယ့်နိုင်ငံကိုညာတာရမှန်း မသိတော့ဘူး..ကိုယ့်ပေါ် ကိုယ်လှန်ထောင်းနေကြတာ.."

"ဟုတ်ပနော်.."

"စဉ်းစားကြည့်လေ..ဘုန်းကြီးသံဃာတောင် ချန်မထားဘူး၊ သံဃ မကောင်းရင် သံဃာအပြစ်ပဲ..ဒါကိုဝေဖန်ဖို့မလိုဘူး၊ ကြည်ညိုထိုက် ကြည်ညိုမယ်ဆိုတာလည်း မဟုတ်သေးဘူး..ဘုရားရှပ်ပွားတော်တွေ တော့ ဘုရားရှင်ဂုဏ်တော်ကိုမှန်းပြီး ရှိခိုးနိုင်ရင် သံဃာဆိုတာလည် သံဃာ့ဂုဏ်ကို ကြည်ညိုဖို့ပဲလေ.."



"အင်း.."

"ပုထုဇဉ်ကိုပဲပြောချင်ရင်တောင်မှ သံဃာဝန်ထမ်းထားနေတာကို လေးစားရမှာပေါ့..အားလုံးက ဘုရားရဲ့တပည့်သားသံဃာတွေပါ.."

ဒေါင်းနီက ကိုယ့်အမျိုးဘာသာကိုတော့ ယုံကြည်လေးစားသူဖြစ် ကာ ကိုယ့်စိတ်ကိုယ့်ခံယူချက်နဲ့ ခိုင်မာစွာရပ်တည်သူဖြစ်၏။

"ဖေ့စ်ဘွတ်ခ်မှာတင်မယ့်သတင်းတွေကို စီစစ်ဖြတ်တောက်မှုမရှိဘဲ ဒီတိုင်းဆက်ထားရင် အားလုံးမလွယ်ဘူး.."

"ဟဲ့..ဘာကိုမလွယ်တာလဲဟင်.."

"နေရာတကာမှာ အမြဲဒွန်တွဲပြီးရှိနေခဲ့တဲ့ တရားမှုမတရားမှုတွေ အ ဆိုးအကောင်းတွေက ကျွန်မတို့ဆီမှာမှ ခေတ်စားပေါများနေသလိုဖြစ်နေ တာလေ..အဲ့ဒါဖေ့စ်ဘွတ်ခ်မှာ ခပ်လွယ်လွယ်တင်နေကြတာတွေကြောင့် ပဲ၊ ဘာနဲ့တူလဲဆိုတော့ အားဆေးတော့အားဆေးပဲ..ဒါပေမယ့် လူနာလက် ခံနိုင်တဲ့ အားဆေးကိုပေးမှ အားဖြစ်မှာ၊ ဖေ့စ်ဘွတ်သုံးတာ လိုက်ခ်ရဖို့ ကောမန့်မှာအပြန်အလှန်ဆဲကြဖို့ထက် ပိုမသိဘူးဆိုရင် တိုးတက်လာ တယ်ဆိုတာတွေလည်း အလကားပဲ.."

"တကယ်အသိပညာ အတတ်ပညာရှာနေတဲ့လူတွေကို အားကျသင့် တယ်နော်.."

"ဟုတ်ပနော်..ဖုန်းတွေမသုံးနိုင်တုန်းကလည်း လောကမှာကောင်း မှုမကောင်းမှုတွေ ရှိနေတာပဲ..ခုမှဘယ်မှာဘာဖြစ်ဖြစ် အကုန်လုံးသိနေရ တယ်၊ သိရတာကောင်းတော့ကောင်းပေမယ့် ကြာလာတော့ ကိုယ့်ကိုယ် ကိုတောင် လုံခြုံတယ်မထင်တော့ဘူး.."

"ကဲ..အဲ့ဒါတွေအိတ်သွတ်ဖို့ပဲ ကျန်တော့တယ်၊ သူသူ အောက်ခင်း တွေသိမ်းဖို့လုပ်..ဇင်မာလင်း နင့်နောက်ကစာရင်းဖိုင်နဲ့ခြင်း ငါ့ကိုလှမ်း လိုက်စမ်းပါ၊ အားလုံးအလုပ်သိမ်းမယ်.."

ဒေါင်းနီကအလုပ်သိမ်းတဲ့အထိ သူမပဲစီမံပေးသွားကာ.. ।

"ဦးငြိမ်း..အလုံးရေချည်းပဲ ကျွန်မကိုပြောလေ.."

"ဘယ်လောက်မှမရှိသေးဘူး..မနေ့ကနဲ့ပေါင်းမှ [illegible]ထောင်ကျော် ရှယ်.."

www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်စီခွဲပြောလေ.."

ဦးငြိမ်းနဲ့ဒေါ်ဝင်းနီစာရင်းတွေ မှတ်နေကြစဉ် မြမိုးတို့ကတ္တားတင် ကြ၏။ အလုပ်ချိန်ပြီးခါနီးပြီဆို အလုပ်သမားတွေပို၍သွက်လက်နေ သဖြင့် လူတွေရှုပ်နေကြ၏။ ထိုအချိန်မှာ ဥဒေါင်းလွယ်အိတ်လေးနဲ့ ဝင်လာတာကို ဒေါ်ဝင်းနီမမြင်လိုက်ပေ.. ။

"မေမေ့.."

လှမ်းခေါ်ပြီး အလုပ်ရုံကြီးဆီ ပြေးဝင်လျှင်.. ။

"သမီးရေ.."

ချစ်ကအသံပေးပြီး လက်ယပ်ခေါ်လိုက်၏။

"တီတီချစ်.."

ဥဒေါင်းဟိုပြေးရမလို ဒီပြေးရမလိုဖြစ်သွားပြီးမှ.. ။

"မီးမီးလာမယ်..မေမေ့ကိုသွားပြောလိုက်ဦးမယ်နော်.."

"မပြောနဲ့တော့..တီတီချစ် မက်ဆေ့ချ်ပို့ထားလိုက်မယ်၊ လာ.. ကို မုန့်တွေအများကြီးကျွေးဖို့ရှိတယ်.."

"ဟေး.."

ဥဒေါင်း ဒီအိမ်ရောက်တိုင်းပျော်သည်။ မြေကြီးမမြင်ရအောင် တလင်းအပြည့်ခင်းထားသည့် ကြမ်းခင်းပေါ်မှာ အလုပ်ရုံတွေဂိုဒေါင် တန်းစီနေလျက် သိမ့်ချစ်တို့နေသည့်တိုက်မြင့်ကြီးတွေက ခပ်လှမ်း မှာ သီးသန့်ခမ်းနားစွာနေကြ၏။

တောင်ဘက်လမ်းကြားအုတ်တံတိုင်းအပြင်မှာ အုတ်ကျွတ်မိုး သပ်နှင့် ကုန်တင်ကားတွေအတွက် ပါကင်ရှိ၏။ ကားတွေကနယ်ဝေ ကိုပဲ ထွက်နေကြတာမို့ ရှိနေချိန်ဆိုတာလည်း serviceရုံးမှာ ည တာပဲများလေသည်။

ကလေးပီပီအဆော့သန်သလောက် ဒီမြေပေါ်မှာ ပေကျံစရာပု သဲမရှိသဖြင့် ပို၍လွတ်လပ်နေရာ.. ။

"တီတီချစ်သိလား..မေမေက ဒီမှာမလုပ်တော့ဘူးတဲ့၊ မီးမီးက ချစ်တို့ဆီမှာပဲ လုပ်စေချင်တာကို.."

"အဟွန်း.."



ကလေးခေါင်းလေးကိုပွတ်၍ လက်ကိုဆွဲထွက်လာခဲ့ရင်း.. ။

"အခုမလုပ်လို့မရတော့ဘူး..မီးမီးမေမေ့ကို တီချစ်တို့ပြောထားပြီးပြီ"

"ဟာ..ဟုတ်တယ်.."

"အင်းပေါ့..တီချစ်လည်း သမီးလေးကိုကြာကြာမတွေ့ဘဲမှ မနေနိုင်တာ.."

"ဟေး.."

လက်ခုပ်လေးတီး၍ မြောက်ခနဲထခုန်လိုက်တော့ ဝတ်ထားသည့်ဂါဝန်လေးက ဝဲဝဲကားကားလေးလွင့်ကျန်ရစ်သျှက် အတွင်းဘောင်းဘီဖြူဖြူလေးနှင့် သန့်စင်နုထွေးနေသော ခြေထောက်လေးတွေကို မြင်လိုက်ရသည်။

နေပူဖုန်ထူသော နယ်မြို့တို့၏အစဉ်အလာအရ ကလေးသူငယ်တွေကို အချိန်ပြည့်သန့်စင်ဖြူဝင်းနေအောင်ထားဖို့ဆိုတာမလွယ်။ အထူးသဖြင့် လက်လုပ်လက်စားလူတန်းစားသားသမီးလေးတွေအတွက် ကြေးညော်ကင်းစင်နေတဲ့အချိန်ဆိုတာ အလွန်ရှားပါးနေလိမ့်မည်။

ဒါပေမယ့် ဥဒေါင်းငယ်ဆိုသော ဘိုမရုပ်လေးလိုလှသည့် ကလေးလေးကတော့ မိခင်ဖြစ်သူ၏မြတ်နိုးယုယမှုများကြောင့် ဘယ်အချိန်ကြည့်ကြည့် ရှိုးကေ့စ်ထဲကထုတ်ကြည့်နေရသည့် အရုပ်လေးနှယ် နုမွတ်သန့်စင်နေခဲ့လျက်.. ။

"ချစ်စရာလေးနော်.."

"အဲ့ဒါကိုကြီးသေချာ စကားမပြောရသေးလို့ရယ်..စကားပြောတာလေးကလည်း အရမ်းချစ်ဖို့ကောင်းတာ၊ မျက်လုံးလေးတွေရော နှုတ်ခမ်းလေးတွေရော လုံးထွေးနုရဲနေတာရော..သူ့အမေထက်ပိုလှတယ်.."

ချစ်ကကလေးအတွက် အရုပ်ကြီးနဲ့မုန့်တွေကိုကိုင်ထားရင်း ဧည့်ခန်းပြတင်းတံခါးကနေကြည့်နေသည့် ခွန်းရဲ့ဘေးမှာရပ်၍.. ။

"သူ့အဖေကလည်း ဒီလောက်တော့မချောပါဘူး..သမီးလေးကျမှ လှလိုက်တာ လူလားအရုပ်လေးလားပဲ၊ ဒါကြောင့်မမက သူ့သမီးလေးကို တုန်နေတာ.."

"မအေလောက်တော့ မလှပါဘူး.."

www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုကြည့်ရင်းပြောလိုက်တော့ ချစ်ကခွန်းကိုလှည့်ကြည့်ပြီး ရယ်ကာ.. ။

"သွားမစနဲ့ကိုကြီး..တစ်ခါတည်းအလုပ်ထွက်သွားလိမ့်မယ်.."

"အဟွန်း.."

ခွန်းကရယ်လိုက်ပြီး မီးသေနေသည့်စီးကရက်ကို ဒီတိုင်းလက်ချောင်းတွေထဲမှာ လှည့်ပတ်ကစားရင်း.. ။

"အလုပ်ကထွက်သွားတိုင်း ငါ့ရင်ထဲကထွက်သွားလို့ရမှာမှ မဟုတ်တာ.."

အဲ.. ။

ချစ်မယုံနိုင်သလိုဖြစ်သွားသည်။ သို့သော် ကြာကြာအံ့သြချိန်မရလိုက်ဘဲ ဒေါသင်းသင်းရဲ့ခေါ်သံထွက်ပေါ်လာကာ.. ။

"သိမ့်ချစ်အိမ်ထဲမှာလား..ဒီဘက်ထွက်ခဲ့ဦး.."

"ဟုတ်..လာပြီအမေ.."

"သိမ့်ချစ် ညည်းကိုင်ထားတာတွေ ကလေးကိုအရင်သွားပေးလိုက်ဦး.."

"ဟုတ်ကဲ့ကိုကြီး.."

ကလေးနဲ့စကားပြောမည့်အစီအစဉ်ပျက်သွားပေမယ့် သူဝယ်လာတာတွေ ကလေးလက်ထဲရောက်သွားသောကြောင့် ကျေနပ်သွားသည်။ ပြီးတော့ ပြုံးလိုက်မိ၏။ သူလုပ်နေတာကို ဒေါင်းနီသိသွားရင် ဘာပြောမည်မသိ.. ။

ပြောချင်တာပြောပါစေ။ အမေကိုမဟုတ်လည်းကလေးကိုတော့ စည်းရုံးထားမှဖြစ်မည်။ မကျေနပ်လို့ပြောလာလည်း ရှင်းလိုက်ရုံ ချစ်စရာလေးမို့ ချစ်တာဘာဖြစ်လဲ.. ။

➤➤

## အခန်း(၁၄)

"ဒေါင်းနီ ခုနကကလေးပြန်လာတာ တွေ့လိုက်သလားလို့.."

"ဟုတ်တယ်သော်တာရေ..သူ့အဒေါ်ခေါ်သွားတယ်လေ၊ ဒီမှာမက်ဆေ့ချ်ပို့ထားတယ်.."

"သြော်.."

"အဲ့ဒါကြောင့် ကလေးသွားကြိုစရာမလိုတော့တာနဲ့ ဒီစာရင်းလေးအပြီးသတ်လုပ်နေတာ..ပြီးပါပြီ.."

စာရင်းစာအုပ်ကြီးကိုပိတ်လိုက်ပြီး ကိုယ့်အိတ်ကိုယူလိုက်ပြီးမှ သော်တာက ထွက်မသွားသေးဘဲ အထဲပြန်ဝင်လာကာ.. ။

"လာလေ..ဘာယူစရာရှိသေးလဲ၊ ငါ့ကိုပေး.."

အိမ်ပြန်ချိန်ဆို သူ့ထက်ငါနောက်မကျခဲ့ကြသည့်သူတွေမို့ ဒေါင်းနီက ထူးဆန်းနေသလိုကြည့်ကာ.. ။

"ရပါတယ်..ဒီနေ့ထူးခြားတဲ့နေ့ပါလား၊ ကြည့်ရတာ ပိုက်ဆံချေးမလို့များလား.."

"မဟုတ်ပါဘူးဒေါင်းနီရယ်..အန်တီတို့တစ်ခုခုပြဿနာတက်သလားမသိဘူး.."

"ဟင်..ဘာဖြစ်လို့လဲ.."

"ငါနေ့တွက်ခ ကြိုထုတ်ချင်လို့ လူရှင်းအောင်စောင့်နေတာလေ..အဲ့ဒါအန်တီ့အသံကြားတယ်သိလား၊ စိတ်တိုနေတဲ့ပုံပဲ..ပြီးတော့ ရန့်လည်းရှိနေတာလားမသိဘူး၊ နင့်ညီမနာမည်ပဲ ထည့်ပြောနေတာလည်းကြားသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်.."

"ဟုတ်လား..ချစ်ပြောတဲ့အသံရော.."

မေးပြီးကာမှ သတိရသွားကာ.. ၊

"ချစ်အသံဘယ်လိုလုပ်ကြားမှာလဲ..နဂိုတည်းက အသံကျယ်ကျယ် တောင် ချောင်းဆိုးရဲတာမဟုတ်ဘဲနဲ့.."

သိမ့်ချစ်အကြောင်းပါလာတာနှင့် ဒေါင်းနီအိမ်ဘက်ကို ချက်ချင်း ရောက်သွားသည်။ စိုးရိမ်သည့်စိတ်ဇောကြောင့် နားစွံ့ကြည့်လိုက်ပို တောင် သတိမရဘဲ အိမ်ရှေ့ကိုတန်းရောက်သွား၏။ ထိုအခါကျမှ အထ မဝင်ရသေးဘဲ မှန်တံခါးတွေကနေ သူမကိုလှမ်းမြင်နိုင်သည့်အဖြစ်ကို သတိရ၏။

သူမခြေလှမ်းတွေတုံ့သွားသော်လည်း စကားသံတွေကို ကြားလိုက်ရ ၏။

"သမီးပြဿနာရှာတာမှမဟုတ်တာ..ဒါပြဿနာဆိုရင်လည်း ကိုယ့် ပြဿနာကိုယ်ရှင်းနိုင်တယ်.."

"ဘာကိုရှင်းမှာလဲညည်းက..ဇေ့စပ်ပြီးသားယောကျ်ားလေးကို သိ ရက်နဲ့ ဖွတ်တိုးရဲတဲ့ရှင်းနည်းလား.."

"ဘာဖြစ်ဖြစ်မေမေ.. သူ့မိဘတွေ စီစဉ်ထားတာကို သူကျေနပ်မှဖြစ် တာ၊ သူနဲ့သဘောမတူဘူးဆိုရင် မေမေလည်းမသိချင်ယောင်ဆောင်နေ လိုက်လို့ရတယ်..ခုတော့ အန်တီမြတ်နဲ့မချစ်က ဘာလိုက်လုပ်ကြတာလဲ မေမေတို့လုပ်မှ လူတွေသိကုန်တာ..ကိုပိုင်သုလည်းသိက္ခာကျ အရှက်ရ.."

"ဘာ..ဘာပြောလိုက်တယ်ရန့်၊ ဟိုတစ်ယောက်ကတော့ သိက္ခာကျ အရှက်ရလို့..နင့်ရဲ့မိဘမောင်ဘွားကတော့ ရှက်ကြောပြတ်နေတဲ့လူတွေ လား.."

"မေမေတို့ကဘာဆိုင်လို့လဲ..သူကမြို့ခံလူမဟုတ်ဘူး၊ ပြီးတော့ဆရာ ဝန်..လူရှိသေတန်တော့ သူ့အလုပ်ထိခိုက်တာပေါ့၊ အရမ်းရှက်ဖို့ကောင်း တာပဲ.."

"ညည်းကလားရန့်..ကဲဟယ်.."

ဖြန်းခနဲရိုက်ချလိုက်တဲ့အသံက ဒေါင်းနီခြေလှမ်းကိုနောက်ထပ်ဆုပ်



သွားစေ၏။ ဘာတွေဖြစ်ကုန်တာလဲ.. ၊ ဘာတွေဖြစ်ဖြစ် ချစ်ကိုမထိခိုက် နိုင်သည့်ကိစ္စဆိုရင်တော့ ကိုယ်နဲ့မသက်ဆိုင်ပေ။ အကယ်၍ ချစ်နဲ့လည်း သက်ဆိုင်နေရင်တောင် ချစ်ကဒီမိသားစုအရေးမှာ ပါဝင်ဖြေရှင်းသင့်သည့် မိသားစုဝင်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် သူမရဲ့ထိခိုက်နစ်နာမှုသည် လည်း ကိုယ်နဲ့မဆိုင်.. ၊

ဒီလိုလည်း မကြာခဏတွေးခဲ့ဖူးပါလျက် ချစ်နဲ့ပတ်သက်လာတိုင်း စိနဲ့အသံကြားတာနဲ့ ပြေးသွားကြည့်မိ၏။ ဒေါင်းနီအိမ်ရှေ့ရောက်နေကာ မှ ပြန်ဆုတ်ရခက် ရှေ့တိုးရခက်ဖြစ်နေဆဲ.. ၊

"နောက်ထပ်မဆိုင်ပါဘူးဆိုတဲ့ စကားပြောကြည့်စမ်း..အဲ့ဒီအစုတ်ပ လုတ်ကောင်ကို ပုဂ္ဂိုလ်ထူးကြီးလိုထည့်ပြောကြည့်.."

"ထူးတာပဲလေ..သူ့ကိုဆိုတစ်မြို့လုံးက မိန်းကလေးတွေသဘောကျ နေကြတာ.."

"အဲ့လိုမိန်းကလေးတွေက ညည်းလိုမိန်းမနောက်ပိုးသွားနေကြသ လား.."

"နောက်ပိုးနေတာမဟုတ်တော့ဘူးမေမေ..သူနဲ့သမီးကချစ်သူတွေ၊ ပြီးတော့.."

"တိတ်စမ်း.."

ဟိန်းထွက်လာတာက ခွန်းရဲ့အသံဖြစ်ကာ.. ၊

"ဝင်မပါချင်လို့နားထောင်နေတာ..တစ်ခွန်းမှထပ်မဟနဲ့.."

စကားသံအားလုံး တိတ်ကျသွား၏။ ဒေါင်းနီဘယ်သူမြင်မြင်မတတ် နိုင်သည့်သဘောထား၍ နောက်ပြန်လှည့်ဖို့ ဆုံးဖြတ်လိုက်သည်။ သို့ သော်.. ၊

"ဒေါင်းနီ.."

ဒေါ်သင်းသင်းရဲ့ခေါ်သံ ထွက်ပေါ်လာကာ သူမလှည့်ကြည့်လိုက် တော့ ပြတင်းတံခါးမှာ ချစ်ကိုတွေ့လိုက်ရပြီး.. ၊

"မမခဏလာပါဦး.."

ဘာအတွက်ခေါ်တာမှန်း မသိပေမယ့် မကောင်းတာတစ်ခုခုကြားရ မှာကိုတော့ တွေးမိလိုက်၏။ ဧည့်ခန်းထဲရောက်တော့ စိမ့်အေးသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



လေအေးပေးစက်က တာဝန်ကျေသော်ငြား ရှိနေကြသည့် လူတွေရဲ့မျက်နှာတွေမှာ ပူလောင်မှုတွေ ကိုယ်စီနှင့်.. ။

"မေမေတို့လုပ်ပေါ့..ဒါပေမယ့် ကိုပိုင်သုနဲ့သမီးကိုပေါင်းဖို့မဟုတ်ဘဲ ခွဲခွာဖို့ဆိုရင်တော့ သမီးကလုံးဝပဲ.."

ဇိုရင်းပြောကာ ရန့်ကအခန်းထဲဝင်သွား၏။ ခွန်းကတော့ သူမထက်အရင်တည်းက ဝင်သွားတာထင်သည်။ ဧည့်ခန်းထဲမှာ ဒေါ်သင်းသင်းနဲ့ သူမရဲ့ညီမဝမ်းကွဲဒေါ်မြတ်ဝင်းတို့ပဲရှိကာ ချစ်ကအစ်မမျက်လုံးဝေ့လိုက်တည်းက သိနေသဖြင့်.. ။

"ကလေးကအပေါ်ဝရန်တာမှာ ရိန်းဂျားနဲ့ဆော့နေတယ်မမ.. ချစ်သွားကြည့်ထားပါ့မယ်၊ သူတို့နဲ့အဆင်ပြေအောင်ပြောပါမမရယ်.."

ဝင်လာတာနှင့်တံခါးဝကနေ ခပ်တိုးတိုးကပ်ပြော၏။ သူမကဘေးမှာ တိုက်ပုလေးနဲ့သပ်သပ်နေတာမို့ အစ်မကိုပြောပြီးတာနှင့် ထွက်သွား၏။ အဆင်ပြေအောင်ပြောပါဆိုတာ ဘာကိုပြောမှန်း ဒေါင်းနီမသိလိုက်သော်လည်း.. ။

"အားလုံးနားထောင်ပြီးမှ ဘာဖြစ်လို့ပြန်ပြေးတာလဲဒေါင်းနီ.."

ဒေါ်မြတ်ဝင်းထိုင်ရာမှထလာပြီး ဒေါင်းနီကိုခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးတော့ ဆက်၍.. ။

"ညည်းညီမအပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်လာလို့ ငါတို့ကဆူနေတာ..ရန့်ရဲ့အချစ်ရေးကိစ္စကို သူ့ကိုအစ်မနေရာမှာထားပြီး ဝင်ခိုင်းခဲ့တယ်၊ ကောင်လေးဆီရောက်သွားတော့ လုပ်ခဲ့တာကတစ်မျိုး.."

ဖြစ်ပျက်ပုံကိုမသိရပေမယ့် ဒီအရေးအခင်းက ချစ်ကိုဆူပြောနေကြသည့်အရေးမှန်း ဒေါင်းနီခုမှသိရသည်။ ဒေါ်မြတ်ဝင်းဆိုတာက ချစ်နဲ့လမင်းကို သဘောမတူနိုင်ပါဘူး ဆတ်ဆတ်ခါထဖြစ်ခဲ့သည့် အဒေါ်ဝမ်းကွဲဖြစ်သည်။ ထို့ပြင် သူမကလေးတစ်ယောက်နဲ့ ဆင်ဖြူကျွန်းကိုပြန်ရောက်လာကာစကလည်း ဒီခြံဝင်းထဲမှာ မီးခိုခွင့်မပြုသင့်ကြောင်း ကန့်ကွက်ခဲ့သူဖြစ်သည်။

"သမီးယောက်မအတုအပတဲ့..ဒါတွေကြောင့် ငါသင်းသင်းကိုပြောခဲ့တယ်၊ သိမ့်ချစ်ကမိသားစုပါပဲဆိုတာ ခုတော့ဘယ့်နှယ့်ရှိစလို့ မေးရမလို



ဖြစ်နေပြီ.."

အစ်မဘက်ကိုလှည့်ပြောလိုက် ဒေါင်းနီဘက်ကိုပြန်လှည့်လိုက်နှင့်..

"ညီမအကြောင်းပြပြီး အစ်မကဝင်ထွက်နေတယ်..အိမ်တွင်းရေးအကုန်အပြင်လူသိတယ်၊ ချွေးမကချွေးမမို့ မပစ်နိုင်ဘူးထား..ကျန်တဲ့သူကိုခွဲထုတ်ပစ်ရမှာ.."

"မြတ် နေဦး.."

ဒေါ်သင်းသင်းက ထိုင်ရာကနေလှမ်းပြောကာ.. ။

"အဲ့ဒါတွေ အခုပြောရမှာမဟုတ်ဘူး..သူ့ကိုငါခေါ်လိုက်တာလည်း ဒေါက်တာပိုင်သုနဲ့ ပတ်သက်တာကိုပြောမလို့.."

ပြောရင်း နေရာမှထရပ်၏။ ဒေါင်းနီရဲ့စိတ်ကို သူမသိသည်။ တခြားသော တစ်ခုလတ်မုဆိုးမတွေလို ကလက်တက်တက် မနေတတ်သည့် သူမ၏တည်ငြိမ်ရင့်ကျက်မှုကို ခံစားမိနေသဖြင့် မသိစိတ်ကအထင်တကြီးရှိနေခဲ့တာလည်း အမှန်ပါ။ ခုချိန်မှာတော့ သားကိုယ်တိုင်က တွယ်တာနေသည့်မိန်းကလေးဖြစ်နေရာ.. ။

"နင်ဒီရှေ့ကို ဘာလို့လာတာလဲ..ပြဿနာတက်နေတာကို သိလို့လား.."

ဒေါ်သင်းသင်းက အစကပြန်မေးသည်။ ဒေါင်းနီကခေါင်းညိတ်လိုက်တော့ ဒေါ်မြတ်ဝင်းကဟွန့်ခနဲမဲ့၏။

"ဟုတ်တယ်..ဒါပေမယ့် ပြဿနာကိုစိတ်မဝင်စားပါဘူး၊ ကျွန်မညီမပါနေသလားလို့ပါ.."

"နင့်ညီမပါတော့ နင်ဘာလုပ်မလဲပြော.."

ဒေါ်မြတ်ဝင်းက အပျိုကြီးပီပီ သူ့တူတွေကိုအလွန်ချစ်ကာ ဒီကညီအစ်ကိုနဲ့ဒေါင်းနီတို့ညီအစ်မ ပတ်သက်မှုရှိနေတာကိုပဲ မချင့်မရဲတွေးနေတဲ့သူဖြစ်၏။ ထို့ကြောင့် ဒေါ်သင်းသင်းပြောသမျှအပေါ် သူမ ဒေါသကပဲ ကျော်လွှားရှေ့တိုးနေခဲ့လျက်.. ။

"သူ့လင်သူ့သားနဲ့ သူ့လမ်းသူလျှောက်နေတဲ့မိန်းမက ဘာဆိုဘာမှမရှိတဲ့သူက စိတ်ပူတယ်ဆိုတာ ရယ်စရာကြီး.."

"ဝါသနာပါရင်တော့ ရယ်ပါ..ဒါပေမယ့် ကျွန်မရယ်စရာပြောနေတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး..”

ဒေါ်ငင်းနီမျက်နှာက ဒေါသမာနတို့နှင့်တင်းနေလျက် မျိုသိပ်ချုပ်တီး ထားမှန်းလည်း သိသာနေကာ.. ၊

“ ‘သမီးယောက်မ အတုအပ’ဆိုတာတော့ ပြောသွားပြီး ‘ညီအစ်မမှ တ’ဆိုတာကို အန်တီတမင်ချန်ထားခဲ့တာထင်တယ်..”

ဒေါ်မြတ်ဝင်းမျက်မှောင်ကုတ်သွားသည်။

“သူ့လင်သူ့သားနဲ့ သူ့လမ်းသူလျှောက်နေတဲ့မိန်းမကို ဘာမှမရှိတဲ့ သူက စိတ်ပူဖို့မလိုဘူးဆိုရင် အန်တီအခုဒီအိမ်ထဲရောက်နေတာ ရယ်ရ တာဝါသနာပါလို့လား..”

ကြည့်စမ်း..သင်းက.. ၊

ဒေါ်မြတ်ဝင်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ ဒေါ်သင်းသင်းစိတ်ပူ သွား၏။ ပြဿနာကို ရှင်းချင်ကာမှ ပိုရှုပ်ကုန်ရသည့်အဖြစ်.. ၊

“စကားတတ်လှချေလားဒေါ်ငင်းနီ..ငါကမဖိတ်ဘဲလာတဲ့ဧည့်သည်မ ဟုတ်ဘူး၊ သင်းသင်းခေါ်လို့လာတာ..”

“ကျွန်မကတော့ ဖိတ်တာကိုစောင့်မနေနိုင်ဘူး..သူ့အတွက်ကျွန်မလို နေသလား မလိုဘူးလား သူမပြောလည်းကျွန်မသိတယ်..”

“ဩော်..ဩော် စူပါဟီးရိုးကြီးပေါ့..”

“ကျွန်မညီမအတွက်ဆို ဟုတ်တယ်..”

“ဒါပေါ့..ညည်းအတွက်လည်း အကျိုးယုတ်တာမှမဟုတ်ဘဲ..”

“ကဲ..တော်ကြတော့..”

ဒေါ်သင်းသင်းက နှစ်ယောက်ရပ်နေသည့်နားကို ရောက်လာပြီး ဒေါ်ငင်းနီကိုကြည့်၍.. ၊

“စကားတတ်တိုင်းမပြောရင် ကောင်းမယ်ဒေါ်ငင်းနီ..လူဆိုတာ အရှိပ် သုံးပါးကြည့်ပြီး နေတတ်ရတယ်..ပြောတတ်ရတယ်..”

မာနကြောင့် ဒေါ်ငင်းနီမျက်နှာက ခက်ထန်နေပြီဖြစ်ကာ.. ၊

“အရိပ်သုံးပါးကြည့်နေရမှာက ဆင်းရဲတဲ့သူတွေပဲလား..”

“ဟုတ်တယ်လို့ပြောရတော့မှာပဲ..”

ဒေါ်သင်းသင်းကလည်း စိတ်ညစ်နေသည့်အချိန်မှာမို့စကားကောင်း



ပြောချင်ပေမယ့် ပြောလိုက်မိတော့ ဒီစကား.. ၊

“အခြေအနေအချိန်အခါဆိုတာတော့ ညည်းနားလည်တယ်မို့လား.. ခုငါတို့မှာပြဿနာဖြစ်နေတယ်၊ ငါ့အိမ်ရှေ့ထိ ဘယ်အလုပ်သမားမှ လည်း မလာရဲကြဘူး..ညည်းကရပ်ပြီးတော့တောင် နားထောင်နေသေး တယ်၊ သူများအတွင်းရေးဆိုတာ..”

“အန်တီတို့အတွင်းရေးကို ကျွန်မစိတ်ဝင်စားလို့မဟုတ်ဘူးလို့ ပြော ပြီးပြီပဲ..”

“သိတယ်..ညည်းဘယ်သူဘာဖြစ်ဖြစ် ခေါင်းထောင်မကြည့်ဘူး၊ ညည်းညီမအသံကြားရင်တော့ ပြေးလာတာပဲ..”

“ဒီညီမအားကိုးနဲ့ စားစရာနေစရာရနေတာကိုး..”

ဒေါ်မြတ်ဝင်းက နည်းနည်းလေးမှ မကျေနပ်သည့်အကြည့်တို့နှင့် ကြည့်လျက်.. ၊

“ခုလည်းပြောတော့တစ်မျိုး လုပ်တော့တစ်မျိုး..ဟိုရောက်မှလူသိရှင် ကြားတွေထဖြစ်ကုန်တာ၊ သူ့စနက်မဟုတ်ဘူးလို့ပြောနိုင်မလား..”

လူကိုတည့်တည့်ကြည့်ပြီး စွပ်စွဲတော့ ဒေါ်ငင်းနီဆတ်ခနဲဖြစ်သွား သည်။ သူတို့တွေဘာတွေလုပ်ပြီး ဘယ်လိုပြဿနာတွေဖြစ်နေကြမှန်း တောင်မသိခဲ့ရဘဲ.. ၊

“ငါတို့ကဒေါက်တာပိုင်သုကို စကားပြောရုံဆွေးနွေးဖို့သွားတာ..”

ဒေါက်တာပိုင်သုက သုံးပင်တောင်ရပ်ကွက်ထဲက တစ်ထပ်တိုက် လေးမှာတစ်ယောက်တည်းနေသည်ဆိုသည့်သတင်းကို သိမ့်ချစ်ကပဲပေးခဲ့ တာဖြစ်ကာ သူမနဲ့လည်း ပြောဖူးဆိုဖူးသည်လို့ဆိုသည်။ ထို့ကြောင့် ရန့် ကိစ္စအတွက်ပြောဆိုကြည့်ကြဖို့ ညီအစ်မနှစ်ယောက်တိုင်ပင်ပြီး ဒေါ်မြတ် ဝင်းက သိမ့်ချစ်နဲ့အတူသွားခဲ့သည်။

သွားကြတာက မနေ့ညက ခုနှစ်နာရီလောက်ကဖြစ်ကာ ဒေါက်တာ ပိုင်သု အိမ်မှာပုံမှန်ရှိနေတတ်သည့်အချိန်လည်းဖြစ်၏ ။

“ညည်းပြောတော့ ချိန်းထားသလိုလိုပါလား..အိမ်ထဲမှာလည်း လူ တွေနဲ့..”

“ဧည့်သည်ရောက်နေတာများလားမသိဘူး..ကိုပိုင်သုကတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းနေတာပါ၊ ရန့်နဲ့သမီး သူ့အိမ်ထိသွားဖူးတယ်..သူ့မွေးနေ့တုန်းက..

ရန့်ကသိမ့်ချစ်ကိုတော့ ခင်သည်။ တစ်ခါတလေ စိတ်လိုလက်ရ ဖွင့်တာတွေလည်းရှိ၏။ ချစ်ကတော့ ရန့်ရဲ့လိုလားမှုကိုရလို့ ကျေနပ် မယ့် ဒုက္ခတွေမည့်ကိစ္စကြီးကို ကြည့်မနေနိုင်ပေ။ ထို့ကြောင့်လည်း ရ နဲ့ဒေါက်တာပိုင်သုရဲ့ လွန်ကျွံနေကြသည့် အခြေအနေကိုဒေါ်သင်းသ ကို ဖွင့်ပြောပြခဲ့တာဖြစ်သည်။

မနေ့ညကတော့ စေတနာတွေက ဝေဒနာဖြစ်ခဲ့တာပါ။ ဒေါက်တ ပိုင်သုရဲ့မိဘတွေ ရောက်နေကြတာကို ချစ်တကယ်မသိခဲ့တာဖြစ်သည် အမြဲတမ်းလိုလို အိမ်မှာရှိတတ်သည့်အချိန်ကိုတွက်၍ ဒေါ်မြတ်ဝင်းကို သွားမိကာမှ.. ၊

“ဟိုရောက်တော့ ရင်ဆိုင်မိကာမှ ပြန်ဆုတ်ရခက် ဝင်သွားလို့မဖြ နဲ့..နှင့်ညီမလုပ်ပုံ ဘယ်လောက်ယုတ်မာလဲဆိုတာ..”

ဒေါ်မြတ်ဝင်းက လူချင်းနီးအောင်တိုးလိုက်ပြီး တောက်လျှောက်ပြ ချသွား၏။ ကြားလိုက်တည်းက ကိုယ့်ညီမဘယ်လိုသဘောနဲ့လုပ်ပေး တယ်ဆိုတာ သူမနားလည်လိုက်သော်လည်း.. ၊

“ဟွန်း..ဆရာဝန်ရဲ့အမေတဲ့၊ မြို့ကြီးသူပညာတတ်ဆိုတာ ဒါမျိုးလေ လား..အကျိုးအကြောင်းဘာမှသေချာမသိဘဲနဲ့ ရန်တွေလိုက်တာ က ကက်ကိုလန်နေတာပဲ..”

ကိုယ်လိုလူနဲ့တွေ့ခဲ့တာပဲ..လို့ပြောလိုက်ရင် ဘယ်လိုဖြစ်သွားမ မသိ။ ဒေါင်းနီက ခပ်ထေ့ထေ့အကြည့်နှင့် တစ်ခွန်းမှမပြောဘဲ ငြိမ်သ နေ၏။

“ရှင်းရှင်းပြောရရင် အဲ့ဒါတွေဖြစ်ရတာ ညည်းနဲ့မကင်းဘူးလို့ငါထ တယ်..သိမ့်ချစ်အဲ့လောက်မလည်ပါဘူး..”

ဟု နောက်ထပ်အတည်ပြုစွပ်စွဲလာလျှင်.. ၊

“ကျွန်မကိုထင်ရင် ကျွန်မကိုမေးပါလား..ချစ်ကိုဘာလို့ပြောဆို ကြတာလဲ..”

“အခုထိဘာမှမပြောရသေးဘူးဒေါင်းနီ..ဖြစ်နေတာကရန့်နဲ့၊ မ ညကကိစ္စကိုသိသွားပြီး မိဘကိုပြန်ခံပြောနေလို့ဖြစ်နေရတာ..”



ဒေါ်သင်းသင်းက ရှင်းပြသလိုပြောသော်လည်း.. ၊

“ဒါပေမယ့် အခုသူ့အလှည့်ပဲ..ဒီပြဿနာဖြစ်ရတာ ဘယ်လိုမှမတော် ဆမဖြစ်နိုင်ဘူး..”

“အန်တီက ကျွန်မဘယ်လောက်သိထားလဲ သိချင်တာလား..အခု ချိန်မှာ ကျွန်မကအကြံပေးခဲ့တာလို့ ထင်နေတာလား..”

“နှစ်ခုစလုံးပေါ့အေ..ဟိုကောင်လေးရဲ့မိဘတွေကို တမင်လက်တို့ လိုက်တာမဟုတ်ရင်တောင် သူတို့ရှိနေမှန်းသိသိနဲ့..”

“အဲ့လိုလုပ်တဲ့အတွက် ချစ်မှာဘယ်လိုကောင်းကျိုးတွေ ဖြစ်သွားမှာ မို့လဲ..ကျွန်မကမြောက်ပင့်ပေးတယ်ဆိုရင်ရော ချစ်နဲ့ဒီအိမ်သားတွေအဆင် မပြေဖြစ်ကြတော့ ကျွန်မဘာရမှာလဲ..”

ဒေါ်သင်းသင်းအသံတိတ်နေပေမယ့် ဒေါ်မြတ်ဝင်းကမဲ့ကာ.. ၊

“ဘယ်ပြောလို့ရမလဲ..မနာလိုစိတ်ဆိုတာ ကိုယ့်ကောင်းကျိုးအတွက် ဖြစ်လာတာမျိုးမှ မဟုတ်တာ..”

ဒေါင်းနီမျက်နှာ သူမဘက်ကိုဆတ်ခနဲလှည့်သွားလျက်.. ၊

“အန်တီစကားကို အမျိုးမျိုးပြောနေတာပဲ..ခုနကတော့ ကျွန်မကပဲ ကိုယ့်အကျိုးရှိလို့ ချစ်ကိုဖားနေတာဆို..”

“ညည်းကများငါ့ကို..”

“စကားကိုတစ်ထိုင်တည်းမှာ အဓိပ္ပာယ်အမျိုးမျိုးမပြောနဲ့လေ..အိမ် ရှင်းရေးပဲဖြစ်ဖြစ် ပြည်ထဲရေးပဲဖြစ်ဖြစ် မကောင်းသတင်းဆိုတာ အပုတ် နံ့ပဲ..မွှေးနေရင် လိုက်မရှာပေမယ့် ပုတ်စော်နံနေရင် အနံ့ထွက်တဲ့နောက် ကို မရမကရှာထုတ်ကြမှာပဲ..”

ပြောပြီး ဒေါ်မြတ်ဝင်းနဲ့ဒေါ်သင်းသင်းရဲ့မျက်နှာကို တစ်လှည့်စီ ကြည့်ကာ.. ၊

“ဒီအိမ်က အိမ်တွင်းရေးကိုအပြင်လူတွေ သိကုန်တာမဟုတ်ဘူး..အ ပြင်လူတွေသိလို့လျှံနေမှ ဒီအိမ်ကလူတွေ သိခွင့်ရတာ..”

ဒေါ်သင်းသင်းမျက်နှာတစ်ခုလုံး သွေးဆုတ်ဖျော့ကျသွား၏။ ဒေါင်း နီက စေ့စေ့ကြည့်ကာ.. ၊

“တကယ့်အမှန်တရားကအဲ့ဒါ..”

www.burmeseclassic.com

www.burmeseclassic.com



သူမစကားသံသည် ပြတ်တောက်မာကြောနေခဲ့လျက်.. ။

"ဒီကိစ္စမှာ ကျွန်မကအကြံဉာဏ်ပေးဖို့နေနေသာသာ ချစ်ပါနေမှ သာ ကြိုသိခဲ့ရင် လုံးဝဝင်မပါရဘူးလို့ တားပြီးသားပဲ.."

ပြောမိကာမှတော့ ကိုယ့်မာနကိုယ့်ဝါဒကိုသိအောင် ပြောဖို့လိုသ ဟု သဘောပိုက်၍.. ။

"ချစ်သူဘဝမှာ မှားယွင်းကြပြီဆိုရင် အဲ့ဒါမိန်းကလေးမှာပဲအပြ ရှိတယ်.."

"ဘာ.."

"မိန်းမကြိုက်တော့ မျှော်လိုက်တာဆိုတာ မိန်းကလေးမသွားအပ် နေရာ မဖော်ပြအပ်တဲ့တပ်မက်မှုတွေကို ထိန်းချုပ်နေရတဲ့အတွက် ကို ဆီ သူလာဖို့ကိုမျှော်ကြရတာ..အဲ့ဒါကြောင့် ယောကျ်ားကြိုက်တော့ စို စိုက်လာဆိုတဲ့ သူတို့ဘက်ကတပ်မက်မှုကို ခန့်မှန်းဖို့ဖြစ်လာတာ အခုဖြစ်သွားတာက စကတည်းကဆုံးနေတာ.."

"ညည်း ငါတို့ကိုထောက်ရှုဝေဖန်နေဖို့မလိုဘူး..ညည်းကိုယ်တိုင်မိ မတစ်ယောက်ဖြစ်နေပြီး တာဝန်မယူတဲ့ယောကျ်ားကိုတော့ အပြစ်မရှိ မိန်းမမှာပဲအပြစ်ရှိတယ်တဲ့..အံ့ဩပါ့အေ.."

"ယောကျ်ားတစ်ယောက်က တာဝန်ယူဖို့ဆိုတာ သူ့ရင်ထဲကိုထ သိမ်းလိုက်တဲ့ အဲ့ဒီမိန်းမရဲ့တန်ဖိုးနဲ့ပဲဆိုင်တယ်.."

"ဒေါင်းနီ..ညည်း.."

ဒေါ်သင်းသင်း အသားတုန်မတတ်ကြိတ်အော်ရင်း ရှေ့တိုးလာ ဒေါ်မြတ်ဝင်းက လက်ကိုဆွဲထားလိုက်ကာ.. ။

"တော်တော်အရှက်မရှိတဲ့မိန်းမ..နင့်ကိုမိန်းမထုကနေ တစ်ခါတ ဖယ်ပစ်သင့်တာ.."

"ကျွန်မစေတနာကိုနားလည်တဲ့မိန်းမကတော့ အန်တီ့လိုဒေါသထွ မှာမဟုတ်ပါဘူး..ဘာဖြစ်လို့လဲဆိုတော့ ကျွန်မပြောနေတာ မိန်းမသ ထုအတွက်ပဲ၊ မိန်းမချင်းအတူတူကို သူ့ကိုတော့လက်ထပ်ယူပြီး ရှိ ကျပေါင်းမယ်..ကိုယ့်ကိုတော့ လိုချင်တာယူပြီး ထားခဲ့မယ်ဆိုတာ ကြောင့်လဲ.."



လူကြီးနှစ်ယောက်ရှေ့မှာ ပြောနေသည့်မိန်းကလေးက အသက်သုံးဆယ်တောင်မပြည့်သေးသော ကလေးတစ်ယောက်နဲ့မုဆိုးမလေးဖြစ်နေခဲ့လျက်.. ။

"မိန်းကလေးတွေ အာ့ကိုနားလည်စေချင်တာ..ယောကျ်ားတွေက ဘယ်ယောကျ်ား ဘယ်လိုဆိုးတာကောင်းတာ သူတို့ကိစ္စ၊ စောင့်ထိန်းဖို့က မိန်းမမှာပဲ တာဝန်ရှိတယ်..ချစ်သူချင်း မှုဒိန်းမှုဖြစ်တယ်ဆိုတာ မရှိဘူး၊ မိန်းမက ကိုယ့်တန်ဖိုးကို ထိန်းချုပ်နိုင်စွမ်းရှိရင် ဒီလိုပြဿနာတွေဖြစ်ကိုမဖြစ်ဘူး.."

"ဆက်ပြောစမ်းပါဦး..ညည်းစကားဘယ်လိုဦးတည်နေပြီလဲဆိုတာ.."

ဒေါ်မြတ်ဝင်းကချည်း မေးခွန်းတွေပုတ်နေခဲ့ပြီး အပိုင်ဖမ်းသည့် မျက်နှာထားနှင့် မေးဆတ်၍.. ။

"ချစ်သူချင်းမှားယွင်းမှုတွေဖြစ်ကြတာ မိန်းမတွေကပဲ လော်မာလို့ ဖြစ်ရတယ်ပေါ့..ယောကျ်ားတွေက မလွှဲမရှောင်သာ ကျူးလွန်မိတဲ့သူတွေလား.."

"အန်တီအားသန်တဲ့ဘက်ကို ဆွဲတွေးလေ..ကျွန်မပြောနေတာ ရင်ခုန်သံနောက်လိုက်ပြီး ကိုယ့်တန်ဖိုးကိုထိုးကျွေးနေတဲ့ မိန်းမတွေပဲ.."

"မိန်းမသားတွေကို လှမ်းကျော်သုံးသပ်နေမယ့်အစား ညည်းကိုယ်ညည်းပဲ တိုးတက်မြင့်မားလာအောင် ကြိုးစားပါဦး..အခု ညည်းကိုသင်းသင်းက အလုပ်ဖြုတ်လိုက်ရင် မနက်ဖြန်ဘာနဲ့စားမလဲ..ညည်းပူပန်ရမှာ အဲ့ဒီကိစ္စ.."

ဒေါင်းနီက မရယ်ပေမယ့် အေးစက်စက်အပြုံးနှင့် ခေါင်းခါ၏။

"ကျွန်မမပူပါဘူး..ဆင်ဖြူကျွန်းတစ်မြို့လုံးကို 'သင်းပဒေသာ'က အလုပ်ပေးထားတာမှမဟုတ်ဘဲ ထမင်းစားဖို့အတွက် အလုပ်ရုံတွေရှိသေး ဘယ်မှာမဆိုသွားလုပ်လို့ရတယ်.."

သူမမျက်နှာပေါ်က တည်ငြိမ်မှုက မာန်မာနတို့နှင့် တင်းမာခဲ့ပြီး..

"ပျောက်ရှသွားတဲ့ဂုဏ်သိက္ခာအတွက် မပေးချင်တဲ့သူ့နောက်လိုက်ပြီး မရမကပြန်တောင်းဖို့ ကြိုးစားနေရတဲ့လူတွေပဲ အေးချမ်းကြပါစေ.."

ဘယ်စကားကိုမှ နားမထောင်ချင်တော့သည့်မို့ ပြောချင်တာပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနှင့် ချက်ချင်းလှည့်ထွက်လာခဲ့သည်။ အပြင်မှာမှောင်စပျိုးနေပြီ ဖြစ်ကာ အလုပ်သမားတွေလည်း ရှင်းနေပြီဖြစ်သည်။ ကလေးခေါ်ဖို့ချ တို့ တိုက်လေးဆီထွက်လာခဲ့လျှင် အိမ်မကြီး၏ဘေးတံခါးအဆင်းလေးမှာ လက်ပိုက်ရပ်နေသော ရန့်နဲ့မျက်နှာချင်းဆိုင်မိလေသည်။

သူမရဲ့မျက်လုံးတွေက စူးရဲနေကာ တင်းတင်းစေ့ထားသည့်နှုတ်ခမ်း တို့ကြောင့် ကိုယ့်စကားတွေကို ကြားခဲ့ပြီဖြစ်မှန်း သိလိုက်သည်။ မျက်လုံး ချင်းဆုံမိတာနှင့် ရန့်ကဆံပင်တွေ ဝေ့ခါသွားတဲ့အထိ လှည့်သွား၏။ ဒေါင်းနီကမန်းကတန်း ရှေ့တိုးလိုက်သွားရင်း.. ၊

"ရန့်.."

လှေကားထစ်လေးသုံးထစ်နားရောက်တော့ ရန့်ကတိုက်ထဲကို မျက် နှာမူထားပြီးဖြစ်ကာ.. ၊

"ခဏလေးရန့်.."

နောက်လှည့်မကြည့်ပေမယ့် ရန့်ကဒီတိုင်းရပ်နေ၏။ ဒေါင်းနီက လည်း ရှေ့ဆက်မတိုးပါ။ နောက်ကနေ သူမကျောပြင်လေးကိုပဲ လှမ်း ကြည့်၍.. ၊

"မိန်းကလေးအားလုံးကိုဖြစ်ဖြစ် နင်နဲ့ပတ်သက်ပြီးဖြစ်ဖြစ် အားလုံး က စေတနာတွေပါ.."

ရန့်ကတုတ်တုတ်မလှုပ်ဘဲ ရှိနေခဲ့၏။

"ငါ့ညီမနဲ့ငါ့သမီးကိုထိရင် ငါ့ဒေါသကိုငါထိန်းလို့မရဘူး..ဒါပေ မယ့်ငါလည်း မိန်းမပါပဲ၊ မိန်းမတစ်ယောက်က ပိုပြီးစောင့်ထိန်းနိုင်ဖို့လို တယ်ဆိုတာ စောင့်ထိန်းတတ်စေချင်လို့ပြောတာပါ..ကဲ့ရယ်တာမဟုတ် ဘူး၊ ငါ့စကားတွေ ကြမ်းတမ်းသွားတဲ့အတွက် နင့်ကိုတောင်းပန်ပါတယ်.. နောက်ပြီး ဒီအဖြစ်အတွက် ခံစားမနေပါနဲ့.."

သူမအသံက မာနတို့ဖြင့် မာကြောလာခဲ့လျက်.. ၊

"ငါတို့မိန်းမတွေက ပျော့ညံ့တတ်တယ်..မှားပြီဆိုရင်လည်း အရမ်း ကြေကွဲလန့်သွားကြတယ်.."

ရန့်သူမဘက်ကို လှည့်ကြည့်မလိုဖြစ်လာသည်။ သို့သော် လှည့်မ လာခဲ့.. ၊



"ဘဝနဲ့ချီတဲ့အမှားဖြစ်ဖြစ် ဒူးရင်းသီးနဲ့ဘောလုံး မှားကန်မိတာပဲဖြစ် ဖြစ် အမှားတိုင်းအတူတူပဲ..ဒါကိုရင်နင့်နေဖို့မလိုဘူး၊ မမှားသင့်တဲ့အမှား ကို ကျူးလွန်မိပြီဆိုတာ သိပြီးရင် ဒီအမှားကိုပဲအထပ်ထပ်ခံစားပြီး ဘာ ဖြစ်လို့ နစ်မွန်းနေရမှာလဲ.."

ရန့် သူမဘက်ကိုလှည့်လာသည်။ မျက်ရည်တွေဝေ့လည်နေကာ ထို မျက်ရည်တို့ရဲ့နောက်မှာ ဒေါသမုန်းတီးမှုအနည်းငယ်တောင် ရှိမနေတော့ ဘဲ. ၊

"မေမေတို့ကိုပြောနေတုန်းကတော့ မိန်းကလေးမှာပဲ အပြစ်ရှိတယ် ဆို..ခုမှ.."

"ဘာကြောင့်မှားသလဲဆိုတာကို ထောက်ပြတာ..ဒါကိုအပြစ်တစ်ခု လို ကျခံသင့်တယ်လို့ ပြောတာမဟုတ်ဘူး.."

ရန့်မျက်နှာလေး မှောင်ရိပ်ကျနေသော်လည်း သူမခေါင်းခါလိုက်တာ ကို မြင်နေရသည်။ ပြီးတော့ ငုံ့ပစ်လိုက်တာလား ငိုချလိုက်တာလား..။ ဒေါင်းနီ ထောင်းခနဲစိတ်တိုသွားသည်။

"အဲ့ဒီလို အရှုံးပေးလို့မရဘူး..ဒီလိုအဖြစ်တွေ ဖြစ်ပျက်နေရတာ မိန်း ကလေးတွေ အရှုံးပေးလွယ်တာကြောင့်ပဲ၊ လူရဲ့ကြောက်စိတ်ကို မကောင်း ဆိုးရွားတွေ အနိုင်ခံနိုင်သလိုပဲ..ချစ်သူချင်းမှားကြပြီဆိုရင် ယောကျ်ားတွေ ကနိုင်ပြီ မိန်းမတွေက ရှုံးတယ်၊ မိန်းမတစ်ယောက်ရဲ့သိမ်ငယ်သွားတဲ့ စိတ်ပေါ်မှာ သူတို့ကိုယ်သူတို့ ရွေးချယ်ခွင့်ရသူတွေလို့ သတ်မှတ်သွားကြ တာ.."

ပြောနေရင်း ဒေါသတွေပါလာခဲ့လျက်.. ၊

"ဘာဖြစ်လို့လဲ..ဒီလိုမှားယွင်းပြီးရင် ကိုယ့်ကိုယ်ကိုသတ်သေရတော့ မှာလား၊ နောက်ထပ်ယောကျ်ားရှာလို့ မရနိုင်တော့ဘူးလား..ဘာမှဖြစ်မ သွားပါဘူး၊ မကြောက်နဲ့ ဂရုလည်းမစိုက်နဲ့..လမ်းသွားရင် ခလုတ်တိုက်မိ ရုံ ဆူးခြစ်မိရုံ..ဒါပဲ.."

ရန့်မျက်နှာမော့လာကာ ဒေါင်းနီရဲ့စကားတွေကို ငေးငေးနားစွင့်နေ ၏။

"ကြောက်ကျွဲခတ်ရင် သေတယ်တဲ့..တိရစ္ဆာန်မြွေတောင် ကျင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ကျပ်ထဲရောက်ရင် ထွက်ပေါက်ရှာနိုင်တယ်၊ ငါတို့ကမိန်းမဖြစ်နေတာ
ပဲ တိရစ္ဆာန်လောက်တောင် တွေးခေါ်ဆင်ခြင်နိုင်စွမ်း မရှိတော့ဘူးလား
ယောက်ျားနဲ့မိန်းမ ဘာမှမကွာဘူးရန့်၊ မှားပြီဆိုပြီး အရှုံးပေးဖို့မလိုပါဘူး
ကိုယ်အရှုံးမပေးသရွေ့ သူတို့ဘယ်တော့မှမနိုင်ဘူး၊ တစ်ချက်လေးပဲ ဂ
မစိုက်စွာ နေကြည့်လိုက်.."

"အဲ့ဒါဆိုရင် ဘာဖြစ်လာမှာလဲ.."

ခေါင်းနီခဏတိတ်သွားသည်။ ပြီးမှ.. ၊

"နင့်ခြေထောက်ကြားထဲမှာ ဘာလဲ.."

ဟင်.. ၊

ရန့်ဖျတ်ခနဲငုံ့ကြည့်သည်။ မှောင်ရိပ်သမ်းနေသဖြင့် အားမလိုအ
မရနောက်ထပ်ဆုတ်ပြီး ခြေထောက်တွေရှုတ်ဖယ်ရှာရင်း.. ၊

"ဘာမှမရှိပါဘူး.."

"ဟုတ်တယ်..ဘာရှိနေလဲရှာကြည့်မှသိမှာ၊ နင်ငါပြောတာကို န
လည်ချင်ရင် အဲ့ဒီလူနဲ့မတွေ့ခင်ကအတိုင်း နေကြည့်လိုက်..မနေ့တစ်နေ့
က ငိုခဲ့တဲ့မျက်ရည်တွေကို နမျောသွားလိမ့်မယ်.."

*မိန်းမတချို့သည်*
*အမှားကျူးလွန်စဉ်မှာ*
*စောင့်ထိန်းရမည့် ဂုဏ်သိက္ခာကိုမေ့ကြသည်၊*
*မှားသွားပြီဆိုလျှင် မိန်းမပီသသွားကြပြန်သည်၊*
*အကြောက်တရားဆိုတာ ဘယ်လိုနေရာမှာရှိသင့်ပါသလဲ..*

➤➤

## အခန်း(၁၅)

"မေမေ.."

"ဟင်.."

"စက်ဘီးနင်းရတာ မောနေတာလားဟင်.."

"မမောပါဘူးသမီးရဲ့..ဘာဖြစ်လို့လဲ.."

"မေမေမောနေပါတယ်.."

နှုတ်ခမ်းပွင့်၍စက်ဘီးနင်းခြင်းကို ချက်ချင်းပုံစံပြောင်းလိုက်သည်။
ပါးစပ်ပိတ်လိုက်ပြီး ကိုယ်ကြွအောင်နင်းခြင်းကနေ ပေါ့ပေါ့ပါးပါးနင်းနေ
သလို ပုံစံပြင်၍.. ၊

"စက်ဘီးကနင်းရတာ လေးနေလို့သမီးရဲ့..ခဏဆင်းကြည့်လိုက်ဦး
မယ်နော်.."

တကယ်က အသေအကြေမောနေလို့ဖြစ်သည်။ အလုပ်ပြောင်းလိုက်
ပြီးမှ သမီးလေးကိုအချိန်မှန်သွားကြိုနိုင်သည်။ ပြန်ချိန်ကစောနေသည်။
ါပေမယ့် ဆီစက်ဝင်းထဲမှာ ပဲခွံတွေပြာ အိတ်ခွံတွေခါနှင့် သယ်ရ'မ'ရ
တာတွေလည်း ရှိသည်မို့ ပင်ပန်း၏။ ထို့ပြင် လူများများလုပ်ရမည့်အလုပ်
ကို အလုပ်သမားလေးငါးယောက်နဲ့ပြီးအောင် လုပ်နေရတော့ပိုဆိုးသည်။

"မေမေ့.."

"ဘာလဲသမီးရဲ့.."

စက်ဘီးကိုဒေါက်ထောက်ပြီး လမ်းဘေးမှာထိုင်ချလိုက်ကာ ဘာမှ
မဖြစ်သည့်ဘီးကို အပြစ်ရှာနေတော့ ဥခေါင်းကအနားကပ်လာပြီး မအေ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုကြည့်၏။ ပြီးတော့ မျက်နှာရှေ့မှာ ဆောင့်ကြောင့်လေးထိုင်
လိုက်ရင်း မျက်တောင်ကော့ကော့လေးတွေ ဖြန့်ကပ်နေတဲ့အထိ မအေ
မော့ကြည့်ကာ.. ။

"မေမေပင်ပန်းနေတာပါ.."

"ဩော်..ဘာကိုပင်ပန်းရမှာလဲသမီးရယ်၊ မေမေနေ့တိုင်း အလုပ်လု
နေတာပဲဟာ.."

"ဟင့်အင်း..ဟုတ်ဘူး.."

ဥဒေါင်းက ဒေါင်းနီရဲ့လည်ပင်းကြားထဲကို လက်ဖဝါးလေးနဲ့လု
ပွတ်လိုက်ကာ.. ။

"ဒီမှာပေကျံနေတာပဲ.."

ဟင်.. ။

ကလေးရဲ့လက်ထဲမှာ ပဲခွံအမှုန်တွေနဲ့ ချွေးစတွေ ပါလာတော့ ဒေါ
နီမျက်နှာပျက်သွားကာ.. ။

"ဩော်..အလုပ်လုပ်တာပဲပေတာပေါ့သမီးရဲ့၊ အလကား.."

ပြောရင်း ကလေးနဲ့လက်ဖဝါးချင်း ပွတ်ဖျက်လိုက်ပြီး နေရာမှထ
လိုက်မိသည်။

"မေမေဘာဖြစ်လို့ တီတီချစ်တို့ဆီမှာ မလုပ်တာလဲဟင်..တီတီချ
တို့ဆီမှာဆို မီးမီးကျူရှင်နဲ့နီးနီးလေးရယ်၊ ပြီးတော့ မေမေ့မှာဘာမှမ
ကျံဘူး.."

"အလုပ်ဆိုတာ ဘယ်အလုပ်ကပိုကောင်းသလဲ ဒီလိုပဲကောင်း
ထက်ကောင်းတာ ရှာကြံလုပ်ရတာပဲ.."

နောက်ထပ်လည်းပြောင်းရဖွယ်မြင်နေတာမို့ စကားကိုမတင်မ
ပြောလိုက်မိကာ.. ။

"မေမေက အိုးမကွာအိမ်မကွာဈေးလေးပဲရောင်းပြီး အတည်တ
လုပ်တော့မှာပါ..ပိုက်ဆံမပြည့်သေးလို့ သူများအလုပ်တွေလုပ်နေရတာ

"ပိုက်ဆံက ဘယ်တော့ပြည့်မှာလဲဟင်.."

"အဲ.."

ရုတ်တရက်ဘယ်လိုပြောရမှန်းမသိ။ ဈေးရောင်းဖို့ပိုက်ဆံရှိ



တောင် ကိုယ့်အိမ်ပိုင်မဟုတ်တဲ့ ဈေးရောင်းရင် မကြာခင် ဒီလိုပဲသူများက
ယ်ပါဦးဆို ဖယ်ရဦးမည်။ ပြောင်းပါတော့ဆိုရင် ဒီဈေးဆိုင်ဒီပစ္စည်းတွေ
 ခွေးနေရာမရဖြစ်ရဖို့ရှိသေးသည်။

စားရေးဝတ်ရေးအတွက် ကြိုးစားနိုင်ပေမယ့် နေထိုင်ရေးကြီးကသူမ
တွက် ခက်ခဲဆုံးဖြစ်နေခဲ့၏။

"ဟင်လို့မေမေ့..ပိုက်ဆံကမီးမီးတို့ ဘယ်တော့ပြည့်မှာလဲ.."

"ပြည့်တော့မှာပါသမီးရယ်..အဲ့ဒါကိုခဏခဏမမေးနဲ့နော်၊ ပိုက်ဆံ
တယ်ဆိုတာ မေ့မေ့ပျောက်ပျောက်ထားရတယ်..ခဏခဏရေတွက်ကြည့်
နေရင် ပြည့်ပဲမပြည့်နိုင်ဘူးလို့ တွေးမိလာတာပေါ့.."

ကလေးကို ဘယ်လိုအာရုံလွှဲရမလဲစဉ်းစားရင်း တစ်ခုကိုသတိရသွား
ကာ.. ။

"သမီးမွေးနေ့တောင် နီးလာပြီကြည့်စမ်း.."

"ဟင့်အင်း..မီးမီးမွေးနေ့လည်း မလုပ်တော့ဘူး.."

ဟင်.. ။

"မီးမီးဖိနပ်လှလှလေးလည်း မလိုချင်တော့ဘူး.."

"ဘာဖြစ်လို့လဲ.."

"မီးမီးကိုဘာမှ မဝယ်ပေးနဲ့တော့..မေမေပိုက်ဆံတွေအများကြီးဖြစ်
လာအောင်စုလေ.."

ဒေါင်းနီစိတ်မကောင်းဖြစ်သွားမိသည်။ ကလေးကတောင် သတိ
ထားမိသွားတဲ့အထိ သူမပုံစံကန္တမ်းယှဲ့ခွေယိုင်နေပြီလား..။ ဒါဘယ်လိုမှ
မဖြစ်သင့်ပေ.. ။

"သမီးရယ်..မွေးနေ့ဆိုတာ ပျော်စရာကောင်းတယ်၊ မုန့်တွေအများ
ကြီးစားရတယ်..လက်ဆောင်တွေလည်း ရတယ်၊ မေမေက သမီးအတွက်
ကိတ်မုန့်သေးသေးလေးရယ် ဖယောင်းတိုင်လှလှလေးတွေရယ် ဝယ်ပေး
လိုက်ရင် ရတာပဲဟာ.."

ဥဒေါင်းက ခေါင်းခါမြဲခါနေကာ.. ။

"တီချယ်ကပြောတယ်..မိဘက ပိုက်ဆံရှိမှန်းမသိ မရှိမှန်းမသိ ကိုယ်
လိုချင်တာကို အတင်းမပူဆာရဘူးတဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဩော်..မေမေ့သမီးအလိမ္မာတုံးလေးက ဘယ်မှာပူဆာလို့လဲ..မေမေ့က အဲ့ဒါကြောင့် အချစ်တွေပိုပြီး ဘာဖြစ်ဖြစ်ဝယ်ပေးချင်နေတာ.."

သူမဘယ်လိုအပြုံးတွေပဲ ဖန်ဆင်းပြီးပြောနေပေမယ့် ညနေဆည်ဆာအောက်မှာ ချွေးစို့နေသည့်မျက်နှာကို ဥဒေါင်းကမျက်တောင်မခတ်ငေးနေဆဲရှိလျှင်.. ၊

"ကဲ..တက်သမီး ပြန်ရအောင်.."

"မီးမီးလမ်းလျှောက်မယ်လေ.."

"ဘယ်လို.."

"မေမေပဲ အိမ်စောစောပြန်ရတဲ့နေ့ကျရင် စက်ဘီးလေးတွန်းပြီး အေးဆေးလမ်းလျှောက်မယ်ဆို.."

ဥဒေါင်းကပြောရင်း ကျောပေါ်ကလွယ်အိတ်လေးကို ဖြုတ်ချလိုက်ပြီး စက်ဘီးရှေ့ခြင်းထဲမှာ ပြေးထည့်လိုက်သည်။

"မေမေတွန်းလေ..မီးမီးက နောက်ကထိုင်ခုံကိုကိုင်ပြီး လိုက်မယ်.."

"သမီးရယ်..ကားတွေဖြတ် လှည်းတွေဖြတ်နဲ့ ဖုန်တွေမွှန်တာပေါ့.."

"မီးမီးမမွှန်ပါဘူးဆို.."

မအေမောနေမှန်းသိနေသဖြင့် ဥဒေါင်းကစက်ဘီးကယ်ရီယာအစွန်းကို ကိုင်လိုက်ပြီး မော့ကြည့်၍.. ၊

"မေမေတွန်းလေ..သွားမယ်.."

ထိုစဉ် လမ်းအတိုင်းမောင်းလာနေသည့် ကားတစ်စီးကို လှမ်းမြင်လိုက်ကာ ဒေါင်းနီထိတ်ခနဲဖြစ်သွားသည်။ ကလေးကိုမြင်မှာစိုးသော်လည်း.. ၊

"ဟယ်..ဟိုမှာတီတီချစ်တို့ကားကြီး.."

ကမ်းနားဘက်ကိုမောင်းလာနေသည့်ကားက အရှိန်မှန်ဖြစ်သော်လည်း ဒေါင်းနီရင်ခုန်သံတွေမြန်နေခဲ့သည်။ ဥဒေါင်းကတော့ ချစ်လိုက်လာမှန်းသိကာ ကားကိုလှမ်းကြည့်ပြီး ပြုံးရွှင်နေ၏။ ကားသည် တရွေ့ရွေ့နှင့် သူမတို့ဘေးကနေ ကပ်မောင်းသွားခဲ့လျှင်.. ၊

"တီတီချစ်.."

ကားမှန်ရဲ့အတွင်းကနေ အဒေါ်ရဲ့ပုံရိပ်ကိုမြင်နေရသဖြင့် ဥဒေါင်း



ကသူမကိုမြင်အောင် မြောက်ခနဲခုန်၍ အကျယ်ကြီးလှမ်းခေါ်သည်။ ပြီးတော့ ကားရပ်တော့မည်ထင်ကာ ပြေးလိုက်၏။ ဒေါင်းနီစက်ဘီးကြားနေသဖြင့် ကလေးကိုလှမ်းဆွဲလိုက်ပေမယ့် မမီလိုက်.. ၊

ကားသည် ဖုန်မထရုံခပ်ဖြည်းဖြည်း လိမ့်သွားတာဖြစ်ကာ ရပ်လည်းမရပ်လျှင် ဥဒေါင်းရဲ့ပြုံးနေသောမျက်နှာလေးက အံ့ဩဟန်လေးဖြစ်သွား၏။ ပြီးတော့ မအေကိုလှည့်ကြည့်လိုက်ရင်း.. ၊

"တီတီချစ်က ကားလည်းမရပ်ဘူး.."

ဒေါင်းနီကရယ်လိုက်ပြီး ကလေးနားထိစက်ဘီးတွန်းလာကာ.. ၊

"သူတို့လည်းသူတို့သွားစရာကိစ္စ အရေးကြီးလို့ဖြစ်မှာပေါ့သမီးရယ်..လာ သမီးနောက်ကထိုင်၊ မေမေကအမောပြေပါပြီ.."

မျက်နှာကို ဘယ်လိုပင်ပေါ့ပါးစွာပြုံး၍ မျက်လုံးချင်းမဆုံအောင်နေခဲ့သော်လည်း.. ၊

"တီတီချစ်က မီးမီးကိုလည်း လှည့်မကြည့်ဘူး..မေမေနဲ့တီတီချစ်နဲ့ ရန်ဖြစ်ထားတာလားဟင်.."

"ပေါက်ပေါက်ရှာရှာသမီးရယ်..မေမေ့ကိုရယ်ပြသွားတာ သမီးမှမမြင်တာ၊ ဘေးမှာအန်တီပါလာတယ်လေ..အန်တီရှေ့မှာဆို သမီးတီတီချစ်က ခန့်ခန့်တည်တည်ကြီးနေရတာ.."

ထိုစဉ် နောက်ထပ်ဂျစ်ကားလေးတစ်စီး ဖြတ်မောင်းသွားလျှင် အရှိန်ပြင်းသလောက် ဖုန်တွေကျန်ရစ်၏။ ဒေါင်းနီက အမြဲဆောင်ထားသည့် ပဝါပါးလေးထုတ်လိုက်ပြီး ကလေးခေါင်းကနေ လွှားအုပ်ပေးလိုက်ကာ..

"နှာခေါင်းဖိထားသမီး.."

မှာရင်း စက်ဘီးကိုတစ်ဖက်ထိန်းကိုင်ထားကာ ကလေးကိုတစ်ဖက်ပင်မ်းပွေ့လိုက်ပြီး စက်ဘီးပေါ်တင်သည်။ မျက်လုံးထဲမှာ ကလေးခုန်ပေါက်အော်ခေါ်တာရယ် ချစ်တစ်ချက်မှလှည့်မကြည့်ခဲ့တာရယ်ကို မျှောက်လို့မရ။ ကလေးကိုတောင် တစ်ချက်မှလှည့်မကြည့်ချင်အောင် သူမဘာလုပ်ခဲ့မိလို့လဲ.. ၊

ရန်ကုန်ကိစ္စပြဿနာဖြစ်တဲ့နေ့က 'သူတို့နဲ့အဆင်ပြေအောင်ပြောပါမမယ်'လို့ ချစ်ကြိုတင်တောင်းပန်ခဲ့သည်။ သူမကတော့ ဒေါသဖြစ်တဲ့အ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ပြောခဲ့မိ၏။ ဒါကြောင့် ချစ်စိတ်ဆိုးသွားနိုင်တာကိုလည်း တွေး ခဲ့သည်။ ဒါပေမယ့် ‘ငါ့အစ်မဘာဖြစ်လို့ ဒီလိုတွေပြန်ပြောခဲ့သလဲ’ဆို လေးတော့ ထည့်စဉ်းစားသင့်ပါ၏။

ဒေါ်သကမကောင်းတာလား.. အမှန်တရားကခါးသီးနေတာလား

➤➤

အခန်း(၁၆)

“စားသောက်ဆိုင်ဆိုလို့ အထင်မလွဲနဲ့နော်..ညည်းကို စာရေးမခန့် မှာပါ၊ ကားဂိတ်မှာ စာရေးမလုပ်မယ်လို့ ပြောနေသံကြားလို့ပါ..ဆိုင်မှာ လုပ်ရင် ညည်းတို့သားအမိစရိတ်ငြိမ်းမယ့်အပြင်..”

“ကျေးဇူးပါပဲကိုကံမြင့်..ကားဂိတ်မှာလည်း မလုပ်ပါဘူး၊ တချို့နေ ရာတွေမှာ အလုပ်ကောင်းပေမယ့် ကလေးအတွက်အဆင်မပြေရင်တော့ လက်လွှတ်ရတာပဲ..”

ကံမြင့်က ‘ရွှေသဇင်’စားသောက်ဆိုင်ကြီးက မန်နေဂျာဖြစ်ကာ သူ ့မွေးနဲ့လည်း ညီအစ်ကိုလိုရင်းနှီးတဲ့သူဖြစ်သည်။ ထို့ပြင်သူ့ဌေးအတွက်ဆို နေရာတကာ အလိုက်သိလွန်းသော ကိုယ်ရံတော်ဆိုလည်းမမှားပေ.. ၊

ဒေါင်းနီစိတ်ထဲမှာခံစားမိပေမယ့် ပြေပြစ်စွာပြုံး၍ ခေါင်းခါလိုက် သည်။ တံတားထိတ်မှာ သားအမိနှစ်ယောက်တည်းမုန့်စားကြဖို့ ထွက် လာကြတာဖြစ်ကာ ဘာမှလည်းမစားရသေးပေ။ မအေစကားပြောနေမှန်း သိတော့ ဥဒေါင်းကဟိုဒီလိုက်ကြည့်ရင်း အရုပ်ဆိုင်ရှေ့ရောက်သွား၏။

“ဟဲ့..ဥဒေါင်းငယ်..”

“အယ်..ဖူးဖူး နင်အရုပ်လာဝယ်တာလားဟင်..”

ဆိုင်ထဲကနေ ဂါဝန်အဖြူလေးနှင့်ကလေးတစ်ယောက် ပြေးထွက် လာပြီး ပိုက်ထားသည့်အရုပ်ကြီးကိုပြသည်။ ပြီးတော့ အားပါးတရ.. ၊

“ငါ့ဖေကြီးပြန်လာလို့ ငါ့အတွက်ဝယ်ပေးတာကြည့်စမ်း..အကြီးကြီး ပဲ..”

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာကျန်ခဲ့သည့် မိဘနှစ်ပါးကိုလည်း မျက်နှာလေးလှည့်
မေးဆတ်ပြသည်။ လက်ထဲကအရုပ်ကိုလည်း ကြွားနေသေးသည်။ အ
က နားရွယ်ဖားဖားနှင့် ခွေးရုပ်လေးဖြစ်ကာ မျက်လုံးဝိုင်းဝိုင်း ဘဲဥပုံ
တွေက အသက်ဝင်ပြီး အတော်လေးလှနေ၏။

ဥဒေါင်းမျက်လုံးလေးတွေကလည်း အဖြူနဲ့ရွှေအိုရောင် ခပ်ဖျော့
စပ်ကျားခွေးရုပ်လေးကို မျက်စိမခွာနိုင်ဖြစ်နေခဲ့လျက်.. ၊

"နင် အဲ့အရုပ်လေးဘယ်လောက်ပေးရလဲဟင်.."

"ငါ့အရုပ်လား.."

ကောင်မလေးက လက်ချောင်းလေးတွေထောင်ပြီး တစ်ချောင်း
တစ်ချောင်းချိုးချရင်း ရေတွက်နေ၏။ သူမလက်ချောင်းလေးတွေ ချိုး
တာကို ဥဒေါင်းမျက်ဝန်းလေးတွေ ပြူးဝိုင်းနေအောင်စိုက်ကြည့်နေ
ပြီးမှ.. ၊

"တစ်သောင်း နှစ်သောင်း သုံးသောင်းလောက်ရှိတယ်..ပိုက်ဆံ
အများကြီးပေးရတာ.."

"ဟုတ်တယ်.."

"အေး..နင်လိုချင်နေပြီမို့လား.."

"ငါ့မွေးနေ့ကျရင် ငါ့မေမေကဝယ်ပေးမှာပါ.."

"နင့်အမေကဖြင့် ဒီလောက်ဈေးကြီးတာကြီးကို မဝယ်ပေးနိုင်ပါ
ပိုက်ဆံဖြင့်မရှိဘဲနဲ့.."

"မေမေ့မှာမရှိလည်း ငါ့တီတီချစ်က သူဌေးမကြီးပါ.."

"ငါကမွေးနေ့မဟုတ်လည်း ရတယ်..ငါ့အန်တီတွေရော ဦးဦးစို
ရော ပေးမယ့်လူတွေအများကြီးပဲ၊ အခုဖေကြီးက ဝယ်ပေးတာသိလ
နင့်မှာအဖေတောင် မရှိဘဲနဲ့များ.."

"သမီးရေ..ပြန်ရအောင်.."

ဆိုင်ထဲကထွက်လာသည့် လူကြီးတွေကခေါ်တော့ ဖူးဖူးကလှည့်
သွားသည်။ ဥဒေါင်းဒီတိုင်းလေး ရပ်ကျန်ခဲ့လျက် ဆိုင်ထဲကိုပဲ ပြန်ကြ
နေခဲ့၏။ သူများတွေက သူဌေးကြသည်။ မေမေကတော့ အလုပ်လုပ်
ရသည်။ ဒီအရုပ်တွေကို ဝယ်ပေးပါလို့ မေမေ့ကိုမပြောဖို့တွေးရင်း နေ



ပို့ပြင်လျှင်.. ၊

"မီးမီးကအရုပ်လိုချင်လို့လား.."

မော့ကြည့်လိုက်တော့ ခွန်းကိုမြင်သွားလျှင်.. ၊

"ဦး.."

"အင်း လာ..ဦးနဲ့ဆိုင်ထဲဝင်ကြည့်ရအောင်.."

"ဟုတ်..ဟင့်အင်း.."

ဆတ်ခနဲခေါင်းညိတ်ပြီးမှ ချက်ချင်းခေါင်းခါသည်။ ပြီးတော့ ခွန်း
ဆွဲကိုင်လိုက်သည့်လက်လေးကို ပြန်ရုန်းလိုက်ရင်း.. ၊

"မီးမီးမလိုက်ချင်ဘူး.."

"ဘာဖြစ်လို့လဲသမီးရဲ့..ဦးကသမီးဦးယမင်းရဲ့ အစ်ကိုကြီးပါ၊ ဆွေ
မျိုးတော်တယ်လေ.."

"ဟင့်အင်း..မေမေနဲ့တီတီချစ်နဲ့ မခေါ်ဘူး.."

ဥဒေါင်းကခေါင်းခါနေလျက် မျက်ဝန်းလေးတွေက ဆိုင်ထဲကမခွာ
ရှိလေသည်။ သို့သော်ကားပေါ်မှာ တီတီချစ်မျက်နှာ တစ်ချက်မှဒီ
ကက်လှည့်မကြည့်ခဲ့တာ သူမသေချာသိနေသည်။ ဒါပေမယ့် ရယ်ပြသည်
လို့ မေမေကပြော၏။ တီတီချစ်တို့အိမ်နဲ့တစ်ခုခုဖြစ်တိုင်း မေမေဘယ်
တော့မှ ပြောမပြတတ်ပေ။ မေးရင်လည်း ဘာမှမဖြစ်ဘူးပဲပြောသည်။

ဒါပေမယ့် ဥဒေါင်းကတော့ သိနေသည်သာ။ ခွန်းကလည်း ဒီက
လေးလေး မအေကိုဘယ်လောက်သိတတ်သလဲဆိုတာ နားနဲ့မဆံ့အောင်
ကြားခဲ့ပြီးဖြစ်ကာ.. ၊

"သမီးက ဦးကိုသိတယ်မို့လား.."

"သိတယ်..ရန်ကုန်မှာတုန်းက.."

"အဟွန်း.."

"တီလေးရန့်တို့အိမ်မှာလည်း ဦးဦးဓာတ်ပုံရှိတယ်.."

"ဟုတ်တယ်..အဲ့ဒါကြောင့် သမီးနဲ့ဦးတို့က မိသားစုတွေပဲ၊ ခွေးရင်
စားလို့ရတယ်..ပေးရင်လည်းယူလို့ရတယ်.."

ရန်ကုန်မှာ ဒေါင်းနီမပြန်ခင်လေးမှာပဲ သူနဲ့သူမတို့အဆင်မပြေမှု
များနှင့် တွေ့ဖြစ်ခဲ့ကြသည်။ ထိုစဉ်က ကလေးလည်းရှိနေတာကို သကိ

www.burmeseclassic.com

www.burmeseclassic.com



ထားမိခဲ့၏။ မျက်တောင်ကော့ကော့ မျက်လုံးဝိုင်းလေးတွေနှင့် ရပ်ကြည့်နေနေသော ဥဒေါင်းငယ်လေးက သူ့ကိုမှတ်မိနေသည်ပဲ.. ။

"လာပါ..မီးမီးမေမေ့ကို ဦးပြောပြီးပြီ၊ အရုပ်ဝယ်ပေးပါရစေလို့.."

"ဟင်..မေမေကဝယ်ပေးလိုက်တဲ့လား၊ မီးမီးကိုယူခိုင်းတယ်ပေါ့.."

မြင်ကွင်းကိုလှမ်းမြင်လိုက်တည်းက ခွန်းဘာတွေပြောနေသည်ကို ဒေါင်းနီခန့်မှန်းမိသည်။ ကလေးကိုလက်ဆွဲ၍ ဆိုင်ထဲဝင်သွားတော့ ကမြင့်ကို စကားဖြတ်ခဲ့ပြီး အမြန်လိုက်လာခဲ့မိကာ.. ။

"သမီးရေ..မုန့်သွားစားမယ်လေ.."

"မေမေ့.."

ကလေးက လိုချင်သည့်အရုပ်ကိုလက်ညှိုးလေးထိုးနေသဖြင့် ခွန်းကအရုပ်ကို ဆွဲယူပေးလိုက်ရင်း.. ။

"မင်းကိုပြောပြီးပြီလို့ သေချာပြောပြခဲ့ရတာ..ဝယ်ပြီးမှခေါ်ပါ.."

ဟုတ်လည်းမဟုတ်ဘဲ ကလေးကိုသူကဝယ်ခြမ်းပေးနေတာ ပိုင်စိုးပိုင်နင်း။ သို့သော် လူကြီးတွေရဲ့မရိုးသားမှုကို ကလေးရိပ်မိသွားမှာစိုးသောကြောင့် ဒီတိုင်းငြိမ်နေလိုက်ရကာ.. ။

"မေမေ့..မီးမီးတို့မုန့်စားရဦးမှာနော်.."

"အင်း.."

ကလေးကိုပြောရင်း သူ့ကိုကြည့်လိုက်မိသည်။ 'မုန့်ဆိုင်ထိမလိုက်နဲ့' လို့ ပြောသည့်အကြည့်တွေမှန်း ခွန်းကသိသည်။ ထို့ကြောင့် ဒေါင်းနီနားကပ်၍ အရုပ်တွေကြည့်သလို မျက်နှာတလွဲထားရင်း.. ။

"မင်းနဲ့ပြောစရာရှိတယ်.."

"ကျွန်မမပြောချင်ဘူး.."

"မင်းကိုရည်းစားစကားပြောမလို့ မဟုတ်ဘူး.."

"ဘာစကားဖြစ်ဖြစ်.."

"ဟော့.."

လှည့်ထွက်လိုက်သည်နှင့် ခွန်းကသူမချိုင်းကြားညှပ်ထားသည့် ပိုက်ဆံအိတ်ကို ဖျတ်ခနဲဆွဲယူလိုက်၏။ ဒေါင်းနီပျာပျာသလဲဖြစ်သွားကာ ကလေးကိုလည်း လှမ်းကြည့်မိသည်။ ခွန်းက အိတ်ကိုအရုပ်တွေကြားထဲ



ပြန်တင်ပေးလိုက်ရင်း.. ။

"ဒီတစ်ခါလက်ကိုဆွဲထားမယ်..ပြောနေတုန်းထွက်သွားကြည့်.."

ဒေါင်းနီက ကိုယ့်အဖြစ်ကိုဘယ်သူမှမရိပ်မိခင် သူတင်ထားလိုက်သည့်အိတ်ကို မြန်မြန်ဆန်ဆန်ဆွဲ၍ လက်နှစ်ဖက်ထဲမှာ ဖိကိုင်ထားပြီးမှ.. ။

"ရှင် ကျွန်မအခြေအနေကိုသိရဲ့သားနဲ့.."

"ဘာကိုလဲ..မသိဘူး.."

"အဲ့လိုမစာမနာမပြောနဲ့လေ.."

"စာနာရလွန်းလို့ အထုံအကျင်စွဲနေပြီ.."

ခွန်းက နည်းနည်းလေးမှနောက်ကျ ခံဘဲ တုံ့ပြန်ပြောရင်း ဖျတ်ခနဲလှည့်ကြည့်ကာ.. ။

"မနက်ဖြန်လောစံတို့အိမ်မှာ ဘုရားကိုးဆူပူဇော်ပွဲရှိတယ်..မင်းကိုလည်း ဖိတ်ထားတယ်မို့လား၊ အဲ့ဒီမှာတွေ့မယ်.."

"ကျွန်မက.."

"မလာရင် မင်းအိမ်ရှေ့ထိလာခေါ်မယ်.."

ကြည့်စမ်း.. ။

ဒေါင်းနီစိတ်တိုလွန်းသဖြင့် သူထွက်သွားတဲ့အတိုင်း လိုက်ကြည့်ရင်း ပေါ်ကြိတ်ကြိတ်တက်ခေါက်မိ၏။

ဒီလိုနည်းနဲ့အနိုင်ပိုင်းလို့ ရမလား.. ။

➤➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

"ဟော..ဘုရားဖူးပြီးပြီလား၊ လာ..သမီးလေးလည်း ဒီမှာထိုင်၊ ကြ
ဖချက်သောက်ရအောင်.."

"မှောင်နေပြီမို့လို့မသက်..ကြာဖချက်ကလည်း ပူနေမှာဆိုတေ
လေ.."

"သြော်..အရမ်းမပူတော့ပါဘူးဒေါင်းနီရယ်၊ လာစမ်းပါ..ဘယ့်
မစားဘဲပြန်စရာလားလို့ လာထိုင်.."

ကိုယ်ကမိုးမချုပ်ခင် တမင်စောလာတော့လည်း သက်မွန်နဲ့လော
တို့လင်မယားက ဆီးကြိုပြီးစကားတွေပြောနေကြသည်။ အိမ်ပေါ်ထပ်
ဘုရားဖူးဖို့တက်သွားတဲ့အထိ လိုက်တက်လာကာ LUXဆပ်ပြာခဲ
ကမ်းသည့်နေရာ ခဏဝင်ပေးပါတဲ့.. ၊

"အကမ်း ငါးမျိုးတောင်စီစဉ်ထားတာဒေါင်းနီရယ်..အဲ့ဒါဝေဝေက
တာလေ၊ လူမလာသေးပါဘူး..ခဏပြန်ဦးမယ်ဆို ထွက်သွားတာ ပေါ်
မလာတော့ဘူး.."

ဟု ညည်းညူရင်း အကူအညီတောင်းတော့ ခေါင်းခါဖို့ခက်သွ
သည်။ ထို့ပြင် သက်မွန်တို့ရဲ့ညီမအငယ်ဆုံးလေးကလည်း ကလေး
တတ်သဖြင့် ဥဒေါင်းကိုခေါ်သွားကြသည်။

"ဒီနားတင်နေကြအိတုန်ရေ..ဒေါင်းနီကစိတ်ပူတတ်တယ်.."လို့ တော
လောစံက လှမ်းအော်ပြောလိုက်သေးသည်။ ဆင်ဖြူကျွန်းမှာ ဒေါင်းနီ
နေတာတစ်နှစ်ပဲရှိသေးသည်။ ခင်မင်သူတွေအားလုံးကတော့ သူမ



ကြောင်း အတော်သိနေကြပြီဖြစ်၏။ အထူးသဖြင့် ကလေးကိုဂရုစိုက်တတ်ခြင်း ကလေးကလည်း ဒီအမေကိုဘယ်လောက်တောင် ချစ်ကြောက်ရှိသေခြင်း.. ၊

"သမီးနဲ့အိတုန်တို့ ဘယ်မှာသွားဆော့နေတာလဲ.."

"မမေ့နောက်က ရွက်လှပင်တွေကြားထဲမှာလေ..အဲ့မှာကြွက်တူရွေးလေးလည်းရှိတယ် မမေသိလား၊ ပြီးတော့ ပိုက်ဒန်းလေးလည်းရှိတယ်..လို့အိပ်လို့ အရမ်းကောင်းတာပဲ.."

"ဟုတ်လား..အေးပါ အေးပါ..ကဲ ကြာဖချက်သောက်၊ ဖြည်းဖြည်းမှုတ်..ပေးပေး မမေမှုတ်ပေးမယ်.."

ကလေးကဆော့ခဲ့တာတွေကို ဖောင်သဝေအောင်ပြောချင်နေသည်။ သူမကပြန်ချင်နေ၏။ နယ်မှာတော့ ဘုရားကိုးဆူတွေက ညဘက်ကျမှ ဘုရားဖူးစည်သည်။ ဘုရားဖူးလာသူတွေက လှူဖွယ်ပစ္စည်းတွေနဲ့ လာကြသလို အလှူရှင်အိမ်ကလည်း မီးခြစ် ဆပ်ပြာ ခေါင်းလျှော်ရည် မုန့် ပဲသွားရည်စာစသဖြင့် ပြန်ကမ်းပေးကြ၏။

အထူးသဖြင့် စီးပွားရေးပြေလည်သူတွေသာ ဘုရားကိုးဆူပူဇော်ပွဲလုပ်နိုင်ကြကာ အကျွေးအမွေး အကမ်းအလှမ်းတို့ဖြင့် ပျော်ရွှင်ဖွယ်လည်းဖြစ်၏။ မပျော်နိုင်တာက သူမတစ်ယောက်တည်းပဲထင်သည်။ သက်မွန်တို့ပွဲရုံမှာ အလုပ်လိုချင်လို့ မဖြစ်မနေလာခဲ့ရပေမယ့် ခွန်းနဲ့ဆုံမှာကြောက်နေ၏။

ဘုရားဖူးပြီးတန်းပြန်ဖို့ စိတ်ကူးနဲ့စောစောလာကာမှ လူတွေလည်းစည်နေပြီ။ မိုးလည်းချုပ်ခါနီးနေတဲ့အထိ သူမပြန်နိုင်သေး။ ဧကန္တ ခွန်းနဲ့မဆုံအောင် တမင်စောစောလာကာမှ လောစံတို့လင်မယား တမင်အချိန်ဆွဲထားနေကြတာလား..။ သူများက ရိုးရိုးတန်းတန်းခင်မင်လို့ဆိုရင်တော့ သူမသံသယတွေများမိတာ အပြစ်ဖြစ်နေပါပြီ.. ၊

"မမေ့..မေမေလည်းစားလေ.."

"မေမေကသိပ်မဆာပါဘူး..သမီးပါးစပ်တွေ အပူလောင်မှာစိုးလို့.."

"မမေ့သိလား..မမအိတုန့်အိမ်ကြီးက နောက်မှာပန်းပင်တွေချည်းပဲ၊ ဒီမီးက ပန်းပင်တွေနဲ့နေချင်တာ.."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ..မေမေအိမ်နဲ့ခြံနဲ့ဝယ်နိုင်ရင် သမီးစိတ်ကြိုက်အားလုံး ဆင်ပေးမှာ.."

"မေမေ့.."

"ဟင်.."

"အန်တီမမသက်လို မေမေလည်းဆွဲကြိုးအကြီးကြီးနဲ့ လက်ကော တွေနဲ့ ဝတ်ထားရင်တအားလှမှာပဲ.."

"မေမေကမဝတ်ချင်ပါဘူး..သူတို့လိုချမ်းသာလာရင် သမီးလေး ရွှေတွေညွတ်နေအောင်ဆင်မှာ.."

"အဟိ.."

ဥဒေါင်းငယ်လေးက သဘောကျသွားပြီဆို ခေါင်းလေးစောင် ရယ်နေတတ်ကာ.. ၊

"မီးမီးတို့က ချမ်းသာတော့မှာလား.."

"မေမေကြိုးစားမှာပေါ့သမီးရဲ့..ရော့ ဒါလေးစားလိုက်ဦး၊ နေ့ ကြက်သားရိုးထင်တယ်.."

ဇွန်းကိုပြန်ချ၍ ကြာဇံထဲကကြက်သားဖက်ကို သေချာထောက် ကြည့်သည်။ အရိုးလို့ထင်သောကြောင့် ဖယ်ထားလိုက်ပြီးမှ.. ၊

"အိမ်ရောက်မှ မေမေတို့စကားပြောရအောင်..အခု ဒါမြန်မြန် လိုက်နော်.."

သူမပြန်ဖို့ တာစူနေသော်လည်း.. ၊

"ဒေါင်းငယ်လေးရေ..လာ လာ..မိစိမ်းလေးက နင့်နာမည်ခေါ်တ နေပြီ၊ လာ..နားထောင်ကြည့်လာ.."

"ဟင်..ဟုတ်လား.."

ကြက်တူရွေးသံကြားတော့ ဥဒေါင်းချက်ချင်းထရပ်၏။ ထရပ်ပြီ မအေကိုပြန်ကြည့်တော့ တားပြန်ရင်လည်းမကောင်း.. ၊

"မီးမီးလေးကလိမ္မာတယ်ကြည့်စမ်း..မအေကိုပြန်ကြည့်နေတယ်.

"သွားကြည့်လေသမီး.."

စားပွဲတစ်ဝိုင်းတည်းက လူတွေက ချီးမွမ်းကြတာပေမယ့် ကိုယ်က ကဲဆတ်ရာ ကျမှာမို့ ခွင့်ပြုလိုက်ရသည်။ နာရီကြည့်တော့ ခြောက်နာ



ပြီဖြစ်ကာ တကယ်ကိုမိုးစုပ်စုပ်ချုပ်ပြီဖြစ်သည်။ အလုပ်ကိစ္စအဆင်ပြေ သွားတည်းက ပြန်ပြေးချင်ခဲ့တာ ခုထိလည်းမအောင်မြင်သေး.. ၊

"ဒေါင်းနီရေ..ဘာမှလည်းမစားဘူး၊ ကလေးရော.."

"မမသက်.."

ဒီတစ်ခါတော့ ရှင်းပြဖို့လိုပြီမို့ ဒေါင်းနီကမန်းကတန်းထရပ်ကာ သက်မွန်နားကပ်၍.. ၊

"ကမ်းနားလမ်းဆိုတော့ အပြန်သိပ်မိုးချုပ်လို့ မကောင်းလို့ပါ..သမီး ကိုသွားခေါ်လိုက်မယ်နော်.."

"ဩော်..အေးပါ၊ ခေါ်လေ..ဘယ်မှာလဲကလေးက၊ အိတုန်တို့နဲ့လား"

"ဟုတ်ကဲ့..မမသက်တို့တစ်မျိုးထင်မှာ စိုးလို့.."

"ထင်စရာလားဒေါင်းနီရယ်..သားအမိနှစ်ယောက်တည်း ပြန်ရမှာသိ နေတာကို၊ ဟုတ်သားပဲ..စိတ်ထဲမှာရန့်တို့နဲ့နေတာပဲစွဲပြီး အဲ့ဒါကိုမေ့နေ တာ.."

သက်မွန်က ကလေးရှာရင်း ရှေ့ကထွက်သွားသည်။ ဒီတစ်ခါတော့ မှ နောက်ကဒေါင်းနီ တန်းလိုက်သွားခဲ့သည်။ ကလေးတွေ့တာနှင့်လက် ဆွဲပြီး ချက်ချင်းပြန်ထွက်ဖို့လည်း စိတ်ကူးထား၏။ သို့သော်.. ၊

"အ.."

ခြံထဲမှာလို့ ကလေးပြောခဲ့တာကိုတွက်၍ အိမ်ဘေးကပန်းပင်တွေ ကြားကို အလောတကြီးထွက်လာခဲ့လျှင် ဘာနဲ့ခလုတ်တိုက်မိမှန်းမသိ။ ထော်နာသွားပေမယ့် ထမီတစ်ချက်'မ'ကြည့်ပြီး ဆက်လျှောက်ခဲ့၏။ ရိုစဉ်.. ၊

"တစ်ယောက်ယောက်နဲ့ဆုံမှာစိုးလို့ ပတ်ပြေးနေတာများလား.."

ဟင်.. ၊

တကယ်ကိုရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွားသည်။ လှည့်ကြည့်လိုက် တော့ ရှပ်အင်္ကျီအဖြူ ဘောင်းဘီရှည်အညိုရောင်နှင့် ခွန်းကသူမဝင်ရ မည့် တံခါးဝမှာ ဘောင်ကိုမှီ၍ရပ်နေ၏။ တစ်ခါတလေ တစ်ခုခုမဖြစ် အောင် ကြိုးစားနေကာမှ ထိုတစ်ခုခုဖြစ်ဖို့အတွက် တမင်ကြိုးစားနေသလို ဖြစ်လာတတ်ခြင်းသည်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုလာခေါ်တာပါ.."

ဟု မလုံမလဲပြောရင်း ဘေးဘီမှာလူသူကင်းရှင်းနေတာကိုလည် မျက်လုံးဝေ့မိသည်။ ဒီလိုအခြေအနေဖြစ်လာအောင် ကိုယ့်ဘာသာဖန်တ ခဲ့မိတာမို့ ပင့်သက်ရှိုက်လိုက်ရင်း.. ၊

"အပြင်မှာပဲပြောလို့ရတယ်.."

"အပြင်မှာပြောရမယ့် စကားမဟုတ်ဘူး.."

ပြောရင်း ခွန်းကသူမရှိရာလျှောက်လာကာ မိတ်ကပ်ရောင်ပေါ်မှ အနီခံချိတ်လေးနှင့် ဒေါင်းနီကိုစူးစိုက်ကြည့်သည်။ အိမ်နံရံမှာ ကပ်ထ သည့် အဝါရောင်မီးလုံး၏ အလင်းရောင်သည် သူမတစ်ကိုယ်လုံးကို ထ ပြထားသလိုရှိကာ ဘုရားဖူးလာသည့်ပုံစံလေးနှင့် ဒေါင်းနီမျက်နှာလေး ကျောင်းသူလေးဘဝတုန်းကထက်တောင် ပိုလှနေသလိုပင်.. ၊

ဝင်းစိုနေသည့်သူမတစ်ကိုယ်လုံးက အချိုးကျပြေပြစ်သလောက် ဘ ရောင်လေးဝတ်ထားထား လှနေသည်။ ဘဝကနိမ့်ကျပေမယ့် မျက်ဝ လေးတွေက ဘယ်တော့မှမချသည့်မာနတို့ဖြင့် စူးလက်နေတတ်၏။ သူ ကိုမြင်လိုက်ရတိုင်း စိတ်ညစ်ငေးမှိုင်နေတာမျိုးမမြင်.. ၊

အမြဲတမ်းသမီးလေးနဲ့ တတွဲတွဲသွားလာနေတတ်လျက် ဖက်ဖ မောနေသည့်ပုံလည်းမပေါ်။ သူမရဲ့သတ္တိမာနတွေက သူမရဲ့လှုပ်ရှားသွ လာမှုတိုင်းမှာ ပေါ်လွင်နေ၏။ ဒါပေမယ့် ကိုယ်မြတ်နိုးတွယ်တာရပါသေ မိန်းမတစ်ယောက် ဆင်းရဲပင်ပန်းနေတာကို ဒီတိုင်းကြည့်နေရသည့်အဖြ ကြီးက ဆိုးလေသည်။

"မင်းကိုပြောစရာရှိတယ်.."

သူစကားစလိုက်သည်နှင့်.. ၊

"ကျွန်မတို့သားအမိနှစ်ယောက် ထမင်းနပ်မှန်နေရင် ဖြစ်တယ်..ဘ လုပ်ပေးဖို့ ညာလုပ်ပေးဖို့ ကူညီဖို့အစီအစဉ်တွေဆို မပြောနဲ့တော့.."

"မပြောလို့မရဘူး.."

ခွန်းကဒေါသနှင့် အမိန့်ဆန်ဆန်ပြောကာ.. ၊

"ကလေးတစ်ဖက်နဲ့အလုပ်ရှာနေရတာ ပျော်စရာကောင်းလား.."

"ကျွန်မပျော်နေနေ ပျင်းနေနေ ရှင့်အပူမပါဘူးခွန်း..သူဌေးတ



ယောက်နဲ့ပတ်သက်မိတိုင်း အပြောအဆိုခံရတာတွေ ကျွန်မကိုယ်မှာဒဏ် ရာသာရှာလို့ရရင် အပ်ချစရာတောင်ကျန်မှာ မဟုတ်ဘူး.."

သူဌေးကိုယူမိတော့တစ်မျိုး။ ပြယုဂ်တစ်ခုလို အမည်ခံသာဖြစ်ပြီး မိသားစုလိုက်အုပ်စီးထားကြသည့် တိုက်ကြီးထဲမှာ သူမငရဲကျခဲ့ရသည်။ ပစ္စည်းမက်လို့ယူသည်။ အပိုင်ကြံခဲ့သည်။ တူသလား တန်သလားဆိုတာ တွေ စောင်းပြောတာတစ်မျိုး။ တည့်တည့်ပြောတာတစ်မျိုး.. ၊

"ဒီလိုရုပ်ရည်နဲ့ ရန်ကုန်မြို့ကြီးက အသက်ကြီးကြီးယောကျ်ားကို ယူတာ ပစ္စည်းမက်တာရိုးရိုးမှ ဟုတ်ရဲ့လားကွယ်..ရွာနားကမြက် ရွာနွား မစားဆိုသလို အနားမှာအကြောင်းသိဓာတ်သိတွေကို မှန်းလို့မရလို့လား မှမသိတာ.."

လို့ အဲ့ဒီအသိုင်းအဝိုင်းထဲကလူတွေ အိမ်ပေါ်တက်လာပြီး အတင်း တုပ်ကြတာက ရှိသေးသည်။ လှနေမိတာကပဲ အပြစ်တစ်ခုဖြစ်ခဲ့ရကာ ယောကျ်ားတွေသည်းမခံနိုင်ဘူးကိစ္စနှင့် ရွပ်စွဲပြီး လင်မယားကြားမှာ သွေး ခွဲခဲ့သည်။

ဖောက်ပြန်သည့်မိန်းမအဖြစ်နှင့် ယောကျ်ားကလည်း ရောက်မလာ ခဲ့တော့ဘဲ ကလေးကိုပဲခေါ်ခိုင်းကြ ပေးကမ်းကြတွေလုပ်လာသည်။ ဒီ တိုင်းသာကြာကြာဆိုရင် ကလေးကိုပါခေါ်ကြတော့မည်ကို တွေးမိလာ သောကြောင့် သူမဆင်ဖြူကျွန်းကို ပြန်ခဲ့ရခြင်းဖြစ်၏။ ဆင်ဖြူကျွန်းကို ရောက်လာပြီး သိပ်မကြာခင်မှာပဲ ခင်ပွန်းဖြစ်သူဦးထွန်းဇော် ဆုံးပါးသွား ကြောင်း သိလိုက်ရသည်။

တွေးကြည့်လေ ဘဝကနာကျင်ဖွယ်တွေချည်းပါလားဆိုတာ နား လည်လာခဲ့လေ။ ဒါတွေဟာ 'ချမ်းသာချင်ရင် သူဌေးကိုယူရမည်'ဆိုသည့် ယံစိတ်နဲ့ တမ်းတခဲ့မိသော အလွယ်စိတ်ကူးတို့ကြောင့်ဖြစ်လေသည်။ လောကီချမ်းသာမှန်သမျှ ဘယ်လိုချမ်းသာခြင်းကမှ မအေးချမ်းခဲ့ပေ။ အ ယူသဖြင့် တပါးသူအပေါ်မှီခို၍ ချမ်းသာလိုခြင်းပဲဖြစ်၏။ ဒေါင်းနီ၏ငြိမ် သက်တိတ်ဆိတ်သွားခြင်းမှာ ဘယ်လိုအတွေးတွေနဲ့ ယောင်ယက်ခတ် သွားပြီလဲဆိုတာ ခွန်းကတွက်မိနေသည်။ ထို့ကြောင့်.. ၊

"ပြီးခဲ့တဲ့ဆိုးရွားမှုတွေကို မင်းရင်ထဲကမထုတ်နိုင်သရွေ့တော့ အဲ့ဒီ

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတွေက မင်းဘယ်တော့မှလွတ်မှာ မဟုတ်ဘူး..”

“ဘာ..”

“မင်းရင်ဆိုင်ခဲ့ရတာတွေကို ထားခဲ့လိုက်ပါ..အခုမင်းဒုက္ခရောက် တာ တစ်ယောက်တည်းမဟုတ်ဘူးဒေါင်း..ကလေးပါပါနေပြီ၊ ပြီးတော့ ကလေးကယောကျ်ားလေးမဟုတ်ဘူး..”

“အာ့ကြောင့် ရှင်းရှင်းပြောမယ်..ကျွန်မသမီးလေးနဲ့ကျွန်မ နှစ် ယောက်တစ်ဘဝပဲ၊ သမီးမှာဘယ်တော့မှ ပထွေးမရှိစေရဘူး..ရှင်မျှော်လင့် နေရင် မောရုံပဲ..”

“ငါမျှော်လင့်နေတာ မမျှော်လင့်တာငါ့အပိုင်းပါ..မောတာမမော လည်း မင်းနဲ့မဆိုင်ဘူး..”

သူကလည်း ခပ်တင်းတင်းပဲဖြစ်ကာ.. ။

“ဒီမှာ ငါ့ကိုမင်းတစိမ်းလို မဆက်ဆံဘူးဆိုရင်ရပြီ..နောက်တစ် မင်းဒီတိုင်းပဲနေသွားလို့ရတယ်၊ အိမ်ထောင်ပြုဖို့စဉ်းစားရင်တော့ ကောင့်က ငါပဲဖြစ်ချင်တယ်..”

ဒေါင်းနီ ဖျတ်ခနဲမျက်လွှာပင့်ကြည့်တော့ ခွန်းကရှေ့တိုးလိုက်

“မင်းနဲ့ငါ အဲ့လောက်ပဲနားလည်မှုရှိထားချင်တာ..မင်းမကြိုက်တဲ့ ပြုအမူ မင်းရဲ့ဂုဏ်သိက္ခာကျဆင်းမယ့်ခြေလှမ်း ငါ့ဘက်ကလုံးဝဆင် မယ်..”

“အဲ့ဒီတော့..”

“မင်းငါပေးတဲ့အကူအညီကို လက်ခံပေးပါ..”

“လုံးဝလက်မခံဘူး..”

“ဒေါင်း..”

“ရှင် ကျွန်မကိုဆွဲဖို့ကိုင်ဖို့ မကြိုးစားနဲ့နော်..”

သူမခြေလှမ်းပြင်လိုက်တာနှင့် ခွန်းကရှေ့ကပိတ်ထားပြီး လက် သည်။ ထိုလက်သည် ဒေါင်းနီရဲ့စကားကြောင့် ချက်ချင်းရုတ်သိမ်း ခဲ့လျက်.. ။

“ကျွတ်..”

စိတ်ပျက်စွာညည်းမိကာ.. ။



“ပြောနေတာမပြီးသေးဘဲ ဘာဖြစ်လို့ခြေလှမ်းပြင်နေတာလဲ..ငါပြော နေတာ ရလိုမှုတွေ ပြည့်လျှံနေတဲ့ လောဘတွေနဲ့မဟုတ်ဘူး..”

“ကျွန်မကလည်း စကားလုံးအလှတွေ တွင်တွင်သုံးပြီး လွယ်လွယ် ယုံစားမယ့် ဒေါင်းနီမဟုတ်ဘူးခွန်း..ရှင်ကတော့ထင်မှာပဲ၊ ငါ့ကိုများစော် ကားရက်တယ်လို့..”

“လုပ်ပါ..မင်းပဲပြဇာတ်ကပါ၊ ဇာတ်လိုက်လည်းမင်း..လူကြမ်းလည်း မင်း..”

သူ့စကားကြောင့် ရယ်မိမလိုဖြစ်သွားလျက် ကိုယ့်စကားကိုယ် တောင် ဘယ်လိုစလိုက်မိမှန်းမသိလိုက်.. ။

“ဒါပေမယ့် ငါကလည်း ကိုယ်မှန်တယ်ထင်ရင် လျှော့မပေးတတ် ဘူး..သင်းပဒေသာမှာ မင်းညီမရှိတယ်၊ အဲ့ဒါကြောင့် မင်းအတွက်တချို့ ကလေအဆင်ပြေမယ်..ဒါဆို အဆင်မပြေဘူးလား၊ မင်းငါနဲ့သက်ဆိုင် နေတယ်လို့ ခံစားလာစရာ ဘာမှမရှိဘူး..”

“ရှင်မရူးဘူးမို့လား..ရှင်မရူးသလို ကျွန်မလည်းမရူးချင်ဘူး၊ ယော ကျ်ားတစ်ယောက်ရဲ့အထောက်အပံ့က အဆိပ်အတောက်ပဲ..”

“ငါက မင်းအတွက်..”

ဒေါင်းနီကလက်ကာလိုက်ပြီး.. ။

“ကျွန်မပြောနေတာ ယောကျ်ားတစ်ယောက်ပဲ..အဲ့ဒါရှင်ဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ်..”

“မင်းကိုပြောနေတာ ခွန်းဆိုတဲ့ကောင်ပဲလေ..ဒေါင်းနီဆိုတဲ့မိန်းမကို ကိုယ့်စရိုက်ကိုယ်စားပြီး တကောက်ကောက်လိုက်ကြည့် ပူပန်ပေးနေတာ မှဒါခွန်း..”

ဒေါသထွက်တော့ စကားသံကိုထိန်းလို့မရ။ တိုးတိုးပြောပါတားဆီး လည်း ဒေါင်းနီကိုယ်တိုင်သတိမရပေ.. ။

“ယောကျ်ားတိုင်း တဏှာရူးမနေဘူးဒေါင်း..မိန်းမတစ်ယောက်ကို ချစ်တယ်ဆိုတာလည်း အဲ့ဒီမိန်းမကို ပေါင်းသင်းစပ်ယှက်ချင်လို့ စိတ်တစ် ခုတည်းနဲ့ မဟုတ်ဘူး..အချစ်ဆိုတာ ဘာမှန်းမသိဘဲ အိမ်ထောင်ပြုခဲ့ပြီး ချစ်တတ်တဲ့သူတိုင်းကို မင်းကဲ့ရဲ့နေတာ၊ အချစ်ကြောင့်ဖြစ်လာသမျှ

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်အတောက်တွေချည်း မင်းမြင်နေတာ.."

"မြင်နေတာမဟုတ်ဘူး..ကျွန်မဝါးစားခဲ့ရတာ၊ ကျွန်မကိုယ်ထဲမှာ ဆိပ်တောက်တွေချည်းပဲ..အဲ့ဒါတွေကိုသေနိုင်တဲ့ အဆိပ်တွေဖြစ်ပါတေ လားလို့ ကျွန်အမြဲတမ်းဆုတောင်းမိတယ်၊ သမီးလေးဘဝကိုအခိကထ ရမှန်း သတိမထားမိခဲ့တုန်းက.."

"ခုလည်း မင်းမသိပါဘူး..ကလေးကိုချစ်တယ်အော်နေပြီး သူ့အ ဂတ်ကို မင်းဘာမှထည့်မစဉ်းစားဘူး.."

"ရှင်စကားပြောတာကြည့်ပြော..အေးကြည့်ကမသာနဲ့.."

"သာတာပေါ့..မင်းကိုယ်မင်း မမြင်ရတာတွေကို အေးကကြည့် သူက မြင်တယ်၊ ဒီမှာဒေါင်း ကလေးကိုပထွေးနဲ့မထားဘူးဆိုတာ ကလေ အတွက် ပါချင်ပါမယ်..အဲ့ဒါမင်းအတ္တပဲ.."

"မဟုတ်ဘူး.."

"ဘာလို့မဟုတ်ရမှာလဲ..သတ္တဝါတစ်ခု ကံတစ်ခုလို့ မင်းကိုယ်မ တော့ ဖြေနိုင်တယ်၊ ကလေးဘဝကိုကျတော့ ဘာဖြစ်လို့မင်းအတ္တထဲ ထည့်ပိတ်ထားတာလဲ.."

"ဒါဆို ကျွန်မက ကလေးလည်းသူ့ကံနဲ့သူပဲဆိုပြီး ဘာဖြစ်ဖြစ်မ မခြင် လုပ်ပစ်ရမယ်ပေါ့.."

"အတ္တကြီးလာရင် အစွန်းရောက်လာတာပဲ..မင်းကဆင်ခြင်တာထ ပိုနေတာ၊ လူတိုင်းဘဝတိုင်းမှာ အခြေအနေအချိန်အခါဆိုတာရှိတယ်.. တော့ မမြင်ရတဲ့ကံတရားဆိုတာလည်း ကိုယ်ထင်ထားတာတွေချည်း ပေးနေတာမဟုတ်ဘူး..မလိုချင်တာတွေ မပေးတော့ပါဘူးဆိုပြီး ပြန်လှ သွားတာရောရှိလား.."

"ရှင်ဘာပြောချင်တာလဲခွန်း..ကျွန်မကရှင့်အကူအညီကို လက် မယ်၊ ဒီမုဆိုးမကို ခွန်းဆိုတဲ့သူဌေးကစပွန်ဆာ.."

"လျှောက်ပြောမနေနဲ့.."

"ပြောမှာပဲ..ကျွန်မသမီးနဲ့ပတ်သက်ပြီး မဝေဖန်နဲ့၊ လောကမှာ ယုတ်မာတွေချည်း မဟုတ်ဘူးဆိုတာလည်း သိတယ်..ဒါပေမယ့် အဲ့ဒီ ယုတ်မာတစ်ယောက်ယောက်က ကျွန်မသမီးရဲ့ပထွေးဖြစ်မလာရဘူး၊



အတွက် လူဆိုးလူကောင်းခွဲခြားဖို့ မလွယ်တဲ့ ဘယ်ယောက်ျားကိုမှ မယုံကြည်ဘူး.."

ဒေါင်းနီက သူ့မျက်နှာကို စူးစိုက်ကြည့်၍ အံကြိတ်သည်။ ပြီးမှ..

"ကျွန်မမယုံကြည်နိုင်တဲ့ ယောက်ျားတွေထဲမှာ ရှင့်ကိုထည့်သွင်းမထားပါဘူး..ဒါပေမယ့် ရှင်ကူညီပါရစေဆိုတာလည်း ကျွန်မနဲ့နီးစပ်ဖို့ပဲ.."

"ငါက မျှော်လင့်ခွင့်တောင်မရှိတဲ့လူလား.."

"ဘယ်တော့မှဖြစ်လာမှာ မဟုတ်လို့..ရှင်နဲ့ကျွန်မမပတ်သက်ချင်တာ ရှင့်အကူအညီဘာမှမလိုချင်ဘူး..ဘယ်လိုသိပ်သောနည်းတွေနဲ့ပဲနေနေ မဟုတ်နဲ့ဆိုတာ ဖုံးထားလို့မရဘူး၊ ကျွန်မအနေအထိုင်မတတ်မှုကြောင့် ပစ္စုပ္ပန်မှာ စွန်းထင်းခဲ့ရင် ကျွန်မသမီးရဲ့အနာဂတ်တစ်လျှောက်လုံး မှင်နီကြက်ခြေခတ်တွေနဲ့ ပြည့်နှက်နေတော့မယ်..အဲ့ဒါကြောင့် ကျွန်မတို့သားအမိရဲ့ ဂုဏ်သိက္ခာအတွက် ဆင်းရဲတွင်းနက်ပါစေ.."

မျက်လုံးတို့၏ တွေ့ဆုံခြင်းက တံလျှပ်တို့ကဲ့သို့ တရှိန်ရှိန်ပူလောင်နေခဲ့လျက်.. ၊

"အဲ့ဒီဆင်းရဲတွင်းထဲမှာပဲ ကျွန်မနေမယ်.."

"ဆင်းရဲတွင်းဆိုတာ မင်းဘယ်လောက်ထိနားလည်ထားလဲ ပြောစမ်းပါ..ဆင်းရဲလို့ပါဆိုပြီး အဲ့ဒီတွင်းကြီးထဲမှာ ဝင်အောင်းနေလိုက်ရင် ပြီးသွားပြီလို့ထင်နေတာလား.."

သူမကိုစေ့စေ့ကြည့်ရင်း ကျွတ်ခနဲဖြစ်မိသည်။ ပြီးတော့ ဘောင်းဘီအိတ်ကပ်တွေမှာ လက်ချိတ်ရင်း တစ်ဖက်လှည့်သွားမိသည်။ သူမရှေ့ကိုပဲ ပြန်လှည့်မိလျက်.. ၊

"မင်းသေလုမျှောပါး ပြေးလွှားရှာနေတဲ့အချိန်မှာ မင်းရဲ့ကလေးကို မင်းရင်ခွင်ထဲမှာ အချိန်ပြည့်ထည့်ထားနိုင်မလား..မင်းကိုယ်မင်းရော ဘယ်လောက်ထိလုံခြုံမှာမို့လဲ.."

မေးခွန်းတွေဆက်တိုက် ထွက်လာခဲ့လျက် သူမကိုလည်း ဘာမှပြောခွင့်မပေးနိုင်ခဲ့ဘဲ.. ၊

"နောက်ထပ်အိမ်ထောင်မပြုဘဲနေလိုက်ရင် မင်းဘဝမင်းပိုင်တယ်လို့ထင်နေတာ အဆိုးဆုံးပဲ..ယောက်ျားတွေရဲ့ ရမ္မက်ဆန်တဲ့အကြည့်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကျုံးသွင်းယူမလဲလို့ အချိန်ပြည့်ကြဲစည်နေမယ့် မျက်လုံးတွေ..."

"သူတို့ဟာ သူတို့ဘာတွေကြံကြံ.."

"သူတို့ဟာသူတို့မဟုတ်ဘူး..မင်းပတ်ဝန်းကျင်မှာ မင်းနဲ့နီးကပ်လာမှာ၊ မင်းကံဆိုးရင် ကြံစည်မှုတွေလည်း ရှိလာနိုင်သေးတယ်၊ အဲ့ဒါတွေကြောင့် မင်းဘဝမပျက်အောင် ကာကွယ်နိုင်ရင်လည်း မင်းသိပ်အားထားတဲ့ ဂုဏ်သိက္ခာဆိုတာတွေတော့ အနာတရဖြစ်မှာပဲ.."

ဒေါင်းနီက ပြန်မပြောပေမယ့် မျက်နှာကိုတင်း၍ တစ်ဖက်လှဲ့ပစ်၏။

"ဆင်းရဲတဲ့လူတွေမှာ ဘယ်လိုဒုက္ခတွေဖြစ်နေကြသလဲ..နဖူးပေါ်လက်တင်ပြီး စဉ်းစားကြည့်ဦး.."

ပြောပြီး အနားကပ်လာကာ ဒေါင်းနီရဲ့လက်တစ်ဖက်ကို ဆွဲယူလိုက်သည်။ ပြီးတော့ သူ့လိပ်စာကဒ်ထည့်ပေးလိုက်ပြီး လက်ဖဝါးလေးကိုသူ့လက်ထဲမှာပဲ ဖိဆုပ်ထားစေလျက်.. ။

"လွှင့်မပစ်နဲ့..ငါ့ဆီကို ဘယ်တော့မှဖုန်းမဆက်ချင်လည်း အဲ့နံပါတ်တွေကို မှိုတက်အောင် သိမ်းထားလိုက်.."

ခွန်းကပြတ်သားစွာ လှည့်ထွက်သွားသည်။ ဒေါင်းနီမလှုပ်မယှက်ရပ်နေမိရင်း မြင်ကွင်းထဲက ပျောက်ကွယ်သွားသည့်သူကိုပဲ မြင်နေရသလို ငေးနေမိခဲ့၏။ တအိအိပြည့်တက်လာသည့် မျက်ရည်စတို့က ငိုချင်တာမဟုတ်ဘဲ ပါးတစ်ဖက်ကနေ လိမ့်ခနဲပြတ်ဆင်းသွားခဲ့သည်။

ရှင့်ကိုဒီစကားတွေ မပြောချင်ပါဘူး..ဘယ်တုန်းကမှ မပြောချင်ခဲ့ပါဘူးခွန်း..ဒါပေမယ့် ကိုယ့်ရဲ့သာယာမှုကိုပဲ ကျွန်မကြည့်လို့မရဘူး.. ကျွန်မအတွက် ပခုံးတစ်ဖက်လိုအပ်ပေမယ့် သမီးအတွက်ကျွန်မလိုအပ်ချက်ကိုပဲ ဦးစားပေးလို့မဖြစ်ဘူး..ရှင်နဲ့ပတ်သက်မိရင် ဒေါ်သင်းသင်းခက်ဆတ်ဆတ်ခါသွားလိမ့်မယ်..သူ့မျက်နှာကြည့်နေရတဲ့ ကျွန်မညီမလေးကဘဝပျက်မယ်...

"ညည်းတို့ညီအစ်မ ငါ့သားနှစ်ယောက်ကို ဘယ်လိုစည်းရုံးနိုင်တာလဲ.."

"သူဌေးတွေကိုပဲ အပိုင်ဖမ်းနေကြပါလား.."

"အဲ့ဒါညည်းအစ်မပဲ ညည်းအစ်မကြောင့် ငါ့သားကြီး.."



နားထဲမှာ ဆူညံလာသည်။ စိတ်ကူးထဲမှာတောင် မကြားနိုင်ဘဲ ခေါင်းတွေ ခါပစ်လိုက်မိ၏။

ကျွန်မဘယ်တော့မှ ရှင့်ကိုမစဉ်းစားဘူး.. ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

"သားအမိတွေပြန်လာကြပြီလား.."

"ဟုတ်ကဲ့ ဒေါ်မိုး..အဲ့ဒါတွေက ဒေါ်မိုးရောင်းတာလား.."

စက်ဘီးချင်းကပ်ရှောင်သွားတော့ ဒေါ်စိုးမိုးရဲ့စက်ဘီးရှေ့မှာရှေ့

နောက်ရော ချိတ်ဆွဲထားသည့် သစ်ခွပင်တွေက စိမ်းစိုထောင်ကားနေ

"ဟုတ်တယ်သမီးရေ..ဒီတစ်ခါတော့ လိပ်ပြာလေးတွေရလို့လေ

"လိပ်ပြာ.."

"မေမေ့ ဘွားဘွားကြီးက လိပ်ပြာတွေရောင်းတာလား.."

စက်ဘီးနောက်မှာထိုင်နေသည့် ဥဒေါင်းကလှမ်းမေးတော့ ဒေါ် မိုးက လှည့်ကြည့်ပြီး ရယ်ပြသည်။ ရွာထဲဝင်ပြီဆို လမ်းကနည်းနည်း ကျဉ်းသည်။ ဒီကြားထဲ တစ်ဖက်ခြမ်းမှာ ချိုင့်ကြီးဖြစ်နေတော့ ဒီနား စက်ဘီးနှစ်စီးတွေ့ပြီဆို နှစ်ဖက်စလုံးဆင်းတွန်းကြရသည်။

ဒေါ်စိုးမိုးကတော့ နောက်ကနေ ရှေ့ကိုကျော်တက်သွားတာဖြစ် ကလေးကိုလှည့်ကြည့်၍.. ।

"လိပ်ပြာဆိုတာ အကောင်လေးတွေကိုပြောတာ မဟုတ်ဘူးသမီး သစ်ခွလိပ်ပြာ သစ်ခွရဲ့နာမည်.."

"ဟင်..ပန်းလည်းမဟုတ်ဘဲနဲ့.."

"အောင်မလေး..ပန်းတွေပွင့်လာမှာပေါ့ကလေးရယ်၊ အရမ်းလှ ပန်းပေါ့..ပွင့်လာရင်လည်း လှမှလှပဲ၊ တကယ့်လိပ်ပြာလေး ခေါင်းမှာ နေတဲ့အတိုင်း.."



ဒေါင်းနီက စက်ဘီးတွန်းနေရင်းရယ်ကာ.. ।

"ကလေးမပြောနဲ့ ကျွန်မတောင်မမြင်ဖူးဘူးဒေါ်မိုးကလည်း..သစ်ခွ ပန်းတွေက လှတော့လှတယ်၊ ဒါပေမယ့် ဈေးကြီးလို့.."

"လိပ်ပြာဆိုပိုကြီးတာပေါ့..တစ်ပွင့်ကို ခုနစ်ရာလောက်ပေးရတာ၊ ပင်ကိုက ဈေးကြီးတာလေ..မျိုးကောင်းလေးရရင်ပေးပါဆိုလို့ ဥမ္မာတို့ အိမ်ကိုပို့ရမှာ.."

"ဟုတ်လား.."

"အေး..သွားပြီဟော့၊ ဒန်းစီးလေဒီလေးတွေလည်း ပါသေးတယ်..ရွာ မြောက်ဖျားထိ သွားရဦးမှာ.."

ဒေါ်စိုးမိုးက စက်ဘီးစီးလို့ရသည့်နေရာမှာပဲ တက်စီးသွားလေသည် ဒေါင်းက နောက်မှာခြေထောက်လေးနှစ်ဖက်ချလျက် ထိုင်လိုက်လာရင်း၊

"မေမေ..စက်ဘီးစီးလေ.."

"ရောက်တော့မှာကိုသမီးရယ်..ခြေထောက်လေးတွေ နည်းနည်းကော့ ထားနော်၊ ဖိနပ်ညပ်သွားလိမ့်မယ်.."

"ဟုတ်.."

အိမ်ကိုရောက်လာတော့ ဒေါင်းနီကခြံတံခါးဖွင့်နေကာ ဥဒေါင်းက ကိုဘက်ခြံထဲမှာ သစ်ခွပန်းတွေနဲ့ အလုပ်ရှုပ်နေသည့် ဥမ္မာကျော်တို့နဲ့ ဈေးသည်ကို လှမ်းကြည့်နေလျက်.. ।

"မေမေ့.."

"ဟင်.."

"အဲ့ဟာ မီးမီးကျောင်းမှာ တီချယ်တို့ပန်ထားတဲ့ သစ်ခွပန်းတွေလား"

"ဟုတ်တယ်.."

"ပွင့်လာရင် အဲ့လိုအရောင်လှလှလေးတွေနဲ့ ပွင့်မှာပေါ့.."

"အေးလေ..သစ်ခွပန်းတွေက ပန်းချီဆရာတွေ အရောင်ခြယ်ထား တာထက် ပိုလှတယ်.."

"မေမေ့ကျ တစ်ခါမှလည်းမပန်ဘူး.."

"ဘာလုပ်မှာလဲသမီးရယ်..ပန်းတစ်ပွင့်ကို ဘဲဥသုံးလေးလုံးဝယ်စား လို့ရတယ်၊ ဈေးကြီးပေးပြီး လှအောင်ပြင်နေဖို့လည်း မလိုပါဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"မေမေပန်ထားရင် ပိုလှသွားမှာ..မီးမီးတို့လည်း အဲ့ပန်းပင်ဝယ်စို
မယ်လေ၊ ပန်းပွင့်တွေ ပိုက်ဆံအများကြီးပေးပြီး ဝယ်ဖို့မလိုတော့ဘူးပေါ့

"အဟွန်း..ဟွန်း.."

"အဲ့ဘွားဘွားကြီးဆီက မီးမီးတို့ပြန်ဝယ်မယ်လေ..ဟိုမှာအပင်
အများကြီးပဲမေမေရ.."

"ကဲ..အိမ်ပေါ်တက်ပါတော့သမီးရယ်၊ ငါ့သမီးက ပန်းပင်တွေလ
ကြိုက် တိရစ္ဆာန်တွေမြင်လည်းချစ်.."

စက်ဘီးကိုအိမ်အောက်မှာ သေချာထားပြီးထွက်လာရင်း သမီး
လေးကို ဆွဲလိမ်လိုက်မိကာ.. ၊

"သေချာပါတယ်..မေ့အလိမ္မာတုံးလေးက ခြံကျယ်ကျယ်တိုက်
ကြီးနဲ့နေရတော့မှာ.."

ဥဒေါင်းကိုယ်လေး ဆတ်ခနဲမတ်သွားကာ.. ၊

"ဟုတ်လား..မီးမီးတို့ သူဌေးဖြစ်တော့မှာလား၊ မေမေပိုက်ဆံ
အများကြီးရနေပြီပေါ့.."

"ရတော့မှာပါ.."

ဒေါင်းနီက သမီးရှေ့မှာထိုင်လိုက်ပြီး သူမကိုယ်လေးကို ရင်ခွင်
ထည့်ဖက်ထားလိုက်ကာ.. ၊

"မေမေကလည်း ကြိုးစားစုမယ်..သမီးကလည်း လိမ္မာတယ်၊ မေ
တို့က ဘာလို့မချမ်းသာရမှာလဲ..သမီးကျောင်းဖွင့်ရင် မေမေကမြို့ထဲ
အိမ်ပြန်ငှားမယ်၊ ပြီးရင် အိမ်ရှေ့မှာဈေးဆိုင်လေးဖွင့်မယ်.."

"ဟင်..မုန့်တွေရာ ဆီတွေပဲတွေရောရောင်းတဲ့ ဒီလမ်းထိပ်ကဆို
ကြီးလိုမျိုးလား.."

"ဒါပေါ့..အိမ်ပိုင်ဝယ်နိုင်တဲ့အခါ မေ့အလိမ္မာလေးလည်း အတန်း
ဖြစ်နေပြီဆိုတော့ မေမေကဆိုင်မှာ စားသောက်ဖွယ်တွေပါ လုပ်ရောင်း

"ဟီး..ဟီး ပျော်စရာကြီး.."

မအေ့ရင်ခွင်ကို တစောင်းလေးမှီ၍ လည်ပင်းကိုသိုင်းဖက်ထား
လက်ခုပ်တီး၏။ ပြီးတော့ ပါးပြင်ကိုဖက်နမ်း၍.. ၊

"မေမေ့ကို မီးမီးချစ်တယ်.."



"မေမေကလည်း ချစ်ပါ့.."

"မေမေ့.."

"ဟင်.."

"မေမေကစိတ်ဆိုးနေရင်ကျတော့ မေမေလည်းချစ်ပါ့လို့မပြောဘူး"

ဒေါင်းနီက မျက်ခုံးတွေတွန့်ပစ်လိုက်ပြီး စိတ်ဆိုးဟန်လုပ်ပြကာ..

"အင်း..စိတ်ဆိုးနေရင်တော့ မပြောချင်ပါဘူး.."

"စိတ်ဆိုးနေရင် မီးမီးကိုမချစ်ဘူးလား.."

"အင်း..ဘယ်လိုပြောရမလဲ.."

ဟန်လုပ်တင်းထားသည့် ဒေါင်းနီမျက်နှာက မချိုမချဉ်ကြီးဖြစ်နေခဲ့
ဖျက်.. ၊

"ချစ်နေစေချင်ရင်တော့ မေမေစိတ်မဆိုးအောင်နေရမယ်ထင်တာပဲ.."

"မေမေကလည်း.."

ဥဒေါင်းက ဒေါင်းနီမျက်နှာကို သူမနဲ့မျက်နှာချင်းဆိုင်ဖြစ်အောင်
က်ဖဝါးလေးနှစ်ဖက်နဲ့ကိုင်ပြီး လှည့်ယူလိုက်ကာ.. ၊

"မီးမီးက မေမေ့ကိုကူမို့ ဝင်လုပ်တာကို.."

အဖြစ်က မအေမီးပူတိုက်ပြီး ခဏထသွားတုန်း သူမလေးကဝင်
ကိုက်ခြင်းပါတည်း.. ၊

"ဝင်ကူတယ်ဆိုတာ ကူညီရာရောက်တာရှိတယ်..နှောက်ယှက်ရာ
ရောက်တာမျိုးလည်း ရှိတာပဲသမီးရဲ့၊ နောက်ကိုမှတ်ထား..လူကြီးမိဘက
ဆီးတာကို ဇွတ်မလုပ်ရဘူး.."

"မီးမီးကဇွတ်မလုပ်ပါဘူး..မေမေ့ကိုသနားလို့ပါ.."

ညပိုင်းမီးအားကောင်းမှ မီးပူတိုက်လို့ရသည်။ ထို့ကြောင့် မီးပူတိုက်
ညဉ့်နက်ကာမှ တိုက်ဖြစ်တာများ၏။ မနက်ထမင်းချိုင့်အတွက်
ဆိုးတင်ထားရင်း အိမ်ရှေ့ပြေးလိုက် မီးဖိုချောင်ပြေးလိုက်။ ပြီးတော့
လေးအတွက် မနက်ဝတ်ဖို့အင်္ကျီဘောင်းဘီရယ် အပိုယူသွားရမည့်အ
တွာလေးတွေကအစ ဆွဲခြင်းနှစ်ခြင်းစာ ပြင်ထားရသေးသည်။

ထို့ပြင် စုမဲတွေဝင်ထားတာလည်းရှိသောကြောင့် ကိုယ့်အတွက်လို
တာတွေ ပေးချေရမှာတွေ ရဖို့ရှိတာတွေ စာရင်းစာအုပ်ဖွင့်၍ ဖြည့်

www.burmeseclassic.com

www.burmeseclassic.com



စွက်ပေါင်းနုတ်လုပ်ရသေးသည်။ မအေအလုပ်ရှုပ်နေတာကို ထိုင်ကြ
ရင်း ဘာမှလည်းမကူတတ်ဖြစ်နေသည့် ဥဒေါင်းလေးက မီးပူချခဲ့တာ
တာနှင့် ပြေးထိုင်ပြီး တိုက်တော့သည်။ သို့သော် ကလေးလက်ကလေး
မနိုင်မနင်းဖြစ်ကာ အင်္ကျီတွေပါငြိပါရှုပ်ပါကုန်၏။

မီးပူကအဝတ်တွေထဲမှာ လုံးထွေးသွားတော့ မအေဆူမှာကြော
လာကာ ခြေတုန်လက်တုန်နှင့် အတင်းဆွဲထုတ်ဖို့ ကြိုးစားတော့သည
သူမသာအချိန်မီရောက်မသွားခဲ့ရင် သမီးလေးမီးပူလောင်မှာ သေချာ
ထို့ကြောင့် တအားဆူပစ်လိုက်မိကာ သူမကိုယ်တိုင်ရင်တွေတုန်သွားတ
တော်တော်နှင့်မပြေခဲ့ပေ.. ။

"နောက်မေမေကမခိုင်းတာတွေ ဘာမှဝင်မလုပ်ရဘူး..မှတ်ထားနေ

"ဟော့တော်..ဒီသားအမိ ခုထိအိမ်ပေါ်မရောက်ကြသေးဘူးလားပ

ဟိုဘက်ခြံထဲကနေ သစ်ခွပင်တွေအတွက် တိုင်စိုက်နေသည့်ဥ
ကျော်က လှမ်းအော်သည်။ ဒေါင်းနီက ကလေးနဲ့ခွာလိုက်ပြီး နေရာမှ
ရပ်ကာ.. ။

"ဟုတ်..ဟင်.."

ပြန်ဖြေမလို့စကားက ခြံဝကိုမျက်လုံးရောက်သွားတော့ ဟင်ခနဲဖြ
သွားသည်။

"ဒေါင်းနီ..ငါလာချင်လို့.."

"ဇင်မာလင်း.."

အနည်းငယ်ဖောင်းနေသည့် အိတ်တစ်လုံးကိုလွယ်ထားသည့်
မာလင်းကို အံ့ဩသလိုဖြစ်သွားမိလျက် တစ်ခုခုကိုလည်း တွေးမိလို
သည်။ သူမက အလုပ်ရုံက အပျိုတွေထဲမှာ အလှဆုံးဖြစ်သလို အား
ထဲမှာ ပြေပြေလည်လည်ရှိတဲ့သူ.. ။

"ဇင်မာလင်း နှင့်ပုံစံကအလည်လာတာတော့မဟုတ်လောက်ပါဘူ

"ဟင့်အင်း.."

အထဲဝင်လာကာမှ အနီးကပ်မြင်လိုက်ရသည့် သူမမျက်နှာမှာ မျ
ရည်တွေနဲ့.. ။

➤➤

## အခန်း(၁၉)

ညနေတည်းက သေချာမပြောဖြစ်ခဲ့သော အကြောင်းတွေကို ည
ဂက်ဥဒေါင်းအိပ်နေကာမှ အိမ်ရှေ့ကပြင်မှာ ထွက်ပြောမိကြသည်။ ညစာ
ကျွေးတော့လည်းမစားဘဲ တရှောင်ရှောင်ငေးနေခဲ့သည့် ဇင်မာလင်းက
ပြောခွင့်ရသည်နှင့် စကားလုံးအပြင် မျက်ရည်တွေပါ ပိုးပိုးပေါက်ပေါက်
ကျလာခဲ့လျက်.. ။

"နင်သိလား..အဲ့ဒီလူကြီးငါ့ကိုအတင်း အဓမ္မကြံတာ မအောင်မြင်ဘူး
ဆိုပေမယ့်လေ..ငါ့ကို.."

ဒီထိပဲပြောပြီး ငိုနေတာ ဘယ်နှစ်ခေါက်တောင်ရှိပြီမသိ.. ။

"အရမ်းရွံဖို့ကောင်းတာပဲ..ငါ့အစ်မကလည်း ယောကျ်ားကိုကြောက်
ရတယ်.."

ခဲအိုဖြစ်သူက ခယ်မကိုပြန်ကြံတာဖြစ်ကာ အိမ်သားတွေရဲ့စားဝတ်
နေရေးကိစ္စအဝဝကို ဒီခဲအိုကဦးဆောင်နေတာမို့ ဒါကြီးကိုသိနေကြပေ
မယ့် ဘယ်သူမှမပြောရဲကြ.. ။

ဆွဲလွဲရုန်းကန်ရင်း ဇင်မာလင်းကအော်ဟစ်အကူအညီတောင်းလျှင်
အိမ်က ငါးတန်းကျောင်းသူလေး ပြေးလာသော်ကြောင့် မအောင်မြင်ခဲ့
ပေ။ သို့သော် အိမ်သားတွေရှေ့မှာ ဇင်မာလင်းအဖြစ်က.. ။

"ငါကရေချိုးပြီးကာစဆိုတော့ ထမီရင်လျားကြီးနဲ့ နင်စဉ်းစားကြည့်
လေ..ငါ့ကိုအဲ့လူကြီးယုတ်ယုတ်မာမာတွေ.."

"တော်ပါပြီ..ငါသိပါပြီဇင်မာလင်းရယ်၊ တော်ရ.."

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းနီတက်ခေါက်လိုက်သဖြင့် ဇင်မာလင်းအားကိုးတကြီးဖြစ်သွ ကာ သူမလက်ကိုဖိဆုပ်ကိုင်၍.. ။

"ဒါဆို ငါအိမ်မပြန်ချင်ဘူးဆိုတာ နင်နားလည်တယ်မို့လားဟင်..ငါ ဒီမှာနေပါရစေဟာ၊ ငါ့အိုးနဲ့ငါချက်စားပါ့မယ်..မဟုတ်ရင်လည်း ငါ့လု ခ နင့်ကိုအပ်ပါ့မယ်.."

"စားသောက်ဖို့က ရေရှည်ဆိုရင်တော့ ကိုယ့်ဘာသာဖန်တီးပေါ့ဟာ နေဖို့အတွက်က ဖြစ်ပါတယ်၊ ငါတို့သားအမိနှစ်ယောက်တည်းဆိုတေ နင်လာနေရင် အဖော်တောင်ရသေးတယ်.."

"အေးပါ..ငါနေခွင့်ရတာ ကျေးဇူးတင်ပါတယ်.."

"ဒါပေမယ့် နင့်အိမ်ကဒီတိုင်းနေမှာ မဟုတ်ဘူးဇင်မာလင်း..ငါပြေ ရဲတယ်.."

"ဘာဖြစ်လို့လဲ..အစ်မကလိုက်ခေါ်မှာ ပြောတာလား.."

မျက်ရည်တွေသုတ်ပစ်ရင်း အားတက်သရောဖြစ်နေရှာသည့် ဇင်မ မျက်နှာလေးကို ဒေါင်းနီကစိတ်မကောင်းစွာ ကြည့်လျက်.. ။

"မဟုတ်ဘူး..ငါ့အထင်ပြောရရင် နင့်အစ်မကတော့ နင့်ကိုတခြ တစ်နေရာကိုတောင် ပို့ထားချင်နေမှာသေချာတယ်..ကိုယ်ချစ်တဲ့သူ ဘယ်သူမှထိခိုက်နစ်နာစေချင်မှာ မဟုတ်ဘူး.."

"ဟုတ်တယ်..အစ်မကငါ့ကိုပြောဖူးတယ်၊ အပြင်မှာအလုပ်လုပ်ခိုင် နေတာတောင်မှ အိမ်မှာယောက်ျားတွေ လူဝင်လူထွက်ရှုပ်လို့ ငါ့ကိုစိတ် ချလို့ လုပ်ခိုင်းတာတဲ့.."

တကယ်ကတော့ ကိုယ့်ယောက်ျားရဲ့အရိပ်အကဲကို ဖမ်းမိနေလို့ ဖြစ်မှာပါ။ ကြီးတဲ့သူတွေရဲ့ အနစ်နာခံမှုကို ဒေါင်းနီစာနာမိနေ၏။ ထို ပြင်.. ။

"နင့်ခဲအိုဆန္ဒအရတော့ နင့်ကိုဒီတိုင်းလွှတ်ပေးလိုက်မှာ မဟုတ်ဘူး.. ဟင်.. ။

ဇင်မာလင်းမျက်နှာလေး ငယ်ကျသွားသည်။ အိမ်ရှေ့လမ်းကြား မှာ ဖြတ်သန်းသွားလာနေကြသည့် ဆိုင်ကယ်လ်စက်ဘီးတွေကနေ မီ ရောင်တွေခဏခဏဖြတ်ပြေးသွားကြသလောက် ဇင်မာလင်းမျက်နှာလေ



လည်း ဝင်းထိန်သွားလိုက် မှောင်မိုက်သွားလိုက်.. ။

"ငါဘာဖြစ်မှာလဲဟင်..ငါနင်ပြောတာကိုဆိုယုံတယ်၊ ကိုသိန်း ငါ့ကို ယ်လိုကြံစည်လာနိုင်သေးလဲ ပြောစမ်းပါ.."

"ကြံစည်လို့ရအောင် နင်ထွက်မသွားမှဖြစ်မှာလေ..သူနင့်ကိုပြန်ခေါ် ကြိုးစားမှာသေချာတယ်.."

"ဒါပေမယ့် ငါ့အစ်မကတော့.."

ဇင်မာလင်း စကားမဆက်နိုင်ခင် ခြံရှေ့တံခါးနားကို စုပြုံရောက်လာ ည့် ဓာတ်မီးရောင်တွေကြောင့် ငေးကြောင်သွားခဲ့၏။

"မဒေါင်းနီ..ဒီမှာဧည့်သည်တွေက မဒေါင်းနီကိုတွေ့ချင်လို့တဲ့.."

"ဘယ်သူတွေလဲမသိဘူး.."

ဒေါင်းနီခပ်တိုးတိုး ရေရွတ်ရင်း ထရပ်လိုက်လျှင်.. ။

"ဒေါင်းနီ..အဲ့ဒါ.."

ဇင်မာလင်းက အလန့်တကြားပြန်ဆွဲထားလိုက်ပြီး.. ။

"ငါ့အစ်မနဲ့ကိုသိန်းတို့ရယ်.."

ဒေါင်းနီ'ဟင်'ခနဲဖြစ်သွားသည်။ ဇင်မာလင်းနဲ့သူမခင်ပါသည်။ ဒါ ပေမယ့် အိမ်ပြောင်းခဲ့သည့်ကိစ္စမှာ လိပ်စာအတိအကျကို ဘယ်သူ့ကိုမှ သေချာပြောမပြခဲ့ပေ။ ဒါပေမယ့် ဇင်မာလင်းရောက်လာခဲ့သည်။ အခုသူ့ မိက လိုက်လာကြပြန်ပြီ။ သတင်းတွေက ဒီလောက်တောင်မြန်လှချေ လား.. ။

သူမတံခါးသွားဖွင့်တော့ ရပ်ကွက်ထဲမှာ ရာအိမ်မှူးနှင့်ဆယ်အိမ်မှူး ကိုလည်းပါသည်။ သိန်းဦးနဲ့ဇင်မာလင်းရဲ့အစ်မဇင်မေဦးတို့က နောက် လိုက်နောက်ပါဖြစ်ကာ ဒေါင်းနီတို့ခြံထဲမှာ လူစုလူဝေးဖြစ်သွား၏။ ည က်ကြီးပေမယ့် လမ်းမီးတွေရော အိမ်မီးတွေပါရှိနေကြရာ သူတို့လူစု ထဲဝင်လာကြတော့ အိမ်ထဲကဖြာကျနေသည့် မီးရောင်နှင့် မျက်နှာတွေ ကိုပါ မြင်လိုက်ရ၏။

ဒေါင်းနီရဲ့မျက်လုံးတွေက အသားနီစပ်စပ်နှင့် ပါးနှစ်ဖက်မှာဝက် မှုတွေထင်နေသော ကိုသိန်းဦးဆီတန်းရောက်သွားသည်။ ကိုသိန်းဦးက လည်း ဒေါင်းနီထွက်လာတာမြင်တည်းက တစ်ချက်မှမျက်လုံးမခွာ.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်းနီဆိုတာ ညီမလား.."

ဇင်မာလင်းရဲ့အစ်မဇင်မေဦးက အိမ်ထဲကိုလှမ်းကြည့်လိုက်ရ ဒေါင်းနီဘက်လှည့်၍.. ၊

"အထဲမှာ ဇင်မာရှိတယ်မို့လား..သူဒီကိုသွားမှာလို့ သမီးကြီးကိုပြ သွားတယ်.."

ဖြစ်ရလေ.. ။ မသိအောင်ထွက်လာပြီး ပုန်းနေချင်တဲ့သူက ဘ သွားမယ်ဆိုတာ ပြောထားခဲ့ရသလား..။ ဇင်မာလင်းကို မချင့်မရဲဖြစ်သ မိကာ ဖြေရခက်နေသည့်မေးခွန်းအတွက် အဖြေကခေါင်းညိတ်ဖို့သာ တော့သည်မို့.. ၊

"ရှိပါတယ်..ဒါပေမယ့်.."

"ဒါပေမယ့်ဆိုတာဘာလဲ..သူ့အစ်မကိုယ်တိုင် လာခေါ်တာ၊ ဘ လူဘာမှ စောဒကတက်ဖို့မလိုဘူး.."

သိန်းဦးဆိုသူက ဘောင်းဘီရှည်ကားကား လူကခပ်တောင့်တေ ပုံစံနှင့် ဗိုက်လည်းရွှဲချင်သေးသည်။

"ဘယ်မှာလဲ..လူတွေကိုဒုက္ခပေးနေတာ၊ သူ့ကိုရှာရတာ တစ်ည လုံး ဘယ်သူမှမနားရဘူး.."

ဘီလူးက မင်းသားခေါင်းစွပ်ပြီး အုပ်ထိန်းသူလေသံလွှတ်နေ အတော်နားခါးလေသည်။ သို့သော် ဇင်မာလင်းကိုယ်တိုင်ကလည်း အ ထိန်းသူကို လွန်ဆန်ရဲတာမဟုတ်သည့်ပြင် သူ့အစ်မမျက်နှာကလ ညီမကိုစိတ်ပူနေတာတော့ သိသာနေရာ.. ၊

"ကျွန်မတို့ကဘေးလူမှန်ပါတယ်..ဒါပေမယ့် ဇင်မာလင်းကမလို ချင်ဘူးဆိုရင်တော့ ဒီတစ်ည.."

"ဘာကွ.."

"အို..မဖြစ်ပါဘူး.."

သိန်းဦးက လက်ကားခြေကားနှင့် အနားကပ်လာ၏။

"မင်းနောက်ဆုတ်နေ..ငါပြောမယ်.."

အပြောနဲ့အတူ ဇင်မေဦးလက်ကိုပါ ဆွဲ၍တွန်းဖယ်လိုက်သေးသ ထို့အခြေအနေကြောင့် ကိုယ့်စိတ်ကူးပျက်သွားပြီဆိုတာ သိလိုက်သ



င်မေဦးနဲ့တိုးတိုးကပ်ပြောပြီး ဇင်မာလင်းအတွက်စီစဉ်ပေးသင့်တာလေး ကြံပေးချင်တာပါ.. ၊

အစ်မတစ်ယောက်က ကိုယ့်ညီမကိုဒီယောက်ျားကြံစည်ထားတာသိ လျက်နှင့် ဘယ်လိုကြောင့်မသိလိုက်မသိဘာသာ ပြောဆိုနေနိုင်တာလဲ..။ ညီမကိုပြန်ခေါ်ဖို့ ဒီလူကိုတောင်ဦးဆောင်ခိုင်းလာသေးသည့်အဖြစ်.. ၊

"ဘယ်မှာလဲဇင်မာလင်းက..အိမ်ကထွက်ပြေးသွားတဲ့လူကို လက်ခံ ထားတာ ဘယ်လောက်အပြစ်ကြီးတယ်မှတ်နေလဲ၊ လူလိုသူလိုပြောနေ တုန်း ခုထုတ်ပေး.."

ဒေါင်းနီ ဒေါသထောင်းခနဲဖြစ်သွားသည်။

"နေစမ်းပါဦး..လူလိုသူလိုမပြောလို့ ကျွန်မကဘယ်ဘာသာစကား နဲ့ပြောနေတာမို့လို့လဲ.."

ထိုမျက်နှာကိုစေ့စေ့ကြည့်၍ စိတ်ရှိတိုင်းပြောထည့်လိုက်ချင်သည့် စကားလုံးတို့က ကိုယ့်ကလေးမျက်နှာကိုသတိရပြီး လျှာပေါ်မှာတစ် ထောက်နားသွားသည်။ ဒီနေရာမှာ ပြဿနာတစ်ခုခုတက်ခဲ့ရင် ကလေး က ဒီအမေ ဒီတစ်မျက်နှာပဲအားကိုးရှိသည်မို့.. ၊

"ကြိုပြောထားမယ်နော်..လူလိုသူလိုပြောတယ်ဆိုရင်လည်း လူနဲ့တူ အောင်ပြော..သူများခြံဝင်းထဲလာပြီး သဟောက်သဟမ်းတော့လာမလုပ် နဲ့.."

"မလုပ်စေချင်ရင် မင်းထွက်လာတည်းက သူ့ကိုခေါ်လိုက်ပါလား.."

"သူ့အစ်မမျက်နှာပဲမြင်လိုက်ရင်တော့ သူလည်းပြေးထွက်လာမှာပဲ.. ကျွန်မကလည်း လှမ်းခေါ်လိုက်ရုံပဲ..အခုရှင်က.."

"အံမာကွာ.."

"ညီမအဲ့ဒါတွေ မပြောနဲ့လေ.."

ဒေါင်းနီတစ်ခုခုအကျိုးအကြောင်းတွေ ပြောလိုက်မည်စိုးကာ လင် မယားနှစ်ယောက်စလုံး ထိပ်ထိပ်ပျာပျာတွေဖြစ်သွားကြသည်။

"တောက်..ဒီမှာဦးလေးတို့ကြားဘယ်နော်၊ ကျွန်တော့်အိမ်က ကောင် မလေးကို အိမ်ထဲထည့်ဝှက်ထားတာသူ.."

သိန်းဦးက ဘေးမှာရှိနေကြသည့် ရာအိမ်မှူးနဲ့ လူကြီးတွေကို လှည့်

www.burmeseclassic.com

www.burmeseclassic.com



ရှိတိုင်တည်ကာ အောက်ခြေမှောင်နေသော လေးပင်အိမ့်မြင့်ကိုလက်ညှိုး ထိုး၍.. ।

"ဟိုမှာအိမ်ခေါင်းရင်းက မှောင်မည်းနေတာပဲ..အိမ်အောက်ခုန်ချပြီး ခေါင်းရင်းကထွက်ပြေးသွားလို့ ရတယ်.."

"ပြေးသွားလည်း သူ့သဘောနဲ့သူပဲ..ဇင်မာလင်းက အသက်အစိတ် ကျော်နေပြီ.."

"အစိတ်ဖြစ်ဖြစ် တစ်ရာကျော်ဖြစ်ဖြစ် မင်းအခုအိမ်ပေါ်မှာ သူ့ကိုဘာ လုပ်ထားခဲ့သလဲ ဘယ်သူပြောနိုင်မလဲ.."

"ဘာပြောတယ်.."

"ခဏနေကြပါဦး..ဒီမှာ ငါ့ညီကစကားပြောတာ နည်းနည်းဘောင် ကျော်နေပြီကွ.."

"ဒီမှာဦးပြောမယ်..ရပ်ထဲရွာထဲကိစ္စမှာ ဥပဒေစာသားတွေနဲ့ တစ် ယောက်နဲ့တစ်ယောက် ဂုဏ်သိက္ခာထိခိုက်အောင် ပုတ်ခတ်ပြောတာမ ဟုတ်သေးဘူး.."

ရာအိမ်မှူးနဲ့ဆယ်အိမ်မှူးတို့က မျက်နှာတွေတည်နေကြလျက် သိန်း ဦးကို ဖျောင်းဖျသလိုဝင်ထိန်းသည်။ ဇင်မေဦးကလည်းကြားထဲက ဘယ် သူ့ကို ဘာပြောရမှန်းမသိဘဲ ဖြစ်နေရှာကာ.. ।

"ကိုသိန်းကလည်း စကားပြောတာဆင်ခြင်ပါရှင်..သူတို့သူငယ်ချင်း မို့ လက်ခံတဲ့သူက လက်ခံထားတာပေါ့၊ သူကူညီလို့ ဇင်မာ့ကိုဒီမှာတွေ့ ရတာ..မဟုတ်ရင် ဘယ်ထိတောင်ထွက်သွားမယ်မသိဘူး.."

"ဟာ..မင်းကမင်းညီမမို့ စိတ်ပူနေတာ၊ ဟိုကမင်းနဲ့ဝေးရာ ပြေးတာ လေ..အခုထွက်တောင်လာလို့လား၊ ဒါမျိုးက သူခိုးလက်ခံလုပ်နေတဲ့လူ တွေကြောင့် အလုပ်မရှုပ်သင့်ဘဲ ရှုပ်နေရတာ..ဒီလိုအားကိုးရှိတိုင်း ထွက် ပြေးနေရင် မခက်ဘူးလား.."

အိမ်မှာအဆင်ပြေနေသားနဲ့ အားကိုးရှိလို့ ပြေးနေတဲ့သူဆိုတာမျိုး ရှိတတ်လား.. ।

ခေါင်းနီကိုယ့်စိတ်ကို မရမကထိန်းချုပ်ရင်း ပင့်သက်ရှိုက်ထုတ်မိ သည်။



"ကဲ..မခေါင်းနီက ဧည့်သည်ကိုခေါ်ပေးလိုက်ပါ၊ ဘာမဟုတ်တဲ့ကိစ္စ လေးနဲ့ အဆင်မပြေဖြစ်ကြရင် မကောင်းပါဘူး.."

"ဟုတ်ပါတယ်ညီမလေးရယ်..အစ်မတို့က စိုးရိမ်လွန်ပြီးပြောမှားဆို မှား ဖြစ်ကြတာပါ၊ ဇင်မာကအရမ်းလည်း ကြောက်တတ်တယ်..ဒီအသက် ရှိပေမယ့် ဘယ်ကိုမှလည်း တစ်ယောက်တည်းသွားလာဖူးတာမဟုတ်ဘူး"

အစ်မဖြစ်သူက ပြေရာပြေကြောင်းပြောသော်လည်း.. ।

"ကိုယ့်လူကိုယ်ခေါ်တာ ဒီလောက်ပြောနေဖို့မလိုဘူး..တာတူး ယော့ ကောင်..အိမ်ပေါ်တက်ကွာ.."

"ဟုတ်တယ်..ကျွန်တော်သွားခေါ်မယ်.."

"ဘာ.."

ခေါင်းနီအသံကျယ်လောင်သွားလျက် ဇင်မေဦးကမန်းကတန်းလက် ကာ၍.. ।

"ဒီလိုပါ..ခဏလောက်စိတ်ထိန်းပါဦးညီမလေးရယ်.."

"စိတ်ကဘယ်လောက်ထိ ထိန်းနေရမှာလဲ..ဝင်လာတည်းက ပြော လာတာ လူမဆန်ဘူး.."

"အံမာ.."

"အိမ်ပေါ်တက်ချင်ရင် ပိုင်ရှင်ကိုအရင်ခွင့်တောင်းရတယ်ဆိုတာ နား မလည်ဘူးလား.."

ပြောနေရင်း ခေါင်းနီအိမ်ဘက်လှည့်၍.. ।

"ဇင်မာလင်း နင်ဘယ်လောက်ထိငြိမ်နေမှာလဲ..ဒီမှာနင့်အစ်မလာနေ တာ.."

အော်ခေါ်ထုတ်လိုက်မှ မီးလင်းနေသည့်အိမ်တံခါးဝမှာ လူရိပ်လေး လှုပ်လှုပ်ရွရွပေါ်လာသည်။ ဆံပင်ခါးလယ်ထိရှည်သော ဇင်မာလင်း၏ပုံ ရိပ်ပဲဖြစ်ကာ သူမအိတ်လေးကို လက်တစ်ဖက်ကဆွဲထား၏။ သို့သော် လှေကားနှစ်ထစ်လောက်ဆင်းလာပြီး ရပ်သွားလျက်.. ।

"အစ်မ..ညီမလေး ဒီမှာနေပါရစေ.."

"မနေပါနဲ့ဇင်မာရယ်..နင်ဘယ်တုန်းက သူများအိမ်မှာနေဖူးလို့လဲ၊ လာပါညီမလေးရယ်..ပြန်လိုက်ခဲ့ပါ.."

www.burmeseclassic.com

www.burmeseclassic.com



"ပြန်မလိုက်ချင်ရအောင် နင့်ကိုယ်နင်တစ်နေ့လေးထောင်ကျော်ရ
တာနဲ့ ဟုတ်လှပြီထင်နေသလား..နင့်ကိုယ်မှာ ခုလိုကိုယ်ရောင်ကိုယ်
တောက်ပနေတာ ဘယ်သူ့အရှိန်အဝါကြောင့်လဲ၊ မြန်မြန်ခေါ်စမ်းဟာ..
ကောင်မလေး ငါ့စိတ်နဲ့မလွယ်ဘူး.."

မသိရင် အစ်ကိုကြီးတစ်ယောက်က ညီမအငယ်ဆုံးကို ကရုဏာဒေါ
သနဲ့ ဆူနေသလိုမျိုး။ ဇင်မာလင်းကလည်း ဘာမှဆက်မပြောတော့ဘဲ
အကြာကြီးရပ်နေ၏။ ပြီးတော့ တစ်လှမ်းချင်းဆင်းလာခဲ့၏။ ခုနက ပြေ
ပြီးငိုနေတဲ့မျက်နှာလေးကို သတိရကာ ဒေါင်းနီသူမကိုသနားသွားမိသည်
ဒါပေမယ့် ဒီလိုကိစ္စက ကာယကံရှင်ကိုယ်တိုင်က ကိုယ်လွတ်မရု
နိုင်ဘဲ ဘေးလူကကြားဝင်ဖြေရှင်းဖို့ မဖြစ်နိုင်။ အုပ်ထိန်းသူကိုယ်တိုင်က
ကိုယ့်ရဲ့လက်အောက်ငယ်သူတွေရဲ့ဒုက္ခကို တမင်လစ်လျူရှုထားသည်
လား..။ ဂရုမစိုက်မိတာလား.. ၊

ထိုအရေးအကြောင်းပေါ်မှာ အပြင်လူပါဝင်နိုင်ဖို့ ဆိုသည်မှာ.. ၊

"မြန်မြန်လာလေ..ကိုယ့်အစ်မကိုယ်တိုင် လာခေါ်တာတောင် ဖြစ်
ပုံက မပြောလိုက်ချင်ဘူး.."

ဇင်မေဦးက အသံမထွက်ရဘဲ သိန်းဦးရဲ့ဒေါသက လူစိမ်းလူကျက်
ရွေး ပေါက်ကွဲနေခဲ့လျက်.. ၊

"အချိန်တန်ရင် ကိုယ့်အစ်မကပဲ နင့်ဘက်ကရှိမှာ..ဘေးလူတွေ
တာ နင့်မှာပါတာလေးကုန်တာနဲ့ ကန်ချပြီးသားပဲ..နားလည်လား.."

ဇင်မာလင်းမှာ ဆွဲကြိုးလေးလက်ကောက်လေးတွေနဲ့မို့ သိန်းဦးက
ခါးထောက်ရပ်ကြည့်ရင်း ပြောလို့မပြီးနိုင်။ ဇင်မာလင်းက ဇင်မေဦး
ရောက်သည်နှင့် ဟီးခနဲငိုချလိုက်ကာ ခါးကိုဖက်ထားလိုက်ပြီး.. ၊

"အစ်မ..ညီမလေးပြန်မလိုက်ချင်ဘူး၊ ညီမလေးကြောက်တယ်.."

မီးရောင်အောက်မှာ ဇင်မေဦးမျက်စိမျက်နှာပျက်လျက် ညီမဖြစ်သူ
ကိုဖက်ထားပြီး ရုတ်တရက်ဆွံ့အနေ၏။

"နော် အစ်မ..ညီမလေး ဒီမှာပဲ.."

"ဘာလို့နေရမှာလဲ..ဇင်မေနော်၊ နင့်ညီမမရှိရင် နင်ပဲတငိုငိုတရ
ရယ်နဲ့ ဘေးလူစိတ်မချမ်းသာဘူး..ပါအောင်ခေါ်လာခဲ့၊ နောက်ထပ်ငါ့



ဒုက္ခမပေးနဲ့.."

"ဘာဖြစ်လို့ ခင်ဗျားညီမကလည်း ဒီမှာနေမယ်ချည်းဖြစ်နေတာလဲ.."
အဖော်တစ်ယောက်က ပုဆိုးတမမနှင့် ဝင်ပြောကာ.. ၊

"ဘယ်လောက်တောင် ဒီကအပြုအစုကောင်းနေလို့လဲ..ကိုယ့်အစ်မ
ထက်ပိုပြီးတော့များ.."

"ဇင်မာလင်းကိုယ်မှာ ပစ္စည်းတွေပါတာကိုးကွ.."

သူတို့နောက်ကပါလာသည့် ယောကျ်ားတွေမကြားတကြား တစ်
ယောက်တစ်ခွန်းပြောလာကြ၏။ မကြားတကြားစကားသည်လည်း ကြား
အောင်ပြောတာပဲမို့ ဒေါင်းနီသေချာကြားလိုက်၏။ ယောကျ်ားတစ်သိုက်
၏ စူးရဲသောအကြည့်တွေက သူမကိုယ်ပေါ်မှာပဲရှိနေကာ.. ၊

"မဆိုးမဆိုတာ ယုံနိုင်စရာတောင်မရှိဘူး.."

"စေ့စေ့မကြည့်နဲ့ ဈာန်လျောသွားမယ်..ထွာဆိုင်အလုံးအခဲတွေက
ဟီး ဟီး.."

"ဟဲ..ဟဲ ငါသာကိုကြီးသိန်းနေရာမှာဆို လူချင်းလဲခေါ်သွားတယ်.."
ဒေါင်းနီမျှသိပ်သည်းခံနေရင်း မျက်လုံးထဲမှာမီးပွင့်သွားသည့်နှယ်..

"ဖြန်း.."

ပြောသည့်မျက်နှာနား ပြေးကပ်ကာ ပါးကိုဖြောင်းခနဲရိုက်ချလိုက်၏

"ဟာ.."

"ဟော့.."

"အံမာ..မင်းကလား.."

"ဖြန်း.."

သိန်းဦးစကားမဆုံးလိုက်ခင် တစ်ယောက်ကျော်ကသူ့ထံ ရိုက်ချက်
က ရိပ်ခနဲဝင်၏။ သိန်းဦးမျက်နှာ လည်ထွက်သွားသည်။ ရုတ်တရက်
ကြီးမို့ အားလုံးအံ့အားသင့်ကုန်ကြလျက် သိန်းဦးယိမ်းယိုင်သွားရာက
မျက်လုံးပြူးကြီးနှင့် ပြန်လှည့်လာ၏။

"နင်ကများငါ့ကိုရိုက်ရဲတယ်.."

"ဟော့လူ..မလုပ်နဲ့လေ.."

"မောင်ရင် လက်မပါနဲ့..ယောကျ်ားနဲ့မိန်းမ..မဲ..."

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေရော အနားမှာလာဝိုင်းကြည့်နေသည့်ထဲက ယောက်ျ တချို့ပါ သိန်းဦးတို့ကိုဝိုင်းရုံထားလိုက်ကြ၏။ ရှုံးရှုံးရှားရှားလှုပ်ရှာ ပြင်ဆင်လိုက်သည့် သိန်းဦးတို့ငြိမ်ငြိမ်ကုတ်ကုတ်တွေ ဖြစ်သွားခဲ့လျက်

"ခင်ဗျားတို့ကဘာလဲဗျ..ကျုပ်ကအချောင်ရိုက်ခံရတာ.."

ပြောပြီး ဒေါင်းနီကိုမီးဝင်းဝင်းတောက် မျက်လုံးတို့ဖြင့် လှမ်းကြ ကာ.. ၊

"နင့်ကိုငါပြောတာမဟုတ်ဘဲနဲ့ ဘာထဖြစ်တာလဲ..စွာလှချေလား.."

"ရိုက်ချင်လို့ရိုက်တယ်..ရိုက်သင့်လို့ရိုက်တယ်၊ ခွေးတွေရော သ တွေရော ယုတ်ယုတ်မာမာတွေပြောနေလို့ ရိုက်တယ်..ဘာဖြစ်လဲ ခရျ ချင်း ငါ့ခြံဝင်းထဲကထွက်.."

"တောက်..လူပါးဝတာ.."

လက်သီးဆုပ်ကြိမ်းဝါးရင်း ဘာမှလည်းမတုံ့ပြန်နိုင်။ ကျန်သည့် ယောက်လည်း တုတ်တုတ်တောင်မလှုပ်။ အေးနားမှာဒေါင်းနီကိုထိလို တာနဲ့ ဘယ်လိုတွေလှုပ်ရှားလာကြသည်မသိသော လူအုပ်ကြောင့်ဒီတို ပဲ နောက်ဆုတ်လှည့်ပြန်သွားကြ၏။ ထို့ပြင်.. ၊

"မိန်းမတစ်ယောက်ကိုငြိုးပြီး တစ်နေရာမှာတစ်ခုခုဒုက္ခပေးကြည့် လား..အရိုးတခြား အသားတခြားတောင် ဖြစ်သွားဦးမယ်.."

"အေးလေ..ဒီကောင်မလေး တစ်ခုခုဖြစ်ကြည့်၊ ဒီကောင့်လက်ချ ပဲ.."

"သူများပိုင်နက်ထဲလည်း လာသေးတယ်..သူ့အသံချည်းပဲ၊ မပြေ ချင်လို့ကြည့်နေတာ ဘာကောင်တွေမှန်းမသိဘူး.."

ဆိုသည့်ကြိမ်းဝါးသံတချို့ သူတို့နောက်ကကပ်ပါသွားခဲ့၏။ သိန် ဦးတက်ခေါက်ဖို့ပြင်ပြီးမှ ပြန်မျိုချရသည်။ ဒီရက်ပိုင်းအတွင်းမှာမျ ဒေါင်းနီဆိုတဲ့မိန်းမ တစ်ခုခုဖြစ်ခဲ့ရင် ကိုယ့်ခေါင်းပေါ်ကျဦးမလားမသိ ကိုယ်က မျက်နှာကြီးသော်လည်း ဒီနေရာမှာ ရာသီဥတုက ကိုယ့်ဘက် မပါခဲ့ခြင်းနှင့်ပတ်သပ်၍.. ၊

*ကြောက်ရင်နှစ်ခါသေသည်*

*အရှက်အကြောက်တရားတို့ကြောင့်*



*မတရားမှုများကို မျိုသိပ်နေခြင်းသည်*

*လူယုတ်မာတို့နှင့်ချေဖျက်ဆီးဖို့*

*လည်စင်းပေးခြင်းနှင့်တူ၏..*

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၀)

"အစ်မ.."

"ဟင်..နင်ဘယ်လိုဖြစ်.."

မေးနေရင်း အဖြေကိုသိလိုက်ကာ ဇင်မေဦးအသံတိတ်သွား၏။ ပြီးတော့ အခန်းထောင့်မှာ ငုတ်တုတ်ထိုင်ငိုနေသည့် ဇင်မာလင်းရဲ့အင်္ကျီ... ပင်တွေ ဖရိုဖရဲဖြစ်နေပုံနှင့် အိပ်ရာတစ်ခုလုံး တွန့်ကြေရှုပ်ပွနေခြင်း... ပါးစပ်အဟောင်းသားနှင့်ကြည့်ရင်း.. ၊

"ခုန..ကိုသိန်း.."

"ညီမလေးသေချင်တယ်..ညီမလေးကိုသတ်လိုက်ပါတော့.."

"ဇင်မာရယ်..ဘုရား ဘုရား.."

ငိုနေသည့်ညီမကိုဖက်ထားလိုက်ရင်း ဇင်မေလည်းမျက်ရည်တွေ... လာကာ.. ၊

"ငါမှားတာပါ..အဲ့ဒါငါ့အပြစ်ပါဇင်မာရယ်၊ ငါလေ.."

"အမေ့ရေ..အမေ.."

"ဟဲ့..ဝင်မလာနဲ့.."

ကလေးနှစ်ယောက်လက်ချင်းတွဲပြီး အခန်းထဲရောက်လာကြသည်။ ဝင်မလာနဲ့ပြောပေမယ့် ကလေးတွေက အထဲရောက်နေပြီဖြစ်ကာ.. ၊

"ဟာ..အန်တီမာမာငိုနေတယ်.."

"သူရိန် ငါပြောနေတယ်လေ..သွားအပြင်ထွက်ကြ.."

သားအကြီးကောင်လေးက ဟိုကြည့်ဒီကြည့်နှင့် ခေါင်းကုတ်ကာ...



"မမကြီး အကြွေးသွားတောင်းတာ ခွေးလိုက်ဆွဲလို့ မတောင်းဘဲပြန်ရတယ်တဲ့..သားတို့ချောင်းထဲမှာ မုန့်သွားစားမလို့၊ ပိုက်ဆံပေးလေအမေရာ.."

"ငါ့မှာပိုက်ဆံမရှိဘူး..နင်တို့အဖေဆီလိုက်တောင်း သွား..သွားကြစမ်းပါ၊ ငါလုပ်မိတော့မယ်.."

ကလေးတွေကို တစ်ခုခုနဲ့ကောက်ပေါက်မလို မောင်းမဲရင်း နှင်လွှတ်လိုက်မိကာ မျက်ရည်ကိုလက်နဲ့ဖြစ်သလို ပွတ်ဖျက်၏။ ပြီးတော့ ဇင်မာလင်းကိုလည်း မျက်ရည်သုတ်ပေး၍.. ၊

"နင်ဘာလုပ်ချင်လဲဟင်..ဒီလူအကျင့်မကောင်းမှန်း ငါလည်းသိပါတယ်ညီမလေးရယ်၊ ဒါပေမယ့် ပြီးခဲ့တဲ့ကိစ္စမှာ သူ့အတင်းတောင်းပန်တော့ ခုလိုချက်ချင်းကြီးယုတ်မာလိမ့်မယ် မထင်ခဲ့ဘူး..လူယုတ်မာ.."

ဇင်မာလင်းခေါင်းတွင်တွင်ခါရင်း ရွှံ့စရာမျက်နှာကြီးကို ဖျောက်မရနိုင်။ ပြီးတော့ ရွံရှာဖွယ်တဏှာရာဂတို့နှင့် အထိအတွေ့များ..ထို့ပြင်..၊

"နင့်အစ်မက ကလေးမွေးဖို့ပဲသိတာ..ခုနေ ငါသာတခြားမှာသာယာရှာတွေ့သွားရင် နင့်အစ်မဘယ်လိုလုပ်မလဲ.."

"ငြိမ်ငြိမ်နေစမ်းပါကလေးရယ်..နင်လိမ္မာရင် နင်ကငါ့ရဲ့မယားသိပါ ဟဲ.."

"နင်တို့ညီအစ်မနှစ်ယောက်ကို ဒီထက်မက ရွှေတွေသီးနေအောင် ထားမှာပါ.."

"နင်ငါ့ကိုဆက်ငြင်းနေရင် ကလေးလေးယောက်နဲ့ နင့်အစ်မကိုငါ ထားခဲ့မှာ ဘာမှတ်နေလဲ.."

စသဖြင့်သော ရွံ့စရာစကားတွေနှင့်အတူ မလှုပ်နိုင်အောင်ချုပ်နှောင်ပြီး အဓမ္မပြုကျင့်ခဲ့သည်။ သူမခေါင်းနီဆီကနေ ပြန်လိုက်မလာခဲ့ရင် ဒီလိုအဖြစ်ဆိုးနဲ့တိုးရမှာမဟုတ်.. ၊

"နင့်ကိုပြန်မခေါ်ခေါ်အောင် ငါ့ကိုသူအတင်းအကျပ် ကြိမ်မောင်းနေတည်းက ငါထင်ကယ်..ဒါပေမယ့် ငါနင့်ကိုစိုးရိမ်တာက ...ကယ်ပါ ဇင်မာရယ်၊ နင်ဒုက္ခရောက်မှာစိုးလို့ စေတနာအမှန်နဲ့လိုက်ခေါ်တာပါ..ခုတော့ ငါ့စေတနာတွေက ဝေဒနာဖြစ်ရပြီ.."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့..အစ်မလည်းသွားပါ၊ ညီမလေးတစ်ယောက်တည်း နေပါရစေ.."

ဇင်မေဦးက ညီမဖြစ်သူကို အတင်းဖက်ထားလျက်.. ၊

"နင်ဘာဖြစ်ချင်လဲပြောပါ..သူ့ကိုတရားစွဲမလား၊ ငါ့မျက်နှာကို ကြည့်နဲ့..ငါတို့ညီအစ်မ ရရာအလုပ်လုပ်ရင် တစ်ဝမ်းတစ်ခါးတော့.."

စကားသည် ဒီမှာပဲရပ်၏။ သူမပူရမှာ ကိုယ့်တစ်ဝမ်းတစ်ခါး တွက်တင် မဟုတ်တော့ပေ။ ကလေးလေးယောက်နဲ့ ဗိုက်ထဲမှာကိုယ် လေးလ.. ၊

သူမစကားမဆက်နိုင်လျှင် ဇင်မာလင်းရဲ့မျက်ရည်အစွဲသားနှင့်မျ ဝန်းတွေ သူမထံရောက်လာခဲ့ပြီး.. ၊

"သွားပါအစ်မရယ်..ညီမလေးကို ဘာမှလုပ်ပေးဖို့လည်း စိတ်မ ပါနဲ့၊ မုဒိန်းမှုဆိုရင်လည်း မကြားဝံ့မနာသာတွေ စစ်မေးခံရတာတဲ့..အဲ ကြီးကို သတိရတာနဲ့တောင် လဲသေချင်စိတ်ပေါက်နေပြီ၊ တိုင်ဖို့တော များ ဘယ်တော့မှမစဉ်းစားဘူး.."

"ဒါဆို.."

"ညီမလေးကိုသနားရင် ဒေါင်းနီဆီမှာ သွားနေခွင့်ပြုပါ..ဒေါင် ဆီမှာ ညီမလေးဘာမှမဖြစ်နိုင်ပါဘူး.."

"ဇင်မာရယ်..ဒေါင်းနီဆီမှာဆို ကိုသိန်းကနောက်ယှက်မှာပဲ၊ လည်းနေစရာရှိမှာ မဟုတ်တော့ဘူး.."

"ဩော်..အစ်မနေစရာရှိအောင် ညီမလေးက သူဘာလုပ်လုပ် နေပေးရမယ်ပေါ့.."

ဇင်မေဦး ညီမကိုကူညီချင်ပေမယ့် သူမကိုယ့်ဘဝကိုယ်လည်း မျ စားရဲပေ။ ကလေးတွေနဲ့ ဘာလုပ်စားရမလဲဆိုသည့်အတွေးက အိမ် ရာဖွေဦးဆောင်နိုင်သည့် ယောကျာ်းအပေါ်ဘယ်လိုမှ တွန်းလှန်အား သတ္တိမရှိဘဲဖြစ်နေခဲ့၏။ ဇင်မာလင်းကလည်း အစ်မရဲ့အကျပ်အတည်း ကို သိနေသည်။ သို့သော် ဒီနေရာကထွက်ခွာခွင့်လေးကိုတော့ ပေးစေ သည်မို့.. ၊

"ဒေါင်းနီဆီသွားလို့မရရင် သာစည်မှာညီမလေးသူငယ်ချင်းတွေ



ယ်.."

"အေးပါ..နင်သွားရပါ့မယ်၊ ဒါပေမယ့် အဲ့ဒီမသာက ငါတို့ဒီလိုလုပ် ကြံ့သိနေသလားမသိဘူး..ပိုက်ဆံရှိတာလေးတောင် ပြန်ယူသွားသေး ယ်၊ တစ်ရက်နှစ်ရက်တော့ စောင့်လိုက်ပါ..ငါနင့်ကို သူလုံးဝမထင်မှတ် နေရာမှာ ဝှက်ထားပေးမယ်၊ ပိုက်ဆံမပါအဝတ်မပါနဲ့ ငါ့ညီမကိုဒီတိုင်း က်မသွားစေချင်လို့ပါ.."

ပြောနေရင်း မျက်ရည်တွေကျလာပြန်ကာ ဇင်မေဦးရှိုက်ငိုလေသည်။ ါတော့ ညီမလက်မောင်းလေးကိုဆွဲ၍ မျက်နှာကပ်ရှိုက်နေလျက်.. ၊

"အမေသာရှိရင် ညည်းဒီလောက်တောင် လင်မက်ရသလားလို့ ငါ့ကို ပြောတော့မှာ..ငါသိတယ်၊ ငါ့ကြောင့် ငါပျော့ညံ့နေလို့..ဒီလူငါ့ညီမကို စော်ကားရဲတာ၊ တော်ပြီ..မပေါင်းတော့ဘူး.."

ပြောနေရင်း ညီမကိုတစ်ယောက်တည်း နင်လွှတ်ရမည့်အဖြစ်အ ပျက် ဘယ်လိုမှမခံစားနိုင်ဖြစ်လာခဲ့ပြီး.. ၊

"နေဦးဇင်မာ..နင်နဲ့ငါအတူထွက်ကြမယ်၊ သူ့ကလေးတွေသူတော့ က်မသတ်ပါဘူး..ဒီလိုမကောင်းတဲ့လူကို ဖက်တွယ်ပြီး ငါ့ညီမကိုစွန့် စရာဘာအကြောင်းမှ မရှိဘူး၊ နောက်တစ်ရက်ပဲစောင့်..ငါတို့ရင်း သောက်ဖို့ ရနိုင်သလောက်ပါအောင် ငါစုမယ်.."

"မလုပ်ပါနဲ့အစ်မရယ်..အစ်မယောကျာ်းက မိန်းမစိတ်တိုရင်တောင် လေးတွေကို မညှာရိုက်တဲ့လူစားမျိုး..အစ်မမှာလည်း ကိုယ်ဝန်နဲ့.."

"နင်ထွက်သွားလည်း ငါတမင်ရှောင်နိုင်းတာဆိုပြီး ပြဿနာရှာမှာ ..ငါကငါ့ညီမ သိက္ခာကျမှာစိုးလို့ သူယုတ်မာတာကို မပြောရဲ.. ကိုထားခဲ့မှာစိုးလို့ မျိုသိပ်နေရရန့် မကောင်းတဲ့လူကိုထပ်ပြီး ကြောက် နိုင်တော့ဘူး.."

ဇင်မာလင်းရဲ့အကျီရင်ဘက်က ကြယ်သီးကိုပြန်တပ်ပေးရင်း အ ဦးတက်ခေါက်ကာ.. ၊

"လူယုတ်မာ..သူတောင်းစားကြီး ငါ့ညီမအပျိုနုနုထွက်ပွတ်လေး .."

"တော်ပါတော့အစ်မရယ်.."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ.."

ဇင်မေဦး ထမီအထက်ဆင်ဆွဲပြီး မျက်နှာကိုပွတ်သုတ်ပစ်လိုက်က

"နင်လည်းမငိုနဲ့တော့..ငါ့ညီမကိုတော့ တစ်ယောက်တည်းမလွှ
ဘူး..ကလေးတွေအကုန်ထားခဲ့ပြီး ငါပါလိုက်မယ်၊ ဘာဖြစ်လဲ..နင်ဒီ
ဖြစ်ခဲ့တာ ဘယ်သူမှမသိဘူး၊ စိတ်ချမ်းသာစရာရှာကြံတွေးနေ ညီမလေ
နင့်အစ်မတစ်ယောက်လုံး ရှိတယ်.."

အားပေးစကားသံတို့သည် ဇင်မာလင်းနားထဲမှာ ပျားရည်မြစ်ကဲ့
ချိုမြိန်စွာစီးဝင်၏။ သို့သော် ရင်ထဲအရောက်မှာ သံရည်ပူတွေကဲ့
ပြောင်းလဲပူလောင်စေခဲ့လျက်.. ၊

ကိုယ်ကရင်မဆိုင်ချင်၍ ရှောင်ပြေးခဲ့သော်လည်း ပြဿနာသ
ကိုယ်သွားလေရာ ပါမြဲပါလျက်.. ၊

## အခန်း(၂၁)

"မဇင်မေ သနားပါတယ်နော်.."

"ဟုတ်ပ..သူ့ညီမကို သိပ်ချစ်တာ.."

အသုဘအိမ်မှာ ဒီနေ့မြေချမည့်နေ့မို့ လူတွေတိုးမပေါက်အောင် များ
ပြားနေကြသည်။ အထူးသဖြင့် အပျိုအသုဘမို့ သနားကရုဏာတွေပိုနေ
ကြတာလည်း ဖြစ်ကာ.. ၊

"ကောင်မလေးချောချောလှလှလေး သနားပါတယ်နော်.."

"ငါတော့ကျန်ခဲ့တဲ့ လူကိုပဲပိုသနားတယ်..သူ့ညီမကို လိုလေသေးမ
ရှိထားတာပါအေ၊ ဒီကောင်မလေး ဘယ်လိုပြဿနာတွေများရှိနေပါလိမ့်"

ဇင်မေဦး ခဏခဏတက်သွားသဖြင့် အသုဘလူစုဖို့ ကြေးစည်ထုမှာ
တောင် မထုရဲဘဲရှိနေကြသည်။ လူတွေကလည်း မြေကျခါနီး ဇင်မာလင်း
၏ရုပ်အလောင်းကို အလုအယက်လာတိုးကြည့်ကြ၏။

"လှလိုက်တာဟယ်..အိပ်နေတဲ့အတိုင်းပဲ.."

"အသားဖြူတော့ ကြိုးဆွဲချထားတဲ့အရာက လည်ပင်းမှာမည်းကျန်
တာကြည့်စမ်း.."

"ဟုတ်ပဟယ်..သေမယ့်လူတွေများ လှလည်းလှကြတယ်၊ လိမ္မာကြ
တာလည်း မပြောနဲ့တော့..မအေးမြင့်သားလေးတုန်းက ကြည့်ပါလား၊
မအေးအိုကြီးကို ရှာကျွေးနေတာလေ..လိမ္မာလိုက်တာများ မအေ့ထမီလျှော်
တယ်၊ ညအိပ်ရာဝင် မအေကိုနင်းနှိပ်မပေးရဘဲ မအိပ်ဘူး.."

"ဟုတ်တယ်..ဟုတ်တယ်၊ ဒီမှာကြည့်ပါဦး..မျက်ခုံးထူထူလေးက

www.burmeseclassic.com

www.burmeseclassic.com



တင်ထားတဲ့အတိုင်းပဲ.."

"လုပ်ပြီမဂ္ဂက်ထော်ရယ်..ရှင်ပြောမှပဲ၊ လှတဲ့လူတွေတိုင်းပဲ အသက်တိုကြမှာကျလို့.."

"ဟဲ့..နောက်မှာအအေးဘူးတွေ ကမ်းနေတယ်.."

"အကမ်းတွေအများကြီးနော်..သိန်းဦးလေးခများလည်း ခယ်မအတွက်လုပ်ပေးရှာသား.."

ပြောနေကြရင်း သိန်းဦးနဲ့ဇင်မေဦးတို့ဆီ သူတို့အကြည့်တွေ ရောက်သွားကြသည်။ သိန်းဦးသည်ဇင်မေဦးရဲ့ ပခုံးကိုဖွဖွလေး သိုင်းဖက်ထားလျက်.. ။

"တရားနဲ့ဖြေပါဇင်မေရယ်..မင်းဒီလောက်ငိုနေရင် ဗိုက်ထဲကကလေးက ဒုက္ခတွေ့မယ်.."

"ဖယ်..ရှင်ဖယ်ပေး၊ သွား.."

ဇင်မေဦးက သိန်းဦးလက်ကိုခါချပစ်လိုက်လျှင် အသုဘပို့ဖို့ရှိနေကြသည့်လူတွေ အားလုံးတိတ်ကျသွားကြ၏။ ဇင်မေဦး တရှိုက်ရှိုက်ငိုရင်း ယောက်ျားမျက်နှာကို လက်ညိုးထိုး၍.. ။

"ရှင့်ကို.."

"မဇင်မေ တော်ပါတော့.."

ထိုလက်ကိုဖမ်းဆွဲလိုက်ပြီး နောက်ထပ်လက်ညိုးမထိုးနိုင်အောင် တစ်စုံတစ်ယောက်က ဖိကိုင်ထားလိုက်၏။ ဇင်မေဦးဒေါသနှင့် ဆတ်ခနဲလှည့်ကြည့်လိုက်လျှင် ဒေါင်းနီကိုမြင်လိုက်ရ.. ။

"ဒေါင်းနီ.."

ဒေါင်းနီသည်လည်း ငိုထားသည့်မျက်နှာနီနီမှာ မျက်ရည်တွေရစ်ဝိုင်းလျက်.. ။

"မပြောနဲ့တော့မဇင်မေ.."

အားလုံးဝိုင်းကြည့်နေကြသဖြင့် အချင်းချင်းသိသာစေသည့်အကြည့်နှင့် ခေါင်းခါပြလိုက်ရင်း.. ။

"ဘာကိုမှပြန်မရနိုင်တော့ဘူး..မဇင်မေပေါက်ကွဲနေလည်းအပိုပဲ.."

ပြီးတော့ လူတွေမမြင်အောင် မျက်နှာကိုငုံ၍.. ။



"သေသွားတဲ့သူကို အရှက်ရအောင်ထပ်လုပ်သလို ဖြစ်လိမ့်မယ်..အဲဒါကိုအစမဖော်နဲ့တော့.."

နှုတ်ခမ်းလှုပ်ရုံပြောလိုက်တာပေမယ့် ဇင်မေဦးနားလည်သွားသည်။ နှုတ်ခမ်းတွေတုန်ယင်နေကာ ဖိကိုက်ထားဖို့ ကြိုးစားရင်းမအောင်မြင်နိုင်။ ပြီးတော့ အင့်ခနဲရှိုက်လိုက်ရင်း ခွေကျသွားလေသည်။ အသုဘပို့သည့်လူတွေလည်း နိဗ္ဗာန်ယာဉ်နောက်က လိုက်ပို့ကြရင်း မျက်ရည်သုတ်တဲ့လူကသုတ် နှပ်ညှစ်တဲ့သူကညှစ်။ အားလုံးပဲစိတ်မကောင်းဖြစ်နေကြ၏။ သို့သော်.. ။

"အဲ့ကောင်မက ဘာလာလုပ်တာတုံး.."

"သူ့ကိုယ်သူဆရာကြီးအထာနဲ့ သေ ကြ်ခွက်ဖြတ်ရိုက်ချင်တာ.."

နောက်ကစကားသံကိုကြားလိုက်ရကာ ဒေါင်းနီခြေလှမ်းကျဲသွားသည်။ အသုဘရှင်တွေပို့သည့်ကားနားကပ်သွားတော့ တရွေ့ရွေ့သွားနေသည့်ကားနောက်မှာ သူမကအနီးဆုံးဖြစ်သွားသည်။ နယ်မြို့မို့ အသုဘပို့သည်က ကားတွေလည်းပါကာ လမ်းလျှောက်ပို့သည့်လူတွေနဲ့ ရောတွေးနေ၏။

တစ်ခါတလေကားနဲ့ပို့သည့်သူထက် ခြေလျှင်သမားတွေက ကျောသွားတာလည်းရှိသည်။ လူတွေများလေ ကားတွေကတိုးမရလေဖြစ်နေတတ်၏။ ဒေါင်းနီကတော့ ထပ်ချပ်မကွာကပ်ပါလာသည့် သိန်းဦးရဲ့လူတွေ၏ ရန်စွယ်ကကပ်လျက်သား.. ။

"မင်းကလည်းမပြောပါနဲ့..ခုနကိုသိန်းကျိုင်တက်တော့မလို့၊ သူဝင်တားလိုက်လို့.."

"ဘာဆိုင်လို့လဲ..ကိုသိန်းကို သူ့မိန်းမကမျက်မွှေးထော်ကြည့်ရဲတာမဟုတ်ဘူး၊ မပြောဝံ့လို့ အစတည်းက မပြောခဲ့တာ.."

ဒီသတ္တဝါတွေ ဘာတွေလျှောက်ပြောနေကြတာလဲ..။ ဇင်မာလင်းအကြောင်း သေကြောင်းကြံတယ်ဆိုတာ တခြားလူတွေသိကြကြရင် 'မပျိုလေးသေရှာတယ်'ဆိုတဲ့ ဂုဏ်လေးပါပျောက်ရဦးမည်။ သေသွားရှာသည့် ဇင်မာလင်းအတွက်တွေးနေမိတုန်းမှာ နောက်ကနေဖိနပ်ကိုတက်နင်းလိုက်လျှင်.. ။

www.burmeseclassic.com

www.burmeseclassic.com



"အ.."

"ဟဲ့.."

ဟပ်ထိုးလဲမလိုဖြစ်သွားတော့ ရှေ့ကအမျိုးသမီးကြီးရဲ့ လက်ဝ
တောင်ဆစ်တစ်ဖက်ကို ဖမ်းဆွဲလိုက်မိသည်။ ရုက်လည်းရုက်ကာ ဒေါ
ကထောင်းခနဲဖြစ်သွားသည်။ ညနေသုံးနာရီနေပူပူမှာ လူတွေကားတေ
သွားနေသဖြင့် ဖုန်တွေလည်းရှိနေသည်။

လှည့်ကြည့်လိုက်တော့ နောက်မှာစီတန်းလျှောက်နေကြသူတွေသည်
ဟိုတစ်ညက သိန်းဦးနဲ့ပါလာသည့်လူတွေပဲဖြစ်ကာ သူတို့မဟုတ်သလို
မျက်နှာတွေလွှဲထားလျက်.. ।

"သူ့ကိုထိလို့ တစ်မြို့လုံးပဲပါလာလာ သောက်ဂရုမစိုက်ဘူး.."

"ဟုတ်တယ်..ငါကငါ့ကိုတစ်ချက်ရိုက်ရင် ဆယ်ချက်လောက်ပြ
ရိုက်တတ်တဲ့ကောင်၊ ကိုသိန်းတားနေလို့.."

ဒေါင်းနီမကြားချင်ယောက်ဆောင်လိုက်ရင်း ဖိနပ်ပြတ်ကိုငုံ့ကောက်
လိုက်မိသည်။ ပြန်ဆက်လို့မရနိုင်မှန်းသိပေမယ့် အများကြီးလျှောက်ရဦး
မှာမို့ စိုးရိမ်သွားမိတာဖြစ်သည်။ သို့သော်.. ।

"ဒီကလေးတွေ အသုဘလိုက်ပို့တာတောင် ဘာလဲ..ဇရက်သုတ်ခနဲ့"

အနားက မိန်းမကြီးနှစ်ယောက်က မျက်နှာထားတင်းတင်းနှင့် လှည့်
ပြောကာ.. ।

"ဖိနပ်ပြတ်သွားပြီလားမိန်းကလေး.."

"ရှင်..ဟုတ်ကဲ့.."

"ဒီလမ်းထိပ်မှာ အဒေါ့်အိမ်ရှိတယ်..အဆင်ပြေမယ့်ဖိနပ်တစ်ရံ ဝင်စီး
ခဲ့၊ လာ..လာ အဒေါ်ပြောပေးမယ်.."

နောက်ထပ်ပြဿနာရှာဖို့ တန်းစီစဉ်းစားနေသော သိန်းဦးရဲ့လူတွေ
ဘာမှမပြောရဲတော့ဘဲ ဟိုတစ်ယောက်ဒီတစ်ယောက် လူစုခွဲသွားကြ၏။

*မိမိကိုယ်မိမိ သေကြောင်းကြံခြင်းဖြင့်*
*သောကအားလုံး ချုပ်ငြိမ်းသွားသည်မဟုတ်ပေ။*
*ပို၍ဆိုးသောငရဲက သင့်ကိုစောင့်ကြိုနေ၏။*

## အခန်း(၂၂)

"အောင်မလေး..ဇင်မာလင်းရယ် လုပ်ကြပါဦး.."

"အား.."

"သေပါပြီ..ငါ့ကိုတိုက်သွားရလားသူသူရယ်.."

အလုပ်ရုံတစ်ရုံလုံး ကျွတ်ကျွတ်ညံသွားသည်။ တစ်ယောက်ကအော်
လိုက်တာနှင့် ကျန်တဲ့လူတွေပါ ထပြေးကြရာ တစ်ယောက်နဲ့တစ်ယောက်
တိုမိတိုက်မိ လဲပြိုကုန်ကြလျက်.. ।

"ဘာတွေဖြစ်ကြတာလဲ..နင်တို့ ဆူညံနေတာပဲ.."

"အန်တီရယ်..ကျွန်မ ကျွန်မနောက်ကကိုဒေါင်ဟောင်းကြီးထဲမှာ
တ်ခွဲသွားရာတာ၊ အောင်မလေး ကြက်သီးတွေထလာပြန်ပြီ.."

ဇင်မာလင်းကိုတွေ့တဲ့သူကတွေ့ အသံကြားတဲ့သူကကြား အတော်
ရှားလာသဖြင့် အလုပ်ရုံမှာ ဇင်မာလင်းအတွက် အလှူဒါနလေးလုပ်
အမျှဝေဖို့ပြင်ဆင်ရတော့သည်။ ဒေါ်သင်းသင်းခြံရှေ့ ခုံတန်းမှာထိုင်
ခေါင်းတခါခါနှင့်.. ।

"သနားပါတယ်..ငါဖြင့်ယုံတောင်မယုံနိုင်ဘူး.."

"ဟုတ်ပါရဲ့နော်..ခုလောက်ဆို မဒေါင်းကိုလည်းသွားခြောက်နေ
.."

စ်မဖြစ်သူကို ရည်ရွယ်ပြီးပြောသံကြားတော့ ချစ်နားနမိသည်။

"ဒေါင်းနီကတော့ ဒီကကောင်မလေးတွေလောက်ကြောက်မှာမ
ဟုတ်ပါဘူး..သူ့ပုံစံက သတ္တိရှိတဲ့ပုံပါ.."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သမီးဖြစ်သူမျက်နှာကို စူးစိုက်ကြည့်ကာ.. ၊

"ညည်းလည်းဒေါင်းနီချွတ်မှပဲ ကျွတ်တော့တယ်နော်..ကျေးဇူ
တောင်တင်ရဦးမယ်.."

ရန့်ကမအေရှေ့မှာချထားသည့် လက်ဖက်အစ်ကိုဆွဲယူလိုက်ပြ
ဘေးမှာထိုင်သည်။ ပြီးတော့ အဖုံးဖွင့်၍ နှစ်ဇွန်းလောက်ဆက်တိုက်စ
လိုက်ပြီး.. ၊

"သူပြောသွားတာတွေ အားလုံးမှန်တာပဲလေ.."

"ဟုတ်ပါတယ်..ကျုပ်တို့ပဲ မှားတာပါ.."

"မေမေတို့က သွားစွပ်စွဲတာကိုး.."

"စွပ်စွဲမိအောင် အခြေအနေကအဲ့လိုပဲ ဖြစ်နေတာလေ..မေမေတို့ကျ
ကျတော့ မိန်းမတွေမှာပဲ အပြစ်ရှိတယ်တဲ့၊ ညည်းကိုပြောသွားတော့.."

"အပြစ်လုပ်မိမှတော့ ဒါကြောင့်ထိုင်ငိုနေလည်း မိအေးနှစ်ခါနာဖြ
မှာပဲ..ရန့်သူပြောတဲ့အတိုင်း နေတတ်ခဲ့လို့ ခုတော့ကိုသုက ရန့်ဘက်ပါ
နေပြီလေ.."

ဒေါ်သင်းသင်းမျက်နှာကြီး ပြုံးမြမြနှင့် ပို၍ခန့်ညားနေ၏။ သားသ
မီးတွေများ မိဘကပြောတော့ ကြံဖန်ပြီးနားကောက်သည်။ သူတစ်မိ
ပြောတော့ တစ်ခွန်းဆိုတစ်ခွန်း နားထဲရောက်၏။ ဘာပဲဖြစ်ဖြစ် ကိုယ့်
မှာကောင်းကျိုးတွေဖြစ်ထွန်းနေပြီး သူမတို့သားအမိအလုပ်အကိုင်မှဲ ဒုက္
များနေတာကိုတော့ စိတ်မကောင်းဖြစ်မိသည်။

ဒီကြားထဲ 'နုရာဝဲစွဲ' 'မျက်မမြင်တောင်ဝှေးကျိုး ဖြစ်ရသေးသည်
ဇင်မာလင်းက သူမဆီရောက်သွားပြီး ပြဿနာတက်ကြသည်လို့ကြ
သည်။ ဒီမိန်းကလေးကလည်း သူ့ခဲအိုနဲ့ဘာလိုလို ကြားနေရတာပါ။ သ
တင်းစကားဆိုတာ ဘယ်လိုပဲဖုံးဖိပါစေ ဖုံးလေပေါ်လေ.. ၊

"ခုလောက်ဆို ဒေါင်းနီလည်းဘယ်လောက်ဗျာများနေမလဲမသိဘူး
အဲ့ဒီမိန်းကလေး အကြောင်းလွန်းလို့ သိပ်ကြည့်မရပေမယ့် ကလေးကို
တော့ သတိရသား.."

လွယ်အိတ်လေး တရမ်းရမ်းနဲ့ပြေးဝင်လာပြီဆို မြင်မြင်သမျှလူတွေ
ကို နှုတ်ဆက်တတ်သည်။ ပါးဖောင်းဖောင်းလေးနှစ်ဖက်မှာ ပါးချိုင့်လေ



တွေ ခပ်ရေးရေးနှင့် ဘယ်လိုဆုတောင်းကောင်းနဲ့လှတဲ့ ကလေးလေးမှန်း
မသိပါ။ ထို့ပြင် ဖိနပ်လေးတွေ အရောင်မထပ်အောင်ဆင်ကာ ဂါဝန်လှ
လှလေးတွေနှင့် ကလေးကိုဘိုမရုပ်လေးလို ကြွရွနေအောင်ထားသည့်
မအေရဲ့ဂရုစိုက်မှုကြောင့် ဥဒေါင်းငယ်ဆိုတဲ့ကလေးလေးကို မချစ်တဲ့သူမ
ရှိ၊ ဂရုမစိုက်တတ်တဲ့ဆရာမမရှိ.. ၊

"ဥဒေါင်းလေးကို ဒီအိမ်ကမှတ်နေတာ.."

"ဒီမှာပဲဝင်ထွက်နေတာ တွေ့တော့လေ.."

"ဥဒေါင်းလေးက တအားတော်တာ..စာလည်းကျက်နိုင်တယ်၊ အ
ရမ်းလည်းလိမ္မာတာ"ဆိုသည့် စကားတွေကို ဆရာဆရာမတွေက ဒီခြံ
ရှေ့ထိ လာပြောကြသေးသည်။ ခုတော့ မြို့ပေါ်မှာလည်းမနေတော့ဘဲ
သားအမိဘယ်လိုများ စခန်းသွားနေကြသည်မသိ.. ၊

"မဒေါင်းကို မေမေပြန်မခေါ်ဘူးဆိုရင် ရန့်ကသူ့အတွက် အရင်းအ
နှီးထုတ်ပေးလိုက်မှာနော်.."

"ဘာ..ဘယ်လိုရန့်.."

ဒါကိုတွေးနေတုန်း ရန့်ရဲ့စကားကြောင့် မျက်လုံးပြူးသွားသည်။
ရန့်က လက်ဖက်သုတ်စားရင်း မျက်လွှာပင့်မကြည့်ဘဲ ပခုံးလေးတွန့်၍..

"ရန့်လည်းသူ့ကိုမခင်ခဲ့ပါဘူး..ဒါပေမယ့် အတူနေကြတော့ ဒီလိုပဲ
လေ.."

"ဟုတ်ပါပြီ..ခုနကပြောလိုက်တာ ဘာရယ်.."

"အခု သူ့ကျေးဇူးကြောင့် ရန့်ကိုသုနဲ့ ပြန်နီးရတယ်..သိက္ခာလည်း
မကျဘူး၊ သူ့ဘက်ကမိဘတွေကိုလည်း မျက်နှာမငယ်ရဘူး..အဲ့ဒါသူ့စ
ကားအတိုင်း နေခဲ့လို့လေ၊ ဘာဖြစ်ဖြစ် ကျေးဇူးရှိတာပဲဟာ.."

"ဖြစ်ရလေအေ.."

"မေမေက ဘာဖြစ်ရတာလဲ..ရန့်တို့မှာ ပိုက်ဆံတွေထားစရာတောင်
မရှိဘူး.."

"ရှိပါသော်ကောအေ..ဘယ့်နှယ်.."

ဒေါ်သင်းသင်းပြုံးပြုံးပြုံးပြုံး ထပြောတော့ ရန့်ရယ်သည်။ ပြီးတော့
အအေးခွါးကိုဖက်လိုက်ပြီး ပခုံးစွန်းမှာ မှီ၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မေမေအဲ့ဒါတွေခက်တာပဲ..သမီးကဖွင့်ပြောလို့ အမေသိတာနော်၊ မေမေ့သားကြီးက မဒေါင်းကိုမှမရရင် သေရမလိုဖြစ်နေတာသိလား.."

"သိတယ်လေ..ဟိုမိန်းကလေးသာ အကြောင်းမနေရင် အိမ်ကနွား သိုးကြိုးပြတ်နဲ့တော့ သွားပြီ.."

"ဟာ..ကြည့်စမ်း၊ ကိုကြီးကို.."

ဒေါ်သင်းသင်းကပြောပြီးတာတောင် မကျေနပ်သေးပုံနှင့် မျက်နှာက မဲ့နေဆဲရှိကာ.. ၊

"ဘာများထူးလို့လဲ..ဒေါင်းနီဆို နာမည်ကြားတာနဲ့တင် ရှုံ့နေတာ အဲ့ကောင်လေး.."

"မေမေရယ်..ဒေါသထွက်နေတာတောင် သူ့သားကြီးကိုချစ်နေတဲ့ အသံနဲ့.."

"ကိုယ့်သားသမီးကိုတော့ မချစ်ဘဲနေမလား..ဒေါင်းနီကိုလည်း ငါ မုန်းနေတာမဟုတ်ဘူး၊ ဒါပေမယ့် သမီးလိုသဘောထားနိုင်တယ်..ချွေးမ လိုတော့ မသတ်မှတ်နိုင်ဘူး၊ ဆင်းရဲချမ်းသာတာထက် ကလေးအမေဖြစ် နေတဲ့အတွက် ဘယ်လိုမှမဖြစ်နိုင်ဘူး..ငါ့သားကြီးရဲ့ရုပ်ရည် အဆင့်အ တန်းနဲ့ ကလေးအမေနဲ့ ဘယ်လောက်အဆင်ဆိုးလိုက်မလဲ.."

တွေးကြည့်တာနဲ့တင် စိတ်ညစ်မိသည်။ ပြီးတော့ သားလေးနှစ် ယောက်မွေးထားပါသည်။ ဒီညီအစ်မကိုမှ ဘယ့်နှယ်တော်ကောက်မယ် တာစုနေကြတာလဲ.. ၊

"ရန့်ကတော့ ကိုကြီးနဲ့သဘောမတူပေမယ့် ခုတော့ကိုယ်ချင်းစာ တတ်နေပြီ.."

"အံမယ်.."

"ဟုတ်တယ်..ချစ်တာအပြစ်မှ မဟုတ်တာ၊ ကိုသုလည်း ရန့်ကို ချစ်နေပါတယ်လို့ သူ့အိမ်ကလူတွေကို အတိုက်အခံလုပ်ပြီး ရင်ဆိုင်နေ ရတာ.."

"ဟဲ့..ရန့်ကိုမှချစ်တော့ သူတို့အရှုံးရှိလို့လား၊ ရန်ကုန်မှာ သူတို့ချမ်း သာတာလောက်ကတော့ ငါ့သားစီးတဲ့ကားနဲ့ပဲ ဖိုကြိုပ်ပစ်လို့ရတယ်..နာ လည်ရဲ့လား၊ ဆရာဝန်ဖြစ်ဖို့ ဖျစ်ဖျစ်မြည်အောင် ကြိုးစားခဲ့ရပြီး ဒီဆ



န်လေးတစ်ယောက်ကို ဘယ်သူနဲ့မှတန်တယ် မထင်တာ မသိတာကျ လို့.."

ဒေါ်သင်းသင်း ဒီကိစ္စအတွက်တွေးမိရင်း တနုံ့နုံ့ဖြစ်နေခဲ့ရသည်။

"ကိုယ့်သမီးက အနေအထိုင်မတတ်လို့ အောက်စည်းကရောက်သွား တာ..မဟုတ်လို့ကတော့.."

"ကဲပါ..အခုမေမေ့သမီးကြောင့် အထက်စီးကပြန်ရောက်သွားပါပြီ၊ ရန့်က ဂရုမစိုက်ဘူးဆိုတဲ့စတိုင်လ်နဲ့ လုံးဝတင်းနေလိုက်တာ ကိုသုအရမ်း များသွားတယ်သိလား..သူ့ရန့်ကိုချစ်မှန်း ရန့်သိပါတယ်၊ ဒါကြောင့် လည်း.."

"တော်ပါပြီမယ်မင်းကြီးမ..ပြောသမျှ တသုတည်းသုနေတာပဲ၊ သူ့ တွေက ဘယ်တော့လာမြန်းမှာတဲ့လဲ.."

"မေမေ့ဘက်ကအွန်လိုက်ရုံပဲ..ရန့်ကမေမေစိတ်ဆိုးနေလို့ စောင့်ဦး လို့နိုင်းထားတာ.."

ရန့်နဲ့စကားပြောနေတုန်း တောဈေးသည်လှမ်းခေါ်ပြီး ဈေးထွက်ဝယ် နေသည့်ချစ်ကို ဒေါ်သင်းသင်းလှမ်းကြည့်မိကာ.. ၊

"သိမ့်ချစ်လည်းမျက်နှာမကောင်းဘူး..သူ့အစ်မဒုက္ခရောက်နေတာ စိတ်မကောင်းဖြစ်နေသလားပဲ.."

ရန့်က ချစ်နဲ့ဈေးသည်ရှိရာ လှည့်ကြည့်ကာ.. ၊

"မချစ်လည်းလိမ္မာပါတယ်..မေမေကိုက.."

"ဘာ.."

"ပြောပြတာလေ..မေမေက မချစ်တို့ကိုဆို နှိမ်နှိမ်ခခနဲ့.."

"မအေကိုကြည့်စမ်း..ငါကဘာတွေများ နှိမ်ခနေလို့လဲ.."

"မသိဘူး..ရန့်ခံစားမိနေတာကိုပြောတာ၊ အထူးသဖြင့် သူ့ခများအိမ် မှာ ဘာကုပ်ကုပ်နဲ့နေရပြီး ကိုလေးကတော့ မြို့တကာနယ်တကာသွား နေကာ.."

"ဒါကစီးပွားရေးလေ..မြို့တိုင်းမှာ ငါတို့ပွဲရုံတွေရှိတဲ့ဥစ္စာ၊ အကြီး ကောင်က အိပ်စ်ပို့တာဝန်ယူထားတယ်..သူကသူနိုင်တာကိုလုပ်ရမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သူလည်းသူ့ယောက်ျားနဲ့ တူတူနေချင်မှာပေါ့လို့..ရန့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ ကိုသုနဲ့ခွဲပြီး.."

"ပါလာပြန်ပြီ.."

ဒေါ်သင်းသင်းပိတ်ပြောလိုက်တော့ ရန့်ကရယ်သည်။ ပြီးတော့ မ ရိုကြည့်ကာ.. ၊

"ခုလည်းမေမေ့သားငယ်ကြည့်လေ..မနက်ကမှ ရောက်လာတယ် ခဏလေးပဲဝင်အိပ်ပြီး တစ်ချက်မှအိမ်မကပ်ဘူး.."

"ဒါက.."

"သူရန်ကုန်ရောက်နေတာ တစ်လခွဲလောက်ရှိပြီ..ပြန်ရောက်တု လေးတော့.."

"အဲ့ဒါဖအေခိုင်းလိုက်တဲ့ ကိစ္စတွေကြောင့် မနားရတာလေ..မယာ လုပ်တဲ့သူက နေရာတကာလိုက်စိတ်ကောက်နေလို့ ဖြစ်မလား၊ အကြ ကောင်ပြန်ရောက်တော့လည်း ဒီလိုပဲကို..ယောက်ျားလေးတွေကို မိဘ ခြေထောက်ကြိုးချည်ထားလို့ရတာမှ မဟုတ်တာ.."

"အမေ့.."

"ဟေ.."

စကားကောင်းနေတုန်း ချစ်ကမုန့်ထုပ်တွေနဲ့ အရုပ်လေးတစ်ရုပ်ကို လျက် အနားရောက်လာကာ.. ၊

"သမီး ဒေါ်ငယ်လေးတို့ကျူရှင် ခဏသွားမယ်နော်.."

"အေး..သွားလေ၊ ကလေးကိုသွားတွေ့မှာလား..ရေခဲသေတ္တာထဲမှ ညည်းယောက်ျားပါလာတဲ့ မုန့်ဘူးတွေရှိသေးတယ်၊ ယူသွားလိုက်.."

"ရတယ်အမေ..မယူတော့ဘူး၊ မုန့်ဘူးတွေကို ဆွမ်းတော်ကပ်ဖို့ သ သပ်ထားတာမို့လို့.."

ပြောပြီးတာနဲ့ ထွက်လာခဲ့မိသည်။ သူမသိနေတာက ဥဒေါင်းငယ် သူမပေးတာကို ယူပါ့မလားဆိုတာပင်။ ကျောင်းရောက်တော့ ထင်သည့် အတိုင်း.. ၊

"မီးမီးရေ.."

"ဟယ်..တီတီချစ်.."

ဒီနေ့ ဒေါ်နီနောက်ကျနေသဖြင့် အိမ်တံခါးဝလေးမှာ ဥဒေါင်း



မအေကိုထွက်မျှော်နေတာဖြစ်သည်။ ရုတ်တရက်အဒေါ်ကိုမြင်လိုက်တော့ ဖိနပ်ချွတ်ထိ ပြေးထွက်လာသည်။ သို့သော် ချက်ချင်းကြီးပြန်ဝင်ပြေး သွား၏။

သူမရပ်နေသည့် တံခါးဝအတွင်းထဲကို သေချာဝင်ပြီးမှ ပြန်လှည့် ကြည့်ကာ.. ၊

"တီတီချစ်နဲ့ မီးမီးမခေါ်ဘူး.."

"ဘာဖြစ်လို့လဲမီးလေးရယ်..ဟိုတစ်ခါ တီချစ်ကလေ.."

"မီးမီးကိုလည်းမခေါ်ဘူး..မေမေ့ကိုလည်း မခေါ်ဘူး၊ မီးမီးသိတယ်.. တီချစ်နဲ့မေမေနဲ့ ရန်ဖြစ်ထားတာ.."

"ခေါ်ပါတယ်မီးမီးရယ်..တီချစ်ကလေ.."

"ဟင့်အင်း.."

ဥဒေါင်းပြန်ဝင်ပြေးလျှင် အနားရောက်လာသည့် ဆရာမအပျိုကြီး အင့်ခနဲတိုးကာ ဆရာမကကလေးကိုဆွဲထား၍.. ၊

"ကိုယ့်အဒေါ်ကို ဒီလိုမလုပ်ရဘူးလေဥဒေါင်းငယ်..ဟိုမှာ သမီးအ တွက် မုန့်တွေရော အရုပ်တွေရော.."

ဥဒေါင်းက နားရွက်ကုတ်ကုတ် အုန်းဆီပြောင်ပြောင်နှင့် ဆံပင်လေး တွေ ဝဲခါသွားတဲ့အထိ ခေါင်းခါ၍.. ၊

"မီးမီးမလိုချင်ဘူး..တီချစ်ကိုလည်း မခေါ်ဘူး.."

နှုတ်ခမ်းလေးစုလုံးနေအောင်ပြောကာ ဆရာမခြေထောက်ကို တိုး ကိုက်ပြီး အထဲအတင်းဝင်သွားလေသည်။ ချစ်စိတ်မကောင်းဖြစ်သွားခဲ့ ရ၏ ဆရာမရဲ့နှစ်သိမ့်အပြုံးကိုတောင် ပြန်ပြုံးမပြခဲ့နိုင်.. ၊

အိမ်ကိုပြန်ရောက်တော့လည်း မုန့်ထုတ်တွေအရုပ်တွေ ဒီတိုင်းပြန်ပါ လာတာကို ဒေါ်သင်းသင်းတအံ့တဩငေးနေသဖြင့် မျက်နှာလွှဲပြီး အထဲ ဝင်ခဲ့မိသည်။

အဆင်ပြေအောင်ပြောပါလို့ တမင်မှာထားရက်နဲ့ ဒီလိုတွေဖြစ်ကုန် အောင် ပြောချခဲ့သဖြင့် သူမ မမကိုစိတ်ဆိုးခဲ့သည်။ သို့သော် မမနဲ့စကား မပြောရသော မတွေ့မမြင်ရသော နေ့ရက်တိုင်းက သူမအတွက်အဆမ တန် ပူလောင်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမင်းအနားမှာမရှိပေမယ့် မမရှိနေတုန်းက နေတတ်ခဲ့သည်။ မရင်မှာ ပူလောင်နေသမျှကို မမကဖြေသိမ့်ပေးနိုင်ခဲ့၏။ ခုကျတော့လ ရှိနေပါလျက် အရာအားလုံး ဆုံးရှုံးနေရသလို သူမဘာကြောင့်ပူလေ နေရတာလဲ.. ।

➤➤

အခန်း(၂၃)

"ဒီလိုမမြင်ချင်ယောင် ဆောင်နေတာတော့ ဆိုးလွန်းတယ်ကွ.."

အနားကအသံကြောင့် လှည့်ကြည့်လိုက်တော့ နယ်ထိန်းဦးခင်အောင်က ရယ်နေကာ.. ।

"မြင်သွားပြီ..မြင်သွားပြီ.."

"ဟာ..ဦးခင်.."

တစ်ယောက်ပခုံး တစ်ယောက်ပုတ်ရင်း နှုတ်ဆက်မိကြ၏။ ဦးခင်အောင်က ကိုယ့်ဦးလေးအရွယ်ပေမယ့် ခွန်းနဲ့တော့ အတော်ကြီးရင်းနှီးကာ အိမ်မှာလည်း မိသားစုလိုဝင်ထွက်စားသောက်နေသူဖြစ်သည်။ ထို့ကြောင့် ပြောဆိုဆက်ဆံကြတော့လည်း လူကြီးလူငယ်လိုမဟုတ်တော့ဘဲ သူငယ်ချင်းမိတ်ဆွေရင်းတွေအတိုင်း ဒူးတင်ပေါင်ဖက်ရှိကြကာ.. ।

"ကျွန်တော်ရောက်တာ မကြာသေးဘူးဗျ..တစ်နေ့ကတောင် စခန်းထဲရောက်သေးတယ်၊ ဦးခင်မရှိပါဘူး.."

"အလကားနေ့ာက်တာပါကွာ..ငါလည်း ဒီမနက်မှ ချောက်ကပြန်လာတာ.."

"အမှုကိစ္စနဲ့လား.."

"ဆိုပါတော့ကွာ..အဲ့ဒီကပြန်တော့ တညောင်ရဲ့စခန်းမှာ ကိစ္စလေးဝင်ဖြတ်ရသေးတယ်၊ ဒါနဲ့မင်းအလုပ်ကိစ္စနဲ့ ပြန်လာတာလား.."

"ဟုတ်ကဲ့..ဒါပေမယ့် ဒီတစ်ခေါက်တော့ နည်းနည်းကြာကြာနေဖြစ်မယ်ထင်တယ်.."

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဈေးအဝင်ဝကိုလှမ်းကြည့်လိုက်မိသည်။ ဒေါင်းနီဒီနေ့အ လုပ်မသွားတာလား..။ အလုပ်မရှိတာလားမသိ။ ဈေးကိုတစ်ယောက် တည်းလာတာ မြင်လိုက်သည်။ ထို့ကြောင့် ဈေးကနေဖြတ်မောင်းရုံစိတ် ကူးက ချရပ်နားခြင်းသို့ရောက်ခဲ့ပြီး နောက်ထပ်ရည်ရွယ်ချက်လည်းမရှိ ဘဲ မြင်သာသည့်နေရာကနေ ရပ်စောင့်နေမိတာဖြစ်၏။ ခုမှ အထက်တန်း ကျောင်းသားလို လူမသိသူမသိနောက်ပိုးပိုးနေရသည့်အဖြစ်နှင့်.. ၊

"ဒါနဲ့ပိုးအနောက်ထဲက မိန်းကလေးတစ်ယောက် ကြိုးဆွဲချသေသွား တယ်ကွ..ငါလည်း ခရီးရောက်မဆိုက်ကြားတာ၊ အဲ့ဒီကောင်မလေးက မင်းတို့အလုပ်ရုံကဆို.."

"ဟုတ်တယ်.."

အလုပ်ရုံမှာ လာလာပြီးအလုပ်ဆင်းနေလို့ ရုံမှာပဲဆွမ်းကပ်တရားနာ ပြီး ရေစက်ချအမျှဝေလိုက်ရကြောင်း ခွန်းကပြောပြ၏။

"စခန်းမှူးကို တစ်ယောက်ကသတင်းလာပေးတယ်ကွ..အဲ့ဒါမုဒိန်း မှုလို့ ပြောတယ်.."

ခွန်းကမျက်မှောင်ကုတ်သွားသည်။ ဒီစကားတွေ အိမ်မှာလည်းအ လုပ်ရုံဘက်ကသဲ့သဲ့ အိမ်မှာသဲ့သဲ့ သူကြားခဲ့သည်။ သို့သော် ပတ်ဝန်းကျင် မသိစေလိုသော သူများရဲ့အတွင်းရေးတွေမို့ ကိုယ်နဲ့ဘာမှမသက်ဆိုင်..

"ငါတို့စခန်းမှူးကလည်း ဆင်ဖြူကျွန်းကိုရောက်လာလို့ ရေကြော မြေကြောလိုက်သွားတာလား မသိဘူး..မတရားဘူးဆိုရင် သိပ်ကြည့်ရတာ မဟုတ်ဘူးကွ၊ ဒါပေမယ့် မင်းစဉ်းစားကြည့်လေ..ကာယကံရှင်တွေကိုယ် တိုင် သူတို့ဇာတ် သူတို့သိမ်းသွားတဲ့ကိစ္စ.."

"ဟုတ်တယ်.."

"တာဝန်မဲ့နေသလိုဖြစ်သွားလည်း ဘာတတ်နိုင်မှာလဲ..တာဝန်ပေးမှ တာဝန်ယူလို့ ရတာမဟုတ်ဘူးလား.."

"အင်း.."

"တစ်ခုတော့ ရှိတာပေါ့..ဆင်ဖြူကျွန်းက ဘယာဝေးမြေကွ၊ အဆိုး နဲ့အကောင်းနေရာတကာ ဒွန်တွဲနေတာပေမယ့် ငါတို့မြို့ကဘယ်တုန်းကမှ ကြီးကြီးမားမား ညစ်ပတ်ဆိုးရွားခဲ့တာမရှိဘူး..နေရာတကာ မုဒိန်းမှုတွေ



ကာလနာလိုပြန့်ပွားနေတိုင်း တို့မြို့မှာဒါမျိုး အဖြစ်မခံနိုင်ဘူး.."

ပြောနေရင်း ဦးခင်အောင်မျက်နှာမှာ မခံရပ်နိုင်ခြင်းတွေ မချင့်မရဲ ဖြစ်ရခြင်းတွေ ပေါ်လွင်လာခဲ့လျက်. ၊

"ခက်တာက ငါတို့ကလည်း မတိုင်ဘဲနဲ့ပြေးရိုက်လို့မှ မရတာ.."

"ဒါပေါ့.."

"လူမိုက်အားပေးကွာ..ဒါမျိုးတွေကြားရတာတော့ တကယ်အသည်း ယားတယ်.."

ခွန်းသေချာနားမထောင်လိုက်မိသည့် အမှုအကြောင်းတွေကို အင်း.. အဲ လိုက်နေမိစဉ်.. ၊

"ကိုခွန်း.."

သူဘယ်လိုမှ မထင်မှတ်သည့်အခိုက်မှာ ဒေါင်းနီကသူ့ဘေးကို ရောက်လာခဲ့လျက်.. ၊

"ဒီမှာကိုခွန်းရဲ့ပိုက်ဆံအိတ် ကျန်ခဲ့လို့တဲ့..ဟိုလက်ဘက်ရည်ဆိုင်က ပေးခိုင်းလိုက်တာ.."

အကျိုးအကြောင်းကမပြည့်စုံ။ သို့သော် သူမလက်ထဲမှာလည်း လက်ဖက်ရည်ထုတ်လေး ကိုင်ထားလျက်ရှိကာ.. ၊

"အင့်.."

ယောင်နနဖြန့်လိုက်သည့် သူ့လက်ထဲကို အနက်ရောင်ပိုက်ဆံအိတ် ပြားလေးတစ်လုံးထည့်ပေးပြီး ဒေါင်းနီက လှည့်ထွက်သွားသည်။ သူသိ လိုက်ပေမယ့် နယ်ထိန်းဦးခင်အောင်က မသိ.. ၊

"ဘယ်လိုဖြစ်ရတာလဲ..ပိုက်ဆံအိတ်ပဲ မေ့ကျန်ခဲ့ရတယ်လို့.."

"အဟွန်း..တစ်ခါတလေဖြစ်တတ်တာပါ.."

ပြောပြီး စက်ဘီးပေါ်တက်နင်းသွားသည့် ဒေါင်းနီကို မသိမသာ လှည့်ကြည့်မိသည်။ ပြီးတော့ နှုတ်ခမ်းတွန့်ရုံပြုံးမိရင်း.. ၊

"ညကျရင် ရွှေနဂါးမှာဆုံမယ်လေဦးခင်.."

"အေး..ငါလည်းအဲ့ဒါပြောမလို့.."

ဦးခင်အောင်မျက်နှာကြီး ပြုံးကျသွားကာ..၊

"ဒီနေ့ စခန်းမှူးက အသက်ငါးဆယ့်ငါးနှစ်ပြည့်ကွ..သူ့မွေးနေ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား..ကောင်းတာပေါ့၊ သူ့မွေးနေ့အတွက် ဘယ်နှစ်ဝိုင်းစာ ဖြစ်ဖြစ် ကျွန်တော်ပဲရှင်းမယ်.."

"အိုခေဗျာ..အိုခေ ည..ရှစ်နာရီဘယ်လိုလဲ.."

"ဖုန်းတစ်ချက်ပဲဆက်လိုက်.."

စိတ်ထဲမှာရှိနေတာက မွေးနေ့ပွဲမဟုတ်.. ၊

## အခန်း(၂၄)

"မွေးနေ့အတွက်ဆို အဲ့ဒါလေးကောင်းပါတယ်ညီမရယ်.."

"ဟုတ်တယ်နော်..အရမ်းလှတာပဲ.."

ဒါပေမယ့် ဈေးကများလွန်းနေသည်။ ဖိနပ်လေးက ဒေါက်မြင့်လေး ခြေဖမိုးအုပ်ခုံလေးမှာရော ဖိနပ်ပတ်လည်မှာပါ ကျောက်တွေစီ ၏။ ဘာမှမပါဘဲ ရိုးရိုးရှင်းရှင်းလေးနဲ့ လှနေတာဖြစ်သည်။ သမီး ဖိနပ်လေးကို လက်ကမချနိုင်ဖြစ်နေမိသော်လည်း တစ်သောင်း ထောင်ဆိုသည့် ပိုက်ဆံက ဆုံးဖြတ်ခွင့်မပေးဘဲဖြစ်နေခဲ့၏။

"နည်းနည်းလောက်လျှော့ပါလားအစ်မ..သောင်းတစ်ထောင်လောက် ဒါတောင် ကိုယ်မှန်းလာခဲ့တာ အဲ့လောက်မဟုတ်ဘူး..ကောင်းတာ ကိုင်မိတော့လည်း ပြန်မချချင်လို့.."

"မရဘူးညီမရဲ့..ညီမလေးလိုချင်ရင်တော့ ငါးရာထပ်လျှော့ပေးမယ် ဖိနပ်တွေက အစ်မတို့အဆင့်ဆင့်ယူရတာ သိပ်အများကြီးမမြတ်ပါ ကွယ်.."

ဒါပဲယူဖို့ဆုံးဖြတ်လိုက်ကာ ဖြစ်ချင်ရာဖြစ် အိတ်ဖွင့်ပြီးရှိသမျှပိုက် ဆွဲထုတ်လိုက်သည်။ နောက်ဆုံး နှစ်ရာတန်လေးတွေပါ စုဆောင်း ဖြင့် ဈေးသည်က ငါးရာထပ်လျှော့လိုက်၏။

"ကျေးဇူးတင်ပါတယ်အစ်မနော်..ဒါလေးကို မွေးနေ့လက်ဆောင်ပါ လှလှလေး ထုပ်ပေးပါ၊ ဘယ်လောက်ပေးရမှာလဲ.."

"နှစ်ရာပဲပေးပါ..လှလှလေးထုတ်ပေးမယ်.."

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းနီကျေနပ်ပီတိဖြစ်နေမိသည်။ သမီးလေးက မအေပင်ပန်း တာကိုကြည့်ပြီး မွေးနေ့လက်ဆောင်မယူတော့ပါဘူးလို့ ပြောခဲ့သည် ဒါပေမယ့် သူမပိုကောင်းတာလေးကို စဉ်းစားထားတာပါ။ သမီးလေး သိတတ်မှုလေးကို ပီတိဖြစ်ရရင်း ဘယ်လောက်ပဲပင်ပန်းပါစေ.. ၊

တံခါးရဲ့အတွင်းဘေးမှာ ထိုင်နေရင်း ဒေါင်းနီနှုတ်ခမ်းတို့မှာ အပြုံး တို့ခိုတွဲနေခဲ့၏။ ထိုစဉ် ဆိုင်ကယ်လ်သံတစ်သံ ဆိုင်ရှေ့ရပ်သွားတာကို သိလိုက်ကာ သိပ်မကြာခင် သူမမျက်လုံးရှေ့ကို လှမ်းဝင်လာသည့် ခြေ ထောက်တစ်စုံသည်.. ၊

"မဒေါင်းနီ..ခင်ဗျားယောကျ်ားက ဒီမှာလူကြုံပေးခိုင်းလိုက်တယ်.."

ခွန်း.. ၊

ဒေါင်းနီအံ့အားသင့်ကာ သူကမ်းပေးနေသည့် ပိုက်ဆံအိတ်ပြားလေး နဲ့ သူ့ကိုကြောင်တောင်တောင်ကြည့်နေမိ၏။

"ယူလေ..ခင်ဗျားမေ့သွားတာ ပိုက်ဆံပါမသွားလို့တဲ့၊ အသည်းအသန်လိုက်ခိုင်းတာနဲ့ အမီလိုက်ခဲ့ရတာ..မောလိုက်တာဗျာ.."

"အင်း.."

ဆိုပြီး သူမပေးတဲ့အတိုင်း ပေါင်ပေါ်ပစ်ချသွားသည်။ ပြီးတော့ လှည့် ထွက်သွား၏။ ဒေါင်းနီပိုက်ဆံအိတ်ကို ဆတ်ခနဲကောက်ကာ နေရာမှထ ရပ်လိုက်သည်။ ဆိုင်ကယ်လ်စက်ဘီးတွေရပ်သည့် ဆိုင်မျက်နှာစာဘေး က တမာပင်အောက်ရောက်တော့ သူမလှမ်းခေါ်စရာမလိုဘဲ ခွန်းကချ ခနဲပြန်လှည့်ပြီး လက်ပိုက်၍..၊

"ပြော.."

"ဘာကိုပြောလဲ..ဒီထဲမှာ ရှင့်ရဲ့ ATMကဒ်ကြီးပါတယ်.."

"ပါတော့.."

"ပါတော့ ရှင့်ဟာရှင်ပြန်ယူပေါ့.."

ပြောပြောဆိုဆို ဒေါင်းနီကသူလက်ပိုက်ထားသည့်ပေါ် ဆော အောင့်တင်လိုက်၏။ ပြီးတော့.. ၊

"ရှင် ဘုရားကိုးဆူပွဲညက လိပ်စာကဒ်ပေးခဲ့တယ်ပဲထင်တာ.."

"ငါ့အိမ်မှာအလုပ်လုပ်နေတဲ့လူကို ငါကဘာကိစ္စလိပ်စာကဒ်ပေး



မှာလဲ.."

"ဖုန်းနံပါတ်တွေဘာတွေ.."

လွှတ်ခနဲပြောပြီးမှ သူမပါးပြင်လေးတွေ ရဲသွားသည်။ ခွန်းကပြုံး ကာ.. ၊

"သြော်..ဖုန်းနံပါတ်လိုချင်တာလား၊ ဒါလေးကို ရန်တွေ့တောင်းနေ ဖို့ မလိုပါဘူးကွ.."

"ရှင့်..ဒါနောက်စရာမှတ်နေလားခွန်း၊ ပြီးတော့ လူကိုခင်ဗျားယော ကျ်ားတွေဘာတွေ မဟုတ်ကဟုတ်ကပြောလာသေးတယ်..အနားမှာ ကျွန် မကိုသိတဲ့သူရှိနေရင် ဘယ်လိုလုပ်မလဲ.."

"ဟုတ်လား.."

ခွန်းကခပ်တည်တည်စိုက်ကြည့်ကာ သူမပေးထားသည့်အိတ်ပြား လေးကို ထောင်ပြလိုက်ပြီး.. ၊

"မင်းကျတော့ ဈေးထဲကထောင်ကျော်တန်အိတ်လေး ကောက်ကပ် ယ်ပြီး တခြားလူတွေအများကြီးရှေ့မှာ ဘာတွေပြောခဲ့လဲ.."

"ကျွန်မပြောတာ မုသားပါရုံပဲ..ဒါပေမယ့် အထဲမှာရှင့်ကဒ်တကယ် ပါတာပဲ.."

"ငါကတော့ မုသားတွေနင်းကန်ပြောမိတယ်ပေါ့..ဘာလဲ မုသားအ ရည်းအများ ပြိုင်ချင်တာလား.."

ကက်ဖိုးကက်ဖဲ့ပြောနေသည့်မျက်နှာကို ဒေါင်းနီအသည်းတွေယား နေမိသည်။ ဒီကဒ်ကို သူမလုံးဝမကြည့်ဖြစ်ခဲ့တာ အမှန်။ ဘဏ်ကဒ်မှန်း သိကတည်းက ပြန်ပေးဖို့ကြိုးစားနေရတာလည်း စိတ်ပင်ပန်းလှပါပြီ။ ဒါကြောင့် လူတစ်ယောက်နဲ့စကားပြောနေသည့် သူ့ဘေးမှာတခြားလူတွေ လည်း ရှိနေနိုင်ပေမယ့် ထပ်မစောင့်နိုင်တော့သည့်အဖြစ်ကြောင့် သွားပေး ခဲ့မိတာ.. ၊

"ပြိုင်ရင်လည်း မင်းနဲ့ငါသရေပဲ..ငါကမုသားပြောပေမယ့် ဒါ့ပြော တာ၊ မင်းကတော့ အညံ့စားပိုက်ဆံအိတ်တွေဝယ်..လက်ဖက်သုပ်ထုပ်တွေ ဝယ်နဲ့ အများကြီးကြိုတင်ပြင်ဆင်လာတာ၊ ဒီလိုအိတ်ကို ငါကိုင်တဲ့အိတ် ထင်တာ ဘယ်သူယုံမှာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းနီမျက်နှာ မထားတတ်သလိုဖြစ်သွားပေမယ့် မော့ထားလို
ပြီး.. ၊

"မတတ်နိုင်ဘူး..ကျွန်မကမုသားတွေ ပိုနေတယ်ဆိုရင်လည်း ရှ
လုပ်တည်း အချိုးမပြေတာကို အရင်တွေး၊ ရှင့်ရဲ့အတေီအမ်ကဒ်ကို ကျွ
က.."

"မင်းသုံးသုံးမသုံးသုံး မင်းကိုငါပတ်စ်ပေ့ါဒ်ပြောပြပြီးပြီ.."

"ဘာ.."

သူမစိတ်တိုသွားတာကို ခွန်းကစိုက်ကြည့်ကာ.. ၊

"ဒေါင်း.."

"ရှင်ပြောမှာကို ကျွန်မသိတယ်..ဒါပေမယ့် မလုပ်ပါနဲ့..ရှင်ပေး
ကျွန်မဘာမှမလိုချင်ဘူး၊ ကျွန်မလိုမိန်းမက အေတီအမ်စက်ထဲဝင်သူ
ရင်ရော ဘေးလူတွေဘာပြောကြမလဲ..ရှင်လုပ်နေတာတွေက ကျွန်မ
ကူညီရာမရောက်ဘူးခွန်း..ဒုက္ခပေးနေတာ.."

"ဘာဖြစ်လို့ ဘေးလူတွေကိုပဲ ခေါင်းထဲထည့်နေတာလဲ..သူများ
ဘယ်လိုတွေးနေမလဲ မင်းခန့်မှန်းနေဖို့မလိုဘူး၊ ငါလည်းဂရုမစိုက်ဘူ
အခုခွန်းဆိုတဲ့ကောင်က မိဘလုပ်ငန်းကို လက်ဝင်လျှိုလုပ်နေတာမဟု
ဘူး၊ အကျိုးတူပူးပေါင်းနေတာ..မင်းဘာကိုဂရုစိုက်စရာလိုသလဲ.."

ပြောပြီဆိုခွန်းက ဘယ်တော့မှ ခေါင်းစဉ်မပြောင်းတတ်ပေ.. ၊

"မင်းခေါင်းညိတ်လိုက်တာနဲ့.."

"ဘယ်တော့မှမညိတ်ဘူး..ဘယ်ယောက်ျားကိုမှလည်း မယုံဘူး၊
လည်းယုံချင်စရာ မရှိတဲ့သူပါပဲ.."

"ဟုတ်လား.."

ခွန်းက ရွဲ့ပေမယ့် သူမကခေါင်းညိတ်၍.. ၊

"ဟုတ်တယ်..ကျွန်မသိက္ခာကျအောင် မလုပ်ဘူး၊ ကျွန်မရှေ့ကို
လာဘူးလို့ ရှင်ပဲကတိပေးခဲ့တာ.."

"ဘာကြောင့်ပေးတာလဲ..မင်းငါ့အတွက်ကျတော့ ဘာပြန်ကြည့်
ငါ့စေတနာကို အသိအမှတ်ပြုခဲ့တာရှိသလား.."

"ရှင်ပေးတိုင်းယူရအောင် ကျွန်မကိုရှင်က ဘယ်လိုသဘောထား



နေတာလဲ..ပြောစမ်းပါ.."

"လျှောက်တွေးမနေနဲ့.."

စိတ်တိုလာတော့ အော်မိသည်။ ပြီးတော့ ဘောင်းဘီထဲလက်တွေ
ထည့်ထားလိုက်ရင်း ရှေ့တိုး၍.. ၊

"ငါပေးတိုင်းယူဖို့မဟုတ်ဘူး..ငါမင်းကိုကူညီဖို့ စဉ်းစားလိုက်တည်း
မင်းဘက်ကိုကာကွယ်ဖို့ အများကြီးအကွက်ရွှေ့ခဲ့တာ၊ အဲ့ဒီကဒ်ကို
သေချာရော ကြည့်ဖြစ်ခဲ့လား..အဲ့ဒီကဒ်မှာ မင်းမျက်လုံးငါးစက္ကန့်
လောက် အာရုံစိုက်ကြည့်ပြီး.."

ဒေါင်းနီက မျက်နှာတင်းပြီး တစ်ဖက်လှည့်ပစ်သည်။

"အဲ့ဒါမင်းကဒ်ပဲ.."

"ဟင်.."

တစ်ကိုယ်လုံးတုန်သွားသလား ထင်လိုက်ရ၏။ ဒါတွေ သူဘယ်လို
လုပ်လိုက်တာလဲ.. ၊

"အားလုံးသိမ့်ချစ်ကိုပဲ အကူအညီတောင်းခဲ့တာ..ပိုက်ဆံလူတိုင်း
ကိုင်နိုင်တယ်၊ ဘဏ်မှာတစ်သောင်းနှစ်သောင်းကစပြီး ဘယ်သူဖြစ်ဖြစ်
ထားလို့ရတယ်..အေတီအမ်စက်ထဲကို သူဌေးတွေပဲဝင်ကြတာဆိုရင်
မင်းရန်ကုန်မှာနေခဲ့တာ မယုံချင်စရာကောင်းနေပြီ.."

နယ်ကကျောင်းလာတတ်သည့် ကျောင်းသားလေးတွေ။ အလုပ်လာ
လုပ်ကြသည့် လူငယ်တွေ၊ အေတီအမ်စက်ထဲမှာ တန်းစီနေကြတာ တွေ့
ရသည်။ ကိုယ့်ဘာသာစုတာဖြစ်ဖြစ် သူများလွှဲတာဖြစ်ဖြစ် ဘာမဆိုဖြစ်
နိုင်တာလည်း သိသည်။ ထို့ပြင် သမီးလေးရဲ့အဖေကလည်း ရန်ကုန်က
ငွေပြဿနာတွေအတွက် ဖြေရှင်းဖို့မလိုပေ။ ဒါပေမယ့် သူမလက်မခံ
နိုင်.. ၊

"လက်မခံလို့မရဘူး..ဘာဖြစ်ဖြစ် မင်းယူထားရမယ်..ငွေမရှိရင် မိန်း
မလေးတွေ ဘဝပျက်ကြတယ်ဆိုတာ.."

"ငွေမရှိလို့ ဘဝပျက်စရာအကြောင်းမရှိဘူးခွန်း..ငွေလိုချင်လို့ ဘဝ
ပျက်ကြတာ၊ ကျွန်မကငွေလိုချင်နေတဲ့ မိန်းမမျိုးမဟုတ်ဘူး..ဘဝအတွက်
ပေးသလောက်ပဲ ကျွန်မယူမယ်၊ အလုပ်လုပ်နေတဲ့သူအတွက် အခွင့်အ

www.burmeseclassic.com

www.burmeseclassic.com



ရေးဆိုတာ ရှိလာမှာပဲ..ဘယ်တော့မှရှိမလာတော့ရင်လည်း အဲ့ဒါကံကြ
မ္မာပဲ.."

"မင်းတော်တော်မာနကြီးပါလားဒေါင်း.."

ခုမှသိတာလားဆိုသည့် အကြည့်မှာဆွေးရိပ်သမ်းနေခဲ့သည်။ ဆင်
ရဲသားတစ်ယောက်က ငွေမလိုချင်ဘူးဆိုတာ ရှိမလား..။ အဖက်ဖက်က
ပြည့်စုံသာလွန်နေသည့် ယောက်ျားတစ်ယောက် သို့တည်းမဟုတ် ကိုယ်
ချစ်ခဲ့ဖူးတဲ့ယောက်ျားတစ်ယောက်က ကိုယ့်ကိုစောင့်ရှောက်ချင်လို့ တ
ကောက်ကောက် လိုက်နေတာကို ဒေါသထွက်နေတဲ့မိန်းမမျိုးရော ရှိပါ့
မလား.. ။

ဒေါသအတုတွေနဲ့ ကျွန်မရှုံးတော့မယ်..ရှင်သိရဲ့လား.. ။

စက်ဘီးစီးဖို့ရာ မျက်ရည်တို့ဖြင့် ဝေဝါးနေသည့်လမ်းကို စိန်မခေါ်
ရဲသည်မို့ ဒီတိုင်းတွန်းလာခဲ့ရသည်။ မျက်တောင်တွေနဲ့ဖိသိပ်ချနေသည့်
ကြားက တက်လာသည့်မျက်ရည်တွေကိုလည်း ဖုံးဖိဖျက်ချမနေနိုင်.. ။

သမီးလေးကိုဘယ်တော့မှ ပထွေးနဲ့မနေစေရဆိုသည့် တစ်ယူသန်
အစွဲကို မဖျောက်နိုင်သရွေ့။ ခွန်းနဲ့ပတ်သက်မိတာနဲ့ ချစ်ဟိုအိမ်မှာ မျက်
နှာငယ် စိတ်ဆင်းရဲရတော့မည်လို့ တစ်ထစ်ချသိနေသည့် သူမရဲ့သံသယ
တွေ ခိုင်မာနေသမျှ.. ။

ခွန်းကလည်း လက်မလျှော့ခဲ့ဘူးသာဆိုလျှင်.. ။

ခွန်းနဲ့သူမ ဒီထက်ဆိုးရွားသော ပဋိပက္ခတွေကြုံကြရမည်။ သူမရဲ့
မျက်ရည်တွေလည်း ဒီထက်မက သောကပင်လယ်ဝေရမည်ဖြစ်ကာ..

ကျွန်မသိခဲ့သည်။

ကိုယ့်ဘဝအတွက် အချစ်သည် နွေမှာဝေသောနှင်းလို.. ။

အခန်း(၂၅)

"အချစ်..ဘာအချစ်လဲမောင်၊ မောင်ချစ်ခဲ့တာ အဲ့ဒါတွေလား.."

"ဟုတ်ပါတယ်..မောင်ကမင်းမယုံထိုက်တဲ့ ကောင်ပါ၊ ဒါပေမယ့်
တစ်ခါ မောင့်ကိုယ်မောင် တကယ်သိသွားတာပါ..အဲ့ဒါကိုတော့ ယုံ
ပေးပါ၊ မောင်သူ့ကိုချစ်ရင် ဒီအခြေအနေထိ ရောက်ပါ့မလားချစ်ရယ်.."

ချစ်ငိုနေရုံအပြင် ဘာမှမတတ်နိုင်တော့ပေ။ လမင်းပြန်ရောက်လာ
ည်းက အမူအရာတွေပျက်နေသည်။ ညဘက်ကောင်းကောင်း မအိပ်
နိုင်ဘဲ စီးကရက်တွေထသောက်လိုက် ဖုန်းပြောနေလိုက်။ တစ်ခါတလေ
ကြီးထွက်လာတာနှင့်တိုးပြီး ဆူလိုက်မှ ပြန်ဝင်လာပြီးအိပ်ရာဝင်၏။
ဝေးမှာ လနဲ့ချီပြီးနေခဲ့သည့် ခင်ပွန်းသည်ပြန်ရောက်လာခြင်းက ဒီလို
တွေးမှုတွေနဲ့လား.. ။

ချစ်ဘာမှမပြောခဲ့ပါ။ ကိုယ်ကဒီအိမ်မှာ မျက်နှာငယ်ဘဝနှင့်နေရ
ည်။ ဘယ်တော့မှလည်း မျက်နှာရအသက်တန်းကျရဖွယ်မမြင်သော
နေအထားမှာ ယောက်ျားဖြစ်သူကလည်း ယုယကြင်နာခြင်းမရှိ.. ။

'ငါ့သားလေးမြတ်နိုးတဲ့ မိန်းကလေး'ဆိုပြီး ယောက္ခမ၏ဂရုစိုက်အ
ပေးမှုဆိုတာ သူမအတွက်ဘယ်သောအခါလဲ.. ။

"ချစ်.."

"ဟင့်အင်း.."

လမင်းက လက်ကိုလိုက်ဆွဲသည်။ ချစ်ကရုန်းထွက်၏။

"ချစ်ရာ..မောင် မင်းကလွဲပြီး ဘယ်မိန်းမကိုမှ ပတ်သက်တာလက်

www.burmeseclassic.com

www.burmeseclassic.com



တွဲဖို့.."

"ဒါနဲ့ပဲ ဖောက်ပြန်ခွင့်ရှိသွားတာလားမောင်..အတည်မဟုတ်ပါ
ဆိုပြီး မောင်ဘယ်လောက်တောင် တွဲနေချင်တာလဲ.."

ချစ်က သူ့လက်တွေပြင်သမျှ ပုတ်ခတ်ဖယ်ချပစ်ကာ.. ၊

"အဲ့ဒီမိန်းမတွေထဲမှာ မောင်မပစ်နိုင် မခွာရက်ဖြစ်သွားလောက်
မိန်းမမျိုး ဘယ်တော့မှရှိမလာနိုင်တော့ဘူးလား..မောင့်ကိုစွဲလမ်းပြီး
ချမ်းသာမှုကိုမက်မောလို့ မရမက အပိုင်ချိုင်ဖို့ကြိုးစားလာမယ့် မိန်း
ရော ရှိမလာနိုင်ဘူးလား.."

"အဲ့ဒါမျိုးတွေရှိလာဖို့ မဖြစ်နိုင်ဘူး..ဘာဖြစ်လို့လဲဆိုတော့
အဲ့လောက်ထိ မရှုပ်ပွေခဲ့ဘူး ကိုယ့်ကိုယ်ကိုသိတယ်၊ သူနဲ့ကျမှ
မှတ်တဲ့ အခြေအနေတွေကြောင့်.."

"မှားရတာ ပျော်စရာမကောင်းမှန်း လူတိုင်းသိတယ်မောင်..
အတွက် ဘယ်သူမှကြိုတင် ပြင်ဆင်မထားဘူး၊ ချစ်ကိုဘာမှလာမ
တော့မောင်..မောင့်ကိုချစ် မလွှမ်းမိုးနိုင်သလို ဒီအိမ်မှာလည်း.."

"တော်တော့ကွာ.."

လမင်းကအော်လိုက်ပြီး ချစ်ကိုယ်လေးကို အတင်းအကျပ်
ထားလိုက်သည်။ သူမကိုသူချစ်သည်။ လက်ထပ်ပြီးတဲ့နောက်မှာ
ပိုင်ဆိုင်ပြီးသည့်ပစ္စည်းတစ်ခုလို စိတ်ချလက်ချထားရစ်ပြီး လွတ်
နောက်လိုက်ခဲ့၏။

တကယ်တမ်းကျတော့ ချစ်ကိုသူမြတ်မြတ်နိုးနိုးချစ်နေခဲ့တာ
ကြောင်းရင်းတစ်ခုခုကြားခံဖြစ်လာပြီး သူမကိုစွန့်လွှတ်ရတော့မည်
ဒါကိုဘယ်လိုမှ ဖြစ်ခွင့်မပေးနိုင်။ ပိုချိုင်မာတာက သူ့အပေါ်မှာ
မိုးဖို့ဘယ်တုန်းကမှ မကြိုးစားခဲ့ဘဲ သူမြတ်နိုးတန်ဖိုးထားရမည့်
လေးဟာ သူမသာဖြစ်မှန်း နားလည်လာသည့်နောက်.. ၊

"မောင်..သူ့ကိုပြတ်ပြတ်သားသားပြောမယ်၊ ပြီးတော့ ရန်ကု
ကို မောင်မကူတော့ဘူးလို့ ဖေဖေ့ကိုလည်း ပြောမယ်.."

ချစ်ရဲ့မျက်နှာလေး သူ့ဆီမော့လာသည်။ လမင်းကအမိအရ
ညိတ်ပြကာ သနားခံသည့်မျက်နှာနှင့် တွင်တွင်ချော့၏။



"သူကအရမ်းပေါ်ပြူလာဖြစ်တော့ မောင့်ကိုကြည်တယ်ဆိုပြီး နည်း
နည်းလွတ်သွားတာပါ..ချစ်ကိုပဲ မောင်တန်ဖိုးထားတယ်၊ မင်းလိုဖြူစင်
ပြီး ချစ်စရာကောင်းတဲ့မိန်းမကို တန်ဖိုးထားရမှန်းမသိခဲ့တာ မောင့်အပြစ်
ပါ..မောင့်ကိုခွင့်လွှတ်ပါနော်..ချစ်.."

ချစ်မျက်ဝန်းလေးတွေ ပြန်ကြည်လင်လာသည်။ မျက်ရည်တွေပြည့်
သိပ်နေပေမယ့် ရယ်မြူးရိပ်ဆင်၏။ သို့သော် လမင်းရဲ့ကိစ္စကြီးကို သူမ
ယုံရဲဖြစ်နေဆဲပင်.. ၊

"မောင်သူ့ကိုတကယ်မေ့နိုင်ပါ့မလား.."

"ဟာကွာ..ယောကျ်ားတွေရဲ့စိတ်ကို ချစ်မသိပါဘူး၊ တစ်ယောက်စ
နှစ်ယောက်စသော လူတွေငြိတွယ်သွားကြ ရှိပေမယ့် အိမ်ထောင်သည်
ယောကျ်ားတွေက ကိုယ့်ဇနီးကသာကိုယ်တန်ဖိုးထားလို့ လက်ထပ်ယူထား
တဲ့ မိန်းမပဲ.."

ချစ်ရဲ့နာကျင်မှုတို့ အနည်းငယ်ပြေပျောက်သွားခဲ့သည်။ လမင်းရဲ့
နမ်းတို့က မက်မောမြတ်နိုးမှုတို့ဖြင့် နူးညံ့ချိုအီနေခဲ့သလောက် ကိုယ့်
ကိုတကယ်ပဲ တန်ဖိုးထားမြတ်နိုးနေဆဲပဲလို့ ယုံကြည်ချင်ဖွယ်လည်း ဖြစ်
သည်။

ဒါတကယ်ဟုတ်မဟုတ် ဆိုတာကတော့.. ၊

"မောင့်ကို မေမေတို့ဒေါသအရမ်းမဖြစ်အောင် ချစ်လည်းဝိုင်းပြော
ပေးနော်.."

"အင်း.."

"မင်းကလွဲပြီး မောင်ဘယ်မိန်းမကိုမှ မမက်မောဘူး..အဲ့ဒါကြောင့်
မောင့်ကိုဘယ်သူ့အထင်သေးသေး ဂရုမစိုက်ဘူး၊ မင်းနဲ့မေမေတို့ မောင့်
ဘက်မှာ ရှိနေဖို့ပဲလိုတာ.."

"မောင်.."

"ဟင်..ပြောလေ.."

ချစ်က လမင်းဖက်ထားသည့် လက်တွေကိုဖယ်ချပြီး မျက်နှာကိုသံ
သယတို့ဖြင့် မော့ကြည့်၏။

"မောင်အရမ်းဖိုးရိမ်နေတာ ရိုးသားရဲ့လားမောင်ရယ်..မောင်နဲ့သူပြ

www.burmeseclassic.com

www.burmeseclassic.com



သသနာတက်ဖို့တွေ ရှိနေလို့လားဟင်၊ မောင်သူနဲ့ဘယ်လောက်ထိ..”

“ကျွတ်..”

လမင်းက ကျွတ်ခနဲမဲ့သွားပြီး အိပ်ရာပေါ်လှဲချလိုက်၏။ ပြီးတော့ ချစ်ရဲ့လက်တစ်ဖက်ကို ဆွဲယူပြီးရင်ဘက်ပေါ်မှာ ကပ်ထားလိုက်ရင်း..

“မောင်မကောင်းမရှင်းဖြစ်ခဲ့ပါတယ်လို့ ဝန်ခံထားတာပဲချစ်ရာ..ဒါပေ မယ့် မောင်သူ့ကို လူပျိုပါလို့ လုံးဝမညာခဲ့ဘူး၊ ပိုပြီးအရှင်းဆုံးပြောရရင် မောင့်သူငယ်ချင်းလေ..ကျော်မင်းတို့လင်မယားကိုယ်တိုင် သူ့ရှေ့မှာပဲ မင်း နဲ့မောင်တို့ မင်္ဂလာဆောင်ကိုမလာလိုက်ရလို့ ဘာညာတွေပြောသွားကြ တာ..”

“ဩော်..ဒါဖြင့် သူများဖော်သွားလို့ မောင်ကဝန်ခံလိုက်ရတာပေါ့..”

လမင်းကရယ်ကာ အိပ်ရာပေါ်ကနေ လှဲလျက်ရွေ့လာပြီး ချစ်ရဲ့ ပေါင်ပေါ်မှာ ခေါင်းအုံးလိုက်၏။ ပြီးတော့ မေးဖျားသွယ်သွယ်လေးကို လက်နဲ့လှမ်းတို့၍.. ၊

“မောင်ဝန်မခံချင်လည်း ဖြစ်တယ်ဆိုတာထည့်တွေးဦး..ကျေးဇူးတင် ရမှာစိုးလို့ မောင့်ကိုတစ်မှတ်ပြီးတစ်မှတ်လျှော့ဖို့ ကြိုးစားနေတာမဟုတ် လား..”

“ချစ်လျှော့ဖို့မလိုပါဘူး..မောင့်ကိုဘယ်လို အမှတ်ပေးရမှန်းကို မသိ တာ..”

“အခု ခင်ဗျားယောက်ျား ခင်ဗျားပေါင်ပေါ်မှာ ပက်လက်လှန်ပြီး ခင်ဗျားလေးရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေပြီ..အဲ့ဒါတစ်ခုနဲ့တင် အမှတ် ပြည့်ပေးထိုက်နေတာ..”

ချစ်ကပြုံးလိုက်ပြီး ဒေါသမပါသည့်မျက်စောင်းလေး ရွယ်၏။ လ မင်းက လှနေရာကနေ ချစ်ကိုနှာခေါင်းလှမ်းဆွဲလိုက် နှုတ်ခမ်းကိုလှမ်း ကိုင်လိုက်နှင့် တစ်ချက်မှအငြိမ်မနေ.. ၊

“သိလားချစ်..ယောက်ျားတွေ လျှာအရိုးမရှိတိုင်း ပလီတတ်တယ်ဆို တာ..”

“မသိဘူး..အဲ့ဒီလိုပလီတတ်တဲ့လူကြီးက ရှင်ကြီးဖြစ်နေမယ်မှန်းသိ ကိုမသိခဲ့လို့..”



“ဘာ..”

လမင်းလှဲနေရာက ဝုန်းခနဲထထိုင်၏။ ပြီးတော့ ချစ်ကိုယ်လေးယိုင် သွားအောင် ပခုံးချင်းတိုက်ပစ်ကာ.. ၊

“ဘာပြောလိုက်တာလဲ..ဒီကောင်ကိုယူမိတာမှားပြီဆိုတဲ့စကားပြော ကြည့်..”

“ပြောကြည့်စမ်းလို့ ခြိမ်းခြောက်နေမှတော့ ဘယ်ပြောရဲတော့မလဲ.. မွား..”

“ဟား ဟား ဟား..”

“ဒေါက်..ဒေါက်..”

ချစ်ကိုဖက်၍ အိပ်ရာထဲအတူလှဲလိုက်စဉ် တံခါးခေါက်သံက ထပ် ထွက်ပေါ်လာကာ.. ၊

“သားငယ်ရေ..”

“ဗျာ..မေမေ..”

“ထွက်ခဲ့ဦး..ပြောစရာရှိသေးတယ်..”

လမင်းမျက်နှာမဲ့သွားကာ နာရီကိုလှမ်းကြည့်သည်။

“မေမေ ဆယ်နာရီထိုးနေပြီ..”

“ဟုတ်တယ်..ထိုးနေပြီ၊ ဒါပေမယ့် မင်းဖုန်းက အလိုက်ကမ်းဆိုးမ သိ ဝင်လာတာလေ..”

ဟင်.. ၊

လမင်းမျက်နှာ ပျက်သွားသည်။ ချစ်ကအရင် သူ့ရင်ခွင်ထဲက ရုန်း ထွက်ပြီး ထထိုင်လိုက်လျှင်.. ၊

“ချစ်..”

လမင်းက ချစ်ရဲ့ပခုံးလေးကို တယုတယဖက်ထားလိုက်ကာ.. ၊

“ဘာမှမဖြစ်ဘူးချစ်..ဘာပြဿနာမှ မတက်ဘူး၊ တက်လည်းမ ကြောက်နဲ့..မောင့်ကို မောင့်မိန်းမက နားလည်တယ်ဆိုတာ မေမေတို့သိ အောင် တစ်ချက်ပဲပြောပေး..နော်..”

“မောင်ရယ်..”

“ချစ်ကိုယ်တိုင်က မောင့်ကိုနားလည်မှုလွဲနေတာ မဟုတ်ဘူးမို့လား.”

www.burmeseclassic.com

www.burmeseclassic.com



ချစ်က လမင်းရဲ့ရင်ခွင်ထဲဝင်ကာ ခါးကိုဖက်ထားလိုက်ပြီး.. ၊

"မောင့်ကိုနားလည်မှုလွဲစရာလားမောင်ရယ်..ချစ်မောင့်ကို သံသ
ဝင်နေတာမဟုတ်ဘူး..သူတို့ဘက်က.."

လမင်းက ချစ်ရဲ့နှုတ်ခမ်းလွှာလေးကို ခပ်ဖွဖွဆွဲလိမ်လိုက်ကာ..

"သူတို့ဘက်က ဘာဖြစ်ဖြစ်..မောင်ပါမှဖြစ်မှာ၊ ချစ်ကိုမောင်ဘ
တော့မှ ဆုံးရှုံးမခံဘူးဆိုတာ ယုံ.."

ပြောပြီး ထရပ်လိုက်ကာ ချစ်ရဲ့လက်လေးကိုပါ ဆွဲ၏။

"မောင်နဲ့သူဘယ်နေရာမှာ ဘယ်လိုပတ်သက်ခဲ့မိတယ်ဆိုတာ မ
ကို ပြောပြတာမှသားမပါတဲ့ အကုန်အစုံပဲ..သူတို့မေမေ့ကို ဖုန်းဆ
လည်း ဘာပြောနိုင်မှာမို့လဲ..လာ သွားမယ်.."

ဆိုပြီး အတူတူလက်တွဲထားရင်း.. ၊

"ဘယ်သူဘာပြောပြော သံသယမထားကြေး.."

ဆိုပြီး လက်သန်းလေးတစ်ဖက် ကွေးထားပေး၏။ ချစ်ကခေါ
ညိတ်ပြီး လက်သန်းလေးနဲ့ ပြန်ချိတ်ထားလိုက်ကာ.. ၊

"မောင့်ကို ချစ်ဘယ်တော့မှမမုန်းဘူး.."

"အိုခေ.."

အခန်း(၂၆)

"အဒေါ်ရေ.."

"ဟော..လာဟော့၊ ဒီမှာကလေးအမေမရှိလို့ နို့တိုက်ပေးနေရတယ်.."

"တို့စရာလေးလိုချင်လို့ပါ..ရုံးပတေသီးနဲ့ ပဲညှန့်လေးနှစ်စည်း.."

"အေး..ယူသမီး ယူ၊ တစ်စီးငါးဆယ်..ဘယ်ဟာဖြစ်ဖြစ် စည်းထား
ကတွေက ငါးဆယ်ချည်းပဲ..သခွားသီးက.."

"တော်ပါပြီ..ကျွန်မပဲသွားရောင်းလိုက်ပါ့မယ်ဒေါ်လုံးတင်ရယ်၊ သူ့
သံနဲ့ပဲ ကလေးကအိပ်မှာမဟုတ်တော့ဘူး.."

စကားသံတွေကြားနေရလျက် အိမ်လေးထဲကထွက်လာတော့ ဥမ္မာ
ကျော်ဖြစ်နေကာ.. ၊

"မဥမ္မာရောက်နေတာလား.."

"အေး..ဒေါင်းနီရေ၊ ငါလည်းတို့စရာလာဝယ်တာ..ရေနွေးအိုးလေး
တင်ထားခဲ့ပြီး စကားပြောနေတာနဲ့..အဟွန်း.."

ဥမ္မာကျော်က ဝါးကပ်လေးနဲ့ဖြန့်ခင်းထားသည့် ဟင်းသီးဟင်းရွက်
တွေ နောက်မှာမနေဘဲ ဒေါင်းနီဘေးကို ရောက်အောင်လာကာ.. ၊

"ဒေါ်လုံးတင်ပြောပြနေလို့ နားထောင်နေတာသိလား..ဟိုမှာလေ
ကျော့တို့အိမ်ပြင်ဖို့ အုတ်ဖိနပ်တွေ သွပ်တွေနဲ့ပျဉ်လုံးပျဉ်ချောင်းကြီးတွေ
ပုံထိုးထောင်ထောင် တပြောင်ပြောင်တဝင်းဝင်းနဲ့.."

"ဟုတ်တယ်နော်..မိုးတွင်းရောက်တော့မယ်ဆို အိမ်တွေပြင်ဆင်ကြ
ပြီ၊ ကျွန်မလည်း ဒေါ်ကြီးဌေးက ကြိုပြောထားတော့ မိုးတွင်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာပြင်ဖို့ ကြိုတင်ပြင်ဆင်ရဦးမယ်.."

"သြော်..ငါပြောနေတာက.."

"ဒါပေမယ့် ကုန်ကျစရိတ်ကို အိမ်လခထဲက ပြန်နုတ်လို့တော့ ရ
တယ်.."

"ဒေါင်းနီရယ်..သူများအကြောင်းပြောရတာ အရသာမရှိလိုက်တာ..

ဥမ္မာကျော်က မချင့်မရဲပြောရင်း အနားကိုပိုတိုးလာကာ.. ၊

"အဲ့ဒါ ပိုက်ဆံရှိလို့ပြင်တာမဟုတ်ဘူး..သူ့သမီးလေးကို ဟိုသူ
က ဟိုသင်းလုပ်သွားတာ.."

"ဘယ်လို.."

ကိုင်ထားသည့် ရှုံးပတေသီးကိုတောင် ပြန်ချမိလိုမိ.. ၊

"ယောက်ျားရက်လည်ပြီးတည်းက သူကသွားလိုက် ဟိုကလာလို
နဲ့ အဲ့ဒီပေါင်ချိန်ကြီးက ပြန်တယ်မှမရှိတာ.."

ကြားရတာ နှလုံးနာစရာကောင်းသည့်သတင်းတွေပါလား..။ ဒေါ
နီ ရှုံးပတေသီးကိုပြန်ကောက်၍ ပိုက်ဆံထုတ်ယူလိုက်သည်။ ဥမ္မာကျေ
က ပိုက်ဆံကိုမယူဘဲ လက်ကိုကိုင်ထားကာ.. ၊

"အဲ့ဒီကိစ္စကို ပေါင်ချိန်က အပျိုပေါက်စနဲ့ငြိသလိုလို ဘာလိုလို
ထားတာ..တကယ်က ဟိုပေါက်စလေးကို အကျင့်ခံရတာသိလား.."

"ဟင်.."

ဒေါင်းနီမျက်လုံးအပြူးသားနှင့်.. ၊

"ကိုးနှစ်ဆိုတဲ့ကောင်မလေးလား.."

"ဟုတ်တယ်..အိမ်ချင်းကပ်နေတော့ ပြဿနာဖြစ်တဲ့ညက ဒေါ
တင်တို့က ဒီတိုင်းကြားနေရတာတဲ့၊ ကလေးမလေးက ငိုလိုက်တာတဲ့
မအေက တွင်တွင်ချော့တာတဲ့.."

"အဟမ်း..အဟမ်း.."

ဥမ္မာကျော့်စကားကြားထဲမှာ ချောင်းဟန့်သံကြီးကို ကြားလိုက်
အိမ်ပေါ်ပြတင်းပေါက်ကနေ မကျော့ရဲ့မျက်နှာနဲ့ ကိုယ်တစ်ပိုင်းပေါ
ကာ.. ၊

"မိသီတာ လမ်းထိပ်မှာရေခဲသွားဝယ်တာ ခုထိပြန်မလာဘူး..



င်းလာရင်း ဘယ်သူ့သောက်တင်းတုတ်နေလို့ ဒီလောက်ကြာရတာလဲ
..လာပေ့စေဦး၊ ကိုယ့်ထမင်းကိုယ်စားပြီး သူများအတင်းအဖျင်းပြော
ရေပုလင်းပါပေးထားမယ်..လာခဲ့ သူများသောက်ကြောင်း အားအား
းယား..."

'သောက်'ချင်းထပ်အောင် ကော်တုတ်နေသဖြင့် ဒေါင်းနီရှက်လည်း
က် ခြေလှမ်းတွေလည်း မှားကုန်၏။ ကိုယ်ကပြောတာဖြစ်ဖြစ် သူများ
ပြောတာဖြစ်ဖြစ် နားမထောင်တာအကောင်းဆုံးပဲဆိုသည့် နောင်တလည်း
မိသည်။

သူများအတွင်းရေးဆိုတာ သူတို့ဘာသာ ဖြေရှင်းလိုက်ရတဲ့ အ
ကြောင်းချက်တစ်ခုသာ။ ဘေးလူအမြင် ဘေးဂျအသိနဲ့ ဘာမှမဆိုင်ပေ။
ဒါကိုဘာကြောင့် သူမနားထောင်မိပါသလဲ.. ။ ကိုယ့်အိမ်ရှေ့ပြန်ရောက်
တော့ သမီးလေးက ခြံတံခါးဝမှာ ထွက်စောင့်နေကာ.. ၊

"မေမေကလည်း ကြာလိုက်တာ.."

"ဟုတ်ပါတယ်သမီးရယ်..မေမေလည်း.."

ဘာပြောရမှန်းမသိဘဲ နောက်ထပ်နောင်တတစ်ရပ် ဖြစ်ရလေသည်။
စဉ်.. ၊

"မီးမီး ပိန်ပေါင်လေးလားမီးမီး.."

အနီရောင်ကော်လုံးလေးကိုကိုင်၍ လျှောက်လာသောအသားလတ်
ခပ်သွယ်သွယ်အသက်သုံးဆယ်ကျော်အရွယ်လူက ကလေးကိုမေး
မျက်လုံးတွေက ဒေါင်းနီဆီမှာ.. ၊

"ဟုတ်လား..မီးမီးခုနက ပိန်ပေါက်ရိုက်နေတာလားလို့.."

လက်ကိုင်ရိုးနှင့် သစ်သားပြားသေးသေးက ခုထိဥဒေါင်းလက်ထဲ
ရှိနေဆဲ.. ၊

"ဟုတ်တယ်..သမီးပိန်ပေါင်လေးရယ်.."

ဒေါင်းနီက လှမ်းယူလိုက်မှ.. ၊

"မီးမီးဆော့နေတာ ဟိုအပင်ပေါ်တက်သွားတာလေ..အဲ့ဒါမီးမီးဝါး
ထိုးချနေတာ ဟိုဘက်ကျသွားတာ.."

ဥဒေါင်းက လက်ညှိုးလေးတထိုးထိုးနှင့် ရှင်းပြသည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကိုလည်း သဘောမကျပုံနှင့်ကြည့်ကာ.. ၊

"ဦးက မီးမီးပိန်ပေါင်ကို ကောက်ထားပြီးပြန်လည်း မပေးဘူး.."

"မဟုတ်ပါဘူးဗျာ..ဦးက မီးမီးဟိုဘက်ကူးလာမယ် မှတ်လို့ပါ.."

ပြေရှင်းရင်း ရယ်နေကာ.. ၊

"ကျွန်တော်က ငယ်နိုင်ပါ..ဇာတိကတော့ မြင်းမူလေ၊ ဒါပေမဲ့ မိဘတွေက ဆယ့်နှစ်ပွဲဈေးသည်တွေဆိုတော့ မရောက်ဖူးတဲ့မြို့မရှိဘူး အခုကတော့ သဘော်တက်ရမှာမို့ ဦးလေးတို့ဆီ အလည်လာရင်းနဲ့.."

ဘယ်သူကမေးနေလို့လဲ..။ မကြည်လင်သည့်စိတ်က ရယ်နေသ မျက်နှာကိုပဲ ကြည့်မရချင်.. ၊

"သမီး အထဲဝင်တော့.."

"ပေး..မီးမီးကိုအဲ့ဒါတွေပေး.."

သားအမိနှစ်ယောက်ကိုကြည့်၍ ငယ်နိုင်ကခေါင်းတညိတ်ညိတ်နှ

"ကျွန်တော်က အိမ်ချင်းကပ်နေတော့ ဉမ္မာတို့နဲ့မဒေါင်းနီ အသ အလာအကူးအသန်း ရှိကြမှာပဲလို့ထင်တာ..အဟွန်း ကျွန်တော်ရော တာသုံးရက်ရှိပြီ၊ မဒေါင်းနီ ဟိုဘက်ကိုနှုတ်ဆက်တာတောင် မတွေ့ဘူး စိမ်းကြတယ်နော်.."

ဒေါင်းနီက ခြံထဲဝင်လိုက်ပြီး တံခါးလှည့်ပိတ်ရင်း မျက်နှာကိုကြ ၍.. ၊

"စိမ်းတယ်တော့မဟုတ်ပါဘူး..ကိုယ့်ဝမ်းစာ ကိုယ်ရှာရင်းနဲ့ အ ပ သလ္လာပပြောဖို့ အချိန်မရှိကြတာပါ.."

ဒေါင်းနီက ငယ်နိုင့်ကိုပြောရင်း တံခါးပိတ်ပစ်လိုက်ကာ.. ၊

"စိတ်မရှိပါနဲ့နော်..ချက်ပြုတ်လျှော်ဖွတ်ရမယ့် အလုပ်တွေရှိသေး ပါ.."

"ဟုတ်ပါပြီဗျာ..ရပါတယ်၊ မဒေါင်းနီနဲ့ခုမှစကားပြောဖြစ်ပေမဲ့ ဉမ္မာဆီမှာ မေးထားလို့ ကျွန်တော်အားလုံးသိပြီးပါပြီ.."

ဒေါင်းနီကျောခိုင်းလိုက်ပြီးမှ ခြေလှမ်းတုံ့သွားသည်။ ဘာဆို လဲ.. ၊

စိတ်ကတိုပြီဆို ပက်ခနဲပြောချလိုက်ချင်သည့်စိတ်က လွန်ခဲ့



နှစ်လောက်ကဆိုရင်တော့ ထိန်းချုပ်ထားနိုင်မှာ မဟုတ်တာသေချာ၏။ ယောကျ်ားမရှိသော ကလေးတစ်ယောက်နဲ့မုဆိုးမဘဝမှာ ယောကျ်ားတွေက ပို၍ရွံမုန်းတီးဖွယ် ဖြစ်လာသလိုပင်.. ။

ကိုယ့်ဝမ်းကိုယ်ကျောင်း၍ ကိုယ့်ခါးကိုယ်လှအောင် ဆင်နိုင်သည်။ ဝမှာ ကိုယ့်ဖိနပ်ပေါ်ကိုနင်း၍ ကိုယ့်ထီးရိပ်မှာ ကိုယ်ခိုနိုင်ရင်တောင် န်းမပို့ရပ်တည်လို့မရနိုင်အောင် ဘောင်ခတ်ခြားနားချင်သည့် ယောကျ်ားများတွေ ရိုက်သတ်လို့ကုန်ပါ့မလား.. ၊

"မေမေ့..မေမေ့ဖုန်းလာနေတယ်.."

ဖုန်းကိုင်ရင်း ဉဒေါင်းလေးလှေကားကနေ ဝင်းလာတော့ လိမ့်ကျ ရိုးကာ ဒေါင်းနီအပြေးတပိုင်းသွားပြီး ဖုန်းကိုယူလိုက်၏။ ကြည့်လိုက်တော့ နံပါတ်စိမ်းတစ်ခုဖြစ်နေကာ.. ၊

"ဟလို.."

"မမ.."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

"ဒါကသူတို့ချင်းသိတယ် ဒေါ်သင်းသင်းခက်..ကျွန်မတို့က
ဂုဏ်မျိုးဂုဏ်နဲ့ အသိုင်းအဝိုင်းနဲ့နေတဲ့လူတွေ.."

"နေပါဦး..သူတို့ချင်းသိတယ်ဆိုရင်လည်း ရှင့်တူမကိုသားနဲ့တွေ
စေလား၊ လူငယ်ချင်းဒီလိုကိစ္စကို ရှင်လာပြောစရာလည်း မလိုဘူး..ကျွ
တို့ပြောလို့လည်း မတော်ဘူး.."

"ဘာလို့မတော်ရမှာလဲ..ကျွန်မဒီထိလိုက်လာရတာ နေပူဖုန်ထူတဲ့
ရာက လာတဲ့လူတွေမှန်းမသိလို့၊ နောက်ပြီး သူ့အမေက အမျိုးသမီး
ရာဒုဥက္ကဋ္ဌဆိုတာလည်း မသိလို့.."

ဒေါ်မမသွင်ဆိုသော အမျိုးသမီးက နှုတ်ခမ်းနီဖျော့ဖျော့တင်
သည့် နှုတ်ခမ်းသားတို့ကိုမဲ့၍.. ၊

"ဒါတွေသိရင်ဘယ်လာမလဲ..အမျိုးသမီးရေးရာကနေပဲ အကြေ
ကြားလိုက်ရင် ပြီးပြီ.."

ပြောပြီး ချွေးလည်းမထွက်ဘဲ လက်ကိုင်ပဝါနဲ့လည်ပင်းကို ပွ
သုတ်သည်။ စိမ့်အေးနေသည့်အခန်းထဲမှာ ဆင်စွယ်ရောင်ခေါက်
တောင်လေးထုတ်ပြီး ခတ်၏။ မျက်လုံးတို့သည့် ဘယ်ကိုကြည့်ကြ
ရှုံ့မဲ့မဲ့ စုန်ချီဆန်ချီ အထင်မြင်သေးသောအကြည့်များဖြင့်.. ၊

"သူ့မှာမိန်းမရှိတယ်ဆိုတာဖုံးကွယ်ပြီး မိန်းမပျိုလေးတစ်ယောက်

"နေပါဦးအန်တီရယ်..မောင်ကကျွန်မကိုပြောပြပါတယ်၊ သူဒါ
ဖုံးကွယ်မထားခဲ့ပါဘူး.."



"အောင်မယ်လေးဖြစ်ရလေအေ..'ငါ့မယုံငါ့မယားမေးကြည့်' လာမ
လုပ်စမ်းပါနဲ့၊ သူပွေရှုပ်သမျှ ဘယ်ယောကျ်ားက ဝန်ခံပါ့မတုံး.."

"မဟုတ်ဘူး..ကျွန်မယောကျ်ားက.."

"အပိုတွေမပြောချင်ဘူးဒေါ်သင်းသင်းခက်..ကျွန်မကတော့ သွေး
ဆောင်ဖြားယောင်းမှုကစပြီး တပ်နိုင်သမျှ ပုဒ်မတွေတပ်ပြီး တရားစွဲဖို့
အဆင်သင့်ပဲ.."

"ကျွန်မပြောပြနေကာမှ နားမလည်ရင်လည်း ကြိုက်သလိုလုပ်လိုက်
ပါ.."

"ဘယ်လို.."

လုပ်လိုက်ပါဆိုတော့လည်း ဒေါ်မမသွင်ကမျက်စိမျက်နှာပျက်လျက်၊

"ရှင်ပြောတဲ့ပုံက ကျွန်မတူမကိုတာဝန်မယူနိုင်ဘူးပေါ့.."

ဒေါ်သင်းသင်းက အပြတ်အသတ်ခေါင်းခါ၏။

"ကျွန်မသားမှာ မိန်းမရှိတယ်..နောက်ထပ်ဘယ်လိုကြီးကျယ်မြင့်
မြတ်တဲ့ ဂုဏ်ပုဒ်တွေနဲ့မိန်းမဖြစ်ဖြစ် သားနဲ့ပတ်သက်ရင် ပတ်သက်တယ်
မှတ်ပဲ၊ ကျွန်မချွေးမတော့ ဖြစ်လာမှာမဟုတ်ဘူး.."

ဒေါ်မမသွင် အသက်ရှူတွေပြင်းနေခဲ့လျက်.. ၊

"ဒါဆိုလည်း သားမယားရှိလျက်နဲ့ သူများသမီးပျိုလေးတွေကို မ
တော်ကားရဘူးဆိုတာ ကိုယ့်သားကိုယ်သင်ထားလေ..ရှင်က အမျိုးသမီး
ရေးရာဥက္ကဋ္ဌဖြစ်နေပြီးတော့ မိန်းမသားချင်းစာနာမှုတောင် မရှိဘဲနဲ့ ဘယ်
လိုအမျိုးသမီးရေးရာတွေကို ဖြေရှင်းပေးမှာလဲဒေါ်သင်းသင်းခက်.."

ဒေါ်သင်းသင်း ရုတ်တရက်ဆွံ့အသွားခဲ့လျှင်.. ၊

"အမျိုးသမီးရေးရာမှာ ပါဝင်ထားတဲ့မိန်းမတိုင်း သူတို့သားတွေကို
ခေါင်းလောင်းထိုး လှူနေကြသလား.."

ဒေါင်းနီစိတ်မထိန်းနိုင်ဖြစ်ကာ အခန်းထဲခြေချလိုက်တာနှင့် ဝင်ပြော
ပစ်လိုက်မိသည်။ အခန်းထဲမှာ လမင်းမှလွဲလျှင် အားလုံးရှိနေကြကာ
ခွန်းကတော့ သူမဝင်လာကာမှ ဆိုင်ကယ်လ်နဲ့အပြင်က ပြန်လာတာဖြစ်
၏။ ထို့ကြောင့် ဒေါင်းနီရဲ့နောက်က ခွန်းပါလာကာ အထဲမှာဘာတွေဖြစ်
နေမှန်း မသိသော်လည်း.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းကဘယ်သူမို့လို့ ငါတို့ကိစ္စထဲဝင်ပါရတာလဲ.."

"ယစ်မျှူးရဲ့အဒေါ် ဒီထိလာပြောလို့ရရင် ကျွန်မကလမင်းရဲ့မရီး.."

ဒေါ်မမသွင်ရဲ့အကြည့်တွေက ဖြူနုနုမျက်နှာသွယ်သွယ်လေးနှင့် ချစ်ဆီတန်းရောက်သွားသည်။ ပြီးတော့ စူးရဲသည့်မျက်လုံးတွေနှင့် ဒေါင်း နီဆီ မယုံနိုင်သလိုပြန်ကြည့်ကာ.. ။

"ငါကတစ်ယောက်တည်းလာခဲ့တာ ဟုတ်ပါတယ်..ဒီလိုဝိုင်းဝန်း ထောက်ခံကြမယ်ဆိုတာလည်း သိတယ်၊ ဒါပေမယ့် ခုပြောနေကြတာ မိန်းမသားတွေချည်းပဲနော်..ကျွန်မကလည်း ပျက်စီးနစ်နာခဲ့တဲ့မိန်းမတစ် ယောက်အတွက် တာဝန်ယူဖို့လာပြောတဲ့သူ၊ အထူးသဖြင့် ရှင်ကခေါင်း ဆောင်ပီပီ တရားနည်းလမ်းကျကျ.."

"နေပါဦး.."

ဒေါင်းနီက ဒေါ်သင်းသင်းကိုပဲ ရည်ရွယ်နေသည့် ဒေါ်မမသွင်ရဲ့ စကားကို ဖြတ်တောက်ပစ်လိုက်ပြီး.. ။

"ရှင်ပြောနေသမျှ မိန်းမသားချင်းဆိုတာ မိုးမွှန်နေပါလား..အမျိုး သမီးရေးရာဥက္ကဋ္ဌဖြစ်နေတာနဲ့ နှစ်ဦးနှစ်ဖက်မကြည့်ဘဲ မိန်းမချင်းဘက် က ရပ်တည်ပေးရမှာလား.."

"ဒီလိုကိစ္စဖြစ်လာရင် မိန်းမသားတွေဘက်မှာပဲ နစ်နာကြတာပါ.. ယောကျ်ားတွေကတော့ နေချင်သလိုနေ၊ ကြိုက်သလောက်လွတ်လပ်စမ်း ..သူတို့မှာပဲ ဒီအခွင့်အရေးတွေရှိနေကြတာ၊ ဘယ့်နှယ့်ကြောင့် မစားနှ နိုင်ရတာလဲ..ညည်းလည်း မိန်းမတစ်ယောက်ပဲ.."

"ဟုတ်တယ်..ကျွန်မကမိန်းမ၊ ကျွန်မအမေ ကျွန်မအဘွားအားလုံး မိန်းမတွေပဲ..ဒါပေမယ့် အဘွားကနေ အမေ့ကိုဆုံးမခဲ့တယ်၊ အမေက ကျွန်မကိုဆုံးမတယ်..ကျွန်မကကျွန်မညီမကို ဆုံးမထားတယ်၊ ကျွန်မတို့ က မိန်းမတို့ရဲ့ဂုဏ်ကျက်သရေကို ထိန်းသိမ်းခဲ့တဲ့မိန်းမအမျိုးအစားတွေ ပဲ.."

ဒေါင်းနီမျက်နှာလေးက မာန်မာနနှင့်ဒေါသစိတ်တို့ကြောင့် နီရဲနေ ကာ.. ။

"အဲ့ဒါကြောင့် မိန်းမဖြစ်ပြီး မိန်းမတန်ဖိုးကိုမစောင့်ထိန်းတတ်တဲ့



မိန်းမမျိုးတွေကို ရှုပ်ချတယ်..မိန်းမချင်းကဲ့ရယ်တာ မဟုတ်ဘူး၊ ကိုယ့်မှာ လုပ်ပိုင်ခွင့်ရှိရင် အဲ့ဒီလိုမိန်းမအမျိုးအစားတွေကို ထုတ်နှုတ်အပြစ်ပေး ချင်သေးတယ်..ဒါပေမယ့် အဲ့ဒါက မိန်းမသားအားလုံးအတွက်ပဲ၊ မိန်းမ တွေဆိုပြီး သိမ်းကျုံးပုတ်ခတ်ခံနေရတာတွေ ကွဲပြားမှုဖြစ်မယ်.."

အားလုံးသည် တိတ်ဆိတ်နေခဲ့လျက်.. ။

"အန်တီ့သမီးနစ်နာတာတွေကို လာရွတ်နေမယ့်အစား အဲ့ဒီလိုနစ် နာအောင် ဘယ်လိုအနေအထိုင် မတတ်ခဲ့တာလဲလို့ သူ့ကိုပဲပြန်မေးလိုက် မယ်..ယောကျ်ားလေးတစ်ယောက်ကို ချစ်မိခဲ့ရင်တောင် အများကြီးစဉ်း စားရတယ်၊ ဘဝကိုပုံအပ်ပြီး ခွင့်ပြုဖို့ထိဆိုတာ.."

"ဟော့..တိတ်စမ်း.."

ဒေါ်မမသွင်ဆတ်ခနဲထရပ်လိုက်ရင်း ဒေါင်းနီကိုလက်ညှိုးငေါက် ငေါက်ထိုးထားကာ.. ။

"အဲ့လိုတွေဖြစ်လာအောင် သူ့ကိုယ်သူလူပျိုပါလို့ ညာဝါးဖြားယောင်း ခဲ့တာ မင်းရဲ့မတ်.."

"မညာပါဘူး..သူတို့စသိတည်းက လမင်းမှာမိန်းမရှိမှန်း ရှင့်တူမသိ တယ်.."

"နေစမ်းပါဦး..ညည်းက သူများအတွင်းရေးတွေ ခရေစေ့တွင်းကျသိ နေသလိုကြီးပါလား၊ ဒီလိုကိစ္စအထိသိနေတယ်ဆိုတာ အရမ်းအံ့သြဖို့ ကောင်းနေပြီ.."

ပခုံးတွေတွန့် လက်တွေဖြန့်ပြီး ရိထေ့ပြောလိုက်သည့်ဟန်ကြောင့် ဒေါင်းနီမျက်နှာ ရဲခနဲဖြစ်သွားသည်။ သို့သော် ပက်ခနဲပြန်မပြောဘဲ ခပ် မဲ့မဲ့ပြုံး၍.. ။

"အန်တီသိနေတဲ့ ခရေစေ့တွင်းကျတွေကို ကျွန်မကဖြေရှင်းဖို့ ကြိုး စားနေတာပါ.."

ဒေါ်မမသွင် အပြုံးတွေပျောက်ကွယ်သွားသည်။

"ဒါပေမယ့် အန်တီဘယ်လိုကြောင့် ခရေစေ့တွင်းကျသိနေတယ်ဆို တာ ကျွန်မမအံ့သြပါဘူး..စိတ်လည်းမဝင်စားဘူး၊ အန်တီပြောတာမှန်သ လား..ကျွန်မတို့သိထားတာ မှန်သလားဆိုတာ အမျိုးရှေ့မှာ အတိအကျ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်ချင်တယ်ဆိုရင် အန်တီကြိုက်တဲ့နေရာမှာ ရင်ဆိုင်ပါ.."

"ရင်ဆိုင်မယ်..ဒီကိစ္စက အရှင်းကြီးပဲ၊ ဒီမှာဒေါ်သင်းသင်းခက် ရှင် နဲ့ကျွန်မပဲ ဒါကိုဆုံးဖြတ်ရမှာ..သူများတွေ ပါဝင်ပြောဆိုနေတာကို ဘာ လို့အားကိုးနေတာလဲ.."

"ကျွန်မပြောမယ့်စကားတွေ ပြောနေတာမို့လို့ပါ..ပြီးတော့ သူက ကျွန်မချွေးမရဲ့အစ်မရင်း၊ သူ့ညီမယောက်ျားကို ဝေစုခွဲနေတဲ့ကိစ္စ သူ လည်းဖြေရှင်းခွင့်ရှိတယ်.."

ရန့်နဲ့ခွန်းတို့ မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ နှစ်ယောက်စ လုံး ဒေါင်းနီကိုလှမ်းကြည့်ကြ၏။ ဒေါင်းနီက ဘာမှမသိ။ ဒေါ်မမသွင် ကိုသာ မမိုတ်မသုန်သောမျက်လုံးတို့ဖြင့် ကြည့်နေခဲ့လျက်.. ၊

"လမင်းကို ကျွန်မနဲ့ပေးတွေ့ပါ..မတွေ့ဘူးဆိုရင်တော့ ရှင်တို့မရှိ သားတာပဲ.."

"မရှိးသာတာက ကျွန်မတို့မဟုတ်ဘူးဒေါ်မမသွင်..ဘာသေချာမှု မရှိ ဘယ်သူမှလည်း အသိအမှတ်မပြုဘဲ ဇနီးမယားရှိနေတဲ့ ယောက်ျား လေးတစ်ယောက်ကို ငြိစွန်းတဲ့အထိ လိုက်လျောရဲတာကမှ မရှိုးသားတာ အခု သားငယ်ကိုမတွေ့ရဘူးဆိုရင် ရှင်ဘာလုပ်မလဲ.."

"ရှင်းပါတယ်..ဒီလိုတာဝန်မယူနိုင်ဘူးဆိုရင်တော့ ကျွန်မတို့ကျေနပ် တဲ့အထိ နစ်နာကြေးပေးရလိမ့်မယ်.."

"လမင်းကနစ်နာအောင်လုပ်ခဲ့တာ အန်တီတို့အားလုံးကိုလား.."

"ဘာပြောတယ်.."

"ယစ်မူးဆိုရင် ယစ်မူးပဲလာပါစေ..သူကိုယ်တိုင်လာရင် လမင်းနဲ့ ပေးတွေ့မယ်.."

ချစ်မျက်နှာပျက်သွားသည်။ ဒေါ်သင်းသင်းလည်း ချစ်ကိုလှမ်းကြည့် ၏။ ဒီလိုမိန်းမတွေနဲ့ လမင်းကိုပေးမတွေ့နိုင်ပေ.. ၊

"မင်းဆိုရင်ရော မင်းကိုစော်ကားသွားတဲ့လူရဲ့မိသားစုဆီမှာ ဘယ်လို နစ်နာပါတယ်လို့ ကိုယ်တိုင်သွားပြောမလား.."

"ဘယ်ပြောမလဲ.."

ဒေါင်းနီက တစ်ထပ်တည်းအဖြေပေးကာ.. ၊



"ကျွန်မက မိန်းမတို့ရဲ့ဂုဏ်ကျက်သရေကို ထိန်းသိမ်းတဲ့မိန်းမမျိုး.."

ကိုယ့်စကားနဲ့ကိုယ် တုပ်နှောင်ခံလိုက်ရသဖြင့် ဒေါ်မမသွင်အံကြိတ် သည်။

"ထိခိုက်နစ်နာပြီဆိုမှ နစ်နာကြေးပြေးတောင်းမယ့်အစား ကိုယ့်ဘဝ ကိုယ် ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ကြေးထပ်လို့မရအောင် တန်ဖိုးရှိရှိနေတယ်.. အဲ့ဒါကြောင့် နစ်နာကြေးလာတောင်းတဲ့မိန်းမတွေကို မစာနာတတ်ဘူး.."

"တောက်.."

"ယောက်ျားဘယ်လိုယုတ်မာနေနေ ဘယ်လိုပလီပလာ ဉာဏ်နီ ဉာဏ်နက်တွေသုံးသုံး..ယောက်ျားက ယောက်ျားအလုပ်လုပ်မှာပဲ..မိန်းမ က မိန်းမပီသနေဖို့ပဲလိုတာ.."

"ဩော..ယောက်ျားတွေက လူတော်လူကောင်းလေးတွေပေါ့..ဒါဆို မှဒိန်းကျင့်ခံရတဲ့ မိန်းမတွေကျတော့ရော.."

"ကျွန်မတို့ပြောနေတာ ချစ်ကြိုက်မှားယွင်းကြတဲ့ ဆက်စပ်ကိစ္စတွေ ပါ..ကာမအကြမ်းဖက်မှုတွေ မဟုတ်ဘူး၊ မိန်းကလေးတွေမှာလည်း သူ့ တန်ဖိုးနဲ့သူရှိသလို ယောက်ျားတွေလည်း လူဆိုးလူကောင်းရှိတယ်..ကျွန်မ က မိန်းမသားဖြစ်တဲ့အတွက် မိန်းမတိုင်းကို ထိန်းသိမ်းတတ်စေချင်တာ၊ ယောက်ျား ဘယ်နှစ်မျိုးထပ်ရှိရှိ ကျွန်မနဲ့မဆိုင်ဘူး.."

"ငါကလည်း ဘယ်ယောက်ျား ဘယ်မိန်းမမှ စိတ်မဝင်စားဘူး..ငါ့ ကူမအတွက်ပဲ.."

"ဒါဆိုလုပ်ပါ..ကျွန်မတို့ဘက်မှာ လမင်းမလိမ်ညာခဲ့ဘူးဆိုတာ သက်သေတွေရှိတယ်၊ လိုအပ်လာရင် ထပ်ပြနိုင်တာတွေလည်း ရှိသေး တယ်..လူကိုဖြစ်ဖြစ် ငွေကိုဖြစ်ဖြစ် လိုချင်ရင် ဒေါ်မမသွင်ကြိုးစားကြည့် လိုက်လေ.."

ဒေါ်သင်းသင်းက အေးဆေးတည်ငြိမ်စွာ ပြောလိုက်ပြီး.. ၊

"ထူးလည်းမထူးတော့ပါဘူး..ပြဿနာဖြစ်လာရင်တော့ ရှင်းကြရ မှာပဲ၊ ရှင်လည်းဒီထိတောင် လာခဲ့ရတာဆိုတော့ ကျွန်မကသားရှင်ပေ မယ်.."

"ရှင်ကပျော့ပျော့လေးပြောပြီး သားရှင်မို့ဂရုစိုက်တာတွေ ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာလားဒေါ်သင်းသင်းခက်.."

ဒေါ်သင်းသင်းက မိန့်မိန့်ကြီးခေါင်းခါရင်း ပြုံးကာ.. ၊

"လုံးဝမဟုတ်ပါဘူး..ဒါပေမယ့် ကျွန်မသားလိမ်လည်လှည့်ဖြ
ယုတ်မာတဲ့အထိတော့ မဖြစ်နိုင်ဘူးဆိုတာ ယုံကြည်တယ်..ကျန်တဲ့အပို
ကတော့ ဖြစ်သင့်တဲ့အတိုင်းဖြစ်သွားမှာပါ.."

တကယ်တော့ ဒေါင်းနီပြောသွားမှသာ သိရပေမယ့် လမင်းတို့
တွေကို ဒေါ်သင်းသင်းသေချာမသိခဲ့ပေ။ ဒေါင်းနီချက်ချင်းရောက်
တည်းက ချစ်ဖုန်းဆက်ပြီး ပြောပြလိုက်ပြီဆိုတာ သိသည်။ ဒေါင်းနီ
သမျှ ချစ်ပြောတာပဲဆိုတာရယ် ချစ်ကိုလမင်းပြောပြခဲ့တာပဲလို့ ယုံကြ
ခဲ့တာဖြစ်၏။

ပြဿနာကို လင်နဲ့မယားအကုန်အစင်ဖွင့်ပြောထားသည်ဆိုတ
က လမင်းဟိုမိန်းကလေးကို စွဲလမ်းနှစ်သက်ခဲ့တာ မဟုတ်မှန်းလ
တွက်မိလိုက်သည်။ ညတည်းက ဖုန်းတွေဆက်၍ ကြိမ်းလားမောင်းလ
လုပ်နေခဲ့သည့် ဒေါ်မမသွင်တို့ကို စိတ်အချဉ်ပေါက်မိတာလည်း ပါက

ဒေါင်းနီကိုလည်း ကျေးဇူးတင်လေးစားသွားခဲ့သည်။ အစက
သူမပြောနေသမျှ စကားလုံးတိုင်းက ကိုယ့်ကိုပစ်မှန်နေသလို မျက်နှာ
ပူ နေရခက်နေခဲ့လျက် တကယ်တမ်း သူမစိတ်ရင်းမှန်ကို ခန့်မှန်းမိ
တော့ ကျေနပ်သွားမိသည်။ ကိုယ့်သမီးအတွက် ပြောခဲ့တုန်းက စကား
အတွက်ပါ ကျေးဇူးတင်မိ၏။

*မိန်းမမှန်ရင် မိမိတန်ဖိုးကို မိမိထိန်းသိမ်းထားနိုင်ရမည်၊*
*မိန်းမသားသည် နှစ်နာတဲ့ဘက်ကလို့ တွေးနေမယ့်အစား*
*ထိခိုက်နစ်နာမှုတွေနဲ့ ကြုံလာကာမှ ရင်ထုငိုကြွေးနေမယ့်အစား*
*မိမိကိုယ်ကို မထိခိုက်မငြိစွန်းအောင် ထိန်းသိမ်းဖို့က မိမိတာဝန်သာ..*
*ဖက်ပေါ်ကျသည်ဖြစ်စေ ဆူးပေါ်ကျသည်ဖြစ်စေ*
*ဖက်သာပေါက်သည် မှန်သော်လည်း*
*မိန်းမသည် ဖက်တစ်ရွက်မဟုတ်.. ၊*

အခန်း(၂၈)

ကြားရသည့်စကားအတွက် ရင်ထဲမှာဖြစ်လာသည့် ဝမ်းသာခြင်း
ကို ဘယ်လိုစာဖွဲ့ပြရမှန်းတောင်မသိ။ ချစ်ရဲ့ဘဝလေးကို အဲ့ဒီလိုမြင်ချင်
ချင်ခဲ့တာပါ။ စိတ်ထားနူးညံ့လွန်းပြီး ဘယ်သူ့အပေါ်မှ အတိုက်အခံ
လိုစိတ်မရှိသော ချစ်ရဲ့စိတ်ကိုသိနေသဖြင့် ဘယ်မှာဖြစ်ဖြစ် စိတ်မချ
နိုင်ခဲ့.. ၊

ခုတော့ လမင်းနဲ့ချစ်တို့အတွက် စီးပွားခွဲပေးမည်။ လမင်းကိုဘယ်မှ
သွားစေတော့ဘဲ အိုးမကွာအိမ်မကွာ လုပ်ငန်းစီးပွားဖြစ်ရမည်တဲ့.. ၊

"သူ့အစ်ကိုကလည်း အဝေးပြေးလိုင်းမှာ ကားထောင်မယ်ဆိုတော့
ဒီကားလုပ်ငန်းကိုရော ခရီးသွားနဲ့ဆက်စပ်မှုရှိတဲ့ လုပ်ငန်းပါတွဲပေး
မယ်.."

"မေမေကလည်း ကိုကြီးကသူ့လုပ်ငန်းအတွက် ပလန်အကြီးကြီးချ
ထားပြီးသားကို သေချာပြောပြလိုက်ပါ.."

ရုန့်ကဝင်ပြောပြီး လမင်းရဲ့လက်မောင်းကိုဖက်ပြီး ရယ်ကာ.. ၊

"ကိုလေးတို့လင်မယားပွပြီသိလား..ကိုကြီးက သူပလန်ချထားတဲ့
အတိုင်း ဆက်လုပ်မှာ၊ ဒါပေမယ့် လုပ်ငန်းအကုန်လုံးကို ကိုလေးတို့ကို
ခွဲပေးမှာတဲ့.."

လမင်းက အံ့သြဝမ်းသာကြီးဖြစ်နေသည့် မျက်နှာနှင့်..

"ကိုကြီးကို မေမေကငွေပြန်အမ်းရမှာပေါ့.."

"ဘာလို့အမ်းရမှာလဲ..ကားတွေမှာထားတဲ့အ... မင်းကိုသပ်

www.burmeseclassic.com

www.burmeseclassic.com



သပ် လက်ဖွဲ့မှာတဲ့၊ ကျန်တဲ့ပလန်တွေကိုတော့ မေမေကအကောင်အထည် ဖော်ရမှာ..သူ့အိုင်ဒီယာကို လွှဲပြောင်းယူရာတော့ ကျမှာပေါ့.."

ဒေါ်သင်းသင်းက စားပွဲပေါ်မှာချခင်းထားသည့် အဆောက်အဦးပုံ စံငယ်လေးကို အားလုံးမြင်သာအောင် ထပ်ကိုင်ပြလိုက်ပြီး.. ၊

"ဒါမင်းတို့ကိုကြီး ကိုယ်တိုင်ဆွဲထားတဲ့ဒီဇိုင်းပဲ.."

ခွန်းမှလွဲ၍ အားလုံးရှိနေကြကာ 'အန်တီခေါ်ခိုင်းသည်လာပါဦး'လို့ ချစ်ကဖုန်းဆက်ထားသဖြင့် ဒေါင်းနီလာခဲ့ရသည်။ သူတို့မိသားစုတွေ ပျော်ရွှင်ကြည်နူးဖွယ် တိုင်ပင်နေကြသည့်အထဲမှာ ကိုယ့်အကြောင်းမပါ ဘဲ နေရခက်နေခဲ့၏။

"ဒီမှာကားကြီးဂိတ်လေ..တံတားကြီးထိပ်ကနေ တောင်ဘက်ခြမ်း မှာပေါ့၊ လမ်းမဘက်က သားငယ်တို့ကားဂိတ်..ကျောနောက်မှာ 'လမင်း resort'ရှိမယ်.."

"ကျောနောက်မှာ.."

"ဟုတ်တယ်..ဒါမှအပန်းဖြေ ဘန်ဂလိုတွေနဲ့ အရမ်းလှတဲ့ရက် ဆော့တ်လေးဖြစ်မှာပေါ့၊ တံတားရဲ့ထိပ်နှစ်ဖက်စလုံးမှာ 'လမင်းresort' ရှိမှာ..တံတားကြီးနဲ့အပြိုင် တံတားလေးထိုးရမယ်၊ အဲ့ဒီတံတားမှာ ပန်းပင် အလှတွေ မီးအလှတွေနဲ့လေ.."

"ဟား.."

လမင်းဘယ်လိုမှ မယုံနိုင်အောင်ဖြစ်နေရကာ အံ့သြသည့်အပြင် ဝမ်း သာတာရော စုပြုံခံစားနေရကာ.. ၊

"လုံးဝဂွတ်ဒ်တဲ့ အိုင်ဒီယာပဲ..ကိုကြီးက အဲ့လောက်ထိစီစဉ်ထားပြီ မှ ကျွန်တော့်ကိုပေးမယ်.."

"ညီအစ်ကိုတွေပဲသားငယ်ရယ်..မင်းလည်း လက်ဝေခံယူရတာကို ကျေနပ်မနေနဲ့..ကိုကြီးလိုတော်အောင်ကြိုးစား၊ ခရီးမသွားရဘူး..ကား လုပ်ငန်းလုပ်ပေမယ့် ကားနဲ့မလိုက်ရဘူး.."

"မလိုအပ်ဘဲ မလိုက်ရဘူးလုပ်ပါမေမေရာ..တစ်ခါတလေအုံနာလိုက် မှ ဖြစ်တဲ့ကိစ္စတွေလည်း ရှိတဲ့ဥစ္စာ.."

ဒေါ်သင်းသင်းက သားကိုချစ်စနိုးကြည့်၍ မဲ့ကာ.. ၊



"အေး..မင်းပုံစံကိုမပြင်ရင်တော့ လုပ်ငန်းအားလုံးကို အချိန်မရွေး ပြန်သိမ်းမှာ..တစ်ခုတော့ ရှိတယ်.."

ဒေါ်သင်းသင်းက ချစ်ကိုလှမ်းကြည့်ပြီး ပြုံး၍.. ၊

"ငါ့မြေးလေးရှိရင်တော့ ဖအေကဆိုးပေမယ့် မြေးကိုပြန်လွှဲရတာ ပေါ့.."

"ဟာ..ဒါဆိုအဆင်ပြေတယ်ချစ်၊ မောင်တို့မြန်မြန်မွေးဖို့လိုပြီ.."

လမင်းအသည်းအသန်ပြောတော့ အားလုံးရယ်မိကြသည်။ ရန့်က စားပွဲဘေးမှာ မတ်တပ်ရပ်ငုံ့ကြည့်ရင်း.. ၊

"ဒါဆိုဒီတံတားလေးက ဒီဘက်ချောင်းစပ်ကနေ နွယ်တမယ်ချောင်း စပ်အထိပေါ်နေ့ာ်.."

"အေးလေ..ညည်းအစ်ကိုဆွဲထားတဲ့ တံတားလေးမလှဘူးလား၊ ည နေခင်းနဲ့ညဘက်ဆို သဲသောင်အလှနဲ့ တံတားမှာအလှဆင်ထားတာတွေ နဲ့ ဘယ်လောက်လှလိုက်မလဲ.."

"ဟုတ်ပ..ကြိုးတံတားလေးဆို ပိုတောင်လှဦးမှာ.."

"ကြိုးတံတားကျတော့ ပင်လယ်စာတွေဘာတွေ တံတားပေါ်စားပြီး အပန်းဖြေလို့ မရတော့ဘူးလေ..တံတားတစ်ချိုးစီမှာ စားပွဲလေးတွေ သွင်း ပို့ တမင်ပုံစံချထားတာ မတွေ့ဘူးလား၊ ဒါက လမင်းရက်ဆော့တ်လာတဲ့ ဧည့်သည်တွေအတွက် အထူးသီးသန့်အပန်းဖြေနေရာလေ.."

"သိတယ်..ရန်ကုန်မှာကန်တော်ကြီးတို့ စိမ်းလန်းစိုပြေတို့ ရွှေပြည် တို့လိုမျိုး အဟွန်း..အရမ်းလှနေမှာပဲ၊ အဲ့ဒီတည်းခိုဖို့ ဘန်ဂလိုလေးတွေ တံတားထိပ်တစ်ဖက်မှာ ဘယ်နှစ်လုံးတောင်လဲ.."

ဟုပြောရင်း လက်လေးထောက်ပြီး ရေတွက်နေကာ.. ၊

"တစ်ဖက်ဆယ်တစ်လုံးစီတောင်.."

"ဟုတ်တယ်..လုံးချင်းသေးသေးလေးတွေကို ဝရန်တာလှလှလေး တွေနဲ့ သစ်တောထဲရောက်နေသလို ဆင်မှာ၊ မျက်နှာစာတွေက ချောင်း ဘက်ကို မျက်နှာမူပြီး ခြေတံရှည်လေးတွေ ဆောက်မှာဆိုတော့ ချောင်း မှာရေရှိလည်းလှ မရှိတဲ့အချိန်လည်း လှမှာပဲ..တို့ချောင်းကြီးက အကျယ် ကြီးကို.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..တံတားပေါ်မှာပဲ ကိုကြီးထားတဲ့အကွာအဝေးနဲ့ စားပွဲရှစ်လုံးက အရမ်းကွာနေသေးတယ်၊ ဆယ်လုံးကျော်လောက် အသာလေးထည့်လို့ရတဲ့ဟာ..ဆင်ဖြူကျွန်းလောက် ကုန်သည်ပွဲစားပေါပြီး အချက်အချာကျတဲ့နေရာကို ဒီလိုအေးဆေးနားဖို့ နေရာလေးသာရှိရင် နောက်ဆိုအရမ်းတွင်ကျယ်လာမှာ.."

ရန့်ကပြောနေရင်း ချစ်ကိုသတိရသွားကာ.. ။

"ယောက်မ ဘာလို့ငြိမ်နေတာလဲ..ဝမ်းသာလုံးဆို့နေတာလား၊ ဒါမှမဟုတ် ကိုလေးမလိမ္မာရင်တော့ ဒါတွေပြန်သိမ်းခံရတော့မှာပဲလို့တွေးပြီး ကလေးမြန်မြန်မွေးဖို့ ကြိတ်ကြံနေတာလား.."

"တယ်..ဒီကောင်မလေး၊ ဒါ နင်ပြောစရာလား.."

လမင်းက လက်ကြီးရွယ်လိုက်တော့ ရန့်ကလက်လေးကာပြီးရယ်ကာ.. ။

"ကိုလေးမိန်းမကိုကြည့်ပါလား..အများကြီးတစ်ခါတည်းရမှာကို သွက်သွက်လက်လက်မှ မရှိတာ.."

"မဟုတ်ပါဘူးရန့်ရယ်..ငါအိပ်မက်များ မက်နေသလားလို့ပါ၊ နောက်ပြီး.."

ချစ်က ဒေါ်သင်းသင်းကိုကြည့်လိုက်ရင်း.. ။

"အိမ်မှာ အရမ်းအလုပ်များတာလေ..ကုန်လှောင်ရုံတွေနဲ့ အလုပ်သမားကိစ္စတွေနဲ့ တကယ်ဆိုစီးပွားခွဲစရာမှ မလိုတာကို.."

ဒေါ်သင်းသင်းမျက်နှာကြီး ပြုံးအီသွားသည်။ သူမတစ်ယောက်တည်း ကျန်ခဲ့မှာကို ချစ်ကစိတ်မဖြောင့်ဖြစ်နေမှန်းသိလိုက်သဖြင့် ရင်ထဲမှာနွေးသွားသည်။ စေတနာမေတ္တာဆိုတာ ပိုက်ဆံချမ်းသာတိုင်း ဝယ်ယူလို့မရ.. ။

အရှိန်အဝါနဲ့ခြိမ်းခြောက်တိုင်းလို့လည်း မရနိုင်ပေ။ ဘာပဲဖြစ်ဖြစ် သူမကံကောင်းသည်ပဲလို့တွေးရင်း ပီတိအဟုန်ဖြင့် ပြုံးနေခဲ့မိလျက်.. ။

"ဒီအလုပ်တွေက သားတို့ငယ်ငယ်တည်းက အမေလုပ်လာခဲ့တာပါ..ဆုတ်ယုတ်သွားလို့ ဆင်းရဲပင်ပန်းတာထက် တိုးပွားလာလို့ ပင်ပန်းရတာ ပျော်တောင်ပျော်ပါသေးတယ်၊ နောက်ပြီး အမေ့သားသမီးတွေက မိဘကို



ပစ်ထားကြမှာမှ မဟုတ်တာ.."

"မေမေကဖြင့် လုပ်လို့ကိုင်လို့ကောင်းတုန်း အလတ်ကြီးရှိပါသေးတယ်နော်..ဘာမှမဟုတ်ဘူး မေမေ့ချွေးမ မေမေ့ကိုချွဲနေတာ၊ အိမ်ထောင်ခွဲခါနီး အချစ်တွေတိုးအောင်လို့.."

ရန့်ကလက်ညှိုးထိုးပြီး ထောင်ပေးတော့ အားလုံးရယ်မိကြပြန်သည် ဒေါင်းနီခပ်လှမ်းလှမ်းမှာ ထိုင်နေရာကနေ ထရပ်လိုက်ကာ.. ။

"အန်တီ..ကျွန်မပြန်မယ်နော်၊ ကလေးထမင်းစားချိန် ဝင်တွေ့လိုက်ချင်လို့.."

"သြော်..စကားကောင်းနေလို့ မပြောဖြစ်တာ၊ ညည်းကိုခေါ်ခိုင်းလိုက်တာလည်း ဝမ်းသာစရာသတင်း ပြောစရာရှိလို့ပါ..ပြန်ထိုင်ဦးခဏ.."

ထိုင်ဆိုတော့ ထိုင်လိုက်ရသည်။ ဒေါ်သင်းသင်းမျက်နှာပေါ်မှာ ဟိုအရင်ရှိခဲ့ဖူးသည့် မပြေလည်မှုတွေ ဘာမှမရှိခဲ့ဘဲ.. ။

"ညည်းကိုလည်း ကျေးဇူးတင်ပါတယ်..ညည်းညီမကြောင့် ပြေလာတာပေမယ့် ချက်ချက်ချာချာပြောဆို ဖြေရှင်းသွားနိုင်တယ်၊ အဲ့ဒါတွေကြောင့် သားငယ်ကိစ္စကို နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခဲ့တာပါ..နောက်ပြီး ကလေးတစ်ဖက်နဲ့ ညည်းဒုက္ခများနေတာကို အစတည်းက စိတ်မကောင်းဖြစ်ခဲ့မိတာ.."

ဒါကမှသားမပါသည့်စကားပါ။ သားကြီးနဲ့သာ ပတ်သက်ခဲ့ဖူးခြင်းမရှိခဲ့ရင် ဒေါင်းနီကိုဒေါ်သင်းသင်းက ချစ်ပြီးသားပင်။ ခုလည်း သားနဲ့ကိစ္စကိုတော့ ခွင့်မပြုနိုင်ပေမယ့် အပြစ်မဲ့တဲ့သူကို ကိုယ့်အတွက်နဲ့ ဖယ်ကျဉ်မထားချင်တော့တာမို့.. ။

"သိမ့်ချစ်လည်း သူ့အဆင်ပြေနေပြီး အစ်မလုပ်တဲ့သူ ဒုက္ခများနေရင် စိတ်ကောင်းမှာမဟုတ်ဘူး..အဲ့ဒါကြောင့် သူတို့အိမ်ထောင်ခွဲလုပ်ငန်း[illegible]တာနဲ့ ညည်းက အဲ့ဒီအလုပ်မှာ မန်နေဂျာအဖြစ် လိုက်ပါရမယ်..အမိန့်ပေးနေတာမဟုတ်ဘူး၊ ညည်းတို့ညီအစ်မ အတူတူရှိနေပြီး [illegible]အဆင်ပြေသွားဖို့.."

"လာပြန်ပြီတစ်ယောက်..မျက်လုံးကြီးပြူးပြီး [illegible]သာတယ်လည်းမပြော ခေါင်းလည်းမခါ.."

www.burmeseclassic.com

www.burmeseclassic.com



ရန့်က နှာခေါင်းလေးရှုံ့တွတွနှင့်ပြောကာ.. ၊

"မေမေက 'လမင်းရက်ဆော့တ်'မှာရော ကားလုပ်ငန်းမှာပါ ဝိုင်း စေချင်တာ..သူ့သားနဲ့ချွေးမကို ဒေါင်းနီကထိန်းမတ်ပေးနိုင်မှာပဲတဲ့၊ ဘ လိုလဲ.."

"အရမ်းကျေးဇူးတင်ပါတယ်လို့ အရင်ပြောရမှာပါ..ကျွန်မကပ လည်းမတတ်ပါဘူး၊ အသိုင်းအဝိုင်းလည်း မရှိဘဲ ဒီလိုအဆင်ပြေမယ့် လုပ်ကို အိပ်မက်တောင်မမက်ရဲတဲ့သူပါ..ဒါပေမယ့်.."

"ငြင်းဖို့စိတ်မကူးနဲ့တော့ ဒေါင်းနီ..ညည်းက ငြင်းလိုက်ရင်ဒီလော မာနကြီးရလားဆိုပြီး ငါကမောင်းထုတ်ပစ်ရမှာ၊ ဒါပေမယ့် ညည်းလ ဒီလောက်ထိ မမိုက်သင့်သလို မရှိတဲ့လူရဲ့မာနကို ငါကပဲနားလည်ဖို့ စားပါ့မယ်..ငါပြောခဲ့ဖူးတာတွေကို မေ့လိုက်ပါ၊ ညည်းညီမရဲ့ဘေးမှ ရှိသင့်ဆုံးလူက ညည်းပဲ.."

လှမ်းကြည့်လိုက်တော့ ချစ်ကအသနားခံသလိုကြည့်နေလျက် နေသော်လည်း ငိုချင်နေသလိုမျိုး.. ၊

"အဲ့တော့ ညည်းမဖြေနဲ့တော့ ငါပဲပြောမယ်..အခု အဆောက်အ ကိစ္စ သတ်မှတ်လျာထားနေတုန်းမှာပဲ ဂိတ်ဝင်းသတ်မှတ်ထားတဲ့တို မှာ ညည်းတို့သွားနေရမယ်..တိုက်ဆိုပေမယ့် သိပ်တော့မကောင်းဘူး၊ ပေမယ့် ဆောက်လုပ်ရေးပစ္စည်းတွေက ရှိနေမှာဆိုတော့ စကတည် လူရှိနေရမှာ.."

စကားအများကြီးပြောနေရင်း စိတ်မရှည်တော့သလို ပင့်သက်ရှို လိုက်ကာ.. ၊

"လိုရင်းကတော့ ညည်းတို့သားအမိရဲ့ နေရေးထိုင်ရေးအတွက် ဆင်ပြေဖို့ပဲ..သားသမီးချင်းစာနာကြည့်လိုက်တော့ ငါ့ကြောင့်ညည် အဲ့ဒီရွာထဲရောက်သွားကြတာကို စိတ်မကောင်းဘူး၊ သမီးမိန်းကလေး ထားတဲ့အတွက် မိဘကနေထိုင်တဲ့နေရာ ရွေးချယ်တတ်ရတယ်..ည မှာက ရွေးချယ်ခွင့်မရှိတဲ့အချိန်မို့လား.."

ဒေါင်းနီဝမ်းသာလွန်းလို့ ဘာစကားနဲ့ကျေးဇူးတင်ရမှန်းတောင်

"အဲ့ဒါကြောင့် လုပ်ငန်းတွေလည်ပတ်ဖို့ လိုသေးပေမယ့် ခြံလုံ



ဲ့ အဆင်သင့်ရှိနေတဲ့အတွက် ညည်းတို့သားအမိပြောင်းနေလိုက်ပါ.. ကလေးကို ပရိက္ခရာကျောင်းမှာ ပြောင်းထားလိုက်ရင် အားလုံးအဆင်ပြေ သွားမှာ.."

သားကြီးကလည်း ရန်ကုန်ပြန်သွားဖို့ စီစဉ်နေပြီမို့ ရှိခဲ့တဲ့ခင်မင်စိတ် လေးနဲ့ ကူညီဖို့ဆုံးဖြတ်လိုက်တာဖြစ်သည်။ ထို့ပြင် ကလေးတစ်ဖက်နဲ့ နဲ့ဝေးသည့်ရွာငယ်လေးမှာ သွားနေရရှာတာကို ဥပေက္ခာထားဖို့ကြိုး ားခဲ့ပေမယ့် တစ်နေ့မှစိတ်မချမ်းသာခဲ့ပါ.. ၊

အစကနားလည်မှုလွဲခဲ့ကြသည်။ ခုတော့ နားလည်မှုရသွားခဲ့ပြီ.. ါပါပဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

"ဒါဆို မီးမီးတို့တိုက်ကြီးနဲ့ နေရတော့မှာပေါ့နော်.."

"အင်းပေါ့.."

"တီတီချစ်တို့ဆီမှာလို သံအိမ်လေးနဲ့လည်း မဟုတ်ဘဲနဲ့လား.."

"မဟုတ်ဘူး..ဒါပေမယ့် အင်း..အဆောက်အဦးတွေပြီးလို့ လုပ်ငန်း စရင်လည်း တိုက်ထဲမှာပဲနေမှာပါ.."

ဒေါင်းနီစဉ်းစားပြောနေတာကို အဖြေတစ်ခုခုပြောင်းတော့မလားလို့ စိုးရိမ်စွာ ငေးကြည့်နေသည့် ဥဒေါင်းမျက်နှာလေး အပြုံးတွေဝေသွား၏။

"မေမေ့ မီးမီးတို့က တီတီချစ်တို့နဲ့တူတူနေရမှာပေါ့.."

"ဟုတ်ပ.."

"မေမေလည်း မန်နေဂျာဖြစ်မှာပေါ့.."

"အင်းဆို.."

"မန်နေဂျာဆိုတာ ဘွားဘွားသင်းတို့အိမ်က ဘကြီးမြလိုပေါ့နော်.."

"ဟုတ်ပါတယ်ရှင့်.."

"ဟေး.."

လက်ခုပ်သေးသေးလေးကို အသံအတော်မြည်အောင်တီးကာ မအေ ဆပ်ပြာတိုက်ပေးနေသည်ကိုမေ့ပြီး တွန့်ခါခုန်ပေါက်နေ၏။

"မီးမီးရယ်..ငြိမ်ငြိမ်နေမှပေါ့၊ တော်ကြာ မေမေတို့နောက်ကျလို့ ဘာ မှမစားလိုက်ရဘဲ နေတော့မယ်.."

"ဟုတ်..မီးမီး မဆော့တော့ဘူး.."



လက်လေးနှစ်ဖက်ဆန့်ချပေးထားပြီး ရင်ဘက်လေးကော့နေအောင် ကြေးတွန်းခံရင်း.. ၊

"မေမေ့.."

"ဟင်း.."

"မေမေက ဆရာကြီးဖြစ်သွားပြီဆိုရင် ဆွဲကြိုးကြီးတွေ လက်ကောက် ကြီးတွေ ဝတ်ရတော့မှာပေါ့နော်.."

"ပိုက်ဆံတွေစုရမှာပေါ့သမီးရယ်..လစာပိုရပေမယ့် ရသလောက်သုံး နေလို ဘယ်ရမလဲ၊ သူများအလုပ်ဆိုတာ သူများကမကြည်ဖြူရင် မောင်း ထုတ်မှာပဲ..အဲ့ဒါကြောင့် 'လသာတုန်းဗိုင်းငင်'ရတယ်၊ အလုပ်ကောင်းနေ တုန်း ပိုက်ဆံစုထားရမယ်..အရင်းအနှီးရရင် ဘယ်သူ့အလုပ်မှမလုပ်ဘဲ ကိုယ်ပိုင်စီးပွားရေးလေး လုပ်ရမှာပေါ့.."

ကလေးလေးပေမယ့် ဒီသားအမိနှစ်ယောက်တည်းရှိတဲ့ဘဝမှာ ဝမ်း နည်းလာရင်လည်း သမီးလေးကိုပဲ ဖက်ငိုရသည်။ တက်ကြွပျော်ရွှင်ဖွယ် တွေ ရှိလာရင်လည်း သမီးလေးမေးသမျှ ဖြေနေရတာကို ပျော်ရွှင်နေမိ လေသည်။

"မီးမီးတို့ကြက်လေးတွေ ဘဲလေးတွေမွေးမယ်နော် မေမေနော်.."

"အင်း..သမီးတီတီချစ်က ခွင့်ပြုရင် မွေးရမှာပေါ့၊ ဟိုမှာခြံက ဘယ် လောက်ကျယ်မလဲမသိဘူး..ပြီးတော့ သတ္တဝါလေးတွေမွေးတယ်ဆိုတာ တစ်ရက်တည်း တစ်လတည်းနဲ့ ပြီးသွားမှာမဟုတ်ဘူးလေ.."

"ဒါဆို ပန်းပင်လေးတွေလည်း မစိုက်ရဘူးလား.."

"အဲ့ဒါက သမီးစိုက်ဖို့တောင်မလိုဘူး..မေမေတို့ မမြင်ဘူး မနမ်းဘူး တဲ့ပန်းတွေ အများကြီးပဲရောက်လာမှာ.."

"ဟေး.."

"ကဲ..ရေချါမယ်၊ သွေးပူလေ့ကျင့်ခန်းလုပ်..ပြီးရင် အပေါ်တက်မယ်.."

"ဟေး..မီးမီးတို့ သူဌေးဖြစ်တော့မယ်၊ တိုက်ကြီးနဲ့နေရတော့မယ်.. ယေ့.."

"သမီးရေ..မအော်နဲ့ဆိုမှ.."

ဘယ်ခြေညာလက်တန်း၍ သွေးပူလေ့ကျင့်ခန်းလုပ်တာကို အော်ချင်

www.burmeseclassic.com

www.burmeseclassic.com



ရာအော်နေသဖြင့် ဒေါင်းနီရယ်နေမိသည်။ ဒီအိမ်စပေါ်တင်ထားတာ တော့ လောလောဆယ်ပြန်တောင်းရဖို့မလွယ်ပါ။ ဒါပေမယ့် ကိစ္စမရှိ အရေးကြီးတာက မန်နေဂျာရာထူးနဲ့ မြို့လယ်ခေါင်မှာသီးသန့်ခမ်းနား နေရမည်။

သမီးလေးလည်း ပရိက္ခရာကျောင်းမှာ တက်ရတော့မည်။ ကိုယ့် ဆိုးရွားလှချေရဲ့လို့ အမြဲတမ်းကြေကွဲစွာ တွေးနေမိခဲ့သမျှ ခုတော့ ကောင်းခြင်းတွေက အိမ်မက်မက်သလိုပါလား။ ဒေါ်သင်းသင်း ကြောင့် စိတ်ကောင်းဝင်သွားခဲ့သည် မသိသော်လည်း သူမဘက်က ထက်ပိုပြီး အစစအရာရာစည်းကမ်းရှိဖို့ ကြိုးစားရမည်။

"မေမေ့ ဖုန်းလာနေတယ်..တီတီချစ်ခေါ်နေတာမေမေရဲ့၊ ပေး..မီး ဘာသာသွေးမယ်.."

"မသွေးထားနဲ့သမီး..သနပ်ခါးတုံးလိမ့်ပြီး လက်ထိသွားမယ်.."

ဖုန်းကိုယူပြီး သူမတစ်ဖက်ရွှေ့ထိုင်လိုက်ကာ.. ၊

"ချစ်..ပြောလေ.."

"မမတို့မလာသေးဘူးလား..ဒီမှာ ချစ်ဘာမှမလုပ်တတ်တော့ဘူး၊ တို့မောင်နှမ ဝယ်လာတာတွေချက်ရမှာ အများကြီးပဲ.."

"လာမယ်..လာမယ်၊ ငါအိမ်ရှင်နဲ့စကားပြောဖို့ စောင့်နေမိလို့ပါ"

"မမရယ်..အဲ့ဒီစပေါ်လေးကို ငှဲပြီးတော့များ ငါ့အစ်မကတကယ်"

"စပေါ်လေးပေမယ့် ပိုက်ဆံဆိုတာကြွေးအေးဖြစ်သွားရင် တော ခက်တယ်ဟ.."

"မမ.."

"ဟင်.."

"ညတုန်းက ကိုကြီးအရက်တွေ သောက်လာတယ်သိလား.."

ဒေါင်းနီအသံလေးတိတ်သွားသည်။ ပြီးမှ.. ၊

"သူဒီလိုပဲ သောက်တတ်တာပဲဟာ.."

"မကြာမကြာတော့ မဟုတ်ပါဘူးမမရယ်..နောက်ပြီး အမေ့ရှေ့ တစ်ခါမှ မသောက်ခဲ့ဖူးဘူးတဲ့.."

"အဲ့ဒါ ဘာတွေဖြစ်ကုန်ကြလို့လဲ.."



"ချစ်သေချာမသိပါဘူး..ဒါပေမယ့် အမေဆူနေတာတော့ ကြားတယ် ကိုကြီးရန်ကုန်ကို ပြန်ချင်ပုံမပေါ်တာ သိသာနေတာကို.."

"သူ့ဟာသူပြန်ဖို့လုပ်တာ မဟုတ်ဘူးလား.."

"မမ မသိပါဘူး..ကဲ ကဲ မြန်မြန်လာပါတော့၊ မမဒီမှာနေတုန်းတည်း က အားလုံးက မမလက်ရာကိုကြိုက်နေကြတာ..ခုလည်း မမဝင်ချက်မှာ ကို မျှော်လင့်နေကြတာ.."

"အေးပါ..တစ်သက်လုံး ငါကချက်ကျွေးနေမှာ မဟုတ်ဘူးဆိုတာ မှတ်ထားဦး၊ အခု ဟင်းအမယ်တွေအများကြီးချက်တုန်း တစ်ခါတည်း သင်ပေးမယ်.."

ပြောပြီး ရယ်လိုက်မိစဉ်.. ၊

"အား.."

"ဟင်..သမီး.."

ဖုန်းဘယ်လိုချလိုက်မိမှန်းမသိ။ ဥဒေါင်းဘက်ကိုလှည့်လိုက်တော့ လက်သန်းနဲ့လက်သူကြွယ်လေးတွေမှာ သွေးခြည်ဥလျက်.. ၊

"ဘယ်လိုလုပ်လိုက်တာလဲသမီး..မလုပ်ရဘူးလို့ မေမေတားရင် ဘာ လို့နားမထောင်တာလဲ.."

"နည်းနည်းနာသွားတာပါ..ဟီး ဘာမှမဖြစ်ဘူး.."

လိမ့်ထွက်သွားသည့် သနပ်ခါးတုံးကို လှမ်းကောက်လိုက်တော့ ဒေါင်းနီဒေါသထွက်သွားမိ၏။ မအေကိုကူညီချင်လို့ ဇွတ်ရှေ့တိုးခဲ့တာ တွေပါ။ ဒါပေမယ့် မလုပ်ရဘူးလို့ တားထားတာကို သမီးဂရုမစိုက်ပါ လားဆိုတဲ့ အတွေးကခေါင်းထဲကို အကြီးကြီးဝင်၏။

"မေမေ့ကိုလက်ပေး.."

"မီးမီးမနာပါဘူးဆို.."

"သမီး.."

ဒေါင်းနီ မျက်နှာကြီးတင်းနေတော့ ဥဒေါင်းမျက်နှာလေးငယ်သွား ကာ ညိုရဲသွားသည့်လက်ချောင်းလေးတွေကို ဖြန့်ကားပေး၏။

ဒေါင်းနီက ဆေးပြာလေးယူကာ လက်ထိပ်လေးတွေကို ဆွတ်ပေး နေစဉ်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မဒေါင်းနီ.."

"ရှင်..ဘယ်သူလဲမသိဘူး.."

"ကျွန်တော်ပါ.."

ငယ်နိုင့်အသံခပ်ချွဲချွဲကို သူမသိလိုက်သည်။ ကလေးကြောင့် စိတ် တိုနေခြင်းက မျက်မှောင်ကုတ်ခြင်းကို ဖြစ်စေလျက်.. ।

"ဘာလဲဟင်.."

ပြေပြစ်ဟန်နှင့် ပြောလိုက်သော်လည်း ဒေါင်းနီမျက်နှာက မကြည် လင်။ ငယ်နိုင်ကတော့ ဒေါင်းနီထွက်လာတာကို မြင်သည်နှင့် သွားရှိသ မျှပေါ်အောင် ပြုံးပြနေကာ.. ।

"မဒေါင်းနီတို့ အိမ်ရှေ့သွပ်တံန်းကျ ပြန်မိုးမလို့ဆိုလို့လေ.."

"အဲ့ဒါ ရှင်နဲ့ဘာဆိုင်လို့လဲ.."

"ဗျာ.."

"ဩော်..အဲ့ဒါ ဒေါ်ဌေးကိုပြောထားတာမို့လို့ပါ၊ ရှင်က ဦးလေးကျော် ရဲ့တူဆိုတော့.."

ငယ်နိုင်က အမှတ်မထားသော ရင်းနှီးသည့်အပြုံးနှင့် ခေါင်းညိတ် လိုက်ကာ.. ।

"ကျွန်တော်ပြောပါပကော..ကျွန်တော်ကဒီမှာ ကြီးပြင်းခဲ့တာပါဆို၊ ဒေါ်ဌေးကလည်း ကျွန်တော့်မိဘလိုပဲ..ဒီတစ်ကွက်လုံး ကျွန်တော့် ရပ်မိရပ် ဖတွေပါ၊ ဒေါ်ကြီးကလည်း ကိုကြီးသန်းအောင်တို့အနားမှာ မရှိကြတော့ ကျွန်တော့်ကိုမြင်တာနဲ့ အကုန်ခိုင်းတော့တာပဲ..ဒါနဲ့ ကျွန်တော်အိမ်ထဲ ခဏဝင်ကြည့်လို့ ရမလား.."

"ဘာအတွက်လဲ.."

"ရှေ့ပိုင်းမိုးရင် သက်ကယ်ဘယ်နှစ်ရာလောက်ကုန်မလဲ မှန်းကြည့် ချင်လို့..အဲ့ဒါက အောက်ကကြည့်မှ မှန်းလို့ရတာလေ.."

"အင်း..ဒါဆိုလည်း ဒီနေ့တော့ဝင်လို့မရဘူး၊ ကျွန်မတို့သွားစရာရှိ လို့.."

"ခဏ မိုးတိုးမတ်တပ်ရပ်ကြည့်ရုံပါ..ကျွန်တော်မထိုင်ပါဘူး.."

မိုးပြာရောင်နုနု အဖြူရစ်လေးတွေနဲ့ မြန်မာဝတ်စုံက ဒေါင်းနီရဲ့ကိုယ်



ပေါ်မှာ ကပ်ကပ်ချပ်ချပ်လေးရှိနေကာ သူမရဲ့ကိုယ်ခန္ဓာအလှမှာ ငယ်နိုင် သက်ရှူတွေမှားနေ၏။ ထို့ကြောင့် သူ့အမူအရာတွေသိသာနေတာကို လည်း ကိုယ်တိုင်သတိမထားမိဘဲ အထဲဝင်ဖို့သာ ခြေလှမ်းပြင်နေမိလျက်၊

"ရပါတယ်..ကလေးကျန်ခဲ့မှာမို့လား.."

"ကျွန်မသမီးကို ကျွန်မမျက်စိကွယ်ရာမှာ ဘယ်တုန်းကမှ လွှတ်မ ထားခဲ့ဘူး.."

"အာ..ဆောရီးပါဗျာ၊ မဒေါင်းနီအကြောင်းသိပါတယ်..ဟုတ်ပါပြီ၊ ဒါဆို မဒေါင်းနီတို့ပြန်လာမှ ကျွန်တော်လာကြည့်ပါမယ်.."

"ပြန်လာရင်လည်း အိမ်ပြင်ဖို့က အခုလောလောဆယ်လုပ်ဖြစ်မှာ မဟုတ်သေးပါဘူး..ကျွန်မကိုယ့်ငွေနဲ့ကိုယ်ပြင်ရမှာဆိုတော့ အဆင်ပြေ တဲ့ တစ်ရက်ရက်မှပဲလုပ်ဖြစ်မှာ.."

ကိုယ့်ဘာသာစကားဖြတ်ခဲ့ပြီး လှည့်ဝင်လာခဲ့မိသည်။ မြို့ထဲကို ပြောင်းတော့မှာလို့ တစ်ခွန်းတည်းပြောလိုက်လို့ရပေမယ့် ကိုယ်မပြောင်း သေးခင် လူမသိစေချင်ပေ.. ।

"မေမေ့.."

ဥဒေါင်းက ဆေးပြာဆွတ်ထားသည့်လက်လေးကို လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ထားကာ မအေရှေ့ပြေးလာပြီး.. ।

"မေမေ့ကို မီးမီးချစ်တယ်.."

ဟင်.. ।

လက်ဖျားချင်းဆုပ်ထားပြီး ချောက်ချားနေသလိုပြောပုံလေးက မသိ ခြေသလုံးဖက်ပြီး ငိုချလိုက်တော့မယ့်အတိုင်း.. ।

"ဘာဖြစ်လို့လဲသမီး..မေမေကလည်း ချစ်တယ်လေ.."

ဒေါင်းနီပျာပျာသလဲပြောရင်း မျက်နှာလေးကို ဆွဲမော့လိုက်တော့ ဒေါင်းက မအေ့မျက်လုံးတွေထဲကို ရှာဖွေနေဆဲဖြစ်လျက်.. ।

"မေမေက မီးမီးကိုဒီအိမ်မှာ ထားခဲ့မို့လား.."

"ဟင်.."

"မီးမီးက ပြောစကားနားမထောင်လို့ ဦးငယ်နိုင်နဲ့မီးမီးကိုထားခဲ့မှာ.."

"အို..မေမေကဘယ်တုန်းက သမီးကိုသူတစ်ပါးနဲ့ ထားခဲ့ဖူးလို့လဲ.."

www.burmeseclassic.com

လာ အကျီလှလှလေး လဲရအောင်..”

အဝတ်သေတ္တာလေးနားခေါ်လာတော့ နောက်ကပါလာပေမယ့် တ... မော့မော့နှင့်.. ၊

“မေမေ့ မီးမီးမေမေ့စကားနားထောင်မယ်နော်..မီးမီးကို မထားခဲ့နဲ့ နော်..”

“ဘာတွေလျှောက်ပြောနေတာလဲသမီး..တော်တော့..”

ဒေါင်းနီ ဒီစကားသံကြီးကို ခါးသီးလာကာ ပိတ်အော်ပစ်လိုက်မိ သည်။ ဥဒေါင်းမျက်ရည်တွေ ဝဲသွားတာမြင်မှ စိုးရိမ်တကြီးဖြစ်ရပြန်ကာ..

“သမီးကို မေမေကထားခဲ့မယ်လို့ ဘာဖြစ်လို့ထင်ရတာလဲ..ခုပဲတူတူ သွားဖို့ အကျီလဲခိုင်းနေတာကို..”

“ခုန ဟိုဦးလာတော့ ပြောသွားတာ..”

“ဘာ..”

“မေမေက မီးမီးကိုထားခဲ့မှာတဲ့..”

“နားစွန်နားဖျားကြားပြီး လျှောက်မေးမနေနဲ့တော့..တော်ပြီ..”

ဥဒေါင်းကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းပြီးဖက်ထားရင်းကနေ ဂါ ဝန်လေးဝတ်ပေးနေမိကာ.. ၊

“တံတားထိပ်က တိုက်ကြီးကိုပြောင်းရင်လည်း မီးမီးကိုခေါ်မှာနော်..”

“သမီးရယ်..မေမေက သမီးလေးအတွက်ပဲ ချမ်းသာဖို့ကြိုးစားနေ တာ ဘာလို့မခေါ်ရမှာလဲ၊ အဲ့ဒီတိုက်ကြီးမှာ တစ်ယောက်ပဲနေခွင့်ရမယ့် အဖြစ်မျိုးရှိခဲ့ရင်တောင် မေမေက မေမေ့သမီးလေးကို တိုက်ကြီးနဲ့ထား ပြီး မေမေကတိုက်ခြေရင်းမှာ စောင်ခြုံပြီးကွေးနေမှာ..”

“ဟင့်အင်း..မီးမီးကလည်း မေမေနဲ့ပဲတူတူနေမှာ၊ မေမေ့ကိုမခွဲဘူး..”

“ဟုတ်ပြီ..ဒီလိုမှပေါ့..”

သမီးရဲ့ပါးပြင်လေးကို ဖိနမ်းလိုက်မိကာ.. ၊

“လာ..ပါးကွက်လေးပြန်ကွက်မယ်..”

အရာရာသည် မထူးဆန်းသောသမားရိုးကျ နေ့ရက်တွေအတိုင်း... ခြင်း အေးခြင်း အငွေ့ပျံလျော့ပါးခြင်းတို့ဖြင့် လည်ပတ်နေခဲ့လျက်.. ၊

## အခန်း(၃၀)

“ငါအစ်မ ဒီနေ့အရမ်းလှတာပဲ..”

“လျှောက်တွေးမနေနဲ့..ငါ့ဘာသာဒီတိုင်းပဲ၊ အင်း..စိတ်ထဲမှာလည်း ကြည်နေတာနဲ့..”

“ခစ် ခစ်..”

ဘာရယ်မဟုတ်ဘဲ ချစ်ပခုံးတွန့်ပြီးရယ်တာကိုလည်း စိတ်မလုံ..၊

“ချစ် ငါအရမ်းပြင်လာတာနဲ့ တူနေလို့လားဟင်..”

“မတူပါဘူးမမရယ်..မမကလှပြီးသားဆိုတော့ အလုပ်ဆင်းနေတဲ့ပုံ ဟုတ်တော့တာနဲ့ ပုံစံကပြောင်းသွားတာပေါ့၊ စားပွဲသောက်ပွဲလာတဲ့ဥစ္စာ လောက်လေးမှ မပြင်ရင် လူတောထဲတိုးပါ့မလား..ဒါတောင် ပါးကွက် ကြီးက ပါလာသေးတယ်..”

“လူတောထဲ ဘယ်သူကတိုးမယ်ပြောလို့လဲ..မီးဖိုချောင်ထဲမှာ ငါအ ကုန်လုပ်ပေးမယ်၊ အပြင်ထွက်မှာမဟုတ်ဘူး..”

ပြောနေရင်း ဆား နနွင်းနယ်ထားသည့် အသားဇလုံတွေကို ချက် ယ့်စီနိုယာအတိုင်း စီထားလိုက်ကာ.. ၊

“နေပါဦး..ဒါက ဘာအတွက်ဒင်နာလဲ..”

“သြော်..မမ အဲ့ဒါမေးဖို့သတိရသွားပြီ..”

ဒါကိုတမင်မပြောသေးဘဲထားမှန်း ခုကျမှသိကာ ဒေါင်းနီ... စားသွားသည်။

“ငါကနင်တို့လင်မယား စီးပွားခွဲကြမှာမို့ မီး...လက်ဆုံဒင်နာ

www.burmeseclassic.com

www.burmeseclassic.com



လို့ထင်တာ.."

"လက်ဆုံဒင်နာလည်း ဟုတ်တယ်..ခွဲကြမှာလည်း မှန်တယ်၊ ဒါ မယ့် ညီမလေးတို့ခွဲမှာ မဟုတ်ဘူး..ကိုကြီးပြန်တော့မှာမို့လို့.."

ဒေါင်းနီရင်ထဲမှာ ဟာခနဲဖြစ်သွားသည်။ နှုတ်ဖျားကအသံမထွ ပေမယ့် ဘာမှမပြောနိုင်ဘဲ ငိုင်ကျသွားသည့် မျက်နှာလေးမှာ အပြုံ ရယ်တွေပါ မှဲ့သွားခဲ့၏။

"သူကရန်ကုန်ပြန်တော့မှာလား.."

"ဟုတ်တယ်..ကိုကြီးကမပြန်ချင်ပါဘူး၊ ဒါပေမယ့်.."

ချစ်က စကားရပ်လိုက်ပြီး ဒေါင်းနီနားကိုတိုးလာကာ.. ၊

"မမတို့သားအမိအတွက် သူအများကြီးလုပ်ပေးထားတာ.."

"ဘယ်လို.."

ချစ်က မျက်နှာမသာမယာနှင့် ဂတ်စ်မီးဖိုကိုဖွင့်၍ ငုံးဥတွေပြုတ် ရေနွေးအိုးတင်လိုက်၏။ ပြီးမှ ပြန်လှည့်ကြည့်ကာ.. ၊

"မောင့်ကို ကားလုပ်ငန်းတွေလွှဲပေးခဲ့တာ ဘာအတွက်မို့လို့လဲ.."

မေးသလို မေးဆတ်လိုက်ပေမယ့် ချစ်ကပဲဆက်၍.. ၊

"မောင်နဲ့ချစ်ကို ကတိတောင်းပြီး သူအဲ့ဒါကိုလုပ်ပေးခဲ့တာ...မမ သူဒီမှာနေဆို နေမှာမှမဟုတ်တာ၊ အဓိကက မမကိုသက်သက်သာ ထည်ထည်ဝါဝါလေးနဲ့ ဝင်ငွေကောင်းကောင်းရှိစေချင်တာ..နောက်ပြီး တို့ကမ်းနားရွာလေးမှာ နေရတာကို သူမကြိုက်ဘူး.."

"အဲ့ဒါတွေ သူဘာလို့လိုက်ပူနေတာလဲ.."

မလိုလားလို့ပြောမိတာ မဟုတ်ပါ။ ကိုယ့်ဘက်ကမလိုက်လျော သလို သူ့ဘက်ကပေးဆပ်မှုတွေကိုလည်း မကြားချင်။ ခုချိန်မှာ ပို သီးနေတာက ရင်ထဲမှာဘာကြောင့်မှန်းမသိ နင့်နေခြင်းက ခံရခက် လျက်.. ၊

"ဆင်းရဲပါတယ်ဆို ဘယ်လိုလုပ်မြင့်မားလုပနေမှာလဲ..အဲ့ဒါတွေ လုပ်နေတာ သိသွားရင်ရော အန်တီ့ကိုငါ.."

"ဒါကြောင့် သူထွက်သွားဖို့ ဆုံးဖြတ်လိုက်တာပေါ့ မမရဲ့..ဒါ လုပ်ပေးလိုက်ပါလို့ အမေ့ကိုပြောသလို မောင်နဲ့ချစ်ကိုလည်း ပြောပြ



ယ်လိုအခက်အခဲ ပြဿနာကြီးငယ်ရှိနေနေ မမဘက်ကရပ်တည်ပြီး အလုပ်ကနေ မမကိုဘယ်မှထပ်အရောက်မခံဖို့.."

ကိုယ့်ကိုဒီလိုကူညီနိုင်ဖို့အတွက် ရန်ကုန်ကိုပြန်ရတော့မည်ဆိုတော့ န်တို့မျက်လုံးထဲမှာ သူမကအရင်အတိုင်းပဲရှိနေခဲ့တာလား..။ ခွန်းက န်ကုန်ကိုပြန်မှာပဲမို့ ဒီလောက်သဘောတွေကောင်းနေခဲ့တာလား.. ၊

သူမမျက်နှာကိုကြည့်ပြီး ဘာတွေတွေးနေလဲဆိုတာ ချစ်ကရိပ်မိကာ။

"အမေ့ကိုတစ်မျိုး မထင်ပါနဲ့မမရယ်..မမလည်း အမေဖြစ်နေပြီပဲ၊ ားသမီးနဲ့ပတ်သက်ရင် မိဘတိုင်းရဲ့အတွက်က မှန်ပါတယ်၊ ဒါပေမယ့် မေက ခင်မင်ရင်းစွဲရှိခဲ့တာတော့ ချစ်ယုံကြည်တယ်..မမတို့သားအမိကို လည်း တဖွဖွပြောနေတာပါ၊ ကိုကြီးနဲ့မနီးစပ်စေချင်တဲ့ မာနလေးရှိ ကာကလွဲရင် မမတို့ကို စေတနာထားပါတယ်.."

ဒေါင်းနီ ခေါင်းညိတ်လိုက်သည်။ ပုဇွန်ထုပ်ကြီးတွေကို စပ်ချဉ်နှပ် အတွက် သံပုရာသီးနဲ့ ရွှေအပ်သီးလေးတွေ ရောကပ်ထားလိုက်ရင်း..

"နင့်လက်တွေရေစင်အောင်ဆေးပြီး ရေစစ်ထားတဲ့ဟင်းရွက်တွေ တ်တော့.."

"အင်းပါ..မမက မျက်နှာကြီးတည်သွားပြီး ဘာဖြစ်တာလဲ၊ ခုနအ ိုင်း ပျော်ပျော်ရွှင်ရွှင်နေပါမမရယ်..ဘာလဲ၊ ဒါတွေလက်မခံနိုင်ပါဘူး ်ဖို့စဉ်းစားနေပြီလား.."

ဒေါင်းနီက ခေါင်းခါပေမယ့် ချစ်ကလည်းသိနေသည်မို့.. ၊

"မမနော်..ကိုကြီးကိုထပ်ပြီး စေဘနာစော်ကားသလို လုပ်မနေနဲ့ ာ၊ အားလုံးအေးချမ်းနေတဲ့ဟာ.."

"ဘယ်သူအေးချမ်းတာလဲချစ်.."

မျိုသိပ်ထားရသည့် ခံစားချက်တွေ ပေါ်ကုန်ခဲ့လျက် ဒေါင်းနီမျက် မှာ တလက်လက်တောက်နေတာ မျက်ရည်တွေမှန်းသိနေတာတော့ မယုံနိုင်.. ၊

"သူ ညကအရက်တွေသောက်တယ်ဆို..အဲ့ဒါအေးချမ်းတာလား.."

ချစ်ဘာပြန်ပြောရမှန်းမသိ.. ၊

"ငါ့အတွက် အဲ့လိုလုပ်ပေးစရာမလိုဘူး..ဒီလိုပေးပြီး ဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးဖို့ဖြစ်လာတဲ့ အလဲအလှယ်တွေနဲ့..ငါက.."

ငိုချင်လာတာကို ထိန်းနေရတာမလွယ်ပေ။ ထို့ကြောင့် မျက်နှာ ပစ်လိုက်ရင်း ကြာဖံတွေရေစိမ်ထားသည့်အိုးကို ဟိုဘက်တွန်းလိုက် ဘက်ပြန်ဆွဲမိလိုက်.. ။

"မမရယ် ပြောရရင် ကိုကြီးလည်းအပန်းမကြီးပါဘူး..သူကရန်ကု မှာပဲနေတာဆိုတော့ ပြန်ရမှာပဲလေ၊ အမေကလည်း နင်ပြန်မှဒေါင်းနီကို ဒီအလုပ်ပေးမှာလို့ လဲလှယ်ခဲ့တာမဟုတ်ပါဘူး..ကိုကြီးကိုက မမမာနကြီ တာသိလို့ သူပြန်မှဖြစ်မယ်ဆိုပြီး ပြန်ဖို့အရင်အသိပေးထားတာ..ပြီးမှ.."

"တော်ပြီ..တော်ပြီ၊ သူအဲ့လိုလုပ်ပေးတာနဲ့ပဲ ငါကကျေးဇူးတင်ရမှ လား.."

"မမ.."

ချစ်က ခပ်တိုးတိုးခေါ်ပြီး မျက်နှာနားကပ်ကြည့်ရင်း.. ။

"မမဒေါသထွက်နေတာလား..ငိုနေတာလား.."

ဒေါင်းနီက မျက်နှာခါလိုက်ပြီးမှ တစ်ဖက်လှည့်သွားပြီး ဟင်းရွက် တွေစစ်ထားသည့်ဇကာကို ကိုင်ရင်း.. ။

"ငါကဘာလို့ငိုရမှာလဲ..သူဘာတွေလုပ်ပေးနေနေ ငါ့ဘက်ကဘာ မှ.."

"မမရယ်..ကိုကြီးကလည်း မမကိုအတူတူနေရအောင်လို့ မပြောသေး ပါဘူး၊ ဒါပေမယ့် မမသူ့ကိုချစ်တဲ့စိတ် ရှိနေသေးတယ်ဆိုတာသိရင်.."

"ဘာ.."

ဒေါင်းနီက နောက်ပြန်လှည့်ကြည့်ကာ.. ။

"ဘယ်သူကချစ်နေသေးတာလဲ..ချစ်နော်၊ လျှောက်ပြောမနေနဲ့.."

"လျှောက်မပြောပါဘူး..ဒါပေမယ့် မမညီမလည်း အိမ်ထောင်သည် ပဲ သိပါတယ်၊ မမအိမ်ထောင်မပြုချင်လို့ ခေါင်းခါနေပေမယ့် ကိုကြီးကို တော့.."

"မဟုတ်ဘူး.."

"မညာပါနဲ့မမရယ်..ကိုကြီးပြန်မယ်ဆိုတာသိလိုက်တော့ မမဘာ ဖြစ်သွားလဲ မမမျက်နှာကို ဗီဒီယိုရိုက်ထားလိုက်မိရင် ပြလို့ရတယ်သိ



လား၊ ခုထိတောင် မျက်ရည်တွေဝဲနေတုန်း.."

"ချစ်နော်.."

"မမရှက်နေပြီ..ညီအစ်မချင်းပဲဟာ မမအိမ်ထောင်ကျခဲ့တာလည်း မီးလေးရဲ့အဖေကို ချစ်လို့ယူခဲ့တာမှ မဟုတ်တာ၊ အဲ့ဒီတုန်းတည်းက ခွန်း ကင့်အပေါ်မှာ လေးနက်မှုမရှိဘူး..အပျော်တွဲတာဆိုပြီး ငိုလိုက်ရတာ.."

"ဘာတွေပြောနေတာလဲချစ်ရယ်..ငါ့ဘဝက အချစ်တွေရင်ခုန်သံတွေ နဲ့ နီးစပ်ဖို့မဖြစ်နိုင်တော့တဲ့ဘဝ၊ အဲ့ဒါတွေကို တွေးလည်းမတွေးဘူး..သိ လည်းမသိချင်ဘူး.."

"မမဘဝမှာ ကိုကြီးတစ်ယောက်နဲ့ပဲ ချစ်ခဲ့ဖူးတာတော့ ဝန်ခံလိုက် ပါ.."

ဒေါင်းနီကျောခိုင်းလိုက်ရပြန်သည်။ သူမဝန်မခံနိုင်ပါ။ ဒါပေမယ့် စကားပြောသော မျက်ဝန်းတွေကြောင့် ချစ်အတင်းအကျပ်မေးနေမှာကို ကြောက်မိသည်။ ချစ်ကနောက်ထပ်မေးမလာတော့လည်း မွန်းကျပ်နေ သည့် ရင်ထဲမှာသူ့ကိုပဲ မြင်ယောက်နေလျက်.. ။

"ငါသူ့ကိုဘယ်လောက်ချစ်နေနေ သူဘယ်တော့မှသိရမှာမဟုတ်ဘူး မထိုက်တန်တဲ့ မိန်းမတစ်ယောက်အတွက် အမိုက်ခံတဲ့ယောကျ်ားလို့ သူများတွေ လက်ညှိုးထိုးမှာ သူခံနိုင်ရင်လည်း ငါအဲ့ဒီလိုသူ့ကိုအဖြစ်မခံ နိုင်ဘူး.."

"ဘာဖြစ်လို့လဲ.."

"သူ့လိုပဲငါလည်းသူ့.."

စိတ်လိုက်မာန်ပါပြောနေမိပြီးမှ ချစ်ရဲ့အသံမဟုတ်တာကို သတိ ထားမိသည်။ ဘယ်သူရောက်နေပြီကိုလည်း သိလိုက်သည်။ ဒါပေမယ့် လှည့်မကြည့်ရဲ.. ။

ပြောချင်ရာပြောနေမိသည့်အဖြစ်ကို ဘယ်လိုပြင်ဆင်ဖာထေးရမှန်း မသိဘဲ ပူထူနေရင်း ဓားကိုဘောဇင်မှာဆေးမိစဉ်.. ။

"အား.."

ဓားသွားကိုပွတ်ဆွဲမိသလိုဖြစ်သွားတဲ့အထိ ဒေါင်းနီယောင်ယောင် မှားမှားတွေ ဖြစ်နေခဲ့လျက်.. ။

www.burmeseclassic.com

www.burmeseclassic.com



"စားထိသွားပြီ.."

ခွန်းရှေ့တိုးလာတော့ ဒေါင်းနီနေရာမှ ခွာဖို့ပြင်သည်။ သို့သော် ကျောနောက်မှာ သူကထိကပ်မတတ် ရပ်နေလိုက်ပြီး လူကိုကျော်က လက်ကိုဆုပ်ကိုင်ထားလိုက်ရင်း.. ။

"ခွန်း.."

ဒေါင်းနီ သူ့ရင်ခွင်ထဲမှာ အဖက်ခံထားရသလိုဖြစ်သွားသဖြင့် အတင်းအကျပ်ရုန်းကာ.. ။

"ဖယ်ပေးစမ်းပါ..ကျွန်မအဲ့ဒါမျိုးကို မကြိုက်တာသိလား.."

"ကိုယ်ဘာလုပ်လို့လဲ..ပေး လက်.."

ရုန်းလိုက်သည့်လက်ကို ပြန်ဆွဲယူပြီး ခြေလှမ်းရှေ့၍ ဘေးမှာရပ်လိုက်သည်။ ထိုအခါ ဝါရွှေသောမီးရောင်အောက်မှာ တစ်ယောက်မျက်ဝန်းတွေကို တစ်ယောက်စူးငေးနေမိကြလျက်.. ။

"မင်းကိုယ့်ကို ချစ်နေတုန်းပဲမို့လား.."

"မချစ်ဘူး.."

ခွန်းက နှုတ်ခမ်းစေ့ပြီး မဲ့သည်။ ပြီးတော့ စားထိသွားသည့်လက်ချောင်းလေးတွေကို ပါးစပ်ထဲထည့်လိုက်ရင်း.. ။

"အို..ခွန်း.."

သွေးကများသည်။ ဒေါင်းနီအတင်းပြန်ရုန်းပေမယ့် ခွန်းကစုပ်ယူလိုက် ဘေဇင်မှာထွေးချလိုက်နှင့် သုံးလေးကြိမ်လုပ်ပစ်ပြီးမှ.. ။

"သံဆိပ်တက်လိမ့်မယ်.."

စားထိသည့်လက်ကို မလွှတ်တမ်းဆွဲထားကာ မီးဖိုဆောင်မှာပဲ အဆင်သင့်ရှိနေသည့် နံရံကပ်အံတံခါးလေးထဲက ဆေးပစ္စည်းအတိုအထွာတွေရှိနေသော ကော်ဘူးကိုထုတ်ယူလိုက်သည်။ ပြီးတော့.. ။

"အား..ရှင်အဲ့လောက်တောင် ဖိရလား.."

အရက်ပျံဂွမ်းစနဲ့ ဖိကပ်ပစ်လိုက်တော့ ဒေါင်းနီခပ်ကြိတ်ကြိတ်အော်ရင်း ခွန်းရဲ့ပခုံးကို ပခုံးချင်းတိုက်ချပစ်လိုက်၏။ ခွန်းဘေးကိုယိုင်သွားလျက် နှုတ်ခမ်းတွေပြုံးယောင်သမ်းသွားခဲ့ပြီး.. ။

"ငါကြိုက်ခဲ့တဲ့ကောင်မလေးနဲ့ ပြန်တူလာပြီ.."



ဒေါင်းနီကိုယ့်ကိုယ်ကို ထိန်းဖို့သတိရလိုက်ကာ သူပလာစတာကပ်ပေးပြီးတာနှင့် လက်ကိုပြန်ဆွဲရုန်းလိုက်သည်။ ပြီးတော့ ဒီဘက်လှည့်လိုက်လျှင်.. ။

"ဒေါင်း.."

သူ့ခေါ်သံကြောင့် ရင်ထဲမှာ ဒိတ်ခနဲလှုပ်ခတ်သွားသည်။ သူနဲ့ညနေမှောင်ရီပြိုးဖျ အထက်တန်းကျောင်းကြီးရှေ့က လမ်းမကြီးမှာ ပထမဆုံးချိန်းတွေ့ခဲ့ဖူးသည်။ ပြန်မယ်ပြောတိုင်း လက်ကိုဆွဲထားခဲ့ပြီး နမ်းမည်ပြင်တိုင်း သူမခေါင်းခါခဲ့သည့် ညအမှောင်ဟာ ဒီညပြန်ဖြစ်နေသလား..

ဒါမှမဟုတ် အဲ့ဒီတုန်းက ဆံပင်လှိုင်းတွန့်ရေးရေးနှင့် ဂျစ်ကန်ကန်ခပ်ချောချောကောင်လေးရဲ့ နမ်းခွင့်မရမချင်းဂျီကျနေသည့် စကားသံတွေကို အခုပြန်ကြားနေရတာလား.. ။

ဒါမှမဟုတ်ဘူးဆိုရင် အချစ်ဆုံးမို့ မမေ့ခဲ့နိုင်တာလား.. ။

"ဒေါင်း..ငါမင်းကိုကလက်တက်တက်တွေ ပြောနေတာမဟုတ်ဘူးနော်၊ ဘယ်တုန်းကမှ ပေါ့ပျက်ပျက်သဘောမထားခဲ့တဲ့ တန်ဖိုးတွေနဲ့ မင်းကငါ့ရင်ဘက်ထဲမှာ အတည်တကျနေရာယူခဲ့တဲ့ မိန်းမပါ.."

"မဖြစ်နိုင်ပါဘူးလို့ ရှင့်ကိုပြောနေတာပဲ..ရှင်ဘာလို့ရှုးချင်နေတာလဲ ခွန်းရယ်.."

ပြန်စလာတော့ ရင်ထဲမှာ အစကနေပြန်နင့်လာသည်။ သူနဲ့မျက်နှာချင်းဆိုင်ပြောင်းရပ်ရင်း မျက်နှာကိုစေ့စေ့ကြည့်မိကာ.. ။

"ကျွန်မက ကလေးတစ်ယောက်အမေ..ဘာဆိုဘာမှလည်းမပြည့်စုံဘူး၊ ရှင့်အရည်အချင်းနဲ့.."

"ငါ မင်းကိုပဲချစ်တယ်.."

ဒေါင်းနီ ငိုင်သွားသည်။

"အရင်လိုချစ်နေတုန်းပဲ..ပိုပိုပြီး တန်ဖိုးကြီးလာသလို ပိုပြီးမြတ်နိုးချင်လာတယ်၊ ဒါပေမယ့် မင်းဆီက ငါဘာမှမတောင်းဆိုပါဘူး..သို့ချစ်ကို့လင်မယားနဲ့ နေပါ၊ မန်နေဂျာတစ်ယောက်အဖြစ် ကလေးနဲ့ရပ်တည်ပါ..မင်းငါ့ကိုရှောင်ကွင်းပြီး နောက်ထပ်လက်ထပ်ဖို့ တစ်ယောက်ထပ်တွေ့လာခဲ့ရင်တောင်.."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့.."

ဒေါင်းနီမျက်ရည်တွေ ဝေ့တက်လာကာ တစ်ဖက်လှဲလိုက်ပေမယ့် သူ့ရှေ့မှာပဲ မျက်ရည်စက်တို့က ဖြိုးဖြိုးဖြက်ဖြက် ခုန်ဆင်းသွားကြသည်။

"ရှင့်ကိုအရမ်းမုန်းတယ်သိလား..ရှင့်ကိုကျွန်မဘာမှမပေးနိုင်လို့ ကျွန်မနဲ့ ကင်းကင်းနေဖို့.."

"မနေနိုင်ဘူး.."

ခွန်းကပြတ်သားစွာဆိုရင်း ဒေါင်းနီကိုယ်လေးကို ဆွဲဖက်ထားလိုက်သည်။ ပြီးတော့ သူမရဲ့ပျော့နွဲ့သည့်ဆံစလေးတွေထဲ မျက်နှာပွတ်တိုက်ရင်း မျက်လုံးတွေကို မှိတ်ထားမိသည်။ ပြီးတော့ တိုးတိတ်စွာဖြင့်.. ၊

"မင်းသိလား..တစ်ယောက်ယောက်ကို အရမ်းချစ်မိသွားရင် ကိုယ့်ကိုယ်ကိုချစ်ဖို့ မေ့သွားတတ်ကြတယ်၊ မင်းကိုငါအရမ်းချစ်တယ်ဒေါင်း.."

အခန်း(၃၁)

"ဟင်..မမတို့ဘာမှလည်း မသိမ်းရသေးဘူး၊ ဒီညနေဈေးရမှာလေ.."

ဒေါင်းနီလှဲနေရာက ကျုံးထလိုက်ရင်း မျက်နှာမဲ့သွားလျှင်.. ၊

"မမနေမကောင်းဘူးလား..ချစ်ကို ဘာမှလည်းမပြောဘူး.."

ကားသော့လေးအိတ်ထဲထည့်လိုက်ရင်း ချစ်ကကမန်းကတန်းဝင်လာသည်။ အိမ်သည် ကြမ်းတချို့ကကြဲနေလျက် တချို့ကပိုးထိုးတွေဖြစ်နေသောကြောင့် အမှတ်တမဲ့ပြေးလာတော့ ကျွိခနဲကျွံကျတော့မလိုဖြစ်သွားသည်။

ချစ်'အမလေး'အော်မိကာ အလန့်တကြားငုံ့ကြည့်၏။

"ကံကောင်းလို့ အရှင်လတ်လတ်မြေမြှုပ်တော့မလို့ ကြည့်ဦး.."

"အေး..နင်ကတန်းဝင်လာမယ်မထင်လို့ ပြောဖို့မေ့သွားတာ၊ အဲ့ဒီနားက အောက်တန်းလည်းကျိုးနေတယ်.."

ချစ်က ဒေါင်းနီရဲ့အိပ်ရာဘေးမှာ ဝင်ထိုင်လိုက်ကာ ခေါင်မိုးကိုမော့ကြည့်၍.. ၊

"အောက်တန်းကကျိုးနေတယ်..ခေါင်မိုးက ဇကာပေါက်ဖြစ်နေပြီ၊ ...ရဲတွေက ခြေလှမ်းကြမ်းကြမ်းလျှောက်ရင် ပြုတ်ကျကုန်မလားပဲ..အိမ်...ကြီးကကြီးပြီး ဒီလောက်မလုံမလဲကိုမမရယ်.."

ဒေါင်းနီက အိပ်ရာထဲကထကာ ပခုံးသာသာဆံပင်တွေကို...သားရေကွင်းလေးနဲ့ဖြစ်သလို စည်းထားလိုက်ပြီး.. ၊

"ဖယ်..အိပ်ရာသိမ်းချင်လို့.."

www.burmeseclassic.com

www.burmeseclassic.com



"မမထိုင်နေပါ..ချစ်သိမ်းပေးပါ့မယ်.."

ချစ်က လက်ကိုင်အိတ်လေးကို ဒီတိုင်းချထားလိုက်ပြီး အိပ်ရာသိမ်းရင်း သေချာလိပ်ပတ်နေလျက်.. ၊

"ချစ်တို့လည်း ဆင်းရဲခဲ့ပါတယ်..ဒါပေမယ့် မိဘတွေလက်ထက်တည်းက ပျဉ်ထောင်အိမ်နဲ့တော့ နေနိုင်ပါတယ်မမရယ်၊ ဒီလောက်တော စုတ်ပြတ်နေတဲ့အိမ်ကို.."

ဒေါင်းနီက မီးဖိုချောင်မှာ အိုးခွက်ပန်းကန်တွေ စုသိမ်းနေရင်း..

"နင့်ယောက္ခမနှင်ချတဲ့အချိန်မှာ ငါ့မှာစုဆောင်းထားတာလေးတွေ လို့ ဒီလိုအိမ်မျိုးမှာနေနိုင်တာ.."

'ဖြစ်ရလေ'ဆိုတာ အသံတိတ်ပြောမိပေမယ့် 'ကျွတ်'ခနဲညည်းရင်း ခေါင်းခါသည်။ မမကိုက 'မာနကြီးလွန်းပါတယ်'လို့လည်း မပြောရဲ တော့ပါ။ ဒါပေမယ့် ခုလိုနေနေတာကို သေချာမြင်ရတော့ ရင်ထဲမှာဘယ် လိုမှမကောင်းပေ.. ၊

"မမရယ်..ထိုင်နေပါဆိုမှ ချစ်ပဲသိမ်းပေးပါမယ်၊ သိမ်းပြီးရင် ညအတွက် ချစ်မြင်းလှည်းတစ်ခါတည်း သွားပြောခဲ့မယ်..တောင်ပိုင်းမှာ မနေ့တည်းက တစ်အိမ်လုံးကိုသန့်ရှင်းရေး လုပ်ခိုင်းထားတာ..နောက်ပြီး ဆောက်လုပ်ရေးပစ္စည်းတွေရောက်လာရင်စောင့်ဖို့ လင်မယားနှစ်ယောက် ခေါ်ထားတယ်.."

"ဒါဆို ငါတို့ကဘာအတွက် ပြောင်းရတာလဲ.."

"မမတို့သားအမိကို မြို့ထဲပြောင်းနေစေချင်လို့ပါဆိုမှ..မမကလည်း ကိုကြီးကိုယ်တိုင်လည်း ပြောပြပြီးပြီမို့လား၊ မမတို့လုပ်ခြံရေးအတွက် အဲ့လင်မယားကို သူပဲခေါ်ထားတာ..ခေါင်းစဉ်တပ်တာကတော့ မော စဉ်တယ်ပေါ့.."

ဒေါင်းနီထံမှ သိမ်းဆည်းလှုပ်ရှားနေသည့် အသံတွေ တိတ်ကျသွား ခဲ့သည်။ ချစ်ကတစ်ချက်လှမ်းကြည့်ကာ.. ၊

"ကိုကြီးဆိုတာ မမအလုပ်လုပ်ရင် အဆင်ပြေအောင်မောင့်ကိုမှီ နေတာတွေ အများကြီးပဲ..ကိုတူးတို့လင်မယားလာစောင့်အိပ်မယ့်အချိန် ကိုတောင် မမသဘောကျတဲ့အချိန် သတ်မှတ်ပါစေတဲ့၊ နောက်ပြီး မမ



ဝေယျာဝစ္စတွေပါ သူ့မိန်းမကိုခေါ်ခိုင်းလို့ရတယ်.."

"နေပါဦး..ငါ့ကိုအဲ့ဒီလိုထားတော့ ပတ်ဝန်းကျင်က.."

"ဘာမှကိုမဆိုင်ဘူး..ကိုကြီးကိုဘယ်သူမှ ကျော်တွေးမှာမဟုတ်ဘူး၊ မမရဲ့မာနတွေ တစ်ခန်းရပ်ပါတော့မမရယ်၊ အမေတို့မိသားစုကိုရော ကိုကြီးရဲ့စိတ်ကိုရော မမခုထိမယုံနိုင်ဘူးလားဟင်.."

ဒေါင်းနီကလှည့်ကြည့်ကာ.. ၊

"ဘာဆိုင်လို့လဲ.."

"မမနဲ့ကိုကြီးကို ချစ်အရမ်းသဘောတူတယ်.."

"နင်သဘောတူတိုင်းယူရအောင် နင်ကအမေလား.."

"ဟုတ်ဟုတ်မဟုတ်ဟုတ် အသက်ပိုကြီးတိုင်း တော်သင့်မှန်ကန်နေကြတာ မဟုတ်ပါဘူး..တချို့ဆို အသက်ကြီးမှပိုတောင်တယူသန်သေးတယ်၊ အဲ့ဒါမျိုးကို 'ကြီးမိုက်'လို့ခေါ်တယ်..ခစ် ခစ်.."

"ကောင်မလေး..ငါရေခွက်နဲ့ပိတ်ထုလိုက်ရင် သေတော့မယ်.."

"မှန်တာပြောတော့ မကြိုက်ဘူးတွေလား.."

ရယ်နေရင်း ပြောချင်သည့်စကားရောက်ဖို့ မျက်နှာပိုးသက်ရကာ..

"ကိုကြီးလောက်ပြည့်စုံတာ မမနောက်ထပ်တွေ့မယ်ထင်လို့လား.. ကိုကြီးက.."

"တွေ့တွေ့မတွေ့တွေ့ ငါကပြည့်စုံတဲ့ယောကျ်ား လိုက်ရှာနေတာ မဟုတ်ဘူး..ကိုယ့်မှာဝမရှိဘဲ ဝိလုပ်ရအောင် ငါကအရူးမှမဟုတ်တာ.."

"မမကမရူးပေမယ့် ကိုကြီးက ရူးခါနေအောင်ချစ်ရှာပါတယ်မမရယ် နောက်ပြီး မောင့်လိုလည်းမဟုတ်ဘူး၊ ကိုကြီးက ကိုယ့်လုပ်ငန်းနဲ့ကိုယ် ဘဝသူရပ်တည်နိုင်တဲ့သူ၊ မမကသာ အိုခေအောရိုက်ဆိုရင် ကိုကြီးက မမေတို့သဘောတူတူ မတူတူကြောက်ရွံ့မျိုသိပ်နေမယ့် သူမဟုတ်ဘူး.."

"ငါကလည်း သူဌေးဆိုတဲ့လူတွေကို အစအလယ်အဆုံး ဘဝတစ်လျှောက်လုံး မုန်းနေပါရစေလို့ ဆုတောင်းထားပြီးသား..သူဘယ်လောက် ကိုယ်ပိုင်ရပ်တည်နေနေ မိဘရှိလို့လူဖြစ်လာကြတာ၊ မိဘမွေးချင်းကအသိမှတ်မပြုဘဲ မိသားစုတစ်ခုထဲကို ဖွတ်တိုးဝင်မိလို့ ငါ့ဘဝပျက်ခဲ့ရပြီး ..ငါ့သမီးလေးတောင် ငယ်ငယ်ရွယ်ရွယ်နဲ့ လူနဲ့သူနဲ့မတူအောင် ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲနေရတယ်.."

"မမကပြောလိုက်ရင်ဒါပဲ..နောက်ယောက်ျားယူလိုက်ရင်ပဲ ကလေး ကို ဒီပထွေးမလွဲမသွေ စော်ကားမှာလိုလို.."

"မစော်ကားဘူးရော ဘယ်သူပြောနိုင်လို့လဲ..ဒီမိန်းမချစ်စရာကောင်း နေတုန်းတော့ ချစ်နေမှာပေါ့၊ အဲ့ဒီကလေးမလေး လောက်လောက်လာ လား ဖွံ့ဖွံ့ထွားထွားလေးလည်းဖြစ်လာရော ပတ်ဝန်းကျင်မြောက်ထိုးပ ကော်စကားတွေနဲ့ ကိုယ့်ရဲ့အောင်မြင်မှုဂုဏ်ရှိန်တွေနဲ့..ဟွန်း အဲ့ဒါလေးကို လိုက်ပွဲလေးလို သဘောထားလာရော.."

"မမရယ်.."

"ဘယ်လိုမအေမျိုးတွေက သမီးလေးတွေမွေးထားပြီး အားကိုးရှာ ချင်ကြသလဲ မသိဘူး..အားကိုးခံဖို့လာတဲ့ အဲ့ဒီသတ္တဝါကို သွားဖြကြည့် ပါလား၊ အစွယ်တွေနဲ့မှန်း သိသွားလိမ့်မယ်.."

ချစ်ဘာမှကို မပြောချင်တော့တာပါ။ ဒီစကားတွေ ကိုကြီးကိုလည်း မမပြောပြီးပြီနေမှာပါ။ ဟိုခမျာ ဘယ်လောက်တောင်သည်းခံနေရရှာမလဲ ဒါကြောင့် ချစ်အသည်းယားလွန်းလို့.. ၊

"မမရယ် ချစ်တို့အဖေလည်း ယောက်ျားပါပဲ..အားလုံးဒီလိုချည်း လို့ သိမ်းကျုံးမပြောပါနဲ့.."လို့ ချစ်ပြောလိုက်တော့ မမတစ်ယောက် ဒေါ သတွေထွက်ပြီး ပြုံးပြုံးပျာပျာနှင့်.. ၊

"နင်ပြန်တော့လေချစ်..ငါ့ဘာသာဖြည်းဖြည်းပဲ သိမ်းမယ်.."

"အမလေး..ဘာမှလည်း သိမ်းစရာမရှိဘဲနဲ့၊ ညနေတစ်ခါတည်း ထွက်လာလို့ရအောင် ပစ္စည်းတချို့ ချစ်ကားထဲထည့်သွားမယ်.."

"မထည့်သွားနဲ့..ငါသိပ်နေမကောင်းလို့ ဒီနေ့မပြောင်းဖြစ်ရင် ဟို ဟာမရှိ ဒီဟာမရှိဖြစ်လိမ့်မယ်.."

"ဘာရယ်.."

ချစ်က အားတက်သရော ထုပ်ပိုးသိမ်းပေးနေရင်း ဖျတ်ခနဲထိုင်ချ လိုက်ကာ.. ၊

"မမအကြောင်း ကိုကြီးလောက်သိတာ ရှိပါ့မလားတောင် မသိတော့ ဘူး.."



ချစ်ဘာပြောလိုက်မှန်းမသိတော့ ဒေါင်းနီကလှည့်ကြည့်သည်။

"ဟုတ်တယ်..မမပြောင်းပြီးမှ သူပြန်မယ်တဲ့၊ မဖြစ်မနေပြောင်းဖြစ် အောင် သူလုပ်မှာတဲ့.."

"ငါကဖျားချင်သလိုကြီးဖြစ်နေလို့ လေးနေတာပါ.."

"သူကလည်း သူ့မျက်စိရှေ့မှာ မမတို့သားအမိ တင့်တောင်းတင့် တယ်ဖြစ်သွားတာ မမြင်ဘဲ သွားမှာမဟုတ်ဘူး.."

"စိတ်ညစ်တယ်..သူအဲ့လိုလုပ်မနေခဲ့ရင် ငါပေါ့ပေါ့ပါးပါးနေလို့ရဦး မှာ.."

"မမဘာသာ စိတ်ညစ်စရာတွေ ရှာကြံမွေးနေတာ..တကယ်ဆို အပန်းဖြေရက်ဆောင်တစ်ခု ပိုင်ဆိုင်ဖို့ဆိုတာ မလွယ်သလို အဲ့ဒီလိုနေရာ တစ်ခုလုံးကို အုပ်ချုပ်သူဖြစ်ခွင့်ရဖို့ဆိုတာရော လွယ်သလား..ချစ် 'သင်း ပဒေသာ'မိသားစုထဲမှာ နှစ်တွေဘယ်လောက်တောင် ဒုက္ခခံခဲ့ရသလဲ..သူ တို့က ဖိနှိပ်ဆက်ဆံနေတာမဟုတ်ပေမယ့် ပိုက်ဆံကိုင်မသုံးရ..လင်သား ရဲ့ ချစ်ကြင်နာမှုကို မရနဲ့.."

"အဲ့ဒါတွေကရော ဘာဆိုင်လို့လဲ.."

"မမကျတော့ ကိုကြီးက ခဏအတွင်းမှာ မမအတွက်အဆင်ပြေ အောင် အကုန်လုံးလုပ်ပေးနိုင်တယ်လေ..ပြောရရင် မောင်နဲ့ချစ်တို့ကို စီး ပွားခွဲပေးပြီး လိုလားချစ်ခင်မှုတွေရလာတဲ့ ဒီအခြေအနေကရော မမနဲ့ပဲ သက်ဆိုင်တာ..ချစ်အတွက် မမကရင်ဆိုင်ပေးတယ်၊ မမကိုနေရာပေးဖို့ အတွက်နဲ့ ကိုကြီးက မောင့်ကိုလုပ်ငန်းတစ်ခုလုံး လွှဲပေးလိုက်တယ်.."

ဟုတ်ပါသည်။ လူတွေအမြင်မှာရော ဖြစ်စဉ်အရပါ သူမရဲ့ဆုံးဖြတ် ချက်တွေ အယူဝါဒတွေက supernatural ဖြစ်နေလိမ့်မည်။ ဒါပေမယ့် ကိုယ်ယုံကြည်ရာသည် အမှန်တရားပဲဖြစ်၏။

"မမသေချာတွေးကြည့်စမ်းပါ..ကိုကြီးက မမဘဝအတွက် စေလိုရာ စေ ဖန်ဆင်းပေးနိုင်တဲ့သူ၊ အမေတို့ကလည်း ဦးဇော်တို့မိသားစုလို ဆိုး ဝါးတဲ့လူတွေမှ မဟုတ်တာ..တော်ပါပြီ မမကိုပြောနေလည်း အလကားပဲ ဆိုတာသိပါတယ်၊ အခု ချစ်အကုန်သိမ်းပေးခဲ့ပြီနော်..ညနေငါးနာရီမထိုး ခင် မြို့ထဲရောက်အောင်လာ၊ ချစ်မျှော်နေမယ်.."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးချထားသည့် ပိုက်ဆံအိတ်ဆီလှည့်လိုက်တော့ အိတ်ကမရှိ။ ဟိုဒီလှည့်ပတ်ကြည့်ကာမှ မီးအားမြင့်စက်လေးပေါ်မှာ တင်လျက်သားတွေ့ကာ အိတ်ဆီလျှောက်သွားရင်း.. ၊

"မီးမီးရေ..တီချစ်ပြန်တော့မယ်.."

"ဟုတ်..တီတီချစ်.."

ကြမ်းကြားကနေ ငုံ့ကြည့်လိုက်တော့ ဂါဝန်ခပ်စုတ်စုတ်ဝတ်ထားသည့် ကောင်မလေးတစ်ယောက်နဲ့ ဥဒေါင်းကဆော့နေတာဖြစ်ကာ ချစ်ငုံ့ကြည့်သလို သူမလေးကလည်း မော့ကြည့်နေ၏။

"ဘယ်လိုဖြစ်ရတာလဲမီးမီး..တီချစ်ကိုတောင် လာမနှုတ်ဆက်ဘူး၊ အဆော့မက်နေတယ်ဟုတ်လား.."

ဥဒေါင်းကရယ်နေပေမယ့် ချစ်ကိုပဲစူးစိုက်ကြည့်နေကာ လှေကားရင်းမှာ ချစ်ဖိနပ်စီးတော့ ဆက်ကစားနေ၏။

"မီးမီးဇယ်တောက်နေတာလား..ကောင်းတော့ကောင်းပါတယ် ကိုယ့်အိမ်အောက်မှာဆိုတော့၊ ဒါပေမယ့် ခုနကလို အိမ်ပေါ်ကိုမော့မော့မကြည့်နဲ့နော်..မျက်လုံးထဲသဲတွေဝင်မယ်.."

"ဟုတ်.."

"မမကလည်း ဘယ်လိုအိမ်ကိုများ ငှားထားသလဲမသိပါဘူး.."

ပြောင်းရတော့မှာမို့ တော်သေးတာပေါ့လို့တော့ တွေးမိလိုက်ပေမယ့် မပြောဖြစ်ခဲ့။ အိမ်ပြောင်းမှာတောင် ဘယ်သူ့ကိုမှပြောမထားဘူး..ရန်များသည်တဲ့..၊ မမတစ်ယောက်ဟာ တယူသန်သည့်နေရာမှာ သတ်ရိုက်တာထက် စွဲလေသည်။

"ဩော်..မီးမီး မီးမီးမေမေသိပ်နေမကောင်းဘူးတဲ့၊ မေမေ့နားမှာနေဦးနော်.."

"ဟုတ်..တီချစ်.."

ဒေါင်းနီအားလုံးကြားနေရသည်။ သမီးကိုအိမ်အောက်မှာ ဆော့ခိုင်းထားတာက ကိုယ်ငုံ့ကြည့်ရင်လည်း မြင်ရအောင်ပါ။ သူမနေမကောင်းတဲ့အထိ ဖြစ်တာလည်းမဟုတ်။ ဒါပေမယ့် ဘာဖြစ်နေမှန်းလည်း မသိ။ နေ့သူမခေါင်းတွေအုံခဲကာ စိတ်လည်းမကြည်။ ကိုယ်တွေလည်းလေး



၏။

ထိုစဉ် ကျီးကန်းတွေ တအာအာအော်သံတွေ ဆူညံစွာထွက်ပေါ်လာပြီး.. ၊

"မေမေ့..မေမေ့.."

"ဟင်.."

"ကျီးတွေပြုကျတာတဲ့..အဲ့ဟာ.."

"ကျီးပြုတာပဲသမီးရယ်..ဘာဖြစ်လို့လဲ.."

ဥဒေါင်းက လက်တစ်ဖက်မှာ ဂါဝန်လေးစုသိမ်းဆုပ်ကိုင်ထားလျက် ကျီးတွေဆူနေတာကို မျက်လုံးပြူးလေးနဲ့ မော့ကြည့်နားစွင့်ရင်း.. ၊

"စုစုကပြောတယ်..အဲ့ဟာ လူသေမှာမို့လို့ ကျီးပြုကျတာတဲ့.."

"မဟုတ်တာသမီးရယ်..ကျီးတွေက မျိုးချစ်စိတ်ကြီးကြတယ်လေ၊ မေမေပြောဖူးသားနဲ့..သူတို့အမျိုးတစ်ကောင်ကောင် ဒုက္ခများနေရင် ဝိုင်းအာကြတာပဲ.."

"စုစုက သူ့အဘွားပြောတာတဲ့..သစ်ပင်ကနေ ဝုန်းဆိုထပျံကုန်တာအဲ့နားမှာ.."

"တော်ပြီသမီး..အဲ့ဒါတွေက မင်္ဂလာမရှိတဲ့စကားတွေ၊ မေမေတို့က အခုပိုကောင်းတာတွေ လုပ်တော့မှာဆိုတော့ မကောင်းတဲ့စကားတွေမပြောရဘူး..ဟုတ်ပြီလား.."

"ဟုတ်.."

"စုစုကိုလည်း ပြောထားရဦးမယ်..အို မလိုပါဘူး၊ ဒီနေ့ပဲပြောင်းတော့မှာပဲ.."

တစ်ယောက်တည်းပြောရင်း ညနေသုံးနာရီလောက်ထွက်ဖို့ စိတ်ကူးလိုက်သည်။ ခုကျမှ ဒီနေ့မပြောင်းဖြစ်မှာကို စိတ်ပူလာမိ၏။ တဲထဲကနေတိုက်ကြီးထဲကို ရာထူးရာခံနဲ့ပြောင်းရမည့်အရေး သူမဒီနေ့မှဘာဖြစ်နေရတာလဲ..။ တကယ်ဆို ဒီနေ့ပဲရွှေ့တော့ဆိုတည်းက ထုပ်ပိုးပြီးသားဖြစ်နေရမယ့် ကိစ္စ.. ၊

"သမီး..မေမေခေါင်းတွေအုံနေဖို့ ခဏမှိန်းမယ်နော်၊ ဒီအောက်ကနေဘယ်မှမသွားနဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ.."

"ဖျားနာနေမှာစိုးလို့ ရေမချိုးရဘူး..ဒီတိုင်းအဝတ်လဲပြီးသွားမှာ၊ အ ရမ်းညစ်ပတ်အောင်မဆော့နဲ့.."

"ဟုတ်.."

ကလေးကိုမှာပြီး ကိုယ်ထုပ်ပိုးသိမ်းဆည်းထားသမျှတွေကို မျက်လုံ နဲ့ပြန်စစ်လိုက်သေးသည်။ ဘာမှမရှိပါဘူးဆိုပေမယ့် ပစ္စည်းတိုင်းက ကိုယ်လိုအပ်နေတဲ့ ပစ္စည်းတွေပဲဖြစ်သည်။ အားလုံးမြင်းလှည်းပေါ် ကောက်တင်သွားရုံ အဆင်သင့်ဖြစ်နေတာ သေချာမှ အိပ်ရာခင်းကိုမှို မျက်နှာမှောလှန်ထားလိုက်သည်။

မွန်းတည့်နေပူပူမှာ ခဏတော့အောင့်နေရဦးမည်။ နှစ်နာရီခွဲသုံးနာ ရီဆိုရင်တော့ သမီးလေးကို အင်္ကျီလဲပေးပြီး ထွက်ဖို့ပြင်မှ.. ၊

တွေးမိတော့လည်း ရင်ထဲမှာပေါ့ပါးလန်းဆန်းသွားသည်။ ပြီးတော့ ပျော်သလိုလို ကြည်နူးသလိုလို။ ထို့ပြင် သမီးလေးကို ဝတ်ကောင်းစား လှတွေနဲ့ စက်ဘီးနောက်မှာတင်ပြီး မြို့ထဲဟိုနားဒီနားလေးမှာရှိတဲ့ ကျောင်းကိုလိုက်ပို့။ ပြီးတော့ ပြန်ကြို.. ၊

ပိုက်ဆံမြန်မြန်ရအောင်စု၍ သမီးလေးရဲ့ တင်းပြည့်ဖွေးနုနေသည့် လက်ကောက်ဝတ်လေးမှာ လုံးချောလက်ကောက်လေးနှစ်ကွင်းဆင်ပေး မည်။ ပြီးရင် လက်စွပ် ပြီးရင်တော့ နားဆွဲလှလှလေးရယ် ဆွဲသီးနဲ့ဆွဲ ကြိုးလေးတစ်ကုံးရယ်.. ၊

စိတ်ကူးထဲမှာ ပျော်ရွှင်နေမိသလောက် ခေါင်းတွေက မထူချင်အောင် ခဲနေသဖြင့် မျက်နှာလှည့်ရင်း မျက်လုံးဖွင့်ကြည့်မိလျှင်.. ၊

"ဟင်..သမီး.."

ဥဒေါင်းငယ်က ခုနရှိနေသည့်နေရာလေးမှာပဲ ရပ်နေဆဲရှိကာ သူမ ဆွဲဆုပ်ထားသည့် ဂါဝန်စလေးကိုလည်း ပို၍ကျစ်နေအောင် ဆုပ်ကိုင် ထားဆဲဖြစ်လျက် ထိုအရာသည်.. ၊

⪢⪡

အခန်း(၃၂)

"ကြည့်စမ်း..ဒါ.."

ဒေါင်းနီမျက်လုံးထဲမှာ ရွှေရောင်သည် စိန်တွေ ပတ္တမြားရောင်တွေ ပါဖြစ်လျက် ပြိုးပြက်လက်ကုန်၏။ ချစ်ရဲ့အော်တိုမစ်တစ်ကလစ်။ ဒီက လစ်ကို ရွှေငါးကျပ်သားနဲ့ရှစ်ပဲတိတိအကုန်ခံပြီး လမင်းလုပ်ပေးထားတာ ဖြစ်သည်။

"ရွှေတစ်ဆယ်သားလောက်ပေးလည်း ချစ်ကိုသူ့အိမ်က မီးဖိုချောင် ထဲမှာ ချောင်ထိုးခဲ့ချင်လို့ချော့တာ ဘာဝမ်းသာစရာရှိလို့လဲ.."ဆိုပြီး ချစ် ရှိခဲ့သေးသည်။ ထို့ပြင် ကလစ်ကလေးလို့ဆိုပြီး ခေါင်းမှာညှပ်ထားရင် လည်း ခဏပဲဖြစ်၏။

"သမီး..ညည်းဒါ ဒါကိုချစ်အိတ်ထဲက နှိုက်ယူခဲ့တယ်၊ ညည်းခိုး ထားလိုက်တယ်.."

"မေမေ.."

"ညည်းကို အဲ့လိုတွေလုပ်တတ်အောင် ငါသင်ခဲ့တာလား.."

ဥဒေါင်းမျက်လုံးလေး အဝိုင်းသားနှင့် ခေါင်းတွင်တွင်ခါ၏။ ပြီး တော့ မျက်ရည်တွေဝိုင်းလာကာ.. ၊

"မီးမီးကမေမေ့ဖို့.."

"ဘာ.."

ဒေါင်းနီရဲ့ 'ဘာ'သံမှာ ဥဒေါင်းပခုံးလေးတွေ တုန်သွားသည်။

"ညည်းကို သူများခြံဝင်းထဲကဆိုရင် ပန်းအကြွေကိုမှတောင်မကောက်

www.burmeseclassic.com

www.burmeseclassic.com



ရဘူးလို့ ငါမသင်ခဲ့ဘူးလား.."

"သင်ပါတယ်..မီးမီးက အဲ့ဒီကလစ်လေး မေမေ့ခေါင်းမှာဆိုရင်.."

"တိတ်စမ်း..ထပ်မပြောနဲ့၊ နင့်ကိုငါ အရမ်းစိတ်ဆိုးတယ်..အဲ့ဒါမျိုး ကို လုံးဝခွင့်မလွှတ်ဘူး.."

"မေမေ့.."

"သူများပစ္စည်းကောက်ရရင်တောင် ပိုင်ရှင်ကိုပြန်ပေးရမယ်လို့ ငါ သင်ပေးခဲ့တာ..အဲ့ဒါနားထောင်ဦး.."

"မေမေ့..မေမေ့ကြောက်ပါပြီ.."

"အဲ့ဒါယူချင်ဦး..နောက်အဲ့လိုလုပ်ဦးမလား၊ လုပ်ဦးမလားဥဒေါင်း ငယ်.."

"ကြောက်ပါပြီ..မီးမီးမယူတော့ပါဘူး.."

"ဖြန်း..ဖြန်း.."

"အား..ကြောက်ပါပြီမေမေ.."

လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲခါ၍ တင်ပါးလေးကို အားလွှဲရိုက်သည်။ လက်ဖျံတွေ ပခုံးတွေစိတ်ရှိသလောက် ရိုက်ပစ်ရင်း ဟီးခနဲငိုပစ်လိုက်မိ၏။

ဘာဖြစ်လို့သမီးလေး ဒီလိုလုပ်ရဲတာလဲ..သမီးလေးက အလွန်လိမ္မာ တဲ့ကလေးပါ၊ ဘာကြောင့်လဲ..ဆင်းရဲလို့လား၊ ဆင်းရဲတဲ့အဖြစ်ကြောင့် သမီးလေးခိုးချင်လာတာလား.. ၊

လိုချင်တာတွေကို တပ်မက်လွန်းတဲ့အခါ အိပ်မက်တွေက အ ကြီးပါလားလို့ စိတ်အားငယ်လာတဲ့အခါ ဆင်းရဲခြင်းကြောင့် မိန်းကလေး တွေ ပျက်စီးကြသည်။ သူမဒီလိုအဖြစ်မခံနိုင်ပေ။ ဒါကြောင့် သမီးလေး အတွက် စံနမူနာဖြစ်အောင် သူမကြိုးစားနေထိုင်ခဲ့သည်။ ဘဝမှာဆင်း နွမ်းပါးခြင်းဆိုတာ ရင်ဆိုင်ဖြေရှင်းနိုင်သည့် အခက်အခဲတစ်ခုရယ်ပါ

ဒီလိုဆင်းရဲခြင်းကို ဘာဖြစ်လို့ရင်မဆိုင်နိုင်ကြတာလဲ..။ ဖြေရှင်း နိုင်သော ရှုပ်ထွေးမှုတွေထဲက ဆင်းရဲတွင်းကို ခုန်ဆင်းဖို့ ဘာဖြစ်လို့ ကြောက်ရွံ့ကြတာလဲ.. ၊

သမီးဒီတိုင်းသာဆက်သွားခဲ့ရင် ကိုယ်သည်လည်း ဒီတိုင်းဆင်း



သွားရဦးမည်ဆိုလျှင် အခုတော့ အမေ့ကိုလှစေချင်လို့ခိုးသည်။ နောက် ဆိုရင် 'သမီးလှချင်တယ်မေမေ'လို့ပြောလာတော့မည်။

မဖြစ်ရဘူး.. ၊

ဒေါင်းနီငိုနေရင်း လှည့်ကြည့်မိတော့ တရှိုက်ရှိုက်ငိုနေသည့် သမီး လေးက သူမအဘေးမှာပဲ ငုတ်တုတ်လေးထိုင်လျက်.. ၊

"မေမေ့.."

လှည့်ကြည့်လိုက်တာနှင့် မအေကိုချော့ဖို့ ဒူးလေးထောက်ပြီး ရှေ့ တိုးလာသည်။

"သွား..ညည်းငါ့ကိုဘာမှမပြောနဲ့၊ ဘာဖြင့်လို့ အလှအပကိုပဲ ဒီ လောက်ခံစားနေတာလဲ..ခုမှညည်းကလေးပဲရှိသေးတာ.."

"မီးမီးက မေမေ့ဖို့ယူထား.."

"တော်စမ်း..ခု ပါးစပ်ပိတ်.."

"မီးမီးနောက်မယူတော့ပါဘူး..မေမေစိတ်ဆိုးအောင်လည်း မလုပ် တော့ပါဘူး၊ မီးမီးကိုမရိုက်တော့နဲ့နော်..မေမေ့ မေမေ့ကိုမီးမီးချစ်တယ်.."

"မချစ်နဲ့..ငါကလည်း အဲ့လိုသမီးမျိုးကို မချစ်ဘူး.."

ဥဒေါင်းမျက်ဝန်းလေးတွေ ပြူးဝိုင်းနေကာ မျက်ရည်တွေပြည့်ပြည့် သိပ်သိပ်ဖြစ်လာခဲ့သည်။

"သွား..ဝေးဝေးမှာသွားနေ၊ ငါကငါ့စကားနားမထောင်တဲ့ သမီးကို ဘာဖြစ်လို့ ပွေ့ဖက်နေရမှာလဲ..သွား.."

"နားထောင်ပါ့မယ်မေမေ..မီးမီးကမေမေ့ကိုချစ်တယ်.."

ဒေါင်းနီမျက်နှာလွှဲပစ်လိုက်လျှင် ဥဒေါင်းငယ်တအင့်အင့် ရှိုက်သံ လေးတွေကပို၍ ကျယ်လာ၏။ ထိုစဉ်.. ၊

"ကရင်..ကရင်..."

ခြံရှေ့က စက်ဘီးဘဲလ်သံကြောင့် ဒေါင်းနီခေါင်းထောင်ကြည့်ကာ မျက်နှာကို ပွတ်သပ်၍ ဆံပင်ကိုတစ်ချက်နှစ်ချက်သပ်သည်။ ခြံရှေ့မှာ စက်ဘီးနှင့်လူရွယ်တစ်ယောက်က ခြေထောက်တစ်ဖက်ထောက်ထားပြီး ရပ်စောင့်နေကာ.. ၊

"ခွေမှာထားလို့ လာပို့တာပါ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာခွေလဲ..ကျွန်မမှာမထားပါဘူး၊ အိမ်မှာတီဗီတောင်မရှိတဲ့ဟာ.."

ခွေကိုယူကြည့်လိုက်မိလျှင် ဒေါသကထောင်းခနဲဖြစ်သွား၏။ တ

ပုံက ဘာခွေဆိုတာ သိသာနေသည်မို့.. ၊

"ဒါရှင်သက်သက်ယုတ်မာတာလား..ဒီအိမ်မှာမိန်းမတွေပဲရှိတယ်ဆို ပြီး.."

"ဗျာ.."

စက်ဘီးပေါ်ကလူ ပျာပျာသလဲခေါင်းခါ၍ ချက်ချင်းဆင်းလိုက်က

"မဟုတ်ရပါဘူးဗျာ..ကျွန်တော်ကခွေဆိုင်ကလည်း မဟုတ်ပါဘူး ဆိုင်ရှင်က ကုက္ကိုပင်ကြီးအောက်က အိမ်လို့ပြောပြီး လူကြုံပါးလိုက်လို့ လာပေးပေးတာပါ.."

"မဟုတ်ဘူး..ဒါတမင်လုပ်တာ.."

ကုက္ကိုပင်ကြီးက ကြီးသည်။ ဘယ်ခြံထဲမှာမှ မဟုတ်ဘဲ လမ်းဘေ မှာ ရှိနေတာဖြစ်ကာ အိမ်သုံးလုံးစာလောက်ကို အရိပ်မိုးပေးထားနိုင်၏ ထိုစဉ် စက်ဘီးနဲ့စိုးရာကျော်ရောက်လာကာ အနားမှာခြေတစ်ဖက်ထော ရပ်လိုက်ပြီး အကဲခတ်ကာ.. ၊

"ခဏ ခဏလေး..ကုက္ကိုပင်အောက်မှာ အိမ်တွေနှစ်လုံးသုံးလုံးရှိတဲ့ ဟာ..မှားတာဖြစ်မှာပါ.."

"ဟုတ်တယ်..မှားတာ၊ မှားတာ..အဟဲ.."

ပြောနေတုန်း ငယ်နိုင်ထွက်လာပြီး ခွေကိုစိုးရာကျော်မယူခင် ကမ္ ကတန်းဆွဲယူလိုက်၏။ ပြီးတော့ မချိုမချဉ်မျက်နှာနှင့် ဒေါင်းနီကို လှည့် ကြည့်၍.. ၊

"တချို့ဆိုဖွင့်ကြည့်ပြီးမှသိတာ..မဒေါင်းနီကတော့ သိ.."

"ကိုငယ်..ခင်ဗျားကဘာလဲ.."

"ဟဲ..ဟဲ အဲ့ဩလို့ပါ.."

ပြောရင်းလှည့်ထွက်သွားတာ အပြေးတပိုင်း။ ဒေါသဖြစ်နေတိုင်းသာ ပေါက်ကွဲလိုက်ရလျှင် အဲ့ဒီစပ်ဖြဲဖြဲမျက်နှာကို သူမပါးရိုက်လိုက်မိမှာ မှန်ပင်။ ထို့ကြောင့်.. ၊

"မဒေါင်းနီ..ကျွန်တော်ကပဲ.."



"ရပါတယ်..အရှုံးရင့်နေတဲ့ခွေးတွေက မျက်လုံးမမြင်တော့ဘူး၊ သူတို့ နဲ့လည်း ဘယ်သူကမှ ရန်ပြန်ဖြစ်နေမှာမဟုတ်ဘူး.."

ရိုင်းသွားလည်းမတတ်နိုင်။ ပြောပြီး ချက်ချင်းလှည့်ထွက်လာခဲ့မိ သည်။ မအေမျက်နှာကို တမော့မော့ငေးရင်း ဥဒေါင်းကတကောက် ကောက် လိုက်ပါလျက်.. ၊

"မေမေ့ကို မီးမီးချစ်တယ်.."

"............"

"မေမေ.."

"............"

"မီးမီးက မေမေ့ကိုချစ်တယ်.."

ဒေါင်းနီလှည့်မကြည့်ဘဲ အိမ်ပေါ်တန်းတက်လာခဲ့သည်။ ခေါင်းထဲ မှာ တဒိန်းဒိန်းဆောင့်ကိုက်လာခြင်းက အိပ်ယာလိပ်ပေါ်မှာ တဝင်းဝင်း တလက်လက်တောက်ပနေသည့် ဆောက်ဖြတ်နှင်းဆီပန်းပုံနှင့် ရွှေအော် ဆိုမစ်တစ်ကလစ်ကို မြင်လိုက်တော့ ပိုဆိုးသွားသည်။

"ကျွတ်..ကျွတ်.."

"မေမေ့.."

"ဘာလဲ..သွား ဝေးဝေးနေ.."

မအေမျက်နှာညိုသွားတိုင်း ပြေးလာတတ်သည့် သမီးရင်ဘက်လေး ကို တွန်းထားလိုက်ပြီး မောင်းထုတ်မိ၏။ ပြီးတော့ နာရီကြည့်သည်။ ဒီနေရာမှာ ဘယ်လိုမှမနေသင့်တော့မှန်း သိလာလေ ခွန်းကိုကျေးရူးတင် မိလေ.. ၊ ပြီးတော့ ချစ်နဲ့ဒေါသင်းသင်းတို့မိသားစုတွေ.. ၊

ဒီပစ္စည်းအတွက်ကိုတော့.. ၊

သူမတွေးနေတုန်း ချစ်ဆီကဖုန်းဝင်လာသဖြင့် ရင်ထဲမှာဒိန်းကနဲ ဆောင့်ခါသွားသည်။ ကိုယ်ကဝန်မခံရသေးခင် သမီးလေးကိုအထင်သေး အမြင်သေး ပြောမှာတော့မခံနိုင်.. ၊

'ငါဒီညနေ လှလှလေးပြင်လာချင်လို့ တမင်ယူထားလိုက်တာ'လို့ ပြောရမလား..။ သူမဒီတိုင်းပဲပြောဖို့ဆုံးဖြတ်၍ ဖုန်းကိုင်လိုက်၏။ သို့ သော်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မမ..ကလေးကိုမရိုက်နဲ့နော်.."

ဟင်.. ။

ချစ်က ဒီစကားကိုအရင်ဆုံးပြောကာ.. ။

"သူယူနေတာ ချစ်မြင်တယ်..ချစ်အရမ်းကိုသနားသွားတယ်သိလား၊ ကလေးက သူ့အမေကိုအရမ်းလှစေချင်တာလေ..ချစ်ဘယ်လိုမှ သဘော မထားဘူး၊ ချစ်တို့ငယ်ငယ်တုန်းကလည်း အန်တီယုတို့ အဘွားတို့ဆီက အမေ့အတွက် ဆင်စွယ်ဆံထိုးလေးတွေ သနပ်ခါးဘူးတွေခိုးခဲ့ဖူးတာပဲ.. ကလေးက ရွှေဆိုပြီးယူခဲ့တာမှ မဟုတ်တာ.."

ချစ်ကနားလည်ပေးတော့ ရင်ထဲမှာငြိမ်းချမ်းသွားသည်။ သူ့အကြောင်းတိုင်နေပြီထင်ကာ ဥဒေါင်းက မျက်လုံးလေးဝိုင်းနေအောင် လှမ်းကြည့်နေရှာသည်။ ဒေါင်းနီခပ်တည်တည်မျက်နှာလွှဲ၍ အိပ်ရာလိပ်နားမှာ ဖုန်းပြောရင်း ထိုင်လိုက်ကာ.. ။

"အေး..ငါစောစောပဲလာခဲ့မယ်.."

"ချစ် မြင်းလှည်းမငှားခဲ့ဘူး၊ မမ့ကနေမကောင်းဘူးဆိုတော့ အိမ်က လိုက်ထရက်တ်လေးပဲ လွှတ်ပေးလိုက်မယ်..အလုပ်သမားပါထည့်ပေး လိုက်မယ်နော်၊ မမဘာမှသယ်ဖို့မလိုအောင်.."

"ချစ်ရယ်..ငါ့ပစ္စည်းလေးတွေက အိုးစုတ်ခွက်စုတ်လေးတွေကို၊ နေ ပါဦး အဲ့ဒါကရော ဘယ်သူစီစဉ်တာလဲ.."

"ကိုကြီးပဲ.."

ချစ်က ဒါပဲပြောပြီး နှုတ်မဆက်ဘဲဖုန်းချသွားသည်။ ဒေါင်းနီထို နေရာမှာပဲ မျက်နှာမော့လှန်ရင်း မျက်လုံးတွေကိုမှိတ်ထားလိုက်သည်။ သူ့မျက်နှာပြေလျှော့သွားချိန်ကို ဥဒေါင်းစောင့်ကြည့်နေမှန်းသိသည်။ ဒေါသလည်းပြေနေပါပြီ။ ဒါပေမယ့် နောက်ထပ်ဒီလိုမလုပ်ဝံ့အောင် ခဏ တော့တင်းထားရမည်။ ဒေါင်းနီမျက်လုံးမှိတ်ထားပေမယ့် အိမ်အောက်က နေ စုစုတိုးတိုးလေးလာခေါ်နေတာကို ကြားနေရသည်။

သမီးလေးဆီကတော့ လှုပ်ရှားသံမကြားရပေ။ မျက်လုံးမှိတ်လိုက်ကာမှ ခေါင်းတွေပိုကိုက်လာခဲ့လျက်.. ။

➤➤

အခန်း(၃၃)

"ကျွတ်..အဲ့ဒါ တီဗီမှာကြည့်ရင် ရှယ်မြင်ရမှာ.."

"တော်ပါကွာ..မင်းနှယ်၊ ခိုးချင်တာလည်းပျာလို့..နေးလိုက်တာလည်း ချာလို့ဆိုတာ မင်းပဲ.."

"ဦးလေးပဲ ပြရတုန်းကတော့ ကျွန်တော့်မှာဆွယ်လိုက်ရတာ.."

ဖုန်းစခရင်သေးသေးလေးမှာ မြင်နေရတာက ငယ်နိုင်ကတော့ အဆင်ပြေပေမယ့် ဦးကျော်ကလူကြီးမို့ အဆင်မပြေ.. ။

"ဒါ..ဘာတုန်း၊ မိန်းကလေးက ငယ်ငယ်လေးမို့လား.."

"ဟား ဟား..ဒါကျတော့ ငါ့ဦးလေးက မျက်စိကောင်းသွားပြီ.."

"ဟိတ်ကောင်..တိုးတိုး.."

"ဘယ်သူမှမရှိဘူး..စိုးရာလည်း သူ့အိတ်ယူပြီးမြောက်ပိုင်းထွက်သွားပြီ.."

စိုးရာကျော်က အိမ်ထဲဝင်လိုက်လာပြီး ဒီဗီဒီချပ်ကိုပြန်ယူသွားသည်။ သူနဲ့ပါသွားသလား..။ ဝှက်ထားခဲ့သလားတော့မသိ။ ငယ်နိုင်နဲ့ဦးကျော် ကြည့်လို့မရတော့ဘဲ ဖုန်းထဲဝင်ပြီးတော့သာ.. ။

"ဒီမှာပိုစုံတာပေါ့ဦးလေးရာ..ဘယ်နိုင်ငံက အထာတွေကြည့်ချင်ချင် တစ်ချက်ပွတ်လိုက်ရုံပဲ.."

ဦးကျော်က နေ့လည်လည်းသောက်သည်။ ညနေ ည ဘယ်အချိန် ဖြစ်ဖြစ် သောက်သည်။ ပိုအဆင်ပြေနေတာက ငယ်နိုင်ရောက်လာကာမှ မျှင်းရှိငြီးငွေ့ဖွယ်အချိန်တွေက အဓိပ္ပာယ်ရှိသလိုဖြစ်ခဲ့ပြီး.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်..မင်းဉစ္စာတော်တော်ဖြားယောင်းနေပြီကွ၊ ငါ့အသက်ကြီးမှ..ခွီးမှပဲ.."

ဖုန်းတစ်လုံးမှာ ခေါင်းချင်းရိုက်ပြီး သက်ပြင်းတွေချ ကျွတ်ခနဲဖြစ်လိုဖြစ်နှင့်.. ।

"ဟာ..ကြည့်စမ်း၊ မိန်းကလေးက.."

"သူတို့နိုင်ငံမှာ အဲ့ဒီလိုပဲဦးလေးရ..ပိုက်ဆံရှိရင် ဘယ်အရွယ်ဖြစ်ဖြစ်.."

"အေးကွာ..ဒါကြီးကတော့ မဖွယ်ရာပါဘူး.."

"အံမာ..အံမာ မဖွယ်ရာဘူးဆိုပြီး ဦးလေးချွေးတွေပြန်နေပြီ၊ ဟဲ..ဟဲ.."

"ဒါကတော့ကွာ.."

"ဒါကတော့ကွာမနေနဲ့..ကျွန်တော်ဆိုပိုက်ဆံမရှိပေမယ့် မသိတာမရှိ မခံစားဖူးတာမရှိ၊ လုံးဝစုံတယ်နော်..ဦးလေးခုမြင်နေရတဲ့အရွယ်ငယ်တယ်ဆိုတာ သနားတယ်.."

"ဘာရယ်.."

"ဦးလေးရာ..ဆင်းရဲတဲ့လူတွေကို လွှမ်းမိုးဖို့များ ကျိကျိတက်ချမ်းသာနေဖို့ မလိုပါဘူး.."

"မင်း.."

ဦးကျော်က အံ့ဩတကြီးလည်းဖြစ်လျက် အထင်ကြီးတာလား..မယုံသေးတာလားမသိ။ မျက်လုံးကြီးကတော့ အဆမတန်ပြူးနေပြီဖြစ်ကာ တံတွေးမျိုချတာ ဂွိခနဲ.. ।

"ဟား.. ဟား ဟိ..ဟိ.."

ငယ်နိုင်ကရယ်နေကာ ခေါင်းရင်းထရံပေါက်သေးသေးကိုဖြဲချောင်းကြည့်၏။ ပြီးတော့ မျက်နှာကြီးဖြီးလာကာ.. ।

"ဒေါင်းနီရဲ့သမီးလေးကလှလိုက်တာ..တုတ်တုတ်တစ်တစ်လေး.."

"ဟိတ်ကောင်.."

"ဦးလေးအသာနေပါဗျာ..ဒေါင်းနီဆိုတဲ့မိန်းမကရော ဘာမို့လို့လဲ၊ အကြီးကြီးတွေစားပြီး ဆင်းရဲတဲ့ချောင်မှာကျတော့ မာနတွေကြီးပြနေတာ..



အကြောင်း ကျွန်တော်သိတယ်၊ 'သင်းပဒေသာ'အိမ်ကကောင်တွေရဲ့သုံးတော်ခံ.."

"ဟာ..မင်းမဟုတ်တာတွေပြောတော့မယ်၊ ငါ့သားတောင်မှ.."

"စိုးရာလည်း ပစ်ကျနေတာပဲလေ..အဲ့လိုမိန်းမတွေကို ယောက်ျားတွေက ကျကြတာပဲ၊ ကျွတ်..ဦးလေးကိုရှင်းပြနေရတာနဲ့ ကောင်မလေးပြန်တက်သွားတော့မယ်.."

"ဖိုးနိုင်..မင်းအဲ့ဒါတော့ မဖြစ်ဘူးထင်တယ်.."

"အဲ့ဒီကောင်မလေး ဘာကြိုက်တတ်တယ်ကျွန်တော်သိပါတယ်..ချောကြည့်တာပေါ့.."

ငယ်နိုင်က ပတ်ဝန်းကျင်ကို အကဲခတ်ပြီး နောက်ဖေးကျကျခြံတိုင်တွနားကပ်သွားသည်။ နေ့လည်ခင်းနေရောင်ခြည်က ကြဲကြဲတောက်နေပေမယ့် သစ်ပင်ကြီးတို့၏အရိပ်တွေကြောင့် ပူခြင်းအေးခြင်းက မျှနေသည်။ ကလေးနှစ်ယောက်က မျက်နှာချင်းဆိုင်ရပ်နေကြလျက် ဥခေါင်းသည် မျက်ရည်ကြောင်းတို့ဖြင့်.. ।

"ဟော့အေး..မခေါ်ဘူး.."

"နင့်အမေကလည်း နင့်ကိုချစ်တယ်ဆိုပြီးတော့ မခေါ်ဘဲနေရလား.."

"မေမေကချစ်လို့မခေါ်တာ.."

"မကြားဖူးပါဘူး..ငါ့အမေဆို အကြီးစန်းတို့အိမ်က ကြက်ဥတွေငါကောက်လာရင် ငါ့ကိုမုန့်ဖိုးတောင်ပေးတယ်.."

ဥဒေါင်းက နားထောင်နေလိုက် ခေါင်းခါလိုက်နှင့်.. ।

"မဟုတ်ဘူး..မေမေကချစ်လို့ရိုက်တာ.."

"ဟား ဟား ဟား.."

"မရယ်နဲ့ဟာ..မေမေနေမကောင်းလို့ အိပ်နေတယ်.."

စုစုကအရယ်ရပ်သွားသည်။ ဥဒေါင်းတားလို့တော့ မဟုတ်ပေ။ နောက်ဖေးခြံထောင့်ကနေ လက်ယပ်ခေါ်နေသော ငယ်နိုင့်ကိုမြင်နေတာဖြစ်လျက်.. ।

"ဦးနိုင်ခေါ်နေတယ်.."

ဟုပြောပြီး ပြေးသွားသည်။ ပြီးတော့ မကြာခင်ပြန်ပြေးလာကာ..

www.burmeseclassic.com

www.burmeseclassic.com



"အမေခေါ်လို့တဲ့..ငါပြန်ဦးမယ်.."

ဥဒေါင်းတစ်ယောက်တည်း ကျန်ခဲ့သဖြင့် ငယ်နိုင့်ကိုလှည့်ကြည့်လျှင် ငယ်နိုင်ကလက်ယပ်ခေါ်ကာ.. ၊

"မီးမီးလေးမေမေက ခုနကဖုန်းဆက်ပြောလို့.."

"မေမေက.."

"ဟုတ်တယ်..ခုန သူသမီးလေးကိုရိုက်ထားမိလို့ စိတ်မကောင်းဘူးတဲ့၊ အဲ့ဒါကြောင့် ကလေးကိုပြန်ချော့ဖို့ သူအရမ်းကြိုက်မယ့်ဘဲလေးနှစ်ကောင် ရွေးထားပေးပါတဲ့.."

ဥဒေါင်းမျက်နှာလေး ဝင်းထိန်သွားသည်။ ခုလိုတော့ မရိုက်ဘူးမေမယ့် မေမေကဆူပြီးလျှင် သူမကြိုက်တတ်တာတွေဝယ်ကျွေး ဝယ်ပေးပြီးချော့တတ်တာကို သတိရသွားသည်။

ငယ်နိုင်က ကလေးမျက်နှာလေးကို အကဲခတ်၍.. ၊

"ဦးကဘယ်လိုလုပ် ရွေးတတ်မလဲ..မီးမီးကြိုက်တာ မီးမီးဘာသာရွေးယူမလား၊ လာလေ..ဘဲမကြီးကအိပ်နေတယ်၊ တော်ကြာနီးလာရင်နောက်ဖေးက ကန်စွန်းအိုင်ထဲ ရေဆင်းကူးနေကြမှာ..ဘဲလေးတွေဝပ်နေတုန်း အသာလေးကောက်ထားလိုက်.."

ဥဒေါင်းပျော်သွားသည်။ ညနေကျရင် သူမတို့လည်း ပြောင်းတော့မှာမို့ ဘဲတွေကန်ထဲဆင်းကုန်ရင် ရတော့မှာမဟုတ်.. ၊

"ဦး..မေမေကတကယ် ဝယ်ပေးတာလားဟင်.."

"ရှူး.."

ငယ်နိုင်က တိုးတိုးပြောဖို့ လက်ထောင်ပြကာ ဥဒေါင်းကိုယ်လေးကိုခြံတိုင်တွေနဲ့ ကပ်သွားအောင် အသာလေးဆွဲယူ၍.. ၊

"မီးလေးမေမေက မီးမီးမသိစေချင်ဘူး..ဒါကြောင့် ဦးကိုဖုန်းဆက်ပြီး တိတ်တိတ်လေးမှာထားတာပေါ့၊ ပြီးမှ သူကမီးလေးဝမ်းသာအောင်ပေးချင်တာ.."

ဥဒေါင်းခေါင်းညိတ်ပြီး အိမ်ပေါ်ကိုမော့ကြည့်သည်။ ရှည်လျားကော့နက်သည့် မျက်တောင့်တို့မှာ ခိုတွဲနေဆဲမျက်ရည်ဥတို့ကို လက်ခုံလေးဖြင့်ပွတ်ပြီးမှ.. ၊



"မီးမီးတိတ်တိတ်လေး လိုက်ကြည့်ရမှာလား.."

"ဒါပေါ့..ဦးက မီးလေးကိုအရိုက်ခံရတာ ကြားတည်းကသနားနေတာ၊ အဲ့ဒါကြောင့် မီးလေးကိုဘဲလေးတစ်ကောင် ဦးကထပ်ပေးဦးမှာ.."

"ဒါဆို မီးမီးကသုံးကောင်တောင် ရမှာပေါ့.."

လက်ချောင်းလေးသုံးချောင်းထောင်ပြတော့ ထိုလက်လေးကိုဆုပ်ကိုင်လိုက်ပြီး ငယ်နိုင်ကနောက်ဆုတ်သည်။ ပြီးတော့ ဥဒေါင်းကိုခြံထဲပါလာအောင် ဆွဲသွင်းလိုက်ပြီး ဘေးဘီကိုလှည့်ပတ်ကြည့်သည်။

ဒေါ်သမာန်စွယ်ကျိုးလုလု နေ့လည်ခင်းနေပင်းက ညနေချိန်ခါကူးမည့်အရေးမှာတောင် အားပြင်းနေဆဲရှိကာ ပဝ်ဝန်းကျင်သည် ဆိုးရွားသည့် ကံကြမ္မာတစ်ခုကို ဖန်ဆင်းဖို့အတွက် တိုက်ဆိတ်ခြင်းဖြင့် စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့၏။

"ဘဲလေးတွေက အိမ်ပေါ်မှာလား.."

"အိမ်အောက်မှာလေမီးမီးရဲ့..အိမ်ပေါ်ကတက်သွားမှ ယူလို့ရမှာပေါ့၊ မီးမီးမေမေရိုက်တဲ့ ဒဏ်ရာတွေရော ဦးကိုပြပါဦး..ကြားနေရတာ မနည်းဘူးရိုက်နေတာပဲ.."

"လက်မှာ.."

"ဟုတ်လား..တင်ပါးမှာရော.."

"မီးမီးဘောင်းဘီမချွတ်နဲ့.."

"မဟုတ်ဘူးလေ..ဒီဘဘက ဆေးဆရာရဲ့အဖေ ဆေးဆရာကြီးပါ၊ မီးမီးဒဏ်ရာကို ဆေးလိမ်းပေးနိုင်တယ်.."

"ဟင့်အင်း..မီးမီးမလိမ်းဘူး၊ ဟင့်အင်း မီးမီးဘောင်းဘီမချွတ်နဲ့.."

"အော်တယ်ဟ..ပေ့ကောင်လုပ်ဦး.."

"မီးမီးကမလိမ်မှာဘူးကွာ..ဒီမှာထိုင်ပါဆို မဟုတ်ရင်နာလိမ့်မယ်.."

"ဟင့်အင်း..ဟင့်အင်း.."

"ဟာကွာ..ဒီလောက်တောင်.."

"မေမေရေ.."

"ဒုန်း.."

တစ်ယောက်က ခြေထောက်ကနေဆွဲလှဲပစ်လိုက်သည်။ ကြမ်းပြင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ခေါင်းနဲ့ပစ်ကျကာ ကလေးမူးမိုက်သွားစဉ် နောက်ထပ်မအော်အော်
ပါးစပ်ကိုဖမ်းအုပ်ပစ်လိုက်သည်။

"ဟင့်အင်း..ဝူး.."

မကောင်းတာတစ်ခုခုဆိုတာ သိလိုက်ပြီး ဥဒေါင်းအတင်းအကန်ရုန်း
တော့သည်။ သို့သော်.. ။

"ကဲ..ဒီလောက်ဆိုးတာ နင့်ကံကြမ္မာပဲ၊ ဦးလေး ဂရုမစိုက်နဲ့..ချုပ်
ထား.."

"မရဘူးကွ.."

"ဒုတ်.."

"ခွပ်..ဒေါက်.."

အခန်း(၃၄)

"မမေမေရေ.."

ဟင်.. ။

နားထဲမှာ သမီးလေးအသံ စူးစူးဝါးဝါးကြားလိုက်ရသည်။ ဒေါင်းနီ
မျက်လုံးဖွင့်လိုက်တော့ ခေါင်းတွေခဲ မျက်လုံးတွေစပ်နေကာ.. ။

"သမီး..သမီးရေ ဒေါင်းငယ်.."

ခပ်တိုးတိုးခေါ်ရင်း ကျယ်ကျယ်ခေါ်မိကာ ခပ်လှုပ်လှုပ်ထမနေရ
သည့်ခေါင်းက ဆတ်ခနဲထောင်ပြီးသား ဖြစ်၏။

သမီး.. ။

ဒေါင်းငယ် ဘယ်ရောက်သွားလဲ.. ။

"သမီး..ဒေါင်းငယ်လေး.."

ငုတ်တုတ်မှီနေရာကနေ ကျုံ့ရုန်းထလိုက်မိကာ အိမ်အောက်ကိုအ
ရင်ကြည့်မိသည်။ အောက်မှာဘယ်သူမှမရှိ။

မဟုတ်ဘူး..ခေါ်မကြား အော်မကြားလောက်တဲ့အထိ ဘယ်တော့မှ
သွားမဆော့တတ်တာ သူမသိသည်။

"ဖြန်း..ဖြန်း.."

သူမအိမ်အောက်ပြေးဆင်းခဲ့စဉ် ဥမ္မာကျော်တို့ နောက်ဖေးမြမ်းအဖီ
က သိမ့်သိမ့်ခါသွားလျက် အသံတွေပါထွက်လာသဖြင့် ခြေစုံရပ်ကြည့်
နေမိ၏။ ပြီးတော့ မငြိမ်မသက်လှုပ်ခါနေလျှင် ချက်ချင်းမျက်နှာလွှဲလိုက်
မိသည်။ ငယ်နိုင်ဆိုတဲ့သတ္တဝါ မဟုတ်တဲ့ကားတွေ ငုံ့ကြည့်နေတာ သ

www.burmeseclassic.com

www.burmeseclassic.com



တိရမိလျက် မြန်မြန်ဆန်ဆန် ကျောခိုင်းခဲ့မိ၏။

"သမီးရေ..သမီးဥဒေါင်း.."

ခြံရှေ့ထွက်ပြီး ခေါ်ကြည့်ရင်း ရင်ခုန်သံတွေမြန်လာခဲ့၏။ သမီးလေး ဘယ်ရောက်သွားတာလဲ.. ၊

သူမစကားပြန်မပြောဘဲ တစ်ခါမှမနေခဲ့ဘူးပေ။ ခုတစ်ခါသမီးလေး ဘယ်လောက်တောင် ခံစားသွားရပြီး ဘယ်ချောင်မှာသွားကပ်ငိုနေပြီလဲ..

ဟိုကြည့်ဒီရှာကနေ ဒေါ်ခင်နီပြေးပြေးလွှားလွှားတွေဖြစ်လာသည်။ ပြီးတော့ အိမ်ပြန်ပြေးပြီး အိမ်ပေါ်တက်ကြည့်မိ၏။ အိမ်မှာမီးဖိုချောင်နဲ့ အိပ်ခန်းကိုပဲ အခန်းလုပ်ထားတာမို့ ဘာမှလည်းရှာစရာမရှိ.. ၊

"ဥဒေါင်း..သမီးလေးရေ မေမေစိတ်မဆိုးတော့ဘူး၊ သမီးထွက်လာခဲ့..ထွက်ခဲ့ပါသမီးရယ်.."

ခေါ်နေရင်း အားလုံးသိမ်းဆည်းပြီးသား အထုပ်တွေအိတ်တွေကို ဟိုဘက်ရွှေ့ဒီဘက်ရွှေ့ တအားဆွဲလှဲနေမိကာ မသိရင် အထုပ်အောက်ပိနေနိုင်သည့် ပစ္စည်းတစ်ခုခုကို ရှာနေတဲ့အတိုင်း.. ၊

"သမီးလေးရေ.."

ဒေါ်ခင်နီငိုသံတွေပါလာကာ ဖုန်းမြည်နေတာကိုလည်း မကိုင်ဖြစ်။ မစ်ကော့လ်တွေ တစ်ခုပြီးတစ်ခုဖြစ်နေသည့်အချိန်မှာ ဒေါ်ခင်နီလမ်းကြိုလမ်းကြားတွေမှာ ပြေးနေတုန်း.. ၊

"အစ်မရေ..ကျွန်မသမီးလေးများ အဲ့ဘက်လာတာတွေ့မိသေးလားဟင်.."

"မတွေ့မိပါဘူး..ညည်းသမီးလေးက ငါတို့ဘက်ကို တစ်ခါမှမလာဘူးပါဘူး.."

စုစု..၊ စုစုနဲ့ဆော့နေတာပါ။ ပြေးကြည့်လိုက်တိုင်း စုစုကလည်း ပြန်မရောက်သေးဘူးပဲဖြစ်နေကာ.. ၊

"အဘွားအိမ်သွားမယ်ဆိုပြီး သူ့အစ်မနဲ့ပါသွားတာ..ပြန်တော့လာခါနီးပါပြီ.."

"ဖုန်းမရှိဘူးလားအစ်မ..သမီးလေးများပါသွားလားလို့၊ ကျွန်မသမီးလေးကို ကျွန်မရိုက်ထားမိလို့ သူစိတ်ကောက်နေမှာ.."



"ပါမသွားလောက်ဘူး..သွားကြတာ နီးနီးလေးမဟုတ်ဘူးရယ်၊ ဟိုမှာဖုန်းလည်းမရှိတော့.."

"မဟုတ်ဘူး..သူတို့နှစ်ယောက်ဆော့နေတာ၊ သမီးဘယ်မှာလဲစုစုသိတယ်..ဘယ်ရွာသွားတာလဲ၊ ကျွန်မလိုက်သွားမယ်.."

ဒေါ်ခင်နီခြေမကိုင်မိ လက်မကိုင်မိ ပျာနေကာ စက်ဘီးပြန်ယူဖို့တောင် သတိမရဘဲ ဒီတိုင်းပြေးဖို့ ခြေလှမ်းပြင်၏။

"နေဦးလေ..လိုက်ပို့မယ့်သူရှိမှ နင်သွားလို့ရမှာကို.."

"ဟိုမှာ ဟိုမှာ..စုစုတို့ပြန်လာပြီ.."

ဒေါ်ခင်နီ ချာခနဲလှည့်ကြည့်ကာ စုစုရောက်လာတာကိုမစောင့်ဘဲ တအားပြေးသွားခဲ့လျက်.. ၊

"စုစု..စုစုသမီးသူငယ်ချင်းရော၊ ဥဒေါင်းငယ်လေးလေ.."

"သမီးမသိဘူး.."

"ဘာလို့မသိရမှာလဲ..နင်သိတယ်၊ နင်နဲ့ဆော့နေတာ..နင်ငါ့အိမ်ထဲထိလာပြီး.."

"ဟဲ့..ဟဲ့ ဒေါ်ခင်နီ..နေပါဦး၊ ဘယ့်နှယ်ကလေးကို မာန်မဲအော်ငေါက်နေတာလဲ.."

ဒေါ်ခင်နီက အနားရောက်လာပြီး ဆွဲသည့်လူတွေကို ဖယ်ချပုတ်ထုတ်ပစ်ကာ.. ၊

"သူနေ့လည်က ကျွန်မအိမ်အောက်မှာ လာဆော့နေတာ..ဥဒေါင်းနဲ့သူအတူရှိတယ်၊ ပြောစမ်းပါ..ငါ့သမီးဘယ်ရောက်သွားတာလဲ.."

"ကလေးကြောက်အောင်မအော်နဲ့လေ..ခင်ဗျားမေးတာကို ကလေးက ဘယ်ဖြေတော့မလဲ.."

လူငယ်တစ်ယောက်က မျှတသည့်စကားပြောရင်း စုစုဆိုသည့်ကလေးရှေ့မှာ ခါးညွှတ်ပြီးမျက်နှာကိုကြည့်ကာ.. ၊

"မိစု..ညည်းအဘွားတို့ဆီမသွားခင် ဥဒေါင်းနဲ့ဘယ်မှာတွေ့ရမလဲ၊ စဉ်းစားကြည့်ဦး..အခုဥဒေါင်းပျောက်နေလို့.."

စုစုက အနီရောင်ဆိုးဆေးတို့နှင့် ရဲတောက်နေသော သရက်ကင်ချောင်းကို အပြားလိုက်စုပ်စားနေရင်း ငိုနေသည့်ဒေါ်ခင်နီကို မော့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ပြီးတော့ အိမ်ကိုလက်ညှိုးထိုးကာ.. ၊

"အဲ့အောက်မှာပဲသူကျန်ခဲ့တာ..သမီးကပြန်လာတာ.."

"ကျန်ခဲ့တော့ သူဘာလုပ်နေသလဲ.."

ကောင်လေးကပဲမေးနေသဖြင့် ဒေါင်းနီအသက်ရှူတွေ ပြင်းရင်း နားစွံနေမိသည်။

"သူငိုနေတယ်..မေမေကငါ့ကိုမခေါ်ဘူးလို့ ပြောပြီးတော့.."

ဒေါင်းနီမျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏။ လူငယ်က ဒေါင်းနီကိုကြည့်နေသည့် စုစုမျက်နှာလေးကို သူ့မျက်နှာနဲ့တည့်အောင် ဆွဲယူလိုက်ပြီး.. ၊

"ပြီးတော့ ညည်းတန်းပြန်လာခဲ့တာလား..သူဘာလုပ်နေခဲ့တာလဲ၊ မှန်မှန်ဖြေနိုင်ရင် ညကျအိမ်မှာသရဲကားဖွင့်ပေးမယ်..လာကြည့်.."

စုစုက မျက်လုံးတွေလှုပ်ရှားနေကာ တစ်ခုခုကိုစဉ်းစားလျက်.. ၊

"သူနဲ့ဦးနိုင်နဲ့ ကျန်ခဲ့တာ.."

ဟင်.. ၊

ဒေါင်းနီ တစ်ကိုယ်လုံးတုန်ခါသွားသည်။ လူငယ်ကလည်း အိမ်ကို လှမ်းကြည့်ကာ.. ၊

"ဦးနိုင်ဆိုတော့ ခေါင်းရင်းကဦးငယ်နိုင်လား..သူက ဥဒေါင်းတို့အိမ် ထဲ ဝင်လာတာလား.."

"ဟင့်အင်း..ခြံတိုင်တွေကြားထဲက ခေါ်တာ.."

ဒေါင်းနီချာခနဲ လှည့်ပြေးလာခဲ့သည်။ သူမအိမ်ပေါ်ကဆင်းလာစဉ် ကြားရသည့်အသံတွေက ဘာတွေလဲ..။ ဒီထဲမှာ သမီးလေးရှိနေတာဆို လျှင်.. ၊

"ဒုန်း..ဝုန်း ဝုန်း.."

"ဒေါင်းနီဝင်သွားပြီး ခြံတိုင်တွဆွဲဖျက်နေပြီ.."

ကိုယ့်အိမ်အောက်ကနေ ပြေးကြည့်လိုက်လျှင် ပုံစံတကျကာထား သည့် သန်းသားတိုင်တွေမှာ လူတစ်ကိုယ်စာတိုင်တွေနုတ်ထားသည့်နေ ရာကို တွေ့သည်နှင့်.. ၊

"လူယုတ်မာတွေ.."



လက်မှန်းဘာမှန်းလည်း ဂရုမစိုက်မိတော့ဘဲ ခြံတိုင်တွေကိုဆောင့် ကန်လိုက် ဆွဲဖြုတ်လိုက် ဆွဲနဲ့ပြီးပြန်ကန်လိုက်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး ဝုန်းဒိုင်းကြဲသွား၏။

"သမီးလေး..သမီးရေ.."

ဒေါင်းနီနောက်ဖေးအိပ်ဆောင်တဲလေးထဲ ပြေးဝင်သွားလျှင် ဦးကျော် က စိတ်ပုတီးကိုင်လျက်.. ၊

"ဆူဆူညံညံနဲ့ ဘာတွေဖြစ်နေတာတုန်း မဒေါင်းနီ.."

ဒေါင်းနီအဆင့်ပေါ်မတက်ဘဲ တစ်ခန်းလုံးကို မျက်လုံးဝေ့ကြည့်၏။ ပုတီးကိုင်ထားသည့် ဦးကျော်ရဲ့လက်တွေတုန်နေကာ ထိုင်နေသည့်နောက် မှာ ဖုံးလုံးလဲနေသည့် အရက်ပုလင်းနှင့်.. ၊

ဟင်.. ၊

မျက်လုံးသည် ထိုးသိပ်ပုံထားသည့် အဝတ်ပုံတစ်ခုရဲ့ဘေးမှာ ရောက်သွားလျှင် ဥဒေါင်းငယ်ရဲ့ဘောင်းဘီအပြာလေးကို မြင်လိုက်ရ ကာ.. ၊

"နင်..နင်တို့ ငါ့သမီးကို.."

ခေါင်းထဲမှာမိုက်ခနဲဖြစ်သွားသည်။ လူကရှေ့ကိုငိုက်ကျသွားသဖြင့် လက်နဲ့ထောက်ထားလိုက်တော့ သူမလက်ဖဝါးအောက်မှာသွေးစက်တွေ..

ဒေါင်းနီကိုယ့်လက်ကိုကြည့်၍ ကမ္ဘာမြေကြီးသိမ့်သိမ့်ခါနေသလို သူမကိုယ်တိုင်လဲကျတော့မတတ် မထိန်းနိုင်ဘဲဖြစ်လာ၏။

မဟုတ်ဘူး..ငါ့အိပ်မက်မက်နေတာ.. ၊

ဒေါင်းနီခေါင်းခါလိုက် ခေါင်းညိတ်လိုက်ဖြစ်နေစဉ် ဦးကျော်ရဲ့မျက် လုံးတွေ နောက်ကိုရောက်သွားသဖြင့် ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

ငယ်နိုင်.. ၊

ဒီအိမ်ရဲ့နောက်မှာ ဝက်တွေနွားတွေသတ်သည့် အမှိုက်ပုံရှိသည်။ မရိုးအရင်းတွေ ဘဲမွှေးကြက်မွှေးတွေစုပုံများပြားလွန်းသဖြင့် အမှိုက်ပုံကြီး က တောင်ပို့ကြီးလိုဖြစ်နေ၏။ ပြီးတော့ လယ်ကွက်တွေနဲ့ဆက်ဖြစ်နေ သော သစ်ပင်ခြံပုတ်စုစုတွေရယ်.. ၊

ထိုဘက်ကနေ ငယ်နိုင်ပြန်လာသည်။ အိမ်နောက်မှာဒေါင်းနီရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ မြင်လိုက်သဖြင့် ခြေလှမ်းရပ်သွား၏။ သို့သော်.. ၊

"ငါ့သမီး.."

ဒေါင်းနီအရှုးလိုအော်ရင်း ထမီမ၍ပြေးလာသည်။ ငယ်နိုင်ဟန် ဆောင်ပြုံးနှင့် စကားပြောဖို့ကြိုးဆိုသော်လည်း ဒေါင်းနီသူ့ကိုကျော်၍ နောက်ကိုပြေးသွားသဖြင့် မျက်နှာပျက်သွား၏။ ပြန်ကြည့်လိုက်တော့ အိမ်မှာလည်း လူတွေရှုတ်ရှုတ်သဲသဲဝင်လာနေကြတာ မြင်ရကာ ဦးကျော်က သူ့ကိုစာခြောက်သလို လုပ်ပြနေ၏။

သို့သော် အားလုံးကလှမ်းမြင်နေတာမို့ သူရှောင်သွားဖို့ မဖြစ်နိုင်တော့.. ၊

အခန်း(၃၅)

ဟင်.. ၊

အမှိုက်ပုံခြေရင်းမှာ စောင်ကျားကြီးနဲ့ဖြစ်သလို လိပ်ပတ်ထားသော အထုပ်သည် ကမန်းကတန်းဖုံးကွယ်ခဲ့ရပုံရသော အမှိုက်တို့အောက်မှာ ဒီတိုင်း.. ၊

ဒေါင်းနီကမန်းကတန်း ဆွဲထုတ်၍ စောင်ထုပ်ကိုဖြည်လိုက်လျှင်..

"အမလေး.."

လူသည် ဒိုင်းခနဲဖင်ထိုင်ကျသွားကာ ရုတ်တရက်မျက်လုံးအကြောင် သားနှင့် အသိစိတ်မဲ့သွားခဲ့၏။

သမီးလေး.. ၊

ဥဒေါင်းငယ်သည် ပါးစပ်ထဲမှာ အဝတ်စတွေပိတ်ဆို့ထားလျက် တန်းလန်းနှင့် မျက်နှာမှာပေါက်ပြဲမြည်းဒဏ်ရာတို့နှင့် သွေးတို့စိမ့်ထွက် နေဆဲ။ ဂါဝန်ကိုကက်ကြေးနဲ့ထိုးခွဲထားခြင်းဖြစ်ကာ ရင်ဘက်နဲ့ဗိုက်တွေ မှာ ကက်ကြေးဦးထိုးမိထားသည့် ဒဏ်ရာတွေက နက်ရှိုင်းစွာရှိနေ၏။

ပြီးတော့ ဘောင်းဘီမရှိသည့်ကိုယ်အောက်ပိုင်းတစ်ခုလုံး သွေးတို့ရွှဲ နစ်နေကာ ဗိုက်နဲ့ဆီးခုံမှာ လက်သီးဆုပ်လောက်အမည်းကွက်ကြီးတွေဖြင့် ညယ်အိုးဖင်နဲ့ ကပ်ထားသည့်အတိုင်း.. ၊

သွေးတွေဒဏ်ရာတွေပေါ်မှာ တစ်နေရာချင်းစီကြည့်နေခဲ့သော ဒေါင်းနီရဲ့မျက်လုံးတွေက တချပ်ချပ်ရွှေ့လျားနေသော နှာခေါင်းစက္ကန့်တံကဲ့ သို့.. ၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လျားနေပေမယ့် ခံစားချက်မဲ့နေသည်။ ဥဒေါင်းရဲ့ခန္ဓာကိုယ်ဟာ အဖြေလွှာတစ်ခုဖြစ်နေခဲ့ပြီး သူမကတော့ စိတ်မပါလက်မပါ စာစစ်နေရသည့် ဆရာမတစ်ယောက်ဖြစ်သွားခဲ့သည်။

ကွင်းပြင်ကိုဖြတ်တိုက်လာသည့် လေပြင်းတစ်ရှိုက်က အမှိုက်ပုံကို ဆွဲမွှေ့သွား၏။ မို့မောက်နေသောအမှိုက်ပုံပေါ်က အမှိုက်စတွေ ကြက်မွေး ဘဲမွေးတွေက တဖျောဖျောပြန့်ကျဲကာ ဥဒေါင်းကိုယ်ပေါ်ဖြန့်ခင်းသွား၏။

ဒေါင်းနီတုတ်တုတ်မှမလှုပ်ဘဲ မျက်ရည်စက်တွေက ကျောက်စက်ရေလို တတောက်တောက်ကျလာသည်။

"မေမေ့..မေမေ့ကိုချစ်တယ်.."

သူမငေးကြည့်နေသော ဥဒေါင်းရဲ့မျက်နှာပေါ်က ကြက်မွေးတစ်စသည် လေအသုတ်မှာ သူမရဲ့ပါးပြင်ဆီလွင့်ခနဲ ပြေးကပ်၏။

"မီးမီးက မေမေ့ကိုချစ်တယ်.."

"မေမေလည်းချစ်တယ်.."

ဒေါင်းနီနှုတ်ခမ်းတွ လှုပ်ခတ်လာရင်း ရေရွတ်နေသည်။ ပြီးတော့ ပါးပြင်ကနေ တလှုပ်လှုပ်လျှောကျလာသည့် ကြက်မွေးလေးကို လက်တစ်ဖက်နဲ့အသာလေး ဖိကပ်ထားလိုက်သည်။

"မီးမီးက မေမေ့ဖို့.."

"ကြောက်ပါပြီမေမေ့..မီးမီးနောက်မယူတော့ပါဘူး၊ မီးမီးကမေမေ့ခေါင်းမှာ အဲ့ဒီကလစ်လေးထိုးထားတာ ကြည့်ချင်လို့ပါ.."

ဥဒေါင်းလေး မအေ့မျက်နှာကို တမော့မော့ကြည့်နေသည်။ အိမ်ရှေ့က စက်ဘီးသမားဆီ မအေဆင်းသွားတော့လည်း လိုက်လာသည်။ အိမ်ပေါ်ပြန်တက်တော့လည်း မော့ငေးနေရင်း တကောက်ကောက်လိုက်ပြောသည်။

"မီးမီးက မေမေ့ကိုချစ်တယ်.."

မအေကိုချော့နေကျ စကားလေးတွေ တတွတ်တွတ်ပြောနေရင်း လုတ်တိုက်အောင် လိုက်သည်။ ဒေါင်းနီဆိုတဲ့မိန်းမ တစ်ချက်မှပြန်ငုံ့မကြည့်.. ၊



"သွား..ငါနဲ့ဝေးဝေးနေ.."

"မေမေ့.."

"သွားဆို..သွား.."

မျက်ရည်တွေ တာတမံကျိုးသလို ကျလာခဲ့လျက် ဒေါင်းနီနှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်။ သူမရဲ့အမြင်အာရုံတွေ ဝေဝါးလာတဲ့အထိ သမီးလေးငိုသံတွေကို ကြားနေရသည်။ ဘာမှမမြင်ရတော့အောင် မျက်ရည်တွေ ပိတ်သိပ်မှုန်ဝါးနေတာတောင် သမီးလေးရဲ့မော့ငေးနေတဲ့ မျက်ရည်တွေနဲ့ မျက်ဝန်းလေးတွေကို မြင်နေရသည်။

သူမဒီနေ့မှ ဘာကြောင့်ခေါင်းမထူနိုင်ခဲ့တာလဲ..။ သမီးလေးရဲ့အပြစ်ကို ဘာကြောင့် ဒီလောက်ပုံကြီးချဲ့ခဲ့တာလဲ..။ သမီးလေးက ငါ့ကိုသိပ်လှစေချင်တာ။ မအေအတွက်ချည်းပဲ သူမဖွတ်တိုးလုပ်ခဲ့မိသောအပြစ်တိုင်းဟာ ဒီအမေအတွက်ချည်းပဲလေ.. ၊

ဘာကြောင့်လဲဒေါင်းနီ..။ ကလေးမှာ ဘာအပြစ်ရှိလို့လဲ..။ သူတို့ဆီ ကလေးရောက်သွားအောင် နင်လုပ်ခဲ့တာ..အဲ့ဒါနင့်ကြောင့်.. ၊

"မေမေ့ကို မီးမီးကချစ်တယ်.."

"မေမေကလည်းချစ်တယ်.. သမီးလေးကို သိပ်ချစ်ပါတယ်၊ ဒါပေမယ့် ယုံချင်စရာမရှိဘူးနော်.."

ဒေါင်းနီစကားတွေပြောရင်း မဲ့သည်။ ပြီးတော့ မဲ့မဲ့ကြီးနှင့်ခေါင်းခါ၏။

"ဒီအမေကမကောင်းတဲ့ အမေ..ကိုယ့်ကလေးကို မုဒိန်းသမားတွေဆီ တွန်းပို့လိုက်တဲ့အမေ၊ အဲ့ဒီဒေါင်းနီဆိုတဲ့ မိန်းမ.."

ယူကျုံးမရခြင်းကြောင့် ခံရခက်သည့်ငိုကြွေးခြင်းသည် ရယ်နေသလိုဖြစ်လိုက် ဒဏ်ရာအပြင်းအထန်နှင့် ဗုန်းဗုန်းလဲကျတော့မယ့် ဝေဒနာသည်လိုဖြစ်သွားခဲ့လိုက်.. ၊

ထိုစဉ် ဟူးဟူးရားရားတိုးဝှေ့လာသည့်လေသည် ဆံပင်တွေမျက်နှာကို ကန့်လန့်ဖြတ် ရိုက်ပုတ်သွားတဲ့အထိ မွှေနှောက်သွား၏။ ဥဒေါင်းငယ်ရဲ့အလောင်းပေါ်မှာ စောစောကပြုံ့ကျနေသည့် အမှိုက်သရိုက်တွေလည်း တဖျောဖျောလွင့်ပါသွားပြန်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..အဲ့လိုဖြစ်သွားတာ ငါ့ကြောင့်၊ အဲ့ဒါမေမေကြောင့် သမီး၊ မေမေပဲရှင်းပေးနိုင်မှာ..လာသမီးလေး လာ၊ မေမေတို့သွားရအောင်"

ဒေါင်းနီဖုတ်ဖက်ခါပြီး ပြန်ထိုင်သည်။ သမီးကိုယ်ကိုစောင်နဲ့ပြန်ပတ်၍ ပွေ့ချီကာ မခိုင့်တခိုင်ထရပ်သည်အထိ သူမသည်အိပ်မက်ထဲမှာ လှုပ်ရှားနေသလို တုံဏှိဘာဝေ.. ၊

သို့သော် သူမရဲ့လက်တစ်ဖက်မှာ ကိုင်လျက်သားပါလာသည့် ဓားမတစ်ချောင်းက သူမဘာလုပ်တော့မည်ကို မသိစိတ်ကနေ ခိုင်းစေမောင်းနှင်နေခဲ့ခြင်းသာဖြစ်လေသည်။ တကယ်တော့ ဓားမတိုသည် ကလေးအလောင်းကိုမြှုပ်ဖို့ယူလာပြီး အခြေအနေမပေးသောကြောင့် ကလေးနဲ့အတူဖြစ်သလို ထိုးသိပ်ဝှက်ထားခဲ့သော ငယ်နိုင်၏ဓားဖြစ်လေသည်။

တစ်တောင်နီးပါးရှိသော ကော့ပြောင်နေသည့် ဓားကိုညာဘက်လက်ကကိုင်ထားကာ ညာဘက်ပခုံးပေါ်မှာပဲ ကလေးအလောင်းကိုထမ်းထားပြီး ဒေါင်းနီခြံနောက်ဖေးက ပြန်ဝင်လာသည်။ ထိုအချိန်မှာ ဥမ္မာကျော်တို့အိမ်နောက်ဖေးမှာလည်း ဥမ္မာကျော်အပါအဝင် လူတချို့စုဝေးရောက်ရှိနေကာ.. ၊

"ဒေါင်းနီပြန်လာပြီ.."

တချို့သည် လက်ညှိုးထိုးလိုက်သဖြင့် အားလုံးကိုရှင်းပြနေသော ငယ်နိုင်မျက်နှာကွက်ခနဲ ပျက်သွားသည်။ ဦးကျော်မျက်လုံးကြီး ပြူးထွက်လာလျက် ခြေလှမ်းပြင်၏။

"ကလေးခြေထောက်ကနေ သွေးတွေကျနေတာကြည့်စမ်း.."

"ကလေးက ခင်ဗျားနဲ့ကျန်ခဲ့တာဆို.."

"မဟုတ်ရပါဘူးကွာ.."

"ဟုတ်တယ်..ဦးနိုင်ပဲ၊ ဟိုကြားထဲကနေခေါ်တာ..သမီးကိုတောင် မုန့်ဖိုးပေးသေးတယ်.."

စုစုက လက်ညှိုးထိုးအော်လျှင် ငယ်နိုင့်မျက်နှာကြီး နီရဲလာသည်။ ထိုစဉ် စိုးရာကျော်နောက်ဖေးပြေးလာရင်း.. ၊

"ဘာတွေဖြစ်ကြတာလဲ.."

"ဒီမှာကွာ..ငါနဲ့ဘာမှမဆိုင်.."



"ဆိုင်တယ်.."

ဒေါင်းနီ သူ့နောက်လာကာ စကားတစ်ခွန်းပဲပြောသည်။ ပြီးတော့ ဓားနဲ့လည်ပင်းကို လွှဲခုတ်ပစ်လိုက်၏။ ငယ်နိုင်ရှောင်လိုက်သော်လည်း..

"အား.."

"ဟာ..ဓားနဲ့ခုတ်ပြီ.."

"ရှင်မပြေးနဲ့.."

"ဟာ..မ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့..ငါမပါပါဘူး ဖိုးနိုင်မြှောက်ပေး.."

ဒေါင်းနီကလေးကို အတက်အဆင်းထောင့်မှာ သေချာချ၍ မျက်နှာပါမကျန်အောင် စောင်နဲ့သေချာပြန်အုပ်၏။ ပြီးတော့ ဓားပြန်ကိုင်လျှင် ဦးကျော် ဆုံးအောင်ရှင်းမပြနိုင်တော့ဘဲ အိမ်ထဲဝင်ပြေး၏။ အိမ်ကလည်း နောက်ဖေးတံလေးမို့ နောက်တစ်ဆင့်တက်စရာမရှိတော့ဘဲ သံသေတ္တာကြီးပေါ်တက်၍ ဆောင့်ကြောင့်ထိုင်ချလိုက်ရင်း.. ၊

"ငါ့ကိုငယ်နိုင်မြှောက်ပေးတာ..ဒီကောင်ပဲကလေးကို ရိုက်သတ်တာ၊ သူပဲမုဒိန်းကျင့်တာ..ငါ ငါက.."

"အား.."

ဒေါင်းနီမကြားနိုင်တော့သလို အားခနဲအော်ပစ်လိုက်ပြီး ထမီဆွဲမလိုက်စဉ် ခြေသလုံးသားတွေဖွေးခနဲပေါ်၏။ ပြီးတော့ ဓားကိုင်၍ကန့်လန့်ပိတ်နေသော ငယ်နိုင့်ကိုယ်ကြီးပေါ်ကို တက်နင်းကာ တစ်လှမ်းချင်း လှမ်းတက်သည်။

"ငါ့သား..စိုးရာ ဥမ္မာကျော် အဖေ့ကိုကယ်ပါဦး၊ အဖေနောက်ထပ်ဒီလိုမလုပ်တော့ဘူးလို့ ကတိ.."

"ဒုတ်.."

"အား.."

တစ်ချက်တည်း လွှဲခုတ်ပစ်လိုက်လျှင် ဦးရာကျော်သေတ္တာပေါ်ကနေ အထွေးလိုက်ဥမ်းထိုးကျလာ၏။

"ဒေါင်းနီ.."

"ဟိတ်..ရပ်စမ်း.."

"သွားကြစမ်း..တစ်ယောက်မှကပ်မလာနဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"အား.."

"အမလေး.."

ဉမ္မာကျော်နဲ့စိုးရာကျော်တို့ ပြေးဝင်သွားကြပေမယ့် ဒေါင်းနီကစား မနဲ့ နောက်ပြန်လှည့်ရမ်းလိုက်သဖြင့် အသည်းအသန်ရှောင်လိုက်ကြရင်း..

"လုပ်ကြပါဦး..အဖေသေပြီလားမသိဘူး.."

"အဖေ့.."

အောက်ကလူတွေလည်း တက်လာမကူကြသလို သူတို့လည်းရှေ့ မတိုးရဲကြ။ ဒေါင်းနီနောက်ပြန်လှည့်ပြီး ဓားနဲ့လိုက်ခုတ်သဖြင့် ပြန်ဆင်း ပြေးရခြင်းသို့ရောက်ကာ.. ၊

"ဒုန်း..ဘုန်း.."

"ဟာ..ဆွဲသွားပြန်ပြီ.."

အတက်အဆင်းတံခါးနားမှာ လည်ပင်းဓားချက်နဲ့လဲနေသည့် ငယ် နိုင့်ကိုယ်ကြီးကို ဆံပင်တစ်ချက် ပခုံးအင်္ကျီတစ်ဖက်စုံကိုင်၍ အိမ်ထဲဆွဲ သွင်းသွားသည်။

စိုးရာကျော် ဖုန်းဆက်မည်ပြင်လျှင် လူငယ်တစ်ယောက်က ဖုန်းကို ပုတ်ချပစ်လိုက်ကာ.. ၊

"သွေးကြောင်မနေပါနဲ့ဗျာ..ခင်ဗျားအဖေယုတ်မာတာ ဝန်ခံသွားပြီ.."

"ဟုတ်တယ်..မုဒိန်းကျင့်ထားတာ ကလေးလေးကို.."

"အိမ်ချင်းကပ်နေတာတောင် ယုတ်မာလိုက်တာ.."

"ဒါမျိုးဆို အကြောင်းသိဓာတ်သိတွေပဲ လုပ်ကြတာလေ.."

ဉမ္မာကျော်တို့မောင်နှမ မျက်လုံးပြူးကုန်ကြသည်။ ပတ်လည်ဝိုင်း ရံနေသည့် လူတွေအားလုံး သူမတို့ကိုကူညီမည့်သူမရှိ.. ၊

လှမ်းကြည့်လိုက်တော့ ဒေါင်းနီသည်ဆံပင်တွေ မျက်နှာနဲ့ပါးတွေ ပေါ်ထိ ဖရိုဖရဲကပ်ငြိပွယောင်းနေကာ သူမလက်ထဲမှာ ကက်ကြေးတစ် ဖက် ဓားမတိုတစ်ဖက်နှင့်.. ၊

အခန်း(၃၆)

"ဘာ.."

"ကလေးကိုမုဒိန်းကျင့်ခံရတာ.."

ဘုရား..ဘုရား.. ၊

ချစ်ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ မဟုတ်ဘူး.. မဟုတ်ပါစေ နဲ့.. ၊ အဲ့လိုဖြစ်တာ ငါ့တူမလေးမဟုတ်ဘူး. ၊

အိမ်အောက်ကနေ ပျက်စီးကျိုးပေါက်နေသော ခြံတိုင်တွေကို မြင် နေရသည်။ လူတွေရှုတ်ရှုတ်သဲသဲဖြစ်နေကြ၏။ ရှေ့တိုးလာရင်း ချစ်ဒူး တွေတုန်လာကာ 'မဟုတ်ဘူး'လို့ တတွတ်တွတ်ရွတ်နေရင်း ခွေကျချင် လာ၏။

သို့သော်ခြံတိုင်တွေကြားက လွန်မြောက်သည်နှင့် ပျဉ်ထောင်အိမ် ကြီးနဲ့ နောက်ဖေးသွပ်တန်းကျအဖီကို တန်းရောက်သွားခဲ့ပြီး မြင်ကွင်း သည်.. ၊

"ငါ့အဖေကိုကြည့်စမ်း..ကောင်မ လူပါးဝလို့.."

"ဒီလိုတော့ မစော်ကားနဲ့လေ.."

"ဟိတ်..အဲ့ဒီမောင်နှမကို ဆွဲထားစမ်း.."

"သူ့အဖေကပဲ စော်ကားခဲ့ပြီးတော့.."

လူတွေရှုတ်ရှုတ်သဲသဲဖြစ်နေကြသည်။ ဒေါင်းနီသည် အဖီ၏တံစက် ြိတ်အောက်မှာ ကလေးကိုပိုက်ပြီး တောင့်မတ်စွာရပ်နေလျက် သူမခြေ ရင်းမှာ လူအများက ဦးကျော်လို့ခေါ်ကြသော ဦးရာကျော်.. ၊

www.burmeseclassic.com

www.burmeseclassic.com



ရင်ဝအောက်ကနေ မံမီရုပ်အလောင်းတွေလို စောင်နဲ့ပတ်၍ ကြိုးနဲ့ အထပ်ထပ်ရစ်ချည်ထားသည်။ လူသည် တံခါးပေါက်မှာဖောက်ထိုး ရှိနေ သေးလျက် ခြေထောက်တွေက တစ်ထစ်တည်းသော လှေကားတန်းလေး ပေါ်မှာ တင်နေဆဲ.. ၊

ပြီးတော့ ရင်ဘက်ကနေ ပုဆိုးနဲ့ကွင်းစွပ်၍ ပက်လက်ကြီးဆွဲချထား ပုံရှိကာ.. ၊

"လည်ပင်းမှာဘာကြီးလဲ.."

"သူ့ငယ်ပါကြီးဟ.."

လူတွေထိတ်လန့်အံ့သြကာ နောက်ကိုထပ်ဆုတ်ကုန်ကြသည်။ စိုး ရာကျော်တို့ကို အားလုံးဝိုင်းချုပ်ထားကြသဖြင့် မလှုပ်သာသော်လည်း ရှုန်းကန်ကြိမ်းဝါးနေသောကြောင့်.. ၊

"စိုးရာ..ငါတို့က နောက်တစ်မှုမတိုးစေချင်လို့ တားနေတာနော်၊ မင်း အဖေက သေနေပြီ..ဘာမှမထူးတော့ဘူး.."

"သေသင့်တာပဲဟာ.."

ကလေးကိုစော်ကားခဲ့မှန်း သိကြပြီးတည်းက ရွာသားချင်းပေမယ့် တချို့က မကျေနပ်ကြ။ ဒေါင်းနီ ချစ်ကိုမြင်တော့ နှုတ်ခမ်းသားတို့ တုန် ယင်လာခဲ့လျက် ခက်ခဲစွာဆွဲထုတ်လာခဲ့သည့်အလောင်းက ပုဆိုးစကို လွှတ်ချလိုက်သည်။ ပြီးတော့.. ၊

"ချစ်..ချစ်နင့်တူမသေပြီ.."

ချစ်ဘာမှမပြောနိုင် ရင်ထဲမှာဆို့နင့်နေကာ မျက်လုံးတို့သည် ကြည့် နေရက်နဲ့ မမြင်သကဲ့သို့.. ၊

"သူ ငါ့ကြောင့်သေရတာ..ငါ ငါ့နားမှာပဲလေ၊ ငါ့ကလေးကိုသူတို့.."

"မမရယ်.."

ဥဒေါင်းလေးဆီ ချစ်ပြေးသွားမိကာ လုံးပတ်ထားသည့် စောင်စကို ဖယ်လိုက်လျှင်.. ၊

"အမလေး..ဘုရား.."

ရုပ်ပျက်ဆင်းပျက်ကလေးရဲ့ပုံစံကိုမြင်လိုက်ရကာ ခေါင်းထဲမှာမိုက်မူး သွားသည်။ ထိန်းချုပ်နေရင်း ချစ်နေရာမှာတင် ခွေကျသွားလေသည်၊



"အစ်မ..ဟာ ချစ်.."

လမင်းပြေးလာပြီး ချစ်ကိုပွေ့ယူလိုက်၏။

အဖြစ်သနစ်စုံကို သိခဲ့ရသလို ရင်နင့်ဖွယ်မြင်ကွင်းကြောင့် လမင်း လို သူပြေးမသွားနိုင်ဘဲ ရုပ်လျက်သားကျန်ခဲ့၏။ ခွန်းမျက်နှာတစ်ပြင် လုံး နီရဲတင်းမာနေသည်။ အံကြိတ်ထားသည့်မေးရိုးနှစ်ဖက်က လှုပ်ခတ် နေလျက် ဆုပ်ကျစ်ထားမိသည့် လက်သီးက တုန်ယင်နေခဲ့၏။

သူမကိုဘယ်လို စကားလုံးတွေနဲ့ အားပေးရမလဲ..။ ဘယ်လိုနှစ်သိမ့် မှုမျိုးနဲ့မှ သူမရဲ့အပူမီးကို ငြိမ်းသက်စေမှာလဲ.. ၊

ခြေလှမ်းသည် သူမရှေ့ကို ခဲယဥ်းစွာရွှေ့ဂျားသွားခဲ့လျက်.. ၊

"ခွန်း.."

ဒေါင်းနီသူ့ကိုမြင်တော့ စကားပြောဖို့ ကြိုးစားသည်။ ပြီးတော့ က လေးကိုငုံ့ကြည့်၏။ ဒါပေမယ့်ချက်ချင်းပြန်မော့လိုက်ပြီး မဲ့နေသောနှုတ် ခမ်းသားတို့ တုန်ယင်နေလျက်.. ၊

"ကျွန်မသမီးလေးလေ သူမရှိတော့ဘူး..ကျွန်မကမ္ဘာပြိုသွားပြီ၊ ကျွန် မ..ကျွန်မဘဝလည်း မရှိတော့ဘူး၊ အားလုံး ဘာမှမရှိတော့ဘူး.."

ခွန်းအံကြိတ်ထားရင်း သူမမျက်နှာလေးကို စိုက်ကြည့်နေမိသည်။ ဒေါင်းနီသည် ရှေ့ကိုအနည်းငယ်တိုး၍ ကလေးကိုပြကာ.. ၊

"ကျွန်မသမီးလေးကို ကြည့်ပါဦး.."

ခွန်းနဲ့အောက်မေးဖျားတို့ လှုပ်ခတ်သွားခဲ့ပြီး အံကြိတ်သည်။ ပြီး တော့ ကလေးကိုမကြည့်ဘဲ မျက်နှာလွှဲပစ်၏။ ဒေါင်းနီမျက်ရည်စက်တွေ ဖိုးဖိုးပေါက်ပေါက်ကျလာခဲ့လျက်.. ၊

"သမီးလေးက ကျွန်မကိုခေါ်တယ်..ကျွန်မကလည်း သမီးရေလို့ ခေါ်နေခဲ့တယ်၊ ဒါနဲ့တောင် ဒါနဲ့တောင် သူတို့..သူတို့လေ ကျွန်မသမီး လေးကို ကျွန်မနားမှာပဲ ယုတ်မာခဲ့ကြတာ.."

သူမပြောနေတာကို အားလုံးကြားနေရသည်။ စိုးရာကျော်လည်း ကြားသည်။ ရှက်သည့်စိတ်နှင့် ဘာမှမမြင်တော့ဘဲ.. ၊

"မင်းထင်သလို သတ်ဖြတ်နေပြီးမှ ငိုချင်းချနေတာ မပြီးသေးဘူး လား.."

www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း.."

စိုးရာကျော်မျက်နှာကို ခွန်းလက်ပြန်ရိုက်ပစ်လိုက်၏။ စိုးရာကျော် စိုက်ခနဲလည်ထွက်သွားလျှင် ပခုံးတစ်ဖက်ကိုပြန်ဆွဲလှည့်လိုက်ပြီး နောက် ထပ်တစ်ချက်.. ။

ပြီးတော့ ပြန်ဆွဲလှည့်ကာ လက်သီးထပ်ရွယ်ထားလျက်.. ။

"မပြီးတော့ ဘာဖြစ်လဲ..ဘယ်သူ့ယုတ်မာတာလဲ၊ အဲ့ဒါမင်းအဖေ.."

ခွန်းအသံတွေ တုန်ခါနေကာ ကလေးကိုမကြည့်ရက်သမျှ ဒေါင်းနီ ရဲ့မျက်ရည်တွေကြောင့် ထိခိုက်မိသမျှ ဒေါသတို့သည်.. ။

"ခွပ်.."

"အစ်ကိုတော်တော့.."

လမင်းလည်း ပြန်ရောက်လာကာ.. ။

"ကိုကြီး..တော်တော့၊ လွန်ကုန်လိမ့်မယ်.."

လူငယ်တစ်ယောက်နဲ့ လမင်းတို့ဆွဲထားကြသဖြင့် လက်သီးချက် တွေ ရပ်တန့်သွားပေမယ့် ခွန်းရဲ့ဒေါသက စိတ်ဆင်ရိုင်းကို ချုန်းထိန်း ရသလို.. ။

"တောက်..ယောကျ်ားဖြစ်ပြီး ခွေးသာသာကောင်တွေ၊ မင်းတို့ကြောင့် အမျိုးပျက်တယ်.."

"ဟား ဟား ဟား ဟား.."

ဒေါင်းနီရယ်သံသည် အားလုံးသောအသံတွေကို ထွင်းဖောက်ပေါ် လာခဲ့လျက်.. ။

"ပျက်သွားပြီ..အမျိုးလည်းမရှိတော့ဘူး၊ ဘဝလည်းမရှိတော့ဘူး၊ အားလုံးမရှိတော့ဘူး၊ နင်တို့ကိုနှပ်နှပ်စင်းပစ်တာတောင် ငါ့သမီးလေးကို ငါမရတော့ဘူး..ဟီး ဟီး.."

ချုံးပွဲချငိုကြွေးနေသော မိခင်တစ်ယောက်၏ လက်နှစ်ဖက်မှာ သွေး တို့ဖြင့် နီရဲစေးထန်းလျက် လည်ပင်းနဲ့မျက်နှာတို့မှာပါ သွေးစက်တို့စွန်း ထင်းနေခဲ့သည်။ သူမသည် ရယ်နေရင်းငို၏။ ငိုနေရင်း စကားတွေပြော နေခဲ့လျက်.. ။

"ဘာဖြစ်လို့ ငါ့ကလေးကိုမှလဲ..ငါ့သမီးလေးမှာ ဘာအပြစ်ရှိလို့လဲ



ငါ့သမီးလေးက ခုမှခြောက်နှစ်ပဲရှိသေးတာပါ..ဟီး ဟီး ဟီး.."

ခွန်းတက်ခေါက်လိုက်ရင်း ဒေါင်းနီရှေ့မှာ သွားရပ်ကာ.. ။

"မင်းဘာလုပ်မလဲ.."

"ဟင်.."

ဒေါင်းနီ ချက်ချင်းစုန်းသရဲပူးသလို မျက်ထောင့်ကြီးနီကာ လက်ညှိုး ထိုး၏။

"ဟိုကောင်..ဟိုကောင့်ကိုသူတို့ဆွဲထုတ်သွားကြတယ်.."

သူမတစ်ကိုယ်လုံး တုန်ယင်လာခဲ့ပြီး.. ။

"အဲ့ကောင်မသေဘူး..အဲ့ကောင် ငါ့သမီးကိုစော်ကားတဲ့ကောင်၊ ငါ သတ်ရဦးမယ်.."

"သွားသတ်ချေ.. ပေး ကလေး.."

ခွန်းက ကလေးကိုဆွဲယူ၍ ပခုံးပေါ်ထမ်းတင်လိုက်သည်။ လမင်း ကိုယ့်အစ်ကိုကို နားမလည်နိုင်စွာ ပါးစပ်အဟောင်းသားဖြစ်နေခဲ့၏။ ဒေါင်းနီက ဆတ်ခနဲခေါင်းညိတ်သည်။ ဒါပေမယ့် ဦးဒေါင်းရဲ့အလောင်း ကို လှမ်းကြည့်လိုက်ပြီး မဲ့ကျသွားကာ.. ။

"သမီးလေးရယ်..သမီးကိုလေ.."

ပြောရင်း မျက်နှာတစ်ပြင်လုံး ရဲတက်လာကာ ဖျတ်ခနဲမော့၏။

"မုဒိန်းသမားတွေကို ငါသိပ်မုန်းတယ်..ငါ့သမီးကိုစော်ကားတဲ့ ကောင်တွေ၊ နင်တို့နောက်ထပ် ဘယ်ကလေးကိုမှ စော်ကားလို့မရစေရ ဘူး..ဘယ်ဘဝရောက်ရောက် လူဖြစ်ရှုံးနေပါစေ..တစ္ဆေဘဝမှာတောင် ဒေါင်းနီအသံကိုကြားရင် ကြောက်နေပါစေ၊ နင်တို့သမိုင်းကို ငါရေးမယ်.. ငါရေးတဲ့သမိုင်းမှာ မုဒိန်းသမားမုန်ရင် တစ်ဘဝစံပဲ.."

ဒေါင်းနီ တအားအော်နေရင်း ငိုချလိုက်ပြန်သည်။ ပြီးတော့ ဦးရာ ကျော်အလောင်းမှာ သိုင်းပတ်ထားသည့် ပုဆိုးစကိုပြန်ကောက်၏။ ထိုအ ချိန်တွင် လေပြင်းတွေဟူးဟူးရားရား တိုက်လာခဲ့လျက် အိမ်နီနားက သွပ်မိုးအိမ်တွေမှာ သွပ်ချပ်တွေဂျုံးဂျုံးဂျိမ်းဂျိမ်း မြည်ကုန်၏။

သစ်ရွက်ခြောက်တွေ တဖျောဖျောကြွေကျလာခဲ့ပြီး သစ်ကိုင်းကျိုး အတိုအပြတ်လေးတွေပါ အရှိန်ပြင်းစွာခုန်ဆင်းလာကြ၏။ နေရောင်ခြည်

www.burmeseclassic.com

www.burmeseclassic.com



လုံးဝပျောက်ဆုံးသွားချိန်လေးမှာ ညိုမည်းလာသည့်မိုးရိပ်တို့က ချက်ချင်းပဲ အငြိုးတကြီးရွာချတော့မလိုပင်.. ၊

သစ်ကိုင်းကြီးတွေ ကျိုးကျလာမှာစိုးကာ လူတချို့ဟိုကပ်ဒီကပ် ရှောင်ရှားပြေးကုန်ကြလျှင် ဒေါင်းနီ ဦးရာကျော်အလောင်းကြီးကို ဒရွတ်တိုက်ဆွဲချသွားခဲ့၏။

“ဘာလုပ်တာလဲ မသိဘူး..ငယ်နိုင်ကမသေသေးဘူးကွ၊ ဒေါ်ဝိုင်း အိမ်ထဲမှာ..”

စိုးရိမ်တာလား..အသိပေးလိုက်တာလားမသိ။ တစ်စုံတစ်ယောက်ရဲ့ အော်သံကြားလိုက်ကာ ရွာလူကြီးကပြေးလာပြီး.. ၊

“မဒေါင်းနီ..ခင်ဗျားဒါကြီးနဲ့ဘယ်ကိုလဲ..”

“သူဟိုကောင်ကို သွားသတ်မလို့ရယ်..လုပ်ကြဦးဟ..”

“တစ်ယောက်မှမကပ်နဲ့..ဟော့လူ..”

ခွန်းက ကလေးကိုထမ်းထားလျက်နှင့် ဒေါင်းနီရှေ့ကနေ ဘယ်သူ့ကိုမှ တားဆီးမခံ.. ၊

“သူလုပ်တာသူသိတယ်..ခင်ဗျားတို့တားဖို့မလိုဘူး..”

“မတားလို့ရမလားမောင်ရင်..လူသတ်မှုတွေ ထပ်ဖြစ်ကုန်မှာပေါ့..”

“သတ်ရင်သတ်တဲ့အပြစ်ခံရမှန်း သူသိတယ်..ခင်ဗျားတို့ပူစရာမလိုဘူး၊ ရှေ့ကဖယ်..”

ဒေါင်းနီကတော့ သူမရှေ့ကတားဆီးနေကြတာ ခွန်းကဖယ်ရှားနေတာ ဘာကိုမှမသိ။ သူမသည် အလောင်းတစ်လောင်းကို ခွေးသေကောင်ပုတ်လို ဆွဲသွားနေကာ.. ၊

“မေမေ့ကိုမီးမီးချစ်တယ်..မေမေကလည်း ချစ်တယ်..”

ငိုချင်းရှည်ကိုညည်း၍ မဆုံးနိုင်သည့်လမ်းရှည်ကြီးပေါ် တစ်ယောက်တည်း တက်သွားခဲ့သည်။ သူမနှုတ်မှ မနားတမ်းရွတ်ဆိုနေခြင်းသည်..

“မေမေ့ကိုမီးမီးကချစ်တယ်..မေမေ့တစ်ယောက်တည်း ချစ်ခဲ့တယ်၊ မီးမီးကမေမေ့ကိုချစ်တယ်..”

သူမရှေ့ကနေ လမ်းရှည်ကြီးကိုကြည့်ပြီး သွားနေသည်။ ဒါပေမယ့် မြင်နေတာနဲ့လည်းမတူ။ လူငယ်တချို့ပြေးလိုက်ကာ ဦးရာကျော်အ



လောင်းရဲ့ ချိုင်းအောက်ကနေ ကြိုးတွေစွပ်၍ ဝိုင်းဆွဲပေးကြ၏။ သူမက မြင်ပုံလည်းမပေါ်။ ဂရုလည်းမစိုက်.. ၊

ခြေလှမ်းတိုင်းသည် မျက်ရည်စက်တို့ဖြန့်ခင်း ကြွေဆင်းနေခဲ့လျက်..

“မီးမီးက မေမေ့ကိုချစ်တယ်..”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၇)

ကမ်းနားလမ်းမကြီးကနေ မြို့ထဲကိုဒီတိုင်းဝင်သည်။ ညနေခင်းရဲ့ အလှသည် လမ်းမကြီးဘေးမှာရှိနေသမျှ လူတွေရှုတ်ရှုတ်သဲသဲဖြစ်ကုန် ခြင်းနှင့် ခွေးဟောင်သံတွေ ခွေးအူသံတွေကြောင့် အကျည်းတန်သွားခဲ့၏

"လူသေကောင်ကြီးကို ဆွဲလာတာ.."

"ငယ်ပါကိုဖြတ်ပြီး လည်ပင်းမှာဆွဲပေးလာတာတဲ့..မုဒိန်းသမားထင် တယ်.."

"သူ့ကလေးလားမသိဘူး.."

"ဟဲ့..ခုန လူသေကောင်ကြီး ဆွဲသွားတာဆို..ဘယ်မှာလဲ.."

"ခုမှလာရသလား..ခုလောက်ဆို ဈေးနားတောင်ရောက်နေလောက် ပြီ.."

"သချိုင်းကိုသွားနေတာလား.."

"မဟုတ်လောက်ပါဘူး..လူသေကောင်ကို သချိုင်းပို့ရင် အသုဘပဲ မှာပေါ့.."

"ရဲစခန်းသွားတာပါ.."

ရွှေလက်ဖက်ရည်ဆိုင်ထဲမှာ လူစုလူဝေးကြီးဖြစ်သွားသည်။ ယော ကျ်ားတချို့က စက်ဘီးတွေနဲ့လိုက်ကြည့်၏။ တချို့က ဆိုင်ကယ်လ်တွေ လိုက်ကြသည်။ မသိတဲ့လူတွေက လိုက်သွားကြပြီး မကြာမီ လက်ဖက် ရည်ဆိုင်ထဲကို သတင်းကစုံလင်စွာရောက်လာခဲ့၏။ ကမ်းနားရွာက သားနှစ်ယောက်သည် ဆိုင်ကယ်လ်တွေနဲ့ပါလာပြီး သေချာရပ်ပြောသွာ



ကြတာ ဖြစ်ကာ.. ၊

"ကျုပ်တို့ရွာသားကိုသတ်သွားတာပဲ..ဒါပေမယ့် အဲ့မိန်းမမှားဘူး.."

"ဟုတ်တယ်..ကောင်းတယ်၊ ကိုယ့်ကိုစောက်ကားတာထက် ကလေး ကိုထိရင် ဘယ်မအေမှမခံဘူး.."

"အားရလိုက်တာ ငါတို့မြို့မှာ ဒါမျိုးလာပြီး မျိုးစေ့မချန်..မရဘူး.."

"ဆင်ဖြူကျွန်းမှာ မဟုတ်တမ်းတရားတွေ မီးခွက်လာမထွန်းနဲ့..အဲ့ဒီ မီးကို ရေခွက်စုတ်နဲ့ ပတ်နေမှာမဟုတ်ဘူး၊ တာတမံဖြိုချပြီး မျှောပစ်မှာ.. ဟွန်း.."

တစ်ဆင့်စကားနှင့် ပြန့်ပွားသွားသောသတင်းသည် မြောက်ပိုင်း တောင်ပိုင်း အစွန်အဖျားတွေထိ မိုးမချုပ်ခင် ပျံ့နှံ့သွားတာ မီးပမာပင်။ ရဲစခန်းဝန်းကျင်မှာ စက်ဘီးတွေဆိုင်ကယ်လ်တွေ ဟိုကပ်ရပ်ဒီကပ်ရပ် နှင့် အထဲကသတင်းကို နားစွင့်နေကြ၏။

အနီးအနားကလူတွေကထွက်ပြီး မေးမြန်းစပ်စုလာကြကာ နောက် ထပ်သတင်းကြားပြီး ရောက်လာသည့်လူတချို့နှင့် မှောင်ရီပျိုးစအချိန်မှာ လူတွေအတော်များနေပြီဖြစ်၏။

"အဲ့ကောင်မလေးက ငါတို့အိမ်ရှေ့ကပါ..ခဏဝင်ကြည့်ပါရစေ.."

"မရဘူး..ဘာမှလည်း မစစ်ရသေးဘူး၊ နောက်ဆုတ်ပါ..ဟိုဘက်က နေ ကျော်ခွမဝင်နဲ့နော်၊ ဒါရဲစခန်း.."

လူလေးတချို့က ရဲကိုင်ထားသည့်သေနတ်ကိုရှိန်ပြီး နောက်ပြန်ဆုတ် ကြသည်။ တချို့က တားမှပိုတိုးသည်။

"ဘာဖြစ်လို့လဲဗျာ..ရုံးမှာတောင် ဘေးလူကြားနာလို့ရတယ်.."

"ဟုတ်တယ်..ဒေါင်းနီကတစ်ကောင်ကြွက် ဆွေမဲ့မျိုးမဲ့၊ အထဲမှာ တစ်ယောက်တည်း.."

"ငါသိတယ်..လူသတ်မှုဆို အချုပ်ထဲတန်းထည့်မှာ.."

လူတွေပြောဆိုနေကြတာ ကြားတော့လည်း ကင်းတာဝန်နဲ့ရဲတွေ မခံနိုင်ဖြစ်လာသည်။

"တရားခံကိုယ်တိုင်က သူသတ်တာသူလာဝန်ခံတဲ့ကိုမှ အချုပ်ထဲမ ထည့်လို့ ဘာလုပ်ရမှာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"အေး..သိတယ်၊ နင်တို့ဒါပဲတတ်တာလေ.."

အသက်ငါးဆယ်လောက်ရှိသည့် အမျိုးသမီးကြီးတစ်ယောက်က မျက်လုံးပြူးသလောက် ရဲကိုစူးစူးရဲရဲကြည့်ကာ.. ။

"မုဒိန်းကျင့်သွားပြီဆိုရင် ခတ်ပုံလိုက်ရိုက်မယ်..လေးလောင်းငါး လောင်းပြိုင်သတ်သွားရင်လည်း မှတ်တမ်းတင်..အဲ့ဒါတွေပဲ နင်တို့လုပ် တတ်တာ.."

"ဟာ..ဒီအန်တီကြီးတော့ မဟုတ်တော့ဘူး.."

"ဘာမဟုတ်တာလဲ..သူ့ဘာသာလာဝန်ခံလည်း အကြောင်းရင်းမေး ရမှာပဲ၊ သတင်းကြီးနာမည်ကျော်အောင် အပျော်လိုက်သတ်နေတာတွေ ကျတော့ မဖမ်းနိုင်ဘဲနဲ့.."

"ဟုတ်တယ်..လာဝန်ခံတာပဲဆိုပြီး ဘာလုပ်ပစ်လိုက်ပြီလဲမသိဘူး၊ သတ်လိုက်ရင်လည်း သတ်ရတဲ့အကြောင်းရင်းကို သေချာစစ်မေးရမှာပဲ.."

"အဲ့ဒါ စခန်းမှူးကိစ္စ..ခင်ဗျားတို့နဲ့ဘာဆိုင်လဲ.."

"ပြည်သူ့ကိစ္စ..ပြည်သူတိုင်းနဲ့ဆိုင်တယ်ဟေ့.."

"ဟုတ်တယ်..ဒေါင်းနီက ဘာရာဇဝင်ဟောင်းမှ မရှိခဲ့ဘူး၊ ကောင်း ရောင်းကောင်းဝယ် လုပ်စားနေတဲ့မိန်းမ..ငါတို့အလုပ်အတူလုပ်တော့ ငါ တို့သိတယ်.."

"ဟုတ်တယ်..ကလေးကိုယောက်ျားကြီးနှစ်ယောက် မတော်တရော် ဝိုင်းလုပ်ကြတာ၊ အဲ့ဒါကိုအရင်သွားကြည့်လိုက်ဦး.."

အလုံးစုံသိကြပြီးသည့်လူတွေ ရောက်လာကြသည့်နောက်မှာ လူအုပ် က လှုပ်လှုပ်ရွရွဖြစ်လာကြ၏။ 'သင်းပဒေသာ'က အလုပ်သမားအုပ်စု တွေ ရောက်လာကြသည်တွင်..၊

"ဒေါင်းနီကို ငါတို့ရှေ့မှာစစ်ပေး.."

"ငါတို့ဒေါင်းနီကို ထုတ်ပေး.."

"မုဒိန်းသမားတွေသတ်တာ လူသတ်သမားမဟုတ်ဘူးဟဲ့..အဲ့ဒါ သုတ်သင်သူ.."

"ခွေးရူးကိုအဆိပ်တုံးပစ်တာ အပြစ်မရှိဘူး.."

"ကလေးကို မချိမဆန့်စော်ကားတာပြန်ကြည့်..မုဒိန်းကောင်ကို



သုတ်သင်သင့်တယ်.."

"ဒေါင်းနီကိုလွှတ်ပေး.."

"ငါတို့အာမခံနဲ့ထုတ်မယ်..ခုထုတ်ပေး.."

လှမ်းကြည့်လိုက်တော့ မှောင်ရိပ်သမ်းနေသည့် နေဝင်ရီသရောသည် အမှောင်ရိပ်ကျတာလား..။ မြင်နေရသမျှ အုပ်အုပ်မည်းမည်းတွေက လူ တွေလားဆိုတာ မသေချာ.. ၊

တစ်ခါမှ မဖြစ်ခဲ့ဖူးသော ပြစ်မှုကြီးတစ်ရပ်နှင့်ပတ်သက်၍ ဆင်ဖြူ ကျွန်းမြို့၏ ညီအစ်ကိုမကွဲတကွဲညနေခင်းသည်.. ၊

➤➤

www.burmeseclassic.com

## အခန်း(၃၈)

ကျဲကျဲတောက်နေပူပူမှာ ရဲစခန်းပတ်လည်ကနေ ဈေးကြီးနားထိ လူ
တွေအစုအဝေးနဲ့ ရှိနေကြ၏။ စခန်းပေါ်ကနေ လှမ်းကြည့်လိုက်တိုင်း
စခန်းမှူးခေါင်းကုတ်မိကာ.. ၊

"ငါတော့ ရူးတော့မယ်.."

"ကလေးအသုဘချင်ရင်လည်း မအေကိုထုတ်ပေးရမှာပဲ..သူ့ကိုခု.."

"ကိုခင်အောင်..ခင်ဗျားကလည်းတစ်မျိုး.."

"ဆရာခက်ခဲနေတာကို သိပါတယ်..ကျွန်တော်တို့က ဥပဒေဝန်ထမ်း
တွေဖြစ်တဲ့အတွက် ဥပဒေရှိတဲ့အတိုင်းပဲ ဆောင်ရွက်ရမှာပါ..ဒါပေမယ့်
အမှုတစ်ခုက အရေးအခင်းကြီးဖြစ်လာပြီဆိုရင်တော့ နောက်ဆက်တွဲဖြစ်
လာနိုင်တာတွေကို ထည့်စဉ်းစားရတော့မှာ.."

စခန်းမှူး စားပွဲမှာပြန်ထိုင်ပြီး မျက်မှောင်ကြီးကုတ်နေ၏။

"ဒီကောင်က ဦးရာကျော်နဲ့ဆွေမျိုးဆိုပေမယ့် ဆေးမှူးကိုစိုးရာကျော်
ပြောပြချက်အရ ဘာမှ.."

"ဒါကလည်း ဆွေမျိုးဝေးသွားရင် သူတို့ဂုဏ်သိက္ခာနဲ့လည်း ပတ်
သက်လာတော့ မတော်ဘူးပြောရင်ရတာပဲ.."

ထိုစဉ် ဒုရဲအုပ်ကိုကျော်ဇင်ရောက်လာကာ.. ၊

"အပြင်မှာ အခြေအနေမကောင်းဘူးဆရာ.."

"ဟေ.."

"ကျွန်တော့်ဆိုင်ကယ်လ်တောင် မနည်းဝင်ခဲ့ရတယ်..ကြည့်ရတာ



'သင်းပဒေသာ'က အလုပ်သမားတွေပိုများတယ်.."

"ဒေါင်းနီက ပြန်လွှင့်ပွဲရုံက အလုပ်သမမို့လား.."

ကျော်မင်းက ခေါင်းညိတ်လိုက်ပြီး စခန်းမှူးစားပွဲရှေ့မှာ ဝင်ထိုင်
လိုက်ကာ.. ၊

"ဒါပေမယ့် သုံးပင်တောင်ပွဲရုံက အလုပ်သမားတွေလည်းပါတယ်..
ချောင်းစပ်ဆီစက်က လူတွေလည်းပါတယ်.."

"ကျွတ်..ကျွတ်.."

"ပိုဆိုးတာက အမျိုးသမီးရေးရာက ကားတစ်စီးနဲ့သပ်သပ်ရှိနေတာ"

စခန်းမှူးမျက်လုံးပြူးသွားကာ.. ၊

"ဒေါ်သင်းသင်းခက် ကိုယ်တိုင်များလား.."

ကျော်ဇင်က မဲ့တဲ့တဲ့မျက်နှာနှင့် ဆံပင်တစ်ချက်ပွတ်၍.. ၊

"သေချာတာပေါ့.."

စခန်းမှူးခေါင်းခါလိုက်ရင်း တစ်ဖက်ကိုမျက်လုံးရောက်သွားလျှင်
တရေးကြီးစားပွဲမှာ ဦးတာရာ.. ၊

"ဦးတာရာ ဘာလုပ်တာတုံး.."

"ဗျာ.."

"ကျွတ်..ခင်ဗျားကိုဘယ်သူက ကြားသမျှမှတ်တမ်းတင်ခိုင်းနေလို့
လဲ.."

"ဒါကလိုအပ်သလားလို့ပါဆရာ.."

အောင်မလေး..ခုမှဒီလောက်တောင် သေချာချင်နေတာ..လို့သာ ထ
အော်ပစ်လိုက်ချင်၏။ ခုချိန်ထိ နေ့လည်စာမစားရသေးတာလည်း သတိ
မရနိုင်ဘဲ စခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်နေကြ၏။ စလင်းရဲစခန်းက
မှန်းသံစောင့်ရင်း စိတ်တွေလည်းညစ်။ ကြားလည်းမကြားရဲဖြစ်ရကာ..

"ဒီခွေးသူတောင်းစား..ဆင်ဖြူကျွန်းမှာမှ လာပြဿနာရှာသယ်
တောက်.."

"ဦးရာကျော်ကြီးကိုလည်း သူ့အိမ်နီးချင်းတွေကအလေးမကျေနပ်ကြ
တာဆရာ..မြို့သူမြို့သားတင်မကဘူး၊ အဲ့ရွာသားတွေကလည်း မတရား
တာကို အားမပေးတဲ့လူစားတွေရှိတယ်.."

www.burmeseclassic.com



ထို့ကြောင့် စိုးရာကျော်တို့မောင်နှမ ဘာမှမလှုပ်ရှားနိုင်ဘဲ အားနည်းတဲ့ဘက်ကို ရောက်နေခဲ့ကြတာဖြစ်သည်။

"နေဦး..ကိုခွန်းကို ဖုန်းဆက်ကြည့်စမ်း.."

"ကျွန်တော်ဖုန်းဆက်ထားတယ်ဆရာ.."

နယ်ထိန်းရဲ့စကားမဆုံးခင်.. ၊

"'သင်းပဒေသာ'က သူဌေးလာပြီ.."ဆိုသည့် သတင်းရောက်လာ၏။ ရဲမှူးသက်ပြင်းချလိုက်ကာ.. ၊

"ရဲက လူသတ်သမားရှာရတာ ပြည်သူတွေလိုက်ရှာပေးတာ မရှိဘူး.. သူ့ဟာသူလူသတ်သမားက လာအဖမ်းခံတော့ ပြန်တောင်းကြတယ်၊ နည်းနည်းလောက် မျှမျှတတမတွေးဘူး.."

"သတ်သင့်လို့သတ်တာပဲ စခန်းမှူးရယ်.."

လာပြန်ပြီတစ်ယောက်.. ၊

သူတို့လှည့်ကြည့်လိုက်တော့ ခွန်းကနံ့သာရောင်ရှပ်လက်ရှည်နှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားကာ ပြောချင်ရာပြောပြီးမှ ရေ့မှာအလေးပြုသလို လာလုပ်သည်။ ပြီးမှ အထဲကိုဆက်ဝင်လာ၏။ နောက်ပြောင်သလိုလို တကယ်အလေးပြုတာလိုလို။ စခန်းမှူးက သူ့တစ်ကိုယ်လုံးကိုပဲ ကြည့်နေခဲ့လျက်.. ၊

"အင်း..ထိုင်ကွာ.."

"ကျွန်တော့်ကိုကစ်ခုခု အကူအညီတောင်းမလို့ထင်တယ်.."

ထိုင်တာနဲ့ တန်းခနဲမေးကာ.. ၊

"ကျွန်တော့်ပွဲရုံတွေလည်း ပိတ်ထားရကယ်.."

"ဟင်.."

"အလုပ်သမားတွေက ဒီမှာချည်းပဲလေ.."

"အဲဒါတွေကို မင်းပဲရှင်းနိုင်မှာမို့လို့ ခေါ်ရတာပါခွန်းရာ..ငါတို့လည်း ခေါင်းခဲလှပြီ.."

နယ်ထိန်းက ဝင်ပြောပြီး ခွန်းဘက်လှည့်ထိုင်ကာ.. ၊

"အလုပ်သမားတွေကို မင်းပြန်သိမ်းသွားရင် ဒီမှာလူအတော်လျော့သွားမှာ.."



ခွန်းက ပြုံးကာ လက်ရမ်းမှာတံတောင်ထောက်၍ ဆံပင်တစ်ချက်သပ်ရင်း.. ၊

"ကျွန်တော့်အထင် လူတွေရာနဲ့ချီနေသလားလို့.."

"အဲ့ဒါ.."

"ရာချီတယ်ဆိုတာ တစ်ထောင်မပြည့်မချင်း ပြောလို့ရတယ်နော်.."

စခန်းမှူး မျက်စိမျက်နှာပျက်လျက်.. ၊

"စိတ်တော့မရှိနဲ့ကွာ..ကျူပ်တစ်ခုလောက်မေးပါရစေ.."

"ဟုတ်ကဲ..မေးပါ.."

"အခင်းဖြစ်တဲ့ညနေက ကိုခွန်းကိုယ်တိုင်အဲ့မှာ.."

"ကျွန်တော့်ခယ်မ ရှော့ခ်ရသွားတယ်လေ..သူ့အစားဝင်ထိန်းတာပါ."

ခွန်းမျက်နှာတည်ကြည့်မှုက အေးစက်သည့်အငွေ့အသက်တွေ ပါနေခဲ့မှန်း စခန်းမှူးကသိသည်။ ထို့ကြောင့် နယ်ထိန်းနဲ့စခန်းမှူးအကြချင်းဆုံသွားကြသည်။ သုံးယောက်စလုံးဘာမှ ဆက်မပြောခင် ဖုန်းသံဝင်လာကာ.. ၊

"အမိန့်ရှိပါရဲမှူး.."

"..............."

"ဟုတ်ကဲ့..အဲ.."

"..............."

"မြို့လူထုအကုန်လုံးက လက်ခံမှာမဟုတ်ဘူး..ဟုတ်ပါတယ်၊ ရုံးတင်ဖို့ဆိုတာကိုပါ.."

"..............."

ဖုန်းချပြီးသည်နှင့် စခန်းမှူးက စားပွဲကနေထလိုက်ကာ.. ၊

"ကျွတ်..ထိုင်နေတော့ ဖုန်းကနားပူ၊ ထလိုက်တော့ လမ်းပေါ်ကအသံတွေက ဝက်ဝက်ကွဲ.."ဟုပြောပြီး စာရေးကြီးကိုလှမ်း၍.. ၊

"ကိုတာတေ အမှုစစ်နောက်ဆုံးတင်ထားတဲ့ ဖိုင်ယူခဲ့ဗျာ.."

ပြောပြီး ခွန်းဘက်ကိုလှည့်၍.. ၊

"အမှုကိုရုံးတင်မှဖြစ်တော့မယ်ထင်တယ်..ဒီလူတွေနဲ့ကျူပ်တော့ညစ်နေပြီ.."

www.burmeseclassic.com

www.burmeseclassic.com



ခွန်းကပြုံးလိုက်တော့ စခန်းမှူးက အံ့ဩသလိုကြည့်ကာ.. ။

"ကိုခွန်းလည်း မဒေါင်းနီနဲ့စကားပြောချင်မလားမသိဘူး..ကိုခွန်းတို့က သူ့အလုပ်ရှင်လည်းဖြစ် အုပ်ထိန်းသူလိုလည်းဖြစ်နေတော့ တွေ့လို့ရပါတယ်..ဒါပေမယ့်.."

"ကျွန်တော်သူ့ကိုတွေ့ဖို့ လာတာမဟုတ်ပါဘူး.."

"အဲ.."

"ကလေးနာရေးမှာ ဒေါင်းနီကိုလက်ထိပ်နဲ့ထုတ်လာလိုက်ရင် လူထုနဲ့လည်း အဆင်ပြေမှာမဟုတ်ဘူး..နောက်ပြီးနာရေးမှာ.."

"အဲ့ဒါတွေကို ကိုခွန်းနဲ့ဆွေးနွေးချင်လို့ ခေါ်လိုက်ရတာပါ.."

"ကျွန်တော်ကပြောဖို့ရှိလို့ လာခဲ့တာပါ.."

ဟင်.. ။

စခန်းမှူးကြောင်တောင်တောင်ဖြစ်သွားပြီး နယ်ထိန်းကိုလှမ်းကြည့်သည်။ နယ်ထိန်းကရယ်ကာ.. ။

"ဟုတ်တယ်..သူလည်းလာမယ်လို့ ဖုန်းဆက်တာနဲ့ ဒီရောက်မှပြောမယ်ဆိုပြီး.."

"ဩော်.."

ပြုံးမိမလိုဖြစ်သွားသည်။ 'သင်းပဒေသာ'ကသူ့ဌေးကို ဖုန်းဆက်ခေါ်ထားပြီးပြီလို့ထင်နေခဲ့တာ ရယ်စရာတောင်ကောင်းသေးတော့.. ။

တကယ်ဆို ဒီအမှုနဲ့လည်း ဘာမှဆိုင်တာမဟုတ်။ အတွေးထဲမှာပဲ တစ်စုံတစ်ခုကို သတိရလိုက်မိကာ.. ။

"ဒေါ်သင်းသင်းခက်တို့ စာပို့ထားတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးလာတာတော့ မဟုတ်ဘူးထင်တယ်နော်.."

"မဟုတ်ပါဘူး..ကျွန်တော်က ဒုက္ခများနေတဲ့အမျိုးသမီးတစ်ယောက်ကို နောက်ထပ်သောကတွေမပိအောင် ကူညီချင်ရုံပါ.."

"ဒါဆိုလည်း ကျုပ်တို့နဲ့ပူးပေါင်းပါလားကိုခွန်းရာ..ခုချိန်မှာ ဥပဒေဘက်တော်သားတွေလည်း အဟုတ်ကိုအကျပ်ရိုက်နေကြပါတယ်၊ ပိုဆိုးတာက အမျိုးသမီးရေးရာကအစ လူထုဘက်မှာ ဖြစ်နေတာ.."

ခွန်းကပြုံးလိုက်ပြီး.. ။



"ဒီစခန်းဝင်းထဲက ဝန်ထမ်းအိမ်ရာမှာလည်း အမျိုးသမီးတချို့လမ်းပေါ်ရောက်နေသလားပဲ.."

"ဟင်.."

"ကျွန်တော်ကြည့်တော့ အိမ်ရာထဲမှာ တစ်ယောက်တလေမှမတွေ့ခဲ့ဘူး.."

စခန်းမှူး သူသာခေါင်းညိတ်ရသည့်အဖြစ်ကို ရောက်လျက်.. ။

"ဟုတ်မှာပါ..အခြေအနေကတော့ တစ်ယောက်စနစ်ယောက်စနဲ့ လူထုတစ်ရပ်လုံး ရင်ဆိုင်ရမယ့်ကိန်းပဲ.."

"ဒီထက်ပိုဆိုးမယ်ထင်တယ်.."

ခွန်းကစကားစလိုက်ကာ.. ။

"သူ့ဟာသူအဖမ်းလာခံတဲ့ မိန်းမအတွက် ကိုယ့်ထမင်းကိုယ်စားပြီး အိတ်စိုက်ဆန္ဒပြနေကြတဲ့လူထုကို တခြားလူတွေကလည်း အချိုရည်တွေ ဒံပေါက်တွေတောင် ကမ်းနေသေးတယ်..အဲ့ဒါတွေ စခန်းထဲတော့ ရောက်မလာဘူးထင်တယ်.."

"ရောက်မလာပါဘူး..ရောက်လာလည်း ကျုပ်တို့မျိုကျနိုင်မှာမဟုတ်ဘူးကိုခွန်း၊ အခုအရေးကြီးတာက ကျွန်တော်တို့အတွက် ကိုခွန်းရဲ့စကားတစ်ခွန်း လက်လေးတစ်ချက်ပါ..မင်းကပြောခဲ့ပြီးပေမယ့် ကျုပ်တို့ကထပ်ပြီး ရီကွတ်စ်လုပ်တာပါ၊ ဒီလူတွေလျော့ပါးသွားမှ ကျုပ်တို့နည်းနည်းပါးပါး လှုပ်ရှားညှိနှိုင်းဖို့ ဖြစ်နိုင်မှာ.."

"ဘာကိုလဲစခန်းမှူး.."

"ကလေးနာရေးကိစ္စကိုတောင် ဒီမအေကိုအပြင်ထုတ်ဖို့ ခက်နေတာခင်ဗျားအမြင်ပဲ.."

"ဒေါင်းနီကိုမြင်လိုက်တာနဲ့ သူတို့ပြေးမလုပ်ပါဘူး..ဒေါင်းနီကလည်းထွက်ပြေးမှာမှမဟုတ်တာ၊ ကျွန်တော်ပြောသလို သူတို့လေးစားကရုဏာဖြစ်နေတဲ့သူကို လက်ထပ်တန်းလန်းနဲ့ အဆင်ဆိုးအောင်ထုတ်မယ်ဆိုရင်ပေါ့..မိခင်တစ်ယောက်ပေါက်ကွဲသင့်တဲ့ဖြစ်ရပ် တစ်နည်းပြောရရင် မိန်းမတစ်ယောက်က ကိုယ့်ကိုယ်ကိုခုခံကာကွယ်နိုင်တယ်ဆိုတဲ့ အမြင်နဲ့ ဒေါင်းနီကို လူသတ်တရားခံလို သူတို့မြင်ရက်မှာမဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေကတော့ လုပ်သင့်တဲ့အတိုင်း လုပ်ရမှာပဲမို့လား..ကျုပ်က လည်း လုပ်ကိုလုပ်မယ်လို့ မပြောပါဘူး၊ ဒီလိုဆူပူမှုတွေ ဆက်ပြင်းထန် နေရင်တော့.."

"ဒါကဆူပူမှုမဟုတ်ပါဘူး..စခန်းမှူးကြီးတို့ပဲ ဥပဒေစာအုပ်ထူကြီး တွေကြားကနေ အခြေအနေကို ရှင်းဖို့ကြိုးစားနေလို့ ခြေတုန်လက်တုန် ဖြစ်နေကြတာ..နေရာတကာတိုင်းမှာ စည်းကမ်းပေတံနဲ့ချည်း တိုင်းနေဖို့ ခက်တယ်၊ တစ်ခါတလေ စည်းကမ်းထက်ဖြစ်စဉ်ကို နားလည်ဖို့ကြိုးစား ရမှာမို့လား.."

"ဒီလိုဆို ကိုခွန်းက ကလေးနာရေးအတွက်အပြင် တခြားဘာမှပါ ဝင် ကူညီမပေးနိုင်ဘူးလို့ဆိုတာလား.."

"ကျွန်တော်လည်း ပြည်သူထဲကတစ်ယောက်ပါပဲ..စခန်းမှူးကြီးတို့ တောင် ရှင်းရခက်နေတာကို ကျွန်တော်ကတတ်နိုင်မလား.."

စူးရဲသည့်မျက်လုံးတွေကိုကြည့်ရင်း ခွန်းတမင်တကာကတ်ဖိုးကတ် ဖွဲ့ ပြောနေမှန်း နယ်ထိန်းကလည်းသိသည်။ သို့သော် စခန်းမှူးလောက် တော့ နယ်ထိန်းမျက်နှာက စိတ်ပျက်ညိုးနွမ်းမနေပေ.. ၊

ထိုစဉ် ဖုန်းဝင်လာသဖြင့် ခွန်းကနှုတ်ဆက်ပြီးပြန်ထွက်သွား၏။ ဖုန်းကိုင်ရမှာ တစ်ဖက်ဖို့ စခန်းမှူးမတားလိုက်နိုင်ပေ။ ခွန်းနဲ့အတူ နယ် ထိန်းပါသွားသဖြင့် အနည်းငယ်စိတ်သက်သာရာ ရခဲ့သော်လည်း.. ၊

"ဘယ်လိုလဲ..ကိုခွန်းရော.."

နယ်ထိန်းပြန်ဝင်လာတော့ အားတက်စရာ.. ၊

"ပြန်သွားပြီဆရာ..ဘာမှပြောလို့မရဘူး.."

"ကျွတ်..အားကိုးကာမှပဲ သေရောကွာ..မအေကတစ်မျိုး သားကတစ် မျိုး.."

အမျိုးသမီးရေးရာကလည်း ညှိနှိုင်းမည် ဘာညာစာပို့ခဲ့သည်။ ဒါပေ မယ့် ဘာအတွက်လဲဆိုတာ မသိစရာဘာရှိလို့လဲ..။ နယ်ထိန်းကလည်း မတုန်မလှုပ်အေးတိအေးစက်နှင့်.. ၊

"တစ်ခုပဲရှိတယ်ဆရာ..သူ့ခိုးကို ဘဏ္ဍာတိုက်အပ်သလိုပေါ့၊ ဒေါ်ဝ နီကိုနာရေးပို့ပေးရင် 'သင်းပဒေသာ'ကကားတစ်စီစီးမှာ တင်ပေးလိုက်.."



"ဟင်.."

"သူတို့လူကို သူတို့တာဝန်ယူလိမ့်မယ်.."

"ခင်ဗျားကို အဲ့လိုပြောသွားသလားကိုခွန်းက.."

"ကျွန်တော့်စိတ်ကူးကိုပြောတာပါ.."

ဟုတ်ရဲ့လားတော့ မသိ.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၉)

"မင်းတစ်လှမ်းမှ မထွက်နဲ့နော်.."

"သိပ်ထွက်တာပေါ့ကိုသိန်းရယ်..တစ်လှမ်းမကဘူး၊ တစ်သက်စ
အတွက် ဘယ်တော့မှနောက်ပြန်မလှည့်တော့မယ့်ခြေလှမ်းပဲ.."

"ဇင်မေ..ငါနင့်ကိုလိုက်ချော့ခေါ်မယ် မထင်နဲ့နော်.."

ဇင်မေဦးက ပြားကပ်ကပ်ဆလင်းဘက်ခ်လေးတစ်လုံးနှင့် ရေသ
ဘူးတစ်ဘူးကို ကျွတ်ကျွတ်အိတ်နဲ့ ထည့်ဆွဲထားလျက် တစ်သက်တာပြ
ထားသည့်ခြေလှမ်းတွေအတွက် ပူပင်သောကမရှိသည့် မျက်ဝန်းတို့နှ
နောက်ပြန်ကြည့်၏။

"လိုက်ချော့ဖို့မပြောနဲ့..ရှင်ခုချက်ချင်း ကျွန်မရှေ့မှာ ဦးသုံးကြိ
လောက်ပြေးချရင်တောင် ရှင့်လိုလူကို မပေါင်းဘူး.."

"အံမာ..ကိုင်းကွာ.."

ဇင်မေဦးစိုက်ခနဲ လှည့်ဆင်းသွားကာ ခြေနှစ်လှမ်းလောက်ယိုင်သွ
ပြီးမှ ပုံလျက်သားလဲ၏။ သိန်းဦးက သူမကိုနိုင်နေကျဖြစ်သည့်အတိုင်
မိန်းမကိုတားချင်ပေမယ့် အနိုင်ပိုင်းခြင်းဖြင့်သာ ရယူလိုလျက်.. ၊

"ထ..ထစမ်း.."

လက်မောင်းကနေ ဆွဲထူလိုက်ပြီး ဇင်မာဦးပခုံးက လျောကျကျ
ရစ်သည့် အိတ်ကိုရော ရေသန့်ဘူးကိုပါ လွှဲကန်ပစ်လိုက်၏။ ပြီးတော
အံတကြိတ်ကြိတ်နှင့်. .၊

"နင့်မှာကလေးလေးယောက်နဲ့ဗိုက်နဲ့ ဒါကိုဘာအားကိုးနဲ့ ရဲစခ



ရှေ့သွားရပ်ချင်တာလဲ..နင့်ကိုငါကန်ချလိုက်ရင် ခွေးဖြစ်သွားမှာတွေးမိရဲ့
လားမိဇင်မေ..ဟင်.."

"တွေးမိတယ်..ရှင်နဲ့ကွာဖို့ တွေးမိနေတာကြာပြီ၊ ဒါပေမယ့် ကျွန်မ
ဒေါင်းနီလို သတ္တိမရှိခဲ့လို့၊ အခုသတ္တိရှိတဲ့အပြင် ရှင့်ကိုပါခွဲစရာသတ္တဝါ
မှန်း မြင်တတ်လာပြီ.."

"ငါ..တယ်.."

"ရိုက်လေ..လုပ်စမ်းပါကိုသိန်းဦးရဲ့၊ ကလေးလေးယောက်ကိုလည်း
ရှင်မကျွေးနိုင်ရင် ကျွန်မခေါ်သွားမယ်..ကျွန်မရှာမကျွေးနိုင်ရင် သားအမိ
တွေ ခွက်ဆွဲတောင်းစားမယ်၊ အနည်းဆုံးတော့ ကိုယ့်ကလေးကို အေး
ဆေးလွယ်ထားနိုင်တာပေါ့.."

ဇင်မေဦးက မျက်ရည်တို့ဖြင့် စိုရွှဲနီရဲနေသည့် မျက်နှာတစ်ပြင်လုံးကို
ရှေ့တိုးပြပြီး စေ့စေ့ကြည့်ကာ.. ၊

"ဗိုက်ရှိရှိ မရှိရှိ မီးနေသည်ဟုတ်ဟုတ် မဟုတ်ဟုတ်..စိတ်မထင်ရင်
ရိုက်နှက်တတ်တဲ့ ရှင့်လိုတိရစ္ဆာန်သာသာယောကျ်ားရဲ့လက်က လွတ်
မြောက်သွားမယ်လေ.."

သိန်းဦးဒေါသထွက်လွန်းလို့ တက်တွေချည်းခေါက်နေမိကာ အိမ်
ရှေ့မှာလည်း တချို့ကရပ်ကြည့်နေကြတာမို့ ရှေ့တိုးမရ နောက်ဆုတ်ရ
ခက်နှင့်.. ၊

"ရှင်ကလူယုတ်မာ..ရှင့်လောက်ယုတ်မာတာ မရှိဘူး၊ ရှင်ကျွန်မကို
အခုထပ်ပြီး ရိုက်ဦးမယ်ဆိုရင် ကျွန်မသွားမယ့်လမ်းကို နောက်ထပ်တား
ရင် ရှင့်ရဲ့ယုတ်မာမှုတွေကို ကျွန်မအားလုံးရှေ့မှာ ဖော်မယ်.."

"ဘာ..ဘာပြောတယ်.."

"ဟွန်း..အခုရှင်ငြိမ်နေရင် ကျွန်မပါးစပ်ပိတ်ထားမယ်၊ ကျွန်မညီမ
လေးရဲ့ ဂုဏ်သိက္ခာကိုလည်း အစမဖော်ချင်တဲ့အတွက် ရှင့်ကိုချမ်းသာ
ပေးမယ်..မဟုတ်ရင် အခုကျွန်မသွားမယ့်လမ်းက ရှင့်ရဲ့သေလမ်းပဲ.."

"အဲ့ဒီလမ်းကို မင်းမရောက်အောင် ငါကမင်းကိုအရင်သေလမ်းပို့
လိုက်ရင်ရော.."

"လုပ်လေ..ဟား လုပ်လိုက်စမ်းပါကိုသိန်းဦးရဲ့.."

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးပြောနေရာကနေ ဇင်မေဦးအကျယ်ကြီး ထအော်သဖြင့် သိန်းဦး ထိပ်ထိပ်ပျာပျာဖြစ်သွားသည်။

"ဒေါင်းနီကသတ်ရဲသလို ကျွန်မကသေရဲတယ်ဆိုတာ ရှင့်ကိုသိစေချင်လွန်းလို့ သတ်လိုက်စမ်းပါ..ဒါပေမယ့် ရှင်ကတော့ ကျွန်မကိုသတ်ပြီး သွားအဖမ်းခံဖို့မလိုပါဘူး၊ အားလုံးရှင့်ကို တလေးတစားလာခေါ်ကြမှာပါ..ဟား ဟား ဟား."

"ဟိတ်..ခုတိတ်စမ်း၊ သေနာမ.."

"မတိတ်နိုင်တော့ဘူး..ဆက်ပြောဖို့ရှိသေးတယ် ရှင့်ရဲ့ညဏ်ဖြူ ညဏ်နီ ညဏ်ဝါ ညဏ်နက်တွေလေ.."

ဇင်မေဦး အားပါးတရပြင်ဆင်အားခဲလိုက်သော်လည်း မျက်လုံးလေးတွေ ပြူးဝိုင်းနေအောင်ကြည့်နေကြသည့် သားသမီးလေးတွေကို မြင်လိုက်တာနှင့် ဒေါသမောဟတို့သည် သောကအိမ်ဖွဲ့၍ မျက်ရည်စက်တို့အဖြစ်နှင့်.. ၊

"ရှင်..ရှင်ဒေါင်းနီကိုငြိုးပြီး ငယ်နိုင်နဲ့ပတ်သက်တဲ့ အဆက်အသွယ်တွေကို တမင်ရှာဖွေပြီး ထောင်ပေးခဲ့တာ.."

တုန်ယင်သော စကားသံတို့က တိုးလျှအက်ရှနေခဲ့လျက်.. ၊

"အဲ့ဒါလုပ်စရာလား..ရှင်ကြံစည်ခဲ့တာလည်း အောင်မြင်တယ်၊ ကျွန်မကလည်း ရှင်ကြိုးဆွဲရာကခဲ့ရတဲ့မိန်းမ..ဒေါင်းနီမှာ ဘာအပြစ်ရှိလို့လဲ.."

"ဘာကွ.."

ဇင်မေဦး တိုးတိုးပြောတော့ သိန်းဦးကတစ်ပြန်စီး ပြန်တင်းလျက် ခါးထောက်ကာ.. ၊

"ယောကျ်ားတွေကိုသတ်ပြီး နာမည်ကြီးအောင် လုပ်သွားတဲ့မိန်းမက ဘာအပြစ်ရှိလို့လဲဟုတ်လား.."

"အဲ့လိုလုပ်တာဆိုရင်ရော အဲ့ဒီယောကျ်ားတွေက ရှင်နဲ့ဘာဆိုင်လို့လဲ.."

သိန်းဦးမဖြေခင် ဇင်မေဦးကနာကျည်းရှုံ့ရှာစွာ ခေါင်းညိတ်၍.. ၊

"ဟုတ်မှာပေါ့..ငယ်နိုင့်လိုတိရစ္ဆာန်ရှေ့က ခံသွားရပြီဆိုတော့ ရှင့်အလှည့်လည်း ရောက်လာနိုင်တာကိုး.."



"အံမာ..မင်းကလားငါ့ကို.."

သိန်းဦးလက်ပြန်ရိုက်ချလိုက်ဖို့ ရွယ်မိစဉ် ဆိုင်ကယ်လ်တစ်စီးအိမ်ရှေ့တံခါးအပြင်မှာ ကျွီခနဲထိုးရပ်သွားခဲ့ပြီး.. ၊

"ကိုကြီးသိန်း.."

ပုံစံကိုကြည့်တည်းက အရေးပေါ်ပြီဆိုတာ သိလိုက်ကာ သိန်းဦးခြံတံခါးဝဆီ တန်းပြေးသွား၏။

"ကောက်ရ..ဘာလဲ.."

ဆိုင်ကယ်လ်ပေါ်ကနေ ကောက်ရကလည်း အမောတကောပြေးဆင်းလာပြီး.. ၊

"ငယ်နိုင့်လူတွေ ရောက်လာကြပြီ..တံတားထိပ်မှာလူအုပ်က တားထားတယ်.."

သိန်းဦး ပါးစပ်အပြဲသားနှင့် မျက်လုံးတွေပါပြူးနေ၏။ ကောက်ရက နောက်ကိုပြန်လှည့်ကြည့်လျက်.. ၊

"ကိုကြီးသိန်း ချောင်းထဲကဆင်းပြီး မြောင်းဘောင်ဘက်ကို ဖြတ်ကူးသွားတော့.."

"ငါကဘာလို့.."

"သူတို့က ကိုကြီးသိန်းနာမည်ကိုမေးပြီး ဦးတည်လာကြတာ.."

ဟင်.. ၊

"မြန်မြန်လုပ်ကိုကြီးသိန်း..အဲ့လူတွေကို ကိုကြီးသိန်းဆက်သွယ်လိုက်တာမှန်း သိကုန်ကြပြီ.."

သိန်းဦးနောက်ပြန်ဆုတ်နေရင်း ခေါင်းလည်းခါနေမိကာ.. ၊

"သူတို့ကိုဘာလို့ တားထားရတာလဲ..ဦးရာကျော်ကြီးရော မပါလို့လား..ကျူးလွန်ကြတာအတူတူကို ကိုယ့်မြို့လူကျတော့.."

"ကိုကြီးသိန်း မြန်မြန်ပြေးတော့ဗျ.."

သိန်းဦးခလုတ်တိုက်မတတ် ပြေးဝင်လာရင်း မိန်းမနဲ့ကလေးတွေကို မြင်လျှင်.. ၊

"ဇင်မေ..နင်နော် ကလေးတွေမျက်နှာကိုပြန်ကြည့်ပြီးငါ့ကိစ္စတွေနင်မှင်ပြောလိုက်ရင် ဘာတွေဖြစ်ကုန်မလဲ.."

www.burmeseclassic.com

www.burmeseclassic.com



သိန်းဦးပြေးလွှားရင်း ဟိုပစ္စည်းဆွဲ ဒီပစ္စည်းဆွဲနှင့် မနားတမ်းပြော ချသွားသည်။ ဇင်မေဦးဗိုက်ထဲကနာတာနှင့် ယောကျ်ားဖြစ်သူကိုနာကျည်း ခြင်းနှစ်ရပ်ပေါင်းကာ ဘာတစ်ခုမှတောင် ပြန်မပြောနိုင်ပေ.. ၊

သိန်းဦးလွယ်အိတ်တစ်လုံးနှင့် နောက်ဖေးကနေချောင်းထဲသဲသောင် ဆီ ထွက်ပြေးသွားသည့်အချိန်မှာ သူမကိုယ်မှသွေးတွေဆင်းလာခဲ့လျက်..

"အား.."

"ဟာ..မဇင်မေ.."

ကောက်ရပြန်မသွားနိုင်တော့ဘဲ ဇင်မေဦးဆီပြေးလာ၏။ ကလေး တွေကလည်း ပြေးလာကြကာ.. ၊

"အမေ့..အမေဘာဖြစ်တာလဲ.."

"ဖေကြီးက ဘယ်သွားတာလဲဟင်.."

"ခရီးသွားတာ.."

နာကျင်နေသည့်ကြားက ဖြေလိုက်မိသည်။ ဘယ်လိုပင်မုန်းပေမယ့် ကလေးတွေရဲ့အဖေမို့ ပြောမည်ပြင်ထားသမျှ စကားလုံးတွေက ရင်ဘက် ထဲမှာပဲ တိုးကြိတ်နေကြသည်။ သင်းကတော့ မင်းတို့သားအမိဘယ်လို နေလဲ..ဘယ်လောက်နာသွားလဲမမေးဘဲ ကိုယ့်ကိုသတ်ပစ်ခဲ့ပြီး နှုတ်ပိတ် မသွားတာတောင် ကံကောင်းလို့ပါလား.. ၊

"မဇင်မေ ခဏလေးနော်..ကျွန်တော်ခေါင်းရင်းအိမ်က ကားအား သွားမေးလိုက်ဦးမယ်၊ အစ်မဆေးရုံသွားမှရတော့မှာ.."

ကောက်ရက သွေးကွက်ကြီးကိုမြင်လိုက်တည်းက နားလည်သွား ပေါ်ကာ ကားငှားဖို့ ပြေးထွက်သွား၏။ ဇင်မေဦး ဆေးရုံသွားဖို့အတွက် ကလေးတွေကိုပါ အပါခေါ်သွားခဲ့ပြီး.. ၊

"ကောက်ရ..ဟိုချွေးတိရစ္ဆာန်ရဲ့လူတွေ လာမေးရင်၊ မြောင်းဘော က သူ့အဒေါ်လိပ်စာပေးလိုက်.."

"ဗျာ.."

"အဲ့ဒီကိုလိုက်သွားပြီး တည်းလို့ပြောလိုက်..ငါ့အိမ်ကိုတံခါးပိတ် ဆိုင်ကိုပါအသေပိတ်.."

လူတွေဝိုင်းဆွဲပြီး ကားပေါ်တင်ကြရသည့်ကြားက ဇင်မေဦး...



စွေအောင်မှာခဲ့သည်။ ရင်ထဲမှာလည်း နာကျင်မှုက အတိုင်းအဆမဲ့ဖြစ်နေ ခဲ့လျက်.. ၊

"အစ်မ ကိုကြီးသိန်းရှိတဲ့နေရာပြောလိုက်ရင် သူတို့က.."

"ပြောဆိုရင်ပြောလိုက် မပြောချင်ရင် ငါနင့်အိမ်ကို လက်ညှိုးထိုး လိုက်ရမလား.."

"ဟာ..မလုပ်ပါနဲ့.."

ကားပေါ်မှာ မျက်လုံးတွေပြာဝေလာခဲ့လျက် ကလေးတွေရဲ့လက်ကို ဆုပ်ကိုင်ထားမိသည်။ ဒီလိုရက်စက်ယုတ်မာသည့် ယောကျ်ားမျိုးနဲ့ အ ကြောင်းပါရသည့်ဘဝ ဒီဘဝသာနောက်ဆုံးဖြစ်ရပါစေ.. ၊

သူမရဲ့ကားထွက်သွားသည့်နောက် သိပ်မကြာခင် လူတွေရောက်ချ လာကြကာ.. ၊

"ကိုသိန်းဦး.."

"ဘယ်မှာလဲခေါ်စမ်းပါ..ဟေ့လူ ကိုသိန်း.."

"ဒီမှာမင်းဧည့်သည်တွေလား..ဟေ့ကောင် ထွက်ခေါ်စမ်းပါ.."

"နေဦး..နေဦး၊ ဟေ့ နောက်ဆုတ်ကြဦး..ဇင်မေကမဟုတ်ဘူး..ဇင်မေ ဘယ်မှာလဲ.."

အမျိုးသမီးတွေက လူအုပ်ထဲကို တိုးဝှေ့ဝင်မေးကြလျှင်.. ၊

"သူ့ယောကျ်ားရိုက်လိုက်တာထင်တယ်..ဆူညံဆူညံကြားပြီး ခုနက ဇင်မေ့ကိုကားပေါ်ဆွဲတင်သွားကြတယ်.."

"ကလေးတွေရော.."

"လေးယောက်စလုံးပါသွားတယ်..ဆေးရုံသွားကြတာ မတရုတ်မတို့ ..."

"ကိုသိန်း အထဲမှာမရှိဘူး.."

အဖြစ်အပျက်တို့သည် ဤသို့ဆက်နွယ်ခိုင်ခံ့လာခဲ့လျက်.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၀)

"ဒါဘာတွေလဲ..ငါတို့က လူသတ်တရားခံကို လက်ထိပ်ခတ်ဖို့လာတာ၊ ငါတို့ကိုများ လက်ထိပ်ခတ်ချင်နေကြတာလား.."

မြို့ထဲဝင်ခွင့်မရလို့ မြို့အဝင်ဇရပ်ကြီးပေါ်မှာ စတည်းချရသည်။ ဇရပ်ပေါ်ကဆင်းပြီး ရှေ့တိုးဖို့ခြေလှမ်းပြင်ကြည့်လိုက်တာနှင့် မြို့အဝင်ဝမှာ လူတွေရှုတ်စုရှုတ်စုက အသည်းယားဖွယ်.. ၊

မြတ်ကေသီ တက်တခေါက်ခေါက်နှင့် လမ်းမအလယ်ခေါင်မှာ ကြိတ်မနိုင်ခဲမရတွေ ဖြစ်နေမိသည်။

"မမြတ် ကျွန်တော်တို့စလင်းမြို့မှာ သွားနေမယ်လေ..အဲ့ဒီမှာ တည်းခိုခန်းတွေလည်း ရှိတယ်.."

"ဘာလို့ပြန်လှည့်ရမှာလဲ..သင်းတို့က ဘာမို့လို့လဲ၊ ငါခရိုင်ထိတက်တိုင်ထားတယ်..အဲ့ဒီကလူတွေလာအောင်စောင့်မှာ.."

"မိကေသီ ညည်းကိုတော့ ငါမပြောချင်တော့ဘူး.."

ဒေါ်ကြည်ဦးကလည်း ဇရပ်ပေါ်မှာညအိပ်ရမည့်အဖြစ်အတွက် ထေ ကြီးတမမနှင့် မနေနိုင်။ ကိုယ့်သမီးက ဒီလူကိုမက်မောလှပါသည်ဆိုလို့ ထောက်ပံ့ပေးကမ်းရင်းကနေ ဘယ်လိုတွေငြိတွယ်ကုန်ကြသည်မသိ။ ကြာလိုက်ခင် ငယ်နိုင်ဆိုတဲ့ကောင်လေး အိမ်ပေါ်ရောက်လာသည်။

"ဒီလောက်ငယ်ငယ်လေးကို ညည်းကဖက်တွယ်နေရသလားမိကေ သီရယ်..အမေနဲ့သားလောက်ရှိနေတာကို ညည်းမှာချမ်းသာသမျှ ချချပြီး ရင် ပြေးမှာပဲ.."



"သူချချလည်း ကိုယ်ကချပြီးပေးမှာပေါ့အမေရယ်..ကုန်ရင်သွားမှာမှန်းသိနေမှတော့ မကုန်အောင်ပေးနေမှာပေါ့.."

ကိုယ့်သမီးခများလည်း မိဘကိုငဲ့ပြီး အဖေအရွယ်လောက်သူဌေးကြီးကို လက်ထပ်ခဲ့ရတာမို့ ဒီလူကြီးဆုံးသွားတော့ သူမရဲ့အိမ်ထောင်ရေးအပေါ် နောက်ထပ်ဘာမှဖိအားမပေးဘဲ နေခဲ့တာပါ.. ၊

ဒါကြောင့်လည်း ချာတိတ်အရွယ်လူငယ်ချောချောလေးနဲ့ ရင်းနှီးတိုင်း ရင်တမမနှင့် ကြည့်နေခဲ့ရသည်။ ငယ်နိုင်ဆိုသည့်လူငယ်လေးနဲ့ ဘယ်လိုဆုံဆည်းပြီး ချစ်ကြိုးသွယ်ကြမှန်းမသိပေမယ့် ဒီကောင်လေးကျမှ မိကေသီတကောက်ကောက်လိုက်နေရတာ ခုထိ။နားရပါလား.. ၊

"လာစမ်းပါဦး ကေသီရယ်.."

ဖြစ်သမျှကို စိတ်တိုင်းမကျစွာတွေးရင်း သမီးဖြစ်သူကို ဇရပ်ကြီးပေါ် ဆွဲခေါ်လာခဲ့ပြီး.. ၊

"ညည်းလင်က မုဒိန်းကျင့်ထားတာအမှန်ပဲဆို.."

"လျှောက်ပြောနေတာအမေ..ငယ်က မျက်နှာချိုတယ်၊ ရုပ်ချောတယ်..အဲ့ဒီမုဆိုးမကလည်း ခပ်ငယ်ငယ်ပဲ၊ အိမ်ချင်းနီးပြီး ငြိကြတာဖြစ်မှာပေါ့.."

"အင်း..ပြောပါဦး.."

"အမေလည်း မနက်ကကြားသားနဲ့.."

"ကြားတယ်လေ..အောင်မယ်လေး မြို့လုံးကျွတ် အဲ့ဒီမိန်းကလေးကို ကာကွယ်နေကြတာ၊ လူအများနဲ့ဝေ၁စ်ယော၁က် ညည်းလင်ကမှန်နေမတဲ့လား.."

"အမေ့.."

မြတ်ကေသီ ခပ်တွန့်တွန့်ဆံပင်ပွပွတိုတိုလေးကို စိတ်မရှည်သလို ဘယ်ပြန်ညာပြန် ဖိသပ်ချလိုက်ပြီး ဇရပ်သံမံတလင်းပေါ်မှာ ဆိုးဆိုးဆေ ထောက် ထိုင်ချလိုက်၏။

"မီးခြစ်ဘူးလောက်ရှိတဲ့ မြို့မှန်းမသိ တောမှန်းမသိနေရာက နလပိန်းတုံးတွေကိုမြင်ပြီး ဖျားချင်နေတာလား.."

"မီးခြစ်လုံးလောက်ပဲရှိရှိ နှမ်းလုံးလောက်ပဲဖြစ်ဖြစ် သူ့နေရာသူ့အ

www.burmeseclassic.com

www.burmeseclassic.com



ထာတွေရှိတယ်အေ့..ငယ်နိုင်ဆိုတဲ့ကောင်ကို ညည်းကချစ်လို့ချောနေပေမယ့် ငါ့မျက်စိထဲမှာတော့ ရုပ်ကပြိုတီတီ မျက်လုံးကကြာကြည့်နဲ့ပါ.."

"အမေက ငယ့်ကိုအစတည်းက ဒီလိုပဲမြင်နေတာပါ..အဲ့ဒီကောင်မငယ့်ကို မြူစွယ်လို့မရလို့ ပြဿနာရှာတာ လူတိုင်းသိတယ်၊ ကြိုက်ရင်ခြင်ထောင်ထဲ မကြိုက်တော့ထောင်ထဲတဲ့.."

"ဘယ်မှာလူတိုင်းလဲ..လူတိုင်းပြောနေတာတော့ ညည်းလင်ကမုဒိန်းသမားတဲ့.."

"အမေ့.."

"ငါ့ကိုမအော်ပါနဲ့..အမှားဆိုတာ ခွင့်လွှတ်လို့ရတဲ့အမှားရှိတယ်၊ ခွင့်လွှတ်လို့မရတဲ့အမှားရှိတဲယ်..ငါလိုက်လာခဲ့တာ ညည်းကိုစိတ်မချလို့၊ နောက်ပြီး ဒီကောင်အမှုဆင်ခံရတာဆိုရင် သူ့အတွက် ညည်းချည်းပဲအားကိုးမဲ့ပြေးလွှားနေရမှာ စိုးလို့..ခုကြားရတာတော့ မုဒိန်းမှုတဲ့.."

"မုဒိန်းမှုလည်း သမီးခွင့်လွှတ်တယ်အမေ.."

"ဘာ.."

"သူကအသက်ကြီးတဲ့မိန်းမကို ယူထားပေမယ့် တခြားမိန်းမနဲ့မဖောက်ပြန်ဘူး..ယောက်ျားပဲအမေရယ်၊ နိုင်ငံခြားတွေမှာဆို ဆိတ်မန္တားမတွေကိုတောင် ယောက်ျားတွေအလွှတ်ပေးတာမဟုတ်ဘူး..အဲ့ဒါတွေကိုကိုယ့်ဘာသာဆက်ဖီဆွဲပြီး ပုံတွေတောင်တင်ကြသေးတယ်၊ ဒါကိုရှက်စရာလို့လည်း မမြင်ကြပါဘူး.."

ကြည့်စမ်းပါဦး..ဒီမိန်းကလေး.. ၊

"သူ့သမီးကိုသစ္စာမဖောက်ဘဲနဲ့ သူ့စိတ်သူထွက်ပေါက်ရှာတာ.."

"နေစမ်းပါဦး..တခြားမိန်းမနဲ့ မဖောက်ပြန်ဘူးလည်းဆိုသေး၊ မုဒိန်းမှုလည်းဖြစ်တယ်ဆိုတော့ မဟုတ်မှလွဲရော..ဟင်.."

ဒေါ်ကြည်ဦးမျက်လုံးကြီး ပြူးထွက်လာသည်။ ထိုအချိန်မှာ မြတ်ကေသီက ဖုန်းဝင်လာသဖြင့် အနားကထသွားပြီဖြစ်ကာ.. ၊

"ကိုသိန်းဦးလား..ရှင့်မလည်း ဘယ်လိုဖြစ်ရတာလဲ၊ ကျွန်မတို့ကိုကောင်းကြောင်းကောင်းရဲ့နဲ့ ခေါ်တုန်းကခေါ်ပြီး ခုကျမှထွက်ပြေးနေရသလား..ကျွန်မတို့က အခုဘယ်မှာသွားတည်းရမှာလဲ.."



"..............."

"ဩော်..မပြောလို့ရမလား၊ ရှင်အစတည်းက ရှင်တို့မြို့အကြောင်းသိရင် ကျွန်မကိုရှင့်လိပ်စာ ရှင့်နာမည်တွေမပြောနဲ့ပေါ့..အဲ့ဒါရှင်က လူတတ်ကြီးလုပ်ခဲ့တာပဲ.."

"..............."

"ဘာ..အို ပြန်မလှည့်နိုင်ပါဘူး၊ ကလေးလေးတစ်ယောက်သေတဲ့ကိစ္စကို လူထုနဲ့ချီပြီး ပြဿနာရှာတဲ့မြို့..အဲ့ကောင်မကို မရမကဆွဲထုတ်ပြီး ရုံးတင်မယ်၊ သေစားသေအောင်လုပ်ပစ်မယ်.."

ဖုန်းပြောနေသည့်လက်မှာ စိန်လက်ကောက်ကြီးက ပြိုးပြက်လက်နေသည်။ အသက်လေးဆယ်ကျော် ငါးဆယ်တွင်းပေမယ့် ဆံပင်တိုတိုကိုယ်လုံးတောင့်တောင့်က အသားလည်းဖြူတော့ အရွယ်တင်သည်။ ဒါပေမယ့် ယောက်ျားတစ်ယောက်အတွက်နဲ့ စုံလုံးကန်းလောက်အောင်ဖြစ်နေသည့် မောက်မာရိုင်းစိုင်းခြင်းက စာနာခြင်းလည်းမရှိတော့ပါလား..

သမီးဖြစ်သူကိုငေးကြည့်ရင်း ဒေါ်ကြည်ဦး'ငါဘာလုပ်နေတာလဲ'လို့ပြန်မေးနေမိတဲ့အထိ.. ၊

'ရှက်လိုက်ပါဘိ'လို့ ဘယ်သူ့ကိုပြေးပြောရမလဲ.. ၊

"ကျွန်မယောက်ကျားက ဆေးရုံမှာ.."

"..............."

"ဟုတ်ပါတယ်ရှင်..ဆေးရုံမပြောနဲ့ မြို့ထဲကိုလုံးဝဝင်လို့မရတာပါ.."

"..............."

"မနက်ခုနစ်နာရီမထိုးခင်တည်းကပါရှင်.."

မြတ်ကေသီရဲ့ ဟိုဒီဆက်သွယ်ပြောဆိုနေသော စကားသံတွေကဒေါ်ကြည်ဦးနားထဲမှာ ကိုယ့်ကိုဆဲနေတဲ့အတိုင်း။ မိန်းမချင်းတူပါလျက်စိတ်ဓာတ်စာရိတ္တတွေ ကွဲပြားနေကြသည်။ ကိုယ်ကမွေးထားတဲ့သမီးကိုတောင် ကိုယ့်သမီးပါလားဆိုတာ မယုံချင်.. ၊

ဘာလဲ..ငါကမိမဆုံးမ ဖမဆုံးမ မိဘမျိုးလား.. ၊

တစ်မြို့လုံးရုတ်ရုတ်သဲသဲဖြစ်အောင် ကြီးကျယ်သွားသော ပြစ်မှုနှင့် မုဒိန်းကောင်အတွက် မိန်းမသားချင်း ဂုဏ်သိက္ခာကိုပုတ်ခတ်နင်းချေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်မည်။ သူ့သမီးအတွက် စားကိုင်ရင်ဆိုင်ခဲ့သော အမေတစ်ယောက်ကို ဒုက္ခပေးဖို့ ကိုယ်ကတော့ သမီးနဲ့လက်ချင်းချိတ်၍ သူမကိုတိုက်ခိုက်ဖို့ ကြိုးစားနေခဲ့၏။

မြို့အဝင်ဝမှာတွေ့ခဲ့သည့် လူထုကြီးထဲကမိန်းမတွေကို သတိရလိုက်တော့ ရှက်မိ၏။

ငါက ဘယ်လိုမိန်းမမျိုးလဲ..ဘယ်လိုအမေမျိုးလဲ.. ।

ကိုယ်ဘယ်လိုလူလဲဆိုတာ ကိုယ့်ကိုယ်ကိုသိချင်မှသိလိမ့်မည်။ သို့သော် တစ်စုံတစ်ယောက်ကြောင့် နစ်သက်ခြင်း လက်မခံနိုင်ခြင်းတစ်ခုခုကို ပြင်းပြင်းထန်ထန်ခံစားလာရပြီဆိုရင်တော့ အဲ့ဒါအမေမွေးတည်းက ပါလာခဲ့တဲ့သန္ဓေစိတ်ပါပဲ.. ।

ဒါကြောင့် သင်က အဲ့ဒီလိုလူပါ.. ।

➤➤

အခန်း(၄၁)

"သက်ငယ်မုဒိန်းမှုတွေ ဘာလို့ဖြစ်လဲ.."

ခေါင်မိုးဖွင့်ထားသည့် လိုက်ထရပ်ကားပေါ်က မိန်းမတစ်ယောက်၏ အသံကစူးရှကျယ်လောင်နေသည်။

"ယောကျ်ားတွေ ယုတ်မာလို့ဖြစ်တာ.."

"ယုတ်မာလို့ရလို့ ယုတ်မာနေကြတာ.."

အောက်က တစ်ခဲနက်အော်သံတွေကလည်း ပတ်ဝန်းကျင်မှာဝက်ကွဲ၏။

"ဘာဖြစ်လို့ သူတို့ယုတ်မာခွင့်ရနေတာလဲ..မိန်းမတွေကို သူတို့စားသောက်ပျော်ပါးစရာ သားကောင်လို ဘာလို့သဘောထားနေတာလဲ.."

"မိန်းမတွေ ပျော့ညံ့နေလို့.."

"မိန်းမတွေကို ဂရုမစိုက်လို့ပေါ့.."

အုန်းခနဲ အုန်းခနဲအော်ဟစ်သံတွေကြောင့် ဒေါ်ကြည်ဦးဘုရားတနေမိသည်။ ကိုယ့်ဘေးမှာ သမီးရှိနေသည်။ ကိုယ့်ကားရဲ့ရှေ့မှာလည်း ရဲစခန်းက တာဝန်ရှိသူတွေရဲ့ကား ရှိနေသေးသည်။ ဒါပေမယ့် ချောက်ချားနေခြင်းက တစ်နေရာရာ တစ်ချောင်ချောင်မှာ ပြေးပုန်းချင်စိတ်တွေဖြစ်နေစေ၏။

တဖြည်းဖြည်း ရှေ့တိုးရနေပေမယ့် ပတ်ဝန်းကျင်လူထုအလယ်မှာ ကိုယ့်ကိုယ်ကို ဘယ်လိုသတ္တဝါလဲဆိုတာ ပြန်မေးချင်တဲ့အထိ သေးကျုံ့သိမ်ငယ်နေခဲ့သည်။ ကားတွေ အတော်များသော လမ်းဝထိပ်တစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ထရပ်ကားတစ်စီးရှိနေကာ ထိုကားပေါ်မှာ ရွှေကိုင်းမျက်မှန်နှင့် အသက်ငါးဆယ်ဝန်းကျင်အရွယ် အမျိုးသမီးတစ်ယောက်က အသံကုန်ဟစ်၍ အော်ပြောနေတာ မုဒိန်းမှုအကြောင်း.. ၊

အောက်မှာမတ်တပ်ရပ်နေကြသည့် လူထုက ကားလမ်းမပေါ်မှာလည်း ပြည့်နေသည်။ ရဲစခန်းပတ်ဝန်းကျင်မှာလည်း အများအပြားရှိ၏။ တခြားကားတွေကို လူတွေကရှောင်ပေးကြသော်လည်း သူမတို့ကားကိုတော့ ရှေ့တိုးခွင့်ရဖို့ အတော်ကြီးကြိုးစားနေရ၏။

တစ်ချီတစ်ချီဝိုင်းအော်လိုက်ပြီဆို နားပိတ်ထားရတဲ့အထိ ဆူညံနေ၏။ ဒေါ်ကြည်ဦးနောက်ထပ် အဖြူရောင်အာရ်ဖက်ကားကြီးတစ်စီးကို သတိထားမိလိုက်ကာ ကားပေါ်ကအနီရောင်စာလုံးတွေကိုလည်း ဖတ်လိုက်နိုင်၏။

'မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း'

ဆင်ဖြူကျွန်းမြို့..

ဟူ၍ ဖြစ်လေသည်။

"ဆင်း..အမေမြန်မြန်ဆင်းလေ.."

မြတ်ကေသီရဲ့အသံကြားလိုက်သဖြင့် ရဲစခန်းဝင်းထဲမှာ ကားရပ်နေပြီကို သတိထားမိလိုက်သည်။ သို့သော် အော်နေသည့်မိန်းမအသံက နားထဲမှာ ပီသကြည်လင်စွာဝင်နေဆဲ.. ၊

"အဲ့ဒီတော့ မုဒိန်းကျင့်ခံရတဲ့ ကလေးတွေက သူတို့အမေဆင်းရဲလို့လား.."

"မဟုတ်ဘူး.."

"မဟုတ်ဘူး.."

မေးမြန်းပြောနေသော မိန်းမသံတစ်သံက စူးရှကျယ်လော သလို ထောက်ခံအားပေးသံတွေက တစ်ခဲနက်.. ၊

"မြို့ပြကျေးရွာနဲ့လည်း မဆိုင်ပါဘူး..ကလေးကိုဖြစ်ဖြစ် တိရစ္ဆာန်တစ်ကောင်ကောင်ပဲတွေ့တွေ့ အဲ့ဒီခွေးတိရစ္ဆာန်က ခွေးစိတ်ပေါက်လာရင် ကျင့်မှာပဲ..အဲ့ဒီတော့ အဲ့ဒီခွေးတိရစ္ဆာန်ကောင် ရှိနေတဲ့နေရာမှာ မုဒိန်းမှု



ဖြစ်မှာပဲ..ဒါကိုဘယ်လို ကြိုတင်ကာကွယ်မလဲ၊ ကျွန်မတို့ကလေးတွေကို ဘယ်လိုကာကွယ်ထားမလဲ.."

သူမက မေးနေပေမယ့် သူမပဲလက်ခါ၍.. ၊

"ကာကွယ်ထားနိုင်ဖို့ အဲ့ဒီတိရစ္ဆာန်ကောင်မှာ ချိုမပါတဲ့အတွက် မလွယ်ဘူး..လုံလုံခြုံခြုံမနေနိုင် ဝဝလင်လင်မစားနိုင်တဲ့ လူတန်းစားတွေအတွက် ပိုပြီးမဖြစ်နိုင်ဘူး..အဲ့လိုမဖြစ်နိုင်တာတွေ မပြောရဲတာတွေ ပြောလည်းမထူးတာတွေကြောင့် မိန်းမတွေမျိုသိပ်နေတော့ အခုဘာတွေဖြစ်လာပြီလဲ..ဖြစ်ပြီးတော့မှ သိတော့ရော မထူးပါဘူးဆိုပြီး မျိုသိပ်နေကြဦးမှာလား.."

"မနေဘူး..မုဒိန်းကောင်တွေကို သတ်ပစ်မယ်.."

"လှီးမယ် ဖြတ်မယ်..လည်ပင်းဆွဲပေးမယ်.."

"မြင်းနောက်ကဆွဲပြီး မြို့တစ်ပတ်ပြေးခိုင်းမယ်.."

"ပေါင်ကြားကဟာ လည်ပင်းချိတ်ပြီး မြို့လယ်ခေါင်မှာ ရပ်ခိုင်းထားမယ်.."

လက်သီးလက်မောင်းတန်း၍ အော်ဟစ်နေကြသမျှ ကားပေါ်မှာအမျိုးသမီးကလည်း လက်တမြှောက်မြှောက်နှင့် အားပါးတရရှိနေကာ နောက်ထပ်အမျိုးသမီးတွေ သူမဘေးကိုထပ်ရောက်လာကြပြီး.. ၊

"ဥပဒေဆိုတာ မကောင်းမှုကျူးလွန်သူတိုင်းအတွက် အပြစ်ပေးမဖို့ အဆင်သင့်ရှိနေတဲ့ ကျောက်တိုင်ကြီးပဲ..သတ်ဖြတ်ပစ်တဲ့အထိ လူပါးဝတော်ကားနေလည်း မကောင်းမှုတစ်ခုထက် မပိုပါဘူး..အဲ့ဒါဥပဒေပဲ.."

"ဘယ်လူကြီးပဲဖြစ်ဖြစ် ကိုယ့်ကလေးတွေအေးချမ်းနေမှု ဘယ်မတရားမှုကိုမှ လာပြေးမကြည့်ဘူး..တကယ်စာနာမိရင်လည်း စုတ်သတ်မျက်နှာလွှဲမှာပဲ၊ ဘာလို့လဲဆိုတော့ ဗုဒ္ဓဘာသာဝိုင်း ဝဋ်လည်မှာကြောက်တယ် ငရဲကြောက်တယ်၊ ဒါပေမယ့် မိန်းမတွေက ငရဲကြောက်နေမလား.."

"မကြောက်ဘူး.."

"လုံးဝမကြောက်ဘူး.."

"ပြောပါဦး..ကျွန်မတို့အမေတွေက ဝဋ်လိုက်မှာကို ကြောက်နေကြမှာလား.."

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ဘူး..ငရဲကြီးရှစ်ထပ် ဝဋ်ဘယ်နှစ်ပတ်လည်လည် ဖြတ်ပစ်မယ်သတ်ပစ်မယ်.."

"ကိုယ့်ကလေးစော်ကားခံရလို့ ဖျတ်ဖျတ်လူးခံစားနေရတဲ့ အမေတွေ သတ္တိရှိရမယ်.."

"ကျွန်မတို့ဘယ်လူကြီးကိုမှ အပြစ်မတင်ဘူး..ဘယ်ဥပဒေကိုမှ မ စော်ကားဘူး၊ ကိုယ့်ကလေးအတွက် ကိုယ့်မှာပဲတာဝန်ရှိတယ်လို့ မှတ် မယ်.."

"ကျွန်မတို့အားလုံးက ဒေါင်းနီပဲ.."

"ဟုတ်တယ်..ဒေါင်းနီ ဒေါင်းနီ.."

"ဒေါင်းနီ..ဒေါင်းနီ.."

"ဒေါင်းနီကရောဘယ်သူလဲ..ဒေါင်းနီက ငါတို့အားလုံးပဲ.."

## အခန်း(၄၂)

"ဒါဆိုကျွန်မတို့ကရော ဘာလဲ..ကျွန်မတို့မှာ လစာမရှိဘူး၊ တခြား အကျိုးအမြတ်လည်း ဘာမှမရှိဘူး၊ ဒါပေမယ့် အမျိုးသမီးရေးရာဆိုပြီး ခိုင်ခိုင်မာမာ ရပ်တည်နေခဲ့ကြတယ်..ဒီတော့မေးပါရစေစခန်းမှူးရဲ့၊ ကျွန် မတို့အမျိုးသမီးရေးရာက ဘာလုပ်ရမယ့်အဖွဲ့လဲ..ဘယ်သူတွေအတွက် ကိုယ့်ထမင်းကိုယ်စားပြီး ရပ်တည်ပေးနေတာလဲ.."

အမျိုးသမီးရေးရာတစ်ဖွဲ့လုံး စုံညီစွာရောက်လာကြသည်။ အထက် က ညွှန်ကြားချက်ကလည်း ရောက်နေပြီ။ တရားလိုဆိုသည့် လူတွေ လည်း စခန်းထဲမှာ ရှိနေကြသည်။ သို့သော် စခန်းတစ်ခုလုံးနှင့် တစ်မြို့ လုံးသောလူထုတွေက သူ့ကိုဆုံးဖြတ်ခွင့်မပေးဘဲရှိရာ.. ၊

"အဟမ်း.."

စခန်းမှူးချောင်းဟန့်လိုက်ပြီး နဖူးကိုတစ်ချက်ပွတ်သည်။

"ဒီလိုရှိပါတယ်ဒေါ်သင်းသင်းခက်..ခုကိစ္စက ရပ်ကွက်ထဲမှာ သား ကျွေးစရိတ် မယားကျွေးစရိတ်တောင်းတဲ့ကိစ္စမျိုး မဟုတ်ဘူး..ဖူးယောင် ပေါက်ပြဲအောင် ရိုက်နှက်ခံရလို့ ပြေးလာတဲ့မိန်းမတစ်ယောက်ကိစ္စလည်း မဟုတ်ဘူး..အဲ့လိုဆိုတော့.."

"သိပါပြီ..ဒါဆို ကျွန်မတို့က လင်မယားအတွေတွေချစ်ကြိုက်ကွဲ ကွာကိစ္စတွေလောက်ပဲ ရင်ကြားစေ့ပေးဖို့ရှိနေရတဲ့ အဖွဲ့ပေါ့.."

"ကျွန်မတို့က လင်မယားရေးရာအဖွဲ့လား.."

"ကိုယ့်ကလေးကို မျက်စိအောက်တင် မုဒိန်းကျင့်ပြီး ကက်ကြေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ထိုးကြတယ်..လက်သီးချက်တွေ တွင်းဖြစ်ကျန်ခဲ့အောင် ထိုးကြိတ်နိုပ်စက် သတ်ဖြတ်တာ မြင်ခဲ့ရတဲ့ အမေတစ်ယောက်အတွက် အမျိုးသမီးရေးရာက ကာကွယ်ပေးလို့ မရဘူးလား.."

"ကျွန်မတို့ကလည်း ဆုံးဖြတ်ပြီးမှလာခဲ့တာ.."

စခန်းမှူးစကားတစ်ခွန်းမှ မပြောရသေးခင် အမျိုးသမီးရေးရာဥက္က ဒေါ်ရီရီသန့်က သူမရဲ့အပြာရောင် ရင်ဖုံးလက်ရှည်အင်္ကျီ၏ ရင်ဘက်ပေါ် မှာ ခန့်ညားစွာရှိနေသော တံဆိပ်ဝိုင်းလေးကို ဖြုတ်၏။ ကျန်သည့်အ မျိုးသမီးတွေကပါ ဖြုတ်ကြကာ.. ၊

"ပိုကောင်းပါတယ်..ကျွန်မတို့ခုပဲ အောက်မှာအင်အားသွားဖြည့်ကြ တာပေါ့.."

"ခဏနေပါဦးဒေါ်ရီရီသန့်..ဒေါ်သင်းသင်းခက်တို့ရော ခဏလေးပါ ဗျာ.."

ဒီတစ်ခါလက်ကာတားဆီးရင်း နဖူးကိုပွတ်လိုက်တော့ စခန်းမှူးချွေး ပြန်နေပြီဖြစ်ကာ.. ၊

"ဒေါ်ရီရီသန့်တို့ အမျိုးသမီးရေးရာအဖွဲ့ကို ကျွန်တော့်အနေနဲ့ ဘာမှ လည်း.."

"ကျွန်မတို့ကလည်း ကျွန်မတို့အဖွဲ့အတွက် ရန်ပုံငွေလာတောင်းနေ တာ မဟုတ်ဘူးစခန်းမှူး..အမေတစ်ယောက်အတွက် ကျွန်မတို့ကာကွယ် ပေးရမယ်၊ အမျိုးသမီးရေးရာက ကာကွယ်ပေးထားရင် အဲ့ဒီအမျိုးသမီးလဲ ခြုံရမယ်..ဒါကိုပဲလိုချင်တာ.."

"ဟုတ်ပါတယ်..ဒေါ်င်းနီကိုရုံးတင်ဖို့အတွက် တရားလိုအဖြစ် ဒီဝါ ရောက်လာခွင့်ပြုလိုက်တာကို မကျေနပ်နိုင်ဘူး.."

"အဲ့ဒါက ကျွန်တော့်အထက်ကညွှန်ကြားချက်ပါ.."

"စခန်းမှူးရဲ့အထက်က ဆင်ဖြူကျွန်းကမဟုတ်ဘူး..ဒါပေမယ့် စခန်းမှူးက ဆင်ဖြူကျွန်းမြို့ကပါ၊ ဒီမြို့ရဲ့အင်အားဖြစ်ရမယ့်လူကြီး အထက်ကိုမမော့ကြည့်ဖို့ အောက်ကိုနင်းထားတာ သဘာဝမကျပါဘူး.."

စခန်းမှူးသက်ပြင်းရှည်ကြီး ချသည်။ ထိုစဉ် ရုံးခန်းရှေ့မှာ အစော တပ်သားတစ်ယောက်ပေါ်လာကာ. ၊



"ဒေါ်မြတ်ကေသီတို့က အပေါ်ကိုတက်ဖို့ အတင်းအကျပ်ဖြစ်နေ တယ်.."

"ဘာလဲဒါက.."

နယ်ထိန်းဒေါ်သထွက်သွားကာ.. ၊

"ဒီမှာတောင် မနည်းထိန်းနေရတာ ပြောလို့မရရင် စခန်းပြင်ဆွဲထုတ် ထားလိုက်.."

"ကိုခင်အောင် ခင်ဗျားသူတို့နဲ့ပါလာတဲ့ ဦးစီးကိုဆင်းတွေ့လိုက်ပါ.."

စိတ်အိုက်ခြင်း ပူလောင်ခြင်းတို့ဖြင့် စခန်းမှူးနှုတ်ခမ်းချင်းဖိကပ် ရင်း ကျွတ်ခနဲညည်းမိသည်။ ဒီလိုအမှုမျိုး မကြုံဘူးခဲ့ပေ။ ဒီလောက်ထိ စိတ်ညစ်ရခြင်းမျိုးလည်း မရှိခဲ့ဘူးပါ။ ကိုယ့်ပခုံးပေါ်မှာ ကြယ်ပွင့်တွေ ဟုတ်ရဲ့လားလို့တောင် ပြန်စမ်းကြည့်မိတဲ့အထိ လူကယောင်ချာချာရှူး ချင်လာ၏။

အမှုကထည်နေတာလား..ကိုယ့်ရာထူးက ငယ်နေလို့လား.. ၊

ပြောသင့်တဲ့စကားတွေ မဟုတ်ဘဲ ပြောနေရသည်။ လမ်းပေါ်က ပျံ့လွင်လာတဲ့ အော်ဟစ်ဆူညံသံတွေကြားတိုင်း ချောက်ချားမိ၏။ အား လုံးကမှန်နေကြပေမယ့် မှန်တိုင်းလည်းမကောင်း.. ၊

"အခုက အားလုံးအုံကြွနေတုန်းဆိုတော့ ကျွန်တော့်မှာလည်း ဥပဒေ ကတစ်ဖက် ဆူပူမှုကတစ်ဖက်နဲ့ အတော်ခက်နေတာပါ.."

"ဒါဆူပူမှုမဟုတ်ပါဘူးရှင်..တောင်းဆိုနေကြတာပါ.."

"ဟုတ်ပါတယ်..ဒါပေမယ့် ကျွန်တော်က အရပ်သားထဲမှာ မဟုတ် တဲ့အတွက် ကိုယ့်ဆန္ဒရှိတဲ့အတိုင်း ဆုံးဖြတ်ပေးလို့ မရဘူး.."

ဒေါ်သင်းသင်းက စခန်းမှူးရဲ့စကားကို ခေါင်းခါခြင်းဖြင့် ပယ်ချ၏။

"အခုဖြစ်နေတာ ဆန္ဒခံယူပွဲမဟုတ်ဘူးဆိုတာတော့ စခန်းမှူးသိမှာ ပါ..ကျွန်မတို့ဥပဒေကိုလေးစားပါတယ်..ဘက်လိုက်ဆုံးဖြတ်မှာမဟုတ် တဲ့ ဥပဒေရဲ့စည်းကမ်းကိုလည်း နားလည်တယ်၊ ဥပဒေကိုဥပဒေအောက် တော်သားတွေချိုးဖောက်စရာမလိုအောင်ကျွန်မတို့ကပူးပေါင်းပေးတာပါ"

ဖြစ်ရလေလို့ပြောမိတော့မတတ် ကြည့်လိုက်မိရင်း စခန်းမှူးတံတွေး မျိုချ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခြောက်နှစ်သမီးလေးကို သူ့အမေရှေ့မှာ ယောကျ်ားကြီးနှစ်ယောက်က စိတ်ရှိလက်ရှိ စော်ကားရိုက်နှက်ပြီး သတ်ပစ်တဲ့လုပ်ရပ်အတွက် သူ့အမေက အပြစ်ပေးတာ လုံးဝမမှားပါဘူး.."

"ကျွန်မတို့ကလေးတွေအတွက် ကျွန်မတို့တာဝန်ယူလိုက်တာ ဘာမှားလို့လဲပြောပါ.."

"ဒေါင်းနီက စိတ်ဓာတ်စာရိတ္တ ဘယ်လိုအစွန်းအထင်းမှ မရှိခဲ့ဘဲ သူ့သမီးလေးကိုလည်း အရိပ်လိုကြည့်နေတဲ့ မိခင်တစ်ယောက် ဒါကိုအိမ်ချင်းကပ်နေတဲ့လူက ဒီအမေ့ရဲ့ဘေးမှာပဲ မိုက်ရိုင်းယုတ်မာခဲ့တာ.."

"အဲ့ဒါကို ဒီလောက်ရုပ်ပျက်ဆင်းပျက် စော်ကားခံထားရတဲ့ ကလေးအလောင်းပိုက်ပြီး ဘယ်အမေကတိုက်ချက်ပြေးဖွင့်နိုင်မှာလဲ..စခန်းမှူးအမေတစ်ယောက်အနေနဲ့ ခံစားကြည့်လို့မရရင် စခန်းမှူးရဲ့ဇနီးကို မေးကြည့်လိုက်ပါ..ဥဒေါင်းငယ်နေရာမှာ စခန်းမှူးရဲ့သမီးပေါက်စလေး ဝင်းနွေးဆိုရင် သူ့အမေဘယ်လိုလုပ်မလဲလို့.."

စခန်းမှူးမျက်နှာကြီး ရဲတက်သွားတော့ ဒေါ်သင်းသင်းခက်က နှုတ်ခမ်းစေ့ထားရင်း စိုက်ကြည့်၏။

"စာနာပေးဖို့ပြောနေတာမဟုတ်ပါဘူး..စခန်းမှူးတို့ ဥပဒေဘောင်ထဲမှာပဲနေပါ၊ ကျွန်မတို့က ပြည်သူ့ဆန္ဒဘက်က ဒီနှစ်ဖက်ပူးပေါင်းကြရင် မဖြစ်ဘူးလား..စာအုပ်ထဲက ဥပဒေတွေကို ကျွန်မတို့မပြောနိုင်ပေမယ့် ဥပဒေတွေကို ကိုင်တွယ်ဖြေရှင်းနေတဲ့လူကိုတော့ ပြောလို့ရတာပဲ..ဟုတ်တယ်မလားစခန်းမှူးကြီး.."

ခေါင်းညိတ်မိသလား ခေါင်းခါမိသလားလည်း မသိတော့ပါ။ စခန်းမှူးဘယ်နှစ်ကြိမ်မြောက်မှန်း မသိတော့ဘဲ နဖူးကိုပွတ်မိပြန်၏။ အမျိုးသမီးတို့ရဲ့ မခံရပ်နိုင်သော ဒေါသမာနတို့ဖြင့် စကားရပ်တိုင်းသည်.. ၊

"ကျွန်မတို့ပြည်သူတွေ အော်နေကြတာလည်း ဥပဒေကိုပုတ်ခတ်ဆဲဆိုနေတာ မဟုတ်ပါဘူး..သက်ငယ်မုဒိန်းတားဆီးရေးအတွက်ပါ၊ နိုင်ငံသားတိုင်း ဥပဒေကိုလေးစားရမှန်းသိတယ်..ဥပဒေကလည်း နိုင်ငံသားတိုင်းအတွက် အားကိုးရာပါ၊ ဒီဥပဒေကသိပ်ကိုအရေးကြီးပါတယ်..မုဒိန်းကျင့်တဲ့ယောကျ်ားကို ပြန်သတ်လို့အဲ့ဒီမိန်းမကို ထောင်ထဲဆွဲထည့်မယ်



ဆိုရင် ကျွန်မတို့မိန်းမတွေက ကိုယ့်ကိုယ်ကိုကာကွယ်ခုခံခွင့်တောင်မရှိသလို ဖြစ်မသွားဘူးလား.."

ဒေါ်သင်းသင်းခက်က ချက်ကျကျမေးခွန်းထောက်ပြီး ခဏစောင့်သည်။ ပြီးမှ ဆက်၍.. ၊

"ဘက်စ်ကားပေါ်မှာ မဖွယ်မရာပွတ်ချွတ်နေတာကို မအော်ဝံ့ဘူး..သူတို့ထင်တိုင်းစော်ကားပြီး အမှိုက်ပုံမှာသွားပစ်ထားမှ မအေကအလောင်းပြေးကောက်ရတယ်၊ အဲ့ဒါတွေကျတော့ တော်တော်သဘာဝကျနေသလား..ကျွန်မတို့ကပဲ နားမလည်နိုင်လွန်းနေတာဆိုရင်လည်း ရှင်းပြပါ.."

"ဟုတ်တယ်..အဲ့ဒါကဘာလဲ၊ ခွေးတိရစ္ဆာန်ကောင်တွေကတော့ ဥပဒေကျင့်ထုံးတွေနဲ့ စော်ကားနေတာလား..ဒါကြောင့် တုံ့ပြန်ခုခံမိတဲ့မိန်းမကို ဥပဒေကိုဖောက်ဖျက်သူလို့ သတ်မှတ်တာလား.."

"ကျွန်မတို့ကတော့ မိန်းမတွေအတွက် ဥပဒေလိုတယ်..သူတို့စိတ်ရှိတိုင်း စော်ကားနေရင် ကျွန်မတို့ကလည်း စော်ကားလာတိုင်း သတ်မယ်ဒါပဲ.."

လုပ်ကြပါတော့လို့ပြောပြီး ရဲစခန်းခေါင်မိုးကနေ ဒိုင်းဗင်ထိုးချလိုက်ချင်စိတ်တွေ တဖွားဖွားဖြစ်လာခဲ့၏။ စခန်းမှူးပင့်သက်ရှည်ကြီးနှင့် တိတ်ဆိတ်နေခဲ့လျက်.. ၊

အပြင်မှာဆူညံသံတွေလည်း ကြားနေရဆဲရှိကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄၃)

ကလေးအလောင်းကို ဘယ်လိုလူမှ ဓာတ်ပုံရိုက်ခွင့်မရ။ ဘယ်လိုမေးခွန်းမျိုးကိုမှ အမေးအဖြေတွေမရှိ။ သို့သော် အသုဘပို့သည့်လူရယ်လို့ သီးသန့်ခွဲကြည့်လို့ မရလောက်အောင် လူတွေက လမ်းဘေးနှုတ်ခမ်းနှစ်ဖက်မှာ ကျပ်ညပ်နေသည်။ နိဗ္ဗာန်ယာဉ်နှင့် အသုဘပို့သည့်ကားတွေသွားသာအောင် လမ်းဖွင့်ပေးကြတာတောင် လူထုကိုကျေးဇူးတင်ရတော့မလို.. ၊

ရဲစခန်းက ကားပါနေပေမယ့် ကားထဲမှာဒေါင်းနီမရှိဘဲ.. ၊

"ကိုခင်မောင် ဒေါင်းနီက နိဗ္ဗာန်ယာဉ်ထဲမှာ မဟုတ်ဘူးလား.."

"ဟုတ်တယ်ဆရာ.."

"ကိုခွန်းက ပရာဒိုနားမှာပါလား..အထဲကို စကားပြောပြောနေတာ ဘယ်သူနဲ့လဲ.."

နယ်ထိန်းက ကားထဲကနေလှမ်းကြည့်ကာ ပတ်ဝန်းကျင်ကို မျက်လုံးတစ်ပတ်ဝေ့ရင်း.. ၊

"အားလုံးနီးပါးခွန်းတို့ကားတွေပဲ ဆရာရယ်..ဘယ်ကားနားမှာရှိရှိ သူရှိနေတော့ စိတ်ချရတာပေါ့၊ ကျွန်တော့်စိတ်ကူးအရဆို သူ့ကိုမော်တော်ပီကယ်လို အားလုံးရှေ့ကနေ လမ်းရှင်းပေးသွားစေချင်တာ.."

စခန်းမှူးက ကိုယ်တိုင်လိုက်ပါလာခဲ့တာတောင် စိတ်ကတခြား လူကတခြားဖြစ်နေခဲ့သည်။ ဒေါင်းနီတုံဏှိဘာဝေရှိနေတာကို လန့်နေမိ၏။ သူများတွေသနားနေကြသလို သူမသောကဖိစီးပြီး ကြောင်တောင်တော



ဖြစ်နေတာ ဟုတ်ရဲ့လား.. ၊

စကားမှပြန်ပြောပါဦးမလား..။ အရင်လိုပုံမှန်ပြန်ဖြစ်ပါ့မလားလို့ လူတွေပြောကြသလို သူကတော့ဘဝင်မကျနိုင်ဘဲ ဖြစ်နေ၏။ ထို့ကြောင့်..

ဒေါင်းနီရှိနေသည့် နိဗ္ဗာန်ယာဉ်ကို ဂရုစိုက်ကြည့်နေရတာကတစ်မျိုး။ ခွန်းရဲ့ခြေရိပ်ကို သံသယတွေပွားနေမိတာက တစ်မျိုး။ တာဝန်ကြီးပါဘိ..လို့ တီးတိုးရေရွတ်မိရင်း လူအုပ်ကို မျက်စိတဆုံးကြည့်၍ ချွေးစို့လာ၏။ ကလေးကို မြေချတော့လူတွေကို ဘယ်လိုမှနောက်ဆုတ်ခိုင်းလို့မရတော့ဘဲ ရှင်းလင်းနေရခြင်းဖြင့် အချိန်ကုန်၏။ ထို့ပြင် တရားလိုမြတ်ကေသီက ဘယ်ကနေဘယ်လိုပါလာခဲ့သည်မသိဘဲ.. ၊

"ဟေး.."

"ဝုန်း..ဒုန်း.."

"ခွမ်း.."

"ဟ..ဘာလဲ၊ ဘာဖြစ်တာလဲ.."

စခန်းမှူးစိုးရိမ်တကြီး ဝင်တိုးပေမယ့် ခက်ခဲနေရင်း ရှေ့မရောက်..

"တရားလိုဆိုတဲ့မိန်းမ ပါလာတာဆရာ.."

"ဟား.."

"ဟေး..နောက်ဆုတ်၊ မလုပ်နဲ့နော်..ခင်ဗျားတို့ဒေါင်းနီအပြစ်ပိုကြီးသွားလိမ့်မယ်၊ ညည့်သည်ကိုထိခိုက်အနာတရဖြစ်အောင် မလုပ်ကြပါနဲ့..နောက်ဆုတ်ကြပါ.."

နယ်ထိန်းက ခရာတွေပါမှုတ်၍ အသံပြာအောင်အော်နေရသည်။ သေနတ်တွေကိုင်ထားကြပေမယ့် လုံခြုံရေးရဲတွေလည်း တွန်းထိုးဖယ်ရှားရုံမှလွဲ၍ ဘာမှမတတ်နိုင်.. ၊

"ဒီမိန်းမဘယ်လိုတောင် ရဲတင်းတာလဲကွာ..ဒီလောက်လူအုပ်ထဲကို လိုက်လာပြီးတော့များ.."

စခန်းမှူးရှေ့တိုးမရသည့် အဖြစ်နှင့် မြတ်ကေသီတို့ကို ဒေါသတွေထွက်နေမိ၏။ ဒီကလေးနာရေးက သင်းတို့နဲ့ဘာဆိုင်လို့တုံးလို့ရေရွတ်၍ တက်ခေါက်မိတဲ့အထိ.. ၊

အုတ်အော်သောင်းနင်းလူထုကြီးနှင့် ကားတွေလည်းပြန်ဆုတ်လို့

www.burmeseclassic.com

www.burmeseclassic.com



မရ။ လှုပ်လို့မရနှင့် ညနေပိုင်းရောက်ကာမှ စခန်းကိုပြန်ရောက်နိုင်ခဲ့သည်။ လက်မှတ်တွေအဆင့်ဆင့်ယူ၍ ဒေါင်းနီကိုအချုပ်ထဲ ပြန်ထည့်စဉ်တွင်.. ၊

ဟင်.. ၊

ဒေါင်းနီရဲ့ညာဘက်လက်တံတောင်နားမှာ သွေးစ.. ၊

စခန်းမှူးသေချာကြည့်ရင်း မျက်မှန်ပါချွတ်မိမလို ဖြစ်သွားသည်။

ငါမျက်စိမှားတာလား.. ၊

➤➤

အခန်း(၄၄)

"ကျေးဇူးတင်ပါတယ်ဒေါက်တာ..သေချာချင်လို့ပါ.."

ခွန်းဖုန်းပြောနေတာကို ဒေါ်သင်းသင်းခက် ခဏစောင့်နေလိုက်သည်။ ပြီးမှ.. ၊

"ဒေါင်းနီက စိတ်မာသလောက် ချစ်ကမရဘူး.."

"ဘာဖြစ်လို့လဲ..မသက်သာဘူးလား.."

ဒေါ်သင်းသင်းခက် မျက်နှာမကောင်းလျက်နှင့် ခေါင်းခါ၍.. ၊

"ခုနပဲ ရန့်ထွက်လာပြီပြောတယ်..ကယောင်ကတမ်းတွေအော်ပြီး အတင်းကျုံးကျုံးထတယ်တဲ့..ကလေးကိုတွေ့နေတဲ့ပုံပဲ.."

"သွားတဲ့သူကသွားပြီမို့လားမေမေ..မကျန်းမာတော့ သွေးလေမညီညွတ်ဖြစ်ပြီး.."

"မဟုတ်ဘူး..မဟုတ်ဘူး.."

ဆိုဖာမှာထိုင်ချလိုက်တဲ့အထိ ဒေါ်သင်းသင်းစိတ်နဲ့လူနဲ့ မကပ်သလိုဖြစ်နေကာ.. ၊

"ဒေါင်းနီရော ဘယ်လိုလဲ.."

"သူ့အဆင်ပြေတဲ့ပုံပါပဲ.."

ခွန်းမျက်နှာကတော့ အဆင်ပြေပုံ မရှိပါ။ ဒေါင်းနီရဲ့စခန်းရောက်နေသည့်နောက်မှာ တစ်ချက်မှမနားဘဲ လှုပ်ရှားနေတာ ဘာတွေလုပ်နေမှန်းမသိ။ ကိုယ်လည်း ကိုယ့်အဖွဲ့အစည်းနဲ့ကိုယ် အလုပ်လုပ်နေတာပေမယ့် ရည်ရွယ်ချက်ကတော့ တူနေတာပဲမို့.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မမေကတော့ သူ့ကိုအားပေးချင်တယ်..ဒါပေမယ့် တွေလို့မရဘူး၊ အဲ့ဒီလောက်ပိတ်ဆို့တားမြစ်နေတာကိုက အလုပ်မဟုတ်တာ..ဒီကိစ္စ ဒီလောက်နဲ့မပြီးလို့ကတော့ မိုးကိုမီးတက်ရှို့ရပါစေ ပြာမကျခင်လောင်စာမရှိရင် ကိုယ်ပေါ်ကအဝတ်ချွတ်ပြီး ထည့်ပေးလိုက်မယ်.."

ဒေါ်သကြောင့် အသံတွေပါတုန်ခဲ့လျက်.. ၊

"ဒီလောက်တောင် မိန်းမပီသစေချင်တာ မြင်သာထင်သာရှိသွားတာပေါ့..ရာဇဝင်စာမတွင်ဘူးဆိုရင် ကြိုက်သလိုပြောလိုက်.."

"မေမေ့ မချစ်ကိုခေါ်လို့မရဘူး..မျက်ဖြူလန်နေတယ်.."

"ဘာ.."

ခွန်းနဲ့ဒေါ်သင်းသင်းခက်တို့ ချစ်တို့တိုက်ကလေးဆီ ပြေးလွှားလာခဲ့ကြလျှင် လမင်းရဲ့သွေးပျက်မတတ် ပျာယာခတ်နေသံနှင့်အတူ.. ၊

"ချစ်..ချစ် မောင့်ကိုကြည့်၊ မောင်ရှိနေတယ်လေကွာ..ချစ်.."

"ကလေးကိုမောင်းထုတ်နေတယ်မောင်..မီးမီးလေးသနားပါတယ်၊ ပြန်ခေါ်ပေးပါ.."

ချစ်ကိုပြန်နိုးလို့ရနေပြီဖြစ်ကာ သူမသည်ခြံပြင်ကိုပဲ လက်ညှိုးထိုးနေလျက်.. ၊

"မီးမီးလေး တီတီချစ်ဆီလာ..တီချစ်ရှိတယ်လေ.."

ကျိုးထပေမယ့် မစားမသောက်ခဲ့တာ နှစ်ရက်လောက်ကြာပြီမို့ တအားဆီးနေသည့်လမင်းတို့လက်ထဲမှာပဲ တုန်တုန်ချိချိခွေကျနေခဲ့လျက် ချုံးပွဲချငိုလေသည်။

"ကလေးကိုခြံထဲဝင်မခိုင်းဘူး ဟိုဘကြီး..ဟီး ဟီး..မီးလေးကိုခေါ်ပေးပါမောင်ရယ်.."

"မချစ် သတိထားဦးလေ.."

ရန့်ကအားပေးရင်း သူမပါမျက်ရည်ကျ၏။

"သိမ့်ချစ်ရေ..ကိုယ့်စိတ်ကိုယ်ထိန်းလေသမီး.."

ဒေါ်သင်းသင်းလည်း ဘယ်လိုမှမထိန်းနိုင်ဘဲ မျက်ရည်တွေဝေ့နေခဲ့ကာ.. ၊

"ညည်းဒီလိုအခြေအနေနဲ့ ညည်းအစ်မကိုဘယ်လိုတွေ့တော့မလဲ..



ဘယ်လိုအားပေးမလဲ.."

ချစ်ခဏငြိမ်ကျသွားသည်။ ပြီးတော့ တစ်ယောက်ချင်းစီကို လိုက်ကြည့်နေပြီး.. ၊

"အမေ..ဥဒေါင်းငယ်လေး သမီးလေး..သူ့အမေကိုလိုက်ရှာနေတာ၊ သူ့အမေကိုမတွေ့ရဘဲ သူဘယ်မှသွားနိုင်မှာ မဟုတ်ဘူး..သမီးလေးကိုကယ်ပေးပါ၊ ရှိခိုးပါတယ်အမေ..မမတို့သားအမိကိုကယ်ပေးပါ..ဟီး ဟီး"

အားလုံးပဲမျက်ရည်တွေ ကျနေခဲ့ကြပြီး စကားသံတွေလည်း တော်တော်နဲ့မထွက်နိုင်။ အတော်ကြာမှ ဒေါ်သင်းသင်းက ချစ်ရဲ့ဘေးမှာကပ်ထိုင်လိုက်ပြီး ပခုံးလေးကို ခပ်ဖွဖွပုတ်ပေး၍.. ၊

"ငါတို့ပဲမဟုတ်ဘူး..ဒေါင်းနီအတွက် တစ်မြို့လုံးအလုပ်လုပ်နေကြတာ ညနေကမြင်ခဲ့တယ်မို့လား.."

"ဒါပေမယ့် အမေ ဘာဖြစ်လို့မမနဲ့ ချစ်ကိုစကားပေးမပြောတာလဲ..ချစ်တို့မှာ သွေးသားဆိုလို့ ဒီညီအစ်မပဲရှိတော့တာပါ၊ တကယ်လို့များ မမကိုခရိုင်ရုံးထိ ခေါ်သွားခဲ့ရင် အဲ့ကနေစီရင်ချက်တွေ ချခဲ့ရင်ချစ်နဲ့မမ ဘယ်လိုတွေ့ခွင့်ရတော့မှာလဲ.."

"ညည်းဒီလိုခံစားကြေကွဲနေတာကို ကလေးအမေဖြစ်တဲ့သူကို ပေးပြလို့ဖြစ်မလားသိမ့်ချစ်ရယ်..ဒေါင်းနီဘက်က ညည်းကိုယ်ချင်းစာကြည့်စမ်း၊ ဒီနေ့ချိန်ထိ သူ့ကိုယ်သူတင်းနေနိုင်တာလည်း ဘာအတွက်လဲ..သူသာစိတ်ပျော့ရင် ညည်းခံစားရတာထက် အဆပေါင်းများစွာ.."

ပြောနေရင်း စကားသံတိုးကျသွားကာ.. ၊

"သူရှုံးရင်ရှုံး..မရှုံးရင် သေသွားနိုင်တယ်.."

"မမထောင်ကျမှာလားဟင်..ဟင်ကိုကြီး ဟိုမိန်းမအော်နေသလို မမကသေစားသေ.."

"ဒေါင်းနီဘာမှမဖြစ်ဘူး.."

ခွန်းက လက်တွေကိုဘောင်းဘီအိတ်ထဲ ထည့်လိုက်ပြီး.. ၊

"အားလုံးအမှန်အတိုင်းနေရာတကျပြန်ဖြစ်လိမ့်မယ်..ကိုယ့်ကျန်းမာရေးပဲ ဂရုစိုက်.."

><

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၅)

"ဘာ."

ဆေးရုံတင်ထားရသည့် ငယ်နိုင်သေသွားပြီ.. ၊

စခန်းမှူးမျက်မှန်ချွတ်လိုက်ရင်း လက်ကိုင်ပဝါနဲ့သုတ်သည်။ မယုံနိုင်သည့်နောက်မှာ ထိတ်လန့်သွားသည့်စိတ်က လူကိုဗျာများစေခဲ့လျက်..

"ကျွတ်.."

မိုးလင်းလို့ မျက်စိနှစ်လုံးဖွင့်တာနဲ့ မြင်ရသည့်ရှုတ်စုရှုတ်စုလူအုပ်ကြီးရယ် 'ဒေါင်းနီ'ဆိုသည့်ကြွေးကြော်သံတွေရယ် ပြီးတော့ ရှုပ်ထွေးပူလောင်မှုတွေကို သယ်ဆောင်လာနေသည့် မပြီးမဆုံးနိုင် တစ်ခုပြီးတစ်ခု တက်လာနေသော သတင်းအဖြာဖြာရယ်.. ၊

ဒါတွေ ဘယ်တော့မှ ရပ်တန့်မှာလဲ.. ၊

"စောစောစီးစီးကွာ.."

"ဒါတင်မကသေးဘူးဆရာ..မင်းဘူးရုံးကြီးက ခရိုင်အမှုစစ်ပါဆင်းလာပြီလို့ ဖုန်းဝင်လာတယ်.."

"ဟင်.."

"စလင်းမှာဝင်နေမယ်ဆို ဒီနေ့နေသာထိုင်သာရှိဦးမယ်..ဒါရိုက်လာမှာဆိုရင်တော့ မကြာခင်ရောက်လာမှာပဲ.."

ခရိုင်ရုံးထိတက်စွဲမယ်ဆိုတဲ့ မြတ်ကေသီဆိုတဲ့အမျိုးသမီး တကယ်ဖြစ်အောင်လုပ်တာပဲ။ ဒီလောက်တောင်အရှက်နည်းတဲ့ မိန်းမပါလား..။ ငယ်နိုင့်ကိုဘယ်လိုအပြစ်နဲ့ ဒီလိုလုပ်ခဲ့မှန်းလည်း သိပြီ။ လူထုကလည်း



အဖြစ်သနစ်ကို ဒီလောက်အော်နေတာတောင် မုဒိန်းသမားတစ်ယောက်ကို ကယ်တင်ဖို့ သည်းကြီးမည်းကြီးကြိုးစားနေ၏။ သားသမီးဆွေမျိုးဆိုရင်တောင် ဒါကဖြစ်နိုင်ပေမယ့် ဇနီးမယားတစ်ယောက်က မုဒိန်းသမားဖြစ်နေတဲ့ လင်သားအပေါ်မှာ.. ၊

"နောက်သတင်းတစ်ခုက ဒေါ်မြတ်ကေသီဆိုတဲ့ မိန်းမနဲ့ပါလာတဲ့ အဘွားအိုကတော့ ပြန်လစ်သွားပြီ..ပြီးတော့ သူ့ကားမောင်းလာတဲ့ ဒရိုင်ဘာလည်း သော့အပ်ပြီးပြန်သွားပြီ.."

ကောင်းတယ်လို့ ပြောမိပြီးမှ မျက်နှာပူပူနှင့် တစ်ဖက်လှည့်လိုက်မိသည်။ မနေ့က မြတ်ကေသီကို ဒီထိပို့ပေးခဲ့တဲ့ စလင်းရဲစခန်းက တာဝန်ရှိသူတွေတောင် ညတည်းကပြန်သွားကြတာ၊ ဒီမိန်းမအတော်မျက်နှာပြောင်ပါလားလို့ ထပ်တွေးလိုက်မိသည်။

"ဆရာ့ ကျွန်တော့်အထင် အခြေအနေမကောင်းဘူးနော်..စလင်းရုံးကတော့ အမှုသွားအမှုလာကို သိသွားပြီ၊ ခရိုင်ရုံးကလူတွေ စလင်းကိုမဝင်ဘဲ ဆင်ဖြူကျွန်းတိုက်ရိုက်ဆင်းလာရင် ဒေါင်းနီကိုဆွဲတင်သွားဖို့ အပြင်မရှိဘူး.."

"ဆွဲတင်သွားဖို့က တင်ချင်တိုင်းတင်လို့ ရမလားကွ.."

ဒီကလူတွေနားပူတာကို မခံနိုင်ပေမယ့် အမှန်တရားကိုခံစားမိနေသည့် ရင်ထဲမှာ လက်သည်းဆိတ်တော့ လက်ထိပ်နာသည်။ စခန်းမှူးမျက်နှာ ရှုံ့တွတွမဲ့တဲ့တဲ့ကြီးနှင့်.. ၊

"လူတစ်ယောက်ကို ဖမ်းဖို့အတွက် ပြည်သူတွေတစ်အုံတစ်မကြီးကို အမြောက်နဲ့ဆော်မှာလား..လုပ်လေ.."

မပြီးနိုင်သော မျက်မှန်သုတ်ခြင်းကို လက်စသတ်၍ လက်ကိုင်ပဝါကို ဘောင်းဘီအိတ်ထဲပြန်ထည့်သည်။ မျက်မှန်ကိုပြန်တပ်လိုက်ပြီး အခန်းထဲဝင်ခဲ့ရင်း.. ၊

"မရှိတဲ့လူတွေပါ ဖုန်းဆက်ပြီးခုချက်ချင်း လူစုစမ်း..ပြီးမှ ဒေါင်းနီကိုခေါ်ထုတ်လာခဲ့.."

နာရီကြည့်လိုက်ပြီး စိတ်လှုပ်ရှားနေတာမို့ [illegible]ရှေ့မှာ လမ်းနှစ်ခေါက်လောက်ပတ်လျှောက်လိုက်ရသည်။ ကိုယ်[illegible]သာသာအာရုံများနေလို့

www.burmeseclassic.com

www.burmeseclassic.com



လားတော့မသိ။ လမ်းမကအသံတွေ ခဏတစ်ဖြုတ်တိတ်ကျသွားတော့ နားအေးပါးအေးပါလားလို့ တွေးမိပြီး သက်ပြင်းချမိ၏။ သို့သော်.. ၊

"ခေါ်တယ်ဆိုအားလုံးလိုက်ကြမှာပဲမို့လား..ကျွန်မတို့က ဘယ်သူ့မို့လို့လဲ.."

"ဒေါင်းနီ..ဒေါင်းနီ..ဒေါင်းနီ.."

"ငါတို့အားလုံးဒေါင်းနီ..ငါတို့အားလုံးဒေါင်းနီ.."

"အဲ့ဒီတော့ ဒေါင်းနီမရှိရင်.."

"ငါတို့လည်းမရှိဘူး.."

"ငါတို့ရှိနေရင်.."

"ဒေါင်းနီရှိရမယ်.."

"ဒေါင်းနီ..ဒေါင်းနီ..ဒေါင်းနီ.."

ဝက်ဝက်ကွဲကြွေးကြော်သံတွေ နားထဲကို အလုံးလိုက်အရင်းလိုက်ဝင်၏။

"လည်ချောင်းတွေဘာတွေမနာကြဘူးလား ဒီလူတွေ.."

စခန်းမှူးခေါင်းခါရင်း ရေရွတ်လျက်.. ၊

"ဒေါင်းနီနာမည်အော်ရတာကို သီချင်းဆိုနေတယ်များ မှတ်နေကြသလားမသိဘူး.."

ဒီနေ့ကျမှ ပို၍အုတ်အော်သောင်းနင်းဖြစ်နေခြင်းကြောင့် ငယ်နိုင်သေသွားသည့်ကိစ္စက ခေါင်းထဲမှာအကြီးကြီးဖြစ်လာခဲ့၏။ ဒီကောင်သေသွားတဲ့အတွက် မြတ်ကေသီဆိုတဲ့အမျိုးသမီးကြီး ဒီတိုင်းနေပါ့မလား.. ၊

ဒါရိုးရိုးသေသွားတာ ဆိုရင်တောင်.. ၊

"ဆရာ မြတ်ကေသီဆိုတဲ့မိန်းမကြီး ဝင်းထဲမှာအော်နေတယ်.."

တွေးနေတာတောင် မဆုံးသေးခင် သတင်းတစ်ခုတိုးလာပြန်ကာ..

"ဒါဘယ်လိုမှ ရိုးရိုးသေတာမဖြစ်နိုင်ဘူး..ဒေါင်းနီဆိုတဲ့ တရားခံသတ်တာ၊ အရမ်းကိုသိသာနေတာကို အားလုံးမသိချင်ယောင်ဆောင်နေအောင်မယ်လေး.."

မြတ်ကေသီအသံတိခနဲ တိတ်သွားကာ နဖူးကိုအုပ်၍ စခန်းအဆောက်အအုံထဲက အကာအကွယ်တစ်ခုဆီ ပြေးဝင်သည်။



"ငါ့ကိုခဲနဲ့ပေါက်ကြတယ်တွေ့မယ်..နင်တို့က.."

"ဒီမှာ ဒေါ်မြတ်ကေသီ.."

အပြင်ကပြန်ဝင်လာသည့် နယ်ထိန်းက မြတ်ကေသီဆီရောက်သွားကာ. ၊

"အချုပ်ခန်းထဲကို ဒေါင်းနီမဟုတ်ဘဲ ခင်ဗျားဝင်ချင်လို့လား..ဇည့်သည်ကဇည့်သည်လိုမနေရင် တာဝန်ဝတ္တရားနှောက်ယှက်မှုနဲ့ ဆွဲထည့်လိုက်လို့ရတယ်.."

"ရှင်က ကျွန်မကိုခြိမ်းခြောက်နေတာလား..ကျွန်မကိုယ့်ဘာသာပြောနေတာ ရှုးလို့အော်နေတာမဟုတ်ဘူး၊ ကျွန်မယောက်ျားအခုသေပြီလေ..သေတာမှ ငယ်ပါကိုထုချေခံထားရတာ.."

နဖူးက သွေးထွက်နေသည့်ဒဏ်ရာကို အုပ်ထားရင်း လက်တစ်ဖက်က မျက်ရည်သုတ်လိုက်သည်။ ပြီးတော့ နှာခေါင်းကိုပါပွတ်သုတ်ကာ တင်ပါးမှာ လက်ကိုဖိလိမ်ပွတ်ပစ်၏။

"ဦးရာကျော်အဘိုးကြီးလိုပဲ..အသေဆိုးနဲ့သေရတာ၊ ဒေါင်းနီသတ်တာမဟုတ်ရင် ဘာလဲ.."

"ဒေါင်းနီက စခန်းမှာပဲ အချုပ်ခံထားရတာ ခင်ဗျားတောင်တွေ့ရလို့လား..အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့၊ ခင်ဗျားယောက်ျားဆေးရုံရောက်သွားတည်းက အသက်ကလျှာပေါ်ရောက်နေတာ.."

နယ်ထိန်းက ဒေါသထွက်လာသဖြင့် လှည့်ထွက်လာခဲ့သည်။ မြတ်ကေသီက ခါးနှစ်ဖက်ထောက်၍ အော်ဟစ်ကျန်ခဲ့ရင်း.. ၊

"ငါ့ကိုများအမြီးကုတ်ပြီး ပြန်ပြေးမယ်ထင်လို့လား..ဒေါင်းနီမက မြို့ခံလူတွေ သူဌေးတွေအားကိုးနဲ့ လူသတ်တာ၊ မြတ်ကေသီတို့က အဖော်မပါ အပေါင်းမပါ တစ်ယောက်တည်းနဲ့ လာတာနော်..ကြည့်ထားလိုက်မကြာခင် လူနှစ်ယောက်သတ်မှုနဲ့ အဲ့ဟာမကို ထောင်ကားနဲ့လာခေါ်သိမ့်မယ်.."

"ဟေး..ဟေး တားထားစမ်း..မဝင်စေနဲ့.."

"ဟေး..ရပ်.."

မြတ်ကေသီ ကွယ်ရာကနေအော်နေသဖြင့် ရဲစခန်းထဲကိုလူတွေ ထိုး

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဝင်ဖို့ အလုံးအရင်းဖြစ်လာ၏။ ထို့ပြင်.. ၊

"ဘုတ်.."

"ဒေါင်..ခွမ်း.."

ရေသန့်ဗူးတွေ ကြက်ဥတွေ ဘဲဥတွေအပြင်ကနေ တသောသောပစ်ဝင်လာခဲ့ပြီး ခဲ'ဂဲ'လုံးတွေပါ ပါလာလျှင် ရဲတွေအသေအလဲတားဆီးကာကွယ်ကြ၏။

"အဲ့မိန်းမကြီးကို ဆွဲထုတ်ပစ်ပါ.."

"ပါးစပ်ပိတ်စမ်း.."

အခြေအနေသည် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာခဲ့လျက်.. ၊

"ကြားလားကိုခင်အောင်.."

"ကြားပါတယ်စခန်းမှူးကြီး.."

"ကြားမကြားအကြောင်းမပြန်ပါနဲ့..ကျုပ်ကိုတော့ အခုပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ်၊ မနေ့ကဒေါင်းနီ အသုဘပို့တဲ့နေရာမှာပဲရှိနေတာဟုတ်ရဲ့လား.."

"ကျွန်တော်ရော ဆရာရောမြင်တာပဲ.."

နယ်ထိန်းက အမှုတွဲဖိုင်တွေ သိမ်းသည့်ဗီရိုမြင့်ကြီးတွေဆီ လျှောက်သွားလိုက် ခုံပေါ်တက်ပြီးဗီရိုပေါ်ကို ဟိုရှာဒီရှာလုပ်နေလိုက်။ စခန်းမှူးကလည်း သူ့ကိုပဲလိုက်ကြည့်နေကာ.. ၊

"ကိုခွန်းဒီကိုလာတာ အသုဘပို့ရင် ဒေါင်းနီကိုလက်ထိပ်မခတ်ဖို့ ပြောရုံပဲမဟုတ်ဘူးလို့ ကျုပ်တွက်မိလာလို့.."

"အဲ့ဒါတော့ သူပြောမှသိမှာပေါ့စခန်းမှူးကြီးရယ်..အဟွန်း ဆရာသမားကလည်း.."

နယ်ထိန်းက သူငယ်ချင်းလိုပြောဆိုနေကျမို့ စခန်းမှူးခေါ်လိုက် ဆရာခေါ်လိုက်နှင့် တစ်ခါတလေစခန်းမှူးလို့ခေါ်တာတောင် နာနည်ပြောင်ခေါ်ပြီး နောက်နေတာလိုလို.. ၊

"ကိုခင်အောင်.."

"ဗျာ.."

"ကျုပ်ကသွယ်ဝိုက်မေးနေတာမဟုတ်ဘူးနော်.."



"ဗျာ..ဘာကိုပြောတာလဲစခန်းမှူး.."

နယ်ထိန်းကအမှိုက်ပုံးလေးထဲကို ပီကေအိတ်ခွံလေးစနစ်တကျသွားထည့်ရင်း လှည့်ကြည့်သည်။ သို့သော်မျက်လုံးချင်းဆုံလိုက်တာနဲ့ ပြန်လှည့်သွား၏။ စခန်းမှူးကနေရာမှထလာပြီး စားပွဲရှေ့မှာပဲရပ်လိုက်ကာ..

"သချိုင်းမှာ ရှုတ်ရှုတ်သဲသဲတွေထဖြစ်တော့ ကျုပ်မျက်စိရှေ့မှာဘယ်သူမှမရှိတော့ဘူး..အဲ့ဒီမှာဒေါင်းနီကို ဆေးရုံရောက်သွားအောင် ကိုခွန်းလုပ်ပေးလိုက်တယ်၊ ဟုတ်တယ်မို့လား.."

မေးပြီးတော့ မစောင့်ဘဲ.. ၊

"အဲ့ဒီလိုရှုတ်ရှုတ်သဲသဲတွေ ဖြစ်တာလည်း ကိုခွန်းလုပ်တာလို့ ကျုပ်ထင်တယ်.."

"စခန်းမှူးရယ်..ကိုခွန်းဘယ်လောက်ပဲ ချမ်းသာချမ်းသာ..အဲ့လောက်တော့.."

"မှန်တာပေါ့..နယ်ထိန်းကိုယ်တိုင် မကူညီဘဲ ဘယ်လိုလုပ်ဖြစ်မှာလဲ.."

"ဟာ..အဲ့ဒါလုံးဝမဟုတ်ဘူးဆရာ၊ ဆရာကျွန်တော့်ကို အထင်လွဲနေတာ.."

နယ်ထိန်းက ပြုံးတုံ့ပြုံးတဲ့ငြင်း၍ သူ့ရှေ့ရောက်လာကာ.. ၊

"သချိုင်းကနေ ဆေးရုံကိုသွားမယ်..ငယ်ပါကိုထုသတ်မယ်၊ ပြီးတော့ကားထဲပြန်ဝင်နေလိုက်မယ်..အဲ့ဒါတွေကို ဘယ်သူမှမသိအောင် လုပ်နိုင်မလားစဉ်းစားကြည့်ပါဦးဆရာရယ်..ရုပ်ရှင်ရိုက်နေတာလည်း မဟုတ်ဘူး"

တွေးမှတွေးတတ်ပါ့ပေဆိုသည့် မျက်နှာကြီးနှင့် လှည့်ထွက်သွားသည်။ ပြီးတော့ ဟိုလျှောက်ဒီလျှောက်ဘာတွေ ရှာနေမှန်းလည်းမသိ..၊

"ဒါနဲ့ ငယ်နိုင်ရဲ့ငယ်ပါကိုထုခဲ့တယ်ဆိုတာ ခင်ဗျားဘယ်လိုသိတာလဲ.."

"ဟာ..အောက်မှာ ဒေါ်မြတ်ကေသီကြီး ဒီလောက်အော်နေတာ ဆရာမကြားသေးဘူးလား.."

ဘေးကအသံတွေ အလုံးလိုက်ဒီလောက်ဝင်နေတာ အောက်ကအသံလေးတစ်သံကို ဘယ်လိုလုပ်ကြားမလဲ..။ စခန်းမှူးကတော့ နယ်ထိန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြေနေတာကို ဘဝင်မကျပေ။ ဒါကြောင့် မျက်နှာကိုပဲ အကဲခတ်နေမိကာ နယ်ထိန်းကလည်း တစ်ချက်မှအငြိမ်မနေ.. ၊

အငြိမ်မနေတာကို လိုက်ဖမ်းနေရင်း သဘောပေါက်လာ၏။ ဘယ်သူမှမသိလိုက်အောင်လုပ်ဖို့ ဘယ်သူဘယ်လောက်တတ်နိုင်သလဲဆိုတာလည်း တွေးမိသည်။ ခွန်းရဲ့စူးရဲနေတတ်သည့် မျက်လုံးတွေကို မြင်ယောင်ကာ နောက်ထပ်စုံစမ်းဖို့လည်း မကြိုးစားတော့ဘဲ.. ၊

"ပြောရင်းဆိုရင်း ကိုခွန်းတို့တွေ့ခွင့်တောင်းနေပြီ.."

စားပွဲမှာပြန်ထိုင်လိုက်ကာမှ နယ်ထိန်းကဖုန်းပြောရင်းတစ်ဖက်နှင့်..

"ခရိုင်ရုံးကဝင်လာတာ သိနေကြပုံပဲဆရာ.."

ပြောပြီး အပေါ်စီးကနေ သွားငုံ့ကြည့်ကာ ကားသုံးစီးဝင်းထဲဝင်လာတာကို မြင်လိုက်ရပြီး.. ၊

"ဒေါ်ရီရီသန့်တို့ ဒေါ်သင်းသင်းခက်တို့ပါ ပါတဲ့ပုံပဲ.."

"အေး..ကောင်းတာပေါ့ကွာ၊ ငါလည်းဒေါင်းနီကို စစ်မေးဖို့ ထုတ်ခိုင်းထားတယ်.."

စခန်းမှူးကိုယ့်ကိုယ်ကို တရားသူကြီးလား ရှေ့နေလားလို့တောင် ပြန်မေးရတော့မလိုပါ.. ၊

တကယ်ပဲ ဘဝပြောင်းသွားပြီလားတောင် မသိ.. ၊

အခန်း(၄၆)

ခရိုင်ရုံးကကားတွေ ဝင်လာတာမှန်းသိလျှင် လူထုကပို၍စုထပ်များပြားလာသည်။ အားလုံးသည် ရဲစခန်းပတ်ဝန်းကျင်မှာ တံတိုင်းနောက်ထပ်တစ်ထပ်ဖြစ်နေတဲ့အတိုင်း.. ၊

"ဒေါင်းနီ ဒေါင်းနီ ဒေါင်းနီ.."

"လူသတ်သမားမဟုတ်တဲ့ဒေါင်းနီ..ဒေါင်းနီကလူသတ်သမားမဟုတ်.."

"မုဒိန်းကောင်တွေကို တုံ့ပြန်ပညာပေးတဲ့အာဇာနည်..ငါတို့ရဲ့ဒေါင်းနီ.."

ပိတ်စပေါ်မှာ ဒေါင်းနီမှန်းသိသာစေသော ပုံစံသည် ကလေးကို ပခုံးတစ်ဖက်မှာ ထမ်းထားပြီး လက်တစ်ဖက်ကဓားမကြီးကိုကိုင်ထား၏။ တချို့ပုံတွေက ဒေါင်းနီရဲ့ပခုံးကနေဦးခေါင်း ဆံပင်တွေဖရိုဖရဲနှင့် မျက်နှာပုံတွေဖြစ်ကာ တချို့ပုံတွေက ဒေါင်းနီရဲ့ပုံရိပ်တူနှင့် ကလေးမလေးတစ်ယောက်ပုံဖြစ်ကာ လူထုကနေ ဝါးလုံးတိုင်တွေနဲ့ ပုံတူပါသည့်ပိတ်စတွေ တလွန့်လွန့်တက်လာကြလျက်.. ၊

"ဒေါင်းနီက လူသတ်သမားမဟုတ်.."

"မုဒိန်းသမားကို ပညာပေးခဲ့တဲ့ဒေါင်းနီ.."

"ငါတို့ကဒေါင်းနီ..ဒေါင်းနီကငါတို့.."

အော်သံတွေက ပို၍ကျယ်လောင်ခြင်းနှင့်အတူ အဆက်မပြတ်ဖြစ်လာသည်။ ပုံတူပိတ်စတွေလည်း တလူလူမြောက်ကြွနေကြလျက် အခြေအနေကပို၍ ကြီးမားကျယ်ပြန့်လာ၏။ ထိုစဉ် တောက်ပစွာဖြန့်ကျက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့် မနက်ခင်းနေရောင်ခြည်ကို တိမ်ညိုဖုံးသွားခဲ့ပြီး ပတ်ဝန်းကျင်သည် အုံ့ပျက်ညိုမှောင်လာ၏။

"သူ သူကျွန်မယောကျ်ားကို သတ်ပစ်လိုက်တာ..ကျွန်မယောကျ်ား ပြန်ကောင်းနေမှ အသတ်ခံရတာပါရှင်၊ ဒေါင်းနီ သတ်ပစ်လိုက်တာပါ.."

မြတ်ကေသီက စခန်းမှူးရုံးထဲအထိ ပါလာခဲ့ပြီး လူတွေစုံနေသည့် ကြားမှာ သူမအသံချည်းပဲဖြစ်နေ၏။

ခရိုင်နယ်မြေမှူးနှင့် ဒုရဲအုပ်က အစောင့်တပ်သားတို့ ခြံရံလျက်ခန့်ညားစွာ ရှိနေကြသည်။ ဆင်ဖြူကျွန်းရဲစခန်းက တာဝန်ရှိသူအားလုံးလည်းရှိနေကြကာ ဒေါင်းနီကအားလုံး၏အလယ်မှာဖြစ်သည်။ ဒီဘက်တစ်ခြမ်းလုံးမှာ အမျိုးသမီးရေးရာအဖွဲ့နှင့် မျက်နှာချင်းဆိုင်မှာ ချစ်နဲ့ ခွန်းတို့မောင်နှမတွေ ရှိကြသည်။

ဒေါင်းနီနဲ့ခွန်းနဲ့ဆို သူမမျက်ဝန်းတစ်ချက်ရွှေ့လိုက်တာနှင့် မြင်နိုင်သည့်အနေအထား။ ဒီနေရာကို ခွန်းတမင်ယူခဲ့တာဖြစ်ကာ ဘယ်လိုပဲ တည်ငြိမ်အောင် ကြိုးစားနေပေမယ့် စိတ်တွေလေးနေခဲ့၏။ ဒေါင်းနီကို သူစိုးရိမ်နေခဲ့သည်။ သူမမနေ့ကထိပြောသမျှနားထောင်သည်။

ဒီနေ့တော့ပြောင်းလဲနေပြီဆိုတာ စိတ်ကအလိုလိုသိနေခဲ့သည်။ ဒါကြောင့် ဒီနေ့သူမရဲ့ဆုံးဖြတ်ချက်တွေ ဘယ်လိုဖြစ်နေမလဲဆိုတာက.. ၊

"သူ့ကိုပဲမေးပါ..သူ့ကိုယ်သူသတ္တိရှိတယ်ဆိုရင် ဒါကိုလည်းဝန်ခံရမှာပေါ့၊ သူ့ကိုအချုပ်ထဲထည့်ထားတယ် ဘယ်လိုပဲပြောပြော အဲ့နေ့ကျမှ သူ့သမီးအသုဘ သူလိုက်ပို့တယ်..အဲ့ညမှာ ကျွန်မယောကျ်ားသေသွားတယ်၊ သေတာတောင် ငယ်ပါကိုအထုအကြိတ်ခံပြီး သေနေတာပါ..ဒီပုံစံကိုကြည့်တာနဲ့ ဒီမိန်းမသတ်တယ်ဆိုတာ အရှင်းကြီးပါ.."

ခရိုင်လူကြီးတွေက နားထောင်နေပေမယ့် အပြင်ကလူထုအသံတွေ ကျယ်ကျယ်လောင်လောင် ပျံ့လွင့်လာတိုင်း နားစွင့်နေဟန်ရှိ၏။ ဒေါ်သင်းသင်းခက်တို့ကတော့ အရစ်ရှည်နေသည့် မြတ်ကေသီကိုပဲ စိတ်တိုနေကြတာပါ။ ဒေါင်းနီကိုရုံးတင်မည့်အရေးနဲ့ ပတ်သက်ပြီး လူထုဆန္ဒကိုတင်ပြဆွေးနွေးဖို့ ရှိသည်။ သူမကြောင့် ရှေ့မဆက်နိုင်.. ၊

ဒါပေမယ့် တရားခံကိုစစ်မေးနေခြင်းက ကိုယ်တွေဝင်ပါရမည့် အ



ရေးလည်း မဟုတ်။ ငယ်နိုင်ထပ်မံသေဆုံးခြင်းက မရှင်းလို့မရသည့်ပြဿနာဖြစ်နေလေရာ.. ၊

"ကျွန်တော်တို့ဘက်က တရားခံကိုသူ့မိသားစုနဲ့တောင် ပေးမတွေ့ခဲ့ပါဘူး..ကိုငယ်နိုင်ကလည်း ဆေးရုံရောက်သွားတည်းက နေ့သေမလား ညသေမလားအခြေအနေပါ၊ မတော်နေရာကို ထုချေခံထားရတဲ့ဒဏ်ရာကို စုံစမ်းကြည့်လိုက်တော့လည်း နဂိုထိခိုက်မိခဲ့ပြီးအသားကြေပျက်စီးတဲ့.."

"ဒါကတော့ စခန်းမှူးကြီးတို့အားလုံးက ကာကွယ်ပြောနေကြတာပဲ..အမှန်သိရအောင် ဆရာဝန်ကိုချက်ချင်းခေါ်မေးပေးပါ၊ စပါယ်ရှယ်နာ့စ်ထားတာဆိုတော့ အဲ့ဒီနာ့စ်ပါခေါ်မေးပေး.."

"ကျွန်မတို့တစ်ခုလောက် ဝင်ပြောခွင့်ရှိမလားရှင်.."

ဒေါ်သင်းသင်းခက် မခံရပ်နိုင်စွာဝင်ပြောလျှင် ခရိုင်လူကြီးဘက်က ဒုရဲအုပ်က တလေးတစားခေါင်းငုံ့လှည့်၍.. ၊

"ဒေါ်မြတ်ကေသီပြောတဲ့အတိုင်း ဆောင်ရွက်ပေးလိုက်တာ ပိုသင့်တော်ပါတယ်.."

လူကြီးကဘာမှမပြောပေမယ့် ခပ်လေးလေးခေါင်းညိတ်၏။ ဒေါ်ရီရီသန့်တို့ ဒေါ်သင်းသင်းခက်တို့ပါ မျက်နှာတွေပျက်ကုန်ကြကာ ခွန်းကတော့ ဒေါင်းနီကိုပဲ စိုးရိမ်သည့်မျက်ဝန်းတွေနှင့် ကြည့်နေခဲ့၏။ နောက်ဆုံးမှာ ဆေးရုံကြီးကဆရာဝန်ကို ဆင့်ခေါ်ရခြင်းသို့ ရောက်ခဲ့ပြီး ခရိုင်ရဲမှူးကြီးကိုယ်တိုင် မေးလေသည်။

"ဒဏ်ရာဆေးရုံရောက်တည်းက ပါလာတာပါ..လူနာက ဂနိုရီးယားအဆင့်နှစ်လောက်ထိ ရောက်နေတဲ့သူပါ၊ ပြောရမယ်ဆိုရင် လူနာရဲ့ကာလသားရောဂါအမျိုးအစားနဲ့ လက်ရှိပြန့်ပွားမှုအရ သူနဲ့ခန္ဓာကိုယ်ရင်းနှီးတဲ့သူမှာပါ ကူးစက်နေနိုင်ပါတယ်.."

"အဲ့ဒါ..အဲ့ဒါမဖြစ်နိုင်ဘူး.."

ဒေါက်တာက ခေါင်းခါနေသည့် မြတ်ကေသီကို ဘာမှ ည့်မပြောဘဲ လူကြီးတွေခွင့်ပြုချက်ရတာနှင့် ပြန်ထွက်သွား၏။ ဒေါက်တာပိုင်သုဝင်လာတည်းက အကြီးအကျယ်ထိတ်လန့်သွားခဲ့သော ရန့်လည်းခုမှ

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချနိုင်ခဲ့၏။ ဒီအမှုမှာ ဒေါက်တာပိုင်သုရဲ့ထွက်ဆိုချက်လိုနိုင်
သည်ဆိုတာ အစတည်းကကြိုသိခဲ့ရင် သူမအမေ့တလျှော့နေခဲ့မှာ မဟုတ်
ပေ။ သို့သော် ဒေါက်တာပိုင်သုပြန်လှည့်သွားစဉ် ခွန်းနဲ့အကြည့်ချင်းဆုံ
၍ မျက်ဝန်းတို့စကားပြောသွားသည့်အဖြစ်ကိုတော့ ဘယ်သူမှမသိလိုက်
ကြ.. ၊

"ကျွန်မသိတယ်..ဒါ ဒါအားလုံးဝိုင်းလိမ်တာပဲ၊ နေစမ်းပါဦး..ဒေါင်း
နီမရဲ့ နင်မရှူးဘဲနဲ့ ဘာဖြစ်လို့ကျောက်ရုပ်လို ထိုင်နေတာလဲ၊ ကိုယ့်ဘာ
သာ လာအဖမ်းခံတာ အောက်က အော်နေကြတဲ့ငတုံးတွေ အထင်ကြီးခံ
ရဖို့ပဲလား..နင့်သမီးကို မုဒိန်းကျင့်တာကို မကျေနပ်လို့ နင်သတ်ချင်နေ
တာလေ၊ နင်ကိုယ်တိုင်သတ်ခဲ့ပြီးမှ ဘာလို့ငြိမ်နေတာလဲ..ခုမှထောင်ကျ
ရမှာ ကြောက်နေတာလား.."

ဒေါင်းနီရဲ့မျက်လုံးတွေ သူမဆီစူးရဲစွာကျရောက်လာလျှင် ခွန်းကိုယ်
မသိမသာမတ်သွားသည်။

"ပြောလေ..နင်သတ္တိရှိလှဆို.."

ဒေါင်းနီမျက်ဝန်းတွေ တလက်လက်စူးရဲလာပြီး နှုတ်ခမ်းတွေဖိစေ့
သွားသည်။ ခွန်းကိုမကြည့်ပေမယ့် သူမနားထဲမှာ ကြားနေခဲ့၏။

"အမှားရှိရင် ဝန်ခံဖို့လိုတယ်..ဒါပေမယ့် မင်းအမှားလုပ်ခဲ့တာလား.."

"ဝန်ခံစေချင်လို့မေးတာရှိတယ်..ငြင်းစေချင်လို့ မေးတာရှိတယ်.."

သူမသမီးလေးအတွက် ဒီလူယုတ်မာကို မသတ်ရရင်တော့ ထောင်
ထဲလည်းမဝင်နိုင် သေရမည်ဆိုရင်တောင် အသက်ထွက်နိုင်မှာမဟုတ်။ ဒီ
ထို့ကြောင့် ငယ်နိုင့်ကိုဆေးရုံရောက်အောင် ကယ်ထုတ်သွားခဲ့သည်။ ဒီ
လူအသက်ရှင်နေသေးသည်လို့ သိပြီးသည့်အချိန်မှာ စိတ်ဒုံးဒုံးချပြီးအ
ဖမ်းခံခဲ့သည့်စိတ်က မီးတောက်တွေထဖြစ်ခဲ့၏။

သူမဘာဖြစ်နေပြီကို ခွန်းကသိနေသည်။ အသုဘကိစ္စမှာ မိမိကိုယ်
ကို ယိုင်မလဲအောင်ထိန်းချုပ်ဖို့ အတန်တန်သတိပေးပြီး သူမအတွက်စိ
စဉ်ပေးခဲ့၏။ အရာအားလုံးက ပြီးဆုံးခဲ့ပါပြီ။ တိတ်ဆိတ်သွားသည့်ခဏ
မှာ ဒေါင်းနီမျက်ဝန်းတွေက စူးရဲမှုတွေ တဖြည်းဖြည်းဖျော့ကျသွားခဲ့ပြီး..၊

"မဒေါင်းနီပြောစရာရှိရင် ပြောပါ.."



စခန်းမှူးက မေးနေပြီဖြစ်သည်။ အားလုံးကလည်း မျှော်လင့်နေကြ
၏။ သူမမျက်ဝန်းတွေ မြတ်ကေသီထံရွေ့လျားသွား၏။ ပြီးမှ.. ၊

"ငါသတ္တိရှိတာ ခွေးတိရစ္ဆာန်ကောင်ကို သတ်ပြီးထောင်ထဲဝင်ဖို့ မ
ဟုတ်ဘူး.."

"ဘာ..ဘာလဲ မေးတာကိုတည့်တည့်ဖြေစမ်းပါ၊ နင်ဝန်ခံတာလား..
ငြင်းနေတာလား.."

"ဒီလောက်ဆိုတော်လောက်ပါပြီ.."

ခန့်ညားသည့်စကားသံထွက်ပေါ်လာခဲ့ပြီး ခရိုင်နယ်မြေမှူးကြီးက
ချောင်းတစ်ချက်ဟန့်သည်။ မြတ်ကေသီမျက်နှာပျက်သွားလျက် အားလုံး
စိုးရိမ်စိတ်တွေ ဖြစ်ကုန်ကြ၏။ ဒေါ်ရီရီသန့်က သက်ပြင်းရှိုက်လိုက်ပြီး
ဆုံးဖြတ်ချက်အတိုင်းပြောဖို့ ပြင်လိုက်စဉ်.. ၊

"ကျုပ်တို့က ရှေ့နေ့တွေ တရားသူကြီးတွေလည်း မဟုတ်ဘူး..ရဲမှူ
ခင်းကို ရဲမှုခင်းအတိုင်းပဲစစ်မယ်၊ ရုံးတင်တာက နောက်တစ်ဆင့်.."

ရဲမှူးကြီးရဲ့စကားသံတိုင်းက အထဲမှာရှိနေတဲ့လူအားလုံးကို စိတ်
လှုပ်ရှားနေစေကာ သွားကြရအောင်လို့ ပြောလိုက်တာနှင့် သူတို့ဘာလုပ်
မယ်ဆိုတာ ဆုံးဖြတ်ပြီးသားမို့ ခြေလှမ်းပြင်ထားလိုက်ကြ၏။ ထိုစဉ် အ
ပြင်က ရာသီဥတုကြောင့်အထဲမှာပါ အုံ့မှောင်လာသည်။ အော်ဟစ်ကြွေး
ကြော်နေသံတွေက တိုးလျှသွားသည်မရှိခဲ့ဘဲ.. ၊

"ငါတို့ရှိရင် ဒေါင်းနီရှိရမယ်.."

"ငါတို့ကဘယ်သူလဲ.."

"ငါတို့ဒေါင်းနီ..ဒေါင်းနီ.."

"ဒေါင်းနီကငါတို့ပဲ.."

နယ်မြေမှူးကြီးက လက်နှစ်ဖက်နောက်ပစ်ဆုပ်ကာ လမ်းမပေါ်ကို
မြင်သာသည့် နေရာထိလျှောက်သွား၏။ သူတို့တွေလည်း ခပ်တုံ့တုံ့ပါ
သွားကြကာ စခန်းမှူးနဲ့လူကြီးတွေက ရှေ့ဆုံးကနေ မတ်တပ်ရပ်ကြည့်နေ
ခဲ့ကြ၏။

လူထုသည် သူတို့ဝင်လာကာစထက် အဆမတန်ပြည့်လျှံများပြားနေ
ခဲ့လျက် ကားတွေသွားလာဖို့တောင် လမ်းပျောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမှ ဒီလိုအမှုမျိုးမကြုံဖူးဘူး.."

လူကြီးတွေကိုယ်တိုင် တအံ့တသြရေရွတ်၏။

"ဒေါင်းနီ..ဒေါင်းနီ.."

"သက်ငယ်မှဒိန်းမှုနှိမ်နင်းမည်..ဒေါင်းနီ ဒေါင်းနီ.."

"မိခင်တိုင်း သတ္တိရှိပါ..မိခင်တွေ မျိုးသိပ်မနေပါနဲ့.."

"ငါတို့ကလေးတွေ ဘေးကင်းအောင် ဘာလုပ်မလဲ.."

"မုဒိန်းသမားတွေကို အပြစ်ပေးမယ်.."

"ငါတို့ကဘယ်သူ့မို့လို့လဲ.."

"ငါတို့ကဒေါင်းနီ.."

"ဒေါင်းနီရှိရင်.."

"ငါတို့ရှိတယ်.."

"ဒေါင်းနီကိုခေါ်ရင်.."

"ငါတို့လည်းလိုက်မယ်.."

အော်ဟစ်သံတွေကို နားစိုက်ထောင်ပြီး နယ်မြေမှူးကြီးမျက်နှာပြုံးယောင်သမ်း၏။ ပြီးတော့ ဒုရဲအုပ်လူရွယ်ကို ငဲ့ကြည့်ကာ.. ၊

"ကျုပ်တို့ကားဆုံ့ပါ့မလားဗိုလ်သူ.."

"အဟွန်း..ကြောက်စရာပဲ.."

လူကြီးတွေ မျက်နှာပြုံးနေတာကိုမြင်ကာ မြတ်ကေသီပြေးကြည့်ချင်စိတ်ပေါက်နေ၏။ ဒီအမှုကြီးကို ဘာလို့ရယ်သွမ်းသွေးပြီး ပေါ့ပျက်နေတာလဲ.. ၊ ခုထိ ဆွဲခေါ်မသွားသေးဘူးလား.. ၊

ဒီမြို့ကထွက်တာနဲ့ ဒေါင်းနီဆိုတဲ့မိန်းမကို ဝံပုလွေအုပ်ထဲရောက်သွားတဲ့ သိုးတစ်ကောင်လိုဖြစ်အောင် လုပ်ပစ်ဖို့ကြိမ်းဝါးရင်း မချင့်မရဲဖြစ်နေခဲ့၏။ ထိုစဉ် ရဲတစ်ယောက် ကမန်းကတန်းတက်လာခဲ့လျက်.. ၊

"မကွေးက အမျိုးသမီးရေးရာအဖွဲ့တွေ ရောက်လာကြတယ်ဆရာ..ပြီးတော့ တံတားကကူးလာတဲ့ ဘုရားဖူးကားကြီးပေါ်က တိုးရစ်တွေလည်း ဆင်းလာကြတယ်..သတင်းမီဒီယာတွေလည်း ပါတယ်."

"တိုးရစ်ကားက ရန်ကုန်ဆက်မသွားဘဲ ဝင်လာတာလား.."

"ဘုရားဘက်ဂိတ်ကဝင်ပြီး ပါကင်ထိုးနေပြီဆရာ.."



"စခန်းမှူးကြီး ဘုရားဖူးကားတွေ သုံးစင်းတောင်မှ တိုးရစ်တွေအများကြီးပဲ..မီဒီယာတွေလည်း ပိုစတာတွေကိုရော လူထုကိုရော ဓာတ်ပုံတွေရိုက်ပြီး မေးနေကြတယ်.."

"လိုက်ဖ်လွှင့်မယ်လည်း ပြောတယ်.."

"ကောင်းကွာ.."

လူကြီးတွေ ပျာယာခတ်ကုန်ကာ ခရိုင်နယ်မြေမှူးကရယ်၏။ ပြီးတော့ နောက်မှာရှိနေကြသည့် ဒေါ်သင်းသင်းခက်တို့ကို လှည့်ကြည့်၏။ ထို့နောက် မြတ်ကေသီကိုထပ်ကျော်ကြည့်ကာ.. ၊

"ခင်ဗျားအတွက် အဆင်မပြေလောက်ဘူး.."

ဟု ခေါင်းခါပြောရင်း.. ၊

"ကိုင်း..ကျုပ်တို့သွားရအောင်.."

"ခဏလေးပါရှင်.."

ဒေါ်သင်းသင်းခက်နဲ့ ဒေါ်ရီရီသန့်တို့က ရှေ့ကနေ တားဆီးသလိုရပ်နေကြလျက်.. ၊

"နေရာအနှံ့ကသတင်းမီဒီယာတွေလည်း ရောက်နေကြပြီ..တခြားမြို့က ဒေါင်းနီလိုကလေးစော်ကားခံရတဲ့ မိသားစုတွေလည်း ထပ်ရောက်လာကြသေးတယ်.."

"ဟုတ်ပါတယ်..အခြေအနေတစ်ခုပြီးဆုံးတဲ့အထိ နားထောင်ရှင်းလင်းပေးဖို့ တောင်းဆိုပါတယ်.."

"ဒီတိုင်းဆင်းသွားလည်း ဆရာကြီးတို့ကားတွေ ဒီလူတွေကိုတိုးတိုက်ပစ်သတ်ပြီး ထွက်မှထွက်လို့ရမှာပါ.."

လူကြီးတွေက သူတို့ရှေ့မှာ တန်းစီရပ်နေကြသည့် အမျိုးသမီးကြီးတွေကို ကြည့်ရင်း ခေါင်းညိတ်နေ၏။ ဒါပေမယ့် ဒေါင်းနီကိုခေါ်မသွားဖို့ သဘောတူနေတာမဟုတ်ဘဲ.. ၊

"ဟောဒီမိန်းကလေးရဲ့ မျက်လုံးတွေကို ကျုပ်တို့နားလည်ပါတယ်..သူလည်းနားလည်ပါလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့နဲ့သူကိုစောင့်လိုက်မှာပါ.."

ပြောပြီး ဒေါင်းနီရှိရာပြန်လျှောက်သွားကာ ဒေါင်းနီရှေ့မှာရပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်လုံးချင်းဆုံအောင်ကြည့်ပြီး ပြုံးကာ.. ။

"မင်းလိုက်မယ်ဆိုတာ သိပါတယ်.."

"အဟွန်း..ကျွန်တော်တို့လည်း နာမည်ကြီးချင်လို့ပါ.."

လို့ ရဲအုပ်ကခပ်တိုးတိုးပြောပြီး ဆင်းထွက်သွားလေသည်။ ဒေါင်းနီက နေရာမှထရပ်လိုက်လျှင်.. ။

"မမ..မမမလိုက်ရဘူး.."

ချစ်က ဒေါင်းနီကိုပြေးဖက်လိုက်သည်။ ဒေါင်းနီက ခွန်းကိုလှမ်းကြည့်၏။ ခွန်းက နှုတ်ခမ်းတင်းတင်းစေ့ထားလျက် စိုက်ကြည့်နေပြီး ဘာတစ်ခွန်းမှမဆို.. ။

"ဒေါင်းနီ..ညည်းဒီမှာပဲနေ.."

"သမီးမလိုက်ရဘူး..အဲ့အတွက် သမီးဘာမှလုပ်ဖို့မလိုဘူး၊ လိုက်ခဲ့ ခွန်းရေ..သူ့ကိုကားထဲခေါ်သွား.."

ဒေါ်ရီရီသန့်က တစ်ခါတည်းခွန်းကိုပြောကာ နယ်ထိန်းနဲ့စခန်းမှူးတို့ကိုကြည့်၍.. ။

"အခု စခန်းမှူးကြီးတို့နဲ့ မသက်ဆိုင်တော့တဲ့အပိုင်း ထင်တယ်.."

ဝင်မရှုပ်ဖို့ သတိပေးသလိုခပ်ပြောပြောပြတ်၍ ဒေါင်းနီလက်ကိုဆွဲသည်။ ဒေါင်းနီကလက်ကိုပြန်ရုန်းသည်။ ပြီးတော့ ချစ်ရဲ့လက်တွေကိုပါ ကိုယ်ကနေခွာချပစ်၍.. ။

"ငါလုပ်ချင်တာလုပ်ခဲ့ပြီးပြီ..ဖယ်ပေး.."

"ဟင့်အင်း..မမ.."

ဒေါင်းနီဘယ်သူကိုင်တာမှ မခံဘဲ ဒီတိုင်းထွက်သွား၏။ သူမအောက ရဲအစောင့်နှစ်ယောက်ခြံရံပါလာခဲ့လျက်.. ။

"ဒေါင်းနီ.."

ဒေါ်သင်းသင်းခက်တို့ အတင်းလိုက်လာကြပြီး.. ။

"ဘာဖြစ်လို့ မိုက်ချင်ရတာလဲဒေါင်းနီ.."

အားမလို အားမရစိတ်တိုကာ ဒေါ်သင်းသင်းခက်အသံတွေပါ တုန်နေ၏။

"ညည်းကိုယ့်လုပ်ရပ်ကို နောင်တရနေတာလား.."



"ဟုတ်တယ်..ဒေါင်းနီ သမီးမှာအပြစ်မရှိတဲ့အကြောင်း အားလုံးထောက်ခံနေကြတာ၊ ဒီလူတွေကို ညည်းမငဲ့တော့ဘူးလား..ဟိုမှာ လူကြီးတွေ ငုတ်တုတ်မေ့နေကြပြီ၊ ညည်းကိုကားပေါ်တင်ပြီး သူတို့ဒီကဘယ်လိုမှ ထွက်လို့မရဘူး.."

"ကျွန်မ.."

ဒေါင်းနီစကားသံတွေ တိုးလျစွာထွက်လာခဲ့သည်။

"ကျွန်မသမီးလေးအတွက် လက်တုံ့ပြန်ပြီးပြီ..ကျွန်မမှာ ဘဝမရှိတော့ဘူး.."

မျက်ရည်တွေပြည့်သိပ်လာခဲ့လျက် သူမစကားသံတွေက ခံစားချက်မဲ့နေခဲ့၏။

"ကျွန်မ ဒီပတ်ဝန်းကျင်မှာ မနေချင်ဘူး.."

"ညည်းသမီးလေးမရှိတော့တဲ့အတွက်လား..ဒါကိုငါတို့အားလုံး ညည်းနဲ့ထပ်တူ ခံစားနေကြရတယ်၊ ညည်းဘက်ကရပ်တည်နေကြတယ်.. ညည်းကတော့ ဒီလိုတိရစ္ဆာန်ကောင်တွေကို သတ်မိပါတယ်ဆိုပြီး ထောင်ကျခံပြချင်တာလား.."

"ဟုတ်ပါတယ်မမရယ်..မလုပ်ပါနဲ့၊ ချစ်ကိုသနားပါဦး၊ မမမရှိရင် ချစ်ဘယ်လိုနေရမလဲ.."

ချစ်က နောက်ကနေခါးကိုဝင်ဖက်ပြီး ရှိုက်ကြီးတငင်ငိုရ၏။ ဒေါင်းနီ မျက်ဝန်းတွေ လူတွေကြားမှာပျောက်ကွယ်လုလုကားတွေဆီကို ငေးနေခဲ့သည်။ ပြီးတော့ မျက်ရည်တို့သည် အလိုလိုပြည့်တက် ပြိုဆင်းနေခဲ့လျက်၊

"နင်တစ်ယောက်တည်းမဟုတ်ပါဘူး..ဥဒေါင်းငယ်လေးတောင်မှ ခု..ခုဆိုတစ်ယောက်တည်း.."

"မမ.."

"ဒေါင်းနီ.."

ဒေါင်းနီခွေလဲသွားရင် အားလုံးရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ကြ၏။ သူမကိုယ်မှာ လက်တွေထိတွေ့လှုပ်ခါနေကြသည်။ သူမနာမည်ကိုခေါ်နေကြ၏။ ဒါပေမယ့် သူမလှုပ်လို့မရ။ ဘာမှလည်း မမြင်၊ အသံတွေအပြင် အရာအားလုံးက ပိန်းပိတ်မှောင်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို မီးမီးကချစ်တယ်.."

ဟင်.. ။

"မေမေထလေ..မေမေ့ထပါ၊ မီးမီးက မေမေ့ကိုချစ်တယ်.."

သမီးလေး.. ။

ပါးပြင်မှာ အေးစက်စက်လက်လေးတစ်ဖက် ထိတွေ့လာခဲ့သည်။ သမီးလေးမှန်းတန်းသိ၏။ ထိုလက်ကလေးကို ဒေါင်းနီအမိအရ ဖမ်းဆွဲလိုက်သော်လည်း.. ။

"သမီး.."

လွတ်သွားပြီဆိုသည့်အသိနှင့် အတင်းပြေးလိုက်မိလျှင် သူမသည် လူတွေကြားထဲ လေးဘက်တွားဝင်နေသည့်အဖြစ်သို့ ရောက်လျက်.. ။

"သမီး..သမီးလေး ဥဒေါင်းငယ်.."

"ဒေါင်းနီ.."

"မမ..မမသတိထားပါဦးမမရဲ့.."

"ဖယ်..ဖယ်စမ်းပါ၊ ငါ့သမီးလေးခြေထောက် ငါမြင်လိုက်တယ်.."

"သမီးရယ်.."

အမျိုးသမီးကြီးတွေ ငိုကုန်ကြ၏။ ယောကျ်ားတွေပါ မျက်ရည်မခိုင်ကြဘဲ.. ။

"ဒီလိုအဖြစ်တွေကွာ..တောက်.."

တက်တွေခေါက် ပုဆိုးတွေမရင်း လှည့်ထွက်သွားကြ၏။ ဒေါင်းနီ သတိဝင်လာသည့်အချိန်တွင် အေးစက်စက်ထိတွေ့ခဲ့သော ပါးပြင်ကိုတမ်းတမ်းတတ ပြန်စမ်းမိ၏။

"သမီးလေး ငါ့ကိုလာနှိုးတယ်..ငါ့သမီးလေး ငါ့နားတကယ်ရောက်လာခဲ့တာ.."

သူမဟီးခနဲ ငိုချလိုက်ကာ.. ။

"အမေ့ကိုပါ ဘာလို့နှိုးတာလဲသမီးရယ်..အမေ့ကိုတစ်ခါတည်းခေါ်သွားပါ၊ သမီးလေးရေ.."

ပြင်းထန်စွာပူလောင်လာသည့်အခါ စိတ်ကလွတ်၏။ နေရာမှရုတ်ခနဲထရပ်ပြီး ဟိုဒီလိုက်ရှာသည်။ ထိုစဉ် ခွန်းကသူမဘေးမှာ ရပ်လာပြီး..



"သေချင်တိုင်းသေလို့ မရဘူးဒေါင်း..မင်းကိုယ့်စိတ်ကို မထိန်းရင်ရူးသွားမှာပဲ.."

ဒေါင်းနီမျက်ဝန်းတွေ သူ့ဆီရောက်လာသည်။ ထိုစဉ် မိုးဖွားတွေ တဖွားဖွားစင်ကျလာသည်။ ဘယ်သူမှထီးဆောင်းဖို့ သတိမရကြပေ။ ထို့ပြင် အော်နေတာတွေလည်း မရပ်။ ဒေါင်းနီတို့ရှိနေသော ပတ်ဝန်းကျင်မှာလည်း သတင်းမီဒီယာသမားတွေ ဝိုင်းရံလာကြသည်။ တိုးရစ်တွေလည်းပါကာ ဓာတ်ပုံတွေရိုက်နေကြ၏။ ခွန်းက သူမကိုစိုက်ကြည့်ပြီး..

"သမိုင်းတွင်မယ့် ရဲရင့်မှုကို မင်းကဦးဆောင်ပြခဲ့တာ..အဲ့ဒီလိုမိန်းမက မျက်ရည်တွေနဲ့ အရှုံးပေးပြနေရင် ဒီလူတွေကို မင်းစော်ကားတာပဲ.."

ခွန်းရဲ့စကားလုံးတိုင်းကို သူမအလေးအနက်ထားခဲ့သည်။ ခွန်းပြောလာသည့်စကားတိုင်းက သူမရဲ့ရင်ပူမီးတို့ကို အများဆုံးငြိမ်းစေခဲ့သည်ဖြစ်ရာ.. ။

"ကျွန်မ..ကျွန်မကဘာမို့လို့လဲ၊ ကျွန်မလည်း မိန်းမပဲလေ.."

"ဟိုမှာ ဒေါင်းနီဆိုတာ အဲ့လိုမိန်းမ.."

ဝါးတိုင်တွေနဲ့လူတွေ အလံထူထားသည့် ပိတ်စကြီးတွေပေါ်မှာ သူမရဲ့ပုံတူတွေ။ ထိုအခါ လူတွေရဲ့တစ်ခဲနက်ကြွေးကြော်သံတွေကို သူမသတိရလာသည်။

သူမ ဘာလုပ်ခဲ့တာလဲ..သူတို့ကဘာကို ကြွေးကြော်နေတာလဲ.. ။

"ဒေါင်းနီက ငါတို့ပဲ.."

"ငါတို့အားလုံးက ဒေါင်းနီဟေ့.."

"ငါတို့လူမသတ်ဘူး..သက်ငယ်မုဒိန်းနိမ်နင်းရေး.."

"တို့အရေး.."

"အမေတွေ သတိရှိပါ..ငါတို့အမေတွေ သတ္တိရှိပါ.."

ကြွေးကြော်သံတွေကို နားစိုက်ရင်း ဒေါင်းနီမျက်ရည်တွေတိတ်သွားသည်။ နှုတ်ခမ်းသားလေးတွေ တင်းတင်းစေ့ပိတ်လျက်.. ။

"ကျွန်မလိုက်သွားမယ်ခွန်း.."

"မင်းဒီလိုပဲလုပ်မှာကို ငါသိပါတယ်.."

ချစ်တို့ဝင်ပြောမည်ပြင်တော့ လမင်းနဲ့ရန်ရာ လက်ကာပြလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်နေဖို့ သတိပေးသည်။ ထိုစဉ် မိုးဖွဲတွေက နှင်းပွင့်လေးတွေလို လှလှပပကျနေရင်း နေရောင်ပြန်ပေါ်လာခဲ့လျက် ဒေါင်းနီခြေလှမ်းတွေ လူကြီးတွေစောင့်နေသည့်ကားဆီ လှမ်းသွားခဲ့၏။

နေရောင်ခပ်ပါးပါးဖြာလာသည့်အောက်မှာ မိုးဖွဲလေးတွေဖြတ်သန်းခုန်ဆင်းနေသည့် မြင်ကွင်းမှာအနီရောင်ဝတ်ထားသည့် ဒေါင်းနီကထင်းနေသည်။ သူမကိုလက်ထိပ်မခတ်ပေမယ့် ရဲအစောင့်တွေအတူပါလာသဖြင့် ကင်မရာတွေရော လူတွေအားလုံးပါသူမကို အာရုံစိုက်လိုက်ပါလာကြလျက်.. ၊

“ညီမလေးက ရွေးချယ်ခွင့်ရနေရက်နဲ့ ဒီကိုရောက်လာတယ်ဆိုတော့ ဘယ်လိုဆုံးဖြတ်လိုက်တာလဲ..ဘာကြောင့်လဲဆိုတာ တစ်နိုင်ငံလုံးသိအောင် ပြောပြပေးပါလား..”

သူမတစ်ခုခုပြောတော့မှာ သိလိုက်သည့်လူအုပ်ကြီးကလည်း ငြိမ်ကျသွားခဲ့၏။ ဒေါင်းနီက ကားတွေထွက်မရအောင် ပိတ်ဆို့ကာဆီးနေကြသည့်လူတွေဆီ ငေးကြည့်ရင်း.. ၊

“ကျွန်မကျေနပ်ပါတယ်..ကျွန်မသမီးလေးကို ဆုံးရှုံးခဲ့ရပေမယ့် ကျွန်မပြစ်ဒဏ်ခံရပေမယ့် ကျေနပ်ပါတယ်..”

သူမသည်စီးကျလာသည့် မျက်ရည်တွေကိုမသုတ်ဘဲ အင့်ခနဲရှိုက်ကာ.. ၊

“သမီးများရဲ့အမေတွေ ကျွန်မရဲ့လုပ်ရပ်အပေါ်မှာ နားလည်သွားကြတဲ့အတွက် အရမ်းဝမ်းသာတယ်..”

ဝမ်းသာကြောင်းကို ပြုံးဖို့မလိုပေမယ့် ကြိုးစားမိ၏။ သို့သော် နှုတ်ခမ်းတို့သည် မဲ့ကျသွားခဲ့လျက်.. ၊

“နောက်ထပ်ဒီလိုမျိုး ကလေးတွေစော်ကားမခံရအောင် အမေတွေကာကွယ်ကြတော့မှာကို သိလိုက်ရလို့ ဖြေသာပါပြီ..ဒီမုဒိန်းကောင်တွေကို တုံ့ပြန်ဖို့ဘယ်တော့မှ လက်မတွန့်ပါနဲ့၊ ဘယ်တော့မှ မပျော့ညံ့မိပါစေနဲ့..”

မီဒီယာသမားတစ်ဦးက ဒေါင်းနီဘေးမှာမိုက်ခ်လာထိုးလိုက်သဖြင့် သူမရဲ့စေတနာပါလာသော စကားသံတို့က လူထုတို့အပေါ်လွှမ်းခြုံသွား



ခဲ့လျက်.. ၊

“သူတို့ကိုကြိုတင်ကာကွယ်ဖို့ မဖြစ်နိုင်ပေမယ့် ဖြစ်လာပြီဆိုထိုင်ငိုမနေပါနဲ့..ခွင့်မလွှတ်ပါနဲ့၊ ဘာဖြစ်လို့လဲ..သူတို့ခွေးစိတ်ပေါက်လာရင်စော်ကားပါတော့မယ်လို့ ဘယ်လူကြီးဆီ လျှောက်လွှာပို့သလဲ..အဲ့အတွက်ကျွန်မတို့ကရော သူတို့ကိုအပြစ်ပေးဖို့ ဘယ်သူ့ဆီမှာ လျှောက်လွှာတင်ဦးမလဲ..”

“ဟေး..”

“ဖြောင်း ဖြောင်း ဖြောင်း..”

“ဥပဒေကိုလေးစားပါတယ်..ဒါပေမယ့် ကျွန်မတို့ကလေးတွေအတွက် ရင်ထဲမှာမီးလောင်နေတာကို ဥပဒေနဲ့ငြိမ်းသေတဲ့အထိ မစောင့်နိုင်ဘူး..ဒါကြောင့် အမေတစ်ယောက်အနေနဲ့ ဘာလုပ်သင့်သလဲ..”

“ကိစ္စတုံးပစ်ရမယ်ဟေ့..”

“ဝေး..”

လက်ခုပ်သံတွေ သောသောညံနေသည်။ ဘယ်လူကြီးကမှ တော်ပါတော့လို့ မတားသလို ဘာတစ်ခွန်းမှလည်း ဝင်ရောက်ပြောဆိုခြင်းမရှိ။

“ကျွန်မပြောချင်ပါတယ်..ကလေးလေးတွေကို စော်ကားလာရင်ဘယ်တော့မှခွင့်မလွှတ်ပါနဲ့..ကိုယ်နဲ့အနီးစပ်ဆုံးမှာရှိနေသမျှကလေးတွေက ကိုယ့်ကလေးတွေပါပဲ၊ ကျွန်မတို့မှာ အင်အားရှိတယ်..သမီးတစ်ယောက်မှာ အမေတွေအများကြီးရှိတယ်..”

“ဟေး..”

“မိန်းမတွေကို မထိရဲတော့တဲ့အထိ စည်းလုံးကြပါ..ပတ်ဝန်းကျင်ကိုလည်း အမှတ်တမဲ့မနေကြပါနဲ့၊ ကျွန်မ..ကျွန်မသမီးလေးကို ခွေးတွေဝိုင်းဆွဲနေတာ ကျွန်မကြားတယ်၊ ကျွန်မ အမှတ်တမဲ့နဲ့လေ..အဲ့ဒါကို..”

“ဒေါင်းနီ..တော်တော့..”

ခွန်းက ဒေါင်းနီယိုင်ခနဲဖြစ်သွားတာနှင့် အနားရောက်သွားခဲ့သည်။ ပြီးတော့ ခပ်တိုးတိုးသတိပေးရင်း.. ၊

“အဲ့ဒီအကြောင်းကို မဆက်နဲ့တော့..”

လက်တစ်ဖက်ကို ဆွဲကိုင်ဖျစ်လိုက်ပြီး.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုက်သွားမယ်မို့လား..သူတို့ကျေနပ်အောင် ပြောလိုက်တော့.."

ဒေါင်းနီပင့်သက်ရှိုက်ရင်း ကိုယ်ကိုမတ်မတ်ပြန်ရပ်သည်။ သို့သော် သူမခွန်းရဲ့လက်ကိုလွှတ်ဖို့ မေ့နေခဲ့လျက်.. ।

"ကျွန်မတို့က ဥပဒေကို မလေးစားတာမဟုတ်ဘူး..ဒါကြောင့်ပေးတဲ့ အပြစ်ကို ခံရမှာပါ၊ မုဒိန်းကောင်ကို သုတ်သင်လိုက်နိုင်တဲ့အတွက် အဲ့ အပြစ်ကိုခံဖို့ ကျွန်မအဆင်သင့်ရှိနေပါတယ်..ခုရှိနေကြတဲ့ကျွန်မရဲ့အင်အားတွေအားလုံးလည်း ဥပဒေကိုချိုးဖောက်ဖို့ အလုံးအရင်းစုဝေးနေကြတဲ့ လူစားတွေ မဖြစ်စေချင်ပါဘူး.."

သူမစကားသံရပ်သွားတော့ တခြားအသံဗလံအားလုံးလည်း တိတ်ဆိတ်နေခဲ့လျက်.. ।

"ကျွန်မကိုသွားခွင့်ပြုပေးကြပါ..လူကြီးပင်းများ သူတို့တာဝန်ရှိတဲ့ အတိုင်း ဆောင်ရွက်ဖို့ လမ်းဖွင့်ပေးကြပါရှင်.."

လူထုကြီးက တုပ်တုပ်မျှမလှုပ်ဘဲ ငြိမ်ချက်သားကောင်းနေခဲ့၏။ တိုးရစ်တွေက ခေါင်းတညိတ်ညိတ်နှင့် ဒေါင်းနီနဲ့တွဲပြီး ဓာတ်ပုံတွေရိုက်ကြသည်။ အတင်းဝိုင်းဖက်ပြီး ဓာတ်ပုံတွေရိုက်၏။ ခရိုင်နယ်မြေမှူးကြီးနှင့်လူကြီးတွေက သက်ပြင်းရှည်ကြီးတွေချလျက် ပြုံးနေကြကာ..।

"ကျုပ်တို့ကလူကြမ်းကြီးတွေ ဖြစ်ကုန်ပြီ.."လို့ပြောရင်း ခွန်းရဲ့ပခုံးကို ခပ်ဖွဖွပုတ်၏။ ပြီးတော့ အနားကပ်၍.. ।

"သိပ်မစိုးရိမ်ပါနဲ့..အပြစ်ကိုလူထုမေတ္တာက ဆေးကြောပေးမှာပါ.."

ခွန်းက ခေါင်းညိတ်လိုက်ပြီးပြုံးကာ.. ।

"ယုံကြည်ပါတယ်ဆရာ.."

လက်ဆွဲနှုတ်ဆက်မိသည်။ ပြီးတော့ ဒေါင်းနီကားထဲဝင်ဖို့ တံခါးဖွင့်ပေးလိုက်ရင်း..।

"မင်းစိတ်ကိုတင်းထားနော်.."

ဒေါင်းနီမျက်ရည်တွေ ပြည့်နေသောမျက်ဝန်းတို့ဖြင့်ကြည့်ကာ.. ।

"ရှင့်ကိုကျွန်မကျေးဇူးဆပ်ခွင့်တောင် မရလိုက်ဘူး.."

"ဒီလိုပြောကြတာပဲ..တကယ်လည်းဆပ်ခွင့်ရရော မသိသလိုလုပ်နေပြန်ရော.."



ဒေါင်းနီမျက်ဝန်းလေးတွေ ရယ်မြူးရိပ်သမ်းပေမယ့် ချက်ချင်းမှဲ့ကျသွား၏။ ပြီးတော့.. ।

"တကယ်ပါ..ရှင်ကကျွန်မအတွက် အင်အားပါ၊ ရှင်အများကြီးကူညီခဲ့တာတွေအတွက်.."

"မင်းပြန်ဆပ်ဖို့စိတ်ကူးရှိနေရင် ကိုယ်စောင့်နေမှာပါ.."

"ကျွန်မစိတ်မကောင်းပါဘူး.."

သူမမျက်နှာလွှဲလိုက်မိရင်း စကားသံတိုးတိုးသဲ့သဲ့ဖြင့်.. ।

"ကျေးဇူးမဆပ်နိုင်ပေမယ့် တစ်ခုလောက်ထပ်တောင်းပါရစေ.."

"အများကြီးတောင်းစမ်းပါ..ကျေးဇူးပြန်ဆပ်တဲ့အခါ ကိုယ်အများကြီး ပြန်ရချင်လို့.."

ဒေါင်းနီမပြုံးချင်ပေမယ့် ခွန်းမျက်နှာပေါ်ကတက်ကြွမှုတွေကြောင့် မဲ့ပြုံးလေးဖြစ်သွားခဲ့ရင်း.. ।

"သမီးလေးမွေးနေ့နှစ်ရက်ပဲလိုတော့တယ်..သူ သူ့ရဲ့ရက်လည်နေ့ပဲ.."

"မငိုနဲ့..မင်းစိစဉ်ပေးနိုင်တာထက် ပိုစေရမယ်.."

ပြောပြီးတော့ သူမနားကပ်လိုက်ကာ.. ।

"သူ့မွေးနေ့မှာ မင်းလည်းရှိချင်ရှိနေမှာ.."

ဒေါင်းနီကြေကွဲသွားပြန်ပြီကိုသိကာ သူမလက်ဖဝါးလေးတစ်ဖက်ကို ခပ်ဖိဖိဆုပ်ညှစ်ကိုင်လိုက်ပြီး. ।

"မင်းအတွက် မင်းမျှော်လင့်မထားတဲ့ အနာဂတ်ကစောင့်ကြိုနေမှာပါ..အားတင်းထား.."

ဓာတ်ပုံတွေဝိုင်းရိုက်ကြသဖြင့် ဒေါင်းနီရဲ့လက်လေးတစ်ဖက်ကို ခွန်းကဆွဲထားလျက် နိုင်ငံကျော်လေသည်။ ဒေါ်သင်းသင်းခက်နဲ့ရန့်တို့ သက်ပြင်းတွေချလျက် လှည့်ထွက်သွားကြ၏။ ချစ်က အစ်မဖြစ်သူထံပြေးလာပြီး.. ।

"မမပြန်လာရမှာသိလား..ဟိုလူငယ်နိုင်ဆိုတဲ့လူက တခြားမှာမုဒိန်းမှုတွေရှိခဲ့သေးတယ်တဲ့၊ ကလေးအမေတွေက မမအတွက် တစ်နယ်တစ်ကျေးကနေလာပြီး အာမခံဖို့စုဝေးနေကြတာ.."

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လားဆိုပြီး ဒေါင်းနီမျက်နှာ ဝင်းပမသွားခဲ့ပေ။ မုဒိန်းမှုတွေရှိသေးသည်ဆိုသောအဖြစ်ကို ကြားလိုက်တာနှင့် မျက်နှာကတင်းခနဲညို့မှိုင်းသွားသည်။ ပြီးတော့ သူမစိတ်တွင်းကနေ တိုးတိတ်စွာဆုတောင်းမိ၏။

ခုကစပြီး နောက်ထပ်ကလေးတွေ အဖြစ်မဆိုးရအောင် ငါ့အဖြစ်က ဟာစ်တိုင်တစ်ခုဖြစ်ပါစေ.. ၊

ပရိတ်သတ်အတွက်


ထာဝရ

သျှင်မ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# သျှင်မ

ဟစ်တိုင်

www.burmeseclassic.com